


# လရောင်ကျူးရင့်

အနာဂတ်ဥယျာဉ်

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ — ဒေါ်ဝါဝါထွေး(မြ-၀၂၁၇၄)
ပတ္တမြားသိုက်စာပေ
အမှတ်(၈၆)၊ ဥတ္တာ(၃)လမ်း၊ (၈)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်း ပုံနှိပ် — ဦးကျင်ရင်(မြ-၀၀၃၂၇)
ရွှေခြသေ့ပုံနှိပ်တိုက်
အမှတ်(၁၇၉)၊ ၃၁ လမ်း၊ (၁၁)ရပ်ကွက်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း — ၂၀၁၉ခုနှစ်၊ ဧပြီလ။


အုပ်ရေ — ၅၀၀အုပ်

တန်ဖိုး — ၃၀၀၀ကျပ်

ဖြန့်ချိရေး — မိုးသောက်စာပေ
အမှတ်(၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၅၁၆၃၇၆၄၊ ၀၉၅၀၈၉၈၉၄

ထုတ်ဝေသည့်စာ ကတ်တလောက်အညွှန်း(CTP)

အနာဂတ်ဥယျာဉ် / သျှင်မ- ရန်ကုန်
ပတ္တမြားသိုက်စာပေ။
စာမျက်နှာ(၃၆၅)၊ ၁၃.၂စင်တီ× ၂၀.၅
(၁) အနာဂတ်ဥယျာဉ်

စာရေးသူမှ လေးစားစွာ မေတ္တာရပ်ခံခြင်း

ဤဇာတ်လမ်းတွင်ပါရှိသော အကြောင်းအရာများ စကားလုံးများနှင့် ပတ်သက်၍ မသင့်တော်သော ရိုင်းပြသော အသုံးအနှုန်း စကားလုံးများသည် ဇာတ်၏သရုပ် ဇာတ်ကောင်တို့၏နေထိုင်မှုပုံစံများ ပေါ်လွင်စေရန်သာ ရေးသားဖော်ပြခြင်းဖြစ်ပါသည်။ ပရိတ်သတ်အပေါ် မလေးစားခြင်း ထိခိုက်စေလိုခြင်း အနည်းငယ်မျှမပါရှိပါကြောင်း မေတ္တာရပ်ခံ တောင်းပန်အပ်ပါသည်။

စာရေးသူ

အခန်း(၁)

....သူ့ကိုမှချစ်မိနေပါတယ်..ရယ်..ရယ်..ရယ်..ရယ်..အေ့....

.....တွေ့နေမြင်နေကျမို့ ဖြေဖျောက်ဖို့လည်း မလွယ်..ဟယ်..ဟယ်..အစ်......

.....မျက်စိထဲ တစ်ဝဲ နှစ်ဝဲ သုံးဝဲ..လယ်..လယ်..အ.....

လက်ညှိုးထောင်လှည့်ပြနေရင်း လူပါဘိုင်းခနဲပစ်လဲ၏။ ရွာလယ်လမ်းမှာမို့ ဘိုင်းခနဲအသံကြားလိုက်တာနှင့် ကိုယ့်အိမ်ရှေ့ကလား သူ့အိမ်ရှေ့ကလားဆိုသည့်အတွေးတို့နှင့် ကြားသည့်အိမ်နီးချုပ်စပ်တွေ ပြတင်းပေါက်တွေဖွင့် အိမ်ရှေ့မီးတွေဖွင့်နှင့် ခေါင်းပြူကြည့်ကြ၏။ မှောင်နဲ့မည်းမည်းရွာလယ်လမ်းကို အိမ်ထဲကနေ သေချာမမြင်ရပေမယ့် သူတို့သေချာတွက်မိကြသည်က.. ၊

"ဒါ မိုးခြိမ့်ပဲ.."

"ဒီကောင်လေးကတော့ ခက်ပါတယ်.."

ခွေးဟောင်သံတွေ ဟိုတစ်စဒီတစ်စပေါ်လာရင်းကနေ ဆူညံလာ၏။ အချိန်က ညဆယ်နာရီနီးပါးရှိနေပြီမို့ မိုးချုပ်တာနှင့် အိမ်တံခါးပိတ်နေတတ်ကြသည့်ရွာမှာ ဒီအချိန်အပြင်ကို ဘယ်သူမှမထွက်ကြတော့ပေ။ တစ်ရွာလုံးပေးထားသည့် မီးစက်မီးလည်းပိတ်သွားပြီ။

ကိုယ့်ဘတ်ထရီနဲ့ကိုယ်လင်းနေကြသည့် မီးလေးတွေပဲရှိကာ အရေးအကြောင်းရှိလို့မီးဖွင့်ရရင်တောင် ဘယ်သူမှကြာကြာဖွင့်မထားချင်ကြ။

"အမေဘာလုပ်မလို့လဲ..သူ့ဟာသူလဲလဲကွဲကွဲ ဒီလိုပဲဖြစ်နေကျဥစ္စာ၊ ထားလိုက်ပါအမေရာ.."

"သွားနှိုးလိုက်ရင်ရပါတယ်ဟယ်..တော်ကြာ မိုးရွာလာရင် အိပ်ပျော်နေပျော်နဲ့ အရက်သမားတွေ အအေးပတ်သေကုန်ကြတာ မကြားဖူးဘူးလား.."

ခွေးဟောင်သံတွေက ဆူသထက်ဆူလာသည်။ ဗလုံးဗထွေးထထပြောနေသည့် မိုးခြိမ့်ရဲ့စကားသံကိုလည်း တစ်ချက်တစ်ချက်ကြားနေရ၏။

"ဘယ်ကောင်တွေ ငါ့ကိုဟောင်ရဲတာလဲကွ..ဟွန်း ဘယ်ခွေးမှလူမထင်လို့ လမ်းပေါ်မှာလာအိပ်တာ၊ သတ္တိရှိရင် ရှေ့တိုးခဲ့..ငါလည်းကိုက်တတ်တယ်.."

ခွေးတွေအနားကပ်လာကြတာကို သူသိနေသည်။ လှဲနေရင်းကနေ ပြန်ကျူးထတော့ ငုတ်တုတ်ဖြစ်သွား၏။ လမ်းရဲ့ဘယ်ညာ မှောင်နဲ့မည်းမည်းကို မျှော်ကြည့်ပြီး မျက်လုံးတွေကို လက်နဲ့ပွတ်သည်။

"ဤခရီးနီးသလား..အဲ့ ငါးနာရီလာရ၏ ကိုယ်ခြေထောက်နဲ့ကိုယ်လာသည်..အေ့ ဘယ် ဘယ်လူကြီးမှ ပိုက်ဆံမပေးရ၊ ဟီး..ဟီး.."

"ဟြော်..ဒီကောင်လေးကတော့ မိုးတွေခြိမ်းနေတာ မကြားဘူးလားနော်..ဒုက္ခပါပဲ.."

"ကဲပါ..အမေနေပါ၊ ကျွန်တော်ပဲသွားပြန်ပို့လိုက်ပါ့မယ်.."

ကိုစံထူးက အိပ်ချင်မူးတူးထလာကာ လက်နှိပ်ဓာတ်မီးဆွဲ၏။ ဟိုဘက်အိမ်က မြရီတို့သားအမိလည်း ပြတင်းပေါက်ကနေ ခေါင်းပြူကြည့်နေကြလျက်.. ။

"စံထူးလားဟေ့.."

"ဟုတ်ကဲ့ဒေါ်ပု.."

"အေး..အေး သွားပြန်ပို့ပေးလိုက်ပါဟယ်၊ ဒီကောင်လေး အောင်ကြီးတို့အိမ်ရှေ့ သွားရမ်းပြီး ပြန်လာတာနေမယ်.."

"ဟုတ်တယ်..ဟုတ်တယ်၊ ဟိုကစိတ်ကောင်းလေးဝင်နေကြလို့..ဘယ်အချိန် အောင်ကြီးလက်ချက်မိမလဲမသိဘူး.."



မြရီက တံခါးပြန်ပိတ်ပြီး နောက်ကနေရှေ့ရွတ်၏။ လက်နှိပ်ဓာတ်မီးရောင်တွေ ဝင်းဝင်းလက်လက်ဖြစ်လာကြကာ.. ။

"မိုးခြိမ့်..ဟိုမှာ.."

"သားရေ.."

ငြေနဲ့ကျောက်ဒိုးတို့က နောက်မှာကျန်ခဲ့ကာ ဒေါ်ညိုကထမီ'မ' ၍ အပြေးတပိုင်းရောက်လာ၏။ ကိုစံထူးနောက်ကနေ ဒေါ်ငိုကလည်း ကပ်လိုက်လာတာမို့ ဒေါ်ညို့ကိုမြင်တော့ ရှေ့ထွက်လာကာ.. ။

"ကလေးတွေလွှတ်ပြီး ရှာခိုင်းရတာကိုအေ..ဒီအချိန်ကြီးထွက်လိုက်လာရသလား.."

"တစ်ညလုံးမျှော်နေရတာ ထိုင်စောင့်မနေနိုင်တော့လို့ပါဒေါ်လေးငိုရယ်..မိုးဦးပေါက်နေပြီလေ၊ မိုးကရွာချင်တဲ့အချိန် ရွာချမှာ.."

"အင်း..အဲ့ဒါပဲဗျ၊ သားဆိုးမအေ တတေတေဆိုတာ.."

"ငါ့သားလေးက မဆိုးပါဘူးစံထူးရယ်..သူအရမ်းခံစားနေရလို့ပါ၊ ဟဲ့..ငြေ လာဝိုင်းကူပေးစမ်းပါ.."

"ဒေါ်လေးဖယ်နေလေ.."

"ဘာလဲ..ဘယ်သူလဲ၊ ဖယ်စမ်းပါ..ငါ့ကိုမထိနဲ့.."

"မိုးခြိမ့်.."

"ဘာလဲ..ဖယ်ဆိုနော်.."

မိုးခြိမ့်က လှည်းလမ်းပေါ်မှာ ကလေးတွေလို အားပါးတရခြေဆင်းထိုင်နေလျက် ဘယ်သူလာကိုင်ကိုင် ပုတ်ခတ်ဖယ်ချပစ်နေလျက်..

"နီတြာလာပေ့စေ..နီတြာ့ကိုစောင့်နေတာ၊ အဲ့ကောင်မလေးငါ့ကိုချစ်တယ် ချစ်တယ်နဲ့..ငါနဲ့မနေပါရစေနဲ့တဲ့..ကဲ..သူ့ကိုလွှတ်ပေးပါတဲ့..ကိုင်း ဘာလဲဒါ..ငါကတော့ ချစ်လိုက်ရတာ.."

"မိုးခြိမ့်.."

"သားရေ..မိုးတွေခြိမ်းနေတာ မကြားဘူးလား၊ မိုးမိလိမ့်မယ်သားရယ်..ထနော်.."

"အမေလား.."

"ဟုတ်တယ်မိုးခြိမ့်..နင့်အမေလိုက်လာခေါ်တာ၊ နင်ကမိုးမိခံနိုင်ပေမယ့် လူကြီးကမိုးမိသွားရင် အိပ်ရာထဲလဲမှာနော်..ကိုယ့်အမေကိုသတ်မိစေနဲ့.."

"ဟာ..သတ်စရာလား၊ သတ်ချင်ဖြတ်ချင်နေတာ ဟိုနွားကြီးသုံးကောင်..အဲ့သုံးကောင်ပဲ ငါ့နီကြောကိုသတ်တာ၊ မအေပေး နှမပေးမျိုးတွေ..ထွီ.."

"ကဲ..ထပါလူလေးရယ်၊ နင့်အမေငိုနေပြီ..မိဘမျက်ရည်တစ်စက်သားသမီးဆင်းရဲတစ်သက်တဲ့.."

ဒေါ်ငိုတွင်တွင်ပြောပေးနေသည်။ 'အမေ'ဆိုသည့်အသံကြားမှ မိုးခြိမ့်ကလည်း ခေါင်းထောင်သွားတတ်ကာ.. ၊

"အမေငိုနေတာလား..မငိုနဲ့ ·မငိုနဲ့၊ အမေ့သားထပြီ..ထ..အဲ.."

ကျူးထလိုက်ကာမှ ပုဆိုးကခါးကနေ ပြေကျသွားတော့ ပြန်ထိုင်ချလိုက်သည်။ ကိုယ့်ပုဆိုးကိုယ် သေချာလုံးထွေးကိုင်လိုက်ပြီး ပြန်လည်းမဝတ်ဘဲ.. ၊

"ဓာတ်တိုင်.."

"ဓာတ်တိုင်မပါဘူး..ငါပဲရှိတယ်၊ ဘာလဲပြော.."

"ဓာတ်တိုင်'တ'နေသေးတယ်..ဟိုက 'နီကြော့'အသံကြားတိုင်းချေးစိမ်းပန်းအောင် ကြောက်နေတာ၊ ဒီအချိန်ထွက်လိုက်လာလိမ့်မယ် အားကြီး.."

ကျောက်ဒိုးက ရှုံ့မှုမှုနှင့် တီးတိုးပြောသည်။ ဒါလည်းမိုးခြိမ့်ကကြားလိုက်သေးကာ.. ၊

"ဘယ်ကောင်လဲ..ငါ့နီကြောကိုခေါ်နေတာ.."

ပြောရင်း နီးရာကိုအားပြုထလိုက်တော့ ငြေပုဆိုးစဖြစ်နေလျှင်၊

"ဟာ..ဟော့ကောင် ဟော့ကောင်.."

ကိုယ့်ပုဆိုးကိုယ်လိုက်ဖမ်းပြီး ဓာတ်မီးပါလွှတ်ကျလေသည်။ ထိုးထားသည့်ဓာတ်မီးနှင့် ပြုတ်ကျသည့်ဓာတ်မီးတို့၏အလင်းရောင်တွေကို ဒေါ်ငိုမျက်စိရှုပ်နေခဲ့လျက်.. ၊

"ဘောင်းဘီပါတာပဲကွယ်..ဒီလောက်အသည်းအသန်ဖြစ်ရလား၊ အဲ့ဒီဓာတ်မီး မိုးခြိမ့်ခေါင်းပေါ်ကျလိုက်ရင် အလကားဘုထွက်လာဦးမယ်.."

"မဝတ်ထားလို့ပေါ့..အဘွားငိုကလည်း.."

"ကျောက်ဒိုးနော်..မင်း.."

"မသိတာကျလို့...."



"ဘုန်း.."

"အား..သေပါပြီ.."

တစ်ယောက်ကလှမ်းထုသည်။ တစ်ယောက်က ကျောကော့အော်၏။ မတ်တပ်ရပ်လိုက်ပြီးသည့် မိုးခြိမ့်မျက်စိတွေဘာတွေကျယ်သွားခဲ့ပြီး ဟိုကြည့်ဒီကြည့်.. ၊

"ဘာတွေဖြစ်နေကြတာတုံး.."

"ဘာမှမဖြစ်ဘူးသား..လာ ပြန်ရအောင်.."

"အဓမက ဘယ်ကပြန်လာတာလဲ..ဒီအချိန်ကြီး.."

"လုပ်ပြီ..ဒီကောင်.."

ပြောလိုက်သည့်ကျောက်ဒိုးကို မိုးခြိမ့်ကပြန်လှည့်ကြည့်ကာ..၊

"မင်းတို့ကရော ဘာလဲ..ရွာထဲမှာ မသာရှိလို့လား.."

"မရှိပါဘူး..မိုးရွာချလိုက်ရင် မင်းမသာဖြစ်မှာစိုးလို့ လိုက်ခေါ်ကြတာ.."

"ဩော်.."

ဩော် သံရှည်ကြီးနှင့် ခေါင်းညိတ်နေသေးသည်။ ပြီးတော့ လှမ်းထွက်သွား၏။ ပြီးတော့ သတိတရနောက်ပြန်လှည့်ကြည့်ကာ.. ၊

"လာ..အမေ့ကိုသားတွဲမယ်၊ တော်ကြာ လှည်းလမ်းချိုင့်ထဲ အမေချော်လဲ..အား.."

အမေမလဲဘဲ သူပဲယိမ်းထိုးချော်လဲကာ ဆွဲကိုင်ထားသည့် ဒေါ်ညိုပါ၏။ ဒေါ်ငိုက ဒေါ်ညိုကို လှမ်းဆွဲဖို့ကြိုးစားလျှင် သုံးယောက်အတွဲလိုက်ပြီး လှည်းလမ်းချိုင့်ကြီးထဲတွင်.. ၊

ငြေ ခေါင်းကိုစုံကုတ်ရင်း.. ၊

မတွေ့ဖူးဘူး..ဒီလောက်မူးနေတာတောင် ဖင်ဓခေါင်းကျယ်နိုင်တဲ့ အရက်သမား.. ၊

➤➤ ⮜⮜

## အခန်း(၂)

"ဘာလုပ်တာတုံးအမေရာ..ဘယ်သူကမိန်းမယူပါ့မယ်ပြောနေလို့လဲ.."

"ပြောပြောမပြောပြော မိဘကဝတ္တရားရှိတဲ့အတိုင်း စီစဉ်ရမှာပဲ..နောက်ပြီး သန္တာက မင်းကိုဆို ဟိုတုန်းတည်းက လိုက်လိုက်လျောလျောရှိခဲ့တာ တစ်ရွာလုံးအသိ.."

"ဟာ..မှားပြီ၊ အခု အဲ့လိုမဟုတ်တော့ဘူး.."

မျက်နှာသစ်နေတာ မပြီးနိုင်လို့ ဒေါ်ညိုကအနားလာပြီးမြန်မြန်ထောင်ချပေးဖို့အကြောင်းပြောသည်။ မိုးခြိမ့်က ဒန်ခွက်ကိုသစ်သားစည်ပိုင်းထဲပစ်ထည့်ပြီး ပုဆိုးခါးစကို ဆွဲဖြုတ်သည်။ ပြီးတော့ ခါးပုံစနဲ့ မျက်နှာသုတ်ရင်း အိမ်ပေါ်ပြန်တက်၏။ ဒေါ်ညိုကလည်း ပြန်ဝင်လိုက်လာကာ ဒေါ်ထားခင်က ဘူးညှန့်တွေထည့်ထားသည့် ဇကာခုံးနဲ့ထွက်လာတော့ နှစ်ယောက်ကြားမှာ မိုးခြိမ့်ပြေးပေါက်ပိတ်ပြီဆိုတာသိလိုက်၏။

"ဘာလဲ..ခုန အဲ့လိုမဟုတ်တော့ဘူးဆိုတာ.."

"သိပါဘူး..နင့်တူ.."

"သိတယ်..သိတယ်၊ သူ့မှာလူကြီးတွေကို ပြန်ပြောပြန်ဆိုဖို့ဆိုဆင်ခြေအကြောင်းပြချက်တွေက အမြဲတမ်းရှိပြီးသား.."



"မဟုတ်ဘူး..ကျွန်တော်တို့လူငယ်ချင်းပဲသိတဲ့ကိစ္စ၊ ဒေါ်လေးမှမသိတာ.."

"အင်း..ပြောပါဦး၊ ဘာကိစ္စလဲ.."

"လူကြီးသမီး မိသန္တာရော ကြည်ပြာရော..မောင်မောင့်ကိုကြိုက်နေကြတာ နှစ်ပိုင်းသုံးပိုင်းကိုသေလို့.."

"ဟင်.."

"ဟဲ့..မဖြစ်နိုင်တာ.."

ဒေါ်ထားခင် ဆတ်ဆတ်ခါထငြင်းလိုက်တော့ ဒေါ်ညိုကအချိန်မီမျက်ရိပ်ပြတားဆီးသည်။ မောင်မောင့်ကိစ္စကို သူမတို့သုံးယောက်အပြင် တခြားဘယ်သူမှသိကြသေးတာမဟုတ်။ မောင်မောင့်ကိုတောင်သူမတို့မမေးရက်ဘဲ ဒီတိုင်းမျိုသိပ်ပြီး ကြည့်နေခဲ့ကြတာဖြစ်ကာ..၊

"ဟုတ်ချင်လည်းဟုတ်မှာပေါ့..မောင်မောင်ကလည်း ချောချောသန့်သန့်လေးကိုး၊ ဒါပေမယ့် ဦးထွေးကတော့ တစ်နယ်တစ်ကျေးကယောကျ်ားလေးတစ်ယောက်နဲ့ သဘောတူမှာမဟုတ်ဘူး.."

"အမေတို့တောင် ဆရာဝန်မှန်းသိတည်းက ငါ့အိမ်မှာဆရာဝန်ရှိတယ်ဆိုပြီး ခြေဖျားထောက်နေကြတာ..ဘယ်သမီးရှင်က ခေါင်းခါမှာတုံး၊ လုပ်မနေပါနဲ့အမေရာ..အမေ့သားအရက်သမားကို ဘယ်မိဘမှ သမက်တော်ချင်မှာမဟုတ်ပါဘူး.."

ပြောပုံက ပြုံးစိစိ။ ကိုယ့်ကိုယ်ကိုချဉ်ပတ်ဘဝရောက်နေတာတောင် ဂုဏ်ယူနေသလားမသိ.. ၊

"ဘယ်မိဘကမှ သမက်မတော်ချင်တဲ့ အရက်သမားဖြစ်နေရတာ အတော်အကြိုက်တွေ့နေတယ်ဟုတ်လား..ကိုယ့်ကိုယ်ကို အရက်သမားစာရင်းသွင်းလိုက်ပြီပေါ့.."

"အရက်သောက်နေတော့လည်း.."

"မသောက်နဲ့လေ..နင့်ကိုတကောက်ကောက်လိုက်ကျောင်းနေရတဲ့မိဘကို နည်းနည်းပါးပါးငဲ့ညာပါဦး..အိမ်မှာလူပျိုလေးနှစ်ယောက်ရှိတယ်၊ ကိုယ့်တူကအရက်သမား.."

"အဲ့ဒီတော့ ဒေါ်လေးက ဆရာဝန်နဲ့တူကို လဲလို့ရရင် လဲလိုက်ချင်တယ်ပေါ့..ပြောပါ ဆက်ပြောပါ.."

"လျှောက်ပြောမနေနဲ့..ဘာလဲ ခုထိအမူးမပြေသေးဘူးလား.."

မေးလိုက်မှ မိုးခြိမ့်က ဇက်တွေဘာတွေလိုမ့်ချိုးပြီး မျက်တောင်တွေ ဖိခတ်ပြကာ.. ၊

"အရက်သမားဖြစ်လာတော့လည်း အိပ်ရာထလာရင် နည်းနည်းလေးပြန်ဖြည့်ရမှ.."

"ငါ..တယ်လေ.."

ဒေါ်ထားခင်က ဇကာခုံးကြီးစုံကိုင်မပြီး ပစ်ပေါက်တော့မလိုရွယ်သည်။ မိုးခြိမ့်ကရယ်နေရင်း လက်ကာ၍.. ၊

"မေးလို့လည်းဖြေရသေးတယ်..ဒေါ်လေးကလည်း.."

"ကဲ..တော်ကြစမ်းပါဟယ်၊ တူဝရီးစကားပြောနေတာ ညီအစ်ကိုစကားနိုင်လုနေတာကျနေတာပဲ.."

"ဟုတ်တယ်..အမေ့ညီမငယ်မှုပြန်နေတာ သတိမထားမိဘူးလား သနပ်ခါးတွေပုံမှန်လူးပြီး ပန်းတွေပန်၊ ရွာနောက်ပိုင်းခဏခဏထွက်..နေပါဦး အဲ့မှာဘာရှိလို့တုံး.."

"ကြည့်စမ်း..သေနာလေး၊ လာခဲ့.."

"ဟား ဟား ဟား.."

ဒေါ်ထားခင် ဒီတစ်ခါဇကာပစ်ချပြီး ထမီလည်းတိုတိုပြင်ဝတ်သေးသည်။ သို့သော် သူမပြင်ဆင်ပြီးသည့်အချိန်မှာ မိုးခြိမ့်ကအိမ်ပေါ်ပြေးဆင်းသွားပြီဖြစ်ကာ.. ၊

"အဲ့ဒါပဲ..အနာရှိတော့ ဆားပက်မခံဘူးဆိုတာ.."

"ဟဲ့..နင်အဲ့ဒီက အော်မနေနဲ့၊ ခုပြန်ဝင်ခဲ့စမ်း..အစ်မ အစ်မသားကိုပြန်ခေါ်စမ်းပါ၊ ဒီကောင်လေးအာဖြဲကြီးနဲ့.."

"မပြဲစေချင်ရင် နင်လည်းပြိုင်ပြောမနေနဲ့လေထားခင်ရယ်..ငါကယ်ပါပဲ၊ အိမ်ထောင်ချပေးမယ့်အကြောင်းပြောပြီဆို လိုရင်းကိုရောက်ဘူး.."

"ရောက်မလား..အစ်မသားက မရောက်ခင်လှီးလွှဲပစ်နေတာကိုးခတ်တိုင်တ..ကို အဲ ...ည် ...လာ...ပြောလဲသိလား..သူအရက်သောက်နေတာ ...ချ... တွေ..."

"အင်း..ဘာ ... တွေ ..."

"ပထမတစ်ခုက နိ... စိမ့်ချ...လို့တဲ့.."

"ပြီးတော့ရော.."



ဒေါ်ထားခင်က နေရာမှာပဲ တင်ပလ္လင်ခွေပြန်ထိုင်လိုက်ပြီး ဇကာကို ပြန်ဆွဲယူသည်။ ပြီးမှ အလုပ်လုပ်နေရင်း.. ၊

"အရက်ဆိုင်က သရက်တောထိပ်မှာဆိုတော့ အောင်ကြီးတို့ညီအစ်ကိုနဲ့နီးတယ်တဲ့..အရက်သောက်လိုက်မှ ဆဲလို့ရတာတဲ့.."

"အောင်မယ်လေး..အရက်သောက်လို့ လူစိတ်ပျောက်တာကိုအင်းကလေ.."

"အစ်မသားက အဲ့ဒီညီအစ်ကိုကို ဆဲပဲဆဲတာမဟုတ်ဘူး..စိန်ခေါ်ထုတ်သေးတာတဲ့သိလား.."

"ဒုက္ခပါပဲဟယ်..အဲ့ဒါဟိုကစိတ်ကောင်းဝင်နေလို့ နေမှာပေါ့၊ ...ယိုင်နေတဲ့အရက်သမားကို ဟိုကကိုင်ပေါက်လိုက်ရင်တစ်ချက်ပဲ.."

"အဲ့ဒါပေါ့..ဟိုမှာလည်း တောင်ကြီးကရောဂါသည်းနေလို့ထင်တယ်၊ မြို့တက်ပြီး ဆရာဝန်ပြရမလိုတောင်ဖြစ်နေတာ.."

နီတြော့အသုဘပြီးသွားသည့်နောက်မှာ ညီအစ်ကိုတွေ ငြိမ်သွားကြသည့်ပြင် တောင်ကြီးကပိုပြီး အရူးရင့်လာသည်။ အော်ချင်ရာအော်နေတတ်ပြီး တစ်ယောက်တည်းငြိမ်နေတဲ့အခါဆိုရင်လည်း သူ့ကိုယ်သူဒုက္ခပေးဖို့ကြိုးစားနေသည်ဟု ကြားနေကြရသည်။ မိုးခြိမ့်ရယ် နီတြော့မောင်နှမရယ်..။ သူတို့တွေရဲ့အချစ်အမုန်း ဒေါသမောဟတွေအတွက် ပရွှာသာမကဘဲ တခြားရွာနီးချုပ်စပ်တို့ပါ သတင်းကြားသည့်သူတိုင်းစိတ်မကောင်းဖြစ်ကြရ၏။ မိုးခြိမ့်မူးရူးသွားလာနေပေမယ့် နှုတ်၏စောင်မခြင်း လက်၏စောင်မခြင်းရှိကြသည့်ပြင် မူးမူးနဲ့ဘယ်လိုပဲနှုတ်ကျွံပါစေ သည်းခံကြရာသည်။ အောင်ကြီးတို့ညီအစ်ကိုတွေအတွက်လည်း အရင်တုန်းကမိုက်ရိုင်းရမ်းကားကြတာတွေကိုပါ မေ့ပျောက်ကုန်တဲ့အထိ ကရုဏာစိတ်တွေသာ ဖြစ်နေကြလေသည်။

"မဖြစ်ဘူး..ဒီကောင်လေးကို အရက်ဆိုင်မသွားတော့ဖို့ တားရမယ်၊ သူများမှာလူမမာတစ်ဖက်နဲ့ ဒုက္ခများနေတာကို.."

"အဲ့ဒါလည်းဝင့်လည်တာပဲ.."

"ဘာရယ်.."

"သူတို့မိုက်ရိုင်းတုန်းကလည်း ကမ်းကုန်ပဲလေ.."

"မိထားခင်..ညည်းတူ့ရှေ့မှာ အဲ့လိုတွေကျပ်ကျပ်ပြောသိလား.."

"မပြောလည်းလူတိုင်းသိတယ်.."

"ဒါဖြင့်လည်း အိမ်ကငမူးကိုမြှောက်ပေးလိုက်ဟော့..နာနာဆဲပေး စမ်းလို့.."

ဒေါ်ထားခင်က ဘူးရွက်ခြွေနေရင်း ပခုံးတွေလှုပ်အောင်ရယ်၏။ ဒေါ်ညိုကမျက်စောင်းထိုးလိုက်ပြီး အတွင်းခံအင်္ကျီအိတ်ထဲက ပိုက်ဆံထည့်ထားသည့် ရွှံ့အိတ်လေးကိုထုတ်သည်။

"ဘာလဲ..အစ်မသားရဲ့အရက်သောက်ရခြင်း တတိယအချက်ကို မသိချင်တော့ဘူးလား.."

"အေး..ဟုတ်သား.."

ဒေါ်ညိုပိုက်ဆံထုတ်မလို့ အိတ်ဖွင့်ပြီးမှ ပြန်ချလိုက်ပြီး.. ။

"ပြောစမ်း..ဘာတဲ့လဲ.."

ရယ်လက်စနှင့်ဒေါ်ထားခင်က ခေါင်းခါနေသေးသည်။ ပြီးမှ..။

"သူ့ကိုမိန်းမမူ့ပေးစားအောင်လို့တဲ့.."

"ဘာ.."

"ခုနပြောသွားတာကြည့်ပါလား..သူ့လိုအရက်သမားကို ဘယ်မိဘကမှ သမက်မတော်ချင်ဘူးဆိုတာ၊ အဲ့ဒါဝမ်းနည်းကြေကွဲလို့ပြောသွားတယ်မထင်နဲ့..တမင်အဲ့လိုဖြစ်အောင်လုပ်နေတာ၊ နိုကြာကလွဲပြီး ဘယ်မိန်းမမှ မယူတော့ဘူးတဲ့.."

"အံမာ..ရမလားဒီလို.."

"မရလို့ရမလားအစ်မရဲ့..မိန်းမတောင်းပြီး သူနဲ့ပေးစားမှာ၊ ကိုယ်ယူထားလို့ရတာမှမဟုတ်ဘဲ.."

စိတ်ထဲမှာ ဘာပဲဖြစ်လာလာ နောက်ဆုံးတော့လည်း 'ဒီကောင်လေးနဲ့ခက်ပါတယ်'လို့ ညည်းရင်းပြီးရလေသည်။

"လှကျော်တို့ပြန်ပြောပါတယ်အစ်မရယ်..မိုးခြိမ့်ကသိပ်မသောက်ရသေးဘူး တန်းမူးတာတဲ့၊ မူးလာရင်လည်း ထပ်မသောက်တော့ဘူးတဲ့..သူ့နားမှာရှိနေတဲ့လူတွေကလည်း မသောက်ဖြစ်အောင်တော့ အမျိုးမျိုးတားနေကြတာပါတဲ့.."

"ဘယ်လောက်ထိတားနိုင်မှာလဲထားခင်ရယ်..သူကရော အမြဲတမ်းနည်းနည်းလေးသောက်နေမှာတဲ့လား၊ နိုကြာဆုံးတာဖြင့် နှစ်လသုံးလရှိနေပြီ..နောက်ပြီး ယူကြရသေးတာလည်း မဟုတ်ဘူး.."

"ဒါပေမယ့် အစ်မသားက သူ့ကိုယ်သူမုဆိုးဖိုလို့ သတ်မှတ်နေသလားမှမသိတာ.."



ဒေါ်ညိုက စကားပြောရင်း ဘာကိုသတိရသွားသည်မသိဘဲ ညီမဖြစ်သူနားနီးအောင် ဖင်ရွှေ့တိုးလိုက်သည်။ ပြီးတော့ ကိုယ့်အိမ်ပေါ်မှာကိုယ်နေပြီး တောင်မြောက်လေးပါးအကဲခတ်လိုက်သေးသည်။ ပြီးမှလေသံတိုးတိုးနှင့်.. ။

"မောင်မောင်က မိန်းကလေးဆိုတာ အသားလေးကပ်ပြောပြီး အသိပေးလိုက်ကြရင် မကောင်းဘူးလား.."

"ဟင်..ဘယ်သူ့ကိုလဲ.."

"ဩော်..တိုးတိုးပြောစမ်းပါ၊ ပြူးတူးပြဲတဲနဲ့.."

ထိတ်ထိတ်ပျာပျာသတိပေးရင်း နောက်ထပ်နီးအောင် မျက်နှာပါကပ်လိုက်ကာ.. ။

"မိုးခြိမ့်ကိုလေ..မိန်းကလေးမှန်းသိသွားရင် သူစိတ်ပြောင်းရင်ပြောင်းမှာပေါ့၊ သူတို့ချင်းက နီးစပ်ပြီးသားဥစ္စာ.."

"နီးစပ်တာက ယောက်ျားလေးချင်းအသိနဲ့လေအစ်မရဲ့..မောင်မောင်က သိစေချင်တဲ့ပုံစံ နည်းနည်းလေးမှကိုမရှိတာ အစ်မလည်းသိသားနဲ့၊ နောက်ပြီး အသားသေနေတဲ့ယောက်ျားလျာလေးလည်းဖြစ်နိုင်တာပဲ..လူပုံလေးကသာ ဖြူအုနုဖက်နေတာ သွားလာပုံ စကားပြောပုံ တစ်ချက်မှ မမှားဖူးဘူး၊ မိုးခြိမ့်ကိုလည်း စိတ်ဝင်စားပုံမပြပါဘူး.."

"ဒါတော့မဖြစ်နိုင်ပါဘူးထားခင်ရယ်.."

"ဘာကိုလဲ.."

"အသားသေနေတဲ့ယောက်ျားလျာလေးဆိုတာ ဘယ်လိုမှမဖြစ်နိုင်ဘူး..သတိလစ်သွားတုန်းက ငါတို့သူ့ကိုသေချာကိုင်ကြည့်..အဲ.."

ကိုယ့်ဘာသာပြောပြီး မျက်နှာတွေပူကာ ခေါင်းကုတ်လိုက်မိ၏။

"ယောက်ျားတွေလို ပါးပါးလျားလျားမှမဟုတ်တဲ့ကိစ္စ.."

"အေးနော်..သူအတင်းကြီးဖုံးဖိပြီး ရုပ်အင်္ကျီပွပွတွေ အပေါ်ထပ်တွေနဲ့ နေနေလို့ရယ်.."

"အဲ့ဒါပြောတာပေါ့..ငါ့စိတ်ထဲမှာ အဲ့ဒီတည်းက မှန်းကြည့်ခဲ့တာ အရပ်မြင့်မြင့် တင်းတင်းပြည့်ပြည့်လေးနဲ့ မိန်းကလေးလိုများနေလိုက်ရင် ဘယ်လောက်လှလိုက်မလဲဆိုတာ..နောက်ပြီး ဆရာဝန်မလေးလည်းဖြစ်သေး.."

"အဲ့ဒါကြောင့်မို့ပဲ ကိုယ်ကစရခက်နေတာ.."

ခုဆို ပိုဆိုးပြီဖြစ်သည်။ ကိုယ့်တူက အရက်သမားလုံးလုံးဖြစ်နေခဲ့သည့်အပြင် နီတြာ့ကို ခုချိန်ထိ 'တ'နေတုန်း။ ဆရာဝန်တစ်ယောက်တောင်ဖြစ်နေသည့် မိန်းကလေးတစ်ယောက်က အခြေမဲ့အနေမဲ့တော့မဖြစ်နိုင်ပါ။ ဒီရုပ်ဒီရည်လေးနဲ့မို့ ပိုလို့တောင်မဖြစ်နိုင်သေး။ လောလောဆယ်ကိုယ့်အိမ်ရောက်နေပေမယ့် မိုးခြိမ့်ကို သူနဲ့တူသည်တန်းသည်မထင်သော အမြင်မျိုးနဲ့နေနေတာလည်း ဖြစ်နိုင်သေးသည်။ ဘာပဲဖြစ်ဖြစ် စေတနာရှိပြီးသားပါ။ ခုလိုမျိုး အိမ်ကထွက်လာသည့်မိန်းကလေးတစ်ယောက်ဆိုတော့ ပိုလို့တောင်ကရုဏာဖြစ်ရသေးသည်။ ဆရာဝန်ဖြစ်နေသဖြင့် ပြန်သွားမှာလည်းစိုးရိမ်နေမိ၏။

ထို့ကြောင့် သူမလေးမိန်းကလေးဖြစ်ပါကြောင်းကိုလည်း..

➤➤ ◄◄

အခန်း(၃)

"စုရီ ဒီနေ့ဘာရှိလဲ.."

"ဒီနေ့ရေကြက်ကြော်ပဲရှိတယ်..ဒါပေမယ့် တစ်ကောင်ပဲရှိတာဦးပေါက်စတို့က မှာထားတယ်၊ ဒါပေမယ့် နင်လိုချင်ရင် တစ်ခြမ်းပေးလိုက်မယ်.."

"ဒါပေမယ့်တွေများလှချေလား.."

"များရမှာပေါ့..ကိုယ့်လူကိုဦးစားပေးစနစ်ပဲ.."

ချစ်ချောက မနိမ့်မမြင့် ခပ်သွယ်သွယ်လေးဖြစ်ကာ ဆံပင်ကလည်း ခါးထိရှည်သည်။ သူ့ထက်တစ်နှစ်ပိုငယ်ပေမယ့် ဝတ့်စားနေထိုင်ပုံကြောင့် အသက်ထက်ပို၍ ရင့်ကျက်သလိုဖြစ်နေ၏။ ဒါပေမယ့်မေးသွယ်သွယ်နှုတ်ခမ်းတွဲလေးနှင့် ချစ်စဖွယ်မျက်နှာလေးပါ။ သူမသည်လည်း ငယ်ပေါင်းကြီးဖော်တွေပဲဖြစ်ကာ နီတြာနဲ့သူချစ်ကြိုက်သွားကြတဲ့အထိ သူမကသိသာစွာမျှော်လင့်နေခဲ့ရှာ၏။ နီတြာမရှိတော့သည့်နောက်မှာ မိုးခြိမ့်ကလည်း စိတ်ပြေရာပြေကြောင်း ရွှတ်နောက်ကျီစယ်သမျှ သူမကအတည်ယူကာ မသိရင်သူမနဲ့မိုးခြိမ့်က ချစ်နေကြသလိုလို.. ၊

"မိုးခြိမ့်..နင်ဒီနေ့နောက်ကျသလိုပဲနော်.."

"အင်း..ကျုဆို ဒီနေ့အမေနဲ့ဒေါ်လေး ဘာတွေဖြစ်နေမှန်းမသိဘူး၊ ထွက်လို့မရအောင် ဆူနေကြတာ..နားကိုငြီးရော.."

"နင်ကလည်းနင်ပဲကိုး..နိုတြာဆုံးပြီးတည်းက ညနေတိုင်းလိုလို အရက်သောက်နေတာ၊ ကြာရင်အရက်သမားကြီးဖြစ်လာတော့မယ်.."

"အဲ့ဒီတော့ နင်တို့ပိုရောင်းရတာပေါ့.."

"နင့်ကိုတော့ မရောင်းချင်ပါဘူး.."

"ဒီလိုလား.."

"လျှောက်တွေးမနေနဲ့နော်..ကိုယ့်သူငယ်ချင်းချင်းမို့ ပြောနေတာ၊ နင်အရက်သမားပုံပေါက်နေပြီသိလား.."

တကယ်တော့ အရက်သမားနဲ့မတူသည့်ပြင် မိုးခြိမ့်လာနေပြီဆို ဆိုင်ကနေ တစ်ခေါ်လောက်အကွာအဝေးမှာတည်းက ချောတို့မြင်ပြီး သား။ ဒီနေ့ဝတ်လာသည့် ရုပ်အင်္ကျီမီးခိုးရောင်ကွက်ကျဲနှင့် ခရမ်းရင့် ချည်ပုဆိုးအကွက်စိပ်လေးက မိုးခြိမ့်နဲ့ကြည့်ကောင်းလွန်းလို့ အနားနီး လာတဲ့အထိ မျက်စိမခွာနိုင်။ ဒါပေမယ့် စပ်မိတုန်းလေးမို့ စိုးရိမ်တာ တွေသိအောင် သာသာထိုးထိုးလေးပြောနေမိခြင်းဖြစ်သည်။ မိုးခြိမ့်က ဒန်အိုးတွေ ပန်းကန်ပြားလေးတွေထဲမှာရှိသည့် ဟင်းနဲ့အကြော်အလျော် တွေကို လိုက်ငုံ့ကြည့်ရင်း ပခုံးနှစ်ဖက်တွန့်၍.. ၊

"အရက်သမားဖြစ်ဖို့ဆိုတာ အရက်သောက်နိုင်မှဖြစ်တာ..ငါက ခုမှ.."

"အဲ့ဒါကြောင့် အရက်သမားဖြစ်ဖို့ ကြိုးစားပန်းစားအရက် သောက်နေရတာလား.."

ဟမ်.. ၊

မိုးခြိမ့်လက်နှစ်ဖက် စားပွဲပေါ်ထောက်ပြီး ဟင်းအိုးတွေကို မျက် နှာမူထားရာကနေ နောက်ပြန်လှည့်ကြည့်သည်။ မောင်မောင်က ရုပ်အ င်္ကျီအဖြူပွပွပေါ်မှာ ဂျာကင်ထပ်ဝတ်ထားလျက် အပြုံးအရယ်နည်း သည့်မျက်နှာက အလိုမကျမှုတွေနဲ့ ပိုတင်းနေ၏။ ပြီးတော့ လုမ်းပေ မလိုပြင်နေသည့် ချစ်ချောလက်ထဲက ကြက်ကြော်ထုပ်ကို လှမ်းယူ လိုက်ပြီး.. ၊

"ပိုက်ဆံပေးလိုက်.."

"ပေးပြီးတော့.."



"ပြန်မယ်.."

"ဘယ်သူကပြန်မယ်ပြောလို့လဲ..ငါအရက်သောက်ဖို့လာတာ.."

"သောက်လို့မရဘူး..ဒေါ်လေးဟိုဘက်ရွာသွားတာ ပြန်မလာ သေးလို့တဲ့၊ အဲ့ဒါ ခင်ဗျားနဲ့ကျွန်တော်လိုက်သွားရမယ်.."

ပြောနေရင်း မိုးခြိမ့်အိတ်ထဲကို သူပဲလှမ်းနှိုက်လိုက်ကာ.. ၊

"ဘယ်လောက်လဲအစ်မ.."

"သုံးရာပဲပေးပါ.."

သုံးရာလှမ်းပေးပြီး ပိုတာကို အိတ်ထဲပြန်ထည့်ပေးလိုက်သည်။ ပြီးတော့ မိုးခြိမ့်လက်ကိုဆွဲ၍ ဆိုင်ထဲကထွက်လေသည်။

"မင်းကဘာလဲ.."

"ဘာမှမလဲဘူး..ကျွန်တော်တစ်ယောက်တည်း မလိုက်တတ်လို့ ခင်ဗျားပါမှဖြစ်မှာ.."

မိုးခြိမ့် ယောင်တောင်တောင်ပြန်ပါသွားတော့ နောက်မှာဆိုင် သိမ်းပေးရင်း အိုးခွက်ပန်းကန်ဆေးကြောပေးဖို့ရောက်နေကြသည့် ဝင်း သီတာတို့ညီအစ်မနှစ်ယောက် ပြေးထွက်လာတာ လက်တောင်မဆေး နိုင်.. ၊

"ဒီနေ့သူမသောက်တော့ဘူးတဲ့လားချော..ဟင်၊ မူးမူးနဲ့ထင်ရာ ပြောတာလေးတွေ ငါတို့မကြားရတော့ဘူးပေါ့.."

"ဟုတ်တယ်..မကြားရတော့ဘူး.."

ချောကလည်း နှုတ်ခမ်းလေးစူကာ ဒန်အိုးဖုံးတွေပါ ခပ်ဆောင့် ဆောင့်ပိတ်၍.. ၊

"ရင်ထဲကိုဟာသွားတာပဲ..အဲ့ဒီဆရာဝန်စုတ်လေးကြောင့်.."

"ဆရာဝန်လေးကလည်း ချောတာပဲဟဲ့..ပြီးတော့ ဆရာဝန်က လည်းဖြစ်သေး၊ မြို့ပုံမြို့ပန်းလေးဆိုတော့ ဖြူဖြူနုနုသွယ်သွယ်လျ လျ.."

လျလျကို လျှာခေါက်သံနှင့်တမင်ပြောပြီး ပါးစပ်ပိတ်ရယ်နေ သေးသည်။ နီလာက မိုးခြိမ့်တို့ထွက်သွားသည့်နောက်ကို လှမ်းမျှော် ကြည့်လိုက်ပြီး.. ၊

"တို့ကတော့ ဆရာဝန်လို့ပါးစပ်ကပြောပြီး ဘယ်ကဘယ်လိုရာ ဇာတ်မှုနဲ့ရောက်လာမှန်းမသိတဲ့ မြို့သားကိုစိတ်ကူးမယဉ်ပါဘူး..ကိုယ့်

ရွာသားကိုယ့်ငယ်ချစ်လေးကိုပဲ..အဟွန်း.."

"အေးနော်..မြို့တော်ရွာကြီးက ကျေးလက်ဆေးခန်းမှာသွားထိုင်ပေးပါဆိုတာတောင် အိလေးကွလေးနဲ့ ခုထိသွားတာမတွေ့ဘူး..ပိုက်ဆံရမယ့်ကိစ္စကို.."

"အဲ့ဒါပြောတာပေါ့..အိုအေ ဆရာဝန်ဟုတ်နေရင်လည်း ငါတော့ မိုးခြိမ့်လိုရင်မခုန်ပါဘူး.."

"အံမယ်..မိန်းမ ရင်ခုန်တာတွေ ဘာတွေပြောလို့.."

"မြို့မရောက်ဘူးပေမယ့် တီဗီကြည့်ရင်အကုန်သိတာပဲအေ..အဟွန်း ငါတို့မိုးခြိမ့်က ရင်အုံပြန့်ပြန့် ပခုံးကျယ်ကျယ်နဲ့ အရပ်ကြီးကလည်းရှည်..နိုင်ငံခြားမင်းသားတွေလို၊ အပဟိ အားကိုးချင်စရာကြီး.."

"ဖြစ်ရလေအေ..ဘယ်တုန်းတည်းက ကြိတ်ခိုက်နေတယ်မသိဘူး..."

"နင်ကရော.."

"အဟဲ..ငါကနင်တို့လိုလည်း ချောတောမောတောမဟုတ်တော့ ခိုက်နေပေမယ့် ဒီလောက်လည်းမဟုတ်ပေါင်.."

"မဟုတ်ရင်လည်းနောက်ဆုတ်..ဒီမှာဒေါသထွက်နေတာ.."

ချောကတော့ သူငယ်ချင်းရင်းတွေမို့ သူမတစ်ဖက်သက်ချစ်နေရသည့်အဖြစ်ကိုလည်း ဖုံးဖိမနေပါ။ ခါးထိရှည်သောကျစ်ဆံမြီးဖျားလေး တရမ်းရမ်းနှင့် ဒေါကန်ပြီး သိမ်းဆည်းနေတာက အသံစုံမြည်နေတဲ့အထိ.. ၊

"နည်းနည်းအရှိန်လျှော့ဦးမိချော..တော်ကြာ နင့်အစ်ကိုကြားလို့နော်.."

"ကြားလည်းဘာမှမဖြစ်ဘူး..သူက အစတည်းက ငါလင်မြန်မြန်ယူပါစေဆုတောင်းနေတာ.."

"ဟုတ်လား..ဒါဆိုလည်း ဆံပင်တွေဖြတ်ချလိုက်တော့၊ ပြီးရင်ဆေးဆိုး.."

"ဘာရယ်.."

ဝင်းသီတာက ဇာတ်လမ်းတွေထဲက ခေတ်ဆန်ဆန်ပုံစံတွေကို တွေး၍.. ၊

"ငါအကောင်းပြောတာ..နင်ကလှပေမယ့် မိုးခြိမ့်နဲ့လည်းအသင်



တိမ်းမယိမ်းပဲရှိတာတောင် ရုပ်နည်းနည်းရင့်တယ်..ဆံပင်ရှည်တော့ ဆိုးတာပေါ့.."

"အံမယ်..ငါရုပ်မရင့်ပါဘူး.."

"နီတြာပုံစံနဲ့စာရင် ရင့်တဲ့အပိုင်းရောက်တယ်လေ..ပြီးတော့ ဟိုဆံပင်တိုတို နီကြောင်ကြောင်လေးနဲ့ အာနီလျှာနီကြက်တူရွေးလေး..ခိ ခိ.."

"ဟုတ်ပ..နီတြာက ဖြူဖြူရဲရဲလေးမို့ ချစ်စရာတော့ကောင်းပါတယ်၊ လှလိုက်တာလို့ပြောရအောင်တော့ မဟုတ်ပါဘူး..ပြီးတော့ သေးသေးကွေးကွေးလေးရယ်၊ မိုးခြိမ့်ကတုတ်ခိုင်ထွားကျိုင်း.."

"ဟဲ့..ဟဲ့ တိုးတိုး.."

"ဘာလဲ..အရပ်အမောင်းနဲ့ယောကျ်ားပီသတဲ့ပုံစံကို ပြောတာလေ..ပြီးချိန်းတွေ့နေကြလို့သာ တကယ်ညားသွားပြီး တွဲသွားကြည့်ပါလား၊ ဒီလောက်နဲ့ဒီလောက်လေး.."

ဝင်းသီတာက လက်ညှိုးနဲ့လက်မ ကပ်ထောင်ပြပြီး ပခုံးတွေလှုပ်ခါရင်းရယ်၏။

"ဒါဖြင့်ငါနဲ့ဆိုရင်ရော.."

"အဲ.."

လက်ထောင်လျက်နှင့် ဝင်းသီတာကလှည့်ကြည့်ကာ..၊

"ချောရယ်..ငါပြောပြီးပါပကော၊ သူ့ဟာသူ ဂေါ်ဇီလာနဲ့ကြောင်လက်စပဲဖြစ်ဖြစ် မိုးခြိမ့်ကနီတြာ့ကို ဘာကြောင့်ချစ်တယ်မှတ်လို့လဲ..ဖြစ်ဖော်ရန်ဖြစ်ဖက်မလို့.."

"ဟုတ်တယ်..နီတြာကစွာတယ်၊ ချစ်နေကြတာတောင် ရန်ဖြစ်နေကြတာနော်..အဲ့ဒါကိုတော့ နင်လိုက်တုလို့ မရနိုင်ဘူး.."

နီလာက ထောက်ခံပြောနေလျက်.. ၊

"ဒါပေမယ့် နင်နဲ့လည်းသူငယ်ချင်းတွေပဲ..မျှော်လင့်ချက်တော့ရှိတယ်၊ ဆံပင်မဖြတ်နိုင်ရင်တောင် ဒီလိုမနေနဲ့..ဒီလိုနေ.."

ပြုံးပြလိုက် ဒေါသထွက်တဲ့ပုံလုပ်ပြလိုက်နှင့် နီလာကသေချာသင်ပေးနေ၏။ ချောက သူ့လက်ကိုရိုက်ချပစ်လိုက်ပြီး.. ၊

"တော်ပါဟာ..သွားကြစမ်းပါ၊ ကြားရတာ တစ်ခွန်းမှသာယာနာပျော်ဖွယ်မပါဘူး.."

"ဒါကတော့ အမှန်အကန်တွေပြောနေတာကိုးဟယ်..မှန်တာပြော
ရင် နားခါးတယ်တဲ့.."

"ကောင်မတွေ..တော်တော့သွား.."

"တကယ်ပြောနေတာ ငါတို့ကသူငယ်ချင်းတွေမို့ အမှန်အတိုင်း
ပြောနေတာ..နောက်ပြီး ငါတို့လည်းကြိုက်ပေမယ့် မိုးခြိမ့်ကို ပိုးပန်းဖို့
ထိတော့ မစဉ်းစားပါဘူး၊ ကိုယ့်ရုပ်ရည်ကိုနားလည်ပြီးသား..နင့်ကို
တော့.."

"တော်ပြီ..မပြောနဲ့တော့၊ နီကြာနဲ့တူအောင်လည်း လိုက်မလုပ်
နိုင်ဘူး..သူနဲ့တူရင်အသေဆိုးနဲ့သေရ.."

"ဝုန်း.."

"အောင်မယ်လေး..အဲ့ဒါနီတာ.."

ဝင်းသီတာက နီလာ့ကိုခုန်ဖက်ကာ နီလာကနောက်ကတန်း
လျားပေါ် ကိုးရိုးကားရားလန်ကျ၏။ ချောလည်း ကိုင်ထားသည့်ဇလ
လွတ်က ဝွမ်းခနဲလွတ်ကျသွားကာ လန့်ဖျန့်လှည့်ကြည့်မိ၏။

"ဘာနီကြာလဲ..မိန်းကလေးတွေစုမိတာနဲ့ မိုးခြိမ့်အကြောင်းပဲ.."

အောင်လှက ထမ်းလာသည့်ထင်းစည်းကြီးကို မြေကြီးပေါ်မ
ဘဲ သစ်သားကွပ်ပျစ်ပေါ် ပစ်ချလိုက်ခြင်းဖြစ်ကာ ပခုံးပေါ်မှာခုလ
သည့် ပုဆိုးစုတ်ကို စိတ်တိုသလောက် တဖျန်းဖျန်းခါပစ်လျက်..

"နီကြာသေသွားတာနဲ့ မိုးခြိမ့်ကိုကိုယ့်ဘာသာ မဲခွဲနေကြတယ်..
ရှက်လည်းမရှက်ဘူး၊ တော်ကြာ နီကြာတကယ်လာပြီး နင်တို့ကိုဂုတ်
ချိုးလိမ့်မယ်..ဟိုကသရဲမဖြစ်ခင်တည်းက အော့ကြောလန်.."

"ဟုတ်တယ်..သေပြီးတော့ ဖုတ်ကပ်လိုက်သေးတယ်၊ မပြော
တော့ဘူး..မပြောတော့ဘူး၊ အိမ်ပြန်ရင် ငါတို့နှစ်ယောက်တည်းမိုး
မှာ.."

ဝင်းသီတာတို့ ငြိမ်ကုတ်သွားကြသည်။ ချောလည်း ကြက်သ
ထသွား၏။ ဒီနေ့ထိ နီကြာ့အသံထပ်မကြားရတော့ပေမယ့် လည်
ပြတ်ကြီးနှင့် ဖုတ်ဝင်နေသည့် နီကြာအဖြစ်ကို တစ်ရွာလုံးအကြော
ပြောကြသေးပေ။ ဓာတ်တိုင်ဆိုလျှင် မိုးချုပ်တာနှင့် အိမ်ထဲကမထွက်
တစ်လကျော်။ နောက်ပိုင်းမှာ သွားသွားလာလာလေးရှိလာပေမယ့်
ချုပ်သည့်အချိန်ဆို မိုးခြိမ့်ဆီဘယ်တော့မှမသွား.. ။



နေ့ရက်နာရီများစွာ ဖြတ်သန်းခဲ့ပြီဖြစ်သော်ငြား..လအားဖြင့် မ
ကြာသေးသည့် ကာလဖြစ်လေရာ.. ။

➤➤ ⮜⮜

## အခန်း(၄)

"အဲ့ဒီလမ်းမဟုတ်ဘူး.."

ဟင်.. ၊

မိုးခြိမ့်ခြေလှမ်းတုံ့သွားပြီး လှည့်ကြည့်သည်။ ခပ်တည်တ
မျက်နှာလွှဲနေကာ အိမ်ပြန်လမ်းကိုပဲ ဦးတည်ထားသည့် မောင်မေ
ပုံစံကို မျက်မှောင်ကုတ်ကြည့်လိုက်ရင်း.. ၊

"ငါ့ကိုညာခေါ်လာတယ်ပေါ့.."

"တစ်ခါတလေလိုအပ်ရင် မုသားသုံးမှအဆင်ပြေတာ.."

မောင်မောင်က ဘောင်းဘီရှည်ပွပွ ဂျာကင်ပွပွနှင့် အိတ်တေ
သိပ်မကြီးဘဲ လက်နှစ်ဖက်ထည့်ထားသေးသည်။ မှောင်ရီဖျိုးဖျ
အချိန်မျိုးမှာ သူကဘောင်းဘီရှည်အနက် ဂျာကင်အနက်ကြီးနှင့်

"မင်းကိုငါပြောချင်နေတာကြာပြီ.."

"ခင်ဗျားစိတ်ကူးတွေကို လိုက်မနှောင့်ယှက်ဖို့လား..ကျွန်
ကလည်း နှောင့်ယှက်ချင်လွန်းလို့မဟုတ်ဘူး၊ နှောင့်ယှက်စေချင်
လူတွေရှိတော့ တစ်အိမ်တည်းနေပြီး နေနိုင်လိုက်တာဖြစ်မှာစိုး"

"မင်းကိုအမေတို့ဒေါ်လေးတို့ ကျေနပ်ဖို့ပဲလိုတာလား.."

"ခင်ဗျားကျေနပ်ဖို့လည်းလိုပါတယ်.."



"ဒါဆို ကိုယ့်ဘာသာအေးရာအေးကြောင်းနေစမ်းပါ..ငါ့ရင်ဘက်
ကြီး ဘယ်လောက်ပူနေသလဲ မင်းမသိဘူးလား.."

ရှေ့ကသွားနေသည့် မောင်မောင့်ခြေလှမ်းတွေ တုံ့ခနဲဖြစ်သွား
သည်။ ပြီးတော့ သူ့ဘက်ပြန်လှည့်ရပ်လိုက်ကာ.. ၊

"ရင်ပူရင်လည်း ရေခဲပြးစိမ်လိုက်လေ..တစ်လောကလုံးမှာ ခင်
ဗျားတစ်ယောက်ပဲ အသည်းကွဲဖူးတာမဟုတ်ဘူး၊ တစ်ကမ္ဘာလုံးက အ
ပူမီးတွေ ခင်ဗျားရင်ဘက်ကြီးထဲမှာ လာစုနေတာလည်းမဟုတ်ဘူး..
ယောကျ်ားဖြစ်ပြီး ငိုချင်းရှည်နဲ့ တခြားသူတွေဆီက မျက်ရည်ချူမနေ
စမ်းပါနဲ့.."

မိုးခြိမ့်မျက်နှာနီသွားသည်။ မောင်မောင်က ဂရုမစိုက်သည့်ပြင်
မျက်စောင်းထိုးသလိုကြည့်ပြီး မဲ့လိုက်သေးသည်။

"ခင်ဗျားတို့အဖြစ်ကို အားလုံးရင်နင့်နေကြတယ်..ခင်ဗျားလည်း
နင့်ခဲ့တယ်၊ တော်ပြီပေါ့..'ဒီကောင်လေးသနားပါတယ်'လို့ ခင်ဗျားမူး
မူးပြန်လာတာမြင်တိုင်း ပြောနေကြတယ်၊ အဲ့ဒါကိုကျေနပ်နေတာလား"

"မောင်မောင်..မင်းနော်.."

"ဘာလဲ..ထိုးချင်သေးလို့လား.."

"မင်းအဲ့လိုမေးလိုက်တိုင်း ငါ့လက်သီးအလကားဖြစ်ဖြစ်သွား
တယ်..လက်ပါခဲ့မိတဲ့နောင်တနဲ့ ငါမင်းနဲ့ပတ်သက်လာတိုင်း ဆင်ခြင်
နေခဲ့တာ၊ မင်းပြောသမျှတွေက ရိုက်ပေါက်တွေချည်းပဲ.."

"ခင်ဗျားဘယ်လိုဖြစ်ပျက်သွားလဲ ကျွန်တော်မသိဘူး..ဒါပေမယ့်
ခင်ဗျားကြောင့် ဒေါ်လေးနဲ့ဒေါ်လေးထားခင်တို့ သားဆိုးမအေလို မအိပ်
နိုင်မစားနိုင်၊ မိုးချုပ်တာနဲ့ ခာတ်မီးကိုင် လမ်းပေါ်ထွက်ရှာ..မနိုင်မ
နင်း 'မ'ရ သယ်ရဖို့ဖြစ်လာရင် ဆွဲကြပါဦး..တွဲပေးပါဦး.."

ဒါတွေကြားတော့ မိုးခြိမ့်မျက်ခုံးတွေပြေကျသွားသည်။ ဖျတ်ခနဲ
ပြောင်းလဲသွားပေမယ့် ချက်ချင်းပဲပြန်တင်းပြီးသားဖြစ်သွားခဲ့ပြီး.. ၊

"မင်းကဘယ်ဘက်ကမှ ရပ်တည်ချင်တာမဟုတ်ဘဲ အမြင်မ
တော်ဖြစ်နေရတဲ့ ဆရာကြီးစတိုင်လ်နဲ့ပါလား.."

"ဟုတ်တယ်လေ..တစ်ဖက်ဖက်က ရပ်တည်ရအောင် ခင်ဗျားတို့
ကနှစ်ခြမ်းကွဲနေကြတာမှမဟုတ်ဘဲ..မိဘကလည်း သားကိုလွှမ်းခွင့်
ပေးထားတယ်၊ သားကလည်းလွှမ်းနေတာ မပြီးနိုင်တော့ဘူး.."

တကယ်ဒေါသထွက်နေမှန်းသိတော့ မိုးခြိမ့်ပြုံးလိုက်မိသည်။ ပြီးတော့ ခုတ်လှဲထားသည့် မန်ကျည်းပင်ကြီးပေါ်မှာ ဝင်ထိုင်လိုက်ပြီး..၊

"ဒီမှာထိုင်ပြီး ဆက်ဖြစ်ရအောင်.."

မောင်မောင်က မကျေမနပ်လှည့်ကြည့်သည်။ တစ်ခုခုပြောမည်ပြင်လိုက်တော့ မိုးခြိမ့်က သူ့ဂျာကင်အောက်ဖျားစကို လှမ်းဆွဲပြီး ဘေးမှာထိုင်ဖို့ ပုတ်ပြကာ.. ၊

"မင်းကိုသိပ်မကျေနပ်ပေမယ့် မင်းနဲ့ရန်ဖြစ်ရတာတော့ ငါကြိုက်တယ်..ကြည့်ရတာ မင်းလည်းအိမ်မှာအတော်ဆိုးခဲ့ပုံပဲ၊ ဘာကိုမှဂရုမစိုက်ခဲ့တဲ့ပုံက ထင်းနေတာပဲ.."

"ခင်ဗျားလောက်မဆိုးတာတော့ သေချာတယ်.."

"ဟွန်း.."

မောင်မောင်က သူ့နဲ့လက်တစ်ကမ်းလောက်မှာ ဝင်ထိုင်လိုက်ပြီး.. ၊

"နီတြာကြောင့် ခံစားနေရတယ်တဲ့..မိန်းကလေးတွေစုစုရှိတဲ့နေရာဆို ကြည့်လိုက် မိုးခြိမ့်ရှိတယ်..ပါးစပ်ကြီးတဖြဲဖြဲနဲ့ သွားအဖြီးသားနဲ့ ဘယ်သူ့လဲလှမ်းကြည့်လိုက်ရင် မိုးခြိမ့်.."

"ဟား ဟား ဟား.."

သူထရယ်တော့ မောင်မောင့်မျက်နှာကလည်း ဒေါသနည်းပါးသွားသည့် မဲ့ပြုံးနှင့်.. ၊

"ခင်ဗျားကိုတော်တော်ကိုကြည့်မရတာ..တကယ်.."

"ဘာဖြစ်လို့လဲ..ငါမင်းထက်စွံနေလို့လား၊ အေးပေါ့လေ..ဆရာဝန်လူမျိုးကိုဘေးချိတ်ပြီး ငါ့လိုမှဆိုးဖို့ကိုပဲ.."

"တော်စမ်းပါဗျာ..ခင်ဗျားကစွံတာမဟုတ်ပါဘူး၊ အလကားလျှောက်ကြောင်နေတာ.."

"ဘာဖြစ်ဖြစ်လေ.."

"ကြောင်ရတာပျော်နေရင်လည်း ခင်ဗျားမိန်းမတွေကို စိတ်ဝင်စားလာတဲ့သဘောပဲ..အဒေါ်တို့ပေးစားမယ့်မိန်းမကို ယူလိုက်ပေါ့.."

"အဲ့ဒါကျတော့ မဆိုင်ဘူးကွ.."

သူသဘောကျောင်းနေရင်လည်း ဘယ်လောက်ပဲဒေါသထွက်စရာပြောပြော မိုးခြိမ့်ကအပြုံးမပျက်.. ၊



"ငါအရက်သောက်နေတာလည်း ကြိုက်လို့မဟုတ်ဘူး..၊ မိန်းမဆိုဘာလည်း.."

"စိတ်မဝင်စားဘဲနဲ့ကြောင်နေတာလို့ပြောချင်တာလား..ဟွန်း.."

သူမဲ့လိုက်တော့ မိုးခြိမ့်ကငဲ့ကြည့်သည်။ နည်းနည်းအောင့်သက်သက်ဖြစ်သွားသည့်စိတ်က တစ်ခုခုပြောဖို့ဖြစ်သည်။ သို့သော် ဘေးဘစောင်းမြင်ရသည့် မောင်မောင့်နှုတ်ခမ်းတွေကို သတိထားကြည့်လိုက်မိသည့်အဖြစ်ကြောင့် ပြောဖို့စကားကဘယ်ရောက်သွားသည်မသိ.. ၊

ဒီကောင် ရုပ်ရည်သန့်သလောက် ချောလည်းချောသည်။ ဆရာဝန်လည်းဖြစ်နေသေးသည်။ အမြင်အရခန့်မှန်းရပါလျှင် မြို့မှာချမ်းချမ်းသာသာ လူတန်းစားထဲကပဲဖြစ်ဖို့များပါသည်။ သို့သော် ဘယ်မိန်းကလေးကိုမှလည်း လိုက်မကြည့်။ စိတ်ဝင်စားပုံလည်းမပြ။ သို့သော် သူနဲ့တွေ့တုန်းကလည်း အတင်းဝင်ရော အိမ်လိုက်ချင်လို့ပြောခဲ့တာ ကောင်းတောင်းပန်ပန်အဆင့်မျိုးမဟုတ်ပေမယ့် အတင်းတော့အတင်းပဲဖြစ်သည်။

မဟုတ်မှလွဲရော ဟိုလိုကောင်များလား..။ စိတ်ထဲမှာတော့ လွတ်သပ်စွာမေးခွန်းထုတ်ကြည့်မိပေမယ့် မျက်လုံးထဲမှာပါ ဒီမေးခွန်းကြီးပါသွားမှာမို့ ကပျာကယာမျက်နှာလွှဲရ၏။ လွှဲလိုက်ပေမယ့် အထူအပါးညီ၍ နီမြန်းမြန်းနှုတ်ခမ်းတို့က မျက်လုံးထဲမှာကပ်ပါလာသည်။ ဟိုလိုဒီလိုကောင်ထင်လိုက်ကာမှ မျက်တောင်ကမထူပေမယ့် ရှည်သည်။ ကော့မနေပေမယ့် မျက်လွှာဖွင့်ပိတ်လှုပ်ရှားလိုက်တိုင်း ကြည့်ကောင်းသည်။ ယောကျ်ားချင်းများ သဘောကျနေရော့လားလို့တွေးမိပေမယ့် ကိုယ့်ကိုဆက်ဆံတာလည်း ဘုဂလန့်တွေချည်းပါ။ သို့သော်..

"မင်းသိလားမိုးခြိမ့်..မင်းယောက်ဖလောင်းတောင်ကြီးက အခြောက်ကြီးတဲ့..ခွီး.."

သူ့ကိုပြောပြပြီး ငြဲရယ်နေတာကို မြင်ယောင်လာသည်။ ဒီတုန်းကလည်း သူမယုံခဲ့ပေ.. ၊

"ဒီလောက်ဒေါသကြီးပြီး ထစ်ခနဲရှိ ဓားဆွဲထွက်တဲ့လူကို အခြောက်ယံမရှိ.."

"အောင်မလေး..အဲ့ဒီလိုလူတွေခြောက်မှ ပေါင်းအိုးထဲထည့်

ပေါင်းရင်တောင် ရေဘယ်နှစ်ခါပေးပေး စွတ်စိုလာဖို့မရှိအောင်ခြော
တာ.."

"ဟုတ်လောက်တယ်ဟ..ငါ့ဦးလေးဦးသူရဆိုလည်း သူ့အမေ
မိန်းမဇွတ်ပေးစားလို့ဆိုပြီး ထွက်တောင်ပြေးတာလေ၊ ဒီဒုတ်ရွာက
ပို့ကြီးနဲ့ကျမ အိုခေစိုပြေသွားတာဆရာ..မသိရင်တော့ အရမ်းအရ
ကိုသင့်မြတ်စွာနေထိုင်ကြသလိုပဲ၊ အမေတို့ရောက်သွားကာမှ သိရတ
..အဟိး.."

သာဓကများစွာကို ပြေးလွှားတွေးယူရင်း ကိုယ့်သံသယကို
တည်ပြဖို့ ကြိုးစားကြည့်သည်။

"ထားလိုက်ပါ..ခင်ဗျားရင်ထဲကဘယ်လိုရှိရှိ ကျွန်တော်တစ်
တော့အကြံပေးချင်တယ်.."

မောင်မောင်က သူ့ကိုငဲ့ကြည့်လိုက်သဖြင့် ကြည့်နေမိသည့်ကို
မျက်လုံးကို အမြန်နှုန်းနှင့်ပြန်လွှဲရသည်။

"ဘာလဲ..ပြောလေ.."

"အဒေါ်တို့က ခင်ဗျားကိုလူကြီးသမီးသန္တာဆိုလား..အဲ့တ
ယောက်နဲ့လက်ထပ်စေချင်ကြတာ.."

တောမှာတော့ ပေးစားမည် မင်္ဂလာဆောင်ပေးမည်။ ဒီလိုတွေ
ပြောကြတာပါ။ မောင်မောင့်နှုတ်ကထွက်လာမှ လက်ထပ်ခြင်းအသ
အနှုန်းကို ကြားရတာမို့ မဆန်းပြားပေမယ့် နားထဲမှာတခမ်းတနား
သွားတာက သေချာ၏။

"အဲ့ဒီတော့ မင်းရောဘယ်လိုတွေးမိလဲ.."

"ဘာကိုလဲ.."

"သန္တာနဲ့ဆိုရင်.."

"ခုလိုပုံမျိုးနဲ့ဆိုရင်တော့ သန္တာ့ဘက်ကနစ်နာတာပေါ့.."

"ဘယ်လို.."

"ခင်ဗျားကအရက်သမား..လူကြီးသမီးဆိုထဲက ဂုဏ်ရှိန်က
တယ်ပြီးသား၊ ပြီးတော့ နေထိုင်ပုံသိမ်မွေ့တယ်..ရိုးရိုးယဉ်ယဉ်
ရယ်.."

"ပျင်းစရာကြီး.."

သူရေရွတ်လိုက်တော့ မျက်မှောင်ကုတ်ပြီးလှည့်ကြည့်ပုံက



ရင် သန္တာကပဲ သူ့ညီမလိုလို မသင့်မြတ်သည့် နမပေးယောက်ဖအ
ကြည့်မျိုး.. ၊

"သူကစကားနည်းတယ်ကွ..အဲ့ဒါထားပါ၊ မင်းအမြင်ကို ရှင်း
ရှင်းပြော..ငါနဲ့မတန်ဘူးလို့ပြောချင်တာလား၊ မယူစေချင်တာလား.."

"ယူစေချင်တာလေ..ပြောချင်တာက ခင်ဗျားကိုယ်ခင်ဗျား ဂန္တ
ဝင်အသည်းကွဲသမားကြီးလိုလို နီကြဲ့အပေါ်ထားတဲ့သစ္စာတွေ ခေါင်း
ပေါ်ရွက်ပြီး လှည့်လည်ပြသနေတော့ နောက်ထပ်စကားလုံးအကြီးကြီး
တွေနဲ့ ငြင်းမှာမလိုချင်လို့.."

"သြော်..သြော်.."

"ခင်ဗျားနဲ့တောင်မတန်ဘူးဆိုတာ ခင်ဗျားဘဝင်မြင့်နေတာ
ကြည့်မရလို့.."

"အဟွန်း.."

"လက်ခံလိုက်စမ်းပါဗျာ..မိဘလည်းစိတ်ချမ်းသာမယ်.."

"ငါကျတော့ရော.."

"ခင်ဗျားစိတ်ချမ်းသာမသာကတော့ ပေါင်းကြည့်မှသိမှာပေါ့.."

"ဟုတ်လား..ပေါင်းကြည့်ပြီး စိတ်မချမ်းသာရရင် မင်းတာဝန်
နော်.."

"ဘာဗျ.."

"ဟား ဟား ဟား.."

ကိုယ့်ဘာသာစကားမှားသွားပေမယ့် ဒေါသကလွတ်ထွက်၏။
မောင်မောင့်မျက်နှာမှောင်ရိပ်မှာ မသဲကွဲတော့သော်လည်း ဒေါသဘယ်
လောက်ထွက်နေလဲဆိုတာ မိုးခြိမ့်ကလည်းသေချာသိနေသည်။ ထို့
ကြောင့် ရယ်လို့ကောင်းနေတာ မပြီးနိုင်.. ၊

"ခင်ဗျားတော်တော်ပေါ့ပျက်တဲ့လူ.."

"ဟေ့ ဟေ့..အဲ့ဒါတော့ မင်းနည်းနည်းလွန်ပြီ.."

"မှန်တာပြောတာပဲ.."

ပြောပြီး မောင်မောင်ကဆတ်ခနဲထရပ်သည်။ မိုးခြိမ့် ရယ်လက်
စမျက်နှာကြီးနှင့် လိုက်ထမိရင်း.. ၊

"ဒါက ဒေါသပြတာလား.."

ဘာမှမပြောဘဲ လျှောက်ထွက်သွားတော့ ဘေးကနေသူလျှောက်

လိုက်လာရင်း.. ။

"ငါထင်တာပြောရရင် ငါမိန်းမရသွားရင် အိမ်မှာမင်းအနေခက်မှာ.."

"ခင်ဗျားရှိနေမှ ပိုအနေခက်တာ.."

မိုးခြိမ့်မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။

"ငါရှိနေတော့ မင်းကိုတစ်နေ့နဖူးဆယ်ချက်လောက် ခေါက်နေမိလို့လား.."

"နဖူးခေါက်ခံရတာထက် ဆိုးတာပေါ့..ကျွန်တော်အိမ်မှာမနေချင်လို့ ထွက်လာတာကိုက နားပူမခံချင်လို့၊ ကိုယ်ဝါသနာပါတာလေးလုပ်ပြီး အေးရာအေးကြောင်း နေခွင့်မရလို့.."

"ငါ့အိမ်မှာလည်း အေးရာအေးကြောင်းမနေရတဲ့သဘော.."

"ဟုတ်တယ်..ခင်ဗျားထင်သလိုနေနေတိုင်း အိမ်မှာရှိသမျှလူတွေ ယောက်ယက်တိုက်နေကြတာ၊ ပြန်မလာလို့ လမ်းမှာလဲနေလို့ ဟိုဒေါ်သအိုးကွဲတွေကို သွားစိန်ခေါ်နေလို့..အမျိုးမျိုးသောဒုက္ခတွေနဲ့ အိမ်ကလူတွေပြေးပြေးထွက်ကြတော့ ကိုယ်လည်းမနေသာ.."

"မနေသာပေမယ့် မင်းငါ့ကိုလာဆွဲတာ လာကူတာတစ်ခါမှလည်း ငါမတွေ့ခဲ့ပါလား..."

"တစ်ခါမှမှ မျက်လုံးမပွင့်ဘဲနဲ့ တစ်ခါမှမတွေ့ဘူးပြောသေးတယ်..အဲ့ဒီတစ်ခါတလေလိုက်ဆွဲ လိုက်ခေါ်ပေးရတာတောင် ဘယ်လောက်စိတ်ညစ်ရတယ်မှတ်လို့လဲ၊ မူးချင်လို့မမူးမူးအောင်သောက်နေတဲ့လူကို ဘာဖြစ်ဖြစ်ပစ်ထားရမှာ.."

"စေတနာတွေ.."

"နေသာလိုက်တာ အလိုက်မသိဘူးဆိုတာတွေ ပြောလာမှာစိုးတော့ စေတနာရှိရှိမရှိရှိ ကောင်းမှမကောင်းတတ်တာ.."

ဒီလိုဆိုတော့လည်း ငါထင်တာမဟုတ်ဘူးပဲ.. ။

"ခုတောင် မောင်မောင်ဆိုတဲ့ကောင် နေသာလိုက်တာလို့ ပြောချင်ပြောနေမှာ.."

>> <<

အခန်း(၅)

"နေသာသလိုနေတာ မဟုတ်ဘူး..သူ့ပုံစံကိုက အဲ့လိုနေတတ်တဲ့အကျင့်ရှိနေတာ.."

"အဲ့လိုဆိုဘာအရေးလဲအေ..ငါစိုးရိမ်နေတာက ဒီမိန်းကလေး တကယ်များယောကျ်ားလျာလေးဖြစ်နေသလားလို့.."

ကိုယ်မတွေးမိခဲ့သည့်ကိစ္စမို့ ဒေါ်ထားခင်က အံ့သြသလိုလှည့်ကြည့်သည်။ ညီအစ်မနှစ်ယောက်စိုက်ခင်းထဲက ပြန်လာကြပေမယ့် အလုပ်လုပ်လို့ မောလာတာလည်းမသိ။ အဝေးကြီးက လမ်းလျှောက်ပြန်လာရတာကိုလည်း ညည်းညူဖို့သတိမရ။ ပြောစရာတွေက အမြဲတမ်းရှိနေသည်ချည်းဖြစ်ကာ ဘယ်တော့မှလည်းမရိုးနိုင်.. ။

"နင်ပဲစဉ်းစားကြည့်လေ..အိမ်ကထွက်လာခဲ့လို့ ကိုယ့်ကိုယ်ကိုလုံခြုံအောင်ပြောင်းလဲဝတ်စားလိုက်တာက လွယ်တယ်၊ ပြောနေကျစကား အသွားသေနေတဲ့ဟန်ပန်အမူအရာတွေကို လိုက်ပြောင်းဖို့ကလွယ်မလား.."

တွေးကြည့်တော့လည်း ဟုတ်နေသည်။ မိုးခြိမ့်နဲ့ရင်းနှီးလာတာတောင် ခင်မင်ဟန်မပြ။ တခြားလူငယ်တွေနဲ့လည်း ရင်းနှီးနေပြီ။ ဒါပေမယ့် ဆက်ဆံပုံက လိုတာထက်ပို၍တည်ငြိမ် ရင့်ကျက်လွန်းနေ၏။

ပိုဆိုးတာက တစ်ခါတလေမိုးခြိမ့်ထက်တောင် စိတ်ဆတ်နေသေးသည် သူ့မပုံစံက တစိမ်းယောကျ်ားလေးတွေနဲ့ ထိခတ်ဆက်ဆံနေရခြင်းမှာ နည်းနည်းလေးတောင် ရှိန်းတိန်းဖိန်းတိန်းဖြစ်ပုံမရှိခဲ့ဘဲ.. ।

"ဒါတော်တော်ထူးဆန်းတယ်ထားခင်..မဟုတ်မှလွဲရော. သူက မိန်းကလေးချင်းပဲ စိတ်ဝင်စားတာနေမယ်.."

"အင်း..အဲ့လောက်ကြီးတော့.."

"မှန်းကြည့်နေတာကြာတယ်..ငါတို့ခင်သန္တာ့ဆီဝင်ရင်းနဲ့ နည်းနည်းပါးပါး အစ်အောက်ကြည့်မလား.."

"ခင်သန္တာကတစ်ယောက်တည်းနေတာမှ မဟုတ်ဘဲအစ်မရဲ့..ဦးထွေးက စကားကြီးစကားကျယ်တွေ ပြောနေဦးမယ်.."

"ပြောပြောအေ..သူတို့ပဲ ငါ့သားနဲ့တစ်ပိုင်းသေအောင် သဘောတူနေကြတာ.."

"ခုပြောင်းလဲချင်ပြောင်းလဲနေမှာပေါ့..မိုးခြိမ့်က အရက်သမားဖြစ်နေပြီ၊ မြို့သားဆရာဝန်ကလူချောလူလှ၊ အစ်မထင်နေသလိုဆိုရင် မောင်မောင်ကရော မိုးခြိမ့်မသိအောင် ခင်သန္တာ့ဆီကို လူပျိုမလှည့်ဖူးဘူးပြောလို့ရမလား..သူ့စိတ်က တကယ့်ယောကျ်ားစိတ်အမှန်ဆိုရင် ပြောပါတယ်.."

ဒေါ်ညိုမျက်နှာပျက်သွားသည်။ ခင်သန္တာ့အိမ်ဘက်ကို အားတက်သရော လှမ်းနေသည့်ခြေလှမ်းတွေလည်း တွန့်ဆုတ်သွားခဲ့၏။ အဲ့ဒီလိုတွေးမိနေပေမယ့် မဖြစ်ပါစေနဲ့လို့ ဆုတောင်းနေခဲ့ရတာအမော..

"ဟိုမှာအစ်မရေ..ပြောတုန်းဆိုတုန်း ခင်သန္တာဒေါ်ကျင်ခိုင်တို့ဝိုင်းထဲက ထွက်လာတယ်အဆင်သင့်လိုက်တာ၊ သူ့အိမ်ထဲဝင်စရာမလိုတော့ဘူး.."

ဒေါ်ထားခင်သွက်သွက်လေးလျှောက်ပြီး သွားအဖြီးသားနှင့်ရယ်ပြလိုက်တော့ သန္တာကသူ့ဝိုင်းထဲမဝင်သေးဘဲ ခြံတံခါးရှေ့ကနေရပ်စောင့်နေ၏။ ခင်သန္တာသည် တစ်ရွာလုံးက သန္တာလို့ပဲခေါ်နေကြကသဘောကောင်းသလောက် မျက်နှာလေးလည်းချို၏။ ဆံပင်ရှည်ရှည်ကိုယ်လုံးသွယ်သွယ်လေးနှင့် ဒေါ်ညို့မျက်လုံးထဲမှာတော့ ကျက်သရေမင်္ဂလာအပြည့်နဲ့ မိန်းမချောလေးပဲဖြစ်လေသည်။ ဒါပေမယ့် အနားမှာမြို့သူဆရာဝန်မလှလှလေးကရှိနေသဖြင့် ရွာကအချောအလှတွေကို



ကျော်ပြီး မက်မောနေမိပြန်သည်။ လောဘစိတ်ကြောင့်ဟိုတွေးဒီတွေးလောင်နေရတာတွေလည်း စိတ်ပျက်မိပါပြီ.. ।

"ညစာဘာချက်လဲသန္တာရေ.."

"ညစာလား..ငါးသလဲထိုးအိုးကပ်လေးနဲ့ ဘူးညွန့်ဟင်းချိုလေးချက်တယ်၊ ဒေါ်လေးနဲ့အကြီးတို့ စိုက်ခင်းကပြန်လာကြတာလား..အိမ်မှာညနေစာရှိမှာမဟုတ်ဘူး..ကျွန်မလာပို့ပေးမယ်လေ.."

သိတတ်လိုက်ပါဘိဆိုသည့် ပီတိက ဝွမ်းဆီထိသည့်နှယ်။ အာဟာရမဲ့သိဒ္ဓိပြီးခြင်းဆိုတာ ပီတိကိုပဲပြောတာထင်၏။ မစားရသေးသည့် ဟင်းတစ်ခွက်ကြောင့် မောပန်းဆာလောင်နေတာတွေတောင် ဘယ်ရောက်ကုန်မှန်းမသိဘဲ.. ।

"ပြောတာနဲ့တင် ဝနေပါပြီသန္တာရယ်..ဒါနဲ့ မိုးခြိမ့်နဲ့သမီးတို့ကို လူကြီးချင်း.."

"ဗျို့..ဒေါ်ညိုမ.."

နာမည်ကိုအစအဆုံးခေါ်၍ ပုဆိုး'မ'ရင်း ခပ်ရှိင်းရှိင်းလှမ်းလာသူက ချက်ကြီးဖြစ်၏။ ရန်ပွဲတွေရပ်စဲသွားပြီလိုလို နောင်တတွေနဲ့ငြိမ်သက်သွားကြသလိုလို။ ဒီညီအစ်ကိုတွေနဲ့ အဆက်အဆံမရှိခဲ့ကြတာ ကြာနေပြီးသွားတည်းက.. ।

"ကျုပ်ပြောစရာရှိလို့..ခဏလာပါဦး.."

"အံမာ.."

ဒေါ်ထားခင်က ခါးထောက်လိုက်ပြီးဖြစ်လျက် ချက်ကြီးဘက်ကို တည့်တည့်လှည့်ရပ်ကာ.. ।

"လာပါဦးခေါ်ရအောင်..ငါ့အစ်မနဲ့နင်ကရွယ်တူလား.."

ညီအစ်မပေမယ့် ဒေါ်ညိုကဒေါ်ထားခင်ထက် ဆယ်နှစ်ကျော်ကြီးသည်။ အောင်ကြီးတောင်မှ ဒေါ်ထားခင်ထက်အသက်ငယ်သေးတာ။ သင်းကညီအစ်ကိုသုံးယောက်ထဲမှာ အငယ်ဆုံး.. ।

"ရှိုင်းတဲ့ညဏ်က ဘုရားကိုယ်တိုင်ဆင်းလာပြီး ချွတ်ရင်တောင်ကျွတ်တမ်းဝင်မှာမဟုတ်ဘူး.."

"ခင်ဗျားတို့လူကြီးဝိုင်းထဲဝင်သွားမှာစိုးလို့ လှမ်းခေါ်ရတာကို လာပါဦးမခေါ်လို့ ဘယ်လိုခေါ်ရမလဲ.."

"ခဏနေပါဦးအဒေါ်ရေ..ဘာညာယဉ်ကျေးတဲ့စကားမပြောဖူး

ဘူးလား.."

"မပြောဖူးဘူး.."

ချက်ကြီးက ဘေးတီးသည်။ ပြီးတော့ ဒေါ်ညို့ကိုပဲရည်ရွယ်၍..

"ခင်ဗျားတို့အိမ်က ဆရာဝန်ကောင်ကိုခဏခေါ်ချင်တယ်.."

"ဘာ.."

ဒေါ်ညိုအံ့သြပုံပဲဖြစ်သွားကာ ဒေါ်ထားခင်အသံပဲ ဆတ်ဆတ်ခ ထွက်လာသည်။ ပြီးတော့ ဒေါ်ညို့ဘေးမှာ ပခုံးချင်းထပ်ကပ်ရပ်လိုက် ပြီး.. ၊

"ပြောလေကဲလေ..လူစကားကိုလူနားဝင်အောင် မပြောတတ်ဘူး လား၊ တော်တော်ရိုင်းတဲ့သတ္တဝါတွေ ဆရာဝန်ခေါ်ဖို့လိုနေရင် 'ဆရာ ဝန်ပင့်ချင်လို့ပါပြောရတယ်'..အဲ့ဒီဆရာဝန်က နင့်သားနင့်မြေးလောက် ဖြစ်ဖြစ် သမားဂုဏ်ရှိတယ်.."

"ဒေါ်ထားခင်.."

ချက်ကြီးမျက်နှာနီရဲတင်းမာနေကာ.. ၊

"ခင်ဗျားနဲ့ချည်းပဲဖြစ်နေရပါလားဗျ..ဒီမှာသည်းခံတတ်လို့တော မထင်နဲ့နော်၊ အိမ်မှာလူမမာရှိနေလို့.."

"နေကြစမ်းပါဟယ်.."

ဒေါ်ညိုက ချက်ကြီးနဲ့ညီမဘက်ကို နှစ်ဘက်စလုံးတော်ကြ လက်နှစ်ဖက်နဲ့တားခြောက်သလို ခါပစ်ရင်း.. ၊

"ဘာလဲ..ဘာအတွက်လဲငါ့ကိုပြော.."

"တောင်ကြီးကိုယ်ပူကြီးပြီး သွားစေ့နေလို့.."

"သွားစေ့နေရင်မရတော့ဘူး..ခုလောက်ဆို.."

"ဒေါ်ထားခင်..ခင်ဗျားတော်တော့နော်.."

"ထားခင်တော်တော့.."

ဒေါ်ညိုကလည်း ညီမလက်ကိုဆွဲလှုပ်ပြီး တိတ်တိတ်နေဖို့ပြော သည်။ အနားမှာသန္တာရှိနေသဖြင့် လူကြီးတစ်ယောက်အနေနဲ့ လူငယ် ကကဲ့ရဲ့စရာဖြစ်နေရင်မကောင်း။ ပြီးတော့ ဆရာဝန်ပင့်ဖို့ပြောလာ ဖြင့် မောင်မောင့်အပေါ် အထင်ကြီးသက်ဝင်သွားမှာလည်းမလိုခ မသိစိတ်သည် သန္တာ့ကိုဆုံးရှုံးရမှာထက် မောင်မောင်နဲ့နီးစပ်သွား ကြောက်နေခဲ့၏။ သန္တာက မောင်မောင့်ကို မိန်းကလေးမှန်းသိမှ



ဟုတ်။ မောင်မောင်ကလည်း ယောကျ်ားလေးတွေကို စိတ်မဝင်စားတဲ့ သူ.. ၊

"တောင်ကြီးကိုဆေးကုပေးဖို့လား..အဲ့ဒါတော့မဖြစ်ဘူးချက်ကြီး မြို့တော်ရွာကြီးက လောလောဆယ်ဆရာဝန်မရှိလို့ ထိုင်ပေးဖို့ခေါ်တာ တောင် သွားမှမသွားတာ.."

"ဒါကတခြားရွာကိုမသွားချင်လို့ဖြစ်မှာပေါ့.."

"မသိဘူး..ဒါပေမယ့် မသွားချင်တာလား မကုရဲတာလားသူပဲ သိမှာလေ.."

ပြောပြီး သန္တာ့ကိုမသိမသာအကဲခတ်လိုက်ရင်း.. ၊

"ငါတို့သိသလောက်ကတော့ သူကဆရာဝန်ပေါက်စပါ..ငါတို့ ရွာမှာလည်း ဆေးကုတာတစ်ခါမှမမြင်ဖူးသေးဘူး.."

"ဒါဆို ဒီကောင်လိမ်နေတာလို့ပြောချင်တာလား.."

"အဲ့လိုလည်းမဟုတ်ဘူးလေ..ဒါပေမယ့် သူကငါတို့ညှော်သည် သူတစ်ခုခုအမှားလုပ်မိရင် ငါတို့ခေါင်းပေါ်ပဲကျမှာ၊ နင်တို့နဲ့ငါတို့ရန် ပြီးတွေလည်း.."

"ဘယ်တော့မှပြီးဆုံးမှာမှမဟုတ်တာ..ဘာမှဖြစ်ဖို့ မရှိပါဘူးဗျာ"

"အံမာ..ဘယ်သူကရောပြီးဆုံးချင်ပါပြီပြောနေလို့လဲ၊ နားထောင် နေလို့ အကောင်းမှတ်နေလား..ငါတို့ညှော်သည် ငါတို့ထည့်ချင်မှထည့် မယ်၊ သူလိမ်တာဖြစ်ဖြစ် တကယ်ဆရာဝန်ဖြစ်ဖြစ်.."

"ဘာဖြစ်ဖြစ် ကျုပ်ညီကသေကောင်ပေါင်းလဲဖြစ်နေတာ..မရမ ကခေါ်ရမှာပဲ.."

ဒီပုံစံနဲ့ဆို ရွာထဲကတိုင်းရင်းဆေးဆရာတွေ မနိုင်တော့သည့်အ ခြေအနေရောက်နေပြီထင်သည်။ စာနာစိတ်တစ်ချက်ဝင်ပြီး တွေဝေ သွားစဉ် ချက်ကြီးက တလွှားလွှားထွက်သွား၏။

"အံမာ..သူကများအိမ်သွားပြီး မောင်မောင့်ကိုဆွဲထုတ်ချင်သေး လို့လားမသိဘူး.."

"ထားခင်.."

ဒေါ်ထားခင်က အမီလိုက်ဖို့ခြေလှမ်းပြင်သည်။ ဒေါ်ညိုကဆွဲ ထားလိုက်လျှင်.. ၊

"ဟုတ်ပါတယ်ဒေါ်လေးရယ်..ကိုမောင်မောင့်ကြောင့် သူ့ညီပြန်

ကောင်းသွားရင် ကုသို ရပါတယ်၊ ပြီးတော့ ရန်စမီးလည်းငြိမ်းတာ ပေါ့..သူခေါ်လို့ရသွားရင်လည်း ခေါ်သွားပါစေတော့.."

သန္တာကဖျောင်းဖျနေသေးသည်။ လူကြီးတွေဖြစ်ပြီး ဒီ့ထက်ခေါ် သပြနေရင် မကောင်းတော့တာကြောင့်.. ၊

"ထားလိုက်ပါအေ..မောင်မောင်က ကလေးမှမဟုတ်တာ၊ နင် သွားတားလိုက်ရင် ကိုယ့်အိမ်မှာနေလို့ အနိုင်ကျင့်သလိုကြီးဖြစ်လိမ့် မယ်..နောက်ပြီး သူ့တကယ့်အရည်အချင်းတွေ ငါတို့သိရတာပေါ့.."

အေးဆေးပြောပြီး ထွက်လာခဲ့ရင်း ကွယ်ရာကျမှ.. ၊

"ထစ်ခနဲရှိဒေါသထွက်ဖို့ပဲထားခင်ရယ်..ငါတို့အရွယ်တွေက ကိုယ်နဲ့မခေါ်တိုင်း 'နင်ဘယ်သူ့ဘက်ပါမှာလဲ'လို့ လက်ညှိုးကွေးလုပ် ပြီး မေးရမယ့်အရွယ်တွေလည်း မဟုတ်တော့ဘူး.."

"ဘယ်အရွယ်ဖြစ်ဖြစ် ဒေါသထွက်တာကို ဒူးနှန့်သီချင်းဆိုနေလို့ ရလို့လား..မောင်မောင်က ဂျွတ်ဆတ်ဆတ်လေးရယ်၊ ဘယ်သူ့မှက စိုက်တတ်တဲ့ပုံလည်း မရှိဘူး..သွားခေါ်ရင် လိုက်မသွားဘူးလို့မပြော နိုင်ဘူး.."

"လိုက်သွားတော့လည်း ငါတို့မျက်နှာပွင့်တာပေါ့အေ..ထား လိုက်တော့.."

ဒေါ်ထားခင်က မကျေနပ်နိုင်.. ၊

"အဲ့ဒီကောင်မလေးကို အစ်မပဲလိုချင်နေတာနော်..ကျုပ်ဖြင့် ထင်ပါဘူး၊ မိုးခြိမ့်နဲ့များညားသွားရင် ရန်တခြိမ်းခြိမ်းဖြစ်လို့ ကျုပ်တ ကိုယ်မှာ ထမီတောင်ကပ်နိုင်မှာမဟုတ်ဘူး.."

စိတ်တိုတိုနှင့်ပြောချလိုက်တာ ဒေါ်ညိုပြုံးမိမလိုဖြစ်သွားသည် နီတြာနဲ့တုန်းက သူငယ်ချင်းချစ်သူတွေမို့ မတည့်ကြတာတစ်မျိုး။ ခုက တော့ ဘယ်လိုမသင့်မြတ်မှုတွေနဲ့လဲ.. ၊

ဒါပေမယ့် ရန်ဖြစ်လေပိုချစ်လေ..မတည့်အတူနေဆိုတဲ့စကား ရှိတာဖဲ.. ၊

>> <<

## အခန်း(၆)

"ဟိုမှာ ဟိုမှာမိုးခြိမ့်..တော်သေးတယ်၊ ဘာမှသိပုံမပေါ်သေးဘူး -သွားခေါ်ထုတ်ခဲ့သွား.."

မောင်မောင့်ကို ချက်ချင်းလာခေါ်သွားသည်။ မောင်မောင်က လည်း လိုက်သွားသည်။ ထိုအဖြစ်ကို မိုးခြိမ့်သိမှာစိုးကာ ဒေါ်ညိုက ကျောက်ဒိုးနဲ့ငြေကို အချိန်မီလွှတ်လိုက်တာဖြစ်သည်။ အရက်ဆိုင် ထဲမှာ သစ်သားတန်းလျားတွေနဲ့ရော ဝါးတန်းလျားနဲ့ပါ စားပွဲသုံးလုံး ရှိနေသည်။ ဘယ်တော့မှ လူမပြည့်ပေမယ့် လူပြတ်သည်လည်းသိပ် မရှိတတ်ပေ။ ခုလည်းညနေစောင်းမို့ လူများနေတာတောင် လူဆယ် ယောက်မပြည့်။ မိုးခြိမ့်က ရေတံခွန်အိုင်စပ်တွေမှာ ငါးမျှားပြီး ရွာထဲ မှာ ပြန်ရောင်းတတ်သည့် ဦးမည်းလုံးနဲ့နှစ်ယောက်တည်းထိုင်နေ လျက်.. ၊

"အင်း..ဘယ်လောက်မျိုချထားလဲမသိဘူး၊ သွားအဖြီးသားနဲ့ရေ ချိန်ကိုက်နေတဲ့ပုံပဲ.."

ငြေက ဆိုင်ပြင်မှာနေခဲ့သည်။ ကျောက်ဒိုးက ဆိုင်ထဲဝင်လာခဲ့ ရင်း ရေရွတ်လိုက်ပြီး.. ၊

"မိုးခြိမ့်..လာပြန်ရအောင်.."

ရှေ့မှာလာရပ်တော့ မိုးခြိမ့်ကစင်းကျနေသည့် မျက်တောင်တွေကို အလုပ်မပေးဘဲ မျက်နှာကြီးတစ်ခုလုံးမော့လာပြီး ကျောက်ဒိုးကို ကြည့်၏။ ပြီးတော့ ထောင်ထောင်မတ်မတ်မရှိသည့် လက်ညှိုးနှင့်ထိုးကာ.. ၊

"ဘာလဲ..ဘာလဲ ဗလိုင်းကြီးပါလား.."

မြို့ကိုခဏတဖြုတ်ရောက်လိုက်တာနှင့် ရောက်သည့်လူမှာ ကားလုံးအသစ်အဆန်းတွေ ပါလာတတ်ကာ ထိုစကားလုံးအသစ်က ခဏအတွင်း တစ်ရွာလုံးပျံ့သွားတတ်၏။ မိုးခြိမ့်မူးတတ်လာကာ ရှိသမျှစကားအဆန်းတွေ သူ့ဆီကချည်းကြားနေရကာ.. ၊

"ဘာ..ဘာလာကြောင်တာလဲ၊ ခုမှထိုင်တာတောင်မကြာသေးဘူး..ညောင်းတော့ သွား..ဒိုးလိုက်တော့.."

"မကြာသေးပေမယ့် မင်းခဏနေခေါင်းစိုက်တော့မှာ..ထ ထ.. ရာသီဥတုမကောင်းဘူး၊ မင်းအပြန်မိုးမိမှာစိုးလို့ မင်းအမေက ဝင်ခေါ်ဖို့ မှာလိုက်တယ်.."

"ဘယ်သူမှာတာလဲ..ဘယ်သူ့အမေလဲ.."

"မင်းအမေ..အကြီးညို ကဲ.."

မိုးခြိမ့်မျက်နှာ ရှုံ့မဲ့သွားသည်။

"အကြီးညိုဆိုတာ ငါ့အမေ..ကဲ မပါပါဘူး၊ ဦးမည်းလုံးကြ လိုက်လား.."

"ဟမ်.."

"ကျုန်တော့်အမေက အကြီးညိုကဲတဲ့..ဒါ အမေ့ကိုကဲတယ် ပြောလိုက်တာ၊ စော်ကားတာ.."

"ဟား ဟား ဟား..အေ့.."

"မလုပ်နဲ့လေ..ရယ်တာ အေ့မပါရဘူး၊ အဲ့လိုအပိုလုံးတွေပါ လို့ အရက်သမားခေါ်ခံရတာ.."

"ဟား ဟား ဟား..အေ့.."

ဦးမည်းလုံးက အေ့သံထွက်ခါနီးမှ ပါးစပ်ကိုလက်ဝါးကြီးနဲ့ ပိတ်သည်။ ကျောက်ဒိုးခေါင်းကုတ်နေမိလျှင် ဘေးကလူတွေ ပြုံး ဖြစ်ကုန်ကြ၏။ တချို့က.. ၊

"ဒီကောင်မူးလာရင် အတော်ရယ်ရတာ.."လို့ ပြောလိုပြော..



ကျောက်ဒိုးမရယ်နိုင်ဘဲ အပြင်က ငြေနဲ့မျက်စပစ်မိကြသည်။ မောင်မောင့်ကိုချက်ကြီးခေါ်သွားတဲ့ကိစ္စကို မြင်တဲ့လူတွေတောင် တအံ့ သြဖြစ်ခဲ့ကြတာ။ မိုးခြိမ့်သိရင် လွယ်မှာမဟုတ်။ ထို့ကြောင့် အရက် ဆိုင်မှာ တစ်ယောက်ယောက်က သတင်းပေးလိုက်မှာစိုးကာ သူတို့အ ချိန်မီလာခဲ့တာဖြစ်သည်။ သူတို့လည်း အချိန်မီသည်။ ဆိုင်ထဲမှာ လည်း လူငယ်တွေမရှိကြသဖြင့် စိတ်အေးနေတုန်း ရွာထဲကထင်းခုတ် သမားလှဒင်တို့လူစု ဆိုင်ထဲဝင်ချလာကာ.. ၊

"ထင်သားပဲမင်းတို့ကောင်တွေ လူစုနေကြပြီဆိုတာ..ဘာဖြစ်လဲ၊ ဆရာဝန်ကဆေးလိုက်ကုပေးလို့ တောင်ကြီးသက်သာသွားတော့လည်း မင်းတို့ရန်ဘက်နှစ်အိမ် ရွှေလမ်းငွေလမ်းပေါက်သွားတာပေါ့.."

"ဟမ်..ဘယ်သူဘာပြောလိုက်တာလဲ.."

ဒါကျတော့ မူးနေတဲ့လူက လုံးစေ့ပတ်စေ့ကြားလိုက်ပုံရှိလျက်..၊

"တောင်ကြီးကို ဘာရယ်..ဘယ်သူလဲ ရွှေလမ်းငွေလမ်းဖောက် တာ.."

"ခုတင်လေးပဲ မင်းဒေါက်တာပေါက်စကို ချက်ကြီးခေါ်သွားတာ လေ..ဘာလဲ၊ မသိသေးဘူးလား.."

မေးရင်း ကျောက်ဒိုးတို့မျက်နှာတွေကို လှဒင်သတိထားမိသွား သည်။ တားချိန်ဆီးချိန်မရလိုက်သဖြင့် ပြောပြီးမှ လှမ်းကြည့်ဖော်ရ သည့် လှဒင်ကို ကျောက်ဒိုးခပ်တိုးတိုးဆဲလိုက်ပြီး.. ၊

"မင်းသတင်းပေးတာ မင်းလိုက်ထိန်း..သွား၊ နှမပေးလှဒင်.."

နှမမရှိတဲ့သူမို့ ဒီလိုဆဲတိုင်းရယ်နေတတ်ကာ လှဒင်ကခေါင်းကို ကုတ်ပြီး ဟိုကြည့်ဒီကြည့်နှင့်.. ၊

"ငါမှမသိတာ.."

ပြောပြီး ထိုင်တောင်မထိုင်တော့ဘဲ ချက်ချင်းလှည့်ပြေးလေ သည်။ သူနဲ့ပါလာသည့်နှစ်ယောက်လည်း ယောင်တောင်ပေါင်တောင် နှင့် လစ်ထွက်သွားကြ၏။ မိုးခြိမ့်က နေရာမှထပြီး ရှေ့ယိုင်နောက်ယိုင် လှမ်းထိုးသွား၏။ ခိုင်ခိုင်မတ်မတ်ရပ်နိုင်သည့်အချိန်မှာ ပုဆိုးကိုရင်ဝ အထိ တက်ဝတ်ထားပြီးဖြစ်ကာ.. ၊

"ဒါမျိုးဘယ်ရမလဲ..လူမိုက်သုံးကောင်အိမ်ကို မိုးခြိမ့်အိမ်ကအခ မျက်တောင်မလှင့်ရဘူး.."

"မိုးခြိမ့်.."
"ဘာတုံး.."
"မင်းကလည်းနားစွန်နားဖျားကြားပြီးတော့ကွာ.."
"နားအရင်းအမြစ်ကကြားလိုက်ရင် အဲ့ဒီစကားဘယ်လိုပုံ ပြောင်းသွားမှာလဲ..ပြောကြည့်.."
ငြေက အနားကိုအပြေးတပိုင်းရောက်လာကာ.. ၊
"ဟုတ်တယ်..ခေါ်သွားတယ်၊ ဒါပေမယ့် ခေါ်ကြီးညိုထည့်ပေး လိုက်တာလေ.."
"ဘာ.."
'ဘာ'သံနောက် လူကပါကာ နောက်ပြန်ယိုင်သွားသေးသည် ငြေက လက်ကိုလှမ်းဆွဲထားလိုက်ပြီး.. ၊
"လူကြီးကမကောင်းတတ်လို့ ထည့်ပေးလိုက်ရတာလည်း ဖြ ချင်ဖြစ်မှာပေါ့..လာပါကွာ၊ မင်းကိုအခု.."
"လူကြီးကမကောင်းတတ်ပေမယ့် ငါကကောင်းတတ်တယ်.."
"မိဘက လက်နဲ့ရေးတာကို မင်းကခြေနဲ့ဖျက်တာမျိုး မလုပ် တော့လေ.."
"မြေကြီးပေါ်မှာချရေးထားရင်တော့ တက်နင်းမိမှာပေါ့ကွ..ခြေ နဲ့ဖျက်တယ်ဖြစ်စရာလား၊ ဖယ်ပေး..ဖယ်ပေး.."
"ဟော့ကောင်..ဟား.."
"ကဲ..နောက်ကသာလိုက်တော့ငြေ.."
"အံမာ..ဘယ်ကောင်တုံး ငါ့နောက်ကလိုက်မယ်ဆိုတာ.."
သူပြန်လှည့်လိုက်တော့ ငြေလည်းတုံ့ခနဲဖြစ်သွားကာ.. ၊
"မင်းကမူးနေတာ မလိုက်လို့ရမလား.."
မိုးခြိမ့်က ခေါင်းခါတာရော လက်ခါတာရော စုံနေအောင်လုပ် ကာ.. ၊
"အမူးသမားသိက္ခာကျတယ်..မလိုက်နဲ့.."
"လာသေးတယ်.."
"ဘာလဲ..ခုန ဟိုကောင်ပြောသွားတာ မင်းနားကန်းနေသလား ငါတို့ကိုအုပ်စုဖွဲ့နေတာတဲ့.."
"ဒါကျတော့ မှတ်ထားနိုင်သားပဲ..အမူးပါး.."



"ဟွန်း..မိုးခြိမ့်ကပိုတောင်ပါးသေးတယ်၊ ဟား ဟား အုပ်စုဖွဲ့မှ သွားရဲတယ်မထင်နဲ့.."
ပြောရင်း ခပ်စိုက်စိုက်လှမ်းထွက်သွားကာ.. ၊
"မှန်တိုင်းတစ်ကောင်ပါရင်ရပြီ.."
ငြေ်..သရဲကို အဖော်ခေါ်မှာကိုး၊ ကျလည်းကျပါ့.. ၊
"မလိုက်ခဲ့နဲ့နော်..လိုက်တဲ့ကောင် ခဲနဲ့ထုပြီမှတ်.."

➤➤ ➤➤

## အခန်း(၇)

သရက်တောကိုဝင်လာတာနှင့် လဲသီးပင်ကြီးနှစ်ပင် ယှဉ်တွဲပေါက်နေသည့်နားမှာ မိုးခြိမ့်ရပ်လိုက်သည်။

"မုန်တိုင်း..ဟော့ကောင်၊ မင်းဒီမှာရှိတာ ငါသိတယ်..အခု ငါနဲ့လိုက်ခဲ့စမ်းပါ၊ ဟိုနွားသုံးကောင်အိမ်မှာ ခွေးနှစ်ကောင်ရှိတယ်..အဲ့ဒီခွေးတွေ မင်းတာဝန်ယူ.."

ညနေအိပ်တန်းပြန်ငှက်တို့၏ ကြိုးကျိုအော်သံတို့မှအပ ပတ်ဝန်းကျင်ကတိတ်ဆိတ်နေ၏။

"ကြောက်လို့မဟုတ်ဘူးနော်..ငါနည်းနည်းမူးနေလို့.."

ပြောပြီး လက်တစ်ဖက်စီမှာကိုင်လာသည့် အုပ်ခဲတို့ကိုပြန်ငုံ့ကြည့်၏။ ပြီးတော့ လွှတ်ချပစ်လိုက်ကာ.. ၊

"မူးမူးနဲ့ခွေးကိုထုလည်း မှန်မှာမဟုတ်ဘူး..အဲ့ကောင်ကြီးတွေက သခင်တွေလိုပဲ ပုံဆိုးပန်းဆိုးဘီလူးသရဲစီးနေတာ၊ အဲ..မင်းလိုသူတော်ကောင်းသရဲမျိုး မပါပါဘူး၊ ငါပြောတာ မင်းမပါဘူး..ဟော့ကောင် တင်ခုခုလုပ်လေကွာ၊ လိုက်မှာလား မလိုက်ဘူးလား..မလိုက်လည်းနေ.."

မျက်နှာသည် ချက်ချင်းမဲ့ရွဲ့ရှုံ့တွသွားခဲ့လျက်.. ၊

"ဘိန်းစားသရဲ..ငပုတို၊ သူလည်းငကြောက်ပဲ.."



"ဒေါက်.."

"ဟာ..ကြည့်စမ်း.."

နောက်ကနေ ပေါက်ထည့်လိုက်တာ ဘာနဲ့မှန်းမသိ။ ခေါင်းတော့ပူထူသွားလေသည်။ လှည့်ကြည့်ပြီး ဘာနဲ့ပေါက်လိုက်တာလဲ ဆိုရှာဒီရှာဖြစ်သွားခဲ့ပြီး ဒေါသနဲ့ပြန်မော့သည်။

"မုန်တိုင်း..မင်းနော် မင်း.."

သွားရဖို့အကြောင်းကလည်း ရှိသေးသဖြင့် ခေါင်းကိုပွတ်ရင်း..၊

"ငါရန်မဖြစ်အားသေးလို့ မင်းသက်သာသွားတယ်မှတ်..နေနှင့်ဦး.."

မုန်တိုင်းနဲ့သူ့အကြီးအကျယ်သတ်ကြဖူးသည်။ ထိုစဉ်က မုန်တိုင်းကို ကိုယ့်လိုအရွယ်လောက်ပဲထင်ကာ လူကိုကျောကုန်းလာရိုက်သဖြင့် ပုဆိုးကိုသေချာကွင်းသိုင်း၍ စိန်ခေါ်လိုက်သည်။ အသက်နှစ်ဆယ်တောင်မပြည့်သေးသည့်အရွယ်မို့ သရဲရိုက်တာလည်းခံရသည်။ နာလည်းနာနေသည်။ သို့သော် သူကသရဲကိုယ်ကလူဆိုသည့်မာနနှင့် အသေလိုက်လုံးခဲ့သည့်မိုးခြိမ့်။ သူငယ်ငယ်တည်းက သရဲမကြောက်တတ်ပေ။ မုန်တိုင်းနဲ့ဆို ချိန်းပွဲတွေပါရှိခဲ့သေးသည်။ သူငယ်ချင်းအုပ်စုနဲ့လာပြီဆို မုန်တိုင်းကတုတ်တုတ်တောင်မလှုပ်.. ၊

ရွာမှာသရဲမွေးကြသလို သရဲတွေကလည်း သူတို့ရဲ့အနာဂတ်ကောင်းစားရေးအတွက် လူတွေကိုဒုက္ခအကြီးအကျယ်ပေးတယ်ဆိုတာ သိပ်မရှိတတ်ပေ။ ထို့ကြောင့် မိုးခြိမ့်နဲ့မုန်တိုင်း ရန်လည်းဖြစ်ကြသည်။ ရန်သူတွေလို အငြိုးတကြီးလည်းမဟုတ်ကြဘဲ တစ်ခါတလေ ဟိုရွာဒီရွာသွားမှာမျိုး။ စိုက်ခင်းထဲမှာ ညအိပ်ရမှာမျိုးဆို 'လိုက်ခဲ့စမ်းပါ' ခေါ်လိုက်ရုံနှင့် ပါလာတတ်၏။ ထိုညစာကို သူ့ကိုတစ်ဝက်ခွဲကျွေးအားလိုက်တာနှင့် တစ်ညလုံးကင်းစောင့်ပေးတတ်တာ စိုက်ခင်းကိုရောသူကိုရော.. ၊

"ဝုတ်..ဝုတ်.."

"ဟော.."

ခြံစည်းရိုးကိုသိပေမယ့် တံခါးဖွင့်ထားသဖြင့် အထဲကိုတန်းတန်းတော်မတ်ဝင်ခဲ့သည်။ ခွေးဟောင်သံကြားလိုက်သည့်အချိန်မှာ ခွေးနှစ်ကောင်သည်လည်း သူ့ရှေ့ရောက်လာခဲ့ပြီဖြစ်လျက်.. ၊

"ဝုတ်..ဝုတ် ဝေါင်း.."

"ဖျော..ဖျော.."

ပါးစပ်ကြီးဖြဲပြီးပြေးလာသည့်ခွေးတွေ နောက်ပြန်တွန့်ကုန်က
ရှေ့လက်နှစ်ဖက်မှာ ဘာရိတ်မပါသောကြောင့် ခြေကျုံ့မှုတွေဘာတွေပြ
ကုန်လျက်.. ။

"ဝုတ်..ဝုတ်.."

ဟောင်နေလျက်နှင့် အသည်းအသန်ပြန်ဆုတ်၏။

"ဟား ဟား..ဒါပဲလေ၊ မင်းပါလာတာသိသားပဲ.."

"ဝုတ်..ဝုတ်.."

"ဘုန်း.."

"ဂိန်.."

မြေစိုင်ခဲကြီးတစ်လုံး ခွေးနှစ်ကောင်ရှေ့ဘုန်းခနဲပစ်ကျသွ
သည်။ မိုးကြောင့် အစိုဓာတ်ရှိနေသဖြင့် မြေကြီးတွေကကွဲထွက်မသွ
ဘဲ အမှိုက်ကိုင်းကျိုးတွေရောသောစင်ထွက်ကုန်သဖြင့် ခွေးတွေထ
ဆုတ်သွားကြသည်။ မိုးခြိမ့်နဲ့လည်း ပိုဝေးကွာသွားခဲ့လျက်.. ။

"ရပြီ..မင်းဝင်လို့မရရင် အဲ့ဒီကနေနှောင့်ယှက်ပေး၊ ငါ့ဆီရော
မလာရင်ပြီးရော.."

မှုးနေတာလည်း ပြေလုပြေခင်။ ညနေခင်းက ရင့်ရော်နေခဲ့လျ
ထွေနေသည့်စိတ်က အမုန်အကန်ဒေါသတွေအဖြစ် ရာနှုန်းပြည့်ပြော
လဲနေခဲ့ပြီး.. ။

"အောင်ကြီး..ဟိတ်လုံကြီး.."

➤➤ ⮜⮜

အခန်း(၈)

"ဟာ..ဟိတ်ကောင်၊ မင်း မင်းငါ့ညီကိုဘာလုပ်လိုက်တာတုံး.."

"ထည့်လိုက်တာ.."

"ဟိတ်ကောင်.."

ချက်ကြီးက မောင်မောင့်အကျီရင်ဘက်ကို ဆောင့်ဆွဲလိုက်
သည်။ ဒီလူတွေအပေါ် အထင်တကြီးမရှိခဲ့သည့် မကျေနပ်စိတ်က
မောင်မောင့်အတွက် ကြောက်လန့်စိတ်ကိုမဖြစ်စေဘဲ ထိုလက်ကိုဖက်ခ
နဲပုတ်ထုတ်ပစ်လိုက်ပြီး.. ။

"ကိုယ်ပူနေတာ သတိလစ်နေပြီ..အဲ့ဒါကို ဘယ်လိုကုလို့ရမယ်
ထင်နေတာလဲ..ရေခဲရှိရင် ရေခဲတုံးတွေပါထည့်ပြီး စိမ်ပေးရဦးမှာ..မ
ကျေနပ်ရင် ပြန်ဆယ်ထုတ်လိုက် ကျွန်တော်ပြန်မယ်.."

"နေဦး..နေဦး.."

အောင်ကြီးက နားထောင်နေပြီး ကမန်းကတန်းတားသည်။ ပြီး
တော့ တောင်ကြီးကိုလည်းပြန်ကြည့်သည်။ ရေချိုးသည့်သစ်သားစည်
ပိုင်းကြီးကို ရေအပြည့်ထပ်ဖြည့်ခိုင်းပြီး လူနာကိုသယ်ထုတ်ခိုင်းတာ
ဘာလုပ်ဖို့ဆိုတာ မသိခဲ့ပေ။ ပြီးတော့ 'အဲ့ဒီရေထဲထည့်လိုက်'ဆိုပြီး
ကြောင်တောင်တောင်ဖြစ်နေကြသည့်လူတွေလက်ထဲက တောင်ကြီးကို

သူ့ဟာသူ ရေထဲတွန်းချလိုက်၏။ စကားမေးမရတော့ဘဲ ဇက်ကျိုး…
သည့် တောင်ကြီးက ရေထဲပြုတ်ကျသွားမှ မျက်လုံးပွင့်လာသည်…
လှုပ်လှုပ်ရှားရှားရုန်းရုန်းဖယ်ဖယ်တွေ ထဖြစ်လာ၏။

"ဟိုကောင်နိုးလာပြီ..ဘာလို့ရန်ဖြစ်နေတာလဲ.."

ညီဖြစ်သူကို ဆူရင်း.. ။

"သူ့ကိုဘယ်လောက်ဒီတိုင်းထားရမှာလဲ.."

လို့ မောင်မောင့်ကိုမေးလျှင် ဒေါသမပြေသည့်မျက်နှာက လူ…
ကိုကြည့်တောင်မကြည့်ဘဲ ချက်ကြီးဆွဲဆုပ်ထားသည့်အင်္ကျီရင်ဘ…
ကို အပြေအပြစ်ဆွဲဆန့်ခါရင်း.. ။

"သူနိုးနေရင်ဆွဲတင်ပြီး ရေခြောက်အောင်မြန်မြန်သုတ်…
လိုက်.."

"အေး..အေး.."

အောင်ကြီးကတော့ သူ့ညီသက်သာနေတာကို အကဲခတ်မိက…
လိမ်မာရေးခြားရှိနေ၏။

"ချက်ကြီးစကားမများနဲ့..ဝင်းဦးနဲ့ကုလား ခြေထောက်ကနေ…
ကြစမ်း.."

သူ့လူတွေနဲ့ပဲ တောင်ကြီးကိုစည်ပိုင်းထဲက ဆွဲထုတ်ဖို့ပြင်…
လျှက်.. ။

"မင်းအိမ်ပေါ်ပြန်လိုက်ခဲ့ဦးနော်..ဘာဆက်လုပ်ရမှာလဲဆိုတာ.."

သူ့စကားမဆုံးမီ.. ။

"အောင်ကြီး..ဟိတ်လူကြီး.."

အိမ်ရှေ့က အော်ခေါ်လိုက်သည့် မိုးခြိမ့်အသံက စူးခနဲ.. ။

"ဒီကောင်ဘာလာလုပ်တာလဲ.."

"ဟိတ်ကောင်တွေ..ခွေးတွေဒီလောက်ဟောင်နေတာ နင်တို့န…
ကန်းနေကြသလား၊ သွား..အဲ့ဒီကောင်ကို ကန်ထုတ်ပစ်လိုက်.."

"မောင်မောင့်ကိုဘာကိစ္စနဲ့ ခေါ်သွားတာတုံးခင်ဗျားက..ဟမ်…
ကောင်ကရောဘာလဲ၊ လာ..ခုချက်ချင်းထွက်လာခဲ့.."

မိုးခြိမ့်အသံက ခွေးဟောင်သံတွေထက် ကျယ်လောင်နေခဲ့လျက်…

"နင်းမောင်မောင်..ဒေါက်တာရမ်းကု၊ ရမ်းသမ်းကုနေရင်လည်…
လက်စနဲ့ အဲ့ဒီအရူးကိုသွက်ချာပါဒလေးပါဖြစ်သွားအောင် လုပ်ထ…



…ဟီး ဟီး..အဲ့ဒါမှထွက်လာရင် တီတွန့်လေးနဲ့ ဒန့် ဒန့်..ဒလန့်..ဒန့်..
…ား ဟား ဟား.."

"ဒီသူတောင်းစားတော့..သွား အရိုးဆန်ကွဲကျိုးဖြစ်အောင်ချပစ်
…"

"အဲ့လိုလုပ်ချင်တိုင်းလုပ်လို့ရမလား.."

"ဟာ..ဟော့ မင်းသွားလို့မရဘူးလေ.."

အောင်ကြီးက ဆွဲထားမတတ်ဖြစ်သွား၏။

"မင်းကိုငါ့ညီသက်သာရင် ပိုက်ဆံပေးမှာ..အဲ့ဒီငမူးကောင်ကို
…ရူစိုက်စရာမလိုဘူး.."

"သူ့ကိုဂရုစိုက်စိုက်မစိုက်စိုက် ခင်ဗျားတို့ကိုလည်း ဂရုမစိုက်
…ူး..ကျွန်တော်ဆေးကုဖို့လိုက်လာတာလည်း မဟုတ်ဘူး၊ အဲ့ဒါကြောင့်
…ိုက်ဆံမလိုဘူး..သေသွားမှာစိုးလို့ အမြင်မတော်လို့ပြောပေးတာ.."

ဒီကောင်ကလည်း ဘာလဲ.. ၊ မတည့်တဲ့လူတွေရဲ့ပိုက်နက်ထဲမှာ
…စ်ယောက်တည်းလိုက်လာတာတောင် 'အောက်ကနေပြီး ကြောက်ပြီ
…ား'မေးနေတာလား..။ 'ငမူးကတစ်မျိုး မာန်တက်နေတဲ့ဆရာဝန်
…ါက်စကတစ်မျိုး'.. ။

ချက်ကြီးမျက်နှာက တနုံ့နုံ့ဖြစ်နေသည့်ဒေါသနှင့် မဲ့နေ၏။
…အောင်ကြီးကသာ 'တဟင်းဟင်း'လိုက်လုပ်မနေလျှင် ဒီကောင်မျိုးတွေ
…ကို စဉ်းတီးတုံးပေါ်တင်ပြီး နုပ်နုပ်စဉ်းမိမလားတောင်မသိ။ ထို့ကြောင့်

"စကားကိုကြည့်ပြော..လေလုံးသိပ်မထွားနဲ့.."

အောင်ကြီးမကြားအောင် ကပ်ကြိမ်းလိုက်သည်။ ထို့ပြင်.. ၊

"အပြင်ကငမူးကောင်ကိုရော မင်းလိုကောင်ကိုရော တစ်ခါ
…တည်းပြုတ်သုတ်စား.."

သူ့စကားမဆုံးလိုက်ဘဲ.. ၊

"မင်းကိုငါခေါ်နေတာ ဘာလို့ထွက်မလာတာလဲ..လာ ပြန်မယ်"

မိုးခြိမ့်က မီးဖိုဆောင်ကြီးတံစက်မြိတ်အောက်ထိ ရောက်လာခဲ့
…လျက် ချက်ကြီးပခုံးကို တွန်းဖယ်ပစ်လိုက်သည်။ ပြီးတော့ သူတွန်း
…ခံလိုက်သည့်လူ ဘယ်လိုဖြစ်ကျန်ခဲ့ဖြစ်ကျန်ခဲ့ တစ်ချက်မှပြန်လှည့်မ
…ကြည့်ဘဲ မောင်မောင့်လက်ကိုဆွဲယူလိုက်ပြီး.. ၊

"ဒီအကုသိုလ်မြေကို နောက်ဘယ်တော့မှလာမနင်းနဲ့..အကု

သိုလ်အကျိုးပေးနေရင် ဘယ်ဆရာမှမနိုင်ဘူး၊ အဲ့ကောင်သေမှာပဲ..

"ဟိတ်ကောင်..ခွေးပါးစပ်ပိတ်စမ်း.."

တိုင်ပေါ်လဲကျကပ်မှီသွားသည့်ချက်ကြီးက လူးလဲပြန်ရပ်ရ လက်ကြီးရွယ်ပြီး လွဲရိုက်၏။ မောင်မောင်က မိုးခြိမ့်လက်ကိုကမန်း တန်းဆွဲယူလိုက်လျှင် ချက်ကြီးရဲ့ရိုက်ချက် ကပ်လွဲသွားသော်လည မိုးခြိမ့်ကိုယ်ကြီး သူ့ရင်ဘက်ပေါ်ပစ်ကပ်ကျလာသဖြင့်.. ၊

"အ.."

သူ့မေဖျားနဲ့နှာခေါင်းတိုက်မိကာ ကြယ်တွေလတွေပြိုးပြ လက်သွား၏။ ပြီးတော့ သူပါရောယောင်ယိမ်းယိုင်သွားစဉ်.. ၊

"ဟေ့ကောင်ချက်ကြီး..ရပ်နေစမ်း၊ တောက်..ဒီမှာလူနာအ ကြီးနေရတဲ့အထဲ.."

အောင်ကြီးက အကြီးဆုံးမို့ ဘာအရေးကြီးဆုံးလဲဆိုတာကို နေသည်။ ညီမကိုဆုံးရှုံးလိုက်ရပြီမို့ ညီကိုထပ်ပြီး ဆုံးရှုံးရမှာကြော နေခြင်းက သူ့ဒေါသမောဟကို တစ်ထစ်လျှော့နေစေလျက်.. ၊

"ငါ့ကိုမကူညီရင်နေ..မနှောင့်ယှက်နဲ့.."

လက်တပြင်ပြင်ဖြစ်နေသည့် ချက်ကြီးကိုမာန်မဲလိုက်၏။ ပြ တော့.. ၊

"မင်းပြန်လိုက်သွားလို့မရဘူး..ငါ့ညီကို လိုက်ကြည့်ပေးဦး.."

"ဘာလဲ..ဒါဆရာဝန်ကိုတားတဲ့လေသံလား၊ ဟား..ကျလည်းက ပါ.."

မိုးခြိမ့်က ပုဆိုးနှစ်ဖက်'မ'လိုက်ပြီး အမူးမပြေ့တပြေမျက်လုံး ကို ပြူးပြဲပင့်ရင်း.. ၊

"ကိုယ့်ညီကို ကိုယ့်ဘာသာပြေးကြည့်လိုက်..အသက်ရှူနေ မသေသေးဘူး၊ မရှူတော့ရင်သေပြီ..ဒါပဲ လာ..သွားမယ်.."

"မိုးခြိမ့်.."

အောင်ကြီးက နှစ်ယောက်ရှေ့ကနေ ပိတ်ရပ်ထားလိုက်သည မျက်နှာကြီးကလည်း အစွမ်းကုန်မာကျောနေခဲ့လျက်.. ၊

"မင်းထောင့်မကျိုးတာတွေကို ငါဘာလို့သည်းခံနေတယ်ထ လို့လဲ.."

"မသိဘူး..ဘာလို့လဲ.."



အောင်ကြီးကျိခနဲ အံကြိတ်သည်။ ဒီကောင်ဘာအားကိုးနဲ့ ဒီ လောက်ထိ လူပါးဝပုံမြောက်မြားစွာနဲ့ လူတွေကိုမထိတထိလုပ်ရဲနေ တာလဲ.. ၊

"သူ့ကိုဘာမှလုပ်ပေးဖို့ မလိုတော့ဘူး..လိုနေရင်လည်း ကျွန် တော့်မှာ ဘာမှမရှိဘူး၊ အခု သူပြန်နိုးနေပြီ..ရေတောင်းရင်ရေတိုက် လိုက်၊ အဖျားကျန်နေသေးတာလောက်ကို ခင်ဗျားတို့ဆေးမြီးတိုနဲ့ ဆက်လုပ်လိုက်ရင် ရပြီ.."

မောင်မောင်ကဝင်ပြောမှ အောင်ကြီးမျက်နှာအနည်းငယ်ပြေကျ သွားကာ.. ၊

"ပြန်ဖြစ်ရင်ဘယ်လိုလုပ်မလဲ.."

"ပြန်မဖြစ်ဘူး ဘယ်သူကအာမခံရဦးမှာလဲ..စောစောစီးစီးတည်း ကသေသင့်နေတဲ့လူကို.."

တစ်တစ်ခွခွပြောပြီး မောင်မောင့်လက်ကိုဆွဲခါလိုက်ရင်း.. ၊

"မင်းလည်းမှတ်ထား..မကျွတ်ထိုက်သူကိုချွတ်ရင် ငရဲမီးလိုက်ခံ ရတယ်၊ သေမယ့်လူကို ဆေးကုပေးနေမှတော့ မင်းလိုဆရာဝန်ထမင်း ပါငက်ဦးမယ်.."

မောင်မောင့်ကိုဆွဲခေါ်သွားရင်း ပြောချသွားတာ နောက်ကြောင်း ကို တစ်ချက်မှမကြည့်.. ၊

"မအေပေးမျိုး..သူတောင်းစား.."

ချက်ကြီးက ငှက်ကြီးတောင်ဓားကြီးကိုင်ပြီး ပြေးထွက်၏။ အောင်ကြီးက ဖမ်းဆွဲထားလိုက်ကာ.. ၊

"မင်းခုထိ ဓားဆွဲတုတ်ဆွဲထွက်ချင်နေတုန်းပဲလားချက်ကြီး..ဓား ကိုင်ရဲတဲ့ဟိုတစ်ကောင် ဘာဖြစ်သွားပြီလဲ၊ ဘယ်သူ့မှာအမြတ်ရသွား သလဲ.."

"အမြတ်ရရမရရ ဒီလိုလူပါးဝတာတော့ သည်းမခံနိုင်ဘူး..ညီ မတစ်ယောက်သေသွားတာနဲ့ ကိုကြီးနဲ့အောင်ကြီး ဘာဖြစ်နေကြတာ လဲ..အတူတူပဲလိုက်သေတော့မလိုလို တောပဲထွက်တော့မလိုလို..ကျုပ် ကတော့ မရဘူး.."

"မင်းရတာဘာရှိလို့လဲ..ထစ်ခနဲရှိဆဲမယ်၊ တုတ်လွှယ်ရင်တုတ် ဆွဲ ဓားလွှယ်ရင်ဓားဆွဲ.."

"ဟုတ်တယ်..အဲ့ဒါဟန်ရေးပြနေတာ မဟုတ်ဘူး၊ ကျုပ်က
ကယ်ခုတ်မှာ.."

"တောက်.."

အောင်ကြီး တက်ခေါက်ပြီး အိမ်ထဲဝင်ခဲ့လျက်.. ။

"ဘယ်လောက်ပြောပြော ခွေးမြီးတောက်ကျည်တောက်စွပ်ပဲ.. ကိုယ့်လည်ပင်းကိုယ်ခဲဆွဲပြီး ရေထဲခုန်ချချင်နေတဲ့ကောင်၊ လုပ်..ကြိုက်သလိုလုပ်ကြ၊ ပြီးရင်တော့ ကိုကြီးအော်ပြီး ပြန်ပြေးမလာနဲ့.."

>> <<

## အခန်း(၉)

"ဝုတ်..ဝုတ် ဝုတ်.."

"ခွေးတွေကဟောင်ပဲဟောင်နေပြီး ရှေ့တိုးမလာရဲဘူး..သူတို့ထက်မိုက်တဲ့သူမှန်း သိနေတဲ့ပုံပဲ.."

စိတ်မဆိုးသည့်အပြင် မိုးခြိမ့်ကခေါင်းညိတ်လိုက်သေးသည်။ မူးနေပြီဆို မိုးခြိမ့်လောက်သဘောကောင်းတာမရှိ။ ဘာပြောပြောဖွတ်အရွှတ်အနိုင်လုတတ်တာလည်း မူးနေသည့်အချိန်ပဲဖြစ်ကာ.. ။

"ဟုတ်တယ်..မုန်တိုင်းကိုသူတို့သိပ်ကြောက်တာ.."

"ဘာလဲ..သရဲမြင်လို့ဟောင်နေတယ်ပြောတာလား၊ မယုံဘူး.."

ပြောမှသိမှာဆိုတော့လည်း မုန်တိုင်းနဲ့မိုးခြိမ့်အကြောင်းကိုသိနေသော်ငြား.. ။

"ကျွန်တော်ကခွေးတွေ ခင်ဗျားကိုကြောက်နေတယ်ထင်လို့ပြောတာ.."

"သိသားပဲ..မင်းငါ့ကိုခွေးထက်မိုက်တဲ့သတ္တဝါလို့ပြောလိုက်တာ..ဟွန်း.."

ဆွဲကိုင်လာသည့်သူ့လက်ကို မိုးခြိမ့်ကဆောင့်လွှတ်လိုက်ပြီး ပုဆိုးတစ်ဖက်မ၍.. ။

"ငါ့ကိုမူးနေတယ်မှတ်လို့လား.."

"မလဲသေးတာပဲရှိတာ.."

"အေး..မူးနေတယ်ဆိုရင်လည်း ငါမူးနေလို့မင်းသက်သာသွ
တာ၊ ကောင်းတဲ့ဒေါသနဲ့ဆို မင်းဒီလူတွေခေါ်တဲ့နောက်ကော
ကောက်ပါလိုက်သွားတာ ဒီမှာတွေ့လား.."

လက်သီးဆုပ်ကြီးနဲ့ မောင်မောင့်မေးရိုးလေးမှာ ဖိကပ်တွန်း၍

"လက်သီးစာပဲ.."

"ဘာလက်သီးစာလဲ.."

မောင်မောင်စိတ်တိုသွားကာ သူ့လက်ကိုအားနဲ့ပုတ်ထုတ်
လိုက်လျှင်.. ၊

"ဟ.."

လက်သီးနောက်ကို တစ်ကိုယ်လုံးပါသွားကာ မှောက်လျား
လဲတော့မလို သီသီလေး.. ၊

"ဘာလဲ..မင်းကငါ့ကိုစိန်ခေါ်တာလား၊ မင်းကိုမြို့သားငပျော
ပြီး နေရာတကာ ပစားပေးထားတာနော်..ငါလုပ်ထည့်လိုက်ရရင် မင်း

"ဒေါက်.."

"အား.."

ဒါ သစ်ကိုင်းခြောက်.. ၊

ခေါင်းမှာပူထူသွားသည်။ မျက်လုံးထဲမှာ မီးပွင့်တွေဖြစ်သွား
လက်ကျန်အမူအရာတွေလည်း ကြက်ပျောက်ငှက်ပျောက်.. ၊

"ခွေးကောင်..မုန်တိုင်း.."

ဒီနေရာမှာပဲ မုန်တိုင်းနဲ့သူ သတ်ပုတ်ဖူးကြတာခဏခဏ..

"ဘယ်မှာလဲမင်း.."

"ဒေါက်.."

"ဟာ..ကြည့်စမ်း.."

လမ်းကကျဉ်းပေမယ့် ကျယ်လည်းမကျယ်။ မိုးမချုပ်သေး
မယ့် မှောင်ရိပ်သမ်းနေပြီဖြစ်ကာ ဘေးဘီကိုလှည့်ပတ်ကြည့်ရင်း တ
ခေါက်မိ၏။ သရဲကိုမမြင်ရမှန်းသိပေမယ့် မချင့်မရဲဖြစ်မိကာ.. ၊

"မင်းနဲ့ငါ ရန်မဖြစ်အားသေးလို့ သည်းခံနေတာနော်မုန်တိုင်
မင်းထပ်ပေါက်ကြည့်စမ်း၊ အဲ့ဒီလဲသီးပင်တွေကို မီးပုံရှို့ပစ်မှာ.."



စိန်ခေါ်လိုက်တော့ သစ်ကိုင်းကျိုးတွေ လွင့်ပျံလာခြင်း ရပ်စဲ
သွား၏။ သို့သော် မိုးဖွားတွေခပ်စိပ်စိပ်ကျလာခဲ့ပြီး.. ၊

"လုပ်ပြီ..သရဲကိုပြောရတာ အချိုးမပြေရတဲ့အထဲ ကဲ..ပုဆိုးတို
တိုပြင်ဝတ်ပြီး ပြေးမယ်ဟေ့ကောင်.."

ပြောပြီး သူပုဆိုးကိုပြင်ဝတ်လိုက်သည်။ လှည့်ကြည့်လိုက်တော့
မောင်မောင်ကဘောင်းဘီရှည်နဲ့ဖြစ်နေသဖြင့်.. ၊

"အေးပါ..မေ့လို့ပြောမိတာ ငါ့အမြစ်.."

မောင်မောင်နဲ့အတူတူနေလာကြတာ ကြာပြီပေမယ့် အိမ်မှာ
လည်း ယောကျ်ားလေးနှစ်ယောက်ပဲရှိတာတောင် မောင်မောင်နဲ့သူ
ရင်းနှီးပူးတွဲနေဖြစ်တဲ့အချိန်ဆိုတာ မရှိသလောက်ပင်။ နီတြာနဲ့ပြဿ
နာမှာ အထင်လွဲပြောဆိုခဲ့သည့်အပြင် ကိုယ်ထိလက်ရောက်လည်း
ကျူးလွန်ခဲ့မိသဖြင့် သူ့ဘက်ကမှားခဲ့သည်။ ဒါပေမယ့် သူကလည်း
ဒီကိစ္စကို ထပ်မပြောသလို မောင်မောင်ကျေနပ်ရဲ့လား.. မကျေမနပ်ဖြစ်
နေသေးလားဆိုတာ စိတ်မဝင်စားခဲ့။ မောင်မောင်ကလည်း အိမ်မှာအ
တူနေဖို့ ပြန်ပါလာသည့်တိုင် မိုးခြိမ့်ကိုစကားဟက်ဟက်ပက်ပက်ပြော
တာမရှိ။ သွားလာစရာရှိရင် ဒေါ်ညိုတို့ကိုပြောသွားတတ်ပေမယ့် ဘယ်
သွားသွားတစ်ယောက်တည်း.. ၊

"သူ့ခမျာ မင်းတစ်မျက်နှာတည်းနဲ့ လာနေရှာတာ..အနေခက်
အောင်မလုပ်ပါနဲ့မိုးခြိမ့်ရယ်၊ အတူသွား အတူလာတရင်းတနှီးနေပါ.."

ဒေါ်ထားခင်က မကြာမကြာပြောတတ်ပေမယ့်.. ၊

"ကျွန်တော်ကအရက်ဆိုင်ပဲသွားတာ..သူကအရက်မသောက်တတ်
ဘူး၊ ပြီးရင် ကျွန်တော်ကအိပ်တယ်လေ..သူကစာအုပ်တစ်အုပ်နဲ့နေ
တာ.."

မိုးခြိမ့်ကလည်း အကြောင်းပြကောင်းနဲ့ပင်။ ထိုသို့သော်အ
ကြောင်းတရားတို့နှင့် မောင်မောင်နဲ့မိုးခြိမ့်ခပ်ကင်းကင်းအတူနေဖြစ်ကြ
ရာဝယ်.. ၊

"ဟိတ်ကောင်..ပြေးမယ်ကွာ၊ မိုးကသည်းလာပြီ.."

"ပြေးပါလား..ကိုယ့်ဘာသာ.."

ဘောင်းဘီရှည်နဲ့မို့ ခြေလှမ်းကျဲတာက အပြေးတပိုင်း။ ဒါပေ
မယ့်ပြေးဖို့တော့ အစီအစဉ်ရှိပုံမပေါ်။ မိုးခြိမ့်က ပုဆိုးကိုခါးတောင်းကျိုက်ဝတ်ထိတက်

ဝတ်လိုက်ပြီး.. ။

"ဒါဆိုလည်း မင်းပဲဆင်ထီးယဉ်သာ ဟန်နဲ့လျှောက်နေခဲ့တော့ ငါကမိုးစိုတာ မကြိုက်ဘူး.."

မိုးခြိမ့် မောင်မောင့်ကိုထားပြီး ပြေးထွက်သွားသည်။ မိုးစိုတာ ကြိုက်ဘူးဆိုသော်လည်း မပြေးခင်တည်းက ဆံပင်ကရေစက်တွေ ကျနေပြီဖြစ်သည်။ မောင်မောင်က တမင်နောက်ချန်နေခဲ့တာဖြစ်လျက် မိုးခြိမ့်မြင်ကွင်းထဲက ပျောက်သွားသည်နှင့် ခြေလှမ်းတွေက မုဆိုးမဖြူ ဝင်းတို့အိမ်ရှေ့ကို ရောက်လာခဲ့၏။ မိုးရွာလာတော့ ရွာလမ်းပေါ်မှာ လူသူအသွားအလာ ဘာမှရှိမနေတော့ပေ။ ထို့ပြင်ဖြူဝင်းတို့ခြံဝင်းလေး မှာ လူတစ်ရပ်ကျော်လောက်ရှိသည့် သပြေနီပင်တွေရှိသည်။ ဖွန်ပန်း စံပယ်ရုံတွေလည်း ရှိသေးသည်မို့ ခြံဝင်းထဲဝင်လိုက်ပြီဆို အပြင်က လှမ်းကြည့်ရုံနှင့် လူလုံးမကွဲ.. ။

"မဝင်း.."

"ဟေ..လာ ဘယ်သူလဲ.."

ဖြူဝင်းကလည်း ခေါင်းရင်းပြတင်းပေါက် ထပိတ်သည်နှင့်ကြ ကာ အိမ်ပေါ်ကနေငုံ့ကြည့်ရင်း.. ။

"မောင်မောင်ပါလား..လာလေ..လာ၊ မိုးတွေစိုကုန်ပြီ..ထီးလေး ဘာလေးမပါဘူးလားဟဲ့.."

သူမဘာသာမေးရင်း အိမ်မကြီးတံခါးလာဖွင့်သည်။ မောင်မောင် ဝင်ပြီးတာနှင့် တံခါးပြန်ပိတ်လိုက်ပြီး.. ။

"ငါလည်း ဖိုးထောင်နေမကောင်းလို့ ဆေးလိမ်းပေးနေတာနဲ့ မီးဖွင့်ဖို့တောင်မေ့နေတယ်ဟဲ့.."

ပါးစပ်ကပြောရင်း မီးခလုတ်ကိုသွားဖွင့်သည်။ သို့သော် ချောက် ခနဲမြည်သွားပေမယ့် မီးကမလင်း.. ။

"ဟော့တော်..ဘာဖြစ်တာလဲမသိဘူး၊ ဒုက္ခပါပဲ.."

"ချောက်..ချောက် ချောက်.."

ခလုတ်ကိုချည်းဖွင့်ပိတ်နေသံကြားနေရသဖြင့် မောင်မောင်ကဆံ ပင်တွေ ရေခါနေရင်း လှမ်းကြည့်ကာ.. ။

"ပလပ်ပေါက်တွေနည်းနည်းလှုပ်ကြည့်ပါဦးမဖြူ.."

"ဘယ်လိုလုပ်ပလပ်ပေါက်ရှိမှာလဲမောင်မောင်ရယ်..တစ်ရွာလုံး



ကို မီးစက်တစ်လုံးတည်းက တပြိုင်တည်းပေး တစ်ပြိုင်တည်းငြိမ်းတာ လေ..ပလပ်ပေါက်နဲ့ပေးမသုံးဘူး၊ တီဗီရှိတဲ့အိမ်တွေသာ.."

လက်ဆွဲခလုတ်လေးတွေနဲ့ မီးသုံးကြတာကို မောင်မောင်သိပါ သည်။ အမှတ်တမဲ့ပြောလိုက်မိပြီးမှ သတိရသွားပြီး.. ။

"ဟုတ်သားပဲ..ဓာတ်မီးရှိရင် ခဏထိုးထားပေးလေ၊ ခလုတ်နဲ့မီး ချောင်းလောက်တော့ ဖွင့်ကြည့်တတ်ပါတယ်.."

"အေး..လုပ်စမ်းပါဟယ်၊ ဝမ်းသာလိုက်တာ..ကလေးကဖျားနေ တော့ ဘက်ထရီအိုးကို ညဦးတည်းကသုံးလို့မဖြစ်ဘူး၊ နင်သာမကြည့် တတ်ရင် လူကြီးဆီပြေးရတော့မှာ..မိုးထဲရေထဲ.."

အိမ်ထဲမှာ မှောင်နဲ့မည်းမည်းဖြစ်နေသည်။ မှောင်ရီပျိုးစတည်း က မိုးရိပ်တွေဆင်နေသဖြင့် မိုးစောစောချုပ်ခဲ့တာဖြစ်သည်။ မိုးရွာချ လိုက်သည့်အချိန်မှာ ပိုဆိုးလေသည်။

"လာ..ဒီနားတိုးမဖြူ၊ ကျွန်တော့်ကိုမီးထိုးပြထား.."

"အေး..လာပြီ၊ နင့်လက်ရေစိုနေလား..ဓာတ်လိုက်ဦးမယ်.."

မောင်မောင်ကပြုံးလိုက်ပြီး ခေါင်းပဲခါပြလိုက်၏။ သူတို့အိမ်ကို ပဲ သေချာအကဲခတ်ကြည့်နေကြသည့် မျက်နှာချင်းဆိုင်အိမ်က ဒေါ်ငို တို့သားအမိမှာလည်း ခြေဖျားထောက်ရင်းလဲပြို။ ပခုံးချင်းတိုက် ခေါင်း ချင်းတိုက်နှင့်.. ။

"မူးမိုက်လဲပါ့မယ်အမေရာ..ထိုင်နေစမ်းပါ၊ အသက်ကြီးနေမှ ကျော်မကောင်းကြားမကောင်းဖြစ်ဦးမယ်.."

"ငါ့အိမ်ထဲကချောင်းကြည့်တာ ဘာကိစ္စကျော်ရကြားရမှာလဲ.. နင်ဘေးဖယ်.."

ချောင်းကြည့်လို့ရသည့်အပေါက်က ဒီတစ်ပေါက်လေးပဲရှိ သည်။ ကိုယ့်အရိပ်ထင်မှာစိုးလို့ မီးလည်းမှိတ်ထားရသေးသည်။ ခေါင်းတစ်ခေါင်းကွယ်ထားလျှင် နောက်ထပ်တစ်ခေါင်းကဝင်လို့မရ။ ပိုဆိုးသည်က ဒေါ်ငိုကအသက်ကြီးလို့ ဆံပင်တွေပါးနေပေမယ့် အ ရှည်ကြီးရှိနေသေးသည်။ ကော်ဘီး ဝါးဘီး အုန်းဘီးစသဖြင့် အမျိုး မျိုးသောဘီးတို့နှင့် ကြံသလိုရစ်ပတ်ထားတတ်ကာ အချိန်ပြည့်လျှော့ ရိလျော့ရဲဘီးဆံပတ်အုံကြီးက အမြဲတမ်းထိုးဆိုးထောင်ထောင် လျှော့ အယ်အယ်ကြီးနှင့်.. ။

"အား..နာလိုက်တာအမေရာ.."

"နင်ဘာလို့ဝင်တိုးတာလဲ..ဒီမှာမမြင်ရတဲ့အထဲ.."

"တမင်မီးမှိတ်ထားတဲ့အိမ်ကို အမေမမြင်မစမ်းနဲ့ ချောင်းကြည့်နေမှတော့ ဘာမြင်မှာတုံး.."

ကိုယ့်ဘာသာချောင်းကြည့်ပေါက်ကို ဝင်လုသည်။ နဖူးကိုဘီးနဲ့ထိုးမိတော့ မချိမဆန့်နာသွား၏။ ဒါပေမယ့် နဖူးပွတ်ရင်း ထပ်လည်းမပြောရဲဘဲ နောက်ဆုတ်လိုက်ရ၏။ ဒေါ်ငိုက လှည့်မကြည့်ဘဲ သူ့ကိုလာကြည့်ဖို့ လက်ယပ်ခေါ်ကာ.. ။

"လာကြည့်စမ်းစံထူး..ခုထိမီးမဖွင့်သေးဘူး၊ ဓာတ်မီးလင်းလာရင် ခေါင်းနှစ်လုံးပူးနေတာမြင်ရတယ်.."

စံထူးကလည်း ဒေါ်ငိုဖယ်သည့်နေရာမှာ နေရာပြန်ယူပြီး.. ။

"မီးမဖွင့်ဘဲနဲ့ ဓာတ်မီးဘာလို့ဖွင့်တာတုံး.."

"သြော်..မီးမဖွင့်တာကလင်းမှာစိုးလို့နေမှာပေါ့၊ ဓာတ်မီးဖွင့်တာကတော့ သူတို့ကြည့်ချင်တာကြည့်..အဲ.."

"အမေကလည်းဗျာ.."

အရေးထဲမှာ မုဆိုးဖိုကပြန်ရှက်နေသေးသည်။ ပြီးတော့ ချောင်းနေတာလည်း ထရံနဲ့မျက်နှာတစ်သားတည်းကျမတတ်.. ။

"ဓာတ်မီးတော့ ပွင့်ပွင့်လာတယ်..ပူးနေတာတော့ မမြင်ရဘူးခေါင်း..."

"အေးပေါ့..အသက်ခုနှစ်ဆယ်က လေးဆယ်ကျော်ထက်မျက်လုံးကောင်းတာကိုး.."

စံထူးကို ရှေ့ကချောင်းနေရင်းရယ်ကာ.. ။

"ဝါသနာကြီးတာချင်းကွာတာနေမယ်.."

"အဲ့ဒါမအေကိုပြောဦး.."

ခေါက်ခနဲခေါက်ချလိုက်ပြီး စံထူးခေါင်းကို တွန်းဖယ်ပစ်သည်၊ ပြီးတော့ ထပ်ချောင်းသည်။ ထိုစဉ် မိုးတွေပြန်သည်းလာသဖြင့် ဘာမှမမြင်ရတော့ဘဲရှိကာ ဒေါ်ငိုမချင့်မရဲတက်ခေါက်၍.. ။

"အံ့လည်းအံ့သြတယ်..စိတ်တွေလည်းဆင်းရဲပါဘိ၊ ကိုယ့်ရှင်ကိုယ်ရည်လေးနဲ့မလိုက်..ကလေးအမေမုဆိုးမကိုမှ ဒီဆရာဝန်လေးနယ်..ဟိုမိန်းကလေးကလည်း ကိုယ့်မှာလင်ရှိတာမှမဟုတ်တာ၊ တစ်



င်လဲတစ်ပင်ထူတာ ဘာဖြစ်လဲ..ဒီလိုကြိတ်ပုန်းခုတ်ပြီး နောက်တစ်ကိုက်ထွက်လာရင်.."

"မီးတွေဘာတွေများ ပျက်လို့လားအမေရာ..အမေကလည်း စွတ်ဆင်နေပြန်ပြီ.."

"ဟဲ့..မီးပျက်တာက ဒီဆရာဝန်ကောင်လေးဝင်သွားမှလား.."

"အစတည်းက မီးမဖွင့်ရသေးတာလည်း ဖြစ်နိုင်တာပဲ.."

"မိုးတွေရွာလို့ အစောတည်းက မိုးချုပ်နေတာကို မဖွင့်စရာလား..မဖြစ်သေးပါဘူး၊ ဒီကိစ္စ မယ်ညိုတို့ကိုပြောဦးမှ..ဘယ့်နှယ် ဘယ်လိုမှမဖြစ်သင့်တာကြီး.."

>> <<

အခန်း(၁၀)

"ဖြစ်သင့်တာမဖြစ်သင့်တာက တစ်ခုခုဖြစ်တော့မယ်ဆိုမှ တွေး ရမယ့်အပိုင်း..အခုဘာမှဖြစ်ဖို့မရှိတာကို ဘာလို့ဦးနှောက်ခြောက်ခံ မှာလဲ၊ တိတ်တိတ်ဆိတ်ဆိတ်လေး လိုက်ခဲ့စမ်းပါကွာ.."

"မလိုက်ချင်ပါဘူးဗျာ..ရည်းစားနဲ့ချိန်းတွေ့မယ်ကိစ္စကို ခင်ဗျား မို့လို့ပဲ.."

"ဘာဖြစ်လဲ.."

"အဖော်ခေါ်နေတာလေ.."

အပြင်ကိုထွက်ဖို့ ခြေလှမ်းပြင်နေကာမှ မိုးခြိမ့်ကနောက်ကက ပါလာပြီး 'ဟိုဘက်ရွာက မိန်းကလေးနဲ့ အလှူအိမ်မှာသွားတွေ့မ လိုက်ခဲ့စမ်းပါ'တဲ့..။ ဒါဖြစ်သင့်လို့လား.. ။

"ခင်ဗျားကိုလည်း အရက်သမားလို့ခေါ်ရမလား..ဖွန်ကြောင်လ ခေါ်ရမလား.."

"ဘာလဲ..ဖွန်ကြောင်တယ်ဆိုတာ.."

"အခု ခင်ဗျားလှမ်းတဲ့ခြေလှမ်းလေ.."

သိပ်နားမလည်ပေမယ့် မိုးခြိမ့်ကမဲ့သည်။

"နောက်ထပ်ခေါ်စရာရှိသေးလား.."



မောင်မောင်ကဘာမှမပြောတော့ဘဲ မိုးခြိမ့်ကိုကြည့်သည်။ အရက်သောက်ပြီး မူးရူးနေတာတောင် လူမှန်းလို့မရသည့်ပုံစံသည် အရက်သမားပါးမဝသေးတာလို့ ပြောရမည်လား..ဒါမှမဟုတ် ခတ်တိုင်ပြောသလို တမင်တကာကိုယ့်ကိုယ်ကို ပျက်စီးခံနေပြီး တကယ့်အသိစိတ်ကပျက်စီးခြင်းမှာ ပျော်ဝင်မသွားတာကြောင့်လား..။ သို့တည်းမဟုတ် ကိုယ်တွေကပဲ ဒီလူကိုလျှော့ပေါ့တွေးနေခဲ့တာလား.. ။

မိုးခြိမ့်၏ ထူတန်းညိုမှောင်နေသည့် မျက်ခုံးနှင့်မျက်ဝန်းတို့က ဒေါသထွက်နေနေ ရယ်နေနေ လက်နေသောစူးရဲခြင်းက သိုသိပ်စဉ်းလဲသည့်အသွင် ဘယ်တုန်းကမှမဖြစ်ခဲ့။ ရယ်နေသည့်အချိန်မှာ နှစ်လိုဖွယ်ရှိနေတတ်လျက် ဒေါသထွက်နေရင်လည်း ဖြစ်နေသည့်အတိုင်းအတာကို သူ့မျက်လုံးထဲမှာ မြင်နေရသည်။ အထူးသဖြင့် နီတြာဆုံးသွားခဲ့သည့်နောက်ပိုင်းမှာ ရယ်မြူးနေတတ်သည့် မျက်ဝန်းတို့က ကြေကွဲခြင်းနောက်ခံနှင့်မို့ ရယ်နေရင်း ဆွေးရိပ်သမ်းတတ်သည်။

မဲ့ရွဲ့ကျူးဝါးနေရင်း ရယ်ပစ်လိုက်ပြီဆို ရီဝေဝေမျက်ဝန်းတွေက အလိုအလျောက်ဆွဲဆောင်နေသေးသည်။ တောသားဆိုသည့်ပုံပန်းသဏ္ဍာန်အရ အမူအရာအားဖြင့် ကြမ်းတမ်းသလိုရှိနေတာတောင် တောနဲ့မတန်သည့် ဟန်ပန်တို့ကိုမြင်နေရသည်။ မောင်မောင်ကိုယ့်မျက်လုံးတွေကို ပြန်ရုတ်သိမ်းဖို့သတိရကာ ချက်ချင်းပြန်လွှဲပစ်သည်။ သို့သော် နှိုက်တွယ်ငြိသွားခဲ့သည့်အခိုက်မှာ မိုးခြိမ့်လည်းတစ်ချက်ငိုင်သွားခဲ့၏။ ရင်ထဲမှာ ဘယ်လိုကြီးတင်ကျန်ခဲ့သည်မသိပေမယ့် မောင်မောင့်မျက်လုံးတွေကို စိတ်ပျက်မိတာမျိုးလည်းမဟုတ်.. ။

ထိုအခါ 'ဒီကောင်ဘာလဲ'ဆိုသည့်အတွေးက ဘယ်နှစ်ကြိမ်မြောက်အဖြစ် ဝင်လာခဲ့မှန်းမသိ။ ဝင်လာတိုင်းလည်း မောင်မောင့်ကို ဒီလိုကြီးထင်မိသည့်အတွက် အားနာသလိုလို စိတ်မလုံသလိုလို..။ အဘယ့်ကြောင့်ဆိုသော် မောင်မောင့်မျက်ဝန်းတွေကို သူယုံကြည်နေသည်။ ဘာကိုမှန်းတော့မသိ.. ။

"လာဗျာ..သွားမယ်.."

"ဟင်..လိုက်ခဲ့တော့မှာလား.."

"အင်း.."

ဟိုဒီအတွေးတွေက မောင်မောင့်စကားတစ်ခွန်းမှာ တဖြုတ်ဖြုတ်

ပျောက်ကွယ်ခဲ့ရလျက်.. ။

"ဒီလိုမှပေါ့..အိမ်မှာမင်းနဲ့ငါ နှစ်ယောက်ရှိနေသားနဲ့ တ ယောက်တခြားလမ်းထွက်နေရတာ ကောင်းလား.."

"ကောင်းတဲ့လမ်းကိုသွားတာမှ မဟုတ်တာ.."

"ငါက.."

"ဟုတ်တယ်.."

"မင်းကရော..မနက်တစ်ခါ ညနေတစ်ခါဘယ်ကိုသွားတာလဲ.."

"တောစပ်ကိုသွားတာ.."

"သိတယ်လေ..ဘာသွားလုပ်တာလဲလို့.."

"ကျွန်တော်သိတဲ့ ဆေးပင်သွားရှာတာ.."

"မင်းကတိုင်းရင်းဆေးဆရာမှ မဟုတ်တာ.."

"ဘာဆရာဖြစ်ဖြစ် ဆေးဆိုတာ မြေဆီမြေနှစ်ကရတာပဲ..အဲ့ဒီ ပေါ်မှာ ရှင်သန်လာတဲ့အမြစ် အရွက် အသီးအပင်အားလုံးက ဆေးဖ ဝင်တွေပဲ.."

နှစ်ယောက်အတူ လမ်းအတိုင်းလျှောက်လာကြတော့ အိမ်ရှေ့ ရှိနေသည့် လူတွေရော လမ်းမှာဖြတ်သွားကြသည့်လူတွေပါ။ သူ နှစ်ယောက်ကို အထူးအဆန်းလိုလိုကြည့်နေကြသည်။ တချို့ကရ ရယ်မောမောနှင့် လှမ်းနောက်ကြကာ.. ။

"ဘယ်သူ့ကိုဘယ်သူ့အရောင်ဟပ်နေသလဲတော့ မသိဘူးပေ ခုလိုကြည့်တော့လည်း ငါတို့ရွာက လူချောလူလှလေးတွေကို ဘယ် သား မီမှာတုံး.."

"ကျုပ်ကတော့ မောင်မောင့်ကြောင့် မိုးခြိမ့်အရောင်ထွက် တယ် ထင်တာပဲ.."

ကြားအောင်ပြောတာလည်းရှိကာ မကြားတကြားပြောကြ လည်းရှိ၏။

"ဘယ်လိုပြောရမှန်းတောင်မသိပါဘူး..မောင်မောင်က မိုး လောက် ဒေါက်မမြင့်ဘဲ ဖြူဖြူချောချောလေးဆိုတော့.."

"ဟုတ်တယ်..ညီအစ်ကိုနဲ့မတူဘူး၊ ရှေ့သွားနောက်လိုက်ညီ တာ..ခိ ခိ.."

"ဟား ဟား ဟား ဟား.."



"ကြားသွားဦးမယ်မိကျော့..နှင့်ဥစ္စာက.."

"ဘာတုံးတော်..တူတာပဲပြောတာကို.."

"ခစ်..ခစ် ခစ်.."

"ဟေး..မိုးခြိမ့်မမူးသေးဘူးလား၊ နည်းနည်းစောသေးလို့နဲ့တူ တယ်.."

"မိုးခြိမ့်ရေ မောင်မောင့်ကိုတော့ မဖျက်ဆီးနဲ့နော်.."

ရွာလယ်လမ်းတောက်လျှောက်မှာ စနောက်သံတွေချည်းဖြစ်နေ ခဲ့လျက် မိုးခြိမ့်က မောင်မောင့်ကိုငဲ့ကြည့်ကာ.. ။

"ငါကတော့ ငါ့ကိုမိန်းမချော ချောတယ်ပြောရင် ငယ်ငယ်လေး ကတည်းကမကြိုက်တာ.."

"ခင်ဗျားကိုပြောမယ့်သူရှိတယ်ပေါ့.."

မေးရင်း ပခုံးတွန့်လိုက်တော့ သူ့ကိုဖဲ့တာမှန်းသိလိုက်ကာ.. ။

"ငါ့ကိုပြောမယ့်သူရှိခဲ့လား မရှိခဲ့ဘူးလား စိတ်ဝင်စားမနေပါနဲ့.. အခု မင်းကိုနောက်နေကြတာ ကြားလား.."

"ကျွန်တော့်ကိုမဟုတ်ပါဘူး.."

"ငါ့ကိုပေမယ့် မင်းနဲ့ငါ့ကို ရှေ့သွားနောက်လိုက်ညီတယ်ဆိုတာ က မင်းကိုမိန်းမနဲ့တူ.."

"တော်စမ်းပါဗျာ..လူတွေလျှာအရိုးမရှိ လျှောက်ပြောတယ်ဆို တာ မကြားဖူးဘူးလား.."

"ဘယ်သတ္တဝါကရော လျှာမှာအရိုးပါလို့လဲ.."

မောင်မောင်က မျက်ခုံးလေးတွေတွန့်သွားလျက် သူ့ကိုမော့ ကြည့်သည်။ ပြီးတော့ ချဉ်တူးတူးမျက်နှာနှင့်.. ။

"လျှာပါတိုင်းရော စကားပြောနိုင်လို့လား.."

ချက်ချင်းပြန်မေးတော့ သူမဖြေနိုင်။ မောင်မောင်နဲ့သူ စကား ပြောဖြစ်တိုင်း ဘယ်သောအခါမှ အေးချမ်းစွာညီညွတ်သွားလေသ ည်းဆိုတာ မရှိ.. ။

"သတ္တဝါတွေထဲမှာ လူသတ္တဝါက ကြောက်စရာအကောင်းဆုံး ..."

"ဘုရားဟောခဲ့တာတော့ ဘုံတကာ့ဘုံထဲမှာ လူ့ဘုံကအမြတ်ဆုံး .."

အနိုင်ပိုင်းပြောနိုင်တော့ ကျေနပ်သွားသည်။ ပြီးတော့ မော
မောင့်ဆီက စကားသံထွက်မလာမီ ထောင့်ပင်အောက်က အကြော်ဆိ
ထဲကို ခြေဦးလှည့်လိုက်၏။ တကယ်က အကြော်ဆိုင်နဲ့ကပ်လျက်မှ
ထန်းရည်ဆိုင်လည်းရှိနေသေးကာ ရွာနှစ်ရွာစပ်ကျားမကျတကျ
ရွာဘက်ခပ်ပါပါ။ ဒီနေရာက ဒီဆိုင်တွေကြောင့် လူပိုစည်၏။

"နေ့လည်က အဆာပြေစားထားတာ မကြာသေးဘဲနဲ့ဗျာ.."

"ရည်းစားနဲ့တွေ့ဖို့ကို ဆာမှတွေ့ရမှာလား.."

"ဘယ်လို.."

မိုးခြိမ့်ကမဖြေဘဲ နီးကြောဖျာတွေခင်းလျက် စားပွဲဝိုင်းလေး
နဲ့ ရေနွေးအကြမ်းအိုးကြီးတွေ ပန်းကန်လုံးတွေတင်ထားသည့်ဘေး
ဝင်ထိုင်လိုက်၏။ မောင်မောင်က မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လို
ကာ.. ။

"ကိုခြိမ့် ခင်ဗျားတို့က ဒီမှာချိန်းထားတာလား.."

"မဟုတ်ပါဘူး..ဒါပေမယ့် အလှူအိမ်မှာလူရှုပ်မှာထပ် ဒီမှာ
တွေ့လိုက်တာ ကောင်းမလားလို့.."

ပြောပုံက ရည်းစားနဲ့ချိန်းတွေ့မှာလား..အရောင်းအဝယ်ဖြစ်
နေတဲ့ ပွဲစားလိုလား.. ။

"နေပါဦး..ခင်ဗျားထွက်လာတဲ့ရည်ရွယ်ချက်က အလှူအိမ်
ဟုတ်ဘူးလား.."

"ဟုတ်တယ်.."

"အဲ့ဒါက ဟိုတစ်ယောက်အဆင်ပြေမယ့်နေရာကို နှစ်ယော
သဘောတူသတ်မှတ်ခဲ့တာ မဟုတ်ဘူးလား.."

"ဟုတ်တယ်.."

"အခု မိနစ်ပိုင်းအတွင်းမှာ ခင်ဗျားသဘောနဲ့ ဒီမှာတွေ့ဖို့ဆုံးဖြ
တော့ ဟိုတစ်ယောက်ကရော.."

"အခုခေါ်ခိုင်းလိုက်လို့ ရပါတယ်.."

"ဘယ်လို.."

မိုးခြိမ့်က မချိုမချဉ်ပြုံးလိုက်ပြီး သူ့ကိုနှာခေါင်းတစ်ဖက်တ
ပြသည်။ ပြီးတော့ ရယ်၏။ ပေါ့ပျက်ပျက်အမူအရာတွေအပေါ် မေ
မောင်ကအတော်အမြင်ကတ်နေသလို မျက်မှောင်ကုတ်ပြီးစိုက်ကြ



လျှင်.. ။

"မင်းကလည်း ယောက်ျားချင်းအားကျရမယ့်ကိစ္စ..ဘာလဲ၊ အမေ့
မျက်နှာကြီး ကျနေတာပဲ.."

"ခင်ဗျားအမေက အစုံပလုံသိတာမှမဟုတ်တာ..ကျွန်တော်ကခင်
ဗျားအထာမကျလုပ်နေတာတွေကို မြင်နေကြားနေရတာ.."

"အင်း..ဒါတောင် မင်းနဲ့ငါအစေးမကပ်ခဲ့တာတွေကြောင့် မ
ဟုတ်ရင် မင်းငါ့အကြောင်းဒီ့ထက်သိမှာ.."

ပြောပြီး ဆိုင်ရှင်ကိုလှည့်ကြည့်သည်။ ဆိုင်ရှင်ကလည်းအကြော်
ဒယ်ကြီးမှာ အကျအနထိုင်ပြီး မုန့်နှစ်တွေနယ်နေရင်း လှမ်းကြည့်ကာ..၊

"မိုးခြိမ့်လာယူလေ..နင်တို့ဦးလေးအလှူအိမ်သွားတယ်၊ ငါတစ်
ယောက်တည်း လာချမပေးနိုင်ဘူး..ကြက်သွန်ကြော်လိုချင်ရင်တော့
နည်းနည်းစောင့်ဦး.."

"ဟုတ်ကဲ့..ဒေါ်လုံး ကြက်သွန်ကြော်ပဲစောင့်တော့မယ်၊ ဒါနဲ့ဦး
လေးက အလှူအိမ်သွားတာ ခဏလား..လုပ်အားပေးလား.."

"ဘယ်လိုလုပ်ခဏဖြစ်ပါ့မလားဟယ်..သူကကြက်သားဟင်းချက်တာ
ကောင်းလို့တဲ့..မထမချင်းလာစောင့်ခေါ်သွားတာ.."

အကြော်ကြော်တာက မုန့်နှစ်ထည့်တာနဲ့ကျက်ရင် ဆယ်ပေးတဲ့
လူနှစ်ယောက်ထိုင်မှ ရသည်။ ဒေါ်လုံးတစ်ယောက်တည်းအလုပ်ရှုပ်
နေကာ အလုပ်လုပ်ရင်းနဲ့ စကားပြောနေရတာဖြစ်သည်။ မိုးခြိမ့်ကဒေါ်
လုံးအလုပ်ရှုပ်နေတာကိုကြည့်ပြီး ရှုံ့တွတွဖြစ်သွားသည်။ စိတ်မသက်
သာဖြစ်သွားပေမယ့် ဒေါ်လုံးကိုကူညီဖို့တော့ မဟုတ်ဘဲ.. ။

"သွားပြီ..အေးမူကိုခေါ်ခိုင်းရမယ့်လူ မရှိတော့ဘူး.."

တိတ်တိတ်ရေရွတ်ပြီး ရေနွေးတစ်ခွက်ငှဲ့၏။

"အဲ့ဒီတော့ အလှူအိမ်ပဲလိုက်သွားလိုက်တော့..ကျွန်တော်ပြန်
တော့မယ်.."

"ဘယ်သူကသွားမယ်ပြောလို့လဲ.."

"ခင်ဗျားထွက်လာတည်းက ဟိုကိုသွားဖို့ပဲမဟုတ်ဘူးလား..
ကျွန်တော်က လူရှုပ်ရှုပ်ဆူဆူညံညံတွေနဲ့ မနေတတ်ဘူး.."

"ဟော့ကောင်..ငါကသွားမယ်ပြောမိလို့လား၊ ပြန်ထိုင်.."

ဒီလူဘယ်လိုတောင် ဆုံးဖြတ်ချက်တွေခိုင်မာနေတာလဲ..။ ခုန

တစ်မျိုး ခုလေးတင်နှစ်မျိုး.. ။

"မင်းသိလားမောင်မောင်.."

"မသိဘူး.."

"အဟွန်း.."

ရယ်လိုက်သည့်ခဏမှာ မိုးခြိမ့်မျက်ဝန်းတွေ နာကျင်မှုတို့ ထင်းသွားခဲ့လျက်.. ။

"အချစ်ဆိုတာကို မင်းဘယ်လိုနားလည်ထားလဲ.."

"ကျွန်တော်မှ စိတ်မဝင်စားတာ.."

"အဲ့ဒါကောင်းတာပေါ့..ငါလည်းစိတ်မဝင်စားချင်ဘူး၊ ဒါပေမ ငါကမချစ်ဘဲ ငါ့ကိုချစ်နေတဲ့မိန်းမတစ်ယောက် ငါ့အတွက်လိုအပ် တယ်.."

"ဆက်ပြောကြည့်.."

"အကြီးလုံးရေ..အကြော်သုံးရာဖိုး.."

"ကျွန်တော့်သားလေးကို ဘရာကြော်နှစ်ခုလောက်ပေးလိုက် အကြီးလုံး..ကျွန်တော်အင်းကပြန်ရင် ဝင်ပေးမယ်.."

စက်ဘီးနဲ့ရပ်ပြီးဝယ်တဲ့သူတွေ လမ်းသွားရင်းလှမ်းအော်သွား လူတွေနှင့် သူတို့စကားမဆက်ဖြစ်ဘဲ ဟိုကြည့်ဒီကြည့်ဖြစ်သွားသ ရွာစဉ်လှည့်ပြီး ဈေးရောင်းသည့်အထမ်းသည်တွေရော နှစ်ယောက် သုံးယောက်တွဲလူတွေရော တဖွဲဖွဲဝင်လာနေကြကာ ထန်းရည်ဆို ထိုင်တဲ့သူထိုင် အကြော်ဆိုင်မှာတချို့က ထိုင်၏။ ဘာရယ်မဟုတ် လိုက်ကြည့်နေရင်း မိုးခြိမ့်က မောင်မောင့်ဘက်ပြန်လှည့်၍.. ။

"ငါမင်းကိုခေါ်လာတာ ဘာအတွက်လဲသိလား.."

မောင်မောင်ကစိုက်ကြည့်နေ၏။

"မင်းမျက်နှာကြောကိုလျှော့ဖို့ မင်းလည်းရည်စားထားဖို့ တာ.."

"ဘာ.."

"အချစ်ကိုမင်းစိတ်မဝင်စားဘူးမို့လား..အဲ့ဒါကြောင့် ရည် ထားသင့်တာ.."

မိုးခြိမ့်က ဖျာပေါ်မှာတင်ပလ္လင်ခွေထိုင်ရင်း စားပွဲပေါ်မှ ထားသည့်လက်က စားပွဲကိုပုတ်လိုက် မောင်မောင့်မျက်နှာကိုလ



ညွှန်လိုက်နှင့်.. ။

"ကိုယ်ကချစ်မိရင် နာကျင်ရပေမယ့် မချစ်မိဘူးဆိုရင် အချစ်ကို လိုတိုးပိုလျှော့ လုပ်ကြည့်တာ ပျော်ဖို့ကောင်းတယ်.."

"ခင်ဗျားမူးနေရင် ဘာပြောပြောခင်ဗျားမျိုချထားတဲ့အရည်တွေနဲ့ ရောထည့်ပေးလိုက်လို့ရတယ်နော်..မမူးဘဲနဲ့ အထာမကျတာတွေ လာ ပြောနေရင်တော့.."

"ဟား.."

မိုးခြိမ့်စိတ်ပျက်သံတွေနှင့် ရှုံ့မဲ့သွားသည်။ ပြီးတော့ ထိုအ ကြောင်းအရာကိုမဆက်ဘဲ.. ။

"ပြောတာကိုနားထောင်စမ်းပါ..အကြောင်းအရာတွေကို မတွေး နဲ့၊ ငါလူယုတ်မာပုံပေါက်နေလည်း အဲ့ဒါငါပဲ..မင်းမဟုတ်ဘူး.."

စိတ်ပျက်ဖွယ်လူသားအဖြစ် မောင်မောင်က နှာခေါင်းပွတ်လိုက် ပြီး မဲ့သည်။

"အေးမူကမလှဘူး..ဒါပေမယ့် ပျော်ဖို့ကောင်းတယ်.."

မောင်မောင်ဖျတ်ခနဲလှည့်ကြည့်လျှင်.. ။

"သူကဟာသတွေ ပြောတတ်တာကိုပြောတာပါ..နောက်ပြီးတော့ မင်းသိလား၊ မိန်းကလေးတစ်ယောက်ကို ကိုယ့်ချစ်သူအမှတ်နဲ့ ထိကိုင် လိုက်မိရင် အနည်းနဲ့အများတော့.."

"တော်ပါဗျာ..ယောကျ်ားလေးချင်းဆိုပြီး လာပြောမနေပါနဲ့၊ ကျွန်တော် အဲ့ဒါတွေပြောရတာ ဝါသနာမပါဘူး.."

"မင်းကိုပြောခိုင်းနေလို့လား.."

"နားထောင်ရတာလည်း အတူတူပဲ.."

မောင်မောင်က ဆက်မပြောဖြစ်အောင် မျက်နှာလွှဲပစ်သည်။ ခေါင်းခါပစ်ပြီး ရှုံ့မဲ့ကဲ့ရဲ့၏။ သို့သော် မိုးခြိမ့်ကနည်းနည်းလေးမှ မျက် နှာမပျက် အပြောမရပ်။ သူ့စိတ်ကူးကလည်း မောင်မောင်ကြီးကြီး ကျယ်ကျယ်ဂိုက်ဖမ်းနေတာကို ဖြိုချပစ်ဖို့ပဲဖြစ်ကာ အရင်လိုတစ်အိမ် တည်းနေပြီး ခပ်စိမ်းစိမ်းမဖြစ်တော့အောင် ရင်းနှီးကြဖို့ရည်ရွယ်၏။ ဒါဟာ သူတော်ချင်းချင်းသတင်းလွှေလွှေဆိုသည့် စကားပုံအတိုင်း ဖြစ်လာမှ ရှေ့ဆက်နိုင်ဖွယ်ရှိမှာမို့.. ။

"ငါပြောချင်တာက အချစ်ဆိုတိုင်း လေးနက်တဲ့သဘောတွေ

ဆောင်နေတာမဟုတ်ဘူးဆိုတာကိုပါ..အေးမူနဲ့ငါဆိုရင် ငါ့ခံစားချက် ကို သူသိသလို သူမလှတာကိုလည်း ငါစိတ်မပျက်ဘူး၊ ဘာလို့လဲဆို တော့ ငါတို့ရည်းစားဖြစ်ကြတာကိုက တဏှာရာဂတွေမှ မပါကြတာ

"လာသေးတယ်.."

"မင်းမယုံဘူးလား..ငါအဲ့လိုတွေမပါချင်လို့ သူ့ကိုမှရွေးပြီး ရည်းစားထားခဲ့တာ၊ ဒါပေမယ့် အဟွန်း.."

လုပ်လာပြီ..။ မောင်မောင်မျက်နှာကို တည်တာထက်ပိုတင်းအောင်ပြင်ရင်း ရေနွေးကြမ်းတစ်ခွက်ငှဲ့လိုက်သည်။ ရေနွေးပန်းကန်သည် နှုတ်ခမ်းအနည်းငယ်ပဲ့နေကာ ခရေပန်းလိုအက်ရာအစင်းလေးတွေနဲ့ ပြည့်နှက်လျက်.. ။

"အဲ့ဒီပန်းကန်လုံးကိုကြည့်..အသန့်အပြန့်ကြိုက်တဲ့သူဆို ရှင် တရက်သောက်မှာမဟုတ်တော့ဘူး.."

မောင်မောင်ကိုင်လိုက်သည့် ရေနွေးပန်းကန်လုံးလည်းမနေရ

"ပါးပြင်ကိုကြည့်လိုက်လို့ ပါးကွက်တစ်ခြမ်းပျက်ပြီး ချွေးစေးပြန်နေရင် နမ်းချင်တဲ့စိတ်ဖြစ်ဦးမလား.."

မေးပြီး ဖြေတာကိုလည်းမစောင့်။ မဖြေမှန်းလည်း သိနေသည်မို့.. ။

"နှုတ်ခမ်းလေးနမ်းမလို့ ကြည့်မိပါတယ်..ခြောက်သွေ့အက်ပြီး အရေခွံတွေ ပလတ်စတစ်လိုလန်နေရင်.."

"ကိုခြိမ့်.."

"ဟင်.."

"ကိုယ့်ရည်းစားအကြောင်း ကွယ်ရာမှာစုတ်ပြတ်သပ်နေအောင် ပြောရတာ ခင်ဗျားပျော်လား.."

"ငါ့ရည်းစားအကြောင်းလို့ မင်းကိုပြောမိလို့လား.."

ဤသို့ကြောင်တောင်တောင်ပြန်မေးပြီး လူကိုအရူးလုပ်တတ်တာလည်း မိုးခြိမ့်ပဲဖြစ်လေသည်။ ငါ့ရည်းစားကမလှဘူးဆိုသည့်ခေါင်းစဉ်နဲ့ ချခင်းလိုက်တာ ဒီမိန်းမအကြောင်းမဟုတ်ရင် ဘာလဲ.. ။

"ငါ့မှာ အေးမူတစ်ယောက်ပဲရှိတာမဟုတ်ဘူး..နီတြာဆုံးသွားပြီး တစ်လပဲကြာတယ်၊ ရည်းစားသုံးယောက်ပြိုင်တူထားတာ.."

ရည်းစားထားနေခြင်းကို သိပေမယ့် သုံးယောက်ဆိုတာခုမှသိ



ည့်ကိုစွ.. ။

"မိုးခြိမ့်ကတော့ မူးမူးရူးရူးနဲ့မှားကုန်တော့မှာပဲနော့်..စိတ်လည်းစ်ပါတယ်၊ မိန်းကလေးကလည်း အရက်ဆိုင်ထိလိုက်တွဲပြီး အမူးသားကို ရည်းစားလုပ်ရဲကြတယ်.."

"အမူးသမားမဟုတ်မှန်းသိနေကြတာကိုးအစ်မရဲ့..မိုးခြိမ့်ကဥစ္စာ ရုပ်ချော၊ နီတြာနဲ့မကြိုက်ခင်တည်းက ပြိုင်ဆိုင်ပိုးနေကြတာ..ခုမှခွင့်အရေးရနေကြတာလေ၊ တစ်ရက်ရက်တော့ သွားကြမ်းထားဦးမှ."

ဒေါ်ထားခင်ကတော့ ဘာဖြစ်ဖြစ် သူ့တူဘက်ကသာသာထိုးထိုးပြောတတ်တဲ့သူ။ တစ်လောကလုံးမှာ သူ့တူလောက်ဘယ်သူမှမချော။ သူ့တူသာ လူချောလူလှအဖိုးတန်ယောက်ျားကောင်း.. ။

"အဟွန်း..ပြောပြတာပါ.."

မိုးခြိမ့်က စကားဆက်လာမှ အတွေးစပြတ်၏။

"ယောက်ျားလေးချင်းပြောကြရင် ကောင်မလေးအကြောင်းတွေပြောကြားတယ်..ဒါပေမယ့် အဲ့ဒါအတင်းမဟုတ်ဘူး၊ ငါကပြောရင် ငါ့စိတ် ငါ့အယူအဆ..မင်းကပြောရင် မင်းအယူအဆပေါ့၊ ငါပြောတာရှင်းလား.."

"ခင်ဗျား..ကိုယ်ခင်ဗျား ရှင်းဖို့ပဲကြိုးစားပါ..စိတ်ပျက်လို့.."

"မင်းကိုခုန ရွာထဲကကိုခွေးပုတို့ ပြောလိုက်တယ်နော်..အဲ့ဒါဆောင် မင်းစိတ် မင်းအယူအဆတွေ သူတို့မကြားကြသေးဘူး.."

"ခင်ဗျားဘာပြောတာလဲ.."

အနာပေါ်တုတ်ကျသွားသလို ချက်ချင်းခေါင်းထောင်လာတော့ မိုးခြိမ့်ကရယ်သည်။

"မင်း ခုပြောနေတာတွေကို ကြားကြရင် မင်းကို.."

"ဘာလဲ..ဂေးလို့ထင်မှာကို ပြောတာလား.."

"ဂေးဆိုတာ အခြောက်ကိုပြောတာလား..အဲ့ဒါဆိုရင်တော့ ဟုတ်တယ်.."

"ယောက်ျားတိုင်းအပျော်ရှာပြီး လွတ်လပ်ချင်နေကြတာမဟုတ်ဘူးဆိုတာ သူတို့အစွယ်တွေမသိဘူးဆိုရင် ထားလိုက်စမ်းပါ..ဘာထင်ထင် ဂရုမစိုက်ဘူး.."

"အေးပါ..မင်းဂရုမစိုက်ရင် မစိုက်လို့ရပါတယ်၊ ဒါပေမယ့် ကိုယ်

ဝါသနာမပါလည်း လိုက်လျောညီထွေနေရတယ်ကွ..အခု မင်းဒီမှာမှ နေတာ နှစ်နဲ့ချီနေပြီ၊ တခြားလူမပြောနဲ့ ငါနဲ့တောင်မရင်းနှီးဘူး..”

“အရက်သောက်နေတဲ့လူကို မသောက်ချင်တဲ့လူက မရင်းနှီးတာ ဆန်းလို့လား..”

“မဆန်းပါဘူး..ဒါပေမယ့် ငါကဓာတ်တိုင်တို့လို မင်းကိုလွတ် လွတ်လပ်လပ်ပေါ့ပေါ့ပါးပါး..”

“မပေါ့ပါးချင်ဘူး..”

“လမ်းဆုံးပြီ..”

သူ့ဟာသူရေရွတ်သလိုပြောရင်း မိုးခြိမ့်ကခေါင်းခါသည်။ ပြီး တော့.. ၊

“ငါလည်းစိတ်မဝင်စားချင်လို့ အချစ်ကိုရှောင်ခဲ့တာပါ..တော ကြာ မင်းငါ့လိုနှာခေါင်းပိတ်ပြေးရမှာစိုးလို့..”

ပြောရင်း လေသံကတိုးသွားကာ.. ၊

“ငါ့ဘက်ကဖီလင်တွေမဖြစ်အောင် ရုပ်ဆိုးလည်းကောင်းတာ ဆိုပြီး ရည်းစားထားလိုက်တာ ဘာဖြစ်လဲသိလား..”

မကြားချင်သလိုဖြစ်သွားပေမယ့် သိချင်စိတ်ကပိုကဲသွားသဖြင့် မောင်မောင်ခေါင်းခါဖို့မေ့သွားသည်။

“တစ်လံအကွာလောက်က ထိုင်တာတောင် သူ့ကိုယ်က အငွေ့ အကြိုင်တွေကြောင့် အသက်အောင့်ထားရတာ ကံကောင်းလို့နှလုံးခုန် ရပ်ပြီး မသေတာ..”

ပြောပြီး ရယ်နေသည်။ ပြီးတော့ ဆံပင်တွေသပ်ရင်း.. ၊

“အဲ့ဒါလေးယောက်မြောက်ရည်းစားလေ..အေးမှုထက်အရင်ပေ့ ဒါပေမယ့် အဲ့ဒီချိုင်းပုတ်နံ့လေးကြောင့် သူ့ကိုမေ့လို့ကိုမရတာ..”

သေပေါ့..လို့ပြောရင်း မောင်မောင်ကမျက်စောင်းထိုးသလိုကြည့် သည်။ ဒါပေမယ့် မျက်စောင်းထိုးခြင်းမရောက်မီ ချက်ချင်းရုတ်သိမ်း လိုက်၏။ ရုတ်သိမ်းခြင်းမတိုင်မီ မိုးခြိမ့်ကအမိဖမ်းသည်။ ထိုအခ ဘာမှန်းမသိသော ခံစားချက်တို့ရုပ်ပြေးပျောက်ကွယ်သွားခဲ့လျက်..

“မင်းက ငါ့ကောင်မလေးကို အပျော်တွဲပြီး ရည်းစားနံ့ပါတ်စ တွေနဲ့ ဂုဏ်ယူနေတယ်ပေါ့..”

မိုးခြိမ့်ရဲ့ကျောနောက်က စကားသံထွက်လာသည်။ မောင်မော



ကျက်နှာရှေ့ကမို့ မော့ကြည့်လိုက်သည့်မျက်လုံးတွေ လှုပ်ရှားမှုအရ တစ် ယောက်နှစ်ယောက်ထက်ပိုသည်မှန်း မိုးခြိမ့်သိလိုက်သည်။ ရန်ပွဲပေါင်း များစွာ ရင်ဆိုင်ခဲ့ဖူးသည်မဟုတ်သော်ငြား ရန်ဖြစ်ရခြင်းက သူ့အတွက် စိတ်လှုပ်ရှားဖွယ် မဖြစ်တာတော့ သေချာနေကာ လှည့်ကြည့်စရာမလို ဘဲ မျက်နှာမဲ့ရွဲ့သွား၏။

“အဲ့ဒါမိုးခြိမ့်ဆိုတဲ့ကောင်ပဲ..”

“မိန်းမရက်မလည်သေးဘူး..ရည်းစားနဲ့ချိန်းတွေ့တာ အဲ့ဒီ ကောင်..”

“မိန်းမရက်လည်မှ ရည်းစားထားရမယ်လို့ ဘယ်ဥပဒေမှာပါလို့ လဲ..”

လှည့်မကြည့်ဘဲ မေးခွန်းထုတ်လိုက်သဖြင့် အားပါးတရကပ် လာသည့် ခြေလှမ်းတွေ တုံ့သွားကြသည်။ သို့သော် ဒေါသကိုတူးဆွ နေသည့် မထိတထိမေးခွန်းကြောင့် မိုးခြိမ့်နောက်တည့်တည့်က ဝါး ရင်းတုတ်တိုကို ကိုင်ထားသည့် တစ်ယောက်သည်.. ၊

“ရှူပါးဝတဲ့ကောင်..ကိုင်း..”

“အဲ့ဒါဘာလုပ်တာလဲ..သူများနောက်ကျောကနေ..”

“ခွပ်..”

မောင်မောင်က အော်ပြောရင်း တုတ်တိုကြီးကို အသားကုန် မြှောက်လိုက်သည့်လူထံ ရေနွေးပန်းကန်လုံးနှင့် ပေါက်ထည့်လိုက်၏။ အားလူတွေကြောင်ငေးသွားစဉ် တုတ်တိုထံမှ အားခနဲအော်သံနှင့်အတူ တုတ်ပါလွတ်ကျသွား၏။

“ကိုခြိမ့်..ထ..”

မောင်မောင်ကမန်းကတန်းထကာ နောက်ထပ်ပန်းကန်လုံးတွေ ကို ကောက်ကိုင်လိုက်သဖြင့် ဝိုင်းအုံလာသည့် လေးယောက်စလုံးဒေါ သချောင်းချောင်းထွက်သွားကြသည်။ ဒေါ်လုံးနဲ့တခြားလူတွေလည်း ဝိုင်းဆွဲဖို့ ကမန်းကတန်းထလိုက်ကြကာ.. ၊

“ကုလားပေါက်တို့ လက်ပံတို့ ဟော့ကောင်တွေ..မင်းတို့အုပ်စု အားကိုးနဲ့ အနိုင်မကျင့်ကြနဲ့၊ ဒါမျိုးတော့..”

“ဒုတ်..ဒုတ်..”

“အား..”

"အောင်မလေး.."

အားနည်းသူဘက်ကရပ်တည်ဖို့ အင်တိုက်အားတိုက်ထလာကြသော်လည်း လေးယောက်သမားတွေကိုလည်း တားလို့မရ။ မိုးခြိမ့်ကလည်း အရင်လူလွတ်ကျသွားသည့်တုတ်တိုကို ထိုင်လျက်ကနေလှမ်းကောက်ကာ နောက်ကလူတွေကို အကုန်သိမ်းရိုက်ပစ်လိုက်လျှင်..

"သေ..သေပြီ၊ ညို့သကျည်း..အား.."

"ကျိုးပြီဗျ.."

နှစ်ယောက်သည် တုံးခနဲလဲကျသွားလျက် ညို့သကျည်းကိုပြန်ဖက်ပြီးအော်နေ၏။ တစ်ယောက်က အဖျားခတ်မိသွားသည့် ခြေထောက်ကို တဆတ်ဆတ်ခါရင်း ခြေတစ်ပေါင်ကျိုးခုန်နေလေသည်၊

"မိုးခြိမ့်..လူလွန်မသား.."

"ချ..အသေသတ်.."

ဩောင်ပင်တစ်ဖက်က ထန်းရည်ဝိုင်းမှာ ကျန်ခဲ့သည့်ဟိုဘက်ရွာသားတွေ လက်လှမ်းမီရာပစ္စည်းတို့ကိုဆွဲ၍ ပြေးထွက်လာကြလျှင်..

"မောင်မောင်ပြေး.."

ညာသံပေးပြီး သူအရင်ပြေးသည်။ ပါမလာလို့လှည့်ကြည့်လိုက်တော့ မောင်မောင်ခြေလှမ်းနှေးသွားသောကြောင့် အနီးဆုံးတစ်ယောက်က ဓားမတိုနှင့်ပြေးခုတ်လျှင်.. ၊

"ဟိတ်ကောင်.."

မိုးခြိမ့်မျက်လုံးထဲမှာ ပြာသွားသည်။ နိုကြာ့အဖြစ်ကိုဖျတ်ခနဲမြင်ယောင်ကာ မောင်မောင်သည်ယောကျ်ားလေးမဟုတ်တော့ဘဲ..၊

"ခွပ်.."

"ဖောင်း.."

"အား.."

ကိုယ်ခံပညာတတ်လို့မဟုတ်ပေ။ သို့သော် ဒီလိုအဖြစ်အပေါ်မှာနာကျည်းခဲ့သည့်စိတ်က ထုထည်ကြီးမားစွာအုံဖွဲ့နေခဲ့သည်မို့ လွှဲခုတ်လိုက်သည့်လက်ကို မိုက်တိမိုက်ကန်းပြေးကန်ပစ်လိုက်သည်။ အဝင်အကျအကန်ခံလိုက်ရသဖြင့် ဓားလွတ်ကျသွားလျှင် မျက်နှာကိုလက်သီးနဲ့နှစ်ချက်ဆင့်ထိုး၏။ ထိုသူလဲကျသွားတော့ ဓားကိုပြေးကောက်လျှင်.. ၊



"ကိုခြိမ့်မလုပ်နဲ့.."

မောင်မောင်က ရင်ဘက်ချင်းကပ်သွားတဲ့အထိ ရှေ့ပြေးဖက်ထားလိုက်သဖြင့် ဓားကောက်မည့်လက်က ဓားဆီမရောက်ဘဲဖြစ်သွားသည်။ မိုးခြိမ့်လုပ်ချလိုက်လို့ ရုတ်တရက်ကြောင်သွားသည့်လူတွေရှေ့ပြန်တက်လာကြလျှင်.. ၊

"ဟိတ်ကောင်တွေ..တော်ကြတော့.."

"မိုးခြိမ့်.."

"မိုးခြိမ့်..ဘာဖြစ်တာလဲ.."

ဓာတ်တိုင်တို့ငြေတို့ အုပ်စုလိုက်ပြေးလာကြတာ အားလုံးဆေါင်းခြောက်ယောက်။ ထို့ပြင် နောက်ကလေးငါးခြောက်ယောက်ပြေးလာနေကြသေးသည်။ မထင်မှတ်ဘဲ ဩောင်ပင်ကြီးအောက်မှာ လူစုလူဝေးကြီးဖြစ်သွားခဲ့ပြီး.. ၊

"ကဲပါ..တော်ကြပါတော့ဟ.."

"ဟုတ်တယ်..တော်ကြတော့၊ ငါ့ဆိုင်မှာ ငါအကုန်လုံးမြင်တယ်..ဟိုရွာကကောင်လေးတွေက စတယ်..မိုးခြိမ့်ကချတယ်၊ ကိုယ်လည်းဘာမှဖြစ်သွားတာမဟုတ်ပါဘူး..တော်ကြပါတော့.."

"အဒေါ်အဲ့လိုတော့မပြောနဲ့လေ..သူတို့ကလက်နက်တွေနဲ့ အသေသတ်ဖို့လုပ်တာ၊ ကိုခြိမ့်မလျင်ရင် ခုလောက်ဆိုကျွန်တော်တို့သေနေပြီ.."

မောင်မောင့်မျက်နှာတစ်ပြင်လုံး နီနေသည်။ ပြီးတော့ ကျနေသည့်ဓားမကို တအားလွှဲကန်ပစ်၏။

"သောက်ခွေးနဲ့တောင်ပု..ပု ပု.."

ယောင်တတ်သည့်ရွာသားတစ်ယောက် သူ့ဆီလျှောတိုက်ပြေးလာသည့် ဓားကိုအသည်းအသန်ခုန်ပေါက်ရှောင်ရင်း ယောင်နည်းမျိုးစုံနှင့် သံစုံမြည်သွား၏။

ဓာတ်တိုင်မျက်လုံးပြူးသွားကာ မောင်မောင့်လက်ကိုဆွဲထားလိုက်ကာ.. ၊

"တော်တော့ဟေ့ကောင်..အမှုထပ်ကြီးလိမ့်မယ်.."

"အေးလေ..ကိုယ်ကချည်းဆော်ထားတာ၊ နိုင်ပွဲနဲ့ပဲရပ်လိုက်တော့လက်မပါနဲ့.."

ငြေကကပ်ပြောပြီး သတိပေးသည်။ သို့သော် မိုးခြိမ့်ကဂျစ်တ ဂျစ်ကန်.. ။

"လက်မပါရရင် ခြေထောက်နဲ့ပါလို့ရတယ်..လုံးဝမကျေနပ်ဘူး"

"ဂျစ်..ဒေါက်.."

ကွဲနေသည့် ရေနွေးပန်းကန်အစတစ်ခုကို လွှဲကန်ပစ်လိုက်သည်။ ထိုအစသည် လွင့်ထွက်သွားကာ.. ။

"အား..သေပါပြီ.."

လဲကျနေရာမှပြန်ထဖို့ ကြိုးစားနေသည့်လူရွယ်ခမျာ ကိုယ့်နဖူး ကိုယ်အုပ်ရင်း ဖင်ထိုင်ပြန်ကျသွားရှာ၏။ ထိုသူ့လက်ကြားထဲက ထွက်ကျလာသည့်သွေးတွေကိုမြင်လျှင် ခာတ်တိုင်နဲ့ငြေတို့မျက်လုံးချင်းဆုံသွားကြသည်။ ပြီးတော့ အကြည့်တွေက မောင်မောင်နဲ့မိုးခြိမ့်ဆီ ရောက်၏။

ရွာစဉ်ကျော်အလွမ်းသမားကြီးမိုးခြိမ့်စာတ်ယောက် နာမည်ကျော် လူမိုက်ကြီးအဖြစ် ဘဝပြောင်းသွားတာလား.. ။

➤➤ ➤➤

အခန်း(၁၁)

"နင့်ကိုတစ်နေ့နေ့ကောင်းလာမှာပဲဆိုပြီး ငါတို့မျှော်လင့်နေခဲ့တာမိုးခြိမ့်ရယ်.."

"နေဦးထားခင်..လူကြီးအိမ်မှာ ရှင်းလင်းငြင်းခုံနေကြတာ ရှုပ်နေတာပဲ၊ ဟိုကစတာတွေရော ဟိုလူတွေခံရတာတွေရော..ဘာတွေပြောနေကြတာတုံး၊ ဘာတွေဖြစ်ကြတာတုံး..ပြောစမ်းပါသားရယ်.."

"ဒီလောက်တစ်ညနေလုံး ငုတ်တုတ်ထိုင်ပြီး အစီရင်ခံနရတာကို ဘာမရှင်းတာရှိသေးလို့လဲအမေရာ..ဒီနေ့ဘယ်မှလည်း သွားလို့မရတော့ဘူး၊ ရေချိုးပြီးအိပ်တော့မယ်.."

ရှုံ့တွတွမျက်နှာနှင့် မိုးခြိမ့်ထိုင်ရာမှထသည်။

"နေပါဦး..ခုမှမိုးချုပ်တယ်၊ အိပ်စရာလား..နေဦး ထိုင်ဦး.."

ဒေါ်ညိုထိုင်လျက်ကနေ ဖွတ်ပြန်ဆွဲ၏။ မောင်မောင်က လှေကားအတက်အဆင်းနားမှာ ငုတ်တုတ်ထိုင်ပြီး ဘာမှလည်းဝင်မပြော ထွက်လည်းမသွား။ ဒေါ်ထားခင်ကတော့ မောင်မောင့်ဘေးကိုသွားထိုင်လိုက်ရင်း.. ။

"ပြောစမ်းပါဦးငါတို့ကို..မိုးခြိမ့်က အေးမုဆိုတဲ့မိန်းကလေးနဲ့ သွားချိန်းတွေ့တာလား၊ အဲ့ဒါ သူ့ရွာကလူတွေစောင့်ရိုက်ကြတာလား

ဟင်..အေးမှုကလုံးဝထွက်မလာဘူးလား.."

"မဟုတ်ပါဘူး..အေးမှုဆိုလည်းမရောက်ဘူး၊ အဲ့ဒီအကြော်ဆို မှာ ကိုခြိမ့်ကသူ့ရည်းစားတွေအကြောင်းပြောနေတုန်း.."

ဖြစ်ပုံကို မောင်မောင်ကပဲပြောပြကာ.. ၊

"ဒါဆို နင်ကစလုပ်လိုက်တာပေါ့.."

"ကျွန်တော်မလုပ်ရင် ဟိုလူကကိုခြိမ့်ကို ရိုက်တော့မှာ..ကိုခြိမ့် ကျောခိုင်းနေတာ၊ ဘယ်လိုလုပ်ခုခံနိုင်မှာလဲ.."

မောင်မောင်ဖြေနေမှန်းသိတော့ ဒေါ်ညိုကလည်း အနားရော လာသည်။ အိမ်ရှေ့ဧည့်ခန်းမှာ မတ်တပ်ကုလားထိုင်တွေနဲ့ စားပွဲကြ ချထားသည်။ တစ်ဖက်ခြမ်းမှာလည်း တစ်ထွာသာသာအမြင့်ရှိသေ ကျွန်းခုံကျယ်ကြီးရှိနေကာ လူဆယ်လေးငါးယောက်တော့ အသာလေ ဝိုင်းဖွဲ့ထိုင်နိုင်၏။ မောင်မောင်က အတက်အဆင်းဘက်မှာဖြစ်ကာ ဒေ ညိုတို့သွားထိုင်တော့ အိမ်ရှေ့မှာမိုးတိုးမတ်တပ်ရပ်ပြောနေကြသည် ဓာတ်တိုင်တို့ပါ အထဲဝင်လာကြပြီး.. ၊

"ဒေါ်လေးတို့မပြီးနိုင်တော့ဘူးလား..မိုးခြိမ့်က သိပ်စိတ်ညစ် တာမဟုတ်ဘူးနော်၊ ဟိုလူမောင်မောင့်ကို ဓားနဲ့ပြေးခုတ်တော့ ဒီကော အသိစိတ်ပျောက်သွားတာ.."

သူတို့တွေက ရွာထိပ်နတ်စင်ကွင်းကြီးထဲမှာ ကြက်ပွဲဖြစ်နေ တာမို့ ညောင်ပင်ထန်းရည်ဆိုင်မှာ ရန်ပွဲဖြစ်နေကြပြီဆိုတည်းက တ ကြားသည်။ ရန်ဖြစ်ကြတာမဆန်းပေမယ့် မိုးခြိမ့်နာမည်ကြားလို သည်နှင့် ကြက်ပွဲကိုထားပြီး သူတို့ပြေးသွားခဲ့တာဖြစ်၏။ ထို့ကြော အနားကိုချက်ချင်းရောက်မသွားနိုင်ပေမယ့် ဖြစ်ပျက်နေတာကို သူ သေချာမြင်လိုက်ကြသည်။ ဟိုလူကိုပြန်မခုတ်ရလို့ ဒေါသမသေဖြစ် သည့် မိုးခြိမ့်တစ်ကိုယ်လုံး ဘုဆတ်ဆတ်တုန်လျက် မိုးခြိမ့်မဟု တော့သော တခြားလူကဲ့သို့ သူတို့အသည်းအသန်းတားဆီးခဲ့ရသည်

"ဒီကောင်လူစိတ်ပျောက်နေတဲ့အတိုင်းပဲ..ဟိုကောင့်ကိုပြန်ခု ဖို့ကလွဲပြီး သူဘာမှမသိတော့ဘူး..သူတို့ကိုဝိုင်းလာတဲ့ကောင်တွေ လက်နက်တွေနဲ့.."

"ဘုရား..ဘုရား.."

မောင်မောင်ကလည်း ပြောပြနေသဖြင့် ခုမှသေချာသိရကာ ဒေ



ညိုရင်ဘက်ဖိထားရလေသည်။ ငသြက ပုဆိုး'မ'၍ ပေါင်ကြားထဲထိုး ညှပ်ရင်း ပျဉ်ခင်းအစပ်မှာ ဝင်ထိုင်လိုက်ကာ.. ၊

"အခုအိပ်ပေါ်တက်သွားတာလား.."

"နောက်ဖေးဝင်သွားတယ်..ငါကမေးချင်လို့ လက်ဆွဲထားတာ ကောင် ဖယ်ချပစ်ခဲ့တာ.."

ဓာတ်တိုင်ကလည်း ဖိနပ်ချွတ်ပြီး ဝင်လာကာ ဒေါ်ညို့ဘေးမှာ ဝင်ထိုင်လိုက်ပြီး.. ၊

"သူ့မှာနီတြာ့အဖြစ်ကြီးကိုမေ့ဖို့ ကြိုးစားနေရတာ..ခုထပ်ပြီး မောင်မောင့်ကိုဓားနဲ့ပြေးခုတ်တာ မြင်လိုက်တော့သွားရော.."

"ဒီလူတွေကလည်းဘာလဲ..ဒီလိုကိစ္စလေးဖြစ်တာကို ဓားဆွဲ ခုတ်ဖို့လိုလို့လား.."

"ဒေါသလေ..ပြီးတော့ အဲ့ဒီဘက်ကကောင်တွေက မိုးခြိမ့်နာမည် ကြားတာနဲ့ လက်ယားနေကြတာ.."

"ဘယ်လို.."

"အစတည်းက မိုးခြိမ့်ကိုမနာလိုဖြစ်နေကြတာပြောတာပါ..သူ တို့ရွာကကွမ်းတောင်ကိုင်ကအစ မိုးခြိမ့်ကို.."

"အမလေး..ကွမ်းတောင်ကိုင်ဆိုတာ ထည့်မပြောစမ်းပါနဲ့၊ တစ် ရွာလုံးပေါင်းမှ ကြည့်ပျော်ရှုပျော် အဲ့ဒီတစ်ယောက်ပဲရှိလို့ ကွမ်းတောင် ကိုင်ပန်းတောင်ကိုင်ဖြစ်နေတာ..မိုးခြိမ့်မပြောနဲ့ ငါတောင်မကြိုက်ဘူး.."

"ဒေါ်လေးကမိန်းမချင်းကိုး.."

"အေးပေါ့..နင်တို့ယောကျ်ားလေးတွေက မိန်းကလေးတစ် ယောက် လှတာမလှတာထက် ဘာကြည့်ကြိုက်ကြသလဲမှ မသိတာ.."

"လုပ်ပြီ..ဒေါ်လေးကတော့.."

"ဟွန်း..မျိုးမျိုးနွယ်တဲ့၊ အသားကညို နှာကတိုတိုနဲ့ တစ်စက်မှ ကိုမလှတာ..ဖွံ့ဖွံ့ထွားထွား မျှစ်စိုပေါက်ကြီးနဲ့တူတာကတော့.."

"ကဲပါဒေါ်လေးရာ..လူတွေလည်းနာဘူးဖြစ်ကုန်ပြီ၊ အဲ့ဒီကွမ်း တောင်ကိုင်ကိစ္စမပြောကြေး.."

ဓာတ်တိုင်က စကားအတင်းဖြတ်၏။ မဖြတ်လို့လည်းမဖြစ်။ ခြံဝကနေအထဲကို ဝင်လာသည့် ဓာတ်မီးတွေနှင့် လူရိပ်တွေကို မြင် လိုက်ရသဖြင့်.. ၊

"သေချာတယ်..အဲ့ဒါ ဒေါ်ပိန်သေးနဲ့အဘွားငိုပဲ၊ မဟုတ်ရင် ... ငွေးဝင်း.."

"မင်းကလည်းသေချာတယ်ဆိုပြီး ထွက်လာတဲ့ဖြစ်နိုင်ချေတွေ က.."

"ဒါကတော့ စပ်စုနိုင်သူတွေရှိသမျှ ထည့်တွက်ရတာလေ.."

ဒေါ်ညိုကတော့ မှောင်မည်းမည်းထဲကို လှမ်းကြည့်လိုက်ပြီး..

"ထားခင်..မီးလုံးလေး ဖွင့်လိုက်ပါဟဲ့.."

ခြံအဝင်ဝမှာတိုင်ထူပြီး ဆွဲထားသည့်မီးလုံးလေးကို ဒေါ်ထားခင် ကထဖွင့်လိုက်သည်။ သို့သော် အုပ်စုလိုက်က အိမ်ရှေ့ရောက်နေပြီဖြစ် ကာ.. ။

"မိုးခြိမ့်ရေ..မသေကောင်းမပျောက်ကောင်း ဘာဖြစ်တာတုံး..

ဒေါ်ငိုက ရှေ့ဆုံးကဖြစ်ကာ သားဖြစ်သည့်စံထူးက နောက်က ဓာတ်မီးကိုင်လျက်ပါလာ၏။ သူတို့နောက်က ရွာလယ်ကငပိငံပြာရည် သိပ်ရောင်းသည့် လှဒွန်းတို့လင်မယားနှင့် အပျိုကြီးညီအစ်မတွေလည်း ပါ၏။ ပြီးတော့ သူတို့မွေးစားထားသည့် တူလေးသုံးယောက်နှင့် ခွေး ကအစပါလေသည်။ ဒေါ်ညိုတို့အိမ်က ခြံဝင်းကျယ်ကာ စပါးလှေ့... ကြီးနှင့် စပါးကျီတွေ စပါးခွဲပုံတွေက ဟီးထနေကာ ကလေးတွေအ တွက် ဂိုဒေါင်ကြီးကြားလိုဖြစ်နေ၏။ ရောက်တာနှင့်အပျိုကြီးတွေရဲ့... တွေက စပါးခွဲပုံကြီးတွေဘက် ပြေးသွားကြလေသည်။

"ဟဲ့..ဟဲ့ မိုးချုပ်နေပြီ၊ စပါးခွဲပုံပေါ်မတက်နဲ့နော်၊ ယားကုန်မယ်..

"လူတက်တာအကြောင်းမဟုတ်ဘူးမိုးမိုးရေ..နင့်ခွေးချေးပါခဲ့... ခေါ်ကျူးခိုင်းမှာနော်.."

ဒေါ်ထားခင်က ရွှံတတ်သူမို့ လှမ်းအော်၏။ မိုးမိုးကရယ်ကာ... အိမ်ထဲကို အရင်ဆုံးရောက်အောင် ကျော်ဝင်လာပြီး.. ။

"ကျူးပေးမယ်..ကျူးပေးမယ်၊ ကတဲမှပဲ..ကိုယ့်မောင်လေးတွေ... စိတ်ပူလို့ပြေးလာမေးတာကို၊ ဒီမှာ လိမ်းဆေးမြစ်ပါယူခဲ့တယ်.."

"ကျေးဇူးတော့တင်ပါတယ်..ဒါပေမယ့် ငါ့တူကဒဏ်ရာနဲ့ကျ... တာမဟုတ်ဘူး၊ ဒဏ်ရာပေးပြီးပြန်လာတဲ့သူ..လိမ်းဆေးမလိုဘူး..

"ဟုတ်လား..နည်းနည်းမှကို မထိခဲ့ဘူးလား၊ ကောင်းလိုက်တာ... ကျုပ်ကတော့ ဟိုကောင်တွေပေါက်ပြဲသွေးထွက်ကုန်ရင် မိုးခြိမ့်...



...ည်း ဖူးတာယောင်တာတွေတော့ ဖြစ်မှာပဲထင်တာ..တို့ရွာသားချပစ် ...ခဲ့တယ်ဆိုတော့ ကောင်းတာပေါ့၊ အလကား..အဲ့ဒီရွာကလူတွေ အ ...ညည်းတန်အုပ်စု၊ အသားပြာဆီကြေးတွေ..ချောတဲ့လှတဲ့သူဆို ဘယ် ...မှသူတို့မနာလိုဘူး.."

"ဟုတ်တယ်..ကျိန်စာသင့်နေတဲ့ရွာ.."

"အောင်မယ်လေး..အပျိုကြီးမမတွေရယ်၊ သူများတွေကိုပြော ...ိုက်တာ ဝဋ်လိုက်မှာမကြောက်ဘူးလားဟဲ့.."

ဒေါ်ငိုက လူကြီးပီပီ ကျွန်းခုံပေါ်တက်လာပြီး ခေါင်းရင်းဘက်မှာ ...ိုင်၏။ မောင်မောင်က အားလုံးရှေ့ကနေ ခေါင်းလေးငုံ့ပြီး ထထွက် ...သွားလျှင်.. ။

"မိညို.."

"ရှင်..ဒေါ်လေးငို.."

ဒေါ်ငိုက မိုးမိုးတို့နဲ့ဒေါ်ထားခင်တို့ စကားပြောနေကြတာကို အခွင့်ကောင်းယူကာ ဒေါ်ညို့နားနားကပ်၍.. ။

"သူတို့နှစ်ယောက် သွားကြတုန်းဖြစ်တာဆို.."

"ဟုတ်တယ်ဒေါ်လေးငိုရယ်..အဲ့လိုအတူတူ တွဲသွားတွဲလာသိပ် ...ကြပါဘူး၊ ဟစ်ခါတလေသွားဖြစ်တာ..တစ်ခါဖြစ်လာတာပဲ၊ တုတ် ...တွေဓားတွေနဲ့ဆို အရမ်းရင်တုန်တာပဲ.."

ဒေါ်ညိုရင်တုန်နေတာကို ဒေါ်ငိုကသတိမထားနိုင်ဘဲ နားနား ...ပ်တိုး၍.. ။

"ကြားလိုက်ကာစက သူတို့နှစ်ယောက်ဖြစ်ကြတာဆိုလားလို့.."

"ပေါက်ပေါက်ရှာရှာဒေါ်လေးညိုရယ်..မောင်မောင်ကလူအေးပါ၊ ...ိုးခြိမ့်ကလည်း နီတြာကိုစွပြီးတည်းက သူ့ဟာသူသောက်လိုက်အိပ် လိုက်နဲ့ သူတို့ချင်းဆုံချိန်ကိုမရှိတာ.."

ဒေါ်ငိုက မတင်မကျမျက်နှာကြီးနှင့် ငြိမ်နေ၏။ ခဏကြာမှ နား နားထပ်တိုးကာ.. ။

"ညည်းတို့ကို ငါပြောစရာရှိသေးတယ်.."

>> <<

အခန်း(၁၂)

"ဘယ်လို..ဘယ်လို.."

"ဟုတ်တယ်မိထားခင်ရေ..ဒေါ်လေးငိုက လုံးဝကိုထင်နေတ[illegible] သူ့ဟာသူဆရာဝန်ဖြစ်ဖြစ် နတ်သိကြားဖြစ်ဖြစ် တို့ရွာသူကို ငြီစွန်း[illegible] မှ မယူလို့ကတော့ ညည်းတို့လည်းညွှဲသည်ဘက်က လိုက်ဖို့မ[illegible] စားနဲ့တဲ့..ရွာမှာနေလာတာလည်း နှစ်နဲ့ချီနေပြီဆိုတော့ ဒီရွာသားပဲလ[illegible] ခိုင်းလိုက်ပါတော့တဲ့.."

"ဖြစ်ရလေ.."

ဒါတင်မကသေးဘဲ ဒေါ်ငိုပြောသွားသမျှကို ဒေါ်ညိုကပြန်ပြ[illegible] ပြနေခဲ့သည်။

"ဖြူဝင်းတို့သားအမိကလည်း အားကိုးစရာအိမ်ထောင်ဦး[illegible] ကောင်းမရှိခဲ့ပေမယ့် အခြေမဲ့အနေမဲ့မှမဟုတ်ဘဲ..နာမည်ပျက်အစ[illegible] အထင်းရှိတဲ့မုဆိုးမလည်းမဟုတ်ဘူး၊ အတည်တကျလေးယူလိုက်[illegible] ပြီးသွားရင် သူ့အတွက်ဆေးဝါးပစ္စည်းလေးတွေထုထောင်ပြီး ရွာဆေ[illegible] ခန်းလေးဖွင့်.."

ဘယ်လိုဘာညာလမ်းကြောင်းတွေတောင် ပြောပြသွားခဲ့[illegible] သည်။



"ဖြူဝင်းတစ်ယောက်တည်းမတတ်နိုင်ရင်တောင် ငါတို့ရွာမှာသူ[illegible]တွေမှအများကြီး..ရွာဆေးခန်းဖြစ်အောင် ဝိုင်းထူထောင်ပေးကြမှာ[illegible] ညည်းတို့ဒွေ့သည်ဆိုတော့ ညည်းတို့လည်းမျက်နှာရမယ်..ငါတို့[illegible]လည်း ကိုယ်ပိုင်ဆေးခန်းနဲ့ကိုယ့်ဆရာဝန်နဲ့ ဘယ်လောက်ဂုဏ်ရှိ[illegible]ပလဲ.." တဲ့.. ။

ဒေါ်ညိုက ပြောတော့ပြောပြပေမယ့် ဒေါ်ထားခင်တခစ်ခစ်ရယ်[illegible] သူလည်းမနေနိုင်။ နှစ်ယောက်ပါးစပ်တွေလက်နဲ့ပိတ်ပြီး ခပ်[illegible]ကြိတ်ရယ်မိရင်း.. ။

"အယ်..မရယ်နဲ့အစ်မ၊ အဲ့ဒါ..အဲ့ဒါ.."

ရယ်နေသည့်မျက်နှာမော့လာပြီး ချက်ချင်းထိတ်ထိတ်ပျာပျာဖြစ်[illegible]သည်။ ဒေါ်ညိုလည်း ဘာမသိညာမသိနှင့် ထိတ်လန့်သွားခဲ့[illegible].. ။

"ဘာလဲ..ဘာဖြစ်လို့လဲ.."

ဒေါ်ထားခင်က ဘက်ထရီအားလျှော့သွားသဖြင့် ထသွားပြီး အ[illegible]ပြောင်းချိတ်သည်။ ပြီးမှ ပြန်လာထိုင်လျှင်.. ။

"မိထားခင်ရယ်..ဘက်ထရီအားကျတာပဲ အလန့်တကြား.."

"ဘက်ထရီအားကျတာကို ကျုပ်ကလန့်စရလားအစ်မကလည်း"

ဒေါ်ထားခင်က စကားပြောလျှင် ကျုပ်လို့သုံးသလို တစ်ခါတစ်[illegible]တော့ ကျွန်မဖြစ်သွားပြန်၏။

"သူက မောင်မောင့်ကိုမသိလို့ အဲ့လိုထင်တာလေ..တကယ်က [illegible]မောင်က ယောကျာ်းလေးမှမဟုတ်တာ.."

"အဲ့ဒီတော့ဘာဖြစ်.."

ဒေါ်ညိုသဘောပေါက်သွားကာ စကားလည်းမဆုံးလိုက်ပေ။ [illegible]သူမှသတိမထားမိခဲ့သည့် ဖြူဝင်းနဲ့ဆက်ဆံရေးက ဘယ်လိုဖြစ်[illegible]လဲ.. ။

"ငါသေချာကိုမြင်တာပါမိညိုရယ်..မိုးချုပ်မှဝင်သွားတာ၊ မီးလုံး[illegible]ဘဲနေကြတယ်..နာရီဝက်ကျော်မှမီးဖွင့်တယ်၊ ပြန်ထွက်လာတော့ [illegible]မောင်ကသူ့ဝတ်ထားတဲ့ ဂျာကင်လားဘာလား..အဲ့ဒါကိုကိုင်လာ[illegible] ဒီနပ်ချွတ်မှာဖိနပ်စီးနေမှ လက်လျှိုဝတ်သွားတာ..ကဲ.."

ဒေါ်ငိုပြောခဲ့တာတွေကို ပြန်တွေးပြီး တံတွေးမျိုချမိ၏။

"မိထားခင်.."

"ဟင်.."

"မိန်းမချင်းချစ်ကြိုက်ကြတာ..ဘာများသဘာယာလို့လဲဟင်.."

"ဩော်..ကျုပ်မှမကြိုက်ဘူးတာ ဘယ်လိုလုပ်သိမှာတုံး.."

"ဒါ..ဒါဆို မောင်မောင်ကဖြူဝင်းနဲ့.."

"ဟုတ်တယ်..ကျွန်မတို့သံသယဝင်တာ ဟုတ်နေပြီ.."

မဟုတ်ပါစေနဲ့လို့ ဆုတောင်းရင်း နှမျောခြင်းကရင်ထဲမှ သဖြစ်သွား၏။ တကယ်ပဲ ယောကျ်ားစိတ်ဖြစ်နေလို့ သူမပုံစံက ကျောကျော ဂျစ်ကန်ကန်လေးဖြစ်နေခဲ့တာလား..။ ဖြူဖြူနုနုလေး မယ့် နွဲ့သည်လည်းမဟုတ် တောင့်သည်လည်းမဟုတ်တာကြောင့် ကိုဘယ်သူကမှ မိန်းကလေးလို့မထင်ခဲ့ကြတာလား.. ။

"ငါတို့သူ့ကိစ္စကို မဖော်ခဲ့မိတာ မှားများမှားသွားတာလား.."

"ဖော်တော့ရော သူ့ကိုယ်သူယောကျ်ားစိတ်ဖြစ်နေတာက ပြေ လဲသွားမှာမို့လို့လားအစ်မရဲ့..ကျွန်မတို့ကိုက မတွေးမိတာပါ လောက်ကြာအောင် သူ့ကိုဘယ်သူမှမသိအောင် ဖုံးဖိထားနိုင်တည် ဒီပုံစံနဲ့သူ အံဝင်ဂွင်ကျဖြစ်နေခဲ့တာ အသိသာကြီး.."

"ဒါပေမယ့် မိန်းမကတော့ မိန်းမသဘာဝတွေရှိလာမှာပဲ သူဒီရွာမှာဘယ်လိုများ ဖုံးဖိထားနိုင်တာလဲ.."

"ဒါကသူနေနေကျလိုဖြစ်နေလို့ပေါ့ အစ်မရယ်..ဘာမှလ မျှော်လင့်မနေတော့ပါဘူး၊ တော်ပါပြီ..မောင်မောင်ကမိုးခြိမ့်မှူးရှူး တဲ့ကာလတစ်ယောက်လုံး ကျွန်မတို့ကိုသူတတ်နိုင်သလောက် ကူ တာပဲ..သူဖုံးဖိချင်တာလေးကို ဖော်လည်းမဖော်ချင်တော့ဘူး.."

"ဟုတ်တယ်..သူ့ခမျာ ဒီကလွဲပြီး တခြားမှာအဆင်မပြေနိုင် သိလို့ ဒီအချိန်ထိ ကပ်တွယ်နေတာနေမှာ၊ ဒေါ်လေးငိုတို့ထင်နေသ ပဲထားလိုက်ပြီး သူဘာဖြစ်ချင်သလဲ မေးကြည့်ကြတာပေါ့.."

သူမ ဘာလဲ ဆိုတာ တစ်ခွန်းတစ်ပါဒမှ မဟတော့ဘဲ ဒေါ် သိထားတဲ့အတိုင်းနဲ့သာ ကိုယ်ကမိဘနေရာကနေ ဆောင်ရွက် လိုက်တော့ဖို့ ဆုံးဖြတ်မိကြသည်။ ရယ်လွန်းလို့ငိုရတာမျိုးလား.. လေးတင် ဒေါ်ငိုတို့အထင်လွဲနေကြတာကို ရယ်လိုက်မိသည်။ ချင်းပဲကြေကွဲဖို့ဖြစ်လာခဲ့သည်။ သို့သော်.. ။



"ကျုပ်ကတော့ သူ့ကိုမိန်းကလေးပုံစံလေးနဲ့ စိတ်ကူးထဲမှာပုံဖော်ကြည့်ရတာအမော..သူ့ဆံပင်တွေရှည်လာတာတောင် မညှပ်ဖြစ်အောင် အမျိုးမျိုးလိုက်ဖျက်ခဲ့တာ.."

"ငါလည်းဘာထူးလဲအေ.."

ဒေါ်ညိုမှာလည်း လွမ်းစရာတွေနဲ့ပါ.. ။

"ဆံပင်မညှပ်လိုက်နဲ့မောင်မောင်..လူလေးက အသားဖြူတယ်၊ မြို့သားဆိုတော့ အသားရည်လည်းနုတယ်..ဆံပင်ညှပ်ချလိုက်လို့လည် ဂုတ်သားတွေ ဆံစပ်တွေပေါ်လာရင် လူလေးကိုပိုပြီးနောက်ကြလိမ့်မယ်..ခုတောင်မိန်းမချောချောတယ်လေး ဘာလေးနဲ့ စနောက်ခံနေရတာကို.."

ဘာမှမသိတဲ့ပုံစံနဲ့ အညှာကိုင်ပြီး တစ်ခါပဲခြောက်လန့်ထားလိုက်ရသည်။ မောင်မောင်သူ့ဆံပင်ကို ဖြတ်ချမပစ်တော့ဘဲ ဂုတ်ဆောက်ထက်ကျော်တာနှင့် အနည်းငယ်တို့တို့တိတိညှိရင်းဖြင့်သာ..၊

"ဒေါ်လေးငိုက ညည်းတို့နဲ့မောင်မောင့်ကို ရည်းစားလုဘက်တွေ့မှ မရင်းနှီးကြတာလို့ထင်တာ..နေ့လည်ကရန်ပွဲကိုလည်း အဲ့ဒါတွေနဲ့ တော်သက်ပြီး သူတို့ချင်းဖြစ်ကြတယ် တခြားလူတွေဝင်ပါလာကြတယ် အဲ့လိုထင်တာ.."

"ဒေါ်လေးငိုဆိုတဲ့အဘွားကြီးကလည်း အသက်သာကြီးတာ.. အတော်ကိုစပ်စုပါတယ်အစ်မရယ်.."

"အဲ့လိုမဟုတ်ပါဘူးအေ..ဘာဖြစ်ဖြစ်သိထားချင်တာမျိုးပါ.."

"အဲ့ဒါပဲပြောတာလေ..စပ်စုတာချင်း အတူတူပဲ.."

"ဒါပေမယ့် ဒေါ်လေးငိုက အတင်းအဖျင်းမပြောတတ်ဘူး..မှန် အဲ့ဘက်က ရပ်တည်ချင်တဲ့စိတ်ရှိတယ်၊ ငါတို့ရွာမှာ သမာသမတ်ကျတဲ့ ရပ်မိရပ်ဖတွေပါ..မစော်ကားစမ်းပါနဲ့၊ ငါတို့ထင်တဲ့ပုံစံမျိုးနဲ့ပဲဖြစ်ဖြစ် သူကမှဖြူဝင်းကိုသဘောကျပါတယ်ဆိုရင်.."

"အောင်မလေးတော်ပါတော့..အိပ်တာပဲကောင်းတယ်.."

ညဉ့်နက်တဲ့အထိအိပ်မရတာက အစ်မဖြစ်သူက အိပ်ရာထဲ ရောက်မှ လာခေါ်ထုတ်ခဲ့လို့ပါ။ ဒေါ်ငိုတို့က အတော်ကြာမှပြန်သွားသည်။ မာတ်တိုင်တို့က မိုးခြိမ့်နဲ့ဘာတွေရက်ချိန်းယူနေကြသည်မသိ။ ညဉ့်နက်မှ စကားပြောဖို့အခွင့်သာတာကြောင့် ဒေါ်ငိုပြောသွားတာတွေ

ကို ပြန်ပြောရင်း ညီအစ်မနှစ်ယောက် ခုထိမအိပ်ရသေးတာဖြစ်သည်။ ဒေါ်ထားခင်က ထလိုက်ပြီးမှ ဆေးလိပ်မီးညှိနေသည့် အစ်မဖြစ်သူကို ပြန်လှည့်ကြည့်ကာ.. ။

"အစ်မက မအိပ်သေးဘူးလား..မနက်ကျ ဆွမ်းလှူဖို့ရှိတယ်နော်.."

"အတွေးတစ်ခုရှိနေရင် ငါအိပ်လို့မပျော်ဘာ ညည်းသိရဲ့သားနဲ့"

"မတွေးနဲ့ပေါ့ အစ်မရယ်.."

တိတ်ဆိတ်နေသည့်ညဥ့်ယံမို့ စကားကျယ်ကျယ်ပြောလို့လည်း မရ။ ထို့ကြောင့် ဒေါ်ထားခင်က ဒေါ်ညို့နားမှာပဲ ပြန်ထိုင်ကာ.. ။

"မတွေးနဲ့အစ်မ..အပေါ်ယံတွေးကြည့်ရင်တော့ဟုတ်တယ်၊ သူ စိတ်ချမ်းသာအောင် သူမသိစေချင်တာလေးကိုဆက်ပြီး ဖုံးဖိထားပေးမယ်..မိဘနေရာကနေ ဆောင်ရွက်ပေးသင့်တယ်၊ ဒါပေမယ့် ဒါသဘာဝမကျတဲ့ကိစ္စကြီးလေ.."

"ကျကျမကျကျ ဒါသူတို့ဘဝအကြောင်းကံပဲထားခင်ရဲ့.."

"ကိုယ်နဲ့ဘာမှသွေးမတော်ဘူးဆိုတာလည်း ထည့်တွက်ဦးလေ.. ပြီးတော့ ဖြူဝင်းကရော သူလည်းပရဲ့သူအစစ်မှမဟုတ်တာ၊ နှစ်ယောက်စလုံးက အကြောင်းတစ်ခုစီနဲ့ ရောက်လာကြတဲ့လူတွေ..ဒေါ်လေးငိုက ဖြူဝင်းဘက်ကနစ်နာမှာစိုးလို့ပြောရင် ကျွန်မတို့လည်း မောင်မောင့်ဘက်က တွက်ရမှာပေါ့.."

ဒေါ်ညိုက ညီမဖြစ်သူကို စိတ်ပျက်သလိုကြည့်၏။ 'ထားခင်ခဲ့တဲ့မိန်းကလေး ဒီအရွယ်ထိ စိတ်မြန်လက်မြန်ပြောချင်လုပ်ချင်တုန်းပဲလား'ဆိုသည့် အကြည့်.. ။

"မိန်းကလေးချင်း ဒီလိုဖြစ်ကြတာမှာ ယောကျ်ားဖြစ်ရတဲ့မိန်းကလေး ဘယ်လောက်နစ်နာသလဲ..မိန်းကလေးချင်းကို ကိုယ်ကကုန်ကျုံးရှာကျွေးရတော့မှာလေ..အဲ့ဒါမိန်းမချင်းပေါင်တင်တာ.."

"ထားခင်ရယ်..အဲ့ဒီလိုရှိကြလို့လည်း သူတော်ကောင်းများက ဒါကိုဝဋ်ကြွေးကြီးသူများလို့ သတ်မှတ်ခဲ့တာပေါ့..ထားလိုက်ပါအေ.."

"ဒါဆိုလည်း အစ်မဘာလို့ဆေးလိပ်ကြီးဖွာပြီး ငုတ်တုတ်ထိုင်နေမှာလဲ..ထ အိပ်မယ်.."

"ဒါတော့ဒါပေါ့..ရင်ထဲမကောင်းတာ မကောင်းတာပဲ၊ မောင်



မောင့်ကိုမိန်းကလေးမှန်းသိတည်းက ငါ့သမီးလေးလို ငါ့မှာချစ်ခဲ့ရတာ.."

ဒါကြောင့်လည်း သူမဘာကြောင့်မိန်းကလေးဘဝကို မြှုပ်ကွယ်ထားခဲ့တာဖြစ်စေ ကိုယ့်မှာမပြောရက် မဖော်ရက်ခဲ့ဘဲ အရိပ်တကြည့်ကြည့် ဖာဖာထေးထေးရှိခဲ့ရသည်။ သူမလေး ဘယ်အရပ်ဘယ်ဌာနေက လာတာဖြစ်ဖြစ် ဘယ်လိုအကြောင်းတွေရှိခဲ့ပါစေ အိမ်ထောင်ရှိပြီးတဲ့ မိန်းကလေးမဟုတ်မှန်းလည်း ကိုယ့်ဘာသာယုံကြည်နေခဲ့ပြီး သံသောဇဉ်ကိုကြီးခဲ့ရ၏။

"ကျုပ်ကတော့ တစ်ခါတည်းပြောမယ်နော်အစ်မ..သူတို့ကိုပေးစားမယ်ဆိုတာကြီး လာမတိုင်ပင်နဲ့၊ အားလည်းမပေးဘူး..ကူလည်းမကူညီနိုင်ဘူး၊ ဆရာဝန်မနဲ့ကလေးအမေမှဆိုးမတဲ့..ဘယ်လိုမှကိုမတူတန်တာကြီး.."

ဒေါ်ထားခင် ပြောရင်းထထွက်သွားလေသည်။ မိုးခြိမ့်တို့အုပ်စုတွေသိရင် ဘာပြောကြမလဲ.. ။

➢➢ ➢➢

## အခန်း(၁၃)

တစ်နေ့နေ့တော့ သိကြမှာပါ။ သိရင်ဘာဖြစ်ကုန်မလဲ...။ ငါ ညာမှုတိုင်းမှာ အေးချမ်းမှုဆိုတာမရှိပါလား..။ မောင်မောင်အိပ်ခန်း ခေါင်းရင်းပြတင်းပေါက်မှာရပ်နေရင်း တိမ်ညိုတို့နောက်ကွယ်မှာ ပျပျပေါ်လာလိုက် မှောင်မိုက်ပျောက်ကွယ်သွားလိုက်ဖြစ်နေသည့် ခြမ်းပဲ့လလေးကို မော့ငေးနေမိသည်။ တိမ်ညိုတွေထူခဲအုပ်ဆိုင်း လည်း လသည်ပိုကြွေးမနေခဲ့။ လရောင်မဲ့သည့်ညသည်လည်း သူ့ တာကို ရပ်တန့်မနေခဲ့ပေ.. ၊

ကိုယ်ကတော့ ဘာကိုအရှုံးပေးပြီး ဘာအတွက်ရပ်တန့်နေခဲ့ လဲ..။ ဒါဆို အနိုင်ရသွားတာက ဘယ်သူလဲ.. ၊

တရိပ်ရိပ်ပြေးနေကြသည့် တိမ်ညိုမည်းတို့ကိုစီး၍ အတိတ် ရက်တွေဆီ စိတ်ကပြေးသွားနေမိသည်။ သတိမရချင်ပေမယ့် အတိ နဲ့ပစ္စုပ္ပန်မှာ ကိုယ်ပဲဖြစ်နေခဲ့သည်။ မှားတာတွေမှန်တာတွေကို လွန်ဖြတ်သန်းနေခဲ့တာလည်းကိုယ်သာ။ ပြီးတော့ ဖေဖေဦးအောင်က

"ကိုယ့်ဘဝကိုယ် ရည်မှန်းချက်မထားတဲ့လူဟာ ကိုယ့်ကိုယ် ရော ကမ္ဘာလောကကိုရော ဘာကောင်းကျိုးမှဖြစ်မှာ မဟုတ်တဲ့အမှု ပဲ.."



ဒါဟာ ဖေဖေ့ရဲ့ပြင်းထန်တဲ့ဝါဒတွေဖြ

"ရေအိုင်ထဲကငါးက မြစ်ကိုမသိဘူး..ဒါ ရင် တစ်ထောင်ကိုကိုင်နိုင်အောင်ကြိုးစားရမယ်၊ မ မှာယ်ပဲ.."

ဖေဖေ့ဘဝဟာ ငွေမှလွဲပြီးတခြားမရှိခဲ့ပေ။ ဒါဆို သားမေးဖို့ရှိလာခဲ့သည်။ ဦးအောင်ကိုဆိုသည့်လူတစ်ယောက်က မ သက်ထဲမှာ ပြီးပြည့်စုံသည့်အခြေအနေလေးတစ်ခုနှင့် ကြီးပြင်းလာခဲ့ တာဖြစ်သည်။ ဒါပေမယ့် ငယ်စဉ်တည်းက ကိုယ့်ရဲ့လက်ရှိအခြေအနေ ပေါ်မှာ မရောင့်ရဲနိုင်ခဲ့သော ချမ်းသာချင်သည့်အစွဲတစ်ခုရှိနေခဲ့၏။ လူချင်းတူနေပြီး တောသားနဲ့မြို့သား မတူညီတာတွေ ဆင်းရဲတဲ့လူနဲ့ ချမ်းသာတဲ့လူရဲ့ကွာဟမှုတွေ ဒါတွေကိုသူငယ်စဉ်တည်းက နှိုင်းယှဉ် တွေးလာခဲ့တာဖြစ်ကာ ကိုယ်ကနိမ့်ကျသည့်ဘက်မှာရှိနေရသည့်အဖြစ် ကို လက်မခံနိုင်ခဲ့.. ၊

"ငါလိုချင်တဲ့ဘဝကို ငါရအောင်ယူခဲ့တယ်..ငါပညာမတတ်ပေ မယ့် ပညာတတ်တွေ အမြောက်အမြားကို ငါခိုင်းထားနိုင်တယ်၊ ဒါပေ မယ့် ငါ့သားသမီးကတော့ ဒါကိုဂုဏ်ယူရမှန်းမသိဘူး..အတုမယူတတ် ဘူး..."

သားနဲ့သမီးနှစ်ယောက်ပဲမွေးထားခဲ့သည်။ သားအကြီးက ပညာ ရေးမှာလည်း အသင့်အတင့်။ ကိုယ့်ဘဝကိုယ်တွေးတော့လည်း အသင့် အတင့်နှင့် ကျေနပ်ချင်သည်။ ချစ်သူရှာခဲ့တာတောင် ချို့တဲ့သည့်မိသား စုက မိန်းကလေးနဲ့မို့ ဦးအောင်ကိုဒေါ်သူပုန်ထခဲ့သည်။ ထို့ပြင် ဆရာ ဝန်ဖြစ်လာသည့် သမီးအငယ်က လုပ်ငန်းခွင်ဝင်ဖို့ ကြိုးစားသည်။ ဝါသနာပါလို့ ဒီပညာယူခဲ့သည်လို့ပြောလာတော့ သားအဖပဋိပက္ခတွေ ဖြစ်ရလေသည်။

"မင်းတို့ကိုပညာသင်ပေးတာ မတုံးအောင်လို့ပဲ..သူများခိုင်းဖို့မ ဟုတ်ဘူး..."

ဒေါ်သမာနတို့သည့် သားသမီးမို့ချန်လှပ်ပြီး ကွက်ကျားမိုးမရွာ ခဲ့ပေ.. ၊

"အဲ့ဒီကောင်မကိုခေါ်ပြီး မင်းဘဝကိုမင်းကျောင်း..ငါ့နာမည် လည်းမသုံးနဲ့၊ ငါ့သားဆိုတဲ့ဘဝကိုလည်းမေ့လိုက်..ငါ့မှာသမီးတစ်

ဘ်လိုက်ပြီ.."

စ်ကြိမ်တော့ ခွင့်လွှတ်ပေးလိုက်ပါဖေဖေရယ်

ရောက်အောင် အောက်ခြေကစပြီး ရုန်းကန်ခဲ့ရတာ

ခွင့်အရေးပေးလိုက်ပါ.."

ဝတစ်လျှောက်လုံး အခွင့်အရေးတွေရနေခဲ့တာ..ဘာထ

လဲ၊ လူတစ်ယောက်က လူတစ်ယောက်ကို စာနာတယ်ဆ

ည်း ကြားကောင်အောင်ပြောတဲ့စကားပဲ..အဲ့ဒီထက်ဘာမှမပိုဘူး ကုယ်ဆင်းရဲခဲ့တိုင်း ဆင်းရဲတဲ့လူကိုစာနာဖို့တွေးရင် သူကငါမဟုတ ဘူးဆိုတာ မမေ့နဲ့.."

သူ့စိတ်နဲ့တစ်ထပ်တည်းမကျခဲ့သော သားနဲ့သမီးနှစ်ယောက် လုံးအပေါ်မှာ ဦးအောင်ကိုခွင့်မလွှတ်နိုင်ဖြစ်လာခဲ့သည့်အခါဝယ် ကားလုံးတွေက ပို၍ရက်စက်ရင့်သီးလာခဲ့ပြီး.. ၊

"ဖေဖေ့နားမှာ ကိုကိုရှိနေခဲ့တာ..ဖေဖေ့အရိပ်မိုးကြီးကို မက်မေ လို့မဟုတ်ပါဘူးဖေဖေ၊ ကိုကြီးလိုငါမလုပ်ဘူးဆိုတဲ့ ဆုံးဖြတ်ချက် လည်း ကိုကြီးဒုက္ခရောက်ပြီး အဖြစ်ဆိုးခဲ့တာကို ကြောက်လန့်သွားလ မဟုတ်ဘူး..ဖေဖေ့ကိုစိတ်မဆင်းရဲစေချင်တာပါ၊ နေရာတကာမှာ အ ကျိုးအမြတ်တွေချည်းရှိနေတာမှ မဟုတ်ဘဲဖေဖေ..မိသားစုဆိုတဲ့ချ ခြင်းမေတ္တာကို ဖေဖေနည်းနည်းလောက် ထည့်တွေးပေးပါ.."

ဒီစကားကိုပြောမိတော့ ဦးအောင်ကိုက မဲ့ပြုံးနှင့်ပယ်ချပစ်သည်

"သမီးကို ဖေဖေလိမ္မာတဲ့သမီးလို့ပဲတွေးတယ်..ဖေဖေ့နားမှာ ဘ ကြောင့်နေတယ် ဘာညာတွေမတွေးပါဘူး..ဒါပေမယ့် တစ်ခုတော့ တာပေါ့၊ ချစ်တာတွေမေတ္တာတွေ ရွတ်ဖတ်ပြီး သမီးအစ်ကိုဖေဖေ့ဆီက ထွက်သွားခဲ့တာ..အဲ့ဒါနဲ့ပတ်သက်ပြီးတော့ပဲ သမီးကိုဖေဖေပြောဖို့ လာတာ.."

ဘာပဲပြောပြော အဖေ့အမြင်မှာ ငွေမှတစ်ပါးတခြားမရှိတော့ခြင်း သာဖြစ်လျက်.. ၊

"ချစ်လို့ပါခင်လို့ပါဆိုတဲ့စကားကို လူတိုင်းပြောလို့ရတယ်..ငွေ စကားကျတော့ ငွေရှိမှပြောလို့ရတာ၊ မိဘကသားသမီးအပေါ်ထား တဲ့မေတ္တာကလွဲရင် အရပ်လေးမျက်နှာ အရပ်ရှစ်မျက်နှာ ဆယ်မျက်နှာ ဘယ်ကလာတဲ့မေတ္တာဖြစ်ဖြစ် အဲ့ဒါဘာအခြေမြစ်မှမရှိတဲ့လေပဲ..လ



ဆိုင်းနှုတ်ငုံဆောင်နိုင်တဲ့တန်ဖိုးမဲ့လေ.."

ဦးအောင်ကို၏မာန်မာနကဤသို့ရှိလေသည်။ ဖေဖေ့စကားတွေ ကြောင့် သူမနာကျင်ခဲ့ရသည်။

"ဒါဆို သားသမီးကမိဘအပေါ်မှာ ချစ်ခင်တွယ်တာဆိုတာ ဖေ လက်မခံဘူးပေါ့.."

"ဖေဖေဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံအရပေါ့.."

အပြောတွေက ညှာတာခြင်းကင်းမဲ့၏။ ဆင်းရဲတဲ့ရပ်ကွက်ငယ် လေးတွေထဲက မိဘကိုခံပြောခံဆဲကြသည့် သားသမီးတွေကိုသက်သေ ပြသည်။ ငွေကြေးချမ်းသာပြီး စနစ်တကျကြီးပြင်းလာခဲ့သည့် လူရည် မွန်တွေ ဘာကြောင့်နာခံတတ်ကြသလဲဆိုတာတွေပါလာသည်။

"သမီးတို့အမေနဲ့ဖေဖေ ဘာလို့လမ်းခွဲခဲ့သလဲ..သူဘယ်လိုအဖြစ် နဲ့သေသွားသလဲဆိုတာတွေ သမီးတို့ကိုဖေဖေပြောမပြခဲ့ဘူး၊ ဒါပေ မယ့် သူ့အမေနဲ့သူ့သားတစ်ပုံစံတည်း တစ်ထပ်တည်းပဲ..ဒါကြောင့် ဖေဖေ့လမ်းစဉ်ကိုမလိုက်ဘဲ ပြာပုံလူးချင်တဲ့အကျင့်စရိုက်တွေကို ဖေဖေ ဖျက်ပျက်တယ်..ယုံလည်းမယုံတော့ဘူး၊ သမီးကတော့ ဖေဖေ့ကိုသက် သေပြခွင့်ရှိပါသေးတယ်.."

"ဘာကိုလဲဖေဖေ.."

"ဖေဖေရဲ့အမွေခံထိုက်တဲ့သမီးဖြစ်လာမလား ဟိုသားအမိလို အမျိုးမျိုးချိုးမှာလားဆိုတာ ဖေဖေစောင့်ကြည့်မယ်..တစ်ဦးတည်းကျန် တဲ့သမီးဖြစ်နေတိုင်း သေချာပေါက်ပိုင်ဆိုင်ခွင့်ရှိမယ်မထင်နဲ့၊ ဖေဖေက မှားညှံ့တယ်ထင်လာရင် ကိုယ့်ကိုယ်ကိုတောင်ခွင့်လွှတ်ခဲ့တာ မဟုတ် ဘူး.."

ဖေဖေ့အတွက် ငွေကသာအရာရာ ငွေသည်သာအရာရာကိုပြည့် စေသည်။ ထို့ကြောင့် သူဂရုစိုက်တာ ငွေသာဖြစ်လေသည်။ လူတစ် ယောက်မှာ ငတ်စိတ်ဆိုတာရှိနေသေးရင် ဖေဖေရဲ့ငတ်စိတ်မှာဘာလဲ.. ချမ်းသာခြင်းကိုသာ ကိုးကွယ်ရာလိုယုံကြည်နေခဲ့တဲ့ ဖေဖေ့ရဲ့ငတ်စိတ် ရာရော ငွေတွေပဲလား..။ ခုလောက်ဆို ဖေဖေပြောင်းလဲနေမလားလို့ သူမမျှော်လင့်ပါ။ ကိုယ်သာ ဘာပြောင်းလဲခဲ့သလဲဆိုတာကို တွေးနေ ခဲ့သည်။ ဖေဖေဖြစ်စေချင်သည့် သားသမီးမျိုးဘယ်တော့မှမဖြစ်ဖို့ ည်စွယ်ခဲ့သည်။ တတ်ထားသည့်ပညာနဲ့ရပ်တည်ဖို့လည်း သူမ

မကြိုးစားချင်.. ၊

"ပညာရွှေအိုး လူမခိုးတဲ့..ခိုးချင်စရာမှမရှိတာ ဘယ်ခိုးမလဲ၊ ခိုးလည်း မက်စရာရှိမှ ခိုးတာ.." လို့ ဖေဖေပြောခဲ့တာ လောကကို ရွဲ့တိုက်တဲ့စကား..။ ထို့ပြင်.. ၊

"ဘာလဲ..ငါဆရာဝန်ဖြစ်ပြီဆိုပြီးတော့လား၊ အဲ့ဒါလည်းမိ သင်ပေးတဲ့ပညာပဲ..ကိုယ့်ကိုယ်ကိုအားကိုးလို့ရပြီထင်ရင် လက်ဗ ခြေဗလာနဲ့ ဘဝကိုစကြည့်စမ်းပါ၊ တကယ်ကြီးပွားအောင် လုပ် နိုင်ရင် ဒီအဖေက ဆရာခေါ်ပါ့မယ်..ဟောဒီ ထိပ်တန်းလုပ်ငန်းစုတ လုံးက တံခါးဖွင့်ကြိုဆိုနေမယ်.."

တစ်ဖက်သားအပေါ်မှာ အထင်မြင်သေးတတ်လွန်းသောဖေ အပြုံးတွေကို သူစိတ်နာမိသည်။ ဖေဖေသင်ပေးတဲ့ပညာကိုပါ မေ့ လိုက်ဖို့ဆုံးဖြတ်ခဲ့၏။ ဖေဖေ့လူယုံဦးနေမျိုးကတော့ မတားပေမယ့် သွားစေချင်.. ၊

"ပြောချင်လို့ပြောတာမဟုတ်ပါဘူးကိုကိုရယ်..သမီးဖေဖေက မီးကိုအရမ်းအားထားတဲ့သူပါ၊ မခံချင်စိတ်နဲ့ ကြိုးစားစေချင်တာ.. လိုတော်လာတဲ့အထိ.."

"ဘယ်တော့မှဖြစ်မလာဖို့ပဲ ကိုကိုကြိုးစားမှာ..ခြေဗလာလ လာနဲ့ သွားမှာပေမယ့် ဖေဖေအထင်ကြီးအောင် ကြိုးစားပြဖို့မဟ ဘူး..ကိုကိုဘာမှမလိုချင်ဘူးဆိုတာကိုပဲ ဖေဖေသိအောင်ပြမှာ.."

သူမကို ငယ်စဉ်တည်းက မေမေကသမီးလေးဆိုပြီး ယုယသ ဖေဖေက သားတစ်ယောက်လိုပုံသွင်း၏။ ထို့ကြောင့် သူမရဲ့စိတ် မာကျောနေခဲ့ပြီး မိန်းကလေးတစ်ယောက်ပုံစံကလည်း မပျောက်

"မင့်သားယောကျ်ားဖြစ်ပြီး ပျော့ညံ့နွဲ့နှောင်းနေတာမင်းကြေ ကမ္ဘာမြေပေါ်မှာ ခြေနှစ်ဖက်ခိုင်ခိုင်ရပ်နိုင်ပြီဆိုတည်းက လဲသွာ ပြေးမထူနဲ့..လိုချင်တာမရလို့ ခြေဆင်းငိုနေရမှန်းသိနေရင် ခြေဆ တိုင်း အဲ့ဒီခြေထောက်ကို ရိုက်ပေးလိုက်..ငိုလို့အရိုက်ခံရမှန်းသိ လိမ့်မယ်.."

ဖေဖေက ကိုကြီးကိုစိတ်တိုင်းမကျတိုင်း မေမေ့ကိုအပြစ် သည်။ သမီးမွေးလာတော့ 'သမီးမိန်းကလေးဆိုတာ ဖအေ့အတွက် သူ့ဘာသာသတ်မှတ်သည်။



"မိန်းကလေးကို မိထွေးရိုက်လို့မသေဘူး..ပထွေးစော်ကားမှဘဝ ကျက်မှာ.."

"အကြောင်းမပြပါနဲ့ရှင်..သမီးကို ကိုကိုလို့မခေါ်ဖို့ပဲ ချစ်ကပြော တာ၊ မိန်းကလေးတစ်ယောက်ကို ဘယ်လောက်ထိမာကျောစေချင်တာ လဲ..ဒီတိုင်းကြီးပြင်းလာရင် ချစ်ရဲ့သမီးလေး တောင်မရောက်မြောက် ရောက်ဖြစ်နေမှာပေါ့.."

"ငါသိတယ်..ငါ့သမီးကို ငါဘဝပြောင်းဖို့ကြိုးစားနေတာမဟုတ် ဘူး၊ ဒါပေမယ့် မိန်းမဖြစ်နေတာနဲ့ပဲ မိန်းမပီသဖို့မလိုဘူး.."

ဖေဖေက ခွတ်တရွတ်ပါ။ ဒါပေမယ့် ဖေဖေ့ကွယ်ရာမှာ မေမေက ပြတ်သင်ပေးနေတာ 'ကိုကိုရေ'လို့ခေါ်ရင် 'ဗျာ'လို့မထူးဖို့.. ၊

"အဲ့ဒါတော့ မေမေလုံးဝခွင့်မပြုနိုင်ဘူး..သမီးကို'ဗျာ'လို့ မထူးရ အောင်းလားလို့ ဆူပြောလာရင် မေမေရှိတယ်၊ သမီးကမိန်းကလေး.. ဦးအောင်ကို ဒေါ်ချစ်မမတို့ရဲ့သမီး၊ သမီးနာမည်က 'ချစ်သမျှကို'.."

➢➢ ≺≺

## အခန်း(၁၄)

.......ချစ်သမျှကို ဟို..ဟို ဟို ဟို.. မြင့်မိုရ်ရွှေတောင်လုံး..ဟွန်း ဟွန်း...........

"ဝုတ်..ဝုတ်.."

"ဟာ..စည်းဝါးလိုက်ရင်လည်း သာသာယာယာလိုက်စမ်းပါဟ"

"ဝုတ်..ဝုတ်.."

"ချစ်သမျှကို ဟို ဟို ဟို..မြင့်မိုရ်ရွှေတောင်လုံး၊ အင်း..ပြီးတော့ ဘာလဲ..မရတော့ဘူး.."

မျက်လုံးကိုကျုံ့လိုက် ဖြဲကြည့်လိုက်နှင့် ခြံဝင်းတစ်ခုထဲက ထိုးဟောင်နေသည့် ခွေးနှစ်ကောင်ကို မြင်သွားတော့ လက်ညှိုးထိုး ကာ.. ။

"မင်း ရလား..လုပ်ပါ ဆက်ဆိုလိုက်တော့.."

"ဝုတ်..ဝုတ် ဝုတ်.."

"အေး..ဟုတ်တယ် မဆိုးဘူး.."

မိုးခြိမ့်က ခွေးရှိသည့်ခြံတိုင်တွေမှာ သွားမှီပြီး ဆောင့်ကြော ထိုင်လိုက်သည်။ သန်းသားတွေကာရံထားသည့် ခြံတိုင်တွေက ခပ် ကျဲ။ ခွေးတိုးထွက်လို့လည်းရသည်။ သို့သော် သန်းသားကဆူးချွန်ငေ



ခွေးထွက်မလာနိုင်တာ သူသိနေသည်။ ဒီခွေးတွေကိုလည်း သူ နည်းမှမကြောက်ဘဲ.. ။

"တိုးနီ..မင်းကငါ့ကိုဟောင်တယ်ဟုတ်လား.."

"မိုးခြိမ့်ရေ..နင်ကလည်းအချိန်ကို မှန်နေတာပဲ.."

အနားရောက်လာသူက ဖြူဝင်းဖြစ်သည်။ ရွာတောင်ပိုင်းမှာ ကျောင်းတောင်းရင်း လူမမာအိမ်ဝင်နေလိုက်သဖြင့် အိမ်ပြန်မိုးချုပ်သွား ဖြစ်၏။ မိုးခြိမ့်ကို ဓာတ်မီးနဲ့တစ်ချက်ဝေ့ထိုးလိုက်ပြီး.. ။

"နင့်ကိုဟောင်နေတာ တိုးနီမဟုတ်ဘူး..အဲ့ဒါ အမေဒေါင်းတို့ ဘက်ရွာက အိမ်ပြောင်းသွားတဲ့လူတွေဆီက ပြန်တောင်းထားလိုက် ခွေးတွေ..နင့်ကိုခြံပေါက်ကနေ လှမ်းကိုက်လိမ့်မယ်.."

"ဟမ်.."

"ဟုတ်တယ်..ထ ထ.."

"တိုးနီမဟုတ်ဘူးလား..အနီရောင်ကြီးပါ.."

"အနက်ကွက်ကြီးပါမိုးခြိမ့်ရယ်..မူးမူးနဲ့ဒုက္ခပါပဲ.."

"ဟဲ့..ဖြူဝင်း.."

ဒေါ်ငိုကလည်း ဓာတ်မီးနဲ့သူ့အိမ်ထဲက ထွက်လာကာ.. ။

"ဘာလဲ..နင်ကမိုးခြိမ့်ကိုတွဲပြီး အိမ်ပြန်ပို့မလို့လား.."

"မဟုတ်ပါဘူးအကြီးရယ်..ပြန်ဖို့ပြောနေတာပါ.."

"မပြောနဲ့..မိုးခြိမ့်လမ်းဘေးမှာ လှဲအိပ်နေတာ တစ်ခါမှမရှိဖူး ..သူ့ကိုယ်သူသိတယ်၊ သူမသိလည်း မိုးခြိမ့်ကိုမြင်ရင် အိမ်ပြန်ပို့ ပေးမယ့်လူတွေအပုံပဲ..ညည်းကိုပြောစရာရှိတယ်၊ အိမ်ခဏလိုက်ခဲ့ဦး.."

လိုက်ခဲ့ဦးဆိုပြီး လက်ကိုပါမလွှတ်တမ်းဆွဲထားသဖြင့် ဖြူဝင်း အမှန်းမသိဘဲ ပါသွားခဲ့ရသည်။ ဒေါ်ငိုက အိမ်ထဲရောက်မှ ကုလား ထိုင်ကိုမေးထိုးပြပြီး.. ။

"ထိုင်ဦး..ညည်းကိုမေးချင်လို့.."

"ဘာများလဲအကြီးရယ်..အိမ်မှာဖိုးထောင်တစ်ယောက်တည်းရယ်.."

"အောင်မလေးအေ..ညည်းတစ်ညနေလုံး ကြွေးလည်တောင်းနေ ကာ..သူလည်းဒီတိုင်းနေနေကျပါ.."

ခုက မိုးချုပ်နေလို့ပါလို့ ပြန်ပြောမနေတော့ဘဲ ဖြူဝင်းကဝင်ထိုင် လိုက်သည်။ ကျောလော့က်ရှည်သည့်ဆံပင်ကို နောက်မှာခေါင်းစည်း

ကွင်းနဲ့လှလှပပ စုစည်းထားၡ၏။ ပြီးတော့ နားနောက်မှာ သနပ်ခါး
တွေပန်ထားတာဝေလို့ပင်။ ညနေနေအေးမှ ရေမိုးချိုးဖြီးလိမ်းပြီး
တောင်းထွက်တာမို့ ညနေတိုင်းဖြူဝင်းတို့လှပနေတတ်သည်။ အိမ်
ထွက်သွားပြီး ပြန်ရောက်တဲ့အထိ သနပ်ခါးလည်းမပျက် ဆံပင်လ
မပွ။ သူမရဲ့အလုပ်ကိုက မြို့မှာဈေးတက်ဝယ်ပြီး ရွာမှာပြန်ရောင်း
တစ်လတစ်ခါပိုက်ဆံပြန်သိမ်းပြီး အရင်းအမြတ်ခွဲခြမ်းပြီးမှ တစ်ခါ
ပြန်တက်တာဖြစ်သည်။ သူများတွေ သွားရေးလာရေးမလွယ်ကူလ
သူမကတော့ ကားလမ်းထိပစ္စည်းအရောက်လာပို့တဲ့သူကို ကုန်
ကြိုရုံပဲဖြစ်သည်လို့ဆို၏။

ဒါလည်းသူမပြောတာပဲဖြစ်ကာ သူမပုံစံကလည်း ခြေလှမ်း
တာမရှိ။ ပုံစံမှန်မှန်တည်တည်တံ့တံ့မို့ ဘယ်သူကမှလည်း မလေး
စားမဝေဖန်ခဲ့ပေ။ ဒါပေမယ့် ခုချိန်မှာတော့.. ၊

"ညည်းလည်းအချိန်မရဘူးဆိုတော့ ငါတည့်တည့်ပဲပြောမ
အေ..စိတ်ဆိုးစရာဖြစ်သွားလည်း ငါ့ကိုညည်းမိဘလိုသဘောထား
သည်းခံပေတော့.."

"ဟုတ်ကဲ့ပါအကြီးရဲ့..ဘာပြောမှာမို့လို့လဲ.."

"ညည်းအသက်ဘယ်လောက်ရှိပြီလဲ.."

"သုံးဆယ့်လေးနှစ်.."

"သုံးဆယ့်လေးဆိုတော့..အင်း အနည်းလေးကိုးနှစ်ဆယ်
တော့ ကွာမှာပဲ.."

"ဘယ်သူနဲ့လဲအကြီး.."

"မောင်မောင်လေ..နှင်းမောင်မောင်.."

"မောင်မောင်.."

သံယောင်လိုက်ရွတ်ရင်း ဖြူဝင်းမျက်နှာပျက်သွားသည်။
မျက်နှာကို ဒေါ်ငိုက အမိအရအကဲခတ်၏။

"မောင်မောင်နဲ့ကိုးနှစ်ဆယ်နှစ်ကွာတော့ ဘာဖြစ်လို့လဲ.."

"ဘာဖြစ်ရမလဲဖြူဝင်းရယ်..ပြောချင်တာက အခုမှရောက်
တာ.."

ဒေါ်ငိုက စိတ်စောနေသည့်ပုံဖြစ်နေကာ ကုလားထိုင်ကိုမီး
ဘက်ကျအောင်ရွှေ့သည်။ ရွှေ့ပြီးပြန်ထိုင်တော့လည်း ဖြူဝင်းမျက်



မှောင်ရိပ်ကျနေသေးသဖြင့် သူမမျက်နှာ မီးရောင်ဘက်လှည့်ပါ
အောင် ကုလားထိုင်ကို ဘယ်ဘက်ရွှေ့လိုက် ညာဘက်ရွှေ့လိုက်
ဂျိုးဂျိုးဆွဲနေရင်း.. ၊

"စကားပြောရတာ မျက်နှာမမြင်ရရင် စကားလုံးမပြောင်ဘူးအေ့"

"ဩော်..အကြီးကလည်းနေပါ၊ ကျွန်မဒီဘက်လှည့်လိုက်ပါ့
မယ်.."

"အေး..အေး ရပြီ.."

ဖြူဝင်းမျက်နှာ မီးရောင်ထိုးပြီးလင်းနေမှ အားပါးတရမျက်နှာ
တိုးကာ.. ၊

"ငါ့ကိုမိဘလိုသဘောထားပြီး မှန်မှန်ပြောပြစမ်း..ညည်းနဲ့မောင်
နဲ့ကြိုက်နေကြတာလား.."

"ဟင်.."

မထင်မှတ်သည့်မေးခွန်းကြောင့် ဖြူဝင်းအံ့သြသွားသည်။ ပြီး
တော့ မျက်နှာငုံ့လိုက်ပြီး.. ၊

"အံမယ်..ပြုံးနေတာလား၊ ရည်းစားမြင်ရင် ရယ်ချင်တယ်တဲ့..
အကြောင်းပြော မပြုံးဘဲမနေပေါင်ဆိုတာမျိုး.."

"မဟုတ်ပါဘူးအကြီးကလည်း.."

မီးရောင်အောက်မှာ မျက်နှာပန်းရောင်သမ်းနေတာလား..။

မျက်ခုံးတွေကုတ်နေအောင် မျက်လုံးတွေကို စူးစိုက်အလုပ်ပေး
ဖြူဝင်းကို အကဲခတ်နေမိသည်။ မှုန်သည့်မျက်လုံးက စိုက်ကြည့်
လေ ပိုပြီးဝါးလာလေ။ ဒီနေရာမှာတော့ မျက်စိမှုန်ရခြင်းအတွက်
ကိုယ်ကို စိတ်ပျက်မိတာအမှန်ပင်။ ဒီမိန်းကလေးလိမ်ပြောနေရင်
မျက်လုံးထဲကိုမြင်အောင်ကြည့်နိုင်ရင် အလိမ်ဖော်လို့ရပြီ.. ၊

"ဘာလဲ..မဟုတ်ဘူးလို့လိမ်မလို့လား၊ ငါတို့လူကြီးမျက်လုံးတွေ
ဝါးတားတားပဲမြင်ရရင်တောင် ညည်းတို့ခြေလှမ်းတွေကိုတော့ အ
ခတ်နိုင်ပါသေးတယ်အေ..ငါပြောချင်တာက ညည်းကကလေးအမေ
မ..ဟိုက ဆရာဝန်၊ ကိုယ့်ထက်လည်းအသက်ငယ်သေးတယ်.."

"မဟုတ်ဘူး..အဲ့ဒါက.."

"ဒီမှာဖြူဝင်း..ငါကမယ်ညိုတို့ကိုစကားထောက်ထားပြီးပြီ၊ သူ
ကလည်း မောင်မောင်ကဧည့်သည်ဖြစ်နေတဲ့အတွက် အဖြေမပေး

နိုင်ပေမယ့် တကယ်ဖြစ်နေပြီဆိုရင်တော့ ခေါင်းညိတ်ကြမှာပဲ..ညည်း
က တို့ရွာသူလည်းဖြစ်တယ်၊ မုဆိုးမမို့လို့ တစ်ရွာသားကခြေတေ
တင်သွားတာမျိုး လုံးဝမခံနိုင်ဘူး..”

ဖြူဝင်းက ဘာမှမဖြေရှင်းတော့ဘဲ သက်ပြင်းချ၏။ ပြီးတေ
မျက်ဝန်းတို့က ရယ်မြူးရိပ်တို့ဖြင့် ကြည်လဲ့နေတာ သိသာနေသည်ပြ
လျက်.. ။

“ငါပြောချင်တာက မောင်မောင်ဆိုတဲ့ကောင်လေး ဘယ်လော
ပဲ တန်ဖိုးကြီးနေနေ ကိုယ်ကမိန်းမသား..ကိုယ်လိုချင်တပ်မက်နေတ
ကို မပြရဘူးလေ၊ ညည်းအနေအထိုင်မတတ်ရင်တော့ သူများကေ
တော်တင်ပြီးထားခဲ့မှာပဲ..ငါဒီလောက်ပြောရင်သဘောပေါက်တော့ ဖြ
ဝင်း..”

“ဟုတ်ကဲ့ပါ..”

ဟုတ်ကဲ့ပါဆိုတော့ ပေါက်တယ်ပေါ့..။ ဒါဆို မကောင်းမရှင်းပြ
နေကြတာ အမှန်ပဲလို့ ဝန်ခံလိုက်တာလား..။ မိုက်လိုက်ပါဘိ ဒီမိန်းက
လေး.. အကယ်၍ ဟိုကမယူနိုင်ပါဘူးဆိုပြီး ပြန်လစ်ပြေးရင် ဘယ်
မြီးလိုက်ဆွဲမလဲ.. ။

“နောက်ကိုအချိန်မတော် အိမ်မှာဝင်ထွက်မခံနဲ့..ညည်းကမုဆိုး
မလေ၊ မောင်မောင်ဖြစ်ဖြစ် ဘယ်ယောက်ျားဖြစ်ဖြစ် ဘာဖြစ်လို့ရ
ရင်းနှီးနှီးနေရတာလဲ..ခုနပဲ မိုးခြိမ့်ကို ညည်းတွဲမလိုထူမလိုကြည့်စ
အဲ့ဒါမျိုးတွေ လုပ်စရာလား..”

“မူးနေလို့လှုပ်နိုးတာပါအကြီးရဲ့..ထူပေးမလို့မဟုတ်ပါဘူး၊ ပြ
တော့ သူမှီလိုက်တဲ့ခြံတိုင်ကြွက ခွေးခေါင်းတစ်လုံးတော့ ထွက်လို့
တယ်..နောက်ကနေ ခွေးကိုက်လိုက်မှာစိုးလို့ပါ..”

ဘာဖြစ်ဖြစ် မိန်းကလေးအနေအထိုင်မတတ်ရင် မှားယွင်းနိ
တယ်ဆိုတာ မသိတော့ဘူးလား.. ။

***မိန်းမတစ်ယောက်ရဲ့အစိုးရွာယ်ဟာ ထိန်းသိမ်းစောင့်စည်းတ
ခြင်းပဲဖြစ်သည်။ မိမိကိုယ်တိုင်မှားယွင်းခြင်းမှာ ခြေကျွံပြီးမှ နစ်နာခြ
တွေဖော်ပြ၍ တန်ဖိုးဖြတ်ကြတာ ဂုဏ်သိက္ခာမဟုတ်...***

“ဘာဆင်ခြေမှမပေးနဲ့ဖြူဝင်း..မိန်းမတစ်ယောက်ရဲ့တန်ဖိုးက
ဒီမိန်းမရဲ့ခြေတစ်လှမ်းမှာပဲရှိတယ်၊ ညည်းကိုတခြားယောကျ်ားက တ



ထားစေချင်လို့ ငါဆုံးမနေတာ..”

“ကျွန်မနားလည်ပါတယ်..”

“ဒါဆို ညည်းဝန်ခံပြီပေါ့..”

“ရှင်..”

“ဟိုဥစ္စာဖြစ် အဲ..ကဲပါအေ မမေးတော့ပါဘူး၊ မောင်မောင့်ကို
အိမ်ထောင်ဘက်အဖြစ် စိတ်ကူးယဉ်နေတယ်မို့လား..မယ်ညိုကို ငါ
ပြောလိုက်တော့မယ်..”

“အဲ့ဒါက ဒေါ်လေးတို့နဲ့လည်းမဆိုင်ပါဘူး..မောင်မောင်ဆုံး
ဖြတ်ဖို့ပဲလိုတာ..”

“ဘာ..”

ကြည့်စမ်း.. သင်းကမောင်မောင်နဲ့ပဲ သက်ဆိုင်တယ်ဆိုပြီး တန်
ခဲ့ဆက်သွယ်နေတာလား.. ။

ဖြူဝင်းက ဒေါ်ငိုမျက်စိမျက်နှာပျက်သွားတာကိုကြည့်ပြီး သွား
တွေပေါ်အောင်ရယ်သည်။ ပြီးတော့ ခေါင်းညိတ်ကာ.. ။

“မောင်မောင်ကလက်ခံရင် ကျွန်မက အဆင်သင့်ပါပဲလို့ပြော
တာပါ..”

ဟိုက လက်ခံမခံမသိသေးဘဲနဲ့ သင်းကအရင်လက်ခံပြီး သိက္ခာ
တွေ ထိုးကျွေးနေသည်ပေါ့.. ။

ဒီမိန်းကလေး မိန်းမသားချင်းတောင် စေတနာပျက်လောက်
အောင်..အံ့ပါရဲ့.. ။

➤➤ ⮜⮜

## အခန်း(၁၅)

"ခင်ဗျားကိုလည်း အံ့သြတယ်.."

မိုးခြိမ့်ခြေလှမ်းတုံ့သွားသည်။ မောင်မောင်က ဓားသွေးနေရင်း ပြောလိုက်တာမို့ ကိုယ့်ကိုပြောသည်မထင်။ ဘေးဘီမှာလည်း ဘယ်သူမှရှိတာမဟုတ်.. ।

"မင်းငါ့ကိုပြောတာလား.."

"ဘယ်သူရှိသေးလို့လဲ.."

"ပြောရင်လည်းတည့်တည့်ပြောလေ.."

မောင်မောင့်မျက်နှာ ဖျတ်ခနဲမော့လာသည်။ နဖူးပေါ်ကို အ... အုပ်ဝဲဝဲပြိုဆင်းနေသည့်ဆံပင်တွေကို မဖယ်ဘဲ ဆံပင်များတို့ဖြ... ကွယ်နေသည့် မျက်ဝန်းတို့က ဒေါသရောင်လက်နေလျက်.. ।

"ခင်ဗျားကိုတည့်တည့်မပြောရဲဘူးလို့ ပြောချင်တာလား..ဒီ... အလုပ်လုပ်နေတာ၊ အားအားရှိအရက်သောက်လိုက် အိပ်လိုက်အနေ... ဖြုန်းနေတာမဟုတ်ဘူး.."

မိုးခြိမ့်က မဲ့လိုက်ကာ.. ।

"ဘာဖြစ်လဲ..သောက်သောက်စားစားလူမင်းသား.."

"သောက်သောက်စားစား လူ့ငနွားပါ.."



ရှေ့ပြန်ဆက်မည့်ခြေထောက်က ဒုထိယအကြိမ်တုံ့သွားပြန်သည်။ မောင်မောင် ဓားသွေးနေပြန်ကာ.. ।

"တကယ့်စကားအမှန်ကိုပြောပြတာ.."

"မောင်မောင် ငါမင်းအသက်ကိုကယ်ထားတာနော်.."

"ကျွန်တော်ကအရင်ကယ်ရတာပါ..မဟုတ်ရင် ခင်ဗျားကျွန်တော့်ကို ကယ်ခွင့်တောင်ရမှာမဟုတ်ဘူး.."

ပြောပြီးမှ မော့ကြည့်ကာ.. ।

"သွားမယ်ဆိုလည်း ဒီမှာဓားသွေးပြီးပြီ..တစ်ချောင်းယူသွား၊ လမ်းရောက်မှ ကူဖော်လောင်ဖက်ရှာမနေနဲ့.."

ဓားသွားချည်းပဲ ခြောက်လက်မလောက်ရှိသည့် လက်ကိုင်ရိုးပါဓားမြောင်တစ်ချောင်း သူ့ခြေထောက်နားကျလာသည်။ ဒီတိုင်းဆက်လွှဲပစ်လိုက်တာမို့ မိုးခြိမ့်လန့်ဖျန့်ပြီး ခုန်ရှောင်လိုက်မိကာ.. ।

"ဟော့ကောင်..ဟား.."

ပြီးတော့ စိတ်တိုတိုနှင့် မောင်မောင့်ဘေးရောက်သွားပြီး ဘေးမှာ ဘုတ်တုတ်ထိုင်လိုက်ရင်း.. ।

"ဘာလဲ..ငါ့ကိုစိန်ခေါ်နေတာလား.."

ဓားတစ်လက်ပစ်ပေးပြီး နောက်ဓားတစ်လက်ကို ဆက်သွေးနေသဖြင့် မိုးခြိမ့်ကကိုယ့်ဘာသာအဓိပ္ပာယ်ဖော်လိုက်သည်။ မောင်မောင်က ဓားကိုအသွားလှန်ပြီး လက်မနဲ့စမ်းကြည့်ရင်း.. ।

"ခင်ဗျားကိုစိန်ခေါ်ရင် အရက်ပြိုင်သောက်ဖို့ပဲရှိမှာပေါ့..ဓားပေးပြီး ဘာလုပ်မှာလဲ.."

မိုးခြိမ့်မျက်နှာ တင်းသွားသည်။ ဒီကောင်ဘယ်လိုကောင်လဲ..၊ ရင်းနှီးဖို့ကြိုးစားကြည့်လည်းမရ။ ဘာသိဘာသာနေလိုက်လည်း ဂရုမစိုက်။ မရင်းနှီးဘူးဆိုပေမယ့် ပြောလိုက်ပြီဆိုလည်း ဘယ်မျက်နှာမှ မထောက် တစ်တစ်ခွခွ။ ဓာတ်တိုင်တို့သြတို့နဲ့ရင်းနှီးသလိုမဟုတ်ဘဲ သူ့အပေါ်မှာ ဓာတ်တိုင်တို့ထက်ပိုပြီး ဝေဖန်ထောက်ရှုမှုတွေများသည်။ ပြောရပါလျှင် သူ့ကိုအထင်မကြီးသည့်မျက်လုံးနဲ့သာကြည့်နေသကဲ့သို့ ရှိကာ.. ।

"အခု အဲ့ဒီဓားတစ်ချောင်းက ဘာအတွက်လဲ.."

"အိမ်အတွက်လေ..ကြက်သွန်လှီးဖို့လိုရင် ကြက်သွန်လှီးပေါ့

လူသတ်ဖို့လိုရင်လည်း အဆင်ပြေတယ်..ဒီဓားကိုစိတ်မဝင်စားပါနဲ့ ခင်ဗျားသာကျွန်တော်ပေးတဲ့ဓားယူသွားပါ၊ ပြဿနာတက်ရင် တ ချက်တည်းထိုးပစ်လိုက် ပြီးရင်ထောင်ထဲဝင်.."

ပြောပြီး မောင်မောင်ကထရပ်လိုက်သည်။ မိုးခြိမ့်ကလည်း သူ ဘေးမှာရပ်လိုက်ပြီး.. ၊

"အဲ့ဒီတော့ ဘယ်လိုအဆင်ပြေမှုတွေ ရှိလာမလဲ..ဆက်ပြော ဦး.."

မောင်မောင်က ဆံပင်တွေကိုလက်မောင်းပင့်ပြီး သိမ်းဖယ်လိုက် ရင်း သူ့ကိုကြည့်သည်။ မျက်နှာချင်းနီးကာ သူကစီးမိုးနေသဖြင့် တ ပင်ချင်းကော့နက်နေသည့် မျက်တောင်ရှည်လေးတွေကိုမြင်နေရ ပြီးတော့ လေးထောင့်ဆန်သလိုမျက်နှာသည် ပါးရိုးနှစ်ဖက်ကမို့ သောကြောင့် ပို၍သိသာနေတာဖြစ်ကာ သေချာကြည့်တော့ ပါးရိုး က နှမွတ်ဝင်းစိုနေ၏။ ထို့ပြင် သူကြည့်နေရင်း ပါးမို့လေးတွေ ပန်းရင့်ရောင်ပြေပြေလေး အရိပ်ထင်လာသလိုရှိလျက် မောင်မောင် ဖျတ်ခနဲလှည့်ထွက်သွား၏။ ဘာရယ်မဟုတ်ဘဲ မိုးခြိမ့်က လက် ဖမ်းဆွဲလိုက်၏။ မောင်မောင်ကလည်း လက်ကိုလွှဲ၍ တခြားလက်တ ဖက်နဲ့ သူ့လက်ကိုပုတ်ချပစ်လိုက်ပြီးဖြစ်ကာ.. ၊

"ဘာလဲ.."

ကိုယ်ခံပညာကျွမ်းကျင်သူတစ်ယောက်လို လျှပ်ရှားပစ်လိုက် ဖြင့် မိုးခြိမ့်ရဲ့အံ့သြခြင်းတွေ ဆက်တိုက်ဖြစ်သွားခဲ့၏။ သူကြည့် သည်။ လက်ကိုဆွဲလိုက်မိသည်။ ဘာကြောင့် ငေးကြည့်မိသလဲ..ဘာ ဖြစ်လို့ လက်ကိုဆွဲလိုက်မိသလဲ..။ ဆင့်ကဲဖြစ်စဉ်တွေပေါ်မှာ သူ့ကို သူလည်း နားမလည်နိုင်။ မောင်မောင့်မျက်လုံးတွေက အေးစက်စ ဖြစ်နေခဲ့ပြီး.. ၊

"ဘယ်လိုအဆင်ပြေမှုတွေ ရှိလာမလဲဆိုတော့ ထောင်ဝင်စာသွား တွေ့ရတာ အချိန်မှန်တယ်လေ..ဒါတောင် သွားချင်လည်းဖြစ်တယ် သွားချင်သေးရင်လည်း ရတာပဲ၊ ခုကျတော့ ဘယ်နေရာလဲနေမယ်မှန်း မသိဘူး..ဒီတိုင်းမူးပြီးလဲမလား သူများရိုက်နှက်ထိုးခုတ်ထားလို့ အ သက်ပျောက်နေတာလား၊ ဘာမှန်းမသိရတော့ လူကြီးတွေက နွားရိုင်း သွင်းချိန်ရောက်ရင် ဓာတ်မီးကိုင်ပြီး အသင့်ပြင်နေရပြီ.."



ပြောနေရင်း ပြုံးထေ့ထေ့လျှောင်ရိပ်နှင့်.. ၊

"တခြားနွားတွေပြန်သွင်းလာပြီး ကိုယ့်နွားကမပါတော့.."

"မောင်မောင်.."

"ခင်ဗျားမေးလို့ပြောပြတာ.."

"ငါ့အမေတောင် မင်းလောက်ရင့်ရင့်သီးသီးမပြောဖူးဘူး.."

"ဘယ်ပြောမလဲ..မိဘကိုး.."

ရင်ထဲမှာ အောင့်သက်သက်ဖြစ်သွားသည်။

"ခင်ဗျားမနေ့က ဟိုဘက်ရွာရောက်သွားတယ်ကြားလို့ ဒေါ်လေး အမိတိုတိုဝတ်ပြီး လိုက်ကြတာ ဘာတွေဖြစ်လာသလဲ.."

အမေ့ကို လူကြီးအိမ်ကခွေးလိုက်ဆွဲသည်။ ဒေါ်လေးက ခလုတ် တိုက်လဲပြီး ဒူးနာသွားတာ လမ်းကောင်းကောင်းတောင်မလျှောက်နိုင် .. ၊

"အဲ့ဒါသိရဲ့သားနဲ့ ခင်ဗျားအခုထပ်ထွက်ဖို့လုပ်တယ်.."

"အေးလေ..ငါကအပြင်မထွက်ဘဲ အိပ်ခန်းထဲမှာအောင်းနေရ အောင် မီးနေသည်မှမဟုတ်ဘဲ.."

မောင်မောင် မျက်မှောင်ကုတ်သွားကာ သူ့မျက်နှာကိုစိုက်ကြည့် တော့ ခပ်မဲ့မဲ့ပြုံးလိုက်ရင်း.. ၊

"လူတစ်ယောက်ကို အပြစ်ပြောချင်ရင် အပြစ်တွေအောင်စောင့် တယ်..ခုတော့ မင်းရဲ့လုပ်ရပ်ပပထိုးနက်ချက်တွေ အလကားဖြစ်ကုန် ပြီ အဲ့ဒါ မအောင့်အည်းနိုင်ခြင်းရဲ့အကျိုးရလဒ်ပဲ.."

"အဲ့ဒီလိုပြောချင်လို့ ခင်ဗျားရဲ့ခြေလှမ်းတွေကို့ခေါင်းစဉ်ပြောင်း လိုက်တာလည်း ဖြစ်နိုင်တာပဲ.."

"ဟား ဟား ဟား.."

သူအားပါးတရရယ်ချလိုက်ရင်း မောင်မောင့်မျက်လုံးတွေရွေ့ သွားတာကို လှည့်ကြည့်လိုက်မိသည်။ ဓာတ်တိုင်က ပန်းရောင်ရှပ်အင်္ကျီ လက်နှင့် ချည်ပုဆိုးကွက်စိပ်နီညိုကို ဝတ်ထားကာ ပုံစံအရ ဝတ် ကောင်းစားလှတွေ ဝတ်လာသည်လို့ထင်စရာရှိ၏။ သို့သော် ပုဆိုးကို အသိတက်ဝတ်ထားသည့်ပြင် အစနှစ်ဖက်ကို 'မ'ထားသေးသည်။ လာသည့်ခြေလှမ်းတွေက တလွှားလွှားနှင့်.. ၊

"မင်းတို့ကတော့ ရယ်နိုင်မောနိုင်ကြတယ်ပေါ့..တောက်.."

"ဘာဖြစ်လာတာလဲ.."

မေးနေတုန်း ငြေနဲ့ကျောက်ဒိုးတို့ ခြံရှေ့ကိုရောက်လာကြကာ

"ထင်သားပဲ..ဒီကောင် ဒီကိုလာမှာပဲဆိုတာ.."

ပြောရင်း အထဲဝင်လာကြ၏။ ခြံဝင်းထဲမှာ ငါးယောက်စာမီ မြေပြင်ပေါ်မှာ အစနဲ့သားရှိနေသည့် ဓားတစ်ချောင်းနဲ့ မောင်မော လက်ထဲက ဓားကိုခေါက်တုံ့ခေါက်ပြန်ကြည့်ကြပြီး.. ။

"ဘာလဲ..ဘာအတွက်လဲ.."

"ကြည့်ရတာ ဓာတ်တိုင်ကိုပေးတာတော့ မဟုတ်လောက်ဘူး"

"ငါထင်တာတော့ ဗိုလ်လုပ်ပွဲထင်တယ်.."

ငြေပြောပြီး မောင်မောင့်ကိုလှမ်းကြည့်ကာ.. ။

"ဘာကိုလုပ်မှာလဲမောင်မောင်..ဒီကောင့်ဟာတွေက ဓားတစ်ပြ တုတ်တစ်ပြတ်လုပ်ယူချင်စရာ မကောင်းပါဘူး.."

"အေးလေ..ဝေါ့.."

ငြေတို့ အော့အန်ပြနေသဖြင့် မိုးခြိမ့်ကရယ်လိုက်ပြီး.. ။

"ဘာဖြစ်တာလဲ..အဲ့ဒါကို လူလိမ္မာရည်းစားထားနည်းလို့ခေ တယ်၊ ရုပ်ဆိုးဆိုး အကျည်းတန်လေးတွေဆိုတော့ ရင်မခုန်ဘူး လမ်းဘူး၊ ဒါပေမယ့် အပျင်းပြေတယ်..ကောင်မလေးဆိုတဲ့အသိနဲ့ ရောလေးပါးပြောရင် မင်းတို့နဲ့ပြောရတာထက်တော့ အပျင်းပြေတ

မောင်မောင်က ဟွန့်ခနဲမဲ့လိုက်ပြီး ဓားကိုကွပ်ပျစ်ကျယ်ကြီး လှမ်းပစ်တင်လိုက်၏။ ပြီးတော့ သူလည်းကွပ်ပျစ်မှာပဲ သွားထိုင်က

"အဲ့ဒါလူလိမ္မာရည်းစားထားနည်းမဟုတ်ဘူး..မိန်းမမမြင်ရ မနေတတ်တဲ့လူတွေငဖြူငမည်းမရှောင်တော့တဲ့ ရှုပ်နည်းလို့ခေါ်တ

မောင်မောင့်မျက်နှာကြီး ရယ်နေရင်း မဲ့သွားသည်။

"အဲ့လိုလူအတွက်က ချောဖို့လှဖို့မလိုဘူးလေ.."

"ဟေ့ကောင်..ဟေ့ကောင် ငါတင်းလာပြီနော်..မင်း.."

"အောင်မယ်လေး..ငါကတင်းလာတာတွေ ပြောရမလား တယ်၊ သူတို့ကတင်းပြီးသားတွေ ဖြစ်နေကြတယ်..တောက် ဆိုး တဲ့ကံ.."

ပုဆိုးစကို ပေါင်လယ်ထိတက်အောင် ဆွဲမ'ကာ မောင်မော ဘေးမှာ သွားဝင်ထိုင်သည်။ ပြီးတော့ ကွပ်ပျစ်ပေါ်ကို ခြေထောက်



ကျွေးတင်၍ မောင်မောင့်ဘက်ကိုမျက်နှာမူလိုက်ကာ.. ။

"မင်းကိုပဲပြောတော့မယ်..မင်းကပညာရှိဆန်တယ်.."

မောင်မောင်နဲ့မိုးခြိမ့် မျက်လုံးချင်းဆုံသွားကာ မောင်မောင်က လိုက်တော့ မိုးခြိမ့်မျက်နှာတင်းသွား၏။

"ဓာတ်တိုင် မင်းကဘာလဲ.."

"ငါရင်ကွဲလာတယ်..အဲ့ဒါမင်းကြောင့်လည်းပါတယ်၊ အဲ့ဒါ ကြောင့် မင်းနဲ့မပြောဘူး.."

ဓာတ်တိုင်က လှည့်မကြည့်ဘဲဘုတောေ၏။ ငြေတို့က သိပြီး ပုံစံနှင့်ရယ်နေကြ၏။ အားလုံး ဓာတ်တိုင်ဘေးမှာသွားထိုင်ကြ ။

"ဘာဖြစ်လာတာလဲ..ငါ့ကြောင့်ဆိုတာက.."

မိုးခြိမ့်က မောင်မောင့်ဘေးမှာဝင်ထိုင်ကာ ဓာတ်တိုင်ကိုကျော် ကြည့်လိုက်လျှင် မောင်မောင်ကအလယ်မှာမို့ ပခုံးချင်းထပ်သွား၏။ မောင်မောင်မသိမသာ ပခုံးကျုံ့သွားသည်။ နေရာမှထသွားဖို့ အ ကြောင်းပြကောင်းတစ်ခုခု အပြေးအလွှားရှာကြံနေမိစဉ်.. ။

"ဘာလဲ..မင်းကိုအကြီးသဲတစ်ခုခုပြောလိုက်လို့လား၊ ငါနဲ့နှိုင်း ပြီးတစ်ခုခု.."

မောင်မောင်ကွယ်နေလို့ အားမရသည့်ပုံနှင့် ပခုံးကိုဖက်၍ ကိုခပ်ဖိဖိဆွဲလိုက်ပြီးမှ.. ။

"မင်းကိုအကြီးသဲမပြောလည်း ငါကပြောချင်နေတာကြာပြီ.. ခနဲ့ရှိ အခန်းအောင်း အိမ်တွင်းပုန်း.."

"လျှောက်ပြောမနေနဲ့မိုးခြိမ့်..ဒီကောင့်ကို မယ်ကြိုင်တွယ်လွှတ် လိုက်လို့ဖြစ်လာတာ.."

ငြေက ဝင်ဖြေရင်းရယ်ကာ.. ။

"မင်းကြောင့်ဆိုတာတော့ အမှန်ပဲ.."

"မင်းပဲစဉ်းစားကြည့်မောင်မောင်.."

ဓာတ်တိုင်က သူ့ကိုဦးတည်ပြောနေသဖြင့် ထထွက်သွားဖို့အ က ဝေးသွားခဲ့လျက် မောင်မောင့်မျက်နှာက မှုန်ကုတ်ကုတ်ဖြစ်နေ ။ သူ့မျက်နှာကို အားလုံးကနားလည်နေကြသဖြင့် ဂရုမစိုက်ကြဘဲ ။

"သူက ညဘက်ချိန်းတယ်..ပြီးတော့ သူတို့ခြံထောင့်က ကျည်းငုတ်တိုမှာတဲ့.."

"အဲ့ဒီတော့ ခင်ဗျားကမသွားရဲဘူး.."

"အေးလေ..အဲ့ဒီမန်ကျည်းငုတ်တိုက ရွာလယ်လမ်းဆုံးမှာ၊ တွေးကြည့်ပါဦး..မှောင်ရိပ်လေးကျနေပေမယ့် လေးဘက်လေးတန် မြင်နေရတဲ့နေရာ၊ ခွေးကတစီစီနဲ့ အဖော်ခေါ်သွားလို့လည်းမဖြစ် တစ်ယောက်တည်း အဲ့ဒီထိသွားရမယ်ဆိုတာရော.."

"ခင်ဗျားကမလာဘူးပြောခဲ့ပြီလား.."

"ငါကအကျိုးအကြောင်းပြောပြတာလေ..အဲ့ဒါကို မိုးခြိမ့်နဲ့ တခြားစီပဲ၊ သူ့ရဲဘောကြောင်လိုက်တာ ဘာညာနဲ့.."

"ဟား ဟား ဟား.."

မိုးခြိမ့်က မောင်မောင့်ပုခုံးပေါ်တင်ထားသည့်လက်ကို ပြန်ရု ပြီး အားပါးတရရယ်သည်။ ငြေတို့ပါ ရယ်ကြတော့ ဓာတ်တိုင် မျက်စောင်းထိုး၏။

"ငါလည်းစိတ်ပေါက်လာတာနဲ့ မိုးခြိမ့်ကိုအထင်ကြီးရင် မိုး ကိုကြိုက်ပါလားလို့ ပြောထည့်လိုက်တယ်.."

မိုးခြိမ့် မျက်ခုံးတွေမြင့်တက်သွားသည်။

"အံမာ..သူက မိုးခြိမ့်ကမကြိုက်လို့တဲ့၊ ကြိုက်ရင် နင့်ဆီတောင် ရောက်ဘူးတဲ့.."

မောင်မောင်ရယ်ချင်သွားသည်။ ဓာတ်တိုင်၏ အရပ်ရှည်ရှည် မေးရှည်ရှည်မျက်နှာကြီးက မချောပေမယ့် ရုပ်ဆိုးတာလည်းမဟုတ် လမ်းသွားရင် ခါးကိုင်းသလိုဖြစ်နေပေမယ့်လည်း ကြည့်ရှုမကောင်း အောင် ပုံဆိုးတာလည်းမဟုတ်.. ၊

"အဲ့ဒါငါပြောတာပေါ့မောင်မောင်ရာ..မယ်ကြိုင်က ဒီလို တိုင်း ဒီတိုင်းပြန်ပြောရလားလို့.."

"ပြီးတော့ မင်းအိမ်ဘက်ကို ရှူးရှူးရှားရှားနဲ့ ထွက်သွားတ လေ..ရည်းစားလုလုအူနူ့ကျွဲခတ်ပြီလားထင်ပြီး ငါတို့မှာတော့ အထိ တလန့်တွေဖြစ်လို့.."

"ဘာကိစ္စ ငါကဖြစ်ရမှာတုံး..သူ့လိုပုလုံးလုံး မည်းကျစ်ကျစ် မိုးခြိမ့်ကလား မှန်းမှာ.."



မိုးခြိမ့် ပါးကုတ်နားကုတ်ဖြစ်သွားသည်။ ပြီးတော့.. ၊

"မင်းကလည်း..အဟမ်း.."

ဓာတ်တိုင် မျက်မှောင်ကုတ်သွားပြီး လှည့်ကြည့်သည်။ မိုးခြိမ့် ချိုမချဉ်နှင့်.. ၊

"ငါကအခု လျှော့ဈေးနဲ့အစွံထုတ်ဖို့ ဆုံးဖြတ်ထားတယ်လေ.. တောင်ကြာပြီ.."

"သေနာကျကတစ်မျိုး.."

"နောက်ဆို အနေခက်အောင်မလုပ်နဲ့..လျှော့ပေါ့ပြော၊ ဒါ သက် သာသာနဲ့ ရည်းစားထားရမယ့်အခွင့်အရေး.."

ပြောရင်း မောင်မောင့်ကိုငဲ့ကြည့်လိုက်ကာ.. ၊

"ဒါတောင် အရင်းစိုက်ရမှာတွေ ရှိသေးတယ်နော်..အနားမှာထိုင် ည့်ပြီး ဝေဖန်ကဲ့ရဲ့နေတာတွေကို ကြံ့ကြံ့ခံရမှာ တော်ရုံသတ္တိနဲ့မရ"

ထိုစဉ်.. ၊

"ဘယ်လိုသတ္တိချင်းပြိုင်နေကြလဲဟေ့..ဟင် အောင်မယ်လေး၊ တွေဟိုတစ်ချောင်း ဒီတစ်ချောင်းနဲ့.."

ဒေါ်ညို့ ပျာပျာသလဲထွက်လာကာ ဓားတွေကိုလိုက်ကောက် သည်။ ပြီးတော့ နားစွန်နားဖျားကြားသည့်စကားနှင့် ရင်တုန်ပန်းတုန် ဖြစ်လျက်.. ၊

"နင်တို့ဘယ်လိုလဲ..ခေါင်းသုံးလုံးမစုရတဲ့ အမျိုးတွေပါလား.."

"ဒေါ်လေးကပြောပြန်ပြီ..ခေါင်းသုံးလုံးစုနေတိုင်း ပြောလွန်းလို့၊ ငါးလုံးတောင်ဖြစ်နေပြီ..အဆင်ပြေပါတယ်.."

"ဓာတ်တိုင်.."

"ဗျာ.."

"နင်ကဘာကိစ္စတုံး..အခုမိုးချုပ်ခါနီးပြီ၊ ပြန်တော့.."

"အခုဓာတ်တိုင်က အရင်ဓာတ်တိုင်မဟုတ်တော့ဘူး.."

ဓာတ်တိုင်က ထိုင်လျက်ကနေ ပုဆိုးပြင်ဝတ်ပြီး ညနေခင်းအလှ တွေနဲ့ ပတ်ဝန်းကျင်ကို ခေါင်းတစ်ပတ်လည်အောင်လိုက်ကြည့် .. ၊

"မိုးချုပ်ဖြစ်ဖြစ် သန်းခေါင်ဖြစ်ဖြစ်.."

"ဘယ်သရဲမှမကြောက်တော့ဘူးလား.."

"အကန့်အသတ်တော့ရှိတာပေါ့.."

"ဟား ဟား ဟား.."

"ငါမြင်လိုက်တယ်..ဓာတ်တိုင်တို့စိန်ခေါ်လိုက်တာနဲ့ လှုပ်လှု ရှရှတွေဖြစ်လာကြတာ.."

"ဘာတုံး..အကန့်အသတ်ရှိတယ်လို့ ငါပြောနေပါ့ရော.."

"ဟား ဟား ဟား.."

မိုးခြိမ့်တို့ရယ်နေလည်းမရက်နိုင်။ 'သရဲဆိုတာ စိန်ခေါ်ရင် ခြောက်တယ်'ဆိုသည့် ပြောစကားတွေအရ သရဲမွေးကြသည့်ပရ စကားကိုထင်တိုင်းပြောလို့မရ။ ဓာတ်တိုင် ကျီးတိကြောင်တိဖြစ်သွ တာကိုကြည့်ပြီး ဒေါ်ညိုပြါပြုံးလိုက်မိကာ.. ။

"ဒီဓားတွေက ဘာလုပ်ကြတာတုံး..ငါ့ကိုပြောစမ်းပါ.."

"အဲ့ဒါ ဒေါ်လေးသားနှစ်ယောက်လေ.."

ဟင်.. ။

ဒေါ်ညိုမျက်လုံးပြူးသွားတော့ ငြေတို့အချင်းချင်းမျက်စ ကာ... ။

"ကျွန်တော်တို့က လာချင်လွန်းလို့မဟုတ်ဘူး..သူတို့ဓားတ ချောင်းစီနဲ့ အငြင်းပွားနေကြတာ လှမ်းမြင်လိုက်လို့ စိုးရိမ်ပြီး ပြေး လာကြတာ.."

ဒေါ်ညိုအကြည့်တွေ မိုးခြိမ့်နဲ့မောင်မောင့်ဆီ တန်းရောက်သွ သည်။ မိုးခြိမ့်က မောင်မောင့်ကိုခပ်တည်တည်ငုံ့ကြည့်ကာ.. ။

"သူ့လေ..ကျွန်တော့်ကိုဓားသွေးပေးနေတာ.."

မောင်မောင်ဆိုတော့ ဒေါ်ညိုမျက်နှာချက်ချင်းပြေကျသွားသည် မိုးခြိမ့်မျက်မှောင်ကုတ်ပုံက မကျေမနပ်.. ။

"နင်ကဘာလုပ်လို့ မောင်မောင်ကဓားပေးတာလဲ.."

"အဲ့ဒါအမေသူ့ကိုမေးကြည့်ပါလား.."

"မေးစရာမလိုဘဲ သိနေလို့မမေးတာပေါ့..သတ်စေချင် သေ ချင်မှဖြင့် ခင်ဗျားလိုအရက်သမားကို ဓားချင်းယှဉ်ထိုးနေဖို့တောင် လိုဘူး.."

"အံမာကွာ.."



သူစိတ်တိုသွားတာကို မောင်မောင်ဂရုမစိုက်ဘဲ ဒေါ်ညိုဘက် ကြည့်ကာ.. ။

"သူ့အရက်ဆိုင်သွားဖို့ ဆင်းလာတာမှတ်လို့ ဓားယူသွားဖို့ကျွန် တော်ပေးတာ..တော်ကြာဟိုရောက်မှ.."

"တော်တော့ဟေ့ကောင်.."

မိုးခြိမ့်က မောင်မောင့်ခေါင်းကို နောက်ကနေဖက်ခနဲပုတ်ပစ် လိုက်ပြီး.. ။

"သည်းခံနေတာ အကောင်းမှတ်နေလား..ယောကျ်ားချင်းမင်းကို အကြာပေးနေတာ သဘောပေါက်.."

လူကို မိန်းမလျာလို့ပြောလိုက်တာမှန်းသိသည်။ ဒေါသထွက်စ ရာမယ့် မောင်မောင်ကမှဲ့လိုက်ကာ.. ။

"အကန်းရေတွင်းကျစကား မပြောစမ်းပါနဲ့..ကျွန်တော်ကနည်း နည်းလမ်းမှန်သမား.."

"ဟား ဟား ဟား.."

တမင်အော်ရယ်ပစ်လိုက်သည်။ ပြီးတော့ မောင်မောင့်ခေါင်းကို ကလေးတစ်ယောက်ကိုပုတ်သလို နောက်ကနေပိတ်ရိုက်၏။ ထို့ပြင် ဆံပင်တွေကိုပါ ဆွဲဖွပစ်လိုက်ကာ.. ။

"နည်းမှန်လမ်းမှန်သမားတဲ့..ဟား ဟား ဟား ဒီဘက်လှည့်စမ်း ..."

"ခင်ဗျားနော်.."

မောင်မောင်က ခေါင်းကိုလှိမ့်ရှောင်၍ သူ့လက်ကိုဖက်ခနဲအုပ် ကိုင်ပြီး ဆွဲလိမ်ပစ်လိုက်၏။

"အား..ဟေ့ကောင်.."

လက်နာသွားတော့ မိုးခြိမ့်ကိုယ်ကြီး လက်နောက်ပါပြီး ကွပ်ပျစ် ပေါ် လဲကျသွား၏။ သို့သော် မိုးခြိမ့်ကပြန်ရုန်းကာ လက်တစ်ဖက်နှင့် မောင်မောင့်ကိုယ်ကို သိမ်းဖက်ပြီး အပါဆွဲလှဲပစ်လိုက်လျှင်.. ။

"ချကြ.."

"တွေ့ပြီ..ပညာရှင်ချင်း.."

"မိုးခြိမ့်မလုပ်နဲ့..မောင်မောင့်ကိုခေါင်းပိတ်ရိုက်နေတာ ဘယ် နှခါလဲ.."

"ဟုတ်တယ်..ဒါမျိုးမဟာရားမလုပ်နဲ့၊ ငါတို့ကမောင်မောင့်ဘ
က.."

ခတ်တိုင်တို့က ထိုင်နေရာကနေ ဝရန်းသုန်းကားထလိုက်
ပြီး နပန်းပွဲမှတ်နေသလားမသိ။ နှစ်ယောက်ရင်ဘက်ချင်းကပ်လျ
လဲကျသွားသည်အဖြစ်ကိုမြင်ကာ ဒေါ်ညိုပါးစပ်အဟောင်းသား
ပြန်မစေ့နိုင်။ မိုးခြိမ့်က မောင်မောင့်ရင်ဘက်လေးပေါ်မှာ စီးမိုး၍ လ
ပင်းမှာ သူ့လက်ဖျံနဲ့ကပ်ဖိထား၏။ ရင်ဘက်ချင်းကွာနေသော်လည်
ခြေထောက်ချင်းဖိထားသည်ဖြစ်ရာ.. ၊

"ဒုက္ခပါပဲ..ဟဲ့ တော်ကြစမ်း၊ ဆင်း မိုးခြိမ့်..သား ဖယ်စမ်း
ထောက်.."

ဒေါ်ညိုသတိဝင်တာနှင့် အနားပြေးကပ်ကာ မိုးခြိမ့်ခြေထော
ကို တွန်းဖက်လျှင်.. ၊

"ဟာ..ဒေါ်လေးကလည်း ဘာလုပ်တာလဲ၊ ဗလချင်းညီတယ်
အသာလေးနေ၊ ခတ်တိုင် မင်းဘယ်ဘက်ကလဲ.."

"ငါကမိုးခြိမ့်.."

"ဘယ်လောက်လဲ.."

"မပါဘူး..ဒီမှာနှစ်ရာတန်တစ်ရွက်ပဲပါတယ်.."

ပြောရင်း နှစ်ရာတန်တစ်ရွက်ကျလာ၏။

"ငါကမောင်မောင်.."

"ငါလည်း မောင်မောင့်ဘက်ကပဲ..ဒီကောင့်လက်ကိုအပီလိမ်
သား၊ သက်သက်ကွပ်ပျစ်နဲ့ကျောနဲ့ညှပ်ပြီး လက်ပြုတ်ထွက်အော
မိုးခြိမ့်ညစ်တာ..ချ မောင်မောင်ပြန်ထွက်.."

အရေးထဲမှာ ငါးရာဟန် နှစ်ရာတန်တွေချထိုးပြီး အလောင်း
စားလုပ်နေကြသဖြင့် ဒေါ်ညိုစိတ်တိုသွားသည်။

"ဒီမသာလေးတွေ ငါအကုန်သိမ်းရိုက်ပစ်ရရင် သေကုန်တော့
ပဲ..နင်တို့ကြက်ပွဲများ မှတ်နေသလား.."

ပြောရင်း မောင်မောင့်ကိုယ်ပေါ်က မိုးခြိမ့်ကိုတွန်းချပစ်ဖို့ အာ
ကြိုးမာန်တက်ပြင်၏။ သို့သော် မောင်မောင်နဲ့မိုးခြိမ့်မျက်နှာချင်း
ကပ်မတတ်အနေအထားနှင့် တစ်ယောက်ကိုတစ်ယောက် ကြောင်
နေကြတာမြင်လျှင်.. ၊



ဘုရား..။ မိုးခြိမ့်သိသွားပြီလား.. ၊

သိသိမသိသိ အနေသာကြီးပဲလို့ မတွေးဖြစ်ဘဲ ဒေါ်ညိုအထိတ်
တလန့်ဖြစ်သွားလေသည်။ မောင်မောင်ဖုံးကွယ်ထားတာလေးကို မပေါ်
စေချင်သည့်စေတနာက သံယောဇဉ်လားတော့မသိ.. ၊

>> <<

## အခန်း(၁၆)

"ညည်းတို့များနေနိုင်ရန်ကောအေ.."

"နေနိုင်တာမဟုတ်ပါဘူးဒေါ်လေးငိုရယ်..ကျွန်မတို့လည်း ပြော ရခက်နေလို့ပါ.."

"ဟုတ်တယ်..ဒေါ်လေးငိုစဉ်းစားကြည့်လေ၊ အဲ့လိုနေထိုင်တယ် ဆိုတာ ဒေါ်လေးငိုပဲမြင်တာ..ပြောသံလည်းမကြား ကျွန်မတို့ဘာမှ"

"ဩော်..ညည်းတို့ကကျုပ်ကို မယုံကြည်ကြတာလား.."

ဒေါ်ငိုက ထိုင်မည်ပြင်ပြီးကာမှ မထိုင်ဘဲ တအံ့တသြခါးထောက်၏။ ဒေါ်ညိုက ကမန်းကတန်းထကာ ဒေါ်ငို့ကိုကုလားထိုင်မှာထိုင်ဖြစ်အောင် လက်ဆွဲခေါ်လိုက်သည်။ ပြီးမှ သူမပါဘေးမှာထိုင်လိုက်ကာ.. ၊

"မဟုတ်ဘူးဒေါ်လေးရယ်..ကျွန်မတို့ပြောရခက်နေတဲ့အကြောင်း တွေကိုပဲ ပြောပြတာပါ..နောက်ပြီး ကိုယ့်ရွာသူအတွက် ချောင်ပိတ်ခေ ခွန်းထုတ်သလိုဖြစ်သွားရင်လည်း မကောင်းဘူးမို့လား.."

"ဒါကတော့ သူ့သာအပျော်ကြံတာမဟုတ်ရင် ခေါင်းညိတ်လာ မှာပါအေ..ကိုယ့်ရွာသူဘက်ကပါတယ်ထင်မှာလည်းစိုးစရာမလိုပါဘူး ခုလို လွန်လွန်ကျူးကျူးဖြစ်ပြီးမှ မယူဘဲထားခဲ့ရင် တစ်ရွာသား



ဘယ်မှာလိုက်ရှာမလဲ..ဘယ်လိုထင်စရာဖြစ်ဖြစ် အမိဖမ်းသင့်ရင် ဖမ်း မှာပဲအေ့.."

ဒေါ်ထားခင်က နဂိုတည်းက စိတ်ဆတ်သူမို့ ဒေါ်ညိုကြားဆီးနေ မယ့် မျိုသိပ်လို့မရတော့ဘဲဖြစ်လာကာ.. ၊

"အဲ့ဒီလိုဖြစ်လာရတာကိုပဲ ပြောတာပေါ့ဒေါ်လေးငိုရဲ့..မောင် မောင်က တစ်ရွာသားမှန်းသိရက်နဲ့ ငြိစွန်းခံတာ ဘယ်သူ့အမှားလဲ.."

"ဟဲ့..ဒါက.."

"အင်းပါ..ပြောပါဦး၊ ဒေါ်လေးငိုက ဖြူဝင်းကိုကိုယ့်ရွာသူဆိုတဲ့ အကွယ်စိတ်တစ်ခုနဲ့ ဖွတ်ပြောနေတာ..တွက်ကြည့်ရင် ဖြူဝင်းအ သက်က သုံးဆယ်ကျော်လေးဆယ်တွင်း.."

"အေးလေ..ဒါပေမယ့်.."

"ကလေးတစ်ယောက်လည်းရှိနေသေးတယ်.."

"မေတ္တာစိတ်ဆိုတာ အမှားလုပ်မိဖို့ အနီးစပ်ဆုံးပဲလေ.."

"မိန်းကလေးက အမှားလုပ်ဖို့လွယ်ရင် ယောကျ်ားလေးက ပို လွယ်တာပေါ့ဒေါ်လေးရယ်..သူ့မောင်မောင့်ထက် ဆယ်နှစ်လောက်ကြီး တယ်.."

"နေပါဦးမယ်ထားခင်ရဲ့..ညည်းကတစ်ရွာသားဘက်က ခပ်ပါပါ လား.."

"မဟုတ်ပါဘူးဒေါ်လေးငိုရယ်..ထားခင်က.."

"ဟုတ်ပါတယ်..ကျွန်မက တစ်ရွာသားဘက်ပါနေရင် လွန်တာ ပေါ့ ဒါပေမယ့် မောင်မောင်က အိမ်မှာနေလာတာ တစ်နှစ်လောက်ရှိ ပြီလေ..ပြန်မယ့်စကားလည်း ခုထိမပြောဘူး၊ ကျွန်မတို့ကလည်း မ ခေချင်ဘူး..ခုတောင်မှ အမေညို့သားနှစ်ယောက်..ဒေါ်လေးညို နှစ်ယောက်နဲ့ တစ်ရွာလုံးက ကျွန်မတို့သားအဖြစ် သတ်မှတ်နေ တာ.."

ဒေါ်ထားခင်က မခံချင်စိတ်တွေ ရှန်းကြွနေသဖြင့် တားဆီးဖို့ တပြင်ပြင် မျက်ရိပ်ပြဖို့ ချောင်းဟန့်သံတွေပေးနေသော အစ်မဖြစ် သူ့ညွှလည်းမကြည့် ကြားလည်းမကြားသလိုနေကာ.. ၊

"ဒေါ်လေးငိုမှာလည်း သားရှိတာပဲ..နည်းနည်းတွေးကြည့်ပါဦး၊ သားဆရာဝန်လုပျိုလေးကို.."

"တော်ပါပြီအေ..ညည်းတို့သဘောကို ငါသိပါပြီ.."

ဒေါ်ငိုစကားမနိုင်တာနှင့် ဒေါ်ကြီးမောကြီးပြန်ဖို့ပြင်၏။ ဒေါ်ညီ က ကပျာကယာလက်ဆွဲထားကာ.. ။

"မဟုတ်ဘူး..မဟုတ်ဘူး၊ ကျွန်မတို့ပြောမှာပါ..မောင်မောင် လည်း တကယ်ငြိစွန်းနေကြရင် ငြင်းမှာမဟုတ်ပါဘူး၊ ဟိုလေ..မိ ခင်က ကောင်လေးကိုသူ့သားလိုမြင်နေတာဒေါ်လေးရဲ့၊ ပြောမှာဆို ရှိရင် ဗွေမယူပါနဲ့..ကျွန်မတို့ကမိဘတွေပဲ၊ အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးရမှာပေါ့.."

ဒေါ်ငိုပြန်သွားတာနှင့် ညီအစ်မနှစ်ယောက် အချေအတင်ဖြစ် တော့သည်။

"သူ့ဟာသူရပ်မိရပ်ဖပဲဖြစ်ဖြစ် ရွာလူကြီးဖြစ်ဖြစ်ပေါ့..တစ် သတ်ကြီး မဲတင်းနေတာ အစ်မပဲလိုက်တောင်းပန်နေ.."

"နင်ကနင်းကန်ဘုပြောနေတာ ငါကလက်ခုပ်တီးပေးရမှာ ထားခင်ရယ်..ခက်ပါ့.."

ဒေါ်ညီ ညည်းညူသလိုပြောမှ မကောင်းတတ်လို့ ဖာထေး ပေးနေရတာမှန်း ဒေါ်ထားခင်သဘောပေါက်၏။ ဒီတော့မှ ကု ထိုင်မှာ ထိုင်ချလိုက်ကာ.. ။

"တကယ်ပါတော်..အဲ့ဒါကောင်မလေးတော့ ကောင်မလေးဆို အားပါးတရပြောထည့်လိုက်ချင်တာ.."

"ဖြစ်မလားထားခင်ရယ်..သူတို့ကမဖွယ်မရာတွေတောင် ထားကြတဲ့ဟာ၊ ယောကျ်ားလေးမဟုတ်ပေမယ့်လည်း ချစ်ကြိုက်လို့ တာပဲ.."

ဒေါ်ညီစိတ်ညစ်ပြီဆို ငိုချင်စိတ်က ကပ်ပါလာတတ်ကာ ပေါ်လက်တင်ကာ မေးထောက်လိုက်သည်။ ဒေါ်ထားခင်က အစ်မ နှာကိုငုံ့ကြည့်သည်။ မျက်တောင်ခတ်သည့်အကြိမ်ရေများလာသ နှာခေါင်းပေါက်နှစ်ဖက် ပွစိပွစိဖြစ်နေပြီလား ဘာမှမဖြစ်လာသေး ဆိုလျှင် ဒါငိုနေတာမဟုတ်သေး..။ ထို့ကြောင့်.. ။

"အစ်မပဲမောင်မောင့်ကိုဖွင့်ပြောမလို့ဆို.."

"ဟုတ်တယ်..ပြောဖို့ကြိုးစားနေတာကြာပြီ၊ ဒါပေမယ့် ပြော ကိုမထွက်ဘူး..အဲ့ဒီကောင်လေးကို ငါလည်းကောင်လေးလိုပဲ ဆ



နေတာ နေသားကျနေပြီ၊ ပြောဖို့ကြံလိုက်ရင် သနားသလိုလို မိန်းက ဖြစ်သွားမှာ သနားသလိုလို.."

"ကျုပ်ကတော့ သူရှက်ပြီး ဒီကနေထွက်သွားမှာပဲလို့ ထင်နေ .."

ဒေါ်ထားခင်က ဖြတ်ပြောကာ.. ။

"ဟုတ်တယ်လေ..ဒီလောက်အကြာကြီး ဖုံးဖိထားဖို့ဆိုတာ လွယ် ဘူး၊ သူရေချိုးဖို့ အိပ်ဖို့စားဖို့..သူအဆင်ပြေအောင် ကျုပ်တို့မသိ ကာကွယ်လုပ်ကိုင်ပေးနေကြလို့ ဒီထိလုံခြုံနေတာဆိုတာ သူက မဟုတ်ဘူး.."

"အင်း.."

"ဒါတောင် မိန်းမကိစ္စဗာယီရတွေကို ဘယ်လိုဖြေရှင်းနေသလဲ အတော်အံ့ဩဖို့ကောင်းတဲ့ကိစ္စဖြစ်နေပြီ..ဘာဖြစ်လို့ဒီလောက် ယောကျ်ားလေးပုံဖြစ်နေတာလဲ.."

"သူကိုက ဒီဘဝနဲ့အသားကျနေတာထားခင်..ဒေါ်လေးငိုတို့မြင် သာအမှန်ဆိုရင်တော့ သူ့ကိုယ်သူမိန်းကလေးလို့ ထင်ကိုမ တော့တာ.."

"သူ့ကိုယ်သူဘာထင်ထင် ဟိုမုဆိုးမကလေးအမေကိုလည်း လုံးဝမကျေနပ်ဘူး..မောင်မောင့်ကိုမှ ဘယ်လိုတောင်သိမ်းသွင်း ယ်.."

"ဟဲ့..ဩော်၊ စကားပြောတာ မရိုင်းစမ်းပါနဲ့ထားခင်ရယ်..ညည်း တစ်ခုလပ်တစ်လင်ကွာမိန်းမပဲ၊ မိန်းမသားချင်း ချိုးနှိမ်မပြော နဲ့.."

"ပြောချင်လို့ပြောတာမဟုတ်ဘူး..ပြောချင်အောင်လုပ်နေလို့ပြော ဒီတိုင်းမှန်နေရင်တော့ ဆရာဝန်မို့မက်သွားတာလား..လူချော မြို့သားလေးဟဲ့ဆိုပြီး မဆင်ခြင်နိုင်တော့တာလား.."

"ဟဲ့..တိတ်တိတ်နေ ဟိုမှာမောင်မောင်ပြန်လာပြီ.."

လက်ထဲမှာလည်း ချည်ငင်ထွေးလို သစ်ရွက်လေးတွေနဲ့နွယ်တွေ ဆုပ်ကြီးခူးလာတာတွေ့၏။ လည်ပိုင်းတီရှပ်အဖြူပေါ်မှာ ရှပ်အ ကျ်ရှည်အနီကွက်ကို ကြယ်သီးနှစ်လုံးဖြတ်ပြီး ထပ်ဝတ်ထား ၊ ပုဆိုးဘယ်တော့မှမဝတ်သည့် သူ့ကိုယ်ပေါ်မှာ ဘောင်းဘီရှည်

ခပ်ပွပွတွေသာ ရှိနေတတ်လျက် ဂုတ်ထောက်ကျော်နေသည့်ဆံပင်က သေသေသပ်သပ်ဖြီးထားတယ်ဆိုတာ သိပ်မရှိ။ နဖူးပေါ်မှာလည်း ဆံပင်က အုပ်နေသေးသည်။ ပခုံးထက်မှာ ဖို့ရီးဖားရားကျလျက် လ သရဲလေးနဲ့တူနေ၏။ ရောက်လာကာစကလို ဖြူဖြူသန့်သန့်ပုံ တောင် ပျောက်နေပြီဖြစ်ကာ တကယ်ကိုခပ်ပျော့ပျော့တောသား လေးဖြစ်နေ၏။ သူမတို့သာ ဒီလျှို့ဝှက်ချက်ကို ကြိုသိမထားခဲ့လျှင် မိန်းကလေးလို့တောင် တွေးမိပါ့မလားမသိ.. ။

"အစ်မ သူ..သူ့ပစ္စည်းတွေကို ဘယ်လိုဝှက်ထားသလဲမသိဘူး နော်..ကျုပ်တို့တွေ့တုန်းကဖြင့် ဒီလိုပြားချပ်.."

"ဟဲ့..တိတ်တိတ်နေစမ်း၊ လူတွေမျက်နှာက အတင်းပြောရင်သိ သိသာတာ.."

"ဟုတ်ပါပြီ..ကျွန်မတော့ လုံးဝမျိုသိပ်မနေနိုင်တော့ဘူး၊ အစ် အဲ့ဒီကိစ္စပြောလိုက်နော်..ဒါပဲ.."

ခပ်ကြိတ်ကြိတ်ပြောပြီး ဒေါ်ထားခင်အိမ်ထဲဝင်သွားသည်။ မောင်မောင်က သူခူးလာသည့်အရွက်တွေကို ရေစည်နားမှာ သေချာ ဆေးကြောနေသည်။ ပြီးတော့ တစ်ဝက်ခွဲ ရေစင်အောင်ခါပြီး ဇကာ မှာ ဖြန့်ထားခဲ့သည်။ တစ်ဝက်ကို ရေဖလားထဲထည့်ပြီး ယူလာ၏ သူလုပ်ကိုင်နေတာကို ဒေါ်ညိုကလှမ်းမြင်နေသဖြင့် အိမ်ထဲဝင်လာ တော့ အရွက်တွေကိုလည်းပင်းရှည်ကြည့်ကာ.. ။

"ကုလားမျက်စိတွေပါလား..ဘာလုပ်ဖို့လဲ.."

"ဒူလာဝမ်းတို့ သွေးဝမ်းသွားတာတို့ကောင်းတယ်.."

"ဟေ.."

ဒေါ်ညို အံ့ဩသွားကာ.. ။

"မင်း မိုးခြိမ့်အတွက်ယူလာတာလား.."

"ဟုတ်တယ်ဒေါ်လေး..သူသွေးဝမ်းသွားနေတာ မကြာမကြာ လာလို့.."

ပြောနေရင်း မီးဖိုဆောင်ဘက်ကို ပြန်ထွက်သွားသဖြင့် ဒေါ်ညို ကနောက်ကနေလိုက်သည်။

"အဲ့ဒါဘယ်လိုလုပ်သောက်ရတာလဲ..ကုလားမျက်စိပင်က ဆေး ကောင်းတာပဲမှတ်တာ.."



"မြန်မာဆေးဆိုတော့ သုံးခွက်တစ်ခွက်တင်ကျိုရတာပါပဲ..ဆီး အတွက် သွေးအတွက်ဆိုတာကတော့ သူ့ကိုပြန်ရောပေးတဲ့ဆေးပစ္စည်း ခြားသွားတာပေါ့.."

"မင်းက အင်္ဂလိပ်ဆရာဝန်သာဆိုတယ်..ဒါတွေလည်း နားလည် နော်၊ ရွာထဲမှာလည်းပြောနေကြတယ်..သရက်တောဘက်က တာ တစ်ကောင်ကို မင်းကုပေးခဲ့တာ သက်သာသွားလို့တဲ့ တာတေတွေ ချီးမွမ်းမဆုံးဖြစ်နေဆိုပဲ.."

"အဲ့ဒါက ကျွန်တော်ဘာမှမလုပ်ပေးရပါဘူး..ဒီလောက်တော့ နားဝရှိတဲ့ အရပ်သားတွေတောင် လုပ်တတ်ပါတယ်.."

မောင်မောင်က မြောက်ပြောသည့်စကားကြောင့်လည်း ဝမ်းသာ ကြွသွားတာမျိုးမဖြစ်။ ခိုင်းရင်လည်း လုပ်ချင်မှလုပ်သည်။ စကားနားထောင်တာဆိုလို့ ထားခင်နဲ့သူမရဲ့စကားသာရှိသည်။

ဒန်အိုးလေးတစ်လုံးကို သန့်အောင်ဆေးရင်း ဆေးကျိုဖို့လုပ်နေ ဒေါ်ညိုပြုံးလိုက်မိသည်။ သူ့ခမျာ မိန်းကလေးတန်မယ့် စိုက်ခင်း သည်းလိုက်သည်။ လယ်ထဲကိုင်းထဲဆိုလည်း မညည်းမညူဝိုင်းကူ ညဘက်တစ်ယောက်တည်း အခန်းအောင်းပြီဆိုမှ လက်ဖဝါး တွေဖြန့်ကာ ဆေးတွေလိမ်း အဝတ်တွေနဲ့စည်း.. ။

"အဲ့ဒါကြောင့် မခိုင်းပါနဲ့လို့ အစ်မကိုပြောတာပေါ့.."

"မခိုင်းဘဲသိသာအောင် ပစားပေးနေရင် သူ့အကြောင်းငါတို့သိ သိသွားမှာပေါ့ထားခင်ရဲ့..သူဒီလောက်ထိ ပင်ပန်းခံပြီးဖုံးဖိထား ငါမဖော်ရက်ပါဘူး.."

ထားခင်လည်းနောက်တော့ မပြောတော့ဘဲ အလုပ်ကိစ္စဆို သူမ ထားခဲ့ရမည့်အကြောင်း ကိုယ့်ဘာသာရှာကြံကြရသည်။ သူမ ဖို့ ရေချိုးတဲ့အချိန် လုံခြုံဖို့ အိပ်ပျော်နေပျော်ရှိတုန်း မိုးခြိမ့်နဲ့မ ပြီးတော့ တစ်အိမ်လုံးကို ဥဒဟိုဝင်ထွက်သွားလာကျင့်ရှိနေ သည့် ဓာတ်တိုင်တို့နဲ့ တည့်တည့်မတိုးဖို့။ ဒါတွေအတွက် ထားခင် ဘယ်လောက်တောင် ဂရုစိုက်ပင်ပန်းခံခဲ့ကြသလဲ.. ။

ကိုယ့်သားထက်တောင် သူမလေးကိုပိုပြီး ဂရုစိုက်ခဲ့ရတာပါ။ ဘာင့် ဖြူဝင်းနဲ့ကိစ္စကြီးကိုကြားရပြီး ထားခင်ရင်ထုမနာဖြစ်နေခဲ့ ယောကျ်ားလေးလိုဖြစ်စေ မိန်းကလေးလိုဖြစ်စေ ကိုယ့်သားနဲ့

နီးစပ်သည်ဖြစ်ဖြစ် မနီးစပ်တော့ဘူးဖြစ်ဖြစ် သားသမီးလိုဖြစ်နေသည့် မောင်မောင့်ကိုဖြူဝင်းနဲ့ ကြည်ဖြူပေးလိုက်ဖို့က အတော်ခက်ခဲ ၏။

"ဒေါ်လေးအေးဆေးသွားနေပါ..ကျွန်တော်လုပ်တတ်ပါတယ်"

အတွေးတို့သည် မောင်မောင်လှည့်ကြည့်ပြီး ပြောလိုက်မှ ပြ တောက်သွားခဲ့ပြီး.. ။

"အေးပါ..သိပါတယ်၊ ဒါပေမယ့် ငါတို့ထင်တာတော့ မိုးခြိမ့် လိပ်ခေါင်းများဖြစ်နေသလားပဲနော်.."

မောင်မောင်က ဘာမှမပြောဘဲ မီးမွှေးနေ၏။ ထိုအခါ စေ စောင်းလေးတွေ နုရဲနေသည့် ပြည့်သွယ်သောလက်ချောင်းလေးတွေ သတိထားကြည့်မိပြန်၏။ ဒီလက်တွေကို တော်ရုံနဲ့ဘယ်တော့မှ ဆ မထုတ်ခဲ့သလို လူမြင်အောင်ဖြန့်တာ လှုပ်ရှားတာမျိုးလည်း မမြင်ခ ခဲ့သလောက်ပင်။ သူမကပဲ နိုင်ခံစွာကာကွယ်ထားနိုင်တာလား မိုးခြိ ကပဲ အမှတ်တမဲ့နေတတ်လွန်းတာလား ဒါမှမဟုတ် တုံးလိုက်ပါဘိ ပြောရမလား..။ ဒါတွေလည်း မဟုတ်ခဲ့ဘူးဆိုလျှင်တော့ တစ်ခုသ တွေးစရာရှိတော့သည်။ ပြီးခဲ့သည့် တောက်လျှောက်ကာလတွေမှာ မိ ခြိမ့်အချိန်ပြည့်မှုးနေခဲ့သည့်အတွက် အကျိုးအကြောင်းတိုက်ဆိုင် တော့လွဲလွဲနေခဲ့ကြတာလား.. ။

"အဟမ်း.."

ကိုယ်ထင်ရာတွေးနေပြီးမှ လိုချင်တဲ့စကားပြန်စဖို့ လည်ချောင်း တစ်ချက်ရှင်းလိုက်ရင်း.. ။

"အဲ့ဒါလိပ်ခေါင်းဆိုရင်.."

"လိပ်ခေါင်းလည်းဖြစ်နိုင်တယ်..ဝမ်းချုပ်တာ ဝမ်းကိုက်တာ ကြောင့်လည်းဖြစ်နိုင်တယ်၊ ဝမ်းထဲမှာ သွေးပါလာတာနဲ့ အရမ်းထိ လန့်သွားဖို့တော့ မလိုပါဘူး..တစ်ခုတော့ ရှိတာပေါ့၊ သူကအရ သောက်နေတဲ့အတွက် သာမန်ဖြစ်တဲ့ရောဂါတွေက ဆိုးတဲ့ဘက် မြန်မြန်ဆန်ဆန်ကူးနိုင်တယ်..သာမန်လူထက် ပိုဆိုးနိုင်တယ်၊ သူ ရက်သောက်နေတာကိုတော့ တားမှကိုဖြစ်မှာ.."

ဒေါ်ညိုသဘောတွေကျနေမိသည်။ ပြီးတော့ စိတ်မကောင်းခြင်း က တွဲလျက်ပါ၏။ မောင်မောင့်ပုံစံကြည့်ရတာ သားကိုစိတ်ဝင်စား



ည်းလေးရှောင်မပြ.. ။

"ဒေါ်လေးတစ်ခုလောက်မေးချင်လို့..ကိုယ့်အဒေါ်သားရင်းလို သ ထားပြီး ပွင့်ပွင့်လင်းလင်းဖြေနော်မောင်မောင်.."

စကားအစပျိုးလိုက်တာနဲ့ မောင်မောင်ကလည်း ဆေးကျိုဖို့အိုး ပြီးဖြစ်ကာ မတ်တပ်ရပ်လိုက်၏။ မျက်နှာချင်းဆိုင်ဖြစ်သွားမှ..၊

"ဟုတ်..ပြောလေဒေါ်လေး.."

"မင်းနဲ့ဖြူဝင်း တော်တော်ရင်းနှီးကြသလား.."

ထိုမေးခွန်းကို ရင်တထိတ်ထိတ်နဲ့မေးရင်း မျက်နှာကိုမလွှတ် အကဲခတ်နေမိသည်။ မောင်မောင်က မျက်ခုံးမှောင်ကုတ်သွားပေ ထူးခြားသည့်ပုံစံ ဘာမှမဖြစ်ဘဲ.. ။

"တော်တော်တော့မရင်းနှီးပါဘူး..ဒါပေမယ့်.."

ဒါပေမယ့်ဆိုပြီး ဆက်မပြောတော့ ရင်ထဲမှာဒိန်းခနဲမြည်၏။

"ဒေါ်ကြီးညို.."

ခေါ်သံနှင့်အတူ စက်ဘီးတစ်စီးခြံရှေ့ရောက်လာကာ ရွာထိပ်က မွေးသမားတင်လှက စက်ဘီးပေါ်ကနေ ခြေတစ်ဖက်ထောက် ပြီး ရပ်စောင့်၏။ ဒေါ်ညိုတို့ထွက်လာတာမြင်ကာမှ.. ။

"အပေ့ါပဲ..ကျွန်တော်အထဲမဝင်တော့ဘူးနော်၊ အောင်ကြီးနဲ့ ကြီးက မောင်မောင့်ကိုဆေးကုခပေးချင်လို့ အိမ်ကိုလာခဲ့ပါဦးတဲ့.."

"အံမယ်..အံမယ် ဘာတဲ့.."

ဒေါ်ထားခင်က ဘယ်ကနေဘယ်လိုကြားပြီး ချက်ချင်းရှေ့ က်လာမှန်းမသိ.. ။

"ဆေးကုခပေးချင်လို့ အိမ်ကိုလာခဲ့ပါ..ဟုတ်လား.."

"ဟုတ်တယ်..ဖြူဝင်းတောင် သူ့အထည်ထုတ်ကြီးရွက်ပြီး င်ကြီးတို့အိမ်ကို သွားနေပြီ.."

တင်လှက အားပါးတရပြောပြနေကာ.. ။

"ကျုပ်တော့ မောင်မောင့်အတွက် စိတ်ကြိုက်ဝယ်ပေးတော့မယ် ဘာပဲ..ဟီး ဟီး၊ ပညာများနော်..ပိုက်ဆံရလွယ်ပါဘိ.."

"ဟုတ်တယ်..ပိုက်ဆံရလွယ်တယ်၊ ဒါပေမယ့် ပေးချင်တိုင်းပေး သလို ပေးလို့တော့မရဘူး.."

"ထားခင်နေဦး.."

"အစ်မအသာနေစမ်းပါ..ဒီမှာ ဟဲ့တင်လှ၊ နင်ကလည်း အဲ့ဒီ
သားတွေ ခိုင်းတိုင်းမလုပ်နဲ့..ဆေးဆရာကိုဆေးဖိုးဝါးခပေးတာကို
တော့တပဲလို့ခေါ်တယ်၊ အိမ်ကိုလိုက်ကုပေးရင် ခြေကြွခ.."

"မသိဘူးလေဗျာ..ကျုပ်ကလည်း မှာတဲ့အတိုင်းပြောရတာကို.."

"ဒါဆို အဲ့ဒီအိမ်ရှေ့မှာ စက်ဘီးရပ်ပြီး ငါတို့အစားဆဲခဲ့ပေးပါ
ရင် နင်ဆဲပေးမှာလား.."

"ဒေါ်ထားကလုပ်ပြီဗျာ.."

တင်လှစက်ဘီးပေါ်ကနေ ခေါင်းကုတ်နေ၏။ ပြီးတော့ သတိ
ကာ မောင်မောင့်ကိုမေးဆတ်လိုက်ပြီး.. ။

"ဆရာဝန်ကိုလည်း မေးပါဦး..သူရရမယ့်ဆေးကုခတော့ သူ
ချင်မှာပေါ့.."

မောင်မောင်ကစိတ်ပျက်သလို ကြည့်နေရင်း ခေါင်းခါသည်
ဒေါ်ထားခင်က အားပါးတရဖြစ်သွားပြီး ခါးထောက်လိုက်ရင်း.. ။

"နင့်လမ်းနင်ဆက်သွားချင်သွား..မသွားချင်ရင် ပြန်ပြောလို
ဒေါ်ညို့အိမ်က ဆရာဝန်ကို ပိုက်ဆံခေါ်ပေးဖို့ မလိုဘူး..နင်တို့လို
ရင်တောင် ဒေါ်ညိုကစိတ်အကြိုက်အိတ်နှိုက်ပေးလို့ရတယ်လို့၊ ဟွန်း
ဒါပေမယ့် ဒီတိုင်းတော့မရဘူး၊ ခြံဝကနေ လေးဘက်ထောက်ဝင်လာ
ခဲ့မှရမယ့်.."

>> <<

အခန်း(၁၇)

"အံမာ..ဒီမိန်းမကြီး လူပါးဝတာ၊ ငါနဲ့တွေ့မယ်.."

"ဟိတ်ကောင်.."

ချက်ကြီးက ဝါးသဲတုတ်ကြီးပြေးဆွဲသဖြင့် အောင်ကြီးအသံ
န်းသွားအောင်အော်သည်။ အော်မှာပဲဆိုတာ သိထားပြီးဖြစ်သည့်
ယ် ချက်ကြီးက အောင်ကြီးအသံကြားသည်နှင့် တုတ်ကိုလွှင့်ပစ်သ
ို့ ဆောင့်ချလိုက်ကာ.. ။

"အဲ့ဒီမိန်းမကြီးကိုဆို မင်းသည်းခံလာခဲ့တာ တော်တော်များနေ
ပြီနော်ကိုကြီး..မင်း.."

မကျေမနပ်ထိုးညွှန်လိုက်သည့်လက်ညှိုးကပါ တုန်ယင်နေကာ
ချက်ကြီးရဲ့ဒေါသက အားပြင်းစွာဖြင့်.. ။

"ပြောလွတ်လိုက်တာကြည့်ဦး..ငါတို့ကပဲ သူ့ခြံထဲကိုလေးဘက်
ဘက် ဝင်ခဲ့ရမယ်တဲ့၊ တာတေသုံးဖော်ဆိုတာ ဘာမှတ်နေလို့လဲ..
င်းနဲ့ကျမှ ငါတို့ရာဇဝင်ပျက်တာ.."

"ဘာတွေလျှောက်တွေးနေတာတုံးမင်းကရော..သူ့ပိုက်ဆံလိုချင်
င် လေးဘက်ထောက်ဝင်ခဲ့လို့ပြောတာ၊ မင်းကသူ့ဆီပိုက်ဆံသွား
ောင်းမှာမို့လား.."

"သြော်..အဲ့ဒါကြောင့် ဒါကိုစိတ်မဆိုးရတော့ဘူးပေါ့.."

အောင်ကြီးကျွတ်ခနဲဖြစ်သွားရင်း ခေါင်းခါမိကာ.. ၊

"သူများကို စကားအကြောင်းတင်မခံတဲ့ မင်းရဲ့ညဉ်ကို အ ဖျောက်ဦးချက်ကြီး..တင်လှကို မင်းမှာလိုက်တဲ့စကားလုံးကို မင်း တွေးကြည့်.."

"ဘာကိုတွေးရမှာလဲ.."

"ဟိုကောင်ဆရာဝန်ပေါက်စကို ဆေးကုခံပေးချင်လို့ အိမ်ကို ခဲ့ဦးလို့ ဝင်ပြောလိုက်တဲ့.."

ချက်ကြီးမျက်နှာတစ်ချက်လွှဲသွားသည်။ သို့သော်.. ၊

"အဲ့ဒါကိုတင်လှက ဒီတိုင်းပြောမှာတဲ့လား.."

"ဟိုကမှာတဲ့အတိုင်း ပြန်ပြောလို့ မင်းခုပဲမားဆွဲတုတ်ဆွဲဖြစ် ပြီလေ..မင်းပြောတဲ့စကားကိုများ အချောသတ်ပြင်ဆင်ပြီး ပြန်ပြော မယ်ထင်နေတာလား.."

ချက်ကြီးငြိမ်သွားသည်။ အောင်ကြီးက သူ့ကိုစိုက်ကြည့် လှည့်ထွက်သွားသည်။ ပြီးတော့ တိုင်မှာချိတ်ထားသည့် ပင်နီတို ပုံအဟောင်းကြီးကို တစ်ချက်နှစ်ချက်ခါပြီး လက်ထိုးဝတ်နေရင်း..

"ငါသွားခေါ်မယ်.."

"မသွားနဲ့ဗျာ.."

"မသွားလို့ရမလား..ဆေးဖိုးဝါးခဆိုတာ ကြွေးမချန်ကောင်း ဘူး.."

"လူကြုံပေးခိုင်းလိုက်တော့.."

"ဖြစ်မလားကွ..ဖြူဝင်းက ဒေါ်ပုစုံးတို့အိမ်ရောက်နေတာ ကြာ ပေါ့.."

သူတို့ခေါ်လိုက်လို့လာပေမယ့် တခြားအချိန်တွေမှာ ဈေးရောင်း ရင်လည်း ဒေါ်ပုစုံးကနေ အထည်တွေပါတာကို လှမ်းပြောတာပဲဖြ ကာ သူတို့အိမ်ထဲကို ဖြူဝင်းဘယ်တော့မှမလာပေ။ သူတို့ကိုယ်တိုင် ကလည်း ဘယ်ဈေးသည်ကိုမှ ခြံဝင်းထဲထိခေါ်သွင်းပြီး ဝယ်ခြမ်းတာ ဆိုတာ မရှိခဲ့ရာ.. ၊

"ဖြူဝင်းကိုအဲ့ဒီလွှတ်လိုက်ပေါ့ကိုကြီးရာ..ကြိုက်တာရွေးယူ ဘယ်လောက်ဖိုးဖြစ်ဖြစ်လို့ ချဲထည့်လိုက်စမ်းပါ..သူတို့ကိုအလျှော့ပေ



နောက်တစ်ခေါက်ထပ်သွားစရာ မလိုပါဘူး.."

"မင်းအသာနေစမ်းချက်ကြီး..ငါမင်းထက် ဆယ်နှစ် ဆယ်ငါး ကြီးတယ်..မင်းထက်သိတယ်.."

"ကြီးတိုင်းမသိဘူးတော့လုပ်လိုက်..ကြီးပြီးကြီးပေါကြီးဖြစ်.."

"ဘာကွ.."

"ကြီးပေါကြီးတွေရှိတယ်လို့ပြောတာ.."

အောင်ကြီးပြန်လှည့်ကြည့်တော့ ပျာပျာသလဲဖြေရှင်းလိုက်ရကာ ျက်နှာသည်လည်း မဲ့သွားခဲ့ပြီး.. ၊

"ကိုကြီးနော်..မပြောချင်လို့ကြည့်နေတာများပြီ၊ အဲ့ဒီအိမ်ကိုအ ပေးချင်တာ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် မရှိုးသားတော့ဘူး.."

အောင်ကြီးကထွက်သွားပြီမို့ ချက်ကြီးရဲ့စွပ်စွဲချက်တွေကလည်း င်းဆန်ကျယ်လောင်လာခဲ့လျက်.. ၊

"တောင်ကြီးကိစ္စဖြစ်သွားတော့ အံကိုက်ကျသွားတာပေါ့..မသိ ခက်မယ်..ကြောင်ခံတွင်းပျက်နဲ့ ဆက်ရက်တောင်ပံကျိုး.."

ရေရွတ်ပြောဆိုရင်း လိုက်မသွားဘဲလည်းမနေနိုင်.. ၊

➤➤ ➤➤

## အခန်း(၁၈)

"ကဲပါညီရယ်..ငါ့သမီးအပျိုရွယ်လေးနှစ်ယောက် ပါနေလို့ပါ
မိုးခြိမ့်တို့တစ်အုပ်စုလုံးပါတော့ ကိုယ့်ရွာကလူတွေ တောင့်တင်းတာ
ပေါ့..ဘာပြဿနာမှမဖြစ်စေရဘူးစိတ်ချ၊ ပွကြီးမိန်းမသိန်းညွန့်လည်း
ပါပါတယ်.."

"ဩော်..မုဆိုးမလက်သစ်လေးလည်းပါတယ်ပေါ့.."

ပွကြီးမိန်းမဆိုပေမယ့် ပွကြီးကဆုံးသွားတာ တစ်နှစ်လောက်ရှိ
ပြီဖြစ်သည်။ ဒါပေမယ့် မသိန်းညွန့်က လူလည်းအလုံးအရပ်မပျက်
စီးပွားရေးလည်း ယုတ်လျော့တယ်မရှိ။ ရွာထဲမှာသာရေးနာရေးသူမပါ
လျှင် မပြီးတာလည်း အရင်ကအတိုင်းပင်။ သားလူပျိုပေါက်စတစ်
ယောက်ရှိတာလည်း ယောကျ်ားမတွေက ခေါ်ထားတာမို့ သူမကကိုယ်
တိုင်လယ်လုပ်ပြီး ငွေတိုးချေးတာကလည်း အကျိုးပေးသေးသည်။ သူ
မ၏ စွာကျယ်ကျယ်အသံကို လူတွေကပြောကြတိုင်း.. ။

"ငွေတိုးချေးစားရတာ အဲ့ဒီလိုစွာကျယ်ကျယ်မလုပ်လို့ မရဘူး
ဟေ့..ကြွေးယူပြီးရင် 'ရှိမှပေးနိုင်မယ်'ဆိုတဲ့ အပေါက်တွေက အဲ့ဒီ
လောက်စွာထားမှ တော်ရုံကျတာ.."

လို့ အကြောင်းပြကောင်းက သူမစွာရသည့်အကြောင်းအရင်း



"အေးပါ..သိန်းညွန့်လည်းပါတယ်ဆိုရင်တော့ စိတ်ချပါတယ်၊
ဘယ်ဖြစ်ဖြစ် တခြားတစ်ရွာမှာ တစ်ခုခုဆိုကိုယ့်ဘက်က ပြောရဲဆိုရဲ
သူကြီးတွေပါမှလေ.."

"မသိန်းညွန့်အကြောင်းလည်း ညည်းသိတဲ့အတိုင်းပဲ..သူ့ကိုသာ
ဆယ်လွှတ်လိုက်၊ အဲ့ဒါကလူဖြစ်ဖြစ် ပစ္စည်းဖြစ်ဖြစ် အဲ့ဒီမိန်းမက သိပ်
စောင့်ရှောက်တတ်တာ..တို့ရွာမှာ သူပဲမျိုးချစ်စိတ်အကြီးဆုံး.."

"အကြီးညို..ဒါဆို မိုးခြိမ့်နဲ့ကိုမောင်မောင်တို့လိုက်မှာပေါ့နော်.."

ယုမော်ရဲ့သမီးအကြီးမက အလွန်အမင်းဝမ်းသာနေသည့်မျက်
နှာလေးနှင့် မေးကာ.. ။

"ဒီညနေနော်အကြီးညို..ဟိုရွာရောက်ရင် မိုးချုပ်အတော်ပဲ.."

"အမလေး ငါ့သမီးရယ်..မိုးချုပ်မှသွားလည်းရပါတယ်အေ၊ ဟို
ဘက်ရွာသိပ်ဝေးတာလည်း မဟုတ်ပါဘူး.."

"မဝေးတာက ဟုတ်တယ်လေအမေကလည်း..အငြိမ့်ကခဏ
လေးပဲဖျော်ဖြေမှာပါတဲ့ဆို၊ ရွာသားတွေသီချင်းဆိုကြတာတော့ နားမ
ထောင်ချင်ပါဘူး.."

"အေးပါ..အေးပါ၊ ကဲ..သားအမိငြင်းမနေကြပါနဲ့တော့၊ သွား
မယ်ဆို သံလုံးကိုလာခေါ်ခိုင်းလိုက်လေ..မိုးခြိမ့်တို့ကို ငါပြောထား
လိုက်ပါ့မယ်.."

"အခု ကောင်လေးတွေမရှိကြဘူးလား.."

"မောင်မောင်က နောက်ဖေးကပြောင်းတောထဲမှာလေ..ခုလေး
တင်ဆင်းသွားတာ၊ သူကအားရင် ဆေးနည်းတွေရှာကြံဖတ်နေတာပဲ.."

ဒေါ်ညိုက မောင်မောင့်အကြောင်းပြောရင်း ဂုဏ်ယူဝံ့ကြွားသည့်
အပြုံးတို့နှင့်.. ။

"ဆေးဝါးပစ္စည်းဘာမှမပါလာပေမယ့် တစ်ခုခုဆို အသက်ကယ်
နိုင်အောင်တဲ့..ပြီးတော့ သူကဆေးပညာကို ဝါသနာပါပုံလည်းရ
သယ်.."

"အေးနော်..ဒီကောင်လေးလည်း ဘာဖြစ်လို့ ဆရာဝန်အလုပ်ကို
ထားခဲ့ပြီး ဒီမှာလာနေတာလဲမသိဘူး..သူ့ကြည့်ရတာ ဆရာဝန်ဖြစ်ကာ
လောက်ပဲထင်တယ်..အသက်လေးက ငယ်ငယ်လေးရှိသေးတာ.."

"မိသားစုအတွင်းရေးလို့တော့ ပြောတာပဲ..ငါတော့မမေးပါဘူး၊

လူတိုင်းမှာ စိတ်ညစ်စရာအကြောင်းတစ်ခုခုတော့ ရှိကြတာပဲမို့ ငါဖြင့်သူမပြန်လေကြိုက်လေပဲ.."

"သိပါတယ်ညိုရယ်..ညီအစ်မနှစ်ယောက်စလုံး ဒီကောင်လေး ချစ်နေလိုက်ကြတာ၊ ငါ့သားနှစ်ယောက်ဆိုတာ ပါးစပ်ကမချ

"ချွေးမတွေသာရရင် သူ့သားတွေကို လုယူတယ်ဆိုပြီး တောင်တည့်ပါ့မလား.."

"ဘာတွေပြောနေတာတုံးမယ်ယုရေ..မိုးခြိမ့်ကိုသမက်တော် နေတာလား၊ တစ်ခါတည်းပြောပြီး နားဖောက်လိုက်လေဟာ.."

ရွာလယ်လမ်းပေါ်မှာ နွားလှည်းမောင်းသွားသည့်ဦးကျော လှမ်းအော်ပြောရင်း ကွမ်းချိုးတက်နေသည့် သွားနီနီကြီးတွေပေါ် ရယ်သွားသေးသည်။

"အဲ့ဒီဘကြီးကျော့က ဘာမှန်းလည်းမသိဘူး.."

အမေတွေက မျက်လုံးချင်းဆုံပြီး ရယ်နေကြတုန်း စုမော်က သွေးဖျန်းပြီးပြေးလေသည်။ ဒေါ်ယုမော်ကလည်း သမီးကိုချစ်စနိုး ကြည့်နေပြီးမှ.. ၊

"အဲ့ဒါကြည့်တော့ညိုရေ..ငယ်ငယ်တုန်းကတော့ ကစားဖော် ပဲ၊ ကြီးလာကြတော့.."

"ကြီးလာကြပေမယ့် လူသာကြီးတာ စိတ်ကတော့မကြီးပါ ယုရယ်..မိုးခြိမ့်ကိုများ သူ့သူငယ်ချင်းတွေနဲ့ စနောက်ကြည့်တ ဘယ်တော့မှမရဘူး.."

ဒေါ်ညိုက ဒီစကားကိုအရောက်မခံဘဲ လွှဲပြောသည်။ ဒေါ် မော်ကမရ.. ၊

"နီတြာ့ကျတော့ သူတို့ချင်းလည်းပင်းဖက်ကြီးလာကြတာပါ တွာစိတ်ဆိုတာ ပြောလို့တော့မရပါဘူးညိုရယ်.."

"ဟုတ်တော့ဟုတ်ပါတယ်..ဒါပေမယ့် နီတြာ့ကိုကျတော့ မ မြတ်တဲ့ကြားက အနိုင်လုရင်း သံယောဇဉ်ကြီးခဲ့တာတဲ့.."

"သူပြောတာလား.."

"အင်းလေ..ငါလည်းနင်ပြောသလို ပြောခဲ့ဖူးတာကိုး၊ အဲ့ဒါ ပြောတယ်မှတ်လဲ..သူ့အစ်ကိုတွေ ကဲကဲဆတ်လွန်းလို့ ရအောင်ကြံ တာတဲ့၊ ရန်စွယ်တွေများလွန်းလို့ ချစ်သွားကြတာတဲ့..နီတြာ့လိုနေ



ချင်ဖို့လည်း မလွယ်ဘူး..စိတ်လည်းမကူးတော့ဘူးတဲ့၊ ငါလည်းသူ နေရတော့ အိမ်ထောင်ချပေးလိုက်ရင် ကောင်းမလားလို့လေ..မိန်း ပြောကြည့်ခဲ့တာကို ပြောပါတယ်.."

"အေးပေါ့နော်..သူ့ဇမျာလည်း အတော်ခံစားသွားရတာကိုး၊ အောင်ကြီးတို့ကလည်း လွန်ပါတယ်အေ..သူတို့ညီအစ်ကိုတွေ ခုထိ ..."

"ဗျို့..ဒေါ်ညို.."

ပြောသည့်စကားမဆုံးလိုက်ခင် ခေါ်သံနှင့်အတူ အောင်ကြီးတို့ အစ်ကိုခြံဝင်းရှေ့ကိုရောက်လာတာမြင်လိုက်ရသည်။ အောင်ကြီးက တိုက်ပုံရင်ကွဲပုဆိုးတိုတိုနှင့် လူကတော့ပုံစံမပြောင်းပေမယ့် ခွဲတော် နာမ်ဂျက်ကူကြီးကိုတော့ ကိုင်လာတာမတွေ့ရပေ။ ချက် ဝါးသဲတုတ်ကြီးကို ခြံစည်းရိုးတိုင်နှင့် တို့ထိနေရင်း ခြံဝမှာပဲ နေကာ.. ၊

"ကျုပ်တို့ကိုယ်တိုင်လာခေါ်တယ်ဗျာ..ဘယ်မှာလဲမောင်မောင်"

ဒေါ်ညိုတို့က အိမ်ရှေ့မှာစကားရပ်ပြောနေကြတာမို့ အထဲနဲ့အ ကားပြောတာပေမယ့် ကြားနေကြရကာ.. ၊

"နင်တို့လာခေါ်တိုင်း ထည့်လွှတ်ရအောင် နင်တို့ကိုဘယ်သူက ခေါ်ပါပြောခဲ့လို့လဲ.."

"ပြောတိုင်းရော ကျုပ်တို့ကလာမှာလားဗျ..ခုနတင်လှပြောပြီးပြီ အဲ့ဒီကိစ္စ.."

"ဟုတ်တယ်..တင်လှကိုပဲပြောခိုင်းလိုက်တယ်၊ မပြောဘူးလား"

"ဟာ..ဒီအဘွားကြီးတော့.."

"မင်းဘောဖယ်နေစမ်းပါ.."

အောင်ကြီးက ရှေ့ထပ်တိုးကာ ခြံတိုင်တစ်ဖက်ကို လှမ်းကိုင် ပြီး.. ၊

"ကျုပ်တို့မောင်မောင်နဲ့ပြောမယ်ဗျာ..ပေးရမှာက သူ့အတွက် ဝါးခ၊ ကျုပ်တို့ကပေးချင်လွန်းလို့ လာချင်လွန်းလို့ အလုပ်ရှုပ် တာမဟုတ်ဘူး..ဆေးဖိုးဝါးခဖြစ်နေလို့ ကြွေးတင်မခံချင်တာ.."

"ဟား ဟား ဟား.."

ရယ်သံသည် သူတို့နှစ်ယောက်ရဲ့နောက်ကဖြစ်နေလျက်.. ၊

"ရယ်လိုက်ရရင် ဒီရွာတစ်ရွာလုံး မြေမျိုသွားနိုင်တယ်နော်...ဟား ဟား ဟား.."

မိုးခြိမ့်က စက်ဘီးပေါ်ကဆင်းပြီး ခြံရှေ့မှာပဲဒေါက်ထောက်လိုက်သည်။ ပြီးတော့ ပုဆိုးနှစ်ဖက်စကိုင်လျက် သူတို့ဘေးမှာလာ ... ကာ.. ၊

"ကြေးတင်မခံချင်ရင် ခင်ဗျားတို့ပါးစပ်ကြေး လက်ကြေး ... တင်ခဲ့သမျှ လိုက်ဆပ်လိုက်စမ်းပါ..ဘယ့်နှယ် မလိုချင်တဲ့သူကိုပဲ ... ရောင်းပါဘူးဆို ချိန်ပါ ချိန်ပါ..လာလုပ်နေတာတုံး.."

"မရောင်းတာရောင်းတာက မင်းတို့ချည်းပဲပြောနေပါလား ... ဘယ်မှာလဲမောင်မောင်.."

"ကျွန်တော်ရှိတယ်.."

မောင်မောင်က မီးဖိုဆောင်နောက်က စာအုပ်လေးတစ်အုပ် ... ထားရင်း ထွက်လာသည်။ ချက်ကြီးက အောင်ကြီးရှေ့ကိုတိုးတက် ... ပြီး တုတ်နဲ့ခြံကို ဒုန်းခနဲရိုက်ပစ်ပြီးမှ.. ၊

"ဘာလဲမောင်မောင်..မင်းကလည်း မင်းအိမ်ရှင်တွေအကြောင်း ... လိုက်ပြောဖို့ တာဝန်နဲ့ထွက်လာတာလား၊ လာပါ..ကိုယ့်ဆန္ဒအမှန် ... ပြောစမ်းပါ၊ မင်းကိုဆေးဖိုးမဟုတ်ဘူး..နေဖို့စားဖို့အားလုံး ဖန်ဆင်း ... လို့ရတယ်၊ ဘာမှထွန်ယက်စိုက်ပျိုးပေးဖို့ မလိုဘူး..တွင်းရေငင် ... လည်း မလိုဘူး၊ ဘယ်မျက်နှာမှ ကြည့်မနေရတဲ့.."

"ဟဲ့..နင့်ပါးစပ်ပိတ်စမ်း.."

ဒေါ်ထားခင်အပြင်ထွက်လာတော့ အောင်ကြီးကျွတ်ခနဲစုတ် ... သံကြားလိုက်ရသည်။ ချက်ကြီးက မကြားသလိုနေရင်း အားပါး ... ပြုံးလိုက်၏။

"ထွက်လာပြီ..ထွက်လာပြီ၊ ဟား ဟား..ဒေါ်ရှုံးရှဲကြီး ကျုပ် ... စပ်ကိုပြေးပိတ်ပြီး ကောင်လေးကိုအနိုင်ကျင့်မလို့လား..သူ့ဆန္ဒနဲ့သူ ... ဖြတ်ပါစေ.."

"ဒေါ်လေးခင်ဖယ်နေ..ကျွန်တော်ပြောမယ်.."

မောင်မောင်က ဒေါ်ထားခင်ကိုပြောပြီး ရှေ့ထွက်လာသည်။ ... ခြိမ့်ကလည်း ဒီတိုင်းရပ်ကြည့်နေခဲ့၏။

"ခင်ဗျားတို့အသက်ဝါကြီးမှန်းမသိ စကားပြောတာ အတော် ...



... တွေပဲ.."

"ဟော့..မင်းကိုခေါ်တာ ငါတို့ကိုဝေဖန်ဖို့မဟုတ်ဘူး၊ ငါ့အစ်ကို ... င်းဆေးကုပေးတဲ့အတွက် ဆေးကုခပေးမလို့..အဲ့ဒါမင်း.."

"မလိုပါဘူး..ကျွန်တော်ဘာမှလုပ်ခဲ့ရတာလည်း မဟုတ်ဘူး၊ ဒီ ... ကျွန်တော်ဆရာဝန်လည်းမဟုတ်ဘူး.."

"မင်းကမယူချင်လည်း ငါတို့ကကြွေးတင်မခံချင်လို့ ပေးမယ် ... ကိုင်း.."

ဒေါ်ထားခင်တို့ပြောတဲ့အတိုင်း ပြီးရမှာကို ချက်ကြီးကမပြီးချင်။ ... ကြောင့် တုတ်ကြီးကို တဆဆနှင့်ဇွတ်ပြောနေကာ.. ၊

"မင်းကိုမခေါ်တော့ဘူး..အခု ချပေးခဲ့မယ်၊ ကိုကြီး..ဟော့ကောင် ... လိုက်.."

မောင်မောင့်မျက်နှာ တင်းသွားသည်။

"တော်တော်စိတ်ပျက်ဖို့ကောင်းတဲ့လူတွေပါလားခင်ဗျားတို့.."

အောင်ကြီးက တစ်ခုခုပြောဖို့ပြင်နေဆဲ.. ၊

"ဘာပြောလိုက်တယ်.."

ချက်ကြီးက မောင်မောင့်ရှေ့တန်းရောက်သွားသည်။ မောင်မောင် ... ချက်ကြီးမျက်နှာကို ဂရုမစိုက်စွာ စိုက်ကြည့်လျက်.. ၊

"ရလည်းတဂျိဂျိ..မရလည်းတဂျိဂျိနဲ့ အဲ့ဒီလူမမာနဲ့ရောဂါသာ ... နှင့်ထဲမှာဆိုရင် ပျောက်သွားတဲ့ရောဂါကို ပြန်ထည့်ပေးမိမလားပဲ.. ... လူနာမျိုးကုပေးမိတာ ကျွန်တော့်အမှား.."

"ခွေးမသားလေး..လက်တောက်လောက်နဲ့လူပါးဝလို့.."

ပြောလည်းပြောကာ တုတ်နဲ့လက်ပြန်လွှဲရိုက်ပစ်လိုက်သည်။ ... သော် မိုးခြိမ့်က သူ့ထက်မြန်ကာ နောက်ကနေပခုံးတစ်ဖက်ဆွဲလှည့် ... ပြီး ခွမ်းခနဲထိုးပစ်လိုက်၏။ တုတ်ကြီးရွယ်လျက်နှင့် ချက်ကြီး ... လက်ယိုင်ထွက်သွား၏။

"ဟိတ်ကောင်.."

အောင်ကြီးညီကိုထိတော့ အကျင့်ပါနေသည့်လက်ကမနေ။ မိုး ... ကို လက်သီးနဲ့ပြေးထိုး၏။ မောင်မောင်က ယိမ်းယိုင်နေသည့် ချက် ... လက်ထဲက တုတ်ကိုပြေးလုကာ အောင်ကြီးခါးကိုသိမ်းရိုက်ပစ် ... လျှင်.. ၊

"ဒုတ်.."

"အား.."

မိုးခြိမ့်က ရှောင်လိုက်သဖြင့် လွန်သွားသည့်အရှိန်နှင့် မော မောင့်ရိုက်ချက်ကြောင့် အောင်ကြီးငိုက်ဆင်းသွားကာ ဘိုင်းခနဲပစ် ၏။ ထိုစဉ် ဓာတ်တိုင်တို့လူသိုက် ပုဆိုးတိုတိုတွေဝတ်လျက် တု တွေကိုင်ရင်း ပြေးလာကြ၏။

"ဟေ့လူတွေ..ခုရပ်.."

"သူများအိမ်ရှေ့လာပြီးတော့ အရင်လိုရမ်းကားလို့ရမယ်မထ နဲ့.."

"ချကွာ.."

"ဟေ့..ဟေ့ နေကြဦး..ဓာတ်တိုင် ငြေရပ်ကြစမ်း၊ တစ်ယော မှ လက်မပါကြနဲ့.."

အခြေအနေတွေရှုပ်ထွေးကုန်ကြ၏။ ရွာလမ်းနှစ်ဖက်က ဓာတ်တိုင်တို့လူစုနှင့် လူကြီးဦးထွေးတို့ ကိုလှကျော်တို့သုံးယေ ယောက်ပြေးလာကြကာ အနီးအနားကလူတွေပါ ပြေးထွက်လာကြ ဖြင့် ဒေါ်ညိုအိမ်ရှေ့မှ ရုတ်ရုတ်သဲသဲတွေဖြစ်ကုန်၏။

"သူတို့ကလာစော်ကားနေတာဘကြီးထွေး.."

"အေး..လာစော်ကားရင်လည်း မင်းတို့ကောင်တွေလုပ်ထားတာ သူတို့ညီအစ်ကိုမှာ ဒဏ်ရာတွေနဲ့လေ..ဟိုတစ်ယောက်က ခါးနိုပ် မြေကြီးပေါ်မှာ.."

"အဲ့ဒါက ဆရာဝန်အိမ်ရှေ့လာပြီး ခါးနာဆေးရအောင် ရော ပြနေတာ.."

"ငြေ.."

လူကြီးဒေါသထွက်ကာ ငြေကိုအံကြိတ်အော်၏။ ထိုစဉ် ချ ကြီးက ပေစောင်းစောင်းထွက်သွားရင်း.. ၊

"တောက်..မင်းမှတ်ထားဆရာဝန်စုတ်.."

"ဟာ..ချက်ကြီး မင်းတို့ကလည်း မင်းတို့ပါပဲလား၊ ပြန်မှာ ပြန်ကြကွာ.."

"အမှုသွားအမှုလာအရ တုတ်ကသူတို့တုတ်ဆိုတော့ မိမိကို ကို ခုခံကာကွယ်ပိုင်ခွင့်ပဲ..မောင်မောင့်မှာ တင်ကူးကြံစည်မှုမရှိတဲ့



အပဟမ်း..တစ်ချက်တည်းမထနိုင်အောင် ရိုက်လိုက်ရမှာ..ဒီ ကောင့်ကို.."

"ဓာတ်တိုင်..မင်းပါးစပ်ပိတ်ထားမလား၊ ငါပိတ်ပေးရမလား.."

"ပိတ်ပါပြီ.."

ဒေါ်ညိုနဲ့ဒေါ်ထားခင်တို့က ထိုင်နေရာကနေ ရှေ့လည်းတိုးမ ဝင်လည်းမဝင်ဘဲ ဒီတိုင်းရပ်ကြည့်နေကြပြီး အောင်ကြီးတို့ပြန် အိမ်ထဲပြန်ဝင်ဖို့ လှည့်ကြလျှင်.. ၊

"မယ်ညိုနဲ့ထားခင်.."

လူကြီးက လှမ်းခေါ်ရင်း ခြံထဲဝင်သွားခဲ့ပြီး.. ၊

"နင်တို့နှစ်အိမ်ကို ငါဘယ်လိုစီရင်ရမှန်းကို မသိတော့ဘူး.."

"လူကြီးကိုဘယ်သူကစီရင်ပေးဖို့ ပြောနေလို့တုံး.."

"ထားခင်.."

"လူကြီးပဲပြောနေလို့ မေးတာလေ..ကျုပ်တို့က ကိုယ့်အိမ်ထဲ နေတာ၊ အခု ဒီလူတွေခြံရှေ့က ထသွားကြတာ လူကြီးအမြင်ပဲ.."

ဒေါ်ထားခင်က ချက်ကျကျပြောတော့ လူကြီးကသက်ပြင်းရှည် ချရင်း ခေါင်းကုတ်ကာ.. ၊

"အေးပါ..ဟုတ်ပါတယ်၊ ပြောမိတာ ငါ့အပြစ်ပါ.."

ခပ်ရွဲ့ရွဲ့ဆိုကာ ပုဆိုးတစ်ဖက်'မ'ရင် လှည့်ထွက်သွားလေသည်။ နီးပါးနီးကတော့ ရယ်တဲ့သူကရယ်။ သက်ပြင်းချတဲ့သူက ချကြ .. ၊

"မိထားခင်တို့သားတစ်ယောက်ထပ်ရလိုက်တာ မိုက်ဖော်မိုက် တစ်ယောက် တိုးတာပဲ.."

"ဟုတ်ပ..ဟုတ်ပ 'ချိုကုပ်ရှိရာ ချိုထောင်မလာဘူး'ဆိုတာမျိုးပဲ၊ ကိုရောက်လာတာ ဒီလိုလူပဲ.."

"မထင်ရဘူး..ဟိုကောင်လေးလည်း နုပုံနုပန်းနဲ့ လက်ယာဉ်ပါ့.."

တစ်ယောက်တစ်ခွန်းပြောသွားကြတာတွေကို တမင်နားစိုက် ရင်း ဒေါ်ညိုခြံထဲမှာ အလုပ်မရှိအလုပ်ရှာပြီး ကျန်ရစ်၏။ ပြီး ကျေနပ်စွာပြုံးလေသည်။

➤➤ ➤➤

## အခန်း(၁၉)

ဆိုင်းသံကြားလာတည်းက မသိန်းညွန့်တို့ ခြေလှမ်းတွေပို လာကြသည်။ ရွာစဉ်ရှိသမျှထဲမှာ ပထမဆုံးရှင်ပြုအလှူဖြစ်သည် ဈေးသည်လင်မယားက ချွေးနည်းစာနှင့်လှူသည့်အလှူမို့ အားလုံး အားပါးတရကူညီကြသည်။ ကြီးကျယ်ခမ်းနားခြင်းမရှိတာတောင် သာသည့်ရွာသားတွေက ပံ့ပိုးကြသဖြင့် သိုက်မြိုက်မြိုင်ဆိုင်သည် လှူပွဲကြီးတစ်ခုလို ကျင်းပလှူဒါန်းနိုင်ခဲ့၏။ မိုးချုပ်တာနှင့် မီး အိပ်တတ်သည့် ရွာလေးသည် ဒီအလှူပွဲကြောင့် ရွာလမ်းတွေမှာ ရောညပါ ဖုန်တထောင်းထောင်းထနေရသည့်အဖြစ်.. ၊

"ငါတို့အားငယ်စရာမလိုဘူးဟေ့..အပြန်လည်း ကြိုက်တဲ့အ ပြန်၊ လူပြတ်မှာမဟုတ်ဘူး.."

"ပြတ်လည်း ကျွန်တော်တို့အုပ်စုတောင့်တာပဲဗျာ.."

ဓာတ်တိုင်ကဝင်ပြောတော့ ငြေလှည့်ကြည့်သည်။ ဓာတ်တို လုံမလဲမေးဆတ်ကာ.. ၊

"မဟုတ်လို့လား..ငါတို့အုပ်စုပဲ ဆယ်ယောက်ကျော်တဲ့ဟာ"

"ဒေါ်သိန်းက သူ့ဆွေမျိုးအိမ်မှာ ညအိပ်မှာ..သူနဲ့အတူ သူ့တူ ယောက်လည်း ဟိုမှာပဲအိပ်မှာ.."



ဓာတ်တိုင်အသံတိတ်သွား၏။

"ဒေါ်ကြီးယုတို့ကလည်း အငြိမ့်ပြီးတာနဲ့ပြန်ကြမှာ..ငါတို့က .."

"တို့လည်းပြန်မှာပေါ့ကွ..အငြိမ့်ပြီးကာမှ ဘာလုပ်မှာတုံးမင်းတို့ .."

"မသိဘူး..မိုးခြိမ့်ကိုမေးကြည့်.."

ပြန်ကြည့်လိုက်တော့ မိုးခြိမ့်နဲ့မောင်မောင်ကနောက်မှာ.. ၊

"အောင်မယ်လေး..လသာသာနဲ့သမီးရည်းစားချိန်းတွေ့နေကြ ယ်များ မှတ်နေသလား၊ နောက်မှာနှစ်ယောက်တည်း စကားတပြော နဲ့သူတို့က.."

"စကားတပြောပြောက ချစ်ခင်တွယ်တာကြောင်းတွေ ပြောနေ မဟုတ်ဘူး..သူမလိုက်ချင်ပါဘူးဆိုတာ ခေါ်လာလို့တဲ့.."

"မောင်မောင်လား.."

"ဘယ်သူရှိရမှာလဲကွ..ငါကလည်း အမြင်ကတ်လို့ခေါ်ထုတ်လာ တင်ယုတို့ညီအစ်မက သူ့ကိုပဲမေးနေတာလေ..ပါမလာရင် ပါမ တဲ့အကြောင်းရင်းတွေက ပြောပြနေရဦးမယ်.."

"ဟုတ်လား..မင်းမို့ပွဲလမ်းသဘင် မလိုက်ချင်တယ် မောင်မောင် ငါတို့မှာ ဒီလိုပွဲတွေရှိမှ ညဘက်လူများများနဲ့ သွားလာလည်ပတ် ရတာ..ဘာလုပ်မှာတုံးကွ၊ တစ်ယောက်တည်းအချိန်မရွေးနေလို့ရ ယ်..သေရင်တောင် မင်းအဖော်ခေါ်ချင်လို့မရဘူး.."

"တော်ပါဗျာ..ခင်ဗျားတို့ဒီပွဲမျိုးကြိုက်ပေမယ့် ကျွန်တော်မှမ ကိုက်တာ၊ နားငြီးတယ်..လူရှုပ်တယ်.."

"ဟုတ်တယ်..သူကတိတ်တိတ်ဆိတ်ဆိတ်စာဖတ်ပြီး ကမ္ဘာ မယ့် တိုင်းရင်းဆေးကျမ်းကြီး ပြုစုတော့မှာ.."

"ယောက်ျားဖြစ်ပြီး ထေ့တာငေါ့တာလည်း ဝိတ်ပဲ.."

"ဟုတ်တယ်..မင်းလည်းပညာယူထားဦး၊ ယောက်ျားမှန်ရင် ထေ့ တ်ငေါ့တတ်ရတယ်.."

"ဟား ဟား ဟား.."

ဓာတ်တိုင်ထရယ်လိုက်တော့ မောင်မောင့်မျက်နှာပုန္နေးသွား သူဘာအဓိပ္ပာယ်တွေနဲ့ပြောမှန်းမသိ။ လသာနေပေမယ့် ကိုယ့်

မျက်နှာကိုလည်း ဘယ်သူမှအကဲခတ်နိုင်မှာမဟုတ်။ ဒါပေမယ့် မျက်နှာပူသွားခြင်းကြောင့် ခုလောက်ဆို သူ့မျက်နှာနီနေမှာကျိန်းသေ။ ထိုစဉ် အငြိမ့်စနေပြီမို့ လူရွှင်တော်တွေ မိတ်ဆက်စကားပြောနေပြီကြားလိုက်ရကာ.. ။

"ဟဲ့..နောက်ကကောင်လေးတွေ မြန်မြန်လျှောက်ကြလေ၊ ယောက်ျားလေးခြေလှမ်းတဲ့ဟယ်..ငါ့ခြေလှမ်းကိုတောင် မီအောင်မလိုက်နိုင်ကြဘူး၊ မိန်းကလေးတွေတောင် ရှေ့ရောက်ကုန်ကြပြီ.."

ထိုစဉ် အလှူအငြိမ့်ဆီမှ.. ။

"ခွန်းတောက်ကောင်းတုန်း ဖြတ်ပြောလိုက်ရဦးမယ်.."

"တော်ပါကွာ..မင်းကဖြတ်ဖို့ဆို အတော်ဝါသနာကြီးတဲ့ကောင်ပါ၊ မသိမှတ်လို့.."

"ဟိတ်..ဟိတ် အဲ့ဒါမစနဲ့.."

"အေးပါ..မင်းနဲ့စာဥနဲ့ ရှုးရှုးပြိုင်ပန်းတာတွေ အစကနေမပြောတော့ပါဘူး၊ ဖြစ်ပုံလေးနည်းနည်းလေးပဲ.."

"ဟိတ်ကောင်.."

"သိလား..သိလား၊ ဒီကောင်လေ ဥမမယ် စာမမြောက်..လက်တောက်လောက်အရွယ်တုန်းက.."

"ဥမမယ် စာမမြောက်ကထားပါတော့..လက်တောက်လောက် ဘာတုံး.."

"မရှုပ်နဲ့..ဒီမှာအရှိန်ပျက်လို့.."

"ငါမရှင်းလို့ပါ.."

"ဖယ်စမ်းပါကွာ..ဟိုမှာ အန်ကယ်လ်ကြီးနဲ့အန်တီကြီးနဲ့ယောက် ရန်တွေဖြစ်ကုန်ကြပြီ.."

"ဟေ..ဘာလို့တုံး.."

"ရှင်နဲ့ကျွန်မ ရှုးရှုးပြိုင်ပန်းခဲ့တာတွေ ဟိုလူရွှင်တော်တွေကသွားပြောလိုက်တယ်ပေါ့တဲ့..အန်ကယ်လ်ကြီးက လက်တကာကာကြည့်၊ ဟာ..အဲ့လိုမပြောပါဘူးမိန်းမရယ်၊ မင်းနဲ့ငါဘယ်သူချက်ချက်ရပ်နိုင်မလဲဆိုပြီး ပြိုင်ပန်းကြတာ..မင်းနိုင်တယ်လေ၊ မင်းဘယ်လောက်ဘရိတ်ကောင်းသလဲ ငါကကြွားလိုက်တာပါ၊ သေချင်းဆိုးကြီး..အောင်မယ်လေး ရက်လိုက်တာ၊ လူရွှင်တော်တွေ စင်ပေါ်ကနေ ပြက်လုံးထုတ်



ကုန်ကြပြီ၊ မိန်းမရယ် မင်းအဲ့လောက်အရှက်အကြောက်ကြီးမှန်း မသိခဲ့ပါဘူးကွာ..လာ လာ၊ မင်းရှက်ရင်ပြန်ရအောင်နော်..ငါလည်းမကြည့်တော့ပါဘူးကွာ၊ အောင်မလေးတုံးပြန်ပြီ..လူရွှင်တော်တွေနဲ့ ဒီလောက်ရင်းနှီးနေပြီး ရှေ့ဆုံးကနေရာရအောင် မယူနိုင်တဲ့အပြင် ပြန်ရအောင်တဲ့..သေနာကျ မသာ..ကျက်သရေတုံး..အကုသိုလ်တုံး.."

"အား..တော်ပါတော့.."

လူရွှင်တော်တွေပြက်သမျှ နားထောင်ရင်း မသိန်းညွန့်တဟားဟားရယ်လေသည်။ ပြီးတော့ ခလုတ်တိုက်၏။ လသာသာလမ်းပြောင်းပြောင်မှာ လူငယ်တွေကို ထိန်းဖို့ပါလာတဲ့လူက ခလုတ်တိုက်လဲတော့အားလုံးဝိုင်းရယ်ကြ၏။ လှည်းလမ်းချိုင့်ထဲ ခြေချော်ကာ ဘယ်သူမှရှိန်မရလိုက်ဘဲ ကုန်းကွလဲကျသွားပြီး သူမဘာသာပြန်ထရပ်ကာ..၊

"ဖက်..ဖက် လူလဲတာမဟုတ်ဘူး၊ ခွေးလဲတာ..ဖက် ဖက်.."

"လုပ်ပြီဒေါ်သိန်းကတော့.."

အားလုံးငြိမ်နေပြီး မိုးခြိမ့်အသံထွက်လာသည်။

"ကိုယ့်ကိုယ်ကို ခွေးဖြစ်အောင်ပြောရတယ်လို့.."

"ဟဲ့..မိုးခြိမ့်၊ ဒီပိတောက်ပင်ကြီးက ကောင်းတာမဟုတ်ဘူး..တိတ်တိတ်နေစမ်း.."

မသိန်းညွန့်က မိုးခြိမ့်ခါးကို ဆွဲဆိတ်လိုက်ပြီး ခပ်ကြိတ်ကြိတ်ပြောသည်။ မိုးခြိမ့်က မရ.. ။

"ဘယ့်နှယ် ပိတောက်ပင်တွေထဲမှာ သက်တမ်းအရင့်ဆုံးအကြီးဆုံး အရိပ်ကောင်းလွန်းလို့ နေ့လည်နေ့ခင်းအရိပ်ခိုတဲ့လူတွေတောင်မှည်းရှိတာ..ဒေါ်သိန်းနော်၊ အရိပ်ခိုပြီး အခက်မချိုးနဲ့.."

"တယ်လေ..ဒီမသာလေးတော့၊ ဟဲ့..မြန်မြန်လျှောက်လေ.."

"မိုးခြိမ့်.."

"ဘာတုံး.."

"မင်းကတော့လေး.."

"ဘာလဲ..ဆက်ပြောလေ၊ ဘာလို့ရှေ့ကပြေးတာလဲ.."

"မင်းနဲ့တွဲမလျှောက်ချင်လို့.."

"ငါရောပဲ.."

ငြေနဲ့ခတ်တိုင် ပုဆိုးတိုတိုဝတ်ပြီး မသိန်းညွန့်တို့အုပ်စုဆီ

အမိသုတ်၏။ မိုးခြိမ့် ပခုံးတွေလှုပ်အောင်ရယ်ရင်း မောင်မောင့်ကိုငေး
ကြည့်သည်။ ပြီးတော့.. ၊

"မင်းရော.."

"ဘာလဲ.."

"ငါနဲ့တွဲလျှောက်ချင်ရဲ့လား.."

"တွဲရအောင်ဘယ်သူကဒုက္ခိတဖြစ်နေလို့လဲ..ကိုယ့်လမ်းကိုယ်
လျှောက်နေတာ.."

"ဟား ဟား ဟား.."

>> <<

## အခန်း(၂၀)

"မင်းမရယ်နဲ့..ငါသေချင်နေတာ.."

တောင်ကြီးစကားကြောင့် ချက်ကြီးရယ်သံတိခနဲ တိတ်ကျသွား
သည်။ ပြီးတော့ အောင်ကြီးရဲ့ဒေါသမျက်လုံးတွေကြောင့် မျက်နှာပို
ညှိုသွဲ့.. ၊

"ကိုကြီး..ငါညောင်းနေပြီ၊ မင်းတစ်လှည့်သွားလုပ်ပေး.."

တောင်ကြီးက သုံးပေမှန်ကြီးကို ပိုက်ထားရာကနေ အောင်ကြီး
ကိုထိုးပေးနေ၏။ ပြီးတော့ ဖွေးထိန်နေအောင် သာနေသည့်လပြည့်
ကြီးကို လက်ညှိုးထိုးပြရင်း.. ၊

"အပြင်မှာလပြည့်ပေါ်အောင် သွားခံပေး.."

မှန်ထဲမှာ လပြည့်ပေါ်လာလျှင် ကိုယ်တွေ့ချင်သည့်ဝိညာဉ်ကို
တွေ့ရသည်လို့ ဘယ်သူကလက်ထောက်ချလိုက်သည်မသိ။ ပြီးခဲ့
သည့်လပြည့်ညတုန်းကလည်း တစ်ညလုံးမအိပ်ဘဲ မိုးမလင်းမချင်း
တစ်ချပ်နဲ့ ဟိုပြေးဒီပေး။ ဒီလပြည့်မှာတော့ စိုက်ခင်းထဲသွားဖို့အ
ကြောင်းရှိတာတောင် သူတို့မသွားနိုင်ကြဘဲ တောင်ကြီးကိုစောင့်ကြည့်
နေကြရသည်။ သို့သော် စောင့်ကြည့်ပေမယ့် အပိုပဲဖြစ်ကာ ဘာမှ
လည်းပြောပြလို့မရ။ တားလို့လည်းမနိုင်။ မှန်ကိုဖက်၍အသေအလဲ

ခေါင်းခါပြီး လပြည့်ကိုပဲ လိုက်ဖမ်းနေခဲ့သည်။

"အဲ့ဒါအလကားလျှောက်ပြောတဲ့စကားပါတောင်ကြီးရာ.."

"ကိုကြီး..မင်း မင်းပြောပြန်ပြီလား.."

တောင်ကြီး အတင်းကျူးထပြီး လက်ညှိုးထိုးအော်တော့ အောင်ကြီးက ကမန်းကတန်းလက်ကာပြရင်း.. ။

"ဟုတ်ပြီ..ငါပြောမယ်၊ အဲ့လိုလုပ်ပြီး သေတဲ့လူကိုခေါ်လို့ရတာ ထား..မင်းခေါ်တာ နီတြာရောက်လာလို့လား.."

"သူမကြားလို့နေမှာပေါ့ကွ.."

"အေးလေ..မကြားဘူးဆိုတည်းက မကြားတော့တဲ့နေရာ ရောက် သွားလို့ပေါ့.."

"မဟုတ်ဘူး..ငါ့ညီမရှိတယ်၊ နီတြာ့ကို ပေါက်ကျိုင်းအနိုင်ကျ ပြီး ချုပ်ထားတာ.."

တောင်ကြီးကပြောရင်း မျက်ရည်ပေါက်ပေါက်ကျ၏။ ချက်ကြီး က ရှုံ့မဲ့တက်ခေါက်သည်။ ပြီးတော့ သူလည်းမျက်နှာကြီးမဲ့လာပြီး တစ်ဖက်လှည့်သွားလေသည်။ လက်ခနဲစင်ထွက်သွားသည့် မျက်ရည် စက်ကို အောင်ကြီးမြင်လိုက်သဖြင့် အံကြိတ်ထားမိ၏။ နီတြာ့အတွက် သူတို့ပူဆွေးခဲ့ကြသည်။ ဒီထဲမှာအပြစ်ရှိခဲ့သော တောင်ကြီးရဲ့ပူဆွေး သောကက အဆိုးဆုံးဖြစ်ခဲ့သည်။ နီတြာဆုံးသွားပြီးတည်းက စွဲကပ် နေခဲ့သည့်စိတ္တဇသည် ပိုကြာလေ အရှူးရင့်လေဖြစ်လာခဲ့လျက် ခုတော့ ခါ ကိုယ်ပူကြီးပြီး အသည်းအသန်ဖြစ်ပြီးကာမှ အနည်းငယ်ငြိမ်ငြိမ် သက်သက်ပုံစံ ပြန်ဖြစ်ခဲ့၏။

ရယ်လိုက်ငိုလိုက် ခုန်ပေါက်နေခြင်းတွေ ပျောက်သွားခဲ့ပြီး ကို ကြီးတွေချက်ကြီးတွေ ပြန်ခေါ်လာခဲ့၏။ မထူးခြားသည်က နီတြာ့ကို ပြန်ခေါ်ဖို့ ကြိုးစားနေခြင်းသာ.. ။

"မင်းရောငါတို့ရော သရဲမွေးသမျှ အိမ်တိုင်းမှာ ဆရာခေါ်ပြီးမေး ခဲ့တာလည်း အိမ်ပေါက်စေ့နေပြီ..မန်ကျည်းနက်တို မယ်ဇလီပင် ရှာ ဦးစေတီ သင်္ချိုင်းကအစ နေရာတိုင်းလိုက်ကြိုးစားခဲ့တယ်လေ..ဆရာ တွေလည်း ပြောတယ်၊ ဝင်ပူးတဲ့ကောင်တွေလည်း ပြောသွားတာပဲ..နီ တြာက အစိမ်းသရဲဘဝမှာ မရှိတော့ဘူး..ကျွတ်သွားပြီတဲ့၊ ဒါကြောင့် ဘယ်မှာမှမရှိတာ..ဆရာတွေ ခေါ်လို့လည်းမရတာ.."



"ဦးသာရင်ကပြောပါတယ်ကွာ..လူသတ်လို့သေရင် ငရဲပြည် ရောက်သွားတာပဲတဲ့၊ ငါ့ညီမက လူသတ်လို့သေတာမှမဟုတ်တာ ငါ ကောက်တဆခုတ်မိတာ..အဲ့ဒါကြောင့် ပြန်ခေါ်ရမယ့်တာဝန် ငါ့မှာရှိ တယ်၊ သူချစ်တဲ့ ဟိုသူဌေးကောင်းစားနဲ့ ငါကိုယ်တိုင်ပေးစားမယ်.."

တစ်ဖက်လှည့်ပြီး မျက်ရည်ကျနေသည့် ချက်ကြီးက ချာခနဲ ပြန်ကြည့်ကာ.. ။

"မင်းပေးစားစား မစားစား သူသာဒီရွာမှာရှိနေရင် မိုးခြိမ့်ဆိုတဲ့ ကောင် မူးရူးပြီး တကြော်ကြော်ခေါ်နေတာ ထွက်လာပြီပေါ့.."

"ထွက်လာရင်လည်း လာမှာပေါ့ကွ..အဲ့ကောင်ရွာလယ်လမ်းမှာ ထိုင်ပြီးစကားတွေပြောနေတာပါတဲ့ဆို၊ အဲ့ဒါနီတြာနဲ့ပြောနေတာပဲ.."

"ဒါဆိုလည်း မင်းသေအောင်ခေါ်နေသားနဲ့မလာတာ ဘာလို့ ဖြစ်နေတုန်း..ငါတို့ကသာ ငါတို့ညီမလေးဆိုပြီးချစ်လိုက်ရတာ၊ သူက သောက်.."

"ချက်ကြီး..မင်းကပါ လူမမာကိုဖြေသာအောင်မချော့တဲ့အပြင် အတုံးကွ.."

"သူ့ကိုချော့နေရင်း ငါပါရူးတော့မယ်ကွ..အဲ့ဒီကောင်မလေး မ သေခင်တည်းက ငါတို့ကိုမုန်းသွားတာ၊ ဟိုအိမ်မှာ ငါတို့ဝင်သွားရင် သူ့မျက်နှာ ဘာဖြစ်သွားတုံး.."

"မင်းက သေအံ့ဆဲဆဲလူမမာကိုတောင် ငြိုးချက်တွေတင်နေတာ လား.."

"ငါ့ညီမကို ငြိုးဦးကွာ.."

"ဟိတ်..ဟာ တောင်ကြီးမလုပ်နဲ့.."

"ငါထိုးမှာနော်..ငါထိုးရင် မင်းသေမယ်နော်တောင်ကြီး.."

ချက်ကြီးကို တောင်ကြီးခုန်အုပ်ပြီး လည်ပင်းညှစ်ထား၏။ ချက် ကြီးဒေါသထွက်နေပေမယ့် အစ်ကိုကိုတော့ ညှာတာရမှန်းသိနေရှာ သည်။ ဦးစံကွန့်ပြေးလာပြီး ညီအစ်ကိုသုံးယောက်လုံးထွေးနေတာကို လှဲဖျန်ဖြေကာ.. ။

"မင်းတို့ကွာ..လပြည့်ညကြီး၊ တခြားလူတွေ အလှူကြီးအတန်း ကြီးပေးလို့ ခြိမ့်ခြိမ့်သဲကျင်းပနေကြတယ်..မင်းတို့မှာ လုံးထွေးသတ် နေတုန်း.."

"သတ်မှာ..သတ်ကိုသတ်ဦးမှာ၊ ငါ့ညီမ်ကိုမပြောနဲ့..ဘကြီး ကွန့် ကျုပ်ကိုနှိတြာ့ကိုခါပေး.."

တောင်ကြီး တဟီးဟီးငိုနေလျှင် ဦးစံကွန့်စိတ်မကောင်းကြီး ဖြစ်သွားမိလျက်.. ၊

"မဖြစ်ပါဘူး..မင်းတို့ဘကြီးဆီ ငါကိုယ်တိုင်သွားအကူအ တောင်းမှဖြစ်မှာပါ.."

"ဘာလဲ..ဘာလုပ်ဖို့လဲ၊ မသွားပါနဲ့ဗျာ.."

အောင်ကြီး မျက်နှာပုတ်ကြီးချလျက် ခေါင်းခါနေကာ.. ၊

"သူကအစတည်းက အဖေတို့နဲ့တည့်တာမဟုတ်ဘူး..ခုဆို တော်ကို ကြီးကျယ်နေလောက်ပြီ၊ သွားလည်းမထူးပါဘူး.."

"ထူးတာမထူးတာ သွားကြည့်မှသိမှာပေါ့ကွ..လူမမာကို ဆေးမြီးတိုနဲ့ ကုနေလို့မရဘူး၊ ပိုပြီးမရနိုင်တာက သူ့ညီမအရိပ် နေတဲ့ ဒီနေရာမှာဆက်ထားရင် ပိုဆိုးမှာ.."

"ဟာ..ဒါတော့ မဖြစ်ဘူး.."

မထင်မှတ်ဘဲ ချက်ကြီးကခါးခါးသီးထဖြစ်၏။ တောင်ကြီ လုံးလို့ ကြမ်းပေါ်မှာ ပက်လက်ကြီးဖြစ်နေရာကနေ ထထိုင်ပြီး ပြင်ဝတ်ရင်း.. ၊

"တောင်ကြီးကို ဘယ်မှမပို့ဘူး..ကျုပ်တို့မောင်နှမထဲက ယောက်ပဲ့သွားပြီးပြီ၊ ထပ်ပဲ့မခံနိုင်ဘူး.."

အောင်ကြီးစိတ်ထဲက ကြိတ်ပြီးကျေနပ်သွားသော်လည်း..

"မပို့ချင်ဘူးဆိုရင် သူ့ရောဂါပိုတိုးလာမယ့်စကားတွေ မင်းမ နဲ့လေကွာ.."

"ဒါကတော့ ဒေါသဖြစ်ရင် ဖြစ်သလိုပြောမှာပဲ.."

"ခက်တာပဲကွာ.."

ဦးစံကွန့်က ဆံပင်ငုတ်တိုနှင့် ခေါင်းတုံးကြီးကိုပွတ်ရင်း ကု ထိုင်မှာ သွားထိုင်သည်။ သူကလည်း ဒီညီအစ်ကိုတို့နှင့် သွေး မတော်သော အုပ်ထိန်းသူသက်သက်ဖြစ်နေသည်။ သင့်တာမသင့် ကို ပြောပြကြည့်ပေမယ့် လက်မခံဘူးဆိုရင်တော့ ဘာမှမတတ် ဒါပေမယ့် ညီအစ်ကိုတွေချည်းဖြစ်ချင်တိုင်းဖြစ်နေသည့်ကိစ္စကို သူတို့ဘကြီးဖြစ်သူ သိသင့်သည်လို့တွေးမိသည်။ တစ်နည်းန



တော့ သိအောင်အကြောင်းကြားဖို့လည်း ကြိတ်၍စိတ်ကူးထားမိသည်။

"မင်းတို့ ကိုယ့်ဒေါသကိုဖြေသင့်တယ်.."

သူဒီစကားရောက်ဖို့ စတင်စည်းရုံးရန်စိတ်ကူးနှင့်.. ၊

"ဒေါသကြောင့် ကောင်းမွန်လာတာ ဘာများရှိခဲ့သလဲ..တကယ် ဆို ကလေးချင်းသံယောဇဉ်ကြီးကြပါတယ်၊ မိုးခြိမ့်ကိုပဲကြည့်..နှိတြာ သူ့အိမ်မှာ ဘယ်လိုအဖြစ်ဆိုးနေခဲ့သလဲ၊ ဒါတောင် ဆေးကုဖို့ဖွတ်လုပ် တယ်..တစ်ရွာလုံးက ဝိုင်းပြောကြတာတောင် သူမစွန့်ပစ်ရက်ရှာဘူး.."

"တော်ပါဗျာ..ငိုတြာတောင်ရက်မလည်သေးအူး ရည်းစားတွေ အားလိုက်တာ သောက်သောက်လဲ.."

"အဲ့ဒါကသူ့ဖြေဆေးနဲ့သူပါကွာ..မယ်ညိုကလည်း အိမ်ထောင် ချပေးဖို့ ကြိုးစားတယ်၊ သူ့ကိုဆို ရွာထဲကမိန်းကလေးတွေကလည်း သဘောကျကြတာပဲ..'အပျိုရှာကညာတွေ့'သတဲ့၊ ဒါရှာရင် ဒါတွေ့တာ ..သူမလိုချင်လို့နေခဲ့တာကို မင်းတို့ရှာကြံကျေနပ်ရမယ်လေ.."

"ဘကြီးစံကွန်းမသိပါဘူးဗျာ..လက်လီဝယ်လို့ရနေမှတော့ ဘယ်သူကလက္ကားယူမှာလဲ၊ ဒီကောင်လူပါးပါ.."

ချက်ကြီးက နည်းနည်းမှအကောင်းတွေးဖို့ မတွေးပေ။ ဒီည နည်းသူတို့ဝေဟင်ပိုင်းတစ်ပိုင်းလုံး ဟိုဘက်ရွာအလှူကို အုပ်စုလိုက် ချီတက်သွားကြတာ သတင်းရထားပြီးသား.. ၊

"သူ့ကိုယ်သူ မုဆိုးဖိုလို့ခံယူသတဲ့..မျက်နှာကတစ်ပတ်မညှိုးဘူး၊ အရက်လေးအာစွတ်ရုံ ဗန်းပြမော့ပြီး အသည်းကွဲပြနေတာ ကျုပ်က တော့ လုံးဝအထင်မကြီးဘူး.."

"ကဲ..တော်ပါကွာ.."

မှန်ကိုပိုက်ပြီး တိုင်မှီလျက် ငုတ်တုတ်ငိုက်နေသည့် တောင်ကြီး ကို အောင်ကြီးကလှမ်းကြည့်ကာ.. ၊

"မင်းအထင်ကြီးအောင်လည်း ဘယ်သူမှလုပ်နေကြတာ မဟုတ် ဘူး..ဘကြီးစံကွန့်ပြောတာ ဟုတ်ပါတယ်၊ ငါတို့မှာပဲ တစ်ခုပြီးတစ်ခု ဆက်ယုတ်လာခဲ့တာတွေများပြီ..အမှားနဲ့အမှန် ဘာကပိုများသလဲ ငါ တို့ချိန်ထိုးဖို့လိုပြီ.."

"ဘာလဲ..ချိန်ထိုးပြီးတော့ မှားပါပြီဆိုပြီး ဟိုလူရှုပ်အိမ်ကို ထပ် သွားချင်လို့လား၊ လုံးဝပဲ..လုံးဝခြေဦးမလှည့်ဘူး၊ အခု မင်းခြေသလုံး

ဖက်ချင်တယ်ဆိုရင်တော့ ပွဲခင်းကိုလိုက်သွား..အဲ့ကောင်တွေ အ...
အိမ်မှာ အုပ်စုလိုက်ရှိတယ်.."

>> <<

အခန်း(၂၁)

"ဒေါ်ကြီးသိန်းဆွေမျိုးအိမ် သွားဦးမလို့ဆိုသွားလေ..ဒီအုပ်စုအ...ကျွန်တော်တို့ရှိတာပဲဟာ.."

ပွဲခင်းထဲရောက်တော့ အငြိမ့်မှာလူတွေ တိုးမပေါက်အောင်ဖြစ်...တာ အားလုံးသည်လည်း လူရွှင်တော်ပြက်လုံးတွေမှာပဲ အာရုံ...ေက်နေကြပြီး တဝါးဝါးတဟားဟားနှင့်.. ।

"ဟုတ်သားပဲဒေါ်သိန်းသွားလေ..ကျွန်တော်တို့နဲ့အဆင်ပြေပါ...တယ်.."

"တော်ပါမိုးခြိမ့်ရယ်..နင်တို့အုပ်စုကိုပဲ ငါစိတ်ချလို့မရတာ၊ မိန်း...လေးတွေက ဒီနေရာထိုင်ဆိုထိုင်..ထဆို.."

"ဒေါ်လေး သမီးတို့မမြင်ရဘူး.."

"ဒီနေရာကကြည့်ရင် ဘာမှမမြင်ရမှာမဟုတ်တော့ဘူး.."

ပြောလို့မဆုံးခင် စုမော်တို့က ရှုံ့ရှုံ့မဲ့မဲ့ပြောကြကာ အငယ်မ-...ယုက လည်ပင်းရှည်ပြီး နှစ်ချက်လောက်ခုန်၏။

"တောက်..အရပ်ကလည်း ခုန်တာတောင်ရှေ့ကခေါင်းတွေကို မ...နိုင်တဲ့အဖြစ်.."

"အဲ့ဒီတော့မခုန်နဲ့ပေါ့ဟာ..ဒီမှာ အစ်ကိုရှေ့ မိန်းကလေးတွေမ

မြင်ရလို့ပါ..ပခုံးလေးတွေ နည်းနည်းလောက်ခွဲပေးပါ၊ အဟဲ..ကျေ
ဇူးပါဗျာ.."

ဓာတ်တိုင်က နောက်ပိုင်းမှာရပ်နေကြသည့် လူတွေကို လက်
ပြီး နေရာတောင်းပေးသည်။ တချို့ကကမန်းကတန်းပြန်ဆုတ်ပြီး
ရာပေးကျသလို တချို့ကတော့ မသိသလိုပင်။ ဈေးသည်တွေရော လ
ဘေးအိမ်တွေနဲ့ပါ ပွဲခင်းက ထိကပ်ညပ်ကာ နေရာကျဉ်းသလော
လူတွေကကျပ်ခဲနေ၏။

"ကဲအေး..ခဏတဖြုတ်ရပ်ကြည့်တာပဲ၊ ထိုင်စရာရှာမနေစမ်းပါ
..အဲ့ဒီမှာ ခဏရပ်ကြည့်လိုက်၊ မင်းသမီးကမှာမှ မဟုတ်တဲ့ဟာ.."

မသိန်းညွှန့်က မိန်းကလေးတွေကို ရပ်ကြည့်ဖို့ပြောပြီး မသ
သာရှေ့တိုးသည်။ မိန်းကလေးတွေနောက်မှာ ကိုယ်ကရပ်ပြီး ကာကွ
ထားမှဖြစ်မှာမို့ ကိုယ့်ကိုယ်ကိုယောကျ်ားတွေနောက်ပိတ်ပြီး ရပ်
သည့်ထဲမှာ ရောယောင်ပါဝင်နေလိုက်လျက်.. ။

"ငါဒီမှာရှိတယ်..အေးဆေးကြည့်ကြ.."

"မောင်မောင်နဲ့ဓာတ်တိုင် ဒေါ်သိန်းနဲ့နေခဲ့ကြ..ငါတို့ပွဲခင်းထ
ပတ်ပတ်ဦးမယ်.."

"ဘာလဲ..အလှူအိမ်ဝင်ပြီး အကြွင်းအကျန်တောင်းစားမလို့
လား.."

"အဲ့ဒီအကြံမဆိုးဘူး..လမ်းလျှောက်ရတာ နည်းနည်းဆာလာသ
လိုပဲ.."

"ပွဲခင်းကိုပတ်လို့မှမရတာ..နောက်မှာအလှူရှင်အိမ်နဲ့၊ ဒီဘက်
မှာ ရွာတန်း.."

"ကဲပါ..ဘယ်သူလိုက်မှာလဲငါနဲ့.."

"ငါလိုက်မယ်.."

မိုးခြိမ့်အစီအစဉ်ချတဲ့အတိုင်း မောင်မောင်နဲ့ဓာတ်တိုင်ပဲ မသိန်း
ညွှန့်နဲ့မလှမ်းမကမ်းမှာ ကျန်ရစ်ခဲ့ကြသည်။ မောင်မောင်က အငြိမ့်
ဘက်ကိုယောင်လို့တောင် မလှည့်သလို ဓာတ်တိုင်ကလည်း အရပ်ကြ
ရှည်သဖြင့် လည်ပင်းနည်းနည်းရှည်ကြည့်လိုက်တာနှင့် မြင်နေရသ
ထို့ကြောင့် သူတို့နှစ်ယောက်က ဈေးသည်တွေနဲ့ပွဲခင်းကိုကြည့်လို
လူရွှင်တော်ပြက်လုံးတွေဆီ အာရုံရောက်လိုက်.. ။



"ရေးတဲ့လူက 'အ'သုံးလုံးမကျေဘူး..ဖတ်ပြနေတဲ့သူကလည်း
လုံးသိပ်မကောင်းဘူးကွ၊ ရှင်မရေ..မင့်သမီးစာရေးတတ်နေပြီကွ၊
ဒီမှာ စာလူကြုံပါးလိုက်သဟဆိုတော့ အမေအိုကလည်း ပြောင်း
ကဲဆေးလိပ်ကြီး ကပျာကယာမီးညှိပြီး အနားကပ်လာတာပေါ့..
လား ဖတ်စမ်းပါမြန်မြန်..ကျုပ်သမီးမြေးတွေ အဆင်မှပြေရဲ့လား၊
မ်း.."

"အင်း..မိဘကစိတ်ပူနေပြီ၊ ဘာတွေရေးလိုက်တာတုံးသမီးက.."

"အဟမ်း..အဟမ်း၊ သိုအစ်..ဖေအစ်နဲ့ မေချင်.."

"ဘယ့်နှယ်သိုအစ်ဖေအစ်တုံး.."

"ဒီတိုင်းရေးထားတာ ဒီမှာ.."

"ပေးစမ်းပါကွာ.."

လူရွှင်တော်အသံတွေကြောင့် မသိန်းညွှန့်ပါးစပ်ကြီးအပြုံသား
သဘောတွေကျနေစဉ် ကျောနောက်ကထိကပ်လာသည့်ကိုယ်ငွေ့
ကြောင့် လှည့်ကြည့်လိုက်မိသည်။ မုတ်ဆိတ်မွေးစစ အသားဖြူဖြူနှင့်
ချွန်သောမျက်နှာက အတင်းပြောကြကြေးဆို စုတ်ချွန်းချွန်းအရက်
ကျနေသည့်ရုပ်လို့ ပြောရလိမ့်မည်။ မျက်လုံးချင်းဆုံလိုက်တော့
ကြောစင်းနေသည့် နီကျင်ကျင်မျက်လုံးတွေက လူကိုစိုက်ကြည့်
တာ ရီဝေဝေ။ ပြီးတော့ အရက်နံ့က ချွေးနံ့နှင့်ရောကာ ချဉ်စုတ်စုတ်
အက်အက်.. ။

မဖြစ်ချေဘူး..ဒီအရက်သမား ရှေ့ထဲတိုးဝင်လာရင် မိန်းမပျိုလေး
နား ရောက်သွားလိမ့်မည်။ မသိန်းညွှန့်ဓာတ်မီးကို ထမိခါးစနဲ့ဖိုက်
ထဲထိုးထည့်လိုက်ကာ ခြေချဲ၍လက်နှစ်ဖက်နောက်ပစ်ဆုပ်ရင်း
ကွယ်ထားလိုက်သည်။ ဓာတ်တိုင်ကလည်း မောင်မောင်ကျောက်ချ
နေတာကို အခွင့်ကောင်းယူကာ ပွဲခင်းဘက်ကို မယောင်မလည်လစ်
လာခဲ့လျှင်.. ။

"မင်းကဘယ်ကိုတုံး.."

သူ့ရှေ့မှာ မိုးခြိမ့်က ဘွားခနဲပေါ်လာသည့်နှယ်.. ။

"ဘာတုံးကွ..ငါလည်းလျှောက်ကြည့်ချင်တာပေါ့၊ အလှူဈေး
ဘက်က ဘုရားပွဲဈေးကျနေတာပဲ..ဟီး.."

"ဟိုမှာ မိန်းကလေးတွေကိုထားခဲ့ပြီးတော့.."

"အောင်မယ်လေး..ဒေါ်ကြီးသိန်းက ဗိုလ်ထုတပ်မကြီးတစ် လောက်အားကိုးရတယ်၊ ပူမနေနဲ့..သူကတောင် ငါတို့ကိုဝေးဝေးမသွ နဲ့မှာနေသေးတာ.."

"မရဘူး..တော်ကြာပြန်မှာ၊ လျှောက်သွားမနေနဲ့တော့..အလို မောင်မောင်ကလိုက်ချင်တာမဟုတ်ဘူး.."

ခာတ်တိုင်ကရှုံ့မဲ့နေလျက် ငြေတို့ကို ဟိုဒီရှာကြည့်သေးသည် သူကံဆိုးစွာပဲ ငြေတို့လည်း မသိန်းညွန့်တို့နောက်နားမှာ ရောက် ကြပြီဖြစ်လျှင်.. ၊

"ပွဲခင်းထဲရောက်မှ အေးဆေးနေရတာကို ဘယ်လိုလမ်းပျော် နဲ့ တွေ့နေရမှန်းမသိဘူး.."

မကျေမနပ်ရေရွတ်သည်။ သူ့အကျင့်က အိမ်လည်သွားမိ လည်း ထိုင်မိပြီဆို မထချင်။ အိပ်ရင်လည်း ဘုရားစင်ရှေ့မှာအိပ် ခုလိုပွဲလမ်းသဘင်ဆို မပြီးမချင်းပြန်ချင်တာမဟုတ်။ ပွဲပြီးမှ လူ တစ်အုပ်တစ်ဖွဲ့ကြီး ဖုန်တထောင်းထောင်းနဲ့ အတူတူပြန်ကြရတာ သဘောကျသော်လည်း.. ၊

ဟင်..မိုးခြိမ့်လား။ သူ့အတွေးတွေ ပြတ်တောက်ကုန်သည်၊ မိုး ခြိမ့်သည် ရုပ်အကျီဝါကျင့်ကျင့်နှင့်လူကို နောက်ကနေဘာတွေအ ကပ် ကြည့်ရှုလေ့လာနေသည်မသိ။ မိုးခြိမ့်လိုပဲ သူလည်းထိုသူ့နော ထိသွား၍ သေချာကြည့်လိုက်မိသည်။ ထိုသူ့ရှေ့မှာ ဒေါ်သိန်းညွ နေလျက် နောက်ကနေ ဒီလူခုန်ဆွဆွ ဂနာမငြိမ် ဘာတွေဖြစ်နေ လဲ.. ၊

"လွှတ်ပါဗျ..အ.."

ခြေဖျားထောက်ထားမှ သက်သာသည်။ ဖနောင့်ကျသွားတာ မချိမဆန့်နာ၏။ ဒီမိန်းမကြီး အရပ်ရှည်သလောက် အကြောတင်းလှ သည်။ ပွဲတိုင်းနွှဲလာခဲ့သမျှ ဒီမိန်းမကြီးနဲ့ကျမှ.. ၊

"ဒီမှာဒေါ်ကြီး..လွှတ်ပါဗျ၊ ကျုပ်..အား.."

မိုးခြိမ့်သေချာကြည့်နေရင်း ဖြစ်ပုံကိုသဘောပေါက်သွားလျှ ခာတ်တိုင်တို့ ခွီးခနဲရယ်ကြ၏။ အကျီအဖြူစုတ်စုတ်နှင့် အရက်သမ မျက်လုံးကြီးပြူးထွက်နေကာ မသိန်းညွန့်ရဲ့ကျောနောက်ကနေ တ ဆွခုန်လျက်.. ၊



"ကျုပ်ကိုလွှတ်ပါဗျ..အား နာလှပြီ.."

မသိန်းညွန့်ကိုကြိတ်ပြောနေရင်း ထအော်ရသည့်အဖြစ်ကိုရောက် သည်။ လူတွေလှည့်ကြည့်ကုန်ကြလျက် မသိန်းညွန့်က နောက်ပစ် ထားသည့်လက်နှစ်ဖက်ကို ဖိဆုပ်ထားဆဲနှင့် လှည့်လည်းမကြည့်..၊

"အော်လေ..ထပ်အော်ဦး၊ ဒီတိုင်းကြိတ်ရုန်းနေလို့ကတော့ လက် မှာ အပြုလိုက်ကျန်ခဲ့မယ်မှတ်.."

"မလုပ်ပါနဲ့..လွှတ်ပါ၊ ဟီး ဟီး..ကျုပ်ရှိခိုးပါတယ်.."

ထိုသူ ချုံးပွဲချငိုလျှင် မိုးခြိမ့်ဒေါ်သိန်းညွန့်နားတိုးလိုက်ကာ..၊

"လွှတ်လိုက်တော့ဒေါ်ကြီးသိန်း..ဒီကောင်က ပုတုတုရယ်၊ တော် ကြာမျက်ဖြူဆိုက်သွားလိမ့်မယ်.."

"ဆိုက်ပေ့စေ..ငါ့ဘာသာလက်နောက်ပစ်ထားတာကို သူ့ဟာသူ လာထည့်တာ၊ နာဘူး..အယုတ်တမာကောင်.."

နောက်ဆုံး မိုးခြိမ့်မနေသာတော့ဘဲ ဒေါ်သိန်းညွန့်လက်ကို ကိုယ်တိုင်ဆွဲဖြည်ပြီး ဖြုတ်လွှတ်ပေးလိုက်ရသည်။

"သေပါပြီ..အား.."

အရက်သမား ခုန်ဆွဆွနှင့် နောက်ပြန်ဆုတ်ပြေးစဉ်.. ၊

"ရှဲ.."

"အောင်မလေးဗျ.."

"ဟဲ့..ဟဲ့ မုန့်အိုးကြီးကို မမြင်ဘူးလားဟယ်.."

"ကုန်ပါပြီ..ငါ့မုန့်ရေအိုးကြည့်ကြပါဦး၊ ခြေရာကြီးကျန်ခဲ့ပြီ.. ချေး..သောက်ကန်း.."

"အရေခွံကွာကျန်ခဲ့ပြီဟဲ့..ပူလိုက်မယ့်ဖြစ်ခြင်းဟယ်၊ ဘယ်သူလဲ ခဲ့ါ.."

"ကြက်သမားငခွေး.."

သူတို့ရွာသားချင်းတော့ သိကြသည်။ ငခွေးဆိုသည့်လူ မသိန်း ညွန့်လက်ကလွှတ်တာနှင့် ခုန်ပေါက်ပြေးထွက်သွားသော်လည်း မီး ခင်းတိုက်ထားသည့် မုန့်ရေဒယ်ပြား(ရေမုန့် လမ်းသရဲမုန့်လုပ်သည့်သံ ဒယ်)ကြီးပေါ် ခြေထောက်တစ်ဖက်နင်း မိသွားခဲ့ပြီး.. ၊

"ဟား ဟား ဟား.."

"ခိ.. ခိ.."

"ဒေါ်လေးကတော့လေ..တကယ်ပါပဲ.."

အလှူကအပြန်မှာ သူတို့အုပ်စုရယ်သံတွေ တစ်လမ်းလုံး
နေ၏။ မောင်မောင်ဘာမှဝင်မပြောပေမယ့် မရယ်ဘဲမနေနိုင်။ မြို့
က ဘက်စ်ကားတွေပေါ်မှာ မိန်းကလေးတွေနောက်ကပ်ပြီး ညစ်
ကြတာတွေ အများကြီးကြားဖူးသည်။ ဒီလိုလုပ်တာမျိုးတော့ တစ်
မှ မကြားခဲ့ဘူးတာအမှန်။ ထိုကိစ္စသည် ရွာကိုပြန်ရောက်တဲ့အထိ
လို့မဆုံး.. ။

"မသိန်းရယ်..ညည်းမလည်း မရွံမရှာအေ.."

"ဘာလို့ရွံရမှာတုံး..အပျိုရွယ်လေးတွေ အဲ့ဒီလိုရှက်ကြောက်
မပြောရဲမလှုပ်ရဲခံနေကြလို့ ဒီလိုကောင်တွေ ယုတ်မာရဲနေကြတာ
သိန်းညွန့်ကို ဒါမျိုးလာမစမ်းနဲ့၊ ငယ်ပါဖြစ်ဖြစ် မြေပွေးဖြစ်ဖြစ်
လေးတွေ ငါးရှဉ့်ကိုမြဲအောင်ဆုပ်ထားနိုင်တယ်ဆိုတာလောက်
သနားတယ်.."

>> <<

## အခန်း(၂၂)

"ဒါကဘာလဲ..သွေးဝမ်းသွားတာ မီးကွင်းဂမုန်းသုံးခွက်တစ်ခွက်
ထင် ကျိုသောက်လိုက်ရင်ရတာပဲ၊ ဒါဘာရေတွေလဲ.."

စိမ်းရွှေရွှေအနံ့နှင့် စိမ်းပုတ်ပုတ်အရည်တွေကို နမ်းလည်းကြည့်
သည်။ မျက်လုံးနားလည်း ကပ်ကြည့်သည်။ ပြီးတော့ ပြန်ချလိုက်ပြီး
မောင်မောင့်ကို ငဲ့ကြည့်၍.. ။

"မောင်မောင်.."

"ဘာလဲ.."

"မင်းကိုမင်း ဆရာဝန်ဆိုပြီး နေရာတကာပိုသိနေမယ်လို့မထင်
တောကဆေးပင်ဆေးမြစ်ကိုတော့ မင်း..မင်းထက်.."

"ဘာမှပိုမသိဘူး..လုပ်မနေနဲ့.."

"ဘာ.."

မောင်မောင်က အိပ်ရာကထလာကစ မှုန်အစ်အစ်မျက်နှာလေး
ဒေါ်ထားခင်ဘေးမှာ ဝင်ထိုင်လိုက်သည်။ ဒေါ်ညိုက ကောက်ညှင်း
ပေါင်းလေးပေါ် စားတော်ပဲပြုတ်လေးပုံပြီး ရေနွေးကြမ်းနဲ့ယူလာ
.. ။

"သားလည်းဒီမှာလာစား..ထမင်းကြော်မလို့ဟာ ညကထမင်း

ကြမ်းမကျန်လို့၊ ကောက်ညှင်းပေါင်းစားပြီးရင် အစာကြေအောင် ထမ်း...
လျက်လေးတစ်ခဲလောက် စားလိုက်ကြ.."

"အမေက ဘာဖြစ်လို့ခုမှလဲ.."

"ဟင်..ဘာလဲ.."

"ကျွန်တော်အိပ်ရာကထပြီး အပြင်ကိုတောင် တစ်ခေါက်ထွက်... ပြီးပြီ..ဒီကောင်နီးလာမှ ဒါတွေချကျွေးတာ နည်းနည်းမလွန်ဘူးလား..

ဒေါသထွက်တာမဟုတ်ဘဲ တမင်ရစ်နေတာမို့ ဒေါ်ထားခင်... စာရင်းစာအုပ်ကြည့်နေရင်း ရယ်သည်။ ဒေါ်ညိုကတော့ စိတ်တို... ကာ.. ၊

"မင်းကိုရောမကျွေးခဲ့လို့လား..အိပ်ရာထကာစ မစားတတ်ပါဘူး... ဆိုပြီး ရွာထဲကိုတစ်ပတ်ပတ်တယ်၊ ပြန်လာမှပြင်ပေးထားတာတွေ... ပြန်ဖွင့်စားတယ်..သူများကိုကျွေးနေမှ ငါမပြောလိုက်ချင်ဘူး.."

"ဘယ်ပြောချင်မလဲ..ပြောစရာမှမရှိတာ.."

"ဟုတ်တယ်ဟေ့..မောင်မောင့်ကိုပိုချစ်လို့.."

"အဲ့လိုဝန်ခံလိုက်ရင် ပြီးသွားမယ့်ကိစ္စ.."

ကောက်ညှင်းပေါင်းကို လှမ်းကိုင်တော့ မောင်မောင်လှမ်း... သည့်ဇွန်းနဲ့ လက်ဆုံကျသွားသည်။ တစ်ယောက်မျက်နှာတစ်ယော... ကြည့်လိုက်မိကြပြီး.. ၊

"လက်နဲ့မနှိုက်နဲ့.."

မောင်မောင်က သူ့လက်ကိုဇွန်းနဲ့တွန်းပစ်လိုက်ပြီး သူ့အတွ... တစ်ဇွန်းခပ်၏။ မိုးခြိမ့်ကမဲ့လိုက်ပြီး သူ့လက်ထဲကဇွန်းကို ဆွဲယူ... လိုက်ကာ.. ၊

"မင်းပြောလို့မဟုတ်ဘူး..ငါ့လက်ပေမှာစိုးလို့.."

"အဲ့ဒါ ကိုယ့်ဘာသာဇွန်းထယူပါလား.."

"မရှိလည်းလက်နဲ့အဆင်ပြေနေတဲ့ဟာ ထယူစရာလား.."

"ကဲပါမိုးခြိမ့်ရယ်..နင်ဟာလေ မောင်မောင့်ထက်နင်အသက်ကြီး... တာလည်း နည်းနည်းစဉ်းစားဦး၊ ဘာဖြစ်ဖြစ်အနိုင်လုနေတော့တာ...

"ရတယ်ဒေါ်လေး..ကျွန်တော့်ဘာသာယူမယ်.."

မောင်မောင်ကမန်းကတန်းဇွန်းထယူတော့ မိုးခြိမ့်ကပခုံး... ...ပ်အောင်ရယ်၏။ မောင်မောင်က မျက်နှာတင်းတင်းနှင့် ပြန်ဝင်ထိ...



... ၊

"စားပြီးရင် အဲ့ဒီဆေးကိုကုန်အောင်သောက်..ခင်ဗျားလိပ်ခေါင်း ...နေလို့ ကုလားမျက်စိတိုက်တာ.."

"ဟာ..ဟေ့ လျှောက်မပြောနဲ့နော်၊ မင်း.."

တမင်ကိုပြောချလိုက်တာမို့ မောင်မောင့်မျက်နှာက ပိုကဲသော ...ငြိမ်မှုတို့နှင့် အေးဆေး.. ၊

"ဝမ်းထဲမှာသွေးပါတာနဲ့ပဲ.."

"အဲ့ဒါကြားကောင်းအောင် အလွယ်တကူခေါင်းစဉ်တပ်ကြတာ.. ...ဖျားရောဂါဆိုင်းက လိပ်ခေါင်းဖြစ်နေတယ်လို့ ပြနေတာ.."

"မယုံဘူး.."

"ဒါတော့မတတ်နိုင်ဘူး.."

မိုးခြိမ့်က မောင်မောင့်မျက်နှာကို စိုက်ကြည့်ပြီး ပြုံးလိုက်ကာ..၊

"လိပ်ခေါင်းဆိုရင် ဆရာဝန်တွေက လက်နဲ့စမ်းကြည့်တာမို့ ..."

မောင်မောင်မျက်နှာပျက်သွားသည်။ ဒါကိုဖုန်းကွယ်ပြီး ဆေးနဲ့ပဲ ...ကောက်အောင်ကုပေးသွားဖို့တော့ ကြိုးစားတာပါ။ ဒါပေမယ့် ဘာ ...ကြောင့်မှန်းမသိဘဲ ပြောချလိုက်မိတာ ကိုယ့်ကိုယ်ကိုနောင်တရလိုက် ...မိခြင်း.. ၊

"အတော်ပဲ..တခြားဆရာဝန်တွေနဲ့ဆို ငါမစမ်းရဲဘူး၊ မင်းနဲ့ဆို ...တော့.."

"ကျွန်တော်က လိပ်ခေါင်းကုတဲ့ဆရာဝန်မဟုတ်ဘူး.."

"ဟား..မင်းတပ်အပ်ပြောနိုင်နေတာ၊ လာပါကွာ..ငါ့ကိုတစ်ခါ ...သည်း သိရအောင် စမ်းပေးစမ်းပါ.."

"မစမ်းပေးနိုင်ပါဘူး.."

ပြောရင်း ဇွန်းကိုပန်းကန်ထဲထည့်လိုက်ပြီး နေရာမှထပြေးဖို့ပြင် ... မိုးခြိမ့်ကလည်းသိသည်။ သို့သော် မသိသလိုပုံဖမ်း၍ မောင်မောင် ...တော့ ထရပ်လိုက်ရင်း.. ၊

"အမေ့..ဓာတ်တိုင်တို့တစ်ယောက်ယောက်ရောက်လာရင် အိမ် ...ထက်မလာစေနဲ့နော်၊ ရှက်စရာကြီး.."

သူနဲ့အတူလိုက်မည့်ဟန်ပြင်နေတော့ မောင်မောင်ခြေလှမ်းတို့

သွားသည်။ ပြီးတော့ လှည့်ကြည်ကာ.. ၊

"ခင်ဗျားကိုဘယ်သူက စမ်းသပ်ပါမယ်ပြောမိလို့လဲ.."

"ဟာကွာ..မင်းကလည်း ဆရာဝန်ဖြစ်နေပြီးတော့.."

"ဆရာဝန်ဖြစ်လာပေမယ့် လုပ်မစားတာကိုသဘောပေါက်ဗျားသိပ်ကို စမ်းသပ်ခံချင်ရင် ဆရာမိုးဆီသွားလိုက်.."

ဆရာမိုးက ရွာထဲကတိုင်းရင်းဆေးဆရာဖြစ်သည်။ ပြော အိမ်ထဲဝင်သွားတော့ မိုးခြိမ့်ကလည်း လိုက်သွားခဲ့ပြီး.. ၊

"နေပါဦး..ငါ့ကိုလူနာလို့သဘောထားလို့လည်း ရတယ် တော့ ယောကျ်ားချင်းကွာ..မင်းကလည်း.."

နှစ်ယောက်စလုံးဝင်သွားကြတော့ ဒေါ်ထားခင်နဲ့ဒေါ်ညို ငုံးပြုံးကုန်ကြ၏။

"ထားခင်ရေ.."

"ဘာတုံး..သူတို့ဟာသူတို့ထားလိုက်စမ်းပါ.."

"ထားလို့ရမလား.."

ဒေါ်ညိုက အေးဆေးစာရင်းလုပ်နေသည့် ဒေါ်ထားခင်လ က စာအုပ်ကိုဆွဲယူထားလိုက်ပြီး.. ၊

"ယောကျ်ားချင်းပဲဆိုပြီး ညည်းတူလွန်လှောပြနေမလား"

"အစ်မကလည်း အစ်မသားအကြောင်း မသိတာကျနေ မိုးခြိမ့်က ဆေးထိုးရင်တောင် ပုဆိုးနည်းနည်းလျှော့ပေးဖို့ အသေ ရတာ.."

"အဲ့ဒါ ငယ်ငယ်ကပါအေ..ဒုက္ခပါပဲ.."

"ပူမနေနဲ့..ဘာမှမဖြစ်ဘူး၊ မောင်မောင့်ကိုအဖြစ်သည်းနေ ထင်ပြီး တမင်လိုက်စနေတာအစ်မသား.."

➤➤ ➤➤

အခန်း(၂၃)

**အချစ်သို့စိမ့်ဝင်ခြင်း**

"ဟား ဟား ဟား.."

"အဲ့လောက်တောင်လား ဒီကောင်.."

"မင်းတို့မမြင်လို့..ငါသူ့လက်ကိုအတင်းဆွဲထားတော့ မျက်နှာ ကြီးနီရဲပြီး ငါ့ကိုလှည့်ထိုးမယ့်အတိုင်းပဲ၊ ဟား ဟား ဟား ဟား.."

"အေးဟ..အဲ့ကောင်လူပျော့လို့ပြောရမလား၊ အကြံသမားလို့ ပြောရမလား.."

"ဘာလဲ..မင့်ဟာက.."

ငြေက မေးဖျားကိုပွတ်ပြီး ရယ်ရှိန်သတ်ကာ.. ၊

"သတ္တိကောင်းတော့လည်း ငါတို့လိုက်မမီဘူးလေ..ဓားဆွဲတုတ် ပြီး ချထည့်လိုက်ရင် သူကအရင်.."

"အေး..ဟုတ်တယ်.."

"ဒီလိုရှိတယ်ကွ..မောင်မောင်က သီးသန့်ဆန်တာ၊ ဒါပေမယ့် သူငါတို့နဲ့ရောနှောဖို့လည်း ကြိုးစားပါတယ်..မရတာ.."

"ငါတော့ရတယ်ထင်တာပဲ.."

ဓာတ်တိုင်က သူ့လောက်လေးဂွကို သားရေပင်တပ်နေရင်း လက်နှစ်ဖက်လုံး ဒီတိုင်းချထားလိုက်ကာ.. ။

"တွေးကြည့်လေ..ငါတို့ဒေါသထွက်တာမျိုးကို သူလည်းထွ တယ်၊ မိုးခြိမ့်ကိုထိရင်လည်း နာတတ်တယ်..ပြောချင်တာက သူငါ တွေကို ခင်တယ်၊ ဒါကြောင့် တစ်နှစ်လောက်နေလာတာ ပြန်ကြော မပြောတာပေါ့.."

"ငါကလည်းမပြန်စေချင်ပါဘူး.."

မိုးခြိမ့်က ပြောလိုက်တော့ သူတို့အံ့သြသွားကြသည်။

"သူရှိနေတာ ငါစိတ်ချမ်းသာတယ်..သူနဲ့စကားနိုင်လုနေရတာ လည်း ငါပျော်တယ်၊ ဘာပဲဖြစ်ဖြစ် ငါ့ညီအငယ်ဆုံးလေးလို သဘော ထားကြည့်လိုက်တော့ ချစ်စရာလေးပါ.."

"အံမာ..ပြုံးနေတဲ့ပုံက.."

"ခုတော့ မင်းကိုကြွေနေတဲ့မိန်းမလျာလေးလို့ မထင်တော့ဘူး လား.."

"ဟား ဟား ဟား.."

သူဒီလိုထင်ခဲ့သေးတာကိုတွေးမိပြီး ရယ်လိုက်မိသည်။

"မိုးခြိမ့်မျက်နှာကိုကြည့်ဦး..ဟိုကောင့်ကိုသူစွပ်စွဲနေတယ်၊ များမောင်မောင့်ကိုကြိုက်နေလားမသိဘူး.."

"ပြောလို့တော့မရဘူး..မောင်မောင်က ယောကျ်ားချင်းပြစ်မှားချ စရာလေး၊ စကားပြောရင်လည်း ဂျစ်တိဂျစ်ကန်.."

ဓာတ်တိုင်တို့ထင်ကြေးတွေပေးနေကြလျက် မိုးခြိမ့်ထံမှ ပြ ချက်ထွက်မလာသောအခါ.. ။

"ဟေ့ကောင်..မင်းမဟုတ်ပါဘူးနော်.."

"ဟား ဟား ဟား.."

မိုးခြိမ့်ရယ်နေလေ သူတို့မျက်နှာတွေပျက်ကုန်ကြလေ။ မိုးခြိ ရယ်လက်စနှင့် ရေနွေးကြမ်းတစ်ခွက်ငှဲ့နေရင်း.. ။

"မင်းတို့ပြောနေတာနဲ့ မျက်နှာကြီးနီပြီး ရဲနေတဲ့ပုံစံကိုသွားမြ မိလို့ပါ..ယောကျ်ားချင်းကြိုက်ရအောင် ငါကဂေါက်နေတဲ့ကောင်လား"

"ပြောလို့ရမလားကွ..ကြိုက်နေကြတဲ့ကောင်တွေလည်း သူတို့ ကိုယ်သူတို့တော့ ဂေါက်နေပြီလို့ထင်မလား.."



"ဟေး..ဓာတ်တိုင်၊ အဲ့ဒီမှာမိုးခြိမ့်လား.."

စကားကောင်းနေကြတုန်း လမ်းပေါ်ကနေ ခေါ်သံကြားလိုက်ရ တာ ဓာတ်တိုင်ကနေရာမှထလိုက်ရင်း.. ။

"ကိုဖျောလား..မိုးခြိမ့်ရှိတယ်၊ ဘာလုပ်မလို့လား.."

"မင်းတို့ကောင် တောင်ပိုင်းကအရက်ဆိုင်မှာ ပြဿနာမီးခွက် မီးရှာနေတယ်ဟေ့..မကြာခင် အကြီးအကျယ်ထဖြစ်ကြဖို့ရှိတယ်ဟ"

"ဘယ်သူတုံး..ဘယ်သူလဲ.."

"ဆရာဝန်ဆိုတဲ့ကောင်လေး.."

"မောင်မောင်လား.."

"ဟာ..ဒီကောင်ဘာဖြစ်တာတုံး.."

"မိုးခြိမ့်..မင်း ဟင်.."

ဓာတ်တိုင်တို့အံ့သြဖွယ်သတင်းကို ပြောမလို့လှည့်ကြည့်လိုက် ချိန် မိုးခြိမ့်ကမရှိတော့ပေ။ ကြည့်လိုက်မိတော့ ကိုယ်တော်ကစက်ဘီး က်ဖြုတ်ပြီး ခြံဝတောင်ရောက်နေပြီဖြစ်လျက်.. ။

"မိုးခြိမ့်နေဦးလေကွာ.."

"ကြည့်စမ်းဒီကောင်..ငါပြောတာလွန်သလားကဲ.."

"ဟမ်.. ဘာပြောလိုက်တာတုံး.."

"မင့်နှမလေး ငါချစ်တယ်လို့.."

"မင်းအစ်မအပျိုကြီးနဲ့ လဲမယ်လေလို့.."

"သေနာကျ.."

>> <<

## အခန်း(၂၄)

အရက်ဆိုင်က သရက်တောလမ်းကဆိုင်လောက်မကြီးပေ။ သို့ သော် ဒီဆိုင်မှာလည်း လူများတာပဲဖြစ်၏။ အထူးသဖြင့် လူကြီးပိုင် တွေ ပိုများတတ်ကာ.. ၊

"သွားစမ်းပါဗျာ..ခင်ဗျားနဲ့မသိပါဘူး၊ ဘာမှလည်းပြောစရာ ဘူး.."

လူကထွေနေသည်။ ထိန်းထားတာလည်း ဘယ်လိုမှမရတော့ အရာဝတ္ထုတို့သည် ရေထဲမှာမျက်လုံးဖွင့်ကြည့်နေရသလိုမြင်နေလ နှင့် ရွေ့လျားဝေဝါးနေသည်။ တစ်ချက်တစ်ချက်မှာ ခုန်ပေါက်တုန် နေကြ၏။ ဒါပေမယ့် သူမျက်လုံးမှိတ်လို့မဖြစ်.. ၊

"ဒီမှာကောင်လေး.."

ဦးငွေခင်ဆိုသည့်လူကြီးက ထိပ်ပြောင်ပြောင် နှုတ်ခမ်းတွဲတွဲ အသားကလည်း မည်းတူးနေ၏။ ကြယ်သီးတွေဖြုတ်ထားသော ကျယ်မပါသည့်ရင်ဘက်ပေါ်မှာ လက်သန်းလုံးနီးပါးရှိသည့် ရွှေ ကြိုးကြီးက ဝင်းဝင်းပြောင်ပြောင်.. ၊

"ငါ့ကိုကြည့်စမ်းပါ..ဒီမှာ ငွေခင်.."

သူ့ရင်ဘက်ကြီးကိုပုတ်ပြရင်း ယိုင်တာရော မခိုင်တာရော



သိဘဲ မောင်မောင့်ရှေ့စားပွဲပေါ်ကို ကုန်းကုန်းကွကွကြီးလက် ထောက်ရင်း မော့ကြည့်၏။ ပြီးတော့ မဲ့လိုက်ရင်း.. ၊

"အေ့.."

မျက်နှာချင်းနီးနီးလေးကို လေတက်လိုက်သဖြင့် မောင်မောင်၏ မျက်နှာလွှဲကာ.. ၊

"ထွီ..ရွံစရာကြီး၊ ဟား..သွားစမ်းပါဗျာ၊ ဒီမှာအေးဆေးနေချင်လို့ ယောက်တည်းလာသောက်တာနော်..လာမရှုပ်နဲ့.."

"ရှုပ်ချင်လို့ဒီနားလာတာပဲကွ.."

"ဘုန်း.."

"ဒေါက်..ဖျော.."

ခပ်ပျော့ပျော့ပျဉ်ချပ်လေးတွေကို ကြမ်းတမ်းစွာပုဟ်ချလိုက်သ ပုလင်းကဖန်ခွက်ပေါ်လဲကာ အရက်တွေပါ ဖိတ်စင်ကုန်၏။

"မင်းနဲ့ဖြူဝင်းနဲ့နာမည်ထွက်နေတာ..ခု.."

"ဟမ်..ဘာ.."

အရက်ခွက်မှောက်ခြင်းမှာ အလုပ်ရှုပ်သွားသည့် မောင်မောင့် နှာမော့လာသည်။

"ဘာ..ဘာရယ်.."

"မင်း.."

ဦးငွေခင်ရေချိန်လွန်နေပြီမို့ လက်ညှိုးထိုး၍ ပြောဖို့ကြိုးစားနေ ဘန်းလျားပေါ်ဖင်ထိုင်လျက် ပြိုကျ၏။ သို့သော် ခပ်မဲ့မဲ့မျက်နှာ နှင့်.. ၊

"ငါလဲတာမဟုတ်ဘူး..ထိုင်ချင်လို့ထိုင်ချလိုက်တာ၊ ဟွန့်.."

"ဟား ဟား ဟား ဟား.."

ဒိုပြင်ဝိုင်းကလူတချို့၏ရယ်သံတွေ စီခနဲထွက်လာသည်။ ပြီး ..၊

"လာပြန်ထိုင်စမ်းပါငွေခင်ရာ..မကြီးမငယ်နဲ့ ကလေးကိုပြဿ မနေစမ်းပါနဲ့.."

"ဘာလဲ..ဘာကလေးလဲ၊ ဒါကြီးကကလေး.."

ဦးမော့နိုင်သည့် လက်ညှိုးက မောင်မောင့်ကိုယ်မှာ တစ်ခေါက် ကတော့ ဖြတ်လျှောက်သွားသည်။ ပြီးတော့ ထိုလက်သည်

စားပွဲပေါ် ဘုတ်ခနဲပြုတ်ကျလျက်.. ၊

"ကလေးမဟုတ်ဘူး..အဲ့ဒါမယားခိုး၊ အဲ.. ရည်း ရည်း ဘက်.."

"ဟား ဟား ဟား.."

"ဘုန်း.."

ရယ်သံတွေကိုတားဆီးဖို့ စားပွဲကိုနောက်ထပ်ရိုက်ချသည် သော် ရယ်သံတွေက မတိတ်သည့်အပြင် မောင်မောင်ကထရယ် ပြီး.. ၊

"ကြည့်ထားကြ..အဲ့ဒါသူငယ်ပြန်တာလို့ခေါ်တယ်.."

"အံမာ..ငါ့ကိုလားမင်းက၊ ဟိတ်ကောင်လေး ပြန်ထိုင်စ

ဦးငွေခင်က မောင်မောင့်လက်ကိုဆွဲဖို့အတွက် စားပွဲပေါ်မှ လျားထိုးမှောက်ချပြီး မိအောင်ဆွဲသည်။

"ငါ့ရဲ့ဖြူဝင်းကို မင်းကကြာကူလီဝင်လုပ်နေတာ..မင်း မ မရှုပ်ခင်တုန်းက ဖြူဝင်းနဲ့ငါအဆင်ပြေနေတာကို.."

"ဟာဗျာ..ဖယ်စမ်းပါ.."

ဒေါသနှင့်ဆောင့်တွန်းလိုက်ပေမယ့် သူလည်းမူးနေပြီမို့ နိုင်။ မောင်မောင်ကိုယ့်အရှိန်နှင့်ကိုယ် စားပွဲပေါ်ပြန်လဲသွားကာ ခင်နဲ့ခေါင်းချင်းတိုက်မိ၏။ မူးနေသည့်အပြင် ခေါင်းဆောင့်မိလို ဖြင့် ရုတ်တရက်မူးမိုက်ပြာဝေသွားခဲ့ပြီး ဘာမှမသိတော့... ၊

"ဟား ဟား မိပြီတွေ့လား..နွားပျိုသန်လှ နွားအိုပေါင်က် လောက်ရှိတာပါ.."

"အပြောမကြီးနဲ့ငွေခင်..ဟိုကောင်လေးထလေကွာ၊ မင်းလူ ကွ.."

ဦးငွေခင်က မောင်မောင့်လည်ပင်းကို လက်နဲ့ဖိကာ စားပွဲနဲ့ နှာကပ်ထားပြီး အားရကျေနပ်နေလျက်.. ၊

"ဟွန်း..ကြည့်လိုက်လေ၊ ဒီကောင်ထနိုင်ရင် ဟောဒီတစ်ဆို မှာသောက်နေကဲ့လူတွေအတွက် ငါဒကာခံပစ်လိုက်မယ်..ဟိုး

"ဟေ့..ဟေ့ ဒါဆိုရင်တော့ ဟိုကောင်လေးကိုနိုးရတော့မယ်

"မောင်မောင်ဆိုတဲ့ကောင်လေးထကွာ.."

"ဟိတ်ကောင်လေး..ထကွ.."



"အရက်နဲ့ပက်.."

"ဟာ..ရေနဲ့ပက်စမ်းပါ၊ ငါ့ဟာတွေကုန်မှာပေါ့.."

တခြားစားပွဲကလူတွေ ရုတ်ရုတ်သဲသဲထလာကုန်ကြသည်။ မောင်က ဦးငွေခင်ရဲ့လက်ကြမ်းကြီးနဲ့ဖိခံထားရလျက် မူးမိုက် နေတုန်း.. ၊

"ဖျန်း.."

"အ.."

"ဖျန်း.."

"အား.."

မျက်နှာကို ရေတွေအလုံးအရင်းနှင့်ဝင်လာသည်။ တစ်ခါမဟုတ် မဟုတ်။ မောင်မောင်မျက်လုံးဖွင့်လာတော့ အားလုံးဝိုင်းအော်ကြ လက်ခုပ်တီးကြ၏။

"ဟာ..ဒါတော့ဘယ်ရမလဲ၊ မင်းတို့ကရေနဲ့လုပ်တာလေ..ဟိတ် င် ငြိမ်ငြိမ်နေစမ်း.."

မောင်မောင်က နိုးလာပြီး ရုန်းကန်နေသဖြင့် ဦးငွေခင်ကစားပွဲ ဆောင့်ကြောင့်တက်ထိုင်ပြီး မောင်မောင့်လည်ဂုတ်ကို လက်နှစ် အတင်းဖိကပ်ထား၏။ ထိုစဉ်.. ၊

"ဗွမ်း.."

"ဟာ..ဟေ့.."

"ဗွမ်း..ဖျန်း.."

"ဟိတ်ကောင်..မိုးခြိမ့်ဘာလုပ်တာတုံးကွ.."

"ခင်ဗျားတို့ကညောင်ရေသွန်းနေတော့ တစ်ယောက်တည်းခံနေ ကြည့်မကောင်းလို့.."

"ဖျန်း..ဖျန်း.."

မိုးခြိမ့်က အရက်ဆိုင်ခေါင်းရင်းမှာရှိသည့် သစ်သားစည်ကြီးထဲ ရေတွေနဲ့လှည့်ခပ်လိုက် ဆိုက်ထဲကိုလှမ်းပက်လိုက်နှင့် ဘယ်သူ ားမရပ်ဘဲ နောက်ဆုံးတစ်ချီမှာ ရေရောပုံးရောတစ်ခါတည်းလွှဲ က်လျှင်.. ၊

"ဒုန်း..ခွမ်း.."

"ဟာမိုးခြိမ့်..မင်းဘာလုပ်တာလဲ၊ ဒါငါ့ဆိုင်.."

ဆိုင်ရှင်ဦးလူဝက ပုဆိုးတိုတိုပြင်ဝတ်ပြီး ရှေ့ထွက်လာ၏
"မင်းတော်တော်လွန်နေပြီ..ငါ့ပုလင်းတွေ အမြည်းအိုးတွေ
"ကျန်သေးလား..ကျန်သေးရင်ထပ်ခွဲပေးမယ်.."
"ဟိတ်ကောင်..မင်းနော်.."
မိုးခြိမ့်က ပေါက်ခွဲစရာလက်နက်ရှာနေသဖြင့် ဦးလူဝဗျာ
သွားသည်။ ပြီးတော့ ရေတွေစိုပြီး ရှုံကုန်ကြသည့်လူတွေရှေ့က
ကာကွယ်သလို ထွက်လာရပ်လိုက်ပြီး.. ।
"မင်းတို့မကျေနပ်ရင် အပြင်မှာချိန်းပွဲလုပ်ပြီးချကြ..ဘာ
တွေမှန်းမသိဘူး၊ ဘာလဲ..မင်းမူးနေတာလား၊ မမူးဘဲနဲ့ မိုက်ရိုင်းနေ
ဆိုရင်တော့ အလျော်ပေးရုံနဲ့လုံးဝမကျေနပ်ဘူး..မင်းကို.."
"ဘာလုပ်မလဲ..ပြောစမ်းပါ.."
မိုးခြိမ့်က သူ့ကိုကျော်ပြီး ခုထိစားပွဲပေါ်မှာ ထိုင်မလိုထ
ရှိနေသော ဦးငွေခင်ဆီ တန်းတန်းမတ်မတ်ဝင်သွားသည်။ ပြီး
စားပွဲခုံကိုကိုင်ပြီး ဆွဲခါပစ်လိုက်လျှင်.. ।
"ဟိတ်ကောင်..ဟိတ်ကောင်.."
"ဒုန်း..ဝုန်း.."
"အောင်မလေး..သေပါပြီ.."
"မိုးခြိမ့်.."
တခြားလူတွေနောက်ထပ်ရှဲသွားကြကာ ဦးလူဝကအာခေါင်
အော်သည်။ သို့သော် ရှေ့မတိုးဘဲ.. ।
"မင်းအဖေလောက်ရှိတဲ့လူကြီးတွေကို မင်းကကိုယ်ထိ
ရောက်မိုက်ရိုင်းနေပါလားကွ.."
"အဲ့ဒီအဖေလောက်က သူ့သားလောက်ရှိတာလေးကို လည်
တက်ညှစ်နေတာ ခင်ဗျားကန်းနေသလား.."
ကျန်သည့်လူတွေက ဦးလူဝအားကိုးနှင့် ရှေ့ပြန်တိုးလာကြ
"ဟေ့..လူကြီးဖြစ်ဖြစ် လူငယ်ဖြစ်ဖြစ် အရက်ဆိုင်ထဲရောက်
ရင် အရက်သမားပဲ၊ အရွယ်တူတူမတူတူ အရက်သမားချင်းတူတူ
"အဲ့ဒါကြောင့် အရွယ်တူတူမတူတူ စော်ကားတယ်..အ
မားမို့စော်ကားတယ်.."
"ဝုန်း..ဒုန်း.."



မိုးခြိမ့်ထင်တိုင်းကြဲပစ်သည်။ ပြီးတော့.. ।
"လာ..သွားမယ်.."
ဆံပင်တွေရော မျက်နှာတစ်ခုလုံးပါ စိုရွှဲနေသည့် မောင်မောင့်
ကိုဆွဲထွက်လာခဲ့၏။ ဘယ်သူတွေကြိမ်းမောင်းကျန်ခဲ့တာ မား
ကြိမ်းနေတာ တစ်ချက်မှပြန်မကြည့်ဘဲ မောင်မောင့်ကိုနောက်က
ပြီး စက်ဘီးနဲ့ပြန်လာခဲ့တာ အေးအေးလူလူ.. ।
"ဟေ့ကောင်..ပြုတ်ကျမယ်နော်၊ ကျကျန်ခဲ့လို့ကတော့ ပြန်
ကောက်မယ်မထင်နဲ့.."
"ကျွန်တော်အဲ့လောက်မမူးပါဘူး.."
"မမူးဘဲနဲ့ အဘိုးကြီးကိုမနိုင်လို့ မူးချင်ယောင်ဆောင်နေတာ
.."
"မဟုတ်ဘူး..အဲ့ဒါ အဲ့ဒါအလစ်ခံလိုက်ရတာ.."
"ဟား ဟား ဟား.."
"မရယ်နဲ့ဗျာ.."
မျက်လုံးတွေကို ဖွင့်လို့မကောင်း။ ခေါင်းကြီးကလေးနေသည်။
ဘီးခုန်တာကြောင့်လားမသိဘဲ ခေါင်းကိုက်ခြင်းကအပိုပါလာ၏။
"ခင်ဗျားစက်ဘီးနင်းနိုင်သေးတယ်ပေါ့..ဟွန်း အရက်ချိုးဖြစ်နေ
သဘော..အ.."
စက်ဘီးကခုန်သွားသဖြင့် နောက်ကျောနဲ့မျက်နှာဆောင့်မိကာ
ခါးကိုပါ ဖက်ထားလိုက်ရ၏။ ထိုအခါ မွှေးတာလည်းမဟုတ် ချွေး
ည်းမဟုတ်သော လွှသ်လွှယ်ပြောရလျှင် ယောကျ်ားတစ်ယောက်
နံ့အသက်မျိုးကို စိတ်ကခံစားမိလိုက်၏။ ဒါပေမယ့် ဖက်ထားမိ
ကိုလည်း လွှတ်လို့မဖြစ်။ ကပ်ထားမိသည့်မျက်နှာကိုလည်း မခွာ
သူ့အတော်ကိုမူးနေပြီဖြစ်ကာ အန်လည်းအန်ချင်လာသည်။
"မောင်မောင်..မင်းရရဲ့လား.."
ခါးကိုအသေအလဲဖက်ထားနေတာ သိလိုက်ကာ မိုးခြိမ့်ကစက်
ကို ခြေဖျားတစ်ဖက်ထောက်ပြီးရပ်လိုက်သည်။
"ဟေ့ကောင်.."
"မ..မရတော့ဘူး၊ အရမ်းကိုအန်ချင်နေပြီ.."
"အဲ့ဒါကိုဆင်းလေကွာ.."

"အဲ့ဒါလည်းမရဘူး..ခင်ဗျားခွာချလိုက်ရင် ကျွန်တော်ပြုတ်ကျ မှာ.."

"ဟား.."

စိတ်ကလည်းမရှည်။ ပစ်ပစ်ခါခါလည်းမလုပ်နိုင်။ ခတ်တိုး လို ပြောမနာဆိုမနာကောင်မျိုးလည်းမဟုတ်။ စကားမှားလည်း တင်စီးတာလည်းမကြိုက်သော မောင်မောင့်အပေါ်မှာ သူဥပေက္ခာ ထားနိုင်ဘဲဖြစ်နေသည်။ မြို့သားပညာတတ်လူငယ်တစ်ယောက် သည့်အမြင်နဲ့ ညာတာမိနေတာလား..ကိုယ့်ထက်အသက်ငယ်တဲ့ တိတ်တစ်ယောက်လို မြင်နေခဲ့တာလားဆိုတာမသိ။ တဝေ့ဝေ့ နေသည့်မောင်မောင့်ကို စိတ်ပျက်စွာကြည့်၍ ရှုံ့မဲ့နေခဲ့ပေမယ့်..

"နေစမ်းပါဦး..ဘယ်လေတိုက်ပြီး အရက်ဆိုင်ထဲလွင့်ပါသွား လဲမင်းက.."

"ခင်ဗျားကလည်းတစ်မျိုး.."

"မင်းတစ်မျိုးဖြစ်နေတာကို မေးနေတာလေ.."

မောင်မောင်က ဆံပင်တွေကို မျက်နှာကနေသပ်တင်လိုက် မြက်ဖုတ်ပေါ်မှာ ဖင်ထိုင်ချလိုက်သည်။

"အဲ့ဒါဘာလဲ..အန်ဖက်တွေပြန်ကြည့်ပြီး တရားမှတ်နေတာ မစွံမရှာနဲ့.."

မောင်မောင်ရန်ပြန်မဖြစ်နိုင်ဘဲ ဖြူဖက်ဖက်ငြိမ်သက်နေ သူ့ရှေ့တိုးလျှောက်လာကာ.. ၊

"မင်းတစ်ခါမှမသောက်ဖူးဘူးလား.."

"ဟုတ်တယ်.."

"ဘာကိစ္စသွားသောက်တာလဲ..သောက်တော့လည်း အဘိုးကြီး တွေဆွဲတဲ့ဆိုင်ကိုမှ.."

"အဘိုးကြီးတွေဆိုတော့ ပိုပြီးနားရအေးမယ်ထင်လို့.."

"ဘာ.."

မိုးခြိမ့် တအံ့တသြ 'ဘာ'ရင်း.. ၊

"ဟား ဟား ဟား.."

အန်ချလိုက်ပြီမို့ အမူးပြေသွားသည့်မျက်နှာက ရယ်နေ မျက်နှာဆီမော့ကြည့်လာပြီး.. ၊



"အဲ့ဒါရယ်စရာဘာပါလို့လဲ.."

"မင်းပြောတာလေ..အဘိုးကြီးတွေဆိုတော့ ပိုနားအေးမယ်ထင် တဲ့၊ ဟား ဟား.."

ပြောရင်းရယ်ရင်းနှင့် မပြီးနိုင်ဘဲ.. ၊

"နားအေးဖို့အရက်ဆိုင်သွားတယ်..ဟုတ်လား၊ မင်းမို့ပဲ..ဟား .."

"အဲ့ဒါခင်ဗျားကြောင့်.."

ရယ်သံတိခနဲရပ်သွားသည်။ မောင်မောင်ထရပ်လိုက်ကာ.. ၊

"ခင်ဗျားကြောင့် ဒေါ်လေးတို့ထမီမနိုင် ပဝါမနိုင်ဗျာများနေကြ ကျွန်တော်လိုက်မယ်ဆိုတော့ အရက်ဆိုင်ကိုမင်းမလိုက်ပါနဲ့တဲ့၊ ရှေ့မှာ လူအိုကြီးတွေက ကသိဖုတ်ဖက်ဖြစ်နေကြတယ်..ဒါကိုဒီ ရပ်ကြည့်နေရတာ ဘယ်လောက်စိတ်ပျက်လို့ကောင်းတယ်ထင် "

"မင်းပြောသလောက်ငါမဆိုးသေးဘူးဟေ့ကောင်..တော်တော် ချဲ့တဲ့ကောင်.."

"ခင်ဗျားပြောလိုက်ရင်ဒါပဲလေ..အဲ့ဒါကြောင့် ကျွန်တော်အရက် ဖြစ်ဖို့လိုတာ၊ အရက်သမားချင်းတူတော့ အတူတူထွက်လို့ရ ဒါဆို ဒေါ်လေးတို့စိတ်မပူနဲ့ ကျွန်တော်ပါတယ်ဆိုရင်ပြီးပြီ.."

"ဟား ဟား ဟား.."

"ခင်ဗျားမရယ်နဲ့နော်..ကျွန်တော်တကယ်တင်းလာပြီ.."

"တင်းတော့.."

"ခင်ဗျားကိုထိုးချင်လာတာပေါ့.."

မောင်မောင်ဒေါသထွက်ကာ မိုးခြိမ့်အင်္ကျီရင်ဘက်ကို ဆောင့်ဆွဲ သည်။ မိုးခြိမ့်သူ့လက်ကို ဖမ်းကိုင်ထားလိုက်ကာ.. ၊

"ငါဒီနေ့အရက်ဆိုင်သွားတယ်လို့ မင်းကိုဘယ်သူပြောလဲ.."

"ခင်ဗျားသွားနေကျပဲ.."

"မဟုတ်ဘူး..မသွားရသေးဘူး၊ ခုမှသွားမှာ..မင်းလိုက်မယ်မို့ "

"စိန်လိုက်.."

"ဟား ဟား ဟား.."

သူရယ်ပစ်လိုက်မိသည်။ ပြီးတော့ မျက်တောင်ကော့နေတာ ကို မြင်နေရတဲ့အထိ မျက်မှောင်ကုတ်ထားသော မောင်မောင့်ခေါ နောက်ကို ဖက်ခနဲပုတ်လိုက်ရင်း.. ၊

"မောင်မောင်ရာ..ဒီလိုပုံစံနဲ့များ အရက်သမားဖြစ်ဖို့ကြိုးစား တယ်၊ တကယ်ကို ဥမမယ် စာမမြောက် လူလားမြောက်စ ပိစိညော တောက်.."

"ခင်ဗျားနော်.."

"ဟား ဟား ဟား.."

"ဟိုမှာမိုးခြိမ့်နဲ့မောင်မောင်.."

ဓာတ်တိုင်တို့သုံးယောက် စက်ဘီးနှစ်စီးနဲ့လိုက်လာကြ စကားနိုင်လုခြင်း တစ်ခန်းရပ်ခဲ့သည်။

"ငါတို့နောက်ကျသွားပြီမှတ်နေတာ..ဟိုမှာမင်းမွှေခဲ့တဲ့အ တွေကို ဦးဝကြီးစာရင်းတွက်နေပြီ.."

"ဟီး ဟီး..ဒေါ်လေးထားခင်နဲ့တော့ တွေ့ပြီပေါ့ကွာ.."

"မိုးခြိမ့်..မင်းခေါင်းနဲ့ကိုယ်ကို ဖက်နဲ့ထုတ်ထားပေတော့–

➤➤ ➤➤

အခန်း(၂၅)

အကြော်ဝယ်မည့်ခြေလှမ်းတွေက ဆိုင်ရှေ့မှာ ပြောနေကြသည့် အကြောင်းအရာတို့ကြောင့် ရှေ့ဆက်မတိုးဖြစ်ဘဲ ရပ်တန့်သွားခဲ့သည်။

"မောင်မောင်ဟုတ်လား..မိုးခြိမ့်တို့အိမ်က ဆရာဝန်ကောင်လေး လား.."

"ဟုတ်ပ..တောင်ပိုင်းကဦးလူဝဆိုင်မှာ သွားသောက်တာလေ၊ ဆရာဝန်ဖြစ်ဖြစ် ဘာဖြစ်ဖြစ်ယောက်ျားလေးပဲအေ..အသောက်အစားရှိ တာမဆန်းပါဘူး၊ ဒါပေမယ့် သူကဖြူဝင်းနဲ့ဘာလိုလိုဆိုပြီး ဦးငွေခင် က ရန်ရှာတာတဲ့.."

"ဟုတ်မယ်မထင်ပါဘူးမိကြည်ရယ်..အဲ့ဒီဦးငွေခင်ကြီးက မဖြူ ဝင်မ်းပြီး ပိုက်ဆံတွေချေးရ လက်ဆောင်တွေပေးရ မလိုလည်းပေး.. လိုလည်းပေး၊ ဟိုကမှုဆိုးမဆို့တော့.."

"သူတို့အကြောင်းတွေ ငါတော့စိတ်မဝင်စားပါဘူးအေ..သူ့အ ဆက်အရွယ်ကြီးနဲ့ ဟိုဆရာဝန်လေးကို ကြိမ်းလားမောင်းလားတွေလုပ် ပြီး လည်ပင်းတက်ညှစ်တာကောင်းသလား..အဲ့ကြားထဲ ဦးလူဝက မောင်မောင်တို့ကြောင့်ပါဆိုပြီး ဒေါ်ကြီးညိုတို့ဆီမှာ ငွေနှစ်သောင်း လောက် အလျော်သွားတောင်းတာ.."

"တောင်ကြီးရေ..အကြော်ဝယ်မလို့မို့လား၊ လာလေကွာ..ဘူးသီး ကြော်ပူပူနွေးနွေး.."

"အေးမှပဲလာတော့မယ်.."

တောင်ကြီးလက်ကာပြလိုက်ပြီး ရွာတောင်ပိုင်းကိုချီတက်ခဲ့သည်။ သွားလာရင်း ယိုင်နဲ့နဲ့ခြံစည်းရိုးတစ်ခုကနေ ပျဉ်တစ်ချပ် ဆွဲနှုတ်သွားခဲ့လျက်.. ။

"ဘုန်း.."

"ဟေး..ဘာလုပ်တာလဲ၊ ဘယ်သူလဲကွ.."

ဦးလူဝ ဒီနေ့ယုန်သားမီးကင်လုပ်ထားသဖြင့် အမြည်းကောင်း အတွက် ပိုက်ဆံများများရမှာကိုတွေးပြီး ကျေနပ်နေသည်။ အကောင် လိုက်ကင်ထားပြီးသည့်ယုန်ကို ဒန်လင်ဗန်းထဲမှာ လှလှပပထည့်ပြီး ထွက်လာကာမှ ခြံတိုင်ကိုလွှဲရိုက်လိုက်သည့်အသံကြောင့် လှမ်းကြည့် လိုက်မိလျှင်.. ။

"တောင်ကြီး.."

ရုတ်တရက် ထိတ်ခနဲဖြစ်သွားသည်။ ထိုစဉ် ဇနီးဖြစ်သည့်ဒေါ် တင်ထွက်လာကာ.. ။

"ဘာဖြစ်တာလဲ.."

"ဟိုမှာတောင်ကြီးလာပြီ..ဘာပြဿနာရှာသလဲမသိဘူးမတော် ရေ.."

"ပြဿနာမရှိဘဲ လာရှာလို့ရမလားတော့..ရှင်ကလည်း အဲဒီညီ အစ်ကိုအသံကြားတာနဲ့ ချေးစိမ်းပါနေတာပဲ၊ တောင်ကြီးကအရှူးပဲ"

"ဘယ်မှာလဲဦးဝက်.."

ဦးလူဝကို တောင်ကြီးတို့ညီအစ်ကိုက ဦးဝက်လို့ပဲခေါ်သည်။ ရင်းနှီးချစ်ခင်လို့ နာမည်ပြောင်ခေါ်တာကော့မဟုတ်ပေ။ 'လူဝ'လို့ခေါ် နေရရင် လျှာထောက်တယ်လို့ဆိုကာ နှိမ်နှိမ်ခခခေါ်ခဲ့တာဖြစ်၏။ သို့ပြင် သူတို့ညီအစ်ကိုဒီဆိုင်လာတိုင်း တစ်ခုခုပြဿနာမဖြစ်ဘဲ ပြန်သွား ကြသည်ဆိုတာ မရှိသလောက်ရှားခဲ့ရာ.. ။

"ဟော့..ဘာလဲတောင်ကြီး၊ ငါ့အရက်ဆိုင်က အမြဲတမ်းတံခါးဖွင့် ထားတာ..ဘာဖြစ်လို့ခြံတိုင်ကို ရိုက်ချိုးတာလဲ.."

ဒေါ်တင်ကလှမ်းမေးပြီး ခါးထောက်သည်။ တောင်ကြီးကသော်



မှမပြောဘဲ ဆိုင်ထဲဝင်လာ၏။ ပြီးတော့ ရှေ့ဆုံးစားပွဲကို လွှဲရိုက်ပြီး

"ဘယ်မှာလဲ..မုဆိုးမအိမ်ကအလျော်တောင်းလာတဲ့ငွေနှစ်သောင်း"

"ဘုန်း.."

မေးရင်း နောက်ထပ်လွှဲရိုက်လိုက်တော့ လင်မယားနှစ်ယောက်စ လုံး နောက်တွန့်သွားကြသည်။

"ခင်ဗျားကြီးက မုဆိုးမတွေနဲ့လုပ်စားနေတယ်ပေါ့လေ..ဟိုမ ယားတရှူးက မုဆိုးမကိုမင်ပြီး ကျုပ်ဆရာဝန်ကို လည်ပင်းညှစ်တယ်.. ဗျားက မုဆိုးမအိမ်မှာ အလျော်သွားတောင်းတယ်၊ အဲဒီလိုအလျော် လိုချင်ရင် မယားတရှူးငွေခင်ဆီမှာ တောင်းပါလား.."

"ဘုန်း.."

"ဒုန်း..ခွမ်း.."

"ကုန်ပါပြီ..ခုနမှထုတ်လာတဲ့ ငါ့ရေနွေးကြမ်းပန်းကန်လုံးလေး မသာ..သေနာကျ လာကြပါဦး၊ ဟော့ဒီမှာတောင်ကြီးလာသောင်း နေလို့ပါတော့.."

"အံမာ..နားငြီးလိုက်တာ၊ ငါ တယ်.."

"အေး..ငါ..ယ်လေး.."

"ဟိတ်ကောင်..မင်းလက်မပါနဲ့နော်.."

တောင်ကြီးတုတ်မြှောက်လိုက်တော့ ဒေါ်တင်အသည်းအသန် ပြေးကာ ဦးလူဝလက်ကာရင်း နောက်ဆုတ်၏။

"ပေးလေ..ခုချက်ချင်းနှစ်သောင်းပြန်ပေး၊ ဟိုမယားတရှူးကြောင့် ဖျားဟာတွေ ပျက်စီးတာ..ခံလိုက်ရတဲ့လူဆီမှာ သောက်ခွက်ပြောင် နဲ့ သွားထပ်တောင်းတယ်၊ ခင်ဗျားနဲ့ဦးငွေခင် အကျိုးတူမယား တွေပဲ.."

"ဟော့..မင်း မင်းနော်.."

"ငွေခင်ဆိုတဲ့နွားဘူးကြီးအတွက် ခင်ဗျားဘာတွေလုပ်ပေးခဲ့လဲ များအောင့်မေ့နေလား..တောင်ကြီးဆိုတဲ့ကောင် အိမ်ထဲမှာပဲနေ ဘာမှမသိဘူးထင်နေလား..ဟွန်း.."

"ဟော့..ဒီမှာ ဒီမှာတောင်ကြီးကိုလုပ်ကြပါဦး၊ အရှူးချေးပန်း ပြောနေတယ်ဟ.."

အိမ်နီးပါးနီကထွက်ကြည့်ကြတော့ ဦးလူဝအကူအညီခေါ်
ထိုစဉ် အောင်ကြီးနဲ့ချက်ကြီးတို့ရောက်လာကြကာ.. ။

"ဘယ်သူတုံး..ကျုပ်အစ်ကိုကို အရူးချေးပန်းလို့ပြောတာ.."

ဟင်.. ။

ဦးလူဝ ဘယ်ပြေးရမှန်းမသိဖြစ်သွားသည်။ ကြည့်နေတဲ့လူ
လည်း ဘာမှဝင်မပြော။ ဆွဲဖို့ဆိုတာဝေး.. ။

"မှန်တာပြောရင် အရူးဖြစ်ရောလား..ကိုင်းကွာ.."

"ဒုန်း..ခွမ်း.."

"ဟာ..ငါ့ ငါ့ယုန်ကင်လေး.."

"ဘုတ်..ဘုတ်.."

လွင့်ပျံပြုတ်ကျသွားသည့်ယုန်ကင်ကို ဦးလူဝနမျောတသ
အော်လိုက်သဖြင့် ချက်ကြီးသဘောကျသွားသည်။ ထို့ကြောင့် ဘယ်
မှ ပြန်ကောက်သုံးစားလို့မရတော့အောင် မြေကြီးပေါ်မှာ တဘုတ်ဘုတ်
ထုရိုက်ပြီး လက်စတုံးသည်။ အောင်ကြီးက တောင်ကြီးကိုတစ်ဖက်
ဆွဲထားပေမယ့် သူ့ရဲ့နမ်ဂျက်ကူနဲ့ ကျန်နေသမျှ ဒန်အိုးဒန်ခွက်
ကန်ပြားအကုန်လုံးကို သိမ်းကျုံးရိုက်ချပစ်၏။

"ကုန်ပါပြီ..လူကြီးသွားခေါ်ပေးကြပါ၊ လုပ်ကြပါဦး..ငါ့အိမ်
မှာ လူသတ်တော့မယ်၊ သူခိုးဓားပြ ဝရမ်းပြေးတွေ..(× ×)နဲ့ဝရမ်း
ရမွေးထားတဲ့လူမိုက်တွေ.."

ဖြစ်ကြသည့်ပြဿနာသည် လူကြီးအိမ်ရောက်ကုန်တဲ့အထိ
ဆင်ပြေပြီးဆုံးမည့်ပုံ မရှိခဲ့ဘဲ.. ။

➤➤ ⮜⮜

အခန်း(၂၆)

"ဒီလိုမတရားတာမျိုးတော့ လာမလုပ်နဲ့လေ..ဟွန်း မိုးအဆုံးမြေ
အဆုံး ဘယ်ထိလိုက်ရှင်းရမလဲ၊ တောင်ကြီးတို့က ဘွာမခတ်ဘူး.."

"အေးပါ..ဘွာမခတ်ပါဘူး၊ မင်းတို့ကလျော်နိုင်သကိုး.."

"လူကြီးဒီလိုတော့ မပြောနဲ့လေဗျာ.."

အောင်ကြီးက လူကြီးလို့တော့ခေါ်ဖော်ရပေမယ့် စားပွဲကိုဖျန်းခ
တ်ပြီးမှ မျက်နှာရှေ့ကပ်ပြောကာ.. ။

"ကျုပ်တို့တွေဒေါသမထိန်းနိုင်တာဟုတ်တယ်..ဒါပေမယ့် ကိုယ်
ကိုယ်ခံ ကိုယ်ရှုပ်ခဲ့ရင် ကိုယ့်ဘာသာရှင်းတယ်၊ ဘယ်ကောင်ကိုမှ
တရားမလုပ်ဘူး.."

"လာသေးတယ်ကွာ.."

"လာချင်လို့လာတာမဟုတ်ဘူး..လူကြီးခေါ်လို့လာရတာ.."

တောင်ကြီးက ရွဲ့မှန်းမသိ။ ငေါ့မှန်းမသိ။ လူကြီးဦးထွေးစိတ်
တိုနေမိသည်။ ဒီရွာမှာ သူလူကြီးတစ်ယောက်လုံးရှိနေပေမယ့် တစ်
ရွာလုံးကလည်း ရိုသေလေးစားသမှုရှိကြသော်လည်း ဒီညီအစ်ကိုတွေ
မပြောနားမထောင်လုပ်နေတာကို စိတ်ပျက်မိသည်။ ခေါ်ရင်လာ
သည်။ မကျေနပ်တာတွေ ပြန်ခံပြောတတ်ပေမယ့် ပေးတဲ့အပြစ်ကို

လည်း ခံကြသည်။ သို့သော် နောင်ကြဉ်သွားပါပြီ မှတ်သားမိပါပြီ တာမျိုး ဘယ်တော့မှမရှိခဲ့။ ဒီခြံဝင်းထဲကထွက်သွားတာနှင့် ဒီပုံ တိုင်း.. ၊

"လူကြီးပဲစဉ်းစားကြည့်.."

"စဉ်းစားကြည့်ဖို့မလိုဘူးလေ..မင်းညီ လူ့ဝဆိုင်ထဲမှာ အဲ.. တို့ ညီအစ်ကို လူ့ဝဆိုင်မှာ သောင်းကျန်းသွားကြတာ ငါတင်မက တစ်ရွာလုံးမြင်တယ်.."

"တစ်ရွာလုံးမြင်တာတောင် ဘယ်သူမှမပြောဘဲနဲ့..လူကြီးပဲကျ တို့ကိုခေါ်ကြိမ်းနေတာပါ့ရော.."

"သြော်..အဲ့ဒါကြောင့် ငါကအလျော်ပြန်ပေးရဦးမှာလား.."

သူငေါ့လိုက်ပေမယ့် ဒေါသကအလုံးအရင်းနဲ့ ဆောင့်တက် တာဖြစ်သည်။ သို့သော် အရင်ခါတွေလို သူဒေါသအတိုင်း အံ့ကြွ ပါသံတွေ ဆိတ်သုန်းနေခဲ့သဖြင့် ရှိနေသည့်လူတွေကို ပြန်ငံ့ကြ သည်။ ကာလသားခေါင်းဆောင်ကိုမောင်လေးနဲ့ လူငယ်တချို့အ ရွာသားတချို့လည်းရှိနေကြသည်။ မနက်အရုဏ်ဆွမ်းချိုင့်လာပို့သ ကပ္ပိယနှင့် ကိုရင်လေးနှစ်ပါးတောင် ရပ်ကြည့်နေကြသေးသည်။

သို့သော် အားလုံး၏မျက်နှာတွေမှာ အောင်ကြီးတို့ကို စိတ် မုန်းတီးသောအရင်လိုအကြည့်တွေ ရှိမနေကြဘဲ ပြုံးစိစိဖြစ်နေကြ မျက်နှာတွေကို ငုံ့မလိုလို လွှဲမလိုလို ခိုးချောင်ခိုးဝှက်တွေက ရှိ သည်။

"လူကြီးကိုစဉ်းစားခိုင်းတာက ကျုပ်တို့ဆရာဝန်ကောင်ချော လေးက မုဆိုးမဖြူဝင်းကိုကြိုက်နေတယ်ဆိုတာလေ.."

"ကြိုက်ကြိုက်မကြိုက်ကြိုက် မင်းတို့အလုပ်ဘာပါလို့တုံး.."

"ဦးငွေခင်ကရော သူ့အလုပ်ဘာပါလို့တုံး..ကိုင်း.."

"သူ့.."

လူကြီးဦးထွေး ပါးစပ်ကြီးပြင်ပြီးမှ ဘာပြောရမှန်းမသိ..

"သူတောင်မုဆိုးမကိုထိလို့ လက်ပါတယ်ဆိုရင် ကျုပ်ကကျ ဆရာဝန်ကိုထိလို့ ပါတယ်လေ..အဲ့ဒါမတရားတာဘာရှိလို့တုံး.."

"မင်းခုလုပ်ခဲ့တာ လူ့ဝကိုလေ..ငွေခင်ကို မကျေနပ်တာဘာ လို့တခြားလူကို.."



"ဒါဆို ငွေခင်ဆိုတဲ့မြက်နုကြိုက်သတ္တဝါကြီးကို ကျုပ်သွားချခဲ့ "

"ဟာ..ဟိတ်ကောင်၊ အောင်ကြီးတားစမ်းပါ..မင့်ညီကို.."

တောင်ကြီးတုတ်ကောက်ကိုင်ပြီး ချက်ချင်းထသဖြင့် လူကြီး ထိတ်ပျာပျာဖြစ်သွားသည်။ အောင်ကြီးက တောင်ကြီးကိုဆွဲထား ၊

"ခဏနေဦး..ပြီးမှအဲ့ကိစ္စသွားရှင်းမယ်၊ ပြန်ထိုင်.."

ဟမ်.. ၊

ဦးထွေး မျက်လုံးပြူးကြီးနှင့်ကြည့်သည်။ အောင်ကြီးက မမြင်သ

"အဲ့ဒီတော့အခု ကျုပ်တို့လျော်ပေးတာကို ဦးလူ့ဝကမကျေနပ်နိုင် ဆိုချင်တာလား.."

"လျော်ပေးလိုက်တိုင်းပြီးနေလို့ မင်းတို့ညီအစ်ကိုထင်တိုင်းကြဲ တာ.."

"ကျုပ်တို့တွေထင်တိုင်းကြဲတာ ဖြန့်တာလည်း လူကြီးအလုပ်မ ပါဘူး.."

"ဘာကွ.."

"သြော်ဗျာ..လူကြီးပိုက်ဆံချေးပြီး လျော်နေတာမှမဟုတ်တာ၊ ပြောတာ မမှန်လို့လား..ကိုင်း.."

"ရှုပ်တယ်ဗျာ..ဦးလူ့ဝကိုတည့်တည့်မေးမယ်၊ ပေးတာကိုယူမ မယူဘူးလား.."

"မညိုတို့ပိုက်ဆံပြန်မပေးရဘဲ ထပ်ရမှာလား.."

"လာသေးတယ်.."

အောင်ကြီးက နှာခေါင်းရှုံ့သည်။ တောင်ကြီးက စားပွဲကိုတုတ် ခနဲဆောင့်တိုက်လိုက်ကာ.. ၊

"ပြန်ပေးရမယ်..အဲ့ဒီကိစ္စအတွက်ကြောင့် ခင်ဗျားဆီကျုပ်လာ အခု ခင်ဗျားဆိုင်ထဲက အိုးစုတ်ခွက်စုတ်တွေအတွက် တစ်သောင်း ဒါပဲ.."

"ဟာ..ဒါတော့ မင်းတို့ဥစ္စာ.."

"မင်းတို့ဥစ္စာတွေ သူတို့ဥစ္စာတွေ အပိုတွေမပြောနဲ့..ခင်ဗျားမယူ

ဘူးလား၊ လူကြီးကလည်း အလိုလိုကာမှ ရွာပို့မယ် ဂတ်ပို့မယ်ဖြစ်…
တာ..လုပ်လိုက်တော့လူကြီး၊ ကျုပ်တို့တစ်ပြားမှမပေးတော့ဘူး..ဂ…
ဖြစ်ဖြစ် ဘယ်ဖြစ်ဖြစ် ကျုပ်တို့ကကြောက်တာ ဘာမှမရှိဘူး.."

အောင်ကြီးက သူ့ရင်ဘက်ကိုပုတ်ပြီး သေချာစိန်ခေါ်တော့ ဦး… လူဝတို့လင်မယားထိတ်ထိတ်ပျာပျာဖြစ်သွားကာ.. ။

"ရပါပြီ..တစ်သောင်းနဲ့ပဲကျေနပ်ပါတယ်၊ လူကြီးရယ်..ဘယ်… မှာမှ အကျိုးမရှိတာ မလုပ်ပါနဲ့တော့၊ တော်ကြာကျုပ်တို့ပိုက်ဆံ… ပါ ဆုံးသွားပါ့မယ်.."

"ဟဲ့..အဲ့လိုလွယ်လွယ်လျှော့မပစ်နဲ့လေ၊ ဂတ်ရောက်တော့လည်း… သူဖျက်ဆီးတာအတွက်တော့.."

"မလုပ်ပါနဲ့လူကြီးရယ်..အခုယူလိုက်တာကမှ တစ်သောင်း… ကို အေးအေးလူလူရဦးမယ်.."

"ဟုတ်ပါတယ်တော်..မသွားချင်ပါဘူး၊ ဖိတ်တစ်ဝက်စင်တ… ဝက်နဲ့ အောင်မယ်လေး..'လူစားတာမနာလို လောက်စားတာနာလို'"

"ဟီး ဟီး..နားလည်တဲ့လူများကတော့ အဲ့လိုပဲ.."

တောင်ကြီးက သွားကြီးဖြီးသွားကာ လူကြီးကိုချိတ်တိတ်တိ… ပြော၍ပြန်ထိုင်၏။ ထို့ပြင်.. ။

"မပြီးသေးဘူး..ဟိုအဓိပတိနာဂိုဒေါင်ကြီးကို သွားရှင်းရဦး… ရွာထဲမှာ မုဆိုးမ တစ်ခုလပ်တွေရှိသမျှ ပိုးကြေးပန်းကြေးနဲ့ လျှော… ပြီးချေးငှားခွဲခြမ်းထားတာ မကုန်လောက်သေးဘူး..အမွေသွားခွဲရမ…

"အောင်ကြီး..မင်းညီ ငါ့ရှေ့မှာတင် ကြိမ်းဝါးနေတာကြားလား…

"ကြားပါတယ်.."

"ဘာကွ.."

"ဟုတ်တယ်လေ..အားလုံးလည်းကြားတာပဲဟာ၊ သူကစိတ်… ဒနာရှင်လေးပါ..လွှတ်ထားလိုက်ပါ၊ ဟဲ ဟဲ.."

လူကြီးကျေနပ်နပ် မကျေနပ်နပ် အောင်ကြီးနဲ့ချက်ကြီးတို့… တော့ ကျေနပ်နေကြလေသည်။ တောင်ကြီးကိုအရင်တုန်းကပုံ… တိုင်း ပြန်မြင်လိုက်ရသဖြင့် ဘယ်လိုဒုက္ခအခက်အခဲတွေဖြစ်လာ… တောင်ကြီးလုပ်လို့ ဘာတွေဖြစ်ဖြစ်.. ။

"အေး..နင်တို့ချင်းကျေနပ်နေကြရင် ပြီးတာပဲ၊ သွားကြ..နော…



…ခေါ် လူကြီးလာပါဦးမ'တ'နဲ့..ငါဘာမှဖြေရှင်းပေးမှာ မဟုတ်ဘူး.."

"ဒါမျိုးရမလား.."

တောင်ကြီးက တုတ်ကြီးကိုထောက်၍ အနှောင့်နဲ့စားပွဲကိုဆောင့် …လိုက်ကာ.. ။

"ခင်ဗျားကိုတစ်ရွာလုံးက အုပ်ထိန်းသူအကြီးအကဲလို မိဘလို …ထားပြီး တင်မြှောက်ထားတာ.."

"အံမာ.."

"လူကြီးလာပါဦးမ'တ'နဲ့ဆိုတော့ ကျုပ်တို့ကဘာလုပ်ရမှာလဲ.."

'အဲ့ဒီမှာသတ်ကြပေတော့'လို့ ပြောချလိုက်ရရင် မကောင်းဘဲရှိ …မည်။ လူကြီးလည်း လူကြီးလိုထည်ထည်ဝါဝါ ကိုင်တွယ်ဆုံး …လို့မရ။ တော်တော်ဒုက္ခပေးတဲ့ ညီအစ်ကိုတွေပါ။ ပြောတော့ အရှူး …ပြောလိုက်တဲ့စကားတွေကျတော့ အရှူးစကားတစ်ခွန်းမှမပါ။ အပြစ် …ယ်တွေရှိလာပြီဆို 'ဒီကောင်ဝေဒနာရှင်လေးပါ'တဲ့..။ မခက်ဘူး … ။

"သွား..သွား အားလုံးပြီးပြီ၊ ပြန်ကြတော့.."

ပြုံးစီစီ မချိုမချဉ်မျက်နှာတွေကို တန်းစီပြီး နားရင်းအုပ်ပစ်ချင် …လည်း.. ။

"အေး..နောက်တစ်ခါဒါမျိုးထပ်ဖြစ်ရင် မင်းတို့ကောင်တွေအပြု… ပို့ခံရမယ်မှတ်.."

တောင်ကြီးနောက်ပြန်လှည့်သည်။

"ဘယ်ကိုတုံး.."

"ကဲ..တောင်ကြီးတော်တော့.."

အောင်ကြီးက တောင်ကြီးကိုလှည့်တွဲကာ.. ။

"ခုလည်း ကျုပ်တို့ကဖြစ်ချင်လို့ဖြစ်တာမဟုတ်ဘူး..ကျုပ်ညီကို …ခေါ်ရင်းနဲ့ အဲ့ဒီလူကြီးမချေမငံပြောနေလို့ဖြစ်ရတာ.."

"မင်းတို့ကရော ဘယ်သူ့အပေါ်များ ချေချေငံငံရှိခဲ့လို့တုံး.."

ပြန်မလို့ ရုတ်စုရုတ်စုထရပ်နေကာမှ လူကြီးကခါးနှစ်ဖက် …က်၍.. ။

"မတည့်ကြတော့လည်း တုတ်တပြတ်ဓားတစ်ပြတ်..တည့်ချင် …လည်း ဆရာဝန်ကိုထိလို့ နာရတာနဲ့ မယ်ညိုဆီအလျော်တောင်း

လို့ ရန်ဖြစ်ရတာနဲ့..အတင်းကိုဆွေမျိုးစပ်ချင်နေတဲ့ပုံပဲ.."

"ဟုတ်တယ်..အဲ့ဒါဖြစ်ဖို့များတယ်၊ အောင်ကြီးနဲ့ဒေါ်လေး
တို့က ဇာတ်လမ်းရှိခဲ့တာလေ..ဟဲ ဟဲ..ဘယ်လိုလဲအောင်ကြီး ငြိမ်း
ရေးတွေ အလိုရှိနေပြီလားကွ.."

"ဘယ်သူမေးတာတုံး..အဲ့ဒီမေးခွန်းကို လုံးဝကန့်ကွက်တယ်"
မိုးခြိမ့်.. ၊

လူကြီးမျက်လုံးပြူးသွားသည်။ အပြောမတတ်တော့ ဆဲတာ
တူသည်တဲ့..။ အပြောမတတ်ရမယ့်အရွယ်လည်းမဟုတ်ဘဲ ဒီ
ကိုစလိုက်မိတာ သူ့အမှား.. ၊

"မိုးခြိမ့်..ဟဲ ဟဲ ငါတောင်းပန်ပါတယ်ကွာ၊ ဘာရယ်မဟုတ်
နောက်လိုက်မိတာပါ.."

နောက်လိုက်သည့်ကိုလှကျော်က ရှေ့ထွက်လာပြီး ပျာပျာ
တောင်းပန်သည်။ ငြိမ်နဲ့ဇာတ်တိုင်က ခပ်လှမ်းလှမ်းမှာ ရပ်ကျ
လျက် မိုးခြိမ့်ကအောင်ကြီးနားထိ လျှောက်ဝင်သွားပြီး.. ၊

"ဒီမှာ ခြေလှမ်းတွေပြင်တာဆိုရင် အခုပြန်ရုတ်လို့အချိန်မီ
တယ်နော်.."

အောင်ကြီးမျက်နှာ ရဲခနဲဖြစ်သွားသည်။ အားလုံးလည်း
တကြားတိတ်ကျသွားကြ၏။ ညီအစ်ကိုသုံးယောက်၏မျက်နှာ
ရ မိုးခြိမ့်အတွက် ရတက်အေးဖွယ်မရှိသော အခြေအနေဖြစ်နေခဲ့လ

"ခင်ဗျားတို့ရုတ်ရုတ်ရုတ်ရုတ်လုပ်ကြတဲ့ထဲမှာ ကျုပ်အဒေါ်
မည် ပါမလာစေနဲ့.."

"အံမာ..ငါ့အစ်ကိုကို မင်းကများသတိပေးလား..မောင်း
လား.."

ချက်ကြီးက လက်စွဲတော်တုတ်ရှည်ကြီးတဆဆနှင့် လှမ်း
ကာ.. ၊

"ငါ့အစ်ကိုက မင်းအဒေါ်ကိုများ.."

"အိပ်မက်တောင်ထည့်မမက်နဲ့..လုံးဝခွင့်မပြုဘူး၊ ဒီနေ့ပြ
ကို အကြောင်းပြုပြီး ဟိုဘက်ကနာသလိုလို ဒီဘက်ကရပ်သလိုလို
မလုပ်နဲ့..ဟိုအရင်ကအခြေအနေအတိုင်းပဲ၊ လုံးဝအလျှော့အတင်း
ဘူး..အခု အားလုံးရှေ့မှာ လာကြေညာတာ၊ ဒါပဲ..သွားမယ်.."



ပြောချင်ရာပြောပြီး ဇာတ်တိုင်တို့ကိုလက်ပြ၍ ပြန်လှည့်သည်။
အောင်ကြီးက တုတ်တိုနှင့်ရင်ဘက်ရှေ့ကနေ ဖြတ်တားထားလိုက်ပြီး..

"မင်းကိုဘယ်သူက နည်းနည်းလျှော့ပါပြောနေလို့ မလျှော့ပါ
မပေါ့ပါဘူးကြိမ်းမောင်းနေတာလဲ..မင်းအဒေါ်နဲ့ ငါ့အစ်ကိုချစ်
ကြမယ်ဆိုရင်တောင်.."

"ဇာတ်တိုင်ရေတစ်ခွက်ပေးစမ်း.."

မိုးခြိမ့်အကျယ်ကြီးအော်လိုက်သဖြင့် ဇာတ်တိုင်ဘာမှမလုပ်
ရဘဲ ရွာသားတစ်ယောက်က စားပွဲပေါ်က ငှဲ့ထားသောရေနွေး
တစ်ခွက်ကို ကမန်းကတန်းလှမ်းပေးလိုက်ကာ.. ၊

"သောက်မလို့လား..အတော်ပဲ နွေးရုံပဲရှိတော့တာ.."

မိုးခြိမ့်က လှမ်းယူကာ တောင်ကြီးနဲ့မျက်နှာချင်းဆိုင်ရပ်လိုက်

"ပါးစပ်ဟစမ်းပါ.."

တောင်ကြီးကလည်း ယောင်နနနှင့်ဟပေး၏။ မိုးခြိမ့်ကရေနွေး
ပါးစပ်ထဲကိုတော့လောင်း လောင်းချလိုက်ကာ.. ၊

"ပလုတ်ကျင်းပစ်လိုက်တော့.."

"ဗလိ..ထွီ.."

"ဟား ဟား ဟား.."

တောင်ကြီးတကယ်ပဲ ပလုတ်ကျင်းပြီးမှ ထွေးချ၏။ ထွေးချ
ပြီးမှ ရယ်သံတွေကြောင့် နားလည်သွားကာ.. ၊

"မအေသရာနမပေးမျိုး..ကိုင်းကွာ.."

"ဟား ဟား ဟား.."

သွဲ့ရိုက်ပစ်လိုက်သည့် တောင်ကြီးရဲ့တုတ်ကို မိုးခြိမ့်ကဖမ်းကိုင်
အောင်ကြီးတို့လက်တပြင်ပြင် ရှေ့တက်လာကြ၏။ လူကြီး
တွေထွက်လာရင်း လက်စွဲတော်ဓားရှည်ကြီးကို သွားပြေးယူ

"ရပ်ကြစမ်း..အံမာ၊ သင်းတို့က ငါ့ခြံထဲမှာ သတ်လားပုတ်လား
တို့ကိုငါမခုတ်ရဲဘူးများ ထင်နေလို့လား.."

ဒီးလုံးညံမတတ် လူကြီးဦးထွေး၏ဒေါသသံကြီးကြောင့် အား
ပ်ရှားမှုတွေ ရပ်တန့်ကုန်ကြ၏။ သို့သော် မိုးခြိမ့်က လက်ဖဝါး

နှစ်ဖက်ပွတ်သပ်ခါရင်း.. ၊

"ကျွန်တော်ကသတိပေးရုံပဲ..လက်ပါတာက သူတို့.."

"မင်းကရော အောက်ကနေပြီး ကြောက်ပြီလားမေးနေတာ သတ်ချင်စရာမဟုတ်လို့လား..ဟွန်း ငါ့အစ်ကိုက လူပျိုနုနုထွတ်ထွ လူပျို.."

"ဘယ်နေရာမှာနုတာတုံး..မျက်နှာမှာ ဝက်ခြံဝုန်းဗလဗျစ်၊ ဂေါ်ဇီလာပုံနဲ့.."

"မင်းအဒေါ်ကရော လူကဲသေခါနီး မုဆိုးမတစ်ခုလပ်.."

"ဟိတ်ကောင်တွေ..တိတ်ကြစမ်း.."

"ဒွန်း.."

စကားနောက်မှာ လက်တွေပါတော့မှာသိကာ လူကြီး၏ သံ နောက်တစ်ခါဟိန်းထွက်လာ၏။ ဒီတစ်ခါအာခေါင်ခြစ်တာ သွားခဲ့ပြီး.. ၊

"အဟွတ်.. အဟွတ် အဟွတ်..အောင်မယ်လေး ခေါ်သွားကြ ဒီကောင်တွေကို ငါသတ်မိတော့မယ်..အဟွတ် အဟွတ်.."

➤➤ ⮜⮜

အခန်း(၂၇)

"အံမာ..သင်းက ဒေါက်ထောက်ထားတဲ့လှည်းပေါ်မှာ အခန့် ...ားနဲ့.."

"နေဦး..ငါရှေ့ကသွားပြီး ဒေါက်ဖြုတ်ချလိုက်ဦးမယ်.."

တကယ်ပဲဖြုတ်ချချ တမင်ပဲပြောပြော မောင်မောင်ကမှုန်ကုတ် ...တ်မျက်နှာလေးနှင့် ထိုင်နေတာတုတ်တုတ်မှမလှုပ်။ မိုးခြိမ့်က မောင် ...င်ကျောမှီထိုင်နေသည့် လှည်းရုံတိုင်တွေနောက်ကိုသွားကာ ကျော ...ာက်ကနေ မျက်နှာကိုကျော်ကြည့်၏။

"ဘာလဲ..လူတွေသိကုန်ပြီဆိုပြီး အကြံအိုက်နေတဲ့ပုံလား၊ ဒါက"

ပါးပြင်နားမှာ မိုးခြိမ့်နှုတ်ဖျားက လေငွေ့နွေးတို့ ထိခတ်လာသ ...င့် မောင်မောင်က မျက်နှာငဲ့လိုက်ရင်း ပြန်ကြည့်ကာ.. ၊

"ကျွန်တော့်ဘာသာ ဘာပုံဖြစ်ဖြစ်ဘာ.."

"ဟ..ဖြစ်စရာလားကွ၊ မင်းပုံစံ မင်းအရွယ်နဲ့..မဖြူကိုမှ.."

"တော်ပါဗျာ..ခင်ဗျားရောဘာထူးလဲ.."

"ဟမ်..ဘာ ငါ့ကိုပြောတာလား.."

မိုးခြိမ့်က တအံ့တသြမေးရင်း ရယ်လိုက်ကာ.. ၊

"ဟား..ရန်လည်းဖြစ်မရ ပြန်ခံငြင်းလို့လည်းမကောင်း၊ တရေး

နိုးထကြည့်လို့လည်း အမောမပြေ.."

"ခင်ဗျားတော်တော် အတင်းအဖျင်းပြောနိုင်ပါလားကိုခြိမ့်..ဟင် မိန်းမတစ်ယောက်ကို.."

"ပြောပြတာလေ..ပျိုတာ အိုတာကိုအချစ်နဲ့ လွှမ်းခြုံပစ်လို့ တယ်၊ ကိုယ့်ကြီးတော်လောက်အရွယ်ကြီးကို ဘယ်လိုမှကို စိတ်ကူ ကြည့်လို့မရတာ..မင်းကိုငါအံ့သြလွန်းလို့.."

"ဟုတ်တယ်..ကျွန်တော်ကအံ့ဖွယ်လူသားပဲ.."

"ဟာ..ဒီကောင်ဝန်ခံတယ်ကြည့်စမ်း.."

ဓာတ်တိုင် တအံ့တသြကြီးထပြောသည်။ ငသြက ခေါင်းကု ၏။

"မင်းကတကယ်ကြီးလား.."

မိုးခြိမ့်မျက်နှာတည်သွားကာ မောင်မောင့်မေးဖျားကိုကိုင်ပြီး ဘက်ဆွဲလှည့်လိုက်၏။ မောင်မောင်ကသူ့လက်ကို ပုတ်ချပစ်လိုက်ပြီ

"ဟုတ်တယ်..ရန်မဖြစ်ရတော့ အေးချမ်းတယ်၊ ငြင်းခုံမနေ တော့ လေကုန်သက်သာတယ်..ကျွန်တော်ကအိပ်ပြီဆို တရေးမှမနိုး တော့ ထကြည့်ဖြစ်ဖို့လည်း မရှိဘူး၊ အဲ့ဒီတော့ အမောပြေပြေမပြေပြေ အဲ့ဒါအရေးမပါဘူး..အိုခေ.."

"ဟား ဟား ဟား.."

မိုးခြိမ့်က အော်ကြီးဟစ်ကျယ်ထရယ်ကာ မောင်မောင့်ခေါင်းကို နောက်ကနေ ဖျန်းခနဲရိုက်ပစ်လိုက်ပြီး.. ၊

"ပြောချသွားတာ နှာခေါင်းဆွဲကိုက်ပစ်ဖို့ကောင်းတယ်..ခွေး ကောင်.."

မောင်မောင့်မျက်နှာ ရဲသွားသည်။ ဘယ်သူမှမသိမထားမိ မျက်နှာငုံ့လိုက်ပြီး ဆံပင်သပ်လိုက် ဘေးလှဲလိုက်လုပ်နေရလျက်..

"ခင်ဗျားလို ရန်ဖြစ်ဖို့ ရည်းစားထားတာမဟုတ်ဘူး.."

"ဒါဆို ဘာလုပ်ဖို့လဲ.."

"ခင်ဗျားနော်.."

"ဟား ဟား ဟား ဟား.."

မိုးခြိမ့်ရယ်ကာ လက်သီးနဲ့မောင်မောင့်ပါးကို ကပ်တွန်းပစ်လိုက် ၏။



"မိုးခြိမ့်ရေ ပြန်လာရင်လည်း ဝင်ခဲ့စမ်းပါအထဲကို.."

"အစ်မသားတွေလား..ရွာထဲမှာ တခြိမ်းခြိမ်းနဲ့ဖြစ်လိုက်ရင်သူ ည်းပဲ၊ ကြည့်လိုက်ရရင် ရုပ်ကတစ်ပတ်မညှိုးဘူး.."

အဒေါ်နဲ့အမေခေါင်းပြူပြီး ခေါ်နေကြသဖြင့် မိုးခြိမ့်ပြန်လှည့် ကြည့်ခဲ့စဉ် ဓာတ်တိုင်နဲ့ငသြစပ်ဖြဲဖြဲနှင့်.. ၊

"မိုးခြိမ့်..မင်းအဲ့ကောင်ကိုကြည့်တဲ့အကြည့်တွေ စူးရှတယ်နော်.."

"ဟား ဟား ဟား.."

"ရယ်တယ်..တွေ့လားငသြ၊ ဒီကောင်မရိုးသားတာ သေချာပြီ.."

"အေးလေ..မဖြူလို ကိုယ့်ထက်အသက်ကြီးကြီးမိန်းမနဲ့ နာမည် ကျက်အောင်နေရလားဆိုပြီး သူပဲပြန်ချလာတာ ဒေါ်တွေမောတွေနဲ့.."

"ဟုတ်မှမဟုတ်တာ မင်းတို့မတွေ့ဘူးလား.."

"အဲ့ဒါကြောင့် ပျော်သွားတာဆိုလည်း မင်းတစ်ခုခုပဲ.."

"ကြည့်လုပ်နော်..ယောကျ်ားချင်း.."

မိုးခြိမ့်၏အပြုံးမပျက်သောမျက်နှာသည်.. ၊

"ဘာလဲ..ငသြနဲ့ဓာတ်တိုင် နင်တို့ကပါ ထစ်ခနဲရှိ နောက်ကျမ ကျန်ခဲ့ကြတာ ဘာတွေလဲ.."

"ဟာ..ဒေါ်လေးကလည်း ကျွန်တော်တို့က အင်အားဖြည့်ရုံပါ၊ ဒီလိုတွေပြောဖို့ဆိုဖို့ ပြင်ဆင်သွားတာမှမဟုတ်တာ.."

"ဘာအင်အားလဲ..နင်တို့သွားကာမှ ဖြူဝင်းတင်မကဘူး၊ ငါ့နာ ည်ကြီး တဖြဲဖြဲနဲ့..မုဆိုးမဖြစ်လိုက်ရ တစ်ခုလပ်ဖြစ်လိုက်ရ.."

"အဆင်ချင်းကတော့ အတူတူပါပဲဒေါ်လေးရာ.."

"မိုးခြိမ့်.."

"ပြောပြတာ.."

"အဲ့ဒါပြောစရာလား..နင်လူကြီးအိမ်ထဲမှာတောင်မှ.."

"သူတို့ကလည်း လူကြီးအိမ်ထဲမှာပဲ ပြောနေကြတာလေ..အစက ကြည့်နေတာပဲ၊ ဒီလူကြီးအကြံကို တခြားလူတွေတောင် သိနေသေး ဘယ်လိုလုပ်မသိချင်ယောင်ဆောင်နေရမလဲ.."

"ဟဲ့..သူတို့ဘာသာ မောင်မောင့်ကိုထိုးလွှတ်လိုက်တယ်ဆိုပြီး ဖြစ်ကြတာ.."

"အဲ့ဒါရောဘာဆိုင်လို့တုံး.."

"မောင်မောင်က သူ့ကိုဆေးကုပေးခဲ့တာလေ.."

"ဟာ..အလကား ဘာမှမဟုတ်တာလေးကို.."

"နင့်အတွက်မဟုတ်ပေမယ့် သူတို့အတွက် ဟုတ်နေလို့ပေါ့..ဘာ
မှမဆိုင်တဲ့ကိစ္စကို သက်သက်ငါ့ကိုဆွဲထည့်တာ၊ နင်ငါ့တူဖြစ်ပြီး ကို
အဒေါ်တစ်ယောက်လုံး သိက္ခာကျအောင် လုပ်ရလား.."

"ကျွတ်..အဲ့ဒီဂေါ်ဇီလာနဲ့မလိုက်မဖက်မို့လို့ တားနေတာ၊ ဒေါ်
လေးဒီလောက်တောင် ဇွေဇွေခုန်နေရင်လည်း မတားတော့ဘူးဗျာ"

"အယ်..ကြည့် ကြည့်စမ်း၊ အစ်မသားပြောပုံ.."

"ကဲပါထားခင်ရယ်..နင့်ကိုလျှောက်စနေတာ အဲ့ကောင်လေး"

"မရဘူး..မစနဲ့၊ လူကိုမလေးမစားနဲ့မသာလေး..လာခဲ့.."

"ဟာ..ဒေါ်လေးနော်၊ တုတ်ကအကြီးကြီးပဲ..အဖျားခတ်မိ
တောင် သုံးရက်လောက်ဆေးလိမ်းနေရမှာ.."

မိုးခြိမ့် ပုဆိုး'မ'ပြီး အိမ်ပေါ်ပြေးတက်သည်။ ဒေါ်ညိုက ညီ
ဖြစ်သူလက်ထဲက ခြေတုတ်ပုတ်(လက်ရိုက်တုတ်)ကို အတင်းပြန်
ယူလိုက်ရင်း.. ၊

"ဖြူဝင်းတောင် သူ့နာမည်ကျော်နေတဲ့ကိစ္စ ဘာသံမှမထွက်ဘူး
နင်တို့တူဝရီးဖြစ်နေတာနဲ့ လူသိတယ်.."

"အစ်မဘာသိလို့လဲ..အဲ့ဒီအောင်ကြီးနဲ့ကို အစတည်းကလူ
က.."

အောင်ကြီးက သူမကိုဖွဲ့နဘဲနဲ့လိုက်ခဲ့ဖူးသည့်အဖြစ်က လူ
ပိုင်းတွေ ရွယ်တူတွေအားလုံးသိကြသည်။ ဒီနှစ်ယောက် နည်းန
လေးပြောစရာဖြစ်သွားတာနဲ့ စနောက်ရယ်မောခြင်းတွေ တစ်ကနေ
စလာနိုင်သည်မို့ ဒေါ်ထားခင်စိတ်တိုနေတာဖြစ်သည်။

"ငါတို့ရှင်းရမှာ မောင်မောင်နဲ့ဖြူဝင်းကိစ္စပဲ..ဒေါ်လေးငိုလာ
တည်းက မေးမယ်ပြောမယ်နဲ့ မပြောဖြစ်ခဲ့တာ၊ ခုတော့ မေးရမယ်
ဟုတ်ကြောင်းမှန်ရာ ဝန်ခံလာရင်လည်း စီစဉ်ပေးသင့်တဲ့အတိုင်း"

"ဟာ..အဲ့ဒါတွေလျှောက်မလုပ်နဲ့နော်အမေ..မောင်မောင်က
စိစိ ရွဲ့ချိတ်ချိတ်ရယ်၊ အလကား..ဘာမှမဟုတ်ဘဲနဲ့ ဦးငွေခင်လျှော
မည်းနေတာ.."

မိုးခြိမ့် လှေကားပေါ်ကနေ အော်ပြောရင်း အပေါ်တက်နေကာ



ကြည့်ကာ.. ၊

"ဒီအရွယ်နဲ့ဒီအရွယ် ဖြစ်နိုင်ချေလေး နည်းနည်းပါးပါးတွေး
ဦး.."

"ဟုတ်သားပဲဒေါ်လေးတို့ကလည်း.."

ခါတ်တိုင်တို့ကလည်း သူငယ်ချင်းတစ်ယောက်လျှော့သွားမည့်
ကိုတော့ မလိုလားကြပေ။ မောင်မောင်က မတုန်မလှုပ်အေးတိ
က်နေတတ်တာပဲရှိကာ အရေးအကြောင်းရှိရင်တော့ ရဲဘော်ရဲ
စိတ်လေးနှင့် လက်တွဲညီတဲ့သူ.. ၊

"ဦးငွေခင်ဆိုတဲ့လူကြီးက ဒါကြီးပါ.."

ငြိမ်က နှာခေါင်းကိုပွတ်ပြပြီး စပ်ဖြဖြမျက်နှာနှင့်.. ၊

"မောင်မောင်က ဖြူဖြူချောချောလေးဆိုတော့ မဖြူနဲ့ပြောဆိုရင်း
တာမြင်ပြီး မနာလိုတိုရှည်ဖြစ်နေတာ.."

"ဟုတ်တယ်..အသိသာကြီး.."

ဒေါ်ညိုနဲ့ဒေါ်ထားခင်တို့ အပေါ်တက်သွားသည့် မိုးခြိမ့်ကိုမော့
လိုက် ငြိမ်တို့ကိုကြည့်လိုက်နှင့် အသံတိတ်သွားခဲ့ပြီး.. ၊

မောင်မောင့်ကို မိန်းကလေးများလားလို့ ဘယ်သူမှနည်းနည်း
တောင် သံသယမဝင်ကြသည့်အဖြစ်ကြီးက ဘယ်လိုတောင်လဲ..၊

'ငါတို့များ မျက်စိမှားခဲ့ကြတာလား'

>> <<

## အခန်း(၂၈)

"ကျွန်တော်မှားခဲ့ပါတယ်..အဲ့ဒါကိုဝန်ခံချင်လို့ပါ.."

ဒေါ်ညိုနဲ့ဒေါ်ထားခင်တို့နှစ်ယောက်တိုင်ပင်ပြီး မောင်မောင် ယောက်တည်းကျန်ခဲ့သည့်အချိန်ကို စောင့်နေခဲ့ကြသည်။ ပြောဖို့ အရေးရသည်နှင့် ကမန်းကတန်းထွက်လာခဲ့ကြတာလည်း စပါးခွံ ဘေးမှာထိုင်နေသည့် မောင်မောင့်နားထိတက်ညီလက်ညီ။ သို့ ပြောလာတော့ မောင်မောင်ကစတင်ပြီးဖြစ်ကာ.. ၊

"တကယ်ဆိုအစတည်းက ကျွန်တော်မညာခဲ့သင့်ဘူး.."

"အေး..ဒေါ်လေးတို့ကလည်း ပြောစရာရှိလို့ လာခဲ့ကြတာပဲ နဲ့ မင်းပြောချင်တာဘာလဲ.."

မောင်မောင်က မျက်နှာတစ်ပြင်လုံး ညှိုးရော်နေခဲ့လျက်..

"ကျွန်တော် မမဖြူကို.."

"နေ..နေပါဦး.."

ဒါကိုပြောဖို့ပဲပေမယ့် တကယ်ကြီးကြားရတော့ မကြားချင် ဖြစ်နေခဲ့၏။ ဒေါ်ညိုက ပိုဆိုးကာ စိတ်လှုပ်ရှားခြင်းကြောင့် တ မိတဲ့အထိဖြစ်ကာ ဆက်ပြောဖို့စကားလည်း ရှတ်တရက်ရှာမရခဲ့

"ဟို..အဲ့ဒီဖြူဝင်းနဲ့ကိစ္စကို၊ ဟဲ့.."



ခုကျမှ ဘာသံမှမထွက်ဘဲ ငြိမ်နေရလားမိထားခင်ရဲ့.. ၊ မချင့် တ်တွေတိုကာ ပေါ်တင်ပဲလှမ်းခေါ်လိုက်မိသည်။ ထိုအခါကျမှ ထားခင်က.. ၊

"နင်ကဝန်ခံမယ်ဆိုတော့လည်း ကောင်းပါတယ်၊ ငါတို့က အဲ့ဒါကိုပဲပြောချင်နေတာ.."

စကားတွေလည်း ကပေါက်တိကပေါက်ချာတွေဖြစ်နေခဲ့လျက်..၊

"ဒီလိုဟယ်..ရွာထဲမှာ ဟိုလူဒီလူပြောနေကြပေမယ့် ငါတို့ကနင့်

"ဒေါ်လေးတို့မမေးကြတာကို ကျေးဇူးတင်ပါတယ်..အဲ့ဒါကြောင့် တမ်းနေရခက်တယ်၊ အားလည်းနာတယ်..ဒီအဖြစ်ကို ကျွန်တော် နည်းလေးမှ ဖွင့်မပြောချင်ပေမယ့် ဒေါ်လေးတို့ကို ညာနေရတာ အနေခက်တယ်.."

"ငါတို့ကသိထားပြီးသားပါ.."

"ဗျာ.."

မောင်မောင်အံ့ဩသလိုစိုက်ကြည့်တော့ မျက်တောင်ကော့လေး င့် မျက်ဝန်းတို့ကို ဒေါ်ညိုကငေးကြည့်ကာ.. ၊

"ဖြူဝင်းတို့အိမ်ရှေ့က ဒေါ်ငိုလေ..သူကအစောတည်းက လာ နေတာ၊ မင်းအဲ့ဒီမှာ ဝင်ထွက်နေထိုင်တာ မသင့်တော်တဲ့အ င်း.."

မောင်မောင်မျက်လွှာချသွားတော့ နှမျောတသခြင်းက အခိုင်အ ၏။

"ငါတို့တွေ မေးချင်တာလည်းအဲ့ဒါပဲ..မင်းကဖြူဝင်းကို အဲလေ.. ဖြူဝင်းတို့.."

"ကျွန်တော်ကမိန်းမစစ်စစ်ပါ..မိန်းမချင်းဘယ်လိုလုပ် ငြိစွန်းမ

ဟင်.. ၊

ရင်ထဲမှာ ဒိန်းခနဲမြည်ဟီးသွားသည်။ ပြူးဝိုင်းသွားသည့်မျက် တွေ ဆုံဆည်းခဲ့ကြလျက် ညီအစ်မနှစ်ယောက်လုံး ကြက်သေသေ ဒါကထူးဆန်းသည့်သတင်းမဟုတ်သော်လည်း သူမတို့ထင်ထား င့် တက်တက်စင်လွဲသွားခဲ့သဖြင့် ဝမ်းသာလုံးဆို့သွားခဲ့ခြင်း..

"ကျွန်တော်တောင်းပန်ပါတယ်..အစကမိန်းကလေးတစ်ယော
အနေနဲ့ လုံခြုံချင်တဲ့စိတ် တစ်ခုတည်းနဲ့ပါ၊ နောက်တော့ မပြော
တာ..ကြာလာတော့ ပြောမထွက်တော့တာ.."

"ဒါ..ဒါဖြင့် မင်း..အဲ သမီး အဲ့လေ.."

"ကျွန်တော့်ကိုပြောနေကျလိုပဲပြောပါ..ယောကျ်ားလေးလို
လုံးလက်ခံထားပြီးမှတော့ ဘာပဲဖြစ်ဖြစ် ကျွန်တော်မိန်းကလေး
ယောက်လို ပြန်မပြောင်းချင်ဘူး.."

"မဟုတ်ပါဘူး..ဒေါ်လေးမေးချင်တာက မင်းကိုယ်တိုင်က
ကျားစိတ်များ.."

မောင်မောင်က ခေါင်းခါသည်။ သူမကို လူကဲခတ်ဖို့မလွ
လောက်အောင် ဂိုက်ဆိုက်ပြည့်စုံနေတာကတော့ သူမကိုယ်တိုင်က
ကလေးလို နွဲ့နွဲ့နှောင်းနှောင်းပြောဆိုနေထိုင်တတ်သည့်အကျင့်
ခြင်းကြောင့်ပင်။ ဒါကြောင့် ယောကျ်ားလိုဝတ်စားသွားလာနေပါ
ဆိုရင်လည်း သူမယောကျ်ားသားတစ်ယောက်ဖြစ်ချင်ခဲ့သူမဟု

"ကျွန်တော်ယောကျ်ားလျာ မဟုတ်ပါဘူး..ဒါပေမယ့် ဒီအ
နေမှာတော့ မိန်းမတစ်ယောက်ဖြစ်မနေချင်တာ အမှန်ပဲ.."

"ဒါဖြင့် ဖြူဝင်းနဲ့ဘာမှ.."

"မမဖြူကို ကျွန်တော်ကမိန်းကလေးဆိုတာ ပြောပြထားတ

"သြော်.."

"ကျွန်တော်ဒီအချိန်ထိ ပိပိရိရိနေနိုင်ခဲ့တာ..မမဖြူကူညီ
ပါ.."

ဖြူဝင်းက အဝတ်အထည်လေးတွေ အလုအပပစ္စည်းလေး
ရောင်းဝယ်နေသဖြင့် မြို့နဲ့ဆက်သွယ်သွားလာနေတဲ့သူဖြစ်သည်
ကြောင့် မိန်းမတစ်ယောက်အတွက် မရှိမဖြစ်လိုအပ်သည့်ပစ္စည်း
ရတွေကို ဖြူဝင်းဆီကပဲရနိုင်သည်။ သူမကိုတော့ မဖြစ်မနေပြော
အကူအညီတောင်းခဲ့ရ၏။ မိန်းမသားချင်း နားလည်စိတ်ဖြင့် ဖြူ
စေတနာပါပါနဲ့ ကူညီခဲ့သည်။ ကိုယ်ကတော့ မိန်းမသားချင်းမို့
စိတ်မှာ ချုပ်တီးမှုမထားခဲ့ဘဲ ဆက်သွယ်သွားလာနေမိပေမယ့် အ
အမြင်မှာ မတင့်တယ်တာကို မေ့နေခဲ့၏။ ပြောပြတော့မှ ဓာတ်
လည်ကာ.. ၊



"ဒီလိုကိုး..ငါတို့ကတော့ မိန်းမချင်းများ ချစ်ကြိုက်နေကြတာ
ငါတို့ပဲအမှတ်မှားတာလားလို့ ထင်နေခဲ့တာ.."

ဒေါ်ထားခင်ပြောလိုက်တော့ မောင်မောင်ကအံ့သြသလို ပြန်
နေလျှင်.. ၊

"နင်မိန်းကလေးမှန်း ငါတို့သိနေတာ ဟိုအရင်တည်းက.."

သူမလေးက တအံ့တသြပါလား..။ ညီအစ်မနှစ်ယောက် ခုမှပေါ့
လန်းသည့် အပြုံးကိုယ်စီနှင့် ရှိနေကြကာ.. ၊

"နင့်ဆန္ဒကို မသိကြပေမယ့် နင်မဖော်ချင်တာကို မဖော်ဘဲနေ
ယ်ဆိုတဲ့ စေတနာနဲ့ ဒီနေ့ထိဝိုင်းပြီး ဖုံးဖိပေးခဲ့ကြတာ.."

"မောင်မောင်ရယ်..ဖြူဝင်းဆီက ဘယ်လိုအကူအညီပဲရရ ဒီအိမ်
ယောကျ်ားလေးတွေနဲ့ အတူနေနေရတာ ဒီအချိန်ထိတော့ ဘယ်လို
ထားလို့ရမှာလဲ..ငါတို့ကဂုဏ်ဖော်ပြောတာ မဟုတ်ပါဘူး၊ နေမှု
ကအစ သွားတာလာတာအဆုံး..ငါတို့တွေ နင့်အတွက်ဘယ်
က်တောင် ဖက်ဖက်မောအောင် ဖုံးဖိကာကွယ်နေရတယ်ထင်လို့.

မောင်မောင့်မျက်ဝန်းမှာ ကျေးဇူးတင်လေးစားသည့်အရိပ်တွေ
သိပ်လာခဲ့လျက် မချိတရိလေးပြုံးသည်။ ပြီးတော့ တစ်ဖက်လှည့်
၏။ မိန်းကလေးဆိုတာ ဝန်ခံလိုက်ပြီမို့ ငိုချင်လာတာလားမသိ။
ချင်းပျော့ညံ့ချင်သလိုဖြစ်လာသည့်စိတ်ကို အလန့်တကြားပြန်
နေမိလျက်.. ၊

"ကျွန်တော်ပြန်တော့မယ်.."

"ဟင်..ဘာ.."

"ဘယ်လို.."

>> <<

## အခန်း(၂၉)

'ကျွန်တော့်ကိုသမီးတစ်ယောက်လို တကယ်မေတ္တာထားတယ် ဆိုရင် ကျွန်တော်ဒီရွာထဲက ထွက်မသွားခင်အထိ ကျွန်တော်ကမိန်း လေးဆိုတာ ကိုခြိမ့်တို့ ကိုတတ်တိုင်တို့ကို မပြောပါနဲ့..'တဲ့.. ။

အားလုံးဖွင့်ပြောဖြစ်ကြပြီး ပေါ့ပေါ့ပါးပါးရယ်နိုင်မောနိုင် သွားခဲ့တာ နှစ်ဆယ့်လေးနာရီတောင် မပြည့်လိုက်ပါလား.. ။

"အစ်မ ဘာထိုင်လုပ်နေတာလဲ..အဲ့ဒီဆေးလိပ်ကြီးထိုင်ဖွာနေ မီးခိုးအပြင် ဘာအကြံကောင်းဉာဏ်ကောင်းမှထွက်မှာမဟုတ်ဘူး.."

"မတတ်နိုင်ဘူးအေ..သူကပြန်ဖို့အိတ်တောင်ပြင်နေပြီ၊ ငါ တတ်နိုင်မှာတုံး..ရာသီဥတုက မသာယာဘူးပြောတော့ ဘယ်တော့ သာယာမှာမဟုတ်တာကို စောင့်မနေတော့ဘူးတဲ့၊ လမ်းပြင်နေတာ ကြိုးတွေ မီးတိုင်တွေဆင်နေကြတာ လူတွေရှုပ်တယ်ဆိုတော့လည်း လူသွားလူလာမရှိတာထက်စာရင် ရှိနေတာက တော်ပါသေးတယ် အဲ့ဒီတော့ မပြောချင်တော့ဘူး.."

ဒေါ်ထားခင်က အစ်မဖြစ်သူဘေးမှာ ထဘီစသိမ်းပြီး ဝင်ထိုင် လိုက်ကာ.. ။

"အစ်မရယ်..ကျုပ်တို့ရွာသားတွေက အရိုးခံအမျိုးမှန်အဖိုးတန်



တွေမို့လို့.."

"အောင်မယ်လေး..လိုရင်းပဲပြောစမ်းပါအေ.."

"အဲ့ဒါကြောင့် သူ့ကိုမိန်းကလေးမှန်းမရိပ်မိကြတာလေ..သူ့ပုံစံ တလေးကိုမြင်လိုက်ရင် အဲ့ဒီရွာပေါင်းစုံက လမ်းပြင်နေတဲ့လူ တစ်ယောက်မဟုတ်တစ်ယောက် သတိထားမိမှာပဲ..ပြီးတော့ ရွာသားတွေဆိုရင် လည်မှလည်ကြမ်းမှကြမ်း၊ အစ်မက အဲ့ဒါ ပြောပြဘူးလား.."

"ညည်းလိုရှည်ရှည်ဝေးဝေးမဟုတ်ပေမယ့် ငါလည်းပြောတော့ တာပဲ.."

"ရာသီဥတုကြောင့်ဟုတ်ဟုတ်မဟုတ်ဟုတ် တစ်ယောက်တည်း တည်းကိုက လူသတိထားမိမှာပဲ..အစ်မအဲ့ဒါရော ထည့်မပြော ဘူးလား.."

"ပြောပါသကောအေ.."

လေတိုက်လာတော့ ဖွာနေသည့်ဆေးလိပ်ကို ပြန်ထောင်ကြည့် လက်မကိုတံတွေးဆွတ်၍ မီးရဲနေသည့်ပတ်လည်ကို ဖိသပ်ချနေ အစ်မဖြစ်သူ ဆေးလိပ်တိုတစ်ဖက်နှင့် ပြန်ဖြေနေတာကို ဒေါ်ထား အားမလိုအားမရဖြစ်လာမိလျက်.. ။

"အစ်မကိုက နှုတ်နည်းလွန်းပါတယ်..သူကသူမိန်းကလေးဆို ခြားလူတွေမသိစေချင်တာအဓိက အစ်မရဲ့၊ နင်မပြောခိုင်းသ ါတို့မပြောဘဲနေပါ့မယ်လို့ရော အစ်မမပြောလိုက်ဘူးလား.."

"ကိုင်း..ညည်းပဲသွားပြောပါတော့မိထားခင်ရယ်၊ စိတ်များလည်း ပါရဲ့..ဟိုကောင်လေးကတစ်မျိုး နင်ကတစ်မျိုး.."

ထိုစဉ် အိမ်ပေါ်ကဆင်းလာသည့် မောင်မောင်လည်း သူမတို့ ကိုရောက်လာပြီဖြစ်ကာ.. ။

"ဒေါ်လေးက အားလုံးပြောပြပြီးတားပါတယ်..ကျွန်တော်ကိုယ် သွားသင့်ပြီထင်လို့ပါ.."

"မောင်မောင်.."

ဒေါ်ထားခင် လည်ပင်းလိမ်အောင်လှည့်ကြည့်သည်။ ပြီးတော့ ဘာက အိမ်ရှေ့ခန်းပျဉ်ခုံကြီးပေါ်မှာမို့ မောင်မောင့်ကိုပါ ထိုင် လို ဖင်ရွှေ့ထိုင်လိုက်ပြီး ကျန်ခဲ့သည့်နေရာကို လက်နဲ့ပုတ်ပြ

၍.. ।

"နင်လည်းငါတို့တွေကို တကယ်ယုံကြည်လေးစားတယ် စဉ်းစားသင့်တယ်မောင်မောင်..ဒီလောက်ထိနေလာခဲ့ပြီးမှ.."

"အဲ့ဒါကြောင့် ပြန်သင့်ပြီလို့ထင်တာပါ.."

"ငါတို့ကများ ငြိုငြင်သံထွက်မိလို့လားစဉ်းစားပါဦး..မ သားတစ်ယောက်ထပ်ရသလို ငါတို့ကသဘောထားခဲ့တာပါ.."

မောင်မောင်က နေရာမှာထိုင်လိုက်ရင်း ရှည်နေပြီဖြစ်သည့် ထောက်ဆံပင်တွေကို ဖိသပ်လိုက် ဆွဲနေလိုက်နှင့်.. ।

"ကျွန်တော့်ကိုဒီတိုင်းထားနေရင် ရှေ့လျှောက်ဒေါ်လေးတ ရမယ့်ပြဿနာတွေ.."

"အို..ဘာပဲဖြစ်ဖြစ် တို့သိနေတာကို မင်းကိုအသိမပေး တောင် ဒီလောက်ကြာအောင်ရင်ဆိုင်ခဲ့ကြတာ.."

"ဟုတ်ပါတယ်ကွယ်..သံယောဇဉ်တွေလည်း ဖြစ်နေကြပါ တိုင်းပဲနေသွားမယ်ဆိုတဲ့စိတ်နဲ့ မင်းရဲ့နာမည်ရင်းတောင် ငါတို့ လို့လား.."

"ကျွန်တော့်နာမည် 'ချစ်သမျှကို'ပါ.."

ကြားလိုက်ရတော့ 'ဟင်'ခနဲဖြစ်၏။ တကယ်ကို မိန်းက ဆန်သလောက် ကဗျာလည်းဆန်နေသည်။ မိဘကတော့ ယော လေးစရိုက်မျိုး ထည့်သွင်းမွေးမြူခဲ့မည့်ပုံမရှိပါ။ သို့သော်.. ।

"နင်းမောင်မောင်ဆိုတာ ကျွန်တော့်ဘာသာပေးထားတဲ့န ပါ..ကျွန်တော်တို့မှာ မောင်နှမနှစ်ယောက်ပဲရှိတယ်၊ ကိုကြီးက ဆုံး ပါပြီ..မေမေလည်းမရှိတော့ဘူး၊ ဖေဖေက နည်းနည်းအစွန်းေ တယ်..မိသားစုအပေါ်ဖြစ်ဖြစ် ဘယ်သူ့အပေါ်မှာဖြစ်ဖြစ် ဘာအတ မတွေ့ဝေဘူး၊ ကျွန်တော်တို့မိသားစုက အဆင်မပြေကြဘူးဆိုပါ

အဆင်မပြေဘူးဆိုတာ အိမ်တွင်းရေးလား စီးပွားရေးလား မပါ။ ဒေါ်ညိုတို့ကလည်း ဘာမှမမေးကြပေ။ တော့သူတောင်သ မယ့် သူများပြောချင်လား မပြောချင်လားမသိဘဲ ဇွတ်မမေးသင့် တာတော့ နားလည်၏။ မောင်မောင်ကလည်း သားသမီးနာမ တာကအစ လင်နဲ့မယားမညီညွတ်ကြတဲ့အဖြစ် တချို့ကိုပြောပြ

"မေမေက ကျွန်တော့်ကိုမှုလေးလို့ခေါ်တယ်..ဖေဖေကကို



ခေါ်တယ်၊ ကိုကြီးကို ပျော့ညံ့တယ်..အဲ့ဒါမေမေသင်ပြမှုမတတ်လို့လို့ စွပ်စွဲပြီး ကျွန်တော့်အပေါ်မှာ ဖေဖေ့ဒေါသတွေ စိတ်ရှိလက်ရှိကျတယ်၊ ကျွန်တော်ကမိန်းကလေးပေမယ့် ယောကျ်ားလေးလို မာကျောတတ် တာတာ ဖေဖေ့လမ်းပြမှုတွေပါ.."

"ယောကျ်ားလေးလို မနေနိုင်းခဲ့တာပဲ တော်လှပြီ..အင်း လူအ မျိုးမျိုး စိတ်အထွေထွေကိုး.."

"ဒါဆို နင်ငယ်ငယ်တည်းက ကျွန်တော်လို့ပဲပြောလာခဲ့တာပေါ့"

"ဟင့်အင်း.."

မောင်မောင်က ခေါင်းခါလိုက်ရင်း.. ।

"ကျွန်တော့်ကိုကျွန်တော် 'ကိုကို'လို့ပဲပြောတာ..ဒါပေမယ့် 'သမီး' လို့လည်း ဘယ်တုန်းကမှ မပြောခဲ့ဖူးဘူး.."

"ဩော်.."

"ကျွန်တော့်ပိုက်ဆံအိတ်နဲ့ မှတ်ပုံတင်တွေ မှတ်တမ်းတချို့တွေ အကုန်ပျောက်ကုန်တယ်..အဲ့ဒါကြောင့် နောက်ပြီး ကျွန်တော်ဖေဖေ နည်းနည်းမှအထင်ကြီးမှာမဟုတ်တဲ့ ဘာမှမဟုတ်တဲ့လူတစ်ယောက် ဖြစ်နေချင်တယ်..နောက်တစ်ခုက ဖေဖေ့ကိုမတွေ့ချင်ဘူး၊ အဲ့ဒါတွေ ကြောင့် ဒီမှာနေခဲ့တာပါ.."

"နည်းနည်းမှ မပျော်ပိုက်ဘဲနဲ့ နေခဲ့ရတာပေါ့.."

"အဲ့လိုမဟုတ်ဘူးဒေါ်လေး.."

မောင်မောင်က ဒေါ်ညို့ကိုဒေါ်လေးလို့ခေါ်တာ ဒေါ်ထားခင်ကို တော့ နာမည်ပါထည့်ခေါ်တာဖြစ်သည်။ ဒေါ်ညို့မေးခွန်းအတွက် ပျာ ပျာသလဲခေါင်းခါလိုက်ရင်း.. ।

"ကျွန်တော် အားလုံးကိုခင်တယ်..ပျော်လည်းပျော်တယ်၊ အဲ့ဒါ ကြောင့် ဒီလောက်အကြာကြီး မေ့မေ့လျော့လျော့နေခဲ့မိတာ..ဒါကြောင့် အခု ပြန်ချိန်တန်ပြီဆိုတာလည်း.."

"ဘယ့်နှယ် ဒီစကားပဲပြန်ရောက်သွားပါလား.."

"နို့..ခုနင်ကပြောနေတုန်းကတော့ မပြန်ချင်ဘူးဆို၊ ဖအေကိုမ တွေ့ဘူးလို့ ပြောလိုက်သလားလို့.."

"သူ့အထင်ကြီးလောက်အောင် လုပ်မပြဘဲနေတာဆိုရင် ဒီပုံစံနဲ့ ပဲတော့ရော မင်းအဖေကကြည်ဖြူမှာတဲ့လား.."

"ဒီလိုပုံစံဆိုတာလည်း ကျွန်တော်ကိုယ်တိုင်ပဲဖန်တီးခဲ့တာပါ.. ဖေဖေနဲ့ကျွန်တော်.."

"ဒေါ်လေး..ဒေါ်ကြီးညို.."

သူတို့စကားပြောနေကြတုန်း ကျောက်ဒိုးကစက်ဘီးနဲ့ရောက်ရှိ လာကာ.. ။

"ဟိုဘက်ရွာ ဟိုတစ်ယောက်..ဟိုကောင်မလေး.."

"ဟဲ့..ဘာလဲ မြန်မြန်ပြောစမ်းပါ.."

ဒေါ်ထားခင်ကတော့ အပြေးတပိုင်းထွက်သွားပြီဖြစ်ကာ ဒေါ်ညို က ဆေးလိပ်တိုကို ဆေးလိပ်ခံခွက်ထဲသေချာစိုက်ပြီးမှ ထဘီပြင်ဝတ် ရင်း ထွက်လိုက်ခဲ့ရကာ.. ။

"ဘာလဲ..ငါ့သားလား.."

"ဟုတ်တယ်ဒေါ်ကြီးညို.."

"ဟုတ်တယ်ဆိုတာကဘာလဲ..ဟိုဘက်ရွာက ဟိုတစ်ယောက်ဆို တာကရော ဘာတွေတုံးဟယ်.."

"ဟုတ်တယ်ဆိုတာက မိုးခြိမ့်ကလမ်းပြင်နေတဲ့ဆီမှာ လုပ်အား ပေးနေတယ်..ဟိုဘက်ရွာက ဟိုတစ်ယောက်ဆိုတာက အေးမှုဆို တစ်ယောက်.."

"အင်း.."

"မိုးခြိမ့်ဆီကို ထွက်လာတာတဲ့..လက်ထဲမှာလည်း မြွေရေခွံအိတ် ကြီးနဲ့.."

"မြွေရေခွံအိတ်ကြီးနဲ့ဘာတွေတုံး.."

"ဘယ်သိမှာတုံးဒေါ်ကြီးရာ.."

"မိုးခြိမ့်ဆီကိုထွက်လာပါတယ်ဆိုမှတော့ သူ့အဝတ်အစားတွေ နေမှာပေါ့အစ်မရယ်..ဒုက္ခပါပဲ.."

"အံမယ်..ဘာကိစ္စသင်းက အဝတ်အစားတွေထုပ်ပိုးပြီးတော့ သားဆီဆင်းလာတာတုံး..ဘယ်သူကသူ့ကိုခိုးမယ် ပြေးမယ်ပြောထား လို့တုံး၊ ဟဲ့..နေပါဦး နင့် နင့်တူနဲ့များ ချိန်းထားလေသလား.."

"အို..ဖြစ်စရာလား၊ မိုးခြိမ့်က ဒီနေ့လုပ်အားပေးလိုက်ရမှာ မနေ့ညတည်းကပြောနေတဲ့ဥစ္စာ..မိန်းမခိုးဖို့ စိတ်ကူးရှိတဲ့ပုံတစ်စက် မရှိဘူး၊ ခိုးချင်စရာရောရှိလို့လား..အဲ့ဒီကောင်မလေးလောက် ရုပ်ဆိုး



တာ ပြစရာကိုမရှိဘူး.."

"သြော်..အရေးထဲမှာ သူများကိုမှီချိုးမှုစ်ချိုးတွေ ကဲ့ရဲ့နေပြန်ပြီ၊ ကိုယ့်အကြောင်းကိုယ်ပြောစမ်းပါ ထားခင်ရယ်.."

"ပြောနေလို့မပြီးဘူး..လိုက်သွားမှရမှာ.."

"ဟဲ့..နေဦးလေ၊ နေ့ခင်းကြောင်တောင်ကြီးကို ခိုးရာလိုက်ဖို့ ထွက်လာတာလည်း ဟုတ်ချင်မှဟုတ်မှာပေါ့အေ.."

ဒေါ်ထားခင်က စက်ဘီးပြေးဆွဲသလို ကျောက်ဒိုးကလည်း မျက် လုံးပြူးနှင့်ကြည့်ကာ.. ။

"အဲ့လောက်လေးနဲ့ ကျွန်တော်ကအမောတကောလာပြောပါ့မ လားဒေါ်ကြီးညိုရာ..အေးမှုက မိုးခြိမ့်ဆီကိုသွားတယ်၊ သူ့ရွာသားဟို လူမိုက်သုံးကောင်က နောက်ကလိုက်သွားတယ်.."

"ဘာ.."

"ဓတ်တိုင်တို့လည်း လိုက်သွားကြပါတယ်..ကျွန်တော်ကအေး မှုကိစ္စမို့လို့ ဒေါ်ကြီးညိုတို့ကိုလာခေါ်တာ၊ မိန်းကလေးတွေကို ဒေါ် ကြီးညိုတို့ပဲ ပြောဆိုကောင်းမှာ..အဲ့ဒီကောင်မလေးက တကယ့်ဖွတ်.."

"ဘာကောင်မလေးလဲ..မိုးခြိမ့်ထက်တောင် အသက်ကြီးသေး တယ်တဲ့၊ အသ..ကားရုပ်ဆိုးတဲ့အပြင် အသက်ကြီးနေရင် လင်မရမှာစိုး လို့ လိမ်ထားတာ.."

"မိထားခင်.."

"ပြောမှာပဲ..ကျုပ်တူကိုများ မတန်မရာလာမှန်းနေတယ်၊ ဒီက ကောင်က မူးနေလို့ထင်သလိုပြောတာကို သူလိုရာဆွဲတွေးပြီး 'ပြော ပြီးစလစ်'လာလုပ်နေတာ..တွေ့မယ်ငါနဲ့.."

ဒေါ်ညိုလည်း အိမ်ထဲပြန်ဝင်ပြီး ထဘီလဲရတော့သည်။ မိန်းက လေးတစ်ယောက်အတွက်နဲ့ ရွာပြင်မှာချိန်းပွဲသတ်ပွဲများဖြစ်ကြဦးမှာ လား..။ ဖြစ်ကြပြီဆိုရင်တောင် မိန်းမချောမိန်းမလှလေးတစ်ယောက် ကြောင့်ဆိုရင် တော်သေး။ သြော်..မဟုတ်သေးပါဘူး၊ ငါလည်းသူများ ကို ဘယ့်နှယ်ကဲ့ရဲ့နေမိပါလိမ့်.. ။

"ဒေါ်လေး..ကျွန်တော်လိုက်သွားလိုက်မယ်.."

ဟင်.. ။

ပြန်ထွက်လာတော့ မောင်မောင်က ဖိနပ်စီးနေရင်း လှမ်းပြော

သည်။ မီးခိုးရောင်အပေါ်ထပ်အင်္ကျီအပါးကို ဒီတိုင်းပခုံးပေါ်တင်ထား သဖြင့် လက်နဲ့လှမ်းယူလိုက်ကာမှ ပြုတ်ကျသွား၏။

"ဟယ်..ဆန်ဆေးရေတွေထဲကျသွားပြီ၊ မင်းအင်္ကျီတစ်ထည် အ ဒေါ်သွားယူပေးမယ်.."

"နေပေ့စေတော့ဒေါ်လေး..ဆန်ဆေးရေကအသန့်ပဲဟာ.."

ရှပ်အင်္ကျီကော်လံအစွန်းတွေပဲ အိုးထဲကျသွားသဖြင့် ပြန်ကောက် ယူပြီး နှစ်ချက်လောက်ခါပစ်လိုက်သည်။ ပြီးတော့ မဝတ်တော့ဘ ပခုံးပေါ်ပြန်တင်ပြီး ထွက်လာခဲ့၏။

"စက်ဘီးယူသွားလေမောင်မောင်..ဘားတန်းနဲ့ယောက်ျားစီးတာ စီးရှိသေးတယ်.."

ခေါင်းခါပြပြီး ဒီတိုင်းထွက်သွားတော့ သက်ပြင်းချလိုက်မိ၏ သူ့ကိုယ်သူယောက်ျားလေးလိုပဲ ဆက်ရှိနေချင်သည့်အဖြစ်ကို ပို၍ ပြင်စေသည်မို့ ရင်ထဲမှာမကောင်းနိုင်။ မကြာခင်ပြန်တော့မည့်ကိုသိနေ သဖြင့် လွမ်းသလို ကြေကွဲမိသလိုလို။ ကိုယ်တွေမှာလည်း 'မောင် မောင်ရေ' 'မင်း' 'ငါ'ဆိုတာတွေပြောရင်း နှုတ်ကျိုးနေပါပြီ.. ।

သူမသိစေချင်သည့်ကိစ္စတစ်ခုကို တမင်တကာလက်တို့သတိ ပေးစရာအကြောင်းလည်း မရှိပေ။ ဒါပေမယ့် သူကမှမယုံကြည်နိုင်တာ ဘာမှမတတ်နိုင်.. ।

➤➤ ➤➤

အခန်း(၃၀)

"ဟား ဟား ဟား.."

"ဖြစ်ရတယ်ကွာ..ကိုယ့်ဘာသာမီးနေသည်လူနာအတွက် ထမီး ဆေးသွားပေးတာကို မိုးခြိမ့်ဆီထွက်ပြေးလာတာလို့ ပြောသွားသေး တယ်၊ ခေါင်းကိုတင်းပုတ်နဲ့နာနာထုပစ်ဖို့ကောင်းတာ.."

"အေးလေ..လူတွေကိုတမင်ဒုက္ခပေးသွားတာ အဲ့ဒီမိန်းမ.."

"နေပါဦး..မင်းပြောတော့ သူတို့ရွာသားတွေ တစ်ပြုံကြီးပါလာ ကြဆို.."

ကျောက်ဒိုးက ခေါင်းကုတ်ပြီး ဘာပြောရမှန်းလည်းမသိ။ မိုး ခြိမ့်ကရယ်နေကာ လက်ဖျံတွေမှာပေနေသည့်မြေမှုန်တွေကို သပ်ခါချ နေ.. ।

"မင်းတို့ကလည်းကွာ..သူတို့ဘာသာ ဟိုရွာဒီရွာသွားကြလာကြ တာလည်းရှိမှာပေါ့၊ အေးမှုကိုမြင်လိုက်တော့ ဆက်စပ်မှားယွင်းကုန် တာပေါ့..မင်းတို့ရောက်လာတာနဲ့ ငါနားခွင့်ရသွားတာအတော်ပဲ.."

မိုးခြိမ့်က လုပ်အားပေးအုပ်စုတွေဆီ လှမ်းကြည့်ကာ.. ।

"ဦးကြီးထွေး..ကျွန်တော့်အိမ်ကခေါ်လို့ ခဏပြန်မယ်နော်.."

"ဘာတုံးကွ..ခုနင့်ကပဲ ထားခင်နဲ့ငါစကားပြောလိုက်သေးတာ

မင်းကိုလာခေါ်တာ မဟုတ်ပါဘူး.."

"ဟာ..ခေါ်လေးက သူ့ဘာသာရွာထဲမှာ ပိုက်ဆံကြွေးလိုက်
ရင်း ဒီဘက်ကိုကိစ္စရှိလို့ ဝင်လာတာ.."

"ဘာကိစ္စတုံး.."

ဒီဘက်မှာ ချောက်တွေ ကမ္ဘာပြတ်တွေပဲရှိသည်။ လမ်း
တည်းက စက်ဘီးဆိုင်ကယ်လ်ကအစ လူသွားလူလာတောင် မ
လောက်ဖြစ်နေတာကို.. ।

"ပြောပါဦး..ဒီကိုဘာကိစ္စရှိစရာရှိလို့တုံး.."

"ဦးကြီးထွေးနဲ့စကားပြောသွားတာ ဘာမှပြောမသွားဘူးလ

"မပြောဘူး.."

"ကျွန်တော့်ကိုလည်း မပြောခဲ့ဘူး.."

မိုးခြိမ့်က လူကြီးကိုခပ်တည်တည်ကြည့်လိုက်ပြီး မေး
သည်။

"ဆိုတော့ ခေါ်လေးလာတဲ့ကိစ္စကို မသိဘူး..အခုက အ
ခိုင်းလိုက်တာ၊ ဒီမှာ ဒီကောင်တွေနဲ့.."

လူကြီးဦးထွေးက ဓာတ်တိုင်တို့ကိုကြည့်ပြီး အနားရောက်
သည်။ နေမြင့်လာလေ နားချင်သည့်လူတွေများလာလေ။ မြို့လ
ကြီးဘက်ကတွက်လျှင် ဒီလမ်းကကိုယ့်ရွာဘက်ကိုဦးတိုက်နေ
လမ်းပြင်ဆင်ရေးလုပ်အားမှာ ကိုယ့်ရွာကသာ အင်တိုက်အားတိုက်
သင့်တာမဟုတ်ဘူးလား..။ ပြန်လှည့်ကြည့်လိုက်တော့ ဟိုဘက်
ဆို မိန်းကလေးတွေတောင် လုပ်အားပေးနေကြတာမို့.. ।

"ကြည့်ဦးဟိုမှာ..မိန်းကလေးတွေ.."

"ကျွန်တော်တို့ကြည့်နေတာပါ..လုပ်အားပေးကြတဲ့မိန်းက
တွေလေ၊ ဝတ်ကောင်းစားလှတွေနဲ့..အဟီး.."

ကြည့်ဦးလို့ပြောလိုက်တာ နောက်ကျသွားသည်။ ဓာတ်တ
က တစ်ယောက်ပခုံးပေါ်တစ်ယောက်လက်တင်ပြီး ကြည့်နေတ
ကြီးတွေ အဖြီးသားနှင့်.. ।

"မိုးခြိမ့်..ဟိုရှပ်အင်္ကျီအနီကွက်လေးနဲ့တစ်ယောက်က ခေ
အလှူလှည့်တုန်းက ပန်းတောင်ကိုင်တာမို့လား.."

"မဟုတ်ပါဘူးမင်းကလည်း..ပန်းတောင်ကိုင်တာက အဲ



နေတဲ့ ထမီပန်းရောင်နဲ့ပါ.."

"အဲ့ဒါဘယ်သူတုံး..ငါကြည့်တာ ဖင်ပဲမြင်ရတယ်.."

"ကုန်းနေတာကိုးကွ..ခဏစောင့် ငါလည်းနာမည်မေ့နေတယ်.."

"အာ..သိပါပြီကွာ၊ လမ်းသွားရင် မျက်နှာကရှေ့ရောက်နှင့်ပြီး
နှစ်မိုင်လောက်မှာကျန်ခဲ့တဲ့.."

"မှန်လိုက်သမှ..ကိုင်းကွာ.."

"ဘုန်း.."

"အာ..လူကြီး.."

"ဟုတ်တယ်..ငါ.."

"နာလိုက်တာဗျာ..လူကြီးပြလို့လည်း ကြည့်ပေးရသေးတယ်.."

"ငါကြည့်ခိုင်းတာ မိန်းကလေးတွေတောင် မတွက်မကပ်လုပ်
ပေးနေကြတာကို.."

မိုးခြိမ့်က နောက်တစ်ချက်ဆို သူ့အလှည့်မှန်းသိလိုက်သဖြင့်
နဲ့တစ်ယောက်ကျော်မှာ သွားရပ်ထားပြီးဖြစ်ကာ.. ।

"အဲ့ဒါဆိုလည်း ခေါင်းစဉ်အရင်တပ်လေဦးကြီးထွေးကလည်း..
န်း လူငယ်တွေမျက်လုံးက မြန်တယ်၊ မှန်တယ်.."

"ဘာကွ.."

"ဦးကြီးထွေးပြလိုက်တာနဲ့ ဘယ်သူဘယ်ဝါတန်းခနဲပြောနိုင်
လေ..အမြင်စူးတာကိုပြောပါတယ်.."

"မိုးခြိမ့်.."

"ဗျာ.."

"မင်းသွားလေရာနော်..မင်း.."

"ဟာ..လူကြီးဒါတော့စော်ကားတာပဲ.."

ဓာတ်တိုင်က ပုဆိုးနှစ်ဖက်'မ'လိုက်ပြီးမှပြန်ချသည်။ ပြီးတော့
နားကပ်ကာ.. ।

"အဲ့ကောင်မလေးတွေ ဒီနေ့မှစုပြုံလုပ်အားပေးနေကြတာ ဘာ
င့်လို့ထင်လဲ.."

လူကြီးမျက်မှောင်ကုတ်သွားသည်။ ထိုအချိန်မှာ လူကြီးသမီး
တို့ စိုက်တောင်း'လက်ဆွဲပုံးကဲ့သို့ဝါးနီးတောင်း'လေးတွေ ခါး
တင်ပြီး ရောက်လာကြတာကို ဓာတ်တိုင်မမြင်လိုက်.. ।

“ဒီနေ့ကျမှ မိန်းကလေးတွေစုပြုံရောက်လာကြတာလေ..အဲ့ ဆန်းသောဖြစ်ရပ်ကြီးက မိုးခြိမ့်ကြောင့်နော်၊ ဟွန်း ဟွန်း..ခေ ပြောင်းသွားပြီဗျ၊ ယောကျ်ားကြိုက်တော့ စိုက်စိုက်လာမဟုတ် ဘူး..မိန်းမကြိုက်တော့ စိုက်တောင်းပါတဲ့..”

လူကြီးမျက်လုံးတွေ သမီးတွေနဲ့စိုက်တောင်းတွေဆီ တ ရောက်သွားသည်။ မိုးခြိမ့်တို့ မျက်လုံးပြူးကုန်၏။ ဓာတ်တိုင်မျ ပြူးဖို့နောက်ကျသွားခဲ့သည့်အဖြစ်တွင်.. ၊

“အဲ့ဒါမဟုတ်ဘူး..ကျွန်တော်ပြောတာ လူကြီးသမီးတွေမ မိုးခြိမ့်တို့ ငါ့ကိုစောင့်ကြဦးဟ..”

“ဟိတ်ကောင်မပြေးနဲ့..လူလွန်မသား မအေပေးမျိုး..”

>> <<

အခန်း(၃၁)

“အမလေး..မောလိုက်တာ..”

“မင်းလွတ်လာတာကံကောင်း..”

“တော်တော်ဒေါသကြီးတဲ့လူကြီး..ငါတောင် ပုဆိုးကျွတ်တယ်၊ ကျွတ်ဘူး..”

“ကျွတ်မလားကွ..ခါးပတ်ကြီးကို ခါးမြုပ်အောင် ဆွဲတင်ထား ကို..”

ဓာတ်တိုင်‘ဟောဟဲ’ဖြစ်နေလျက်နှင့် စိတ်တိုနိုင်သေးသည်။

“သူ့မှာကြိုတင်ကြံစည်မှုတွေရှိတယ်..အဲ့လိုတွေဖြစ်လာရင် လူ တွေနဲ့ သူတင်ကိုယ်တင်ပြေးဖို့..”

“အဲ့ဒီတော့ ‘မိသန္တာကိုရရင်တော့ လိုချင်သား’ဆိုတဲ့ မင်းဆန္ဒ ကို လက်လျှော့လိုက်တော့..”

“ငါကတော့ လျှော့ပြီးတာကြာပေါ့..”

စပ်ဖြဖြနှင့် မိုးခြိမ့်မျက်နှာကို ဓာတ်တိုင်က မျက်စောင်းနှင့်ကြည့်

“နမပေးမျိုး..မင်းကလက်လျှော့တယ်ဟုတ်လား၊ ငါပြေးရတာ ကြောင့်..”

"ငါတို့ပြေးရတာလည်း မင်းကြောင့်ပဲလေ..မင်းပဲရှေ့မ နောက်မကြည့်အာချောင်တာ.."

"အခု ရှေ့နောက်ကိုကြည့်လိုက်တော့ နောက်မှာလူကြီးပါ တော့ဘူး..ရှေ့မှာ မောင်မောင်လာနေတယ်.."

ငြေက သတင်းပေးလိုက်ပြီး လက်ရမ်းမရှိသည့်တံတား တန်းမှာ ထိုင်ချလိုက်သည်။ ရေတွေရှိနေပေမယ့် ရေမော်အပင် တစ်ပြင်လုံးပြည့်နေသော ကန်ဟောင်းကြီးက ကောသွားတာလ ဟုတ်။ အသုံးလည်းမဝင်တော့ဘဲ အတော်ကျယ်လေသည်။ ထို့ ဒီနေရာမှာ တံတားကြီးတစ်ခု ခိုင်ခိုင်ခံ့ခံ့ထိုးထားခဲ့ရ၏။ တံတား မှာ ကုက္ကိုပင်ကြီးရှိနေသောကြောင့် လမ်းသာနေတုန်းကတော့ တားထိပ်မှာ လူစည်လေသည်။ မောင်မောင်က ကုက္ကိုပင်အော ခြေလှမ်းနှေးသွားပြီးမှ ခပ်ဖြည်းဖြည်းလျှောက်လာ၏။

"ဘာလဲ..မင်းလည်း မိုးခြိမ့်ကိုအေးမူရန်က ကာကွယ်ဖို့ပြေ တာလား.."

"အဲ့ဒါကိုခင်ဗျားတို့ပဲ စိတ်ဝင်စားကြပါ..ဝါသနာဆိုတာ ကောင်းတဲ့အရာမဟုတ်ဘူး.."

မိုးခြိမ့်က မတ်တပ်ကနေ လက်ပိုက်ကာ.. ၊

"ဟုတ်တယ်..မင်းပဲသိတာ ပြောလိုက်.."

မောင်မောင်က မှုန်ကုတ်ကုတ်လေးဖြစ်သွားပေမယ့် ဘာမှ ပြောပေ။ ပြီးတော့ တံတားပေါ်တက်လာကာ သူတို့ကိုရှောင်ထွက်

"လုပ်အားပေးက ဘယ်နားမှာလဲ.."

ဘယ်သူ့ကိုမှ ရည်ရွယ်တာမဟုတ်သောမေးခွန်းကြောင့် မိုး က သူ့လက်ကိုဖမ်းဆွဲထားလိုက်ကာ.. ၊

"မင်းကဘယ်လဲ.."

မောင်မောင်က လက်ကိုလွှဲရုန်းလိုက်ပြီး.. ၊

"ဒီလိုပဲ လျှောက်ကြည့်မလို့ပေါ့..ဘာဖြစ်ဖြစ် ဘာဖြစ်လို့

"အဲ့ဒီကိုမသွားနဲ့.."

ပြောရင်း သူ့ဘက်ကိုပြန်ဆွဲထားလိုက်ကာ.. ၊

"ခုပဲငါတို့ပြေးလာရတာ.."

"ခင်ဗျားတို့ပြေးတာနဲ့ ကျွန်တော်ကပြေးရမှာလား.."



"မောင်မောင်ဆိုတဲ့ကောင်..ပြောလိုက်ရင် စိမ်းစိမ်းကားကားနဲ့ မင်းဆရာဝန်ဆိုပြီး ခွဲခြားခွဲခြားမလုပ်နဲ့.."

မာတ်တိုင်ကပြောပြီဆို တည့်တည့်.. ၊

"အေးလေ..ငါတို့ကတော့ ချစ်လိုက်ရတာ.."

ငြေကထောက်ခံပြီး နှာခေါင်းရှုံ့ပွပွနှင့် မျက်စောင်းထိုးသည်။

"စိမ်းကားပါစေကွာ..မိုးခြိမ့်ကိုလည်း ဒီကောင်ပဲထိန်းနိုင်တာ၊ ဆိုတဲ့ကောင်ကလည်း မောင်မောင်နဲ့မှ.."

ခေါင်းငုံ့ပစ်လိုက်ရင်း မောင်မောင်မျက်နှာမထားတတ်အောင် သွားသည်။ မျက်နှာတွေရဲနေပြီလား..ဒါကိုတစ်ယောက်ယောက် ထားမိသွားခဲ့သလား..။ ထိုအချင်းအရာတွေထက် ပို၍စိတ်ပျက် ကောင်းသည်က ရင်ထဲမှာဘာဖြစ်သွားမှန်းမသိ။ မျက်နှာကို ဘယ် တွေလာရိုက်နေမှန်းမသိ။ ပူထူရှိန်းဖိန်းသွားခြင်းကို ထိန်းချုပ် ကြသည့်အဖြစ်အတွက် ကိုယ့်ကိုယ်ကိုစိတ်ပျက်မိလေသည်။ သူ ဖြစ်ချင်ခဲ့ပေ။ မိုးခြိမ့်နဲ့သာမက ဒီယောက်ျားတွေအားလုံးနဲ့မရင်း ။ ထို့ကြောင့်လည်း မာနကြီးသလိုလို ဆက်ဆံရေးကြဲသလိုလို ခံရနိုင်သည့်အနေအထားနှင့် ဖွတ်မိုတ်နေခဲ့တာဖြစ်သည်။

ဒီလူတွေ အစအနောက်သန်လွန်းသည်။ အများအပြောစကား ရ ရွာနီးချုပ်စပ်တွေထဲမှာတောင် သူ့လိုရုပ်ဖြောင့်တဲ့ယောကျ်ား ဆိုသောမိုးခြိမ့်နဲ့သူအတူနေရ၏။ ဒီအဖြစ်တွေကြောင့် ထိုသူတို့ ရင်းနှီးမှုမဖြစ်အောင် အတတ်နိုင်ဆုံးရှောင်ရှားနေခဲ့မိသည်။ င် ယောကျ်ားချင်းဆိုပြီး ကိုယ့်ရှေ့မှာမကြားရဲသည့်စကားတွေ ပြော ကိုယ့်ကိုလာတိုင်ပင်တာတွေက ရှိသေးသည်။ ကိုယ့်အ တွေးရင်း မျက်နှာပြင်မှာ တင်းမာခြင်းတွေသာဖြစ်လာခဲ့လျက်..၊

"ဖယ်ပါဗျာ..ကျွန်တော်တစ်ယောက်တည်း လမ်းလျှောက်ချင်

လက်ကိုရုန်းပြီး ပြန်ဆွဲမခံရဖို့ နောက်ပစ်ကပ်ထားမိကာ ကာဆီး လုပ်နေခြင်းကို အရင်ရှင်းရသည်။ သို့သော် သူခြေလှမ်းပြင် နှင့်ပတ်သက်၍ ချုတ်ထားသည့်မိုးခြိမ့်ဖိနပ်တစ်ဖက်ကို ကန် လိုက်သလိုဖြစ်သွားခဲ့ပြီး.. ၊

"မှုက်.."

ရေထဲကိုကျသွားမှ အားလုံးလိုက်ငုံ့ကြည့်မိကြ၏။ ပြီး
တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြကာ ခြေထောက်
မျက်လုံးရောက်သွားကြပြီး.. ၊

"မိုးခြိမ့်ဖိနပ်လား.."

"ဟုတ်တယ်.."

ဝန်ခံလိုက်သည်မို့ မိုးခြိမ့်မျက်နှာက ,မောင်မောင့်ကိုအ
တူးနေသည့်အကြည့်တို့နှင့်.. ၊

"ဒီတစ်ခါလုံးဝမညာနိုင်ဘူး..ဆင်းကောက်ပေး.."

မောင်မောင်မျက်နှာပျက်သွားသည်။ ဒီတစ်ခါမညာနိုင်
သည့်စကားကြောင့် အရင်အခါတွေမှာ ညာတာခဲ့သည့်အဖြစ်သို့
ခြင်းကို မကျေနပ်သော်လည်း.. ၊

"ရေဘယ်လောက်နက်မှန်းမသိဘဲနဲ့ ဘာလို့ဆင်းရမှာလ

"ဒါတံတားဦးပဲရှိသေးတာ..ကန်စပ်ပိုင်းကျတယ်.."

"နက်တာမနက်တာက ဆင်းကြည့်မှသိမှာ..ကျွန်
ကြောက်တယ်.."

ရေကူးတတ်ပေမယ့် ညာလိုက်သည်။ စီးနေသည့်ဘယ်
ဆင်းကူးရဲသည်။ ရေငြိမ်ဆိုလျှင် အိမ်မှာရေကူးကန်ရှိတာ
ဘယ်တော့မှ မကူးခဲ့ပေ။ မကူးရဲတာမဟုတ်။ မသတိတာဖြစ်
ကိုယ်မှလွဲ၍ တခြားသူဆင်းထားသည်ဆိုသည့်အဖြစ်ကို ကိုယ့်
တွေဖြစ်နေရင်တောင် သူ့စိတ်ကမရ။ ငုံ့ကြည့်မိတော့ ရေကစီ
ပုတ်မည်းချိတ်ချိတ်။ ဘာပင်တွေမှန်းမသိသော အမြစ်မီးပင်
ကန်စွန်းခင်းကဲ့သို့ နှံ့နှံ့စပ်စပ်ဖြန့်ခင်းပေါက်ရောက်နေကြသ
ကယ်ကိုမသတီဖွယ်.. ၊

"မင်းမရဘူးနော်ဟေ့ကောင်..ဒီကန် ငါတို့ဆင်းကူးဆော
ဘယ်နေရာမှ လူသေလောက်အောင်မနက်ဘူး..ခုဆိုကန်က
ပြီ၊ အောက်ခြေမှာ နွံနဲ့ပိုတောင်တိမ်နေဦးမယ်.."

နွံဆိုတော့ ပိုဆိုးသွားကာ မောင်မောင့်မျက်နှာ ဟန်မဆေ
စွာ မဲ့ကျသွားခဲ့လျက်.. ၊

"ခင်ဗျားကရော ဖိနပ်ကိုခြေထောက်အောက်မှာစီးမ
ဘယ်ကိုဦးခိုက်နေတာလဲ.."



"ဟား ဟား ဟား.."

ခါတ်တိုင်တို့ရယ်တော့ မိုးခြိမ့်မျက်နှာ မချိုမချဉ်ဖြစ်သွားသည်။
ပြီးတော့ ဆံပင်သပ်လိုက်ခြင်းက အပီအပြင်ပြန်ရွဲ့တော့မည့်အကွက်
နှန်း မောင်မောင်သိလိုက်သည်။

"ဖိနပ်ချွတ်ပြီးဦးခိုက်တာမဟုတ်ဘူး..ရွာလူကြီးကို ဦးခိုက်ပြီး
ချေးပြေးပြေးလာတာ ပြုတ်လုပြုတ်ခင်ဖြစ်သွားလို့.."

ချွတ်ကြည့်ပြီး ပြန်မစွတ်ဖြစ်သည့်အကြောင်းကို ပြောပြရင်း..၊

"အခုသိပြီဆိုတော့ ဆင်းလိုက်တော့.."

"လုံးဝမဆင်းဘူး..ခင်ဗျားဖိနပ်အပြုတ်ကို လွှတ်ပစ်ရတောင်
သက်သာသေးတယ်.."

"ငါ့ဖိနပ် ငါပစ်ချင်မှပစ်မှာပေါ့..ဆင်းဆိုရင်ဆင်းလိုက်စမ်းပါ.."

"ခင်ဗျား သက်သက်ညစ်တာကိုခြိမ့်.."

"ငါကသံယောဇဉ်ကြီးတတ်တယ်.."

"ဘာ.."

"လူဖြစ်ဖြစ် ပစ္စည်းဖြစ်ဖြစ်.."

"သံယောဇဉ်ကြီးတော့ရော အခုဖိနပ်က ပြတ်လည်းပြတ်နေပြီ.."

"မပြဲသေးဘူး.."

"ပြတ်ပြတ်မပြတ်ပြတ်ဗျာ..ရေလည်းဝနေပြီ.."

"မဝသေးဘူး..ဟိုမှာအပေါ်ပိုင်းတစ်ပိုင်းလုံး အခြောက်ပဲ.."

"ကျွတ်.."

တက်ခေါက်သံနှင့်ဆင်တူသော ခပ်ကြိတ်ကြိတ်အံကြိတ်သံ
ထွက်လာသည်။ ခါတ်တိုင်တို့တစ်ယောက်နဲ့တစ်ယောက် ပခုံးချင်း
တိုက်ပြီး နောက်ဆုတ်ကြည့်နေကြသည်။ မိုးခြိမ့်က အင်မတန်ကတ်
သပ်သောမျက်နှာနှင့် ခပ်တည်တည်.. ၊

"ခင်ဗျားအဲ့ဖိနပ်ကို တကယ်သံယောဇဉ်ကြီးတာနော်..ကောက်
ပြီးရင် လုံးဝလွှတ်မပစ်တာ သေချာလား.."

"မင်းကောက်ပေးပြီးတာနဲ့ ကန်ထဲပြန်လွှင့်ပစ်ချင် ပစ်မှာပေါ့..
ငါ့အခွင့်အရေးနဲ့ငါ.."

ဒေါသက ထောင်းခနဲဖြစ်သည်။ တမင်တကာညစ်ပတ်နေတာ
ကို ဘာလို့အရှုံးပေးခေါင်းငုံ့ရမှာလဲ.. ၊

"လိုချင်ရင် ကိုယ့်ဘာသာဆင်းကောက်..လုံးဝမကောက်ပေး
ပြောပြီး ကိုယ့်လမ်းကိုယ်ဆက်သွားဖို့ မိုးခြိမ့်ကိုဆောင့်တွန်း
လိုက်သည်။ တံတားအောက်မှာ ခြေတစ်ဖက်တင်ပြီးရပ်နေသဖြင့် မိုး
ခြိမ့်လုပ်ခနဲအေးသွားသည်။ ယိုင်သွားပြီဆိုတည်းက ခြေလွတ်လ
လွတ်ပြုတ်ကျပြီကို သိလိုက်ကာ မိရာလှမ်းဆွဲလိုက်တော့ မောင်မော
ပခုံးကိုဖြစ်၏။

"အား.."

ပခုံးပေါ်တင်ထားသည့် ဂျာကင်ကိုဆွဲမိရုံဆို တော်သေးသည်
ရှပ်အင်္ကျီပခုံးစကိုပါ ဆုပ်ဆွဲလိုက်သလိုဖြစ်သွားသဖြင့် မိုးခြိမ့်နဲ့အတူ

"ဝုန်း.."

"ဟာ.. ကျ ကျကုန်ပြီ.."

မိုးခြိမ့်အရင်ကျကာ မောင်မောင်ပါပါလာတော့ ရေထဲမှာ
ထွေးနစ်ကျသွားခဲ့သည်။ သူလှမ်းဆွဲလိုက်တည်းက ဖြုတ်ခနဲပြု
ထွက်ကုန်သည့်ကြယ်သီးတွေကို မောင်မောင်ဘယ်လိုမှပြန်ဖိထားခွ
မရလိုက်ပေ။ မါးသာသာရေထဲမှာ ကိုယ့်အဖြစ်ကို ကာကွယ်ဖို့သာကြ
စားနေမိသဖြင့် ရေထဲကပြန်မထနိုင်ဘဲ ဝရုန်းသုန်းကားဖြစ်နေမိစဉ်

"မောင်မောင်..မောင်မောင်ဟိတ်ကောင်၊ ထလေ.."

မောင်မောင်ရေနစ်နေပြီထင်သွားကာ မိုးခြိမ့်ရေထဲကုန်းရုန်း
လိုက်ရင်း မောင်မောင့်ကိုရေထဲက အတင်းဆွဲတင်၏။ ထိုအခါ
လက်ထဲမှာပါလာသောမောင်မောင်သည်.. ။

"မောင်မောင်..မင်း မင်းက.."

သူ့ရှေ့မှာရပ်နေသည့် မိုးခြိမ့်ရဲ့ပုံရိပ် ပြီးတော့ တအံ့တသြငေး
လိုက်သည့်စကားသံ ဖြုတ်ခနဲငြိမ်ကျသွားသည့် အခြေအနေတစ်ခု
မောင်မောင်ဖျတ်ခနဲအသိဝင်လာသည်။ ကြည့်လိုက်တော့ သူ့တ
ကိုယ်လုံးကို တအံ့တသြငေးကြည့်နေသည့် မိုးခြိမ့်သည်.. ။

"မင်းက မိန်းကလေး.."

"ဖောင်း.."

မိုးခြိမ့်မျက်လုံးထဲမှာ မီးပွင့်သွားသည်။

"ဟာ..ဆော်တယ်ကြည့်စမ်း.."

"မောင်မောင် ဘာလုပ်တာတုံးကွ..အချင်းချင်းတွေကို.."



မောင်မောင့်ကိုကျောဘက်က မြင်နေရသဖြင့် ဓာတ်တိုင်တို့နား
ည်နိုင်စွာ လှမ်းအော်ကြသည်။ မျက်နှာရောလူပါယိုင်သွားခဲ့သော်
ည်း မိုးခြိမ့်နာကျင်ဖို့ကို သတိမရ။ ဖုံးဖိကာကွယ်ထားသော မောင်
ောင့်ကိုယ်ခန္ဓာထက်က အဆီးအတားတို့သည် သူ့ကိုမှင်တက်မိသလို
ကြောင်ငေးနေစေလျက်.. ။

"မင်းကိုငါ.."

"ခွပ်.."

"ဟေ့ကောင်..မင်းလွန်နေပြီနော်မောင်မောင်၊ ဒါလေးကိုဒီ
ာက်တောင်ဖြစ်စရာလား.."

"နေဦး..ငါဆင်းတားမယ်.."

ငြေတို့ ပဆိုးတွေခါးတောင်းကျိုက်ကုန်ကြသည်။ မောင်မောင်
ာကိုမှမသိ။ မိုးခြိမ့်အံ့သြနေသည်ဖြစ်စေ သရော်လှောင်ပြောင်နေတာ
စေ ကိုယ့်ထံပြန်ဝဲလာသည့်မျက်လုံးတွေကို ရှက်သည့်စိတ်က
ည်းမခံနိုင်အောင်ရှက်မိရင်း.. ။

"ခင်ဗျား.."

မိုးခြိမ့်အင်္ကျီရင်ဘက်ကို ဆောင့်ဆွဲလိုက်ပြီး.. ။

"ခင်ဗျားကိုသေအောင် သတ်ပစ်ချင်တာ.."

➤➤ ➤➤

## အခန်း(၃၂)

အခြေအနေတွေက ရှုပ်ထွေးကုန်သည်။ မိုးခြိမ့်တို့အိမ်ကြီး လှမ်းကြည့်လိုက် ဒေါကန်နေသည့်မိုးခြိမ့်မျက်နှာကို ကြည့်လိုက် ငြေနဲ့ဓာတ်တိုင်တို့လည်း ဘာပြောပေးရမှန်းမသိဖြစ်ကုန်ကြ၏၊

"မိန်းကလေးဖြစ်နေတော့ ပိုပြီးအန္တရာယ်များတယ်မို့လားမိုး ရာ..မင်းကလည်း ဒေါ်လေးတို့လည်း သနားပါတယ်..ဝိုင်းတား လိုက်ပါ.."

"အန္တရာယ်များတာ သူ့ဘာသာသိလေ..သူကလေးမှမဟု တာ.."

"ဒါပေမယ့် မင်းက.."

"ငါလည်းတားခဲ့တာပဲ..မင်းသွားစရာမလိုဘူးလို့ ပြောခဲ့တာ ခါတောင်.."

"ဒါကလည်း သူ့ဘက်မှာ.."

"သူ့ဘက်မှာ ဘာဖြစ်နိုင်တာတွေ ငါတို့ကချည်းပူနေဖို့လို လား..တကယ်ဆို နှစ်ရှည်လများ ငါတို့ကိုနှစ်ပေါက်တစ်ပေါက်ရိုက် လိမ်ညာလာခဲ့တာ သူ့မှာပဲအပြစ်ရှိတယ်.."

"နေပါဦး..အခုမောင်မောင်က သွားတော့မှာတဲ့လား၊ ခုချက်



သား.."

"ဟုတ်တယ်..အိမ်ပေါ်မှာ အထုပ်ဆွဲထွက်လာတာ.."

မိုးခြိမ့်မျက်နှာက အတော်ကြီးချဉ်တူးတူးဖြစ်နေခဲ့လျက် တခြား ဖို့ ရောင်ရှားနေသည့်ခြေလှမ်းတွေက ဒေါသ၏အရှိန်ကိုပြနေခဲ့ ငြေတို့က ထိုခြေလှမ်းတွေရှေ့ကနေ ကာဆီးကာဆီးလုပ်နေကြ ။

"သူ့ကြည့်ရတာ ဒီလိုနေလာခဲ့တာ အသားသေနေတဲ့ပုံပဲကွ..မိန်း လေးမှန်းသိကုန်ကြတော့ ရှက်လို့နေမှာပေါ့.."

"ရှက်ရအောင် သူမိန်းကလေးစစ်စစ်ကြီး မဟုတ်လို့လား.."

"ဟုတ်ပေမယ့် သူကယောကျ်ားလေးလို နေနေတာလေကွာ.. ကပြီး မင်းသူ့ကိုမြင်တာကြီးကလည်း.."

"အပိုတွေပြောမနေနဲ့ဟေ့ကောင်..သူကာကွယ်ထားတာတွေကို တရက်မြင်ပြီး ငါမှင်တက်မိသွားတာ၊ သူ့ကလီဇာတွေ စိတ်ဝင်စား ကြည့်လိုက်တာမဟုတ်ဘူး.."

မိန်းကလေးတစ်ယောက် ထဘီရင်လျှားထားတာမျိုး ဒီကမမြင် တဲ့သူမို့လို့လား..။ ဒီ့ထက်ရော ဘာပိုမြင်ခဲ့လို့လဲ..။ မိန်းကလေးကို ကလေးမှန်းသိသွားတဲ့အတွက် သေလောက်အောင်ဖြစ်သွားနိုင်သ တာ.. ။

တွေးလေ ဒေါသထွက်လေ။ ဒီလောက်ထိအတူတူနေလာခဲ့ကြ သံယောဇဉ်တွေ ရင်းနှီးမှုတွေက ဘာမှမဟုတ်တော့တဲ့အတိုင်း ဒေါ တို့ဘယ်လိုကတိတွေပေးပေး ဘယ်လိုတားတား ခေါင်းခါနေတာ ရိုက်သတ်ပစ်ချင်မိသည်။

"အမေတို့ကိုက အလုပ်မဟုတ်တာ.."

"မိုးခြိမ့်ရေ..ဒေါ်စမ်းသီတာတို့အိမ်ထဲမှာလေ၊ ဗေဒင်ဆရာမကို တာဝင်ပူးလို့တဲ့.."

နွားလှည်းဖြတ်မောင်းသွားရင်း လှည်းပေါ်ကနေ ဦးမြလှကသူ ကို လှမ်းပြောသွား၏။ ဒေါသတွေ မြွေပွေးလိုခေါင်းထောင်နေသည့် ခြိမ့် ဆတ်ခနဲဖြစ်သွားသည်။ ခြံစည်းရိုးတိုင်မှာ လှမ်းကိုင်ထားသည့် က်ကို ဖြုတ်ချပြီး ခြေလှမ်းပြင်လျှင်.. ।

"နေပါဦးဟ..ဒီမှာပြဿနာတက်နေရတဲ့အထဲ အဲ့ဒီဦးမြကြီးက

တစ်မျိုး.."

ဦးမြလှက နွားလှည်းပေါ်ကနေ သမင်လည်ပြန်လှည့်ကြ
လျက်.. ။

"ဘာတဲ့ငသြရ..ငါအကောင်းပြောတာနော်၊ ဒေါ်စန်းသီတာ
ရှေ့က စပါးလင်အုံကြီးက နီတြာ့ကိုမွေးထားတာလို့တောင်
ကြားခဲ့တာ.."

"ဟား..ဒီလူကြီးကတော့.."

"မိုးခြိမ့်..နေဦးဟ.."

ငသြတို့ မိုးခြိမ့်နောက်လိုက်ကြရတာ ဖိနပ်တွေကျွတ်
အောင်ပြန်မစီးနိုင်။ ဖြစ်သလိုစွတ်ပြီး ပြေးလိုက်ကြတော့ ဖိနပ်ကို
ကနေ စွတ်လိုစွတ်။ ကျွတ်ကျန်ခဲ့ပြီးမှ ပြန်ပြေးကောက်လိုကော
ဒါတောင် သူတို့တွေမတားနိုင် မဆွဲနိုင်ဖြစ်ကြရကာ.. ။

"ဘယ်သူတဲ့..နီတြာ့ကိုခေါ်ပူးခိုင်းတယ်ဆိုတာ.."

"အောင်မယ်လေး..သတင်းကမြန်လိုက်တာဟဲ့.."

ဒေါ်စန်းသီတာတို့လင်မယား အိမ်ရှေ့ပြေးထွက်လာ
နောက်မှာ နတ်ကတော်ဒေါ်ငွေတင်လည်း ပါလာ၏။

"နေကြပါဦး..မှားကုန်ပါ့မယ်၊ ငါပြောဦးမယ်..ကောင်လေ
လိုပါ.."

ဒေါ်ငွေတင်က ဟိုဘက်ရွာကမို့ သိပ်မရင်းနှီးပါ။ သို့သေ
ရွာသားတွေနဲ့ စိမ်းတဲ့သူလည်းမဟုတ်ပေ.. ။

"ငါတို့နီတြာ့အကြောင်းပြောကြတာ..ဒီထဲမှာနီတြာမပါပ
ဒီမိန်းကလေးကဆုံးသွားပြီးတည်းက ဘယ်မှာမှအရိပ်တောင်မတွေ့
တော့တဲ့ဟာ..တစ်ရွာလုံးသိတာပဲကွယ်.."

"သိရဲ့.သားနဲ့ သွေးတိုးစမ်းနေကြတာလေ..နီတြာရှိသေးတ
မရှိဘူးဆိုတာကိုမယုံတာနဲ့ အားလုံးတစ်စီလည်းနီတြာနေကြတာ..
တဲ့လူတွေ သူတို့လမ်းသူတို့သွားပါစေလား၊ အိမ်ခေါ်စောင့်ခိုင်းရ
ခိုင်းဖို့ခေါ်ရတာနဲ့..ဘယ်မှာလဲစပါးလင်ရုံ၊ အဲ့ဒီမှာနီတြာ့ကိုခေါ်
တယ်ဆိုတာ.."

"ဟဲ့..ဟဲ့ မလုပ်နဲ့နော်မိုးခြိမ့်၊ အဲ့ဒီမှာဘာနီတြာမှမရှိဘူး..
သူထောင်ပေးလိုက်လို့ ငါ့အိမ်ထဲဝင်ရမ်းနေတာလဲ၊ စွပ်စွပ်စွဲစွဲ.."



"အဲ့ဒီလူအလကားပါ..သူမူးလာရင်ရော မနီတြာကိုမခေါ်လို့လား
ရေ ထွက်ခဲ့စမ်းပါဘာညာနဲ့..ကြားမကောင်းအောင်အော်နေတာ
တာကျလို့.."

"သူ့ဟာသူကြားမကောင်းအောင်အော်အော်..ခွန်းတောက်ဆိုပြီး
အော်အော်..အဲ့ဒါမင်းအလုပ်ဘာပါလို့တုံး.."

"ငသြ..မင်းကလည်းတစ်မျိုး.."

ဒေါ်စန်းသီတာရဲ့သားအလတ်ကောင်နဲ့ ငသြတို့ရင်ဆိုင်မိမလို
သာသဖြင့် ဓာတ်တိုင်ကစိတ်မရှည်သလို အော်သည်။

"ဘုန်း..ဘုန်း.."

"ဟဲ့..လုပ်ပါဦး.."

"ဟိုဘက်က ကိုသန်းဦးတို့ ဘယ်သူရှိလဲ..လာကြပါဦး၊ ငါ့အ
တွကုန်ပါပြီ.."

"မိုးခြိမ့်..ခုရပ်စမ်း.."

ဒေါ်ထားခင်အသံက စူးထွက်လာသည်။ အချိန်မီလိုက်လာတာ
င် မမီတဲ့အဖြစ်က ကြေမွလဲပြိုနေပြီဖြစ်သည့် စပါးလင်အုံကြီးက
သေပြနေ၏။ တုတ်ကိုအရင်ဆွဲပြီး သိမ်းရိုက်ပစ်သည်။ ဓားမ
တော့ ဓားမနဲ့လွှဲခုတ်ပစ်သည်မို့.. ။

"ငါလုံးဝမကျေနပ်ဘူးမိထားခင်..နင့်တူသက်သက်ရမ်းကားတာ၊
နှယ် တစ်ခေတ်ပြန်ထလာတာတုံး၊ ပြောကိုမပြောချင်တော့ဘူး..
ခင်တည်းက ဖုတ်ဝင်ပြီး တစ်ရွာလုံးကိုဒုက္ခပေးခဲ့တဲ့သရဲ..ငါတို့
ခေါ်ခိုင်းဖို့နေနေသာသာ နာမည်ခေါ်တာတောင် နားကြောကစိမ့်
.."

"စိမ့်ရင်လည်း မခေါ်နဲ့ပေါ့ဗျ.."

"မိုးခြိမ့်..တိတ်လို့ပြောနေတယ်လေ၊ သွား..ပြန်တော့ ခု.."

စိတ်တွေလည်းညစ်ရပါသည်။ နီတြာနဲ့ပတ်သက်ပြီး မိုးခြိမ့်
သူ့ကိုမှ သည်းမခံခဲ့ပေ။ ပိုဆိုးတာက ဒီရွာသည် သရဲမွေးကြ
ရွာဖြစ်နေသည့်အလျောက် မိုးခြိမ့်ကနီတြာဆုံးသွားပြီးတည်းက
ယူသန်စွဲခဲ့သည်။

"ငါသွားပါရစေ..ငါ့ကိုလွှတ်ပေးပါ"လို့ တောင်းပန်ခဲ့သည်မို့ နီ
အပေါ် သူ့ခံစားချက်က နာကျင်ခြင်းလည်းဖြစ်လျက် ကရုဏာ

စိတ်တွေလည်း ဖြစ်ခဲ့၏။ သူမချစ်ခဲ့သောသူကိုတောင် အတူမ
စေနဲ့လို့ တောင်းပန်ခဲ့သည့်သူမအတွက် တခြားဘယ်သူမှ သူမ
နေရာမထားစေရ.. ။

"နီတြာ့ကို နာမည်တူတောင်မခေါ်မိစေနဲ့..ဘယ်အိမ်မှာ
ဆိုတာ ငါ့နားထဲရောက်လာရင်မလွယ်ဘူး.."

ဒီတိုင်း ကြိမ်းဝါးထားခဲ့သည်။ ဒါပေမယ့် ဒါတွေက တ
ဖြည်းသွေးအေးခဲ့ပါပြီ။ မှိန်ဖျော့သွားသည့် ပန်းချီကားဘောင်
မျက်နှာစာမှာ ချိတ်ထားသော်ငြား ပောင်းနွမ်းခြင်းအဝ
ဖို့မလိုပေ.. ။

"မင်းဘယ်လိုဖြစ်တာလဲမိုးခြိမ့်ရာ..နားကိုမလည်တော့

အိမ်ပြန်ခေါ်ခဲ့ရင်း ဓာတ်တိုင်က အောက်နားကွဲသွားသည
ကိုပြန်ကြည့်ပြီး ရှုံ့မဲ့နေ၏။

"နီတြာကကျွတ်သွားပြီ..ဘယ်မှာမှမရှိတော့ဘူးလို့ မင်းပဲ
တာ၊ ငါ့အိမ်မှာနီတြာရှိတယ်ကွ ဘာညာနဲ့စနောက်လာရင်တော
ရယ်နိုင်မောနိုင်နေပြီးသား.."

"အခု တကယ်ခေါ်နေတာကွ..စနောက်တာမဟုတ်ဘူး..

"သူတို့ကတော့ နောက်တဲ့ပုံမရှိဘူးမိုးခြိမ့်..မင်းကို ဦးဖြ
နောက်သွားတာပဲနေမှာ၊ ဘာပဲဖြစ်ဖြစ် ဒါမင်းဒီလောက်ခေါ
ရမယ့်စကား မဟုတ်ပါဘူးကွာ.."

"အေးလေ..နီတြာက လူလည်းမဟုတ်တော့ဘူး၊ ပြောရင
ဘဝမှာရှိနေရင်တောင် အဲ့ဒီထိမင်းလိုက်ကာကွယ်နေလို့မရဘူ
ရင် မင်းကိုအရူးလို့ပြောလိမ့်မယ်.."

"ဘာမှမဟုတ်ဘူး..ပင်းမောင်မောင့်ကိုဒေါသထွက်ပြီး ေ
မည်းနေတာ.."

မိုးခြိမ့် ခြေလှမ်းတုံ့သွားသည်။ အိမ်ကိုဦးတည်နေသ
ထောက်တွေကို မလိုလားစိတ်တို့ဖြစ်လာရင်း.. ။

"အရက်ဆိုင်သွားမယ်.."

"ဘာပြောလိုက်တယ်..အရက်ဆိုင်ဟုတ်လား.."

ဒေါ်ထားခင်က နောက်ကနေအမီလိုက်လာရင်း လှမ်းအေ

"အိမ်ကိုတည့်တည့်လျှောက်လိုက်မိုးခြိမ့်..အိမ်မှာကတ



တစ်ပွဲ.."

မိုးခြိမ့်နောက်လှည့်ရင်ဆိုင်လိုက်ပြီး မျက်နှာကမဲ့လျက်.. ။

"အိမ်မှာဘာတစ်ပွဲလဲ..ကိုယ့်ဘာသာပွဲချင်လို့ ပွဲစရာကိုရှာကြ
ပိုးထားတာပဲ.."

"နင်အဲ့လိုတာဝန်မဲ့စကားမပြောနဲ့မိုးခြိမ့်.."

"ဘာတာဝန်လဲပြော..သူ့အတွက်ဘယ်သူ့မှာ တာဝန်ရှိနေတာ
ဒီလောက်ထိအမျိုးမျိုးပြောပြပြီး တားဆီးနေတာ၊ ကြိုးနဲ့ပါတုပ်
အိမ်တိုင်မှာကပ်ချည်ထားချင်လို့လား..သွားပေ့စေ လုံးဝမတားနဲ့.."

"မင်းဇာလည်းကွာ.."

"တော် တော့ဓာတ်တိုင်..မိန်းမတွေ ဘယ်မိန်းမမှမကောင်းဘူး၊
ယောက်တစ်မျိုးနဲ့ စော်ကားသွားကြတာချည်းပဲ..သူတို့ကိုမိုးခြိမ့်က
သောက ခွေပေးနေလို့လဲ၊ တော်ပြီ..'မ'ဆိုကြက်မတောင်မမွေးဘူး၊
ကျွန်အမတွေလည်း အကုန်လုံးခြံဖွင့်ပြီး လွှတ်ပစ်လိုက်မယ်.."

နီတြာ့တုန်းကလည်း 'ငါ့ကိုသနားပါ သွားပါရစေတော့'တဲ့..။
ယောက်ကျတော့လည်း 'ကျွန်တော်သွားမှဖြစ်မယ်'ဆိုတာ သူ့နား
တ်ဆင့်ကြားခဲ့ရသည်။ သင်းကိုဘယ်သူခေါ်တာလဲ..။ တားထား
ောင် သင်းကဘယ်လောက်တောင် အရေးပါနေလို့လဲ.. ။

"ငါတို့ကလည်း သူ့အတွက်တားနေတာမိုးခြိမ့်..တကယ်ပြန်မှာ
ည်း စောင့်ရှောက်ပေးမယ့်သူနဲ့လုံခြုံအောင် စီစဉ်ပေးပြီးမှ.."

"အဲ့ဒါတွေခက်တာ..မောင်မောင်ဆိုတဲ့ကောင် အဲ့ဒါကိုမာန်တက်
တာဒေါ်လေးသိလား၊ သူကဆရာဝန်..မြို့မှာပြည့်ပြည့်စုံစုံနေလာတဲ့
င်..ဒေါ်လေးတို့တားနေတာ သူ့ကိုမက်မောဖွယ်တွေမြင်နေလို့လို့
နေမှာ၊ ဒေါ်လေးတွေးမိလား.."

"ဘယ်တွေးမိမလဲ..ဒေါ်လေးတို့မှာအဲ့လိုစိတ်မှမရှိတာ.."

စကားသံထွက်လာတာက ဒေါ်ထားခင်ဆီကမဟုတ်ပေ။ မောင်
င်က သူပါလာခဲ့သည့် ကျောပိုးအိတ်လေးကိုပဲ ပခုံးတစ်ဖက်မှာ
ထားလျက် သူ့နောက်ရောက်လာကာ.. ။

"ခင်ဗျားထင်နေတာတွေ ကျွန်တော့်ဘက်မှာဘာမှမရှိဘူး..တစ်
တည်းမှာ ပုံစံနှစ်မျိုးနဲ့ကျွန်တော်မနေချင်ဘူး၊ ဒီကောင်က ဒါလား
အထူးအဆန်းလိုဝိုင်းကြည့်ကြမှာ စိတ်ဝင်စားတာတွေလည်း

မလိုချင်ဘူး.."

မိုးခြိမ့်က ဆတ်ခနဲလှည့်ရပ်လိုက်ပြီး မောင်မောင့်ကိုစေ့စေ့ သည်။

"လိုချင်တာမလိုချင်တာတွေ မင်းကိုယ်မင်းယောကျ်ားစတ် လိုက်တည်းက တွေးရမှာမဟုတ်ဘူးလား..ဘာလဲ ကိုယ့်ကိုယ်ကို ကလေးဆိုတာကို မေ့သွားတာလား.."

"အဲ့ဒါ ခင်ဗျားနဲ့မဆိုင်ပါဘူး.."

"ဆိုင်ဆိုင်မဆိုင်ဆိုင် အဲ့ဒါငါသိခွင့်ရှိတယ်..မင်းသဘာဝ တာကြီးကို ဖန်တီးခဲ့တာအောင်မြင်တယ်၊ ဒါပေမယ့် မင်းရဲ့သဘာ အမြဲတမ်းဖုံးထားလို့မရဘူး..မင်းလက်မခံနိုင်တာကိုက.."

"ဟုတ်တယ်ဗျာ..အဲ့ဒီတော့ ကျွန်တော့်ကိုဘယ်လိုပုဒ်မတပ် သလဲ.."

မိုးခြိမ့်ကျိခနဲ အံကြိတ်သည်။ နီတြာ့အတွက်ဖြစ်ရသည့်ဒေ က အကင်းမသေတာလား..မောင်မောင်ကြောင့်ဖြစ်ခဲ့သည့်ဒေါသ တောက်လျှောက်မင်းမှုနေတာလားဆိုတာ မသဲကွဲ.. ။

"ကဲ..တော်ကြတော့.."

ဒါကိုမဖြစ်စေချင်ပေမယ့် ဖြစ်လာခဲ့ပြီမို့ မတတ်နိုင်။ ဒေါ ခင်မျက်နှာမသာမယာနှင့် သက်ပြင်းချလိုက်ရင်း.. ။

"ခုထွက်လာခဲ့ပြီဆိုတော့ အစ်မလည်းခွင့်ပြုလိုက်ပြီဆို ဘောပေါ့..မင်းသွားချင်နေတာကို ငါတို့တွေမတားတော့ပါဘူး..

"ဒါပေမယ့်မောင်မောင်..လမ်းက.."

ဓာတ်တိုင်စကားစလိုက်တော့ မောင်မောင်ကခေါင်းခါ၍..

"မနေ့က ကျွန်တော်လမ်းပြင်နေတာကိုသိချင်လို့ တမင် လာကြည့်တာပါ၊ တစ်ယောက်မှမရှိကြရင်တောင် ဒီလမ်းကိုကျွန် သွားဖို့ဆုံးဖြတ်ပြီးသား.."

မိုးခြိမ့်နှုတ်ခမ်းတွေ လွန့်ခနဲမဲ့ကျသွားသည်။

"အခုလုပ်သားတွေနဲ့လမ်းတစ်လျှောက်မှာ စည်နေတာဆို

"အဲ့ဒီတော့ အဆင်ပြေသွားပြီ..ဒါပဲမို့လား၊ သွားလို့ရပြီ.. လိုက်တော့.."

မိုးခြိမ့်မျက်နှာက ကလေးဆိုးကြီးလို စူပွတင်းမာနေကာ



သာမထိတထိမဲ့ပြုံးတွေ ဘယ်ဆီလွင့်ပျောက်ကုန်သည်မသိ။ င်မောင်ကလည်း နည်းနည်းမှနောက်ပြန်ဆုတ်မည့်ပုံမရှိဘဲ ရှေ့ကို လှမ်း၏။ မိုးခြိမ့်က အိမ်အပြန်လမ်းကိုမျက်နှာမူလိုက်သဖြင့် နှစ် ောက်သည် ဆန့်ကျင်ဘက်အရပ်မျက်နှာများဆီ ရှေ့ရှုမိကြပြီ.. ။

"ချစ်သမျှကို.."

ခေါ်သံက ခပ်လှမ်းလှမ်းကနေ ကျယ်လောင်စွာပျံ့လွင့်လာတာ တော သိထားကြသူရော ဘာမှမသိသည့်သူတွေရော ခြေလှမ်းတွေ သွားကြ၏။ ချက်ကြီးသည် လက်ထဲမှာအိတ်လေးတစ်လုံးကိုင်ထား ကာ မပြေးရုံတမယ်ခြေလှမ်းကျဲကြီးများနှင့် လျှောက်လာရင်း.. ။

"မင်းကမောင်မောင်မဟုတ်ဘူး..ငါ့ဘကြီးဦးအောင်ကိုရဲ့သမီး သမျှကို၊ မင်းနဲ့ငါတို့က မောင်နှမဝမ်းကွဲတွေတော်တယ်..ခုချက် ငါနဲ့ပြန်လိုက်ခဲ့.."

'ချစ်သမျှကို'ဆိုတာကိုမသိ။ ပြောသမျှ ဘာမှလည်းမသိကြသ အားလုံးသူ့ကြည့်ကိုယ့်ကြည့်တွေဖြစ်ကုန်သည်။ မောင်မောင့်မျက် ာတော့ ချက်ကြီးကိုကြည့်နေရင်း တည်တည်တင်းတင်းလေးဖြစ် ခဲ့လျက်.. ။

"ခင်ဗျားဘာတွေပြောနေတာလဲ.."

ချက်ကြီးက သူ့ရှေ့မှာရပ်လိုက်ပြီး ပိုင်နိုင်တိကျသည့်အကြည့် ခြင့်.. ။

"ငါတို့အဖေကအငယ်..နင့်အဖေကအကြီးဆုံး၊ ငါတို့အိမ်က ဘ မြို့ကိုသွားပြီး နင့်အဖေနဲ့တွေ့ခဲ့တာ..နင်တို့ဘာတွေဖြစ်ကြတာ တာတွေရော အကုန်လုံးသိခဲ့တယ်၊ နင့်ဓာတ်ပုံကိုဟိုမှာတွေ့လို့ မှာရှိနေမှန်း နင့်အဖေလည်းသိသွားပြီ၊ နင်ဘယ်သူမှန်းလည်း ငါ သိပြီ..အဲ့ဒီတော့ သွေးသားမတော်စပ်တဲ့အိမ်မှာ မိန်းကလေးတစ် ယာက်အတွက် ဘယ်လိုမှမသင့်တော်ဘူး၊ ငါနဲ့လိုက်ခဲ့တော့.."

စကားတွေအများကြီးကို အလောတကြီးပြောချသွားသဖြင့် ချက် အသံတွေတောင် တုန်နေသည်။ အထူးသဖြင့် မောင်မောင့်ကိုဆွေ ဘက်လိုက်ရသဖြင့် ဝမ်းသာအားရကြီးဖြစ်နေပုံရှိသည့်ပြင် မိုးခြိမ့် ဝေ့ပတ်ကြည့်လိုက်ပုံက အနိုင်နဲ့ပိုင်းလိုက်နိုင်သည့် အောင်နိုင် အကြည့်မျိုးနှင့်.. ။

"နင့်ရဲ့ဆေးဝါးပစ္စည်းကရိယာတွေတောင် ဦးကြီးစံနဲ့ထည့်
လိုက်သေးတယ်..သူလည်းကျန်းမာရေးကောင်းတာနဲ့ လိုက်လာ
တဲ့၊ လောလောဆယ်ငါတို့အိမ်မှာ.."

"နေစမ်းပါဦး...နင်ချည်းပဲပြောနေပါလား၊ ဟုတ်လားမောင်
..မြို့ကလူနဲ့ ဒီရွာကလူ ညီအစ်ကိုအရင်းဖြစ်နေတယ်ဆိုတာ အစ်
မရှိသလိုပဲ၊ မင်းအဖေပြောဖူးတာရှိလို့လား.."

မောင်မောင် တစ်ခုခုပြောဖို့ပြင်လိုက်လျှင်.. ။

"ဒီမှာမင်းချွတ်ထားခဲ့တဲ့ လက်ဝတ်လက်စားတွေ မင်းအ
လိုက်တာ.."

ခြောက်လက်မခန့် အနီရောင်ကတ္တီပါသေတ္တာလေးကို အ
ကထုတ်၍ မဖွင့်ဘဲမြှောက်ပြကာ.. ။

"ဒီဘူးကိုတော့ မင်းသိတယ်မို့လား...ဘာတွေမယုံမကြည်
ရှိသေးလို့လဲ၊ ပြောပြလိုက်..ငါတို့ကမောင်နှမတွေဆိုတာ.."

"အဲ့ဒါကြောင့်မိန်းကလေးဖြစ်ပြီး တစ်လေသံတည်းတစ်
တည်း.."

"မိုးခြိမ့်.."

ဒေါ်ထားခင်က ပျာပျာသလဲတားသည်။ မောင်မောင်နဲ့
မျက်လုံးချင်းဆုံသွား၏။ မိုးခြိမ့်က ဂရုမစိုက်စွာမဲ့လိုက်ရင်း..

"တစ်နေရာတည်းမှာ ပုံစံနှစ်မျိုးနဲ့မနေချင်ဘူးဆို..စိတ်ဝင်
ဝိုင်းကြည့်ကြမှာ မလိုချင်ဘူးတဲ့ခုနကပြောတော့.."

"အခုမဟုတ်တော့ဘူးပြောမိလို့လား.."

"မသိဘူး...လူမိုက်တွေက ဘက်တော်သားဖြစ်ကုန်ပြီ
ဘယ်သူစိတ်ဝင်စားစားမစားစား ဖြစ်တယ်လို့ပြောချင်နေမလား

မောင်မောင်က မျက်နှာကိုစေ့စေ့ကြည့်ပြီး ခနီးခနဲ့မဲ့ပြ

"ကျွန်တော်ဘာပြောချင်နေတယ်ဆိုတာ ခင်ဗျားစိတ်ဝင်
တာနဲ့တင် ဟာသမြောက်နေပြီ.."

မိုးခြိမ့်မျက်နှာရဲသွားသည်။

"ခင်ဗျားက ဟာသပဲ.."

"ဟော့..ဟော့ အဲ့လိုမတည့်အောင်မပြောကြနဲ့.."

ခတ်တိုင်တို့ မနေနိုင်ဘဲ ဝင်ထိန်းကြရသည်။



"မတည့်တော့ဘာဖြစ်တုံး.."

ချက်ကြီးက လူမိုက်ပီပီ မိုက်ဖို့ဆိုအားပေးပြီးသား.. ။

"အစတည်းက မောင်မောင့်လိုနုနုနယ်နယ်မြို့သားဆရာဝန်လေး
က ပြဿနာလမ်းဆုံ မင်းတို့လိုကောင်တွေလက်ထဲရောက်နေတာ သိပ်
ကြည့်ရတာမဟုတ်ဘူး.."

"ဘာလဲ..ကျုပ်တို့ကပြဿနာလမ်းဆုံဟုတ်လား.."

"ဟွတ်..ဟား ဟား ဟား.."

"ဟီး ဟီး ဟီး..ပြောရှာတယ်၊ တာတေကြီးသုံးကောင် အဲ..တာ
တေကြီးသုံးဖော်က.."

"ဝါး ဟား ဟား ဟား.."

မိုးခြိမ့်က ဦးဆောင်ရယ်လိုက်တာနှင့် ဝါးလုံးကွဲရယ်သံတွေဖြစ်
ကုန်လျှင် ချက်ချင်းရှုံ့ရှုံ့ရှားရှားထဖြစ်၏။ ပြီးတော့ မောင်မောင့်
လက်ကို လှမ်းဆွဲလိုက်ပြီး.. ။

"ကြာရင် ငါလူသတ်မိလိမ့်မယ်မောင်မောင်..သွားမယ်.."

လက်ကိုကိုင်မိကာမှ မောင်မောင်ကခါချပစ်ကာ.. ။

"ဘယ်သူကလိုက်မယ်ပြောလို့လဲ.."

"ဘာ.."

ရယ်လက်စ မိုးခြိမ့်တို့မျက်နှာတွေလည်း မျက်နှာပိုးသတ်ဖြစ်
သွားကြသည်။ ဟန်ကျပန်ကျရောက်လာပြီးမှ မောင်မောင်ကမလိုက်
ဘူးပြောလိုက်သဖြင့် ချက်ကြီးဒေါကန်သွားသည်။ မောင်မောင့်ကိုမိန်း
ကလေးမှန်းသိနေတာတောင် ယောကျ်ားလေးလိုပဲပြောဆိုနေမိသည့်
ကိုယ့်အဖြစ်ကိုသတိထားမိရင်း ဒီကောင်မလေးကိုက ယောကျ်ားလေး
တစ်ယောက်ထက်ပိုပြီး အကြောတင်းလွန်းပါဘိဟု တွေးလိုက်မိပြီး..၊

"နေစမ်းပါဦးချစ်သမျှကို..နင့်အဖေကိုယ်တိုင်က ငါတို့ဆီမှာခေါ်
ထားပေးဖို့ သေချာမှာလိုက်တယ်၊ ဒီမှာ သူ့ဆီကလာတဲ့အမိန့်ဆိုတာ
သေချာအောင် နင့်ပစ္စည်းတွေလည်း ထည့်ပေးလိုက်တယ်၊ နင်ကကိုယ့်
သွေးသားတွေထက် ဘာကိုအားကိုးနေတာလဲ.."

"အားကိုးတာမဟုတ်ဘူး...သူကမြို့ကိုပြန်ဖို့လုပ်နေတာ၊ ခုထွက်
လာတာ ပြန်မလို့ပဲ.."

ဒေါ်ထားခင်ပြောလိုက်မှ မောင်မောင့်ပခုံးတစ်ဖက်မှာချိတ်ထား

သည့် ကျောပိုးအိတ်လေးကို ချက်ကြီးကသတိထားကြည့်မိ၏။

"ပြန်လိုက်သွားမောင်မောင်..တစ်ယောက်တည်းပြန်သွားတာ ထက်စာရင် ကိုယ့်ဆွေမျိုးမောင်နှမအိမ်မှာ ပိုလုံခြုံတယ်..လောလော ဆယ်မရင်းနှီးကြသေးပေမယ့်.."

"ကျွန်တော်မလိုက်ဘူး.."

"မလိုက်လို့မရဘူး မောင်..ချစ်သမျှကို.."

စိတ်တိုတိုနှင့် နာမည်တွေနှစ်မျိုးထပ်မှားယွင်းကုန်ကာ.. ။

"နင့်ကိုငါတို့ဆီမှာ ခေါ်ထားရမယ်..မကြာခင်ဘကြီးအောင်လာ မယ်၊ ဒါ နင့်အဖေရဲ့အမိန့်ပဲ.."

"အဲ့ဒီအမိန့်ကို ဖေဖေကိုယ်တိုင်ပေးခဲ့ရင်တောင် ကျွန်တော် ခေါင်းညိတ်ဖို့ စဉ်းစားရဦးမှာ.."

မောင်မောင်က ပြတ်သားသည်။

"ဖေဖေ့အရိပ် ဖေဖေ့အမိန့်တွေနဲ့ နီးစပ်ပတ်သက်တဲ့ဘယ်နေရာ ဖြစ်ဖြစ် ကျွန်တော်မနေဘူး.."

"အေး..လုပ်လေ၊ ဒီတိုင်းဖြစ်မယ်လို့လည်း ဘကြီးအောင်ကမှာ လိုက်သေးတယ်တဲ့..နင်ကမိဘကို ဂရုမစိုက်ပေမယ့် ငါတို့ကငါတို့ဘ ကြီးနဲ့ခုမှ အဆက်အသွယ်ပြန်ရပြီး ပြန်ပြေလည်ခဲ့တာ၊ သူ့အတွက် စဉ်းစားရမယ်..နင်ဒီမှာမနေချင်လို့ ထွက်သွားမယ်ဆိုလည်း နင့်နောက် က တကောက်ကောက်လိုက်ကြမှာပဲ၊ နင်ဘယ်မှာရှိရှိ နင့်အဖေသိမှာပဲ.."

"အဲ့ဒီတော့ ကျွန်တော်ဘယ်မှသွားလို့မရတော့ဘူးပေါ့.."

မောင်မောင့်မေးခွန်းကြောင့် ချက်ကြီးမျက်နှာဝင်းထိန်သွား သည်။ သို့သော်.. ။

"ကျွန်တော်တို့ပြန်ရအောင်.."

"ဟေ.."

ကိုယ့်မျက်နှာကြည့်ပြီးပြောလိုက်တာပေမယ့် ဒေါ်ထားခင်ကိုပဲ နားကိုယ်မယုံနိုင်ဘဲ ကြောင်တောင်တောင်ပြန်ကြည့်မိ၏။

"ချစ်သမျှကို.."

"ခင်ဗျားအဲ့ဒီနာမည်မခေါ်နဲ့.."

"ဒါမင်းနာမည်ပဲကွ.."



ချက်ကြီးဒေါသတွေ ထွက်နေခဲ့လျက်.. ။

"မင်းကငါ့ကိုအရှက်ခွဲတာပေါ့.."

မောင်မောင်က ဒေါ်ထားခင်လက်ကိုကိုင်ထားပြီးမှ ပြန်ငဲ့ကြည့် ကာ.. ။

"ခင်ဗျားကိုအရှက်ခွဲလို့ ကျွန်တော့်မှာဘာတွေရသွားနိုင်လို့လဲ.."

လေသံသည် အေးဆေးတည်ငြိမ်နေခဲ့လျက်.. ။

"ဆွေမျိုးဖြစ်ဖြစ် ဘာဖြစ်ဖြစ် ဖေဖေနဲ့ကျွန်တော် စကားအကုန် ပြောခဲ့ပြီးသား..ဖေဖေ့အရိပ်မှာလည်း မနေဘူး၊ ဖေဖေ့စက်ကွင်းမလွတ် တဲ့နေရာမှာလည်း မနေဘူး..အဲ့ဒါကျွန်တော့်ဆုံးဖြတ်ချက်ပဲ.."

မောင်မောင်ပြတ်သားစွာ ဆုံးဖြတ်သည်။ ဒေါ်ထားခင်ဝမ်းသာ မှုန်းလို့ ဘာစကားနဲ့ဘယ်လိုပြန်စရမှန်းတောင်မသိ။ ဒီတစ်ခါပြန်ရ လိုက်တာ ချစ်သမျှကိုဆိုတဲ့ကောင်မလေးလား..မပြောင်းလဲသေးတဲ့ မောင်မောင့်ကိုလား.. ။

ဘယ်သူ့အဖြစ်နဲ့ပဲရှိပါစေ..ဒီနေ့ဟာကောင်းသောနေ့.. ။

➤➤ ⮜⮜

## အခန်း(၃၃)

"အံမာ..ဒီနေ့ဘာနေ့များလဲဟ.."

"မနေ့ကအတိုင်းပါပဲကွာ..ဘာတွေထူးခြားနေလို့တုံး.."

"မိုးခြိမ့်ကို စိုက်ခင်းထဲမှာမြင်လိုက်လို့..ငါပဲမျက်စိမှားတာလ

"ဟား ဟား ဟား.."

ရယ်သံတွေကို မကြားချင်ယောင်ဆောင်ထားလို့ရသည်။ င
နဲ့ဓာတ်တိုင်တို့ရဲ့ ပြီတီတီပြုံးဖြီးဖြီးမျက်နှာကြီးတွေက မမြင်ချင်
လည်းမရ.. ।

"တွေ့လား..ဘေးလူတွေတောင် ပြောကုန်ကြပြီ၊ မင်းရဲ့ထူးခြ
မှုတွေကို.."

"ဘာထူးခြားတာလဲ..ဒီစိုက်ခင်းတွေ ငါပြုစုခဲ့လို့ ဒီလိုဖြစ်
တာ.."

"အေးလေ..ဒါပေမယ့် မင်းပြန်မကြည့်ခဲ့တာ နှစ်နဲ့ချီနေပြီကေ

"ဓာတ်တိုင်..မင်းအလုပ်လုပ်မှာလား စကားများနေမှာလား

"စကားပြောနေရတော့ မပင်ပန်းဘူးပေါ့ကွ..ဒီနေ့မင်းထူးခြား
သလို ငါတို့အတွက်လည်း ထူးခြားတယ်လေ၊ မဟုတ်ဘူးလားငြ

"ဟုတ်တယ်..အိမ်မှာတစ်ရာ့ကိုး တစ်ရာ့တစ်ဆယ်လို့ အပြေ



ကြာပြီ၊ ငါတို့ရဲ့အနာဂတ်က မိုးခြိမ့်အရက်သမားဖြစ်ရေး မ
ရေးနဲ့ဆိုင်တယ်.."

"အပိုတွေပြောမနေနဲ့..ငါအရက်သောက်တာ မိုးမလင်းအောင်
သောက်တာမဟုတ်ဘူး.."

"မိုးမလင်းအောင်မဟုတ်လည်းမိုးချုပ်တာနဲ့ မင်းကိုဖမ်းမမိတော့
ဘာပဲဖြစ်ဖြစ် မင်းကိုမောင်မောင်ချွတ်တာတော့ သေချာတယ်.."

လျှော်ဖြူပင်တွေဘက်ကို လျှောက်သွားနေသည့် မိုးခြိမ့်ခြေလှမ်း
သွားသည်။ ဓာတ်တိုင်ကလည်း အပြောမရပ်.. ।

"မောင်မောင်ကတည့်တည့်ပြောတယ်..သူဘာပြောပြော မင်းက
တယ်၊ ရန်ဖြစ်တာလားဆိုတော့ မဟုတ်ဘူး..နှစ်ခါသွားတဲ့လမ်း
တစ်ခါဖြစ်သွားတယ်၊ တစ်ခါသွားနေကျက တစ်ခါတလေဖြစ်သွား
...အဲ ထင်ရှားတဲ့သက်သေတစ်ခုကိုပြပါဆိုရင်.."

"ဟော့ကောင်နော်..မင်း.."

"ညောင်ပင်အကြော်ဆိုင်မှာ ဟိုဘက်ရွာကကောင်တွေနဲ့ ရန်ဖြစ်
နောက်ပိုင်း.."

"အဲ့ဒါထားစမ်းပါကွာ..ဦးငွေခင်ကြီးနဲ့မောင်မောင် အရက်ဆိုင်
ရန်ဖြစ်ကြပြီး ဒီကောင်လာပြောသလဲ..အဲ့ဒါပြန်ပြောပြလိုက်.."

ငြေက ထောင်ပေးသည်။ ပြီးတော့ မိုးခြိမ့်ရဲ့ဒေါသစက်ကွင်း
ရှောင်ရန် ခါးကြားကဓားထုတ်ကာ လျှော်ဖြူပင်ဘက်ကိုလှည့်၏။
ခြိမ့်က နောက်ကနေသူ့ပခုံးအကျီကို လှမ်းဆွဲကာ.. ।

"အဲ့ဒီကောင်တွေ ကျီးပေါင်းမတက်သေးဘူး..ဘာလုပ်မလို့တုံး."

"တက်နေပါပြီ.."

"အောက်မှာဖတ်ကြည့်ဦး..ခုမှ တစ်ပတ်တောင်မပြည့်သေးဘူး၊
ဆရာအသစ်ကြီးရှိသေးတာ.."

"ဟုတ်လား..အဟဲ၊ ငါသိပါတယ်..စကားပြောရင်း မကြည့်မိ
.."

"မင်းတို့အဲ့ဒါပဲ..ပြောရင်းမှားတတ်ရင် မပြောဘဲလုပ်၊ မန်းပြင်
ဒီကောင်တွေမဟုတ်ဘူး..ဟိုဘက်စိုက်ခင်းဘက်ကကောင်တွေ.."

"အဲ့ဒါငါပြောပါတယ်..ဝါးဖူးတောင်ခြေဘက်က ဝင်လိုက်ရင်
ကြောက်ခွာရမှာပါ တစ်ခါတည်းပြီးအောင်လုပ်လို့ရပါတယ်ဆို

တာ.."

နှစ်ယောက်စလုံး မချိုမချဉ်မျက်နှာလေးတွေနှင့် ဖြစ်သ
သည်။ စိုက်ခင်းတစ်ဖက်ခြမ်းက ပြောင်းတောရှင်းနေသည့်လူ
လှမ်းကြည့်လိုက်ရင်း.. ၊

"မင်းကလည်း ရွာကအထွက်တုန်းက ကိုစိုးတို့ကိုဘာလု
လုပ်တွေ မင်းခိုင်းနေတာနဲ့ ရောကုန်လို့ပါ..မန်းပြင်ထားတဲ့ကော
ကို ငါတို့သိပါတယ်.."

"လာသေးတယ်.."

သူငယ်ချင်းတွေပေမယ့် အလုပ်လုပ်ကြပြီဆို အလုပ်ရှင်
ဖြစ်ကာ ဆရာကြီးဆိုလည်းမှန်၏။ ရွာမှာ လျှော်ဖြူပင်တွေကို
တကျစိုက်ပျိုးပြီး စီးပွားဖြစ်လုပ်ကြဖို့ မိုးခြိမ့်ရဲ့အဘိုးအဘွား
စတင်ကြိုးပမ်းခဲ့တာဖြစ်သည်။ သို့သော် စိုက်ပျိုးရေမလုံလောက်
ဒုက္ခအပြင် ရွာမှာရေရှားပါးနေသဖြင့် လျှော်ဖြူပင်တွေကို မမွေး
ခဲ့ပေ။ ထို့ကြောင့် ကြိုးစားလိုက် ပျောက်ပျက်သွားလိုက်နှင့် အော
မှုမရခဲ့။ မိုးခြိမ့်ကိုယ်ဝန်ရလာသည့်အချိန်ကျမှ မိုးသံလေသံကြ
သည်။ မိုးခြိမ့်ကိုမွေးသည့်နေ့မှာပဲ မိုးကြီးသည်းထန်ခဲ့ပြီး ထို
တောင်ကျရေကို မြင်ခဲ့ရသည်။ ထိုမှစ၍ရေတံခွန်လေးတွေ က
ခဲ့ကာ နောက်ပိုင်းမှာ ချောင်းသွယ်မြောင်းသွယ်တွေဖြစ်လာခဲ့ကြ

ဒေါ်ညိုတို့မိသားစုတွေလည်း မိုးခြိမ့်ကြောင့်မျက်နှာပွင့်ကြ
မိုးကိုပေးသောကြောင့် မိုးခြိမ့်လို့အမည်တွင်ခဲ့သည့်ပြင် မိုးခေါင်
သည့်နှစ်မှာ ထိုရွာကလူတွေ မိုးခြိမ့်ကိုလာခေါ်ပြီး ကစားပွဲတွေလ
မုန့်စားပွဲတွေနဲ့ပျော်အောင်လုပ်ကြရင်း မိုးခြိမ့်ရှိရင်ရေရှိသည်ဆို
ပြောစမှတ်လည်း တွင်ခဲ့၏။ မိသားစုထဲမှာတောင် မိုးခြိမ့်အရွယ်
လာမှ လှုပ်လီလှုပ်လဲ့ပြုစုပျိုးထောင်နေကြသည့် လျှော်ဖြူပင်စိုက်
ကြီးက ညီညာဝေဆာပြီး ထိုးထိုးထောင်ထောင်ရှိလာခဲ့တာဖြစ်

ကျေးလက်ရွာကြီးမှာ မိုးခြိမ့်ကျောင်းတက်ခဲ့သည်။ ထို
ကျောင်းအုပ်ကြီးက လျှော်ဖြူပင်တွေစိုက်ပျိုးထားကာ စိုက်ပျိုးသီး
အကြောင်းလည်း အတော်များများစုဆောင်းလေ့လာထားခဲ့၏။
ကြီး အိမ်မှာပဲနေပြီး ကျောင်းတက်နေခဲ့သည့်မိုးခြိမ့်ကလည်း
ကြီးနဲ့ဝါသနာတူဖြစ်ကာ ကူညီစိုက်ပျိုးရင်း သစ်သီးဝလံပင်



ကြောင်း တတ်သိနားလည်နေခဲ့သည်။

ပရရွာ၏ အဓိကစီးပွားရေးလုပ်ငန်းမဟုတ်သော်လည်း လျှော်ဖြူ
တွေစိုက်နေသည့်အတွက် ပျိုးပင်ငယ်အတွက်အစိုဓာတ် ထိန်းသိမ်း
စားပင်သီးနှံလေးတွေ ကြားညှပ်စိုက်ပျိုးသောကြောင့် ရွာ၏စီး
ရေးက စိုက်ပျိုးရေးဆိုလည်းမမှားပေ။ ထို့ကြောင့် စိုက်ခင်းတွေ
ဆုံးပိုင်ဆိုင်ထားသော ဒေါ်ညိုတို့ကသာ စိုက်ခင်းအတွက် လုပ်
ငှားရမ်းခြင်းဖြင့် ရွာသားတစ်ဝက်လောက်ကို အလုပ်ပေးထားခဲ့
ဖြစ်နေခဲ့သည်။ ထို့ပြင် ကိုယ်ပိုင်လယ်ယာလုပ်ကိုင်ကြသူတွေ
လျှော်ဖြူပင်စိုက်ကြသူတွေပါ တစ်ခုခုမှားယွင်းကြပြီဆို 'ဒေါ်ညို
မိုးခြိမ့်ရေ'ခေါ်ပြီး ပြေးလာတတ်ကြလေသည်။

နိတြာကြောင့် မိုးခြိမ့်အတိတ်မေ့ဖို့ ကြိုးစားနေသည့်ကာလမှာ
အားလုံးစိတ်မကောင်းဖြစ်ကြ ညည်းညူကြတာတွေဖြစ်ကုန်ကြ
.. ၊

"အဲ့ဒီကောင်လေးကို မိန်းမပေးစားလိုက်ပါဗျာ.."

"အချောအလှတွေ ကျုပ်တို့ရှာပေးပါ့မယ်..ကြိုက်တာရွေးယူရုံ
"

"ငါ့စိုက်ခင်းက တန်းလန်းကြီးရပ်ထားရတာ..ဒီကောင်နဲ့တော့
ပဲ"စသဖြင့် အားလုံးသောခြောက်သွေ့ရပ်တန့်နေခြင်းတို့သည်..၊

"အဲ..ဒါနဲ့ ငါတို့မောင်မောင့်အကြောင်းပြောနေတာ ခုနဘယ်
ကျသွားပြီလဲငြေ.."

ဓာတ်တိုင်အသံကြီးက တိတ်ဆိတ်ခြင်းကို ဖြိုခွင်း၏။ မိုးခြိမ့်
ကြောင်းကောင်းတာလေးတွေတွေးရင်း ခုမှပြန်ကောင်းလာတာကို
စပ်စဉ်းစားနေသောငြေက ဘာပြောရမှန်းမသိဘဲ 'အင်း..အဲ'
၊

"ဘာပါလိမ့်..အဲ.."

"သိပြီ..ဦးငွေခင်လည်ပင်းညှစ်လိုက်လို့ မောင်မောင်သေမလိုဖြစ်
တော့.."

"အေး..အဲ့ဒါလေ ညောင်ပင်အောက်အကြော်ဆိုင်မှာလည်း
င်မောင့်ကိုဓားနဲ့ပြေးခုတ်တာမြင်ပြီး သွေးပျက်နေတာသူပဲ.."

"ငြေ..မင်းတို့ပြောနေတာ မောင်မောင်မဟုတ်တော့ဘူးနော်၊ ဗ

ကားပြောတာကြည့်ပြော.."

"မင်းနဲ့ငါတို့ပဲရှိတာပါကွာ.."

"အေးလေ.."

"ဘယ်သူရှိရှိမရှိရှိ ပြောတတ်တဲ့ပါးစပ်က ဘယ်နေရာမ ထွက်တတ်တယ်.."

"အဲ့ဒီတော့ ဘာဖြစ်တုံး..မောင်မောင့်အတွက် မင်းစိတ်ပူ လေ.."

"မောင်မောင်မဟုတ်တော့ဘူး..အဲ့ဒါချစ်သမျှကို.."

မိုးခြိမ့်မျက်နှာကြီး တင်းလာသည်။ ပြီးတော့ ငြိနား ကာ.. ၊

"မင်းတို့ပြောနေတဲ့ပုံစံက ဘယ်ပုံစံရောက်သွားပြီလဲသိ

"မသိဘူး..ပြောနေကျအတိုင်းပြောတာ.."

"ဟုတ်တယ်..မသိဘူး.."

ဂျစ်တိဂျစ်ကန်တွေပြောကာ နှစ်ယောက်စလုံးရှေ့ကိုကျေ သွားကြ၏။ ထို့ပြင် ပြောသွားသေးသည်။

"တပည့်ကောင်းတော့ ဆရာအာပတ်လွတ်တယ်တဲ့..တက တဲ့ကောင်၊ သူများပြောနေရင် အေးဆေးမနေဘူး.."

"ဟေး..မိုးခြိမ့် ငါတို့ကိုလာကြည့်ဦးလေ.."

အလယ်မှာ ကမူလေးခြားနေပေမယ့် စိုက်ခင်းကဆက်လ ကာ ကိုယ်ပိုင်စိုက်ခင်းနှင့် ဦးဇော်ဝိတ်က ဟိုဘက်ကနေဓ ထောင်ပြပြီး အသံပေး၏။ မိုးခြိမ့်ကလှမ်းကြည့်လိုက်ရင်း..

"ဘာဖြစ်လို့တုံးဦးဇော်.."

"ငါ့ကောင်တွေ အဲဒစ်းသိပ်မရဘူး..ပိုးဝင်တာထင်တယ် ရက်ရှိပြီ..တစ်ကျပ်သားတောင်မရဘူးကွ.."

"အားနည်းရင်အားဆေးကျွေးလေ.."

"ဘာဆေးတုံး..မင်းပဲလုပ်တတ်တာ၊ ငါ့ကိုကူညီပါကွာ. မှာမှုရမယ်ဆို ငါ့အပင်တွေချိန့်ကုန်လိမ့်မယ်.."

ဦးဇော်ဝိတ်ခါးကြီးကိုင်ပြီး တဖားဖားပြေးလာတော့ ရှေ့ ဖို့တာစုနေသည့် ငြိတို့က စိတ်မရှည်သလိုပြန်ကြည့်ကာ..

"ဦးဇော်ကြီးကလုပ်ပြီ..ထစ်ခနဲဆို မိုးခြိမ့်ဆိုတာချည်း



"အေးလေ..သူပဲသိတာကိုးကွ၊ လုပ်ပါမိုးခြိမ့်ရာ..မင်းပြောတဲ့ တဲ့ ဗီတိုင်းဆိုလား.."

"ဗိုက်တက်စ်ပါ.."

"အေး..အဲ့လိုမြေဩဇာမျိုး မင်းစပ်တတ်ဆို.."

"အခုမရှိတော့ဘူး..အဲ့ဒါဖော်ဖို့ကလည်း ပစ္စည်းရှိမှရတာ၊ ဗျာ နေပါနဲ့ဦးဇော်ရာ..ဦးဇော်အပင်တွေ ထွက်တုန်းကထွက်ခဲ့တာပဲ အပင်သက်တမ်းကပဲ ကျွန်တော့်လောက်ရှိနေပြီ..ဒီလောက်တော့ ပါ.."

"မဟုတ်တာကွာ..ငါ့အပင်မအိုသေးပါဘူးဟ.."

ထိုစဉ် မထင်မှတ်ဘဲ အောင်ကြီးနဲ့တောင်ကြီးတို့ရောက်လာကြ ၊

"အပင်မအိုသေးပေမယ့် စိုက်တဲ့သူကခါးကိုင်းနေပြီဆိုရင်လည်း ပင်က လူအိုစော်နံ့လို့ အစေးမထွက်တော့ဘူး.."

"ဟမ်.."

ဒေါသနဲ့လှည့်ကြည့်လိုက်ပေမယ့် အောင်ကြီးတို့ညီအစ်ကိုကို ိုက်တော့ ဦးဇော်ဝိတ်ပါးစပ်ပိတ်သွားသည်။ တောင်ကြီးကအောင် ဆက်ဦးအောင် မိုးခြိမ့်နားကိုကပ်လာကာ.. ၊

"မိုးခြိမ့်..မင်းကိုငါပြောစရာရှိလို့နေဦး.."

"ဘယ်သူကပြေးနေလို့လဲ.."

"အေး..ငါ့ညီမက မင့်အိမ်မှာပဲဆိုတော့ မပြောမပြီးမတီးမမြည်.."

"အဲ့လောက်စကားပလ္လင်မခံပါနဲ့..ကျုပ်စီစဉ်ပေးပါ့မယ်.."

"ဘာကွ.."

"တောင်ကြီး..ကျွတ်.."

အောင်ကြီး ရှုံ့တွတွမျက်နှာနှင့် အနားရောက်လာကာ.. ၊

"ဘာတွေလျှောက်ပြောနေတာတုံးကွ.."

"ငါတို့ကမိန်းကလေးရှင်လေ.."

ပြောမှုပိုဆိုး.. ၊

"မောင်မောင်ဆိုတဲ့ကောင် ဟိုမရောက်ဒီမရောက်နေနေတာ..သု အိမ်မှာ ဘယ်လောက်အန္တရာယ်ကြီးသလဲ.."

"အဲ့ဒါ ငါပြောမယ်..မင်းနောက်ဆုတ်နေ.."

"နေပါကိုကြီးရာ..ငါလည်းမင်းလောက်တော့ပြောတတ်ပါတ

တောင်ကြီးက မာမာချာချာဖြစ်လာပြီဆိုတည်းက အိမ်မှ ဖြစ် အပြင်မှာနေနေ ဘယ်ကိစ္စမဆို သူချည်းပဲဦးဆောင်နေတော့ မောင်မောင်သည် သူ့ညီမဝမ်းကွဲဖြစ်နေသည်မှန်းသိလိုက်သည့် မှာ ဘယ်သူထိန်းချုပ်လို့မှ မရတော့ဘဲ.. ၊

"ဒီမှာဟေ့ကောင်..မင်းအဒေါ်ကို ငါ့အစ်ကိုနဲ့ပေးစားမယ်ဆို ကြိုက်လား.."

"ရေနွေးနဲ့ပလုတ်ကျင်းခိုင်းထားတာ မမှတ်သေးဘူးဆိုရင် မှာ လျှော်ဖြူစေးတွေ အတုံးလိုက်ရှိတယ်.."

"မင်းကိုစကားအဖြစ်မေးတာကွ..မင်းအဒေါ်အိုနာရှတ် တောင် မင်းနှမျောတသဖြစ်နေရင် မင်းအိမ်ရောက်နေတဲ့ ငါ့ညီမအ အလှ ဆရာဝန်မအတွက် ငါတို့စိတ်မပူရဘူးလား.."

"ကျုပ်အိမ်ရောက်နေတာ ကျုပ်ကခေါ်ထားတာလား.."

"မင်းခေါ်ချင်တိုင်းလည်း ခေါ်လို့မရပါဘူး..အခုက အဲ့ဒီ မိုက်လေးကို ပြောမနိုင်ဆိုမနိုင်ဖြစ်နေလို့.."

"ဒါဆိုပြီးပြီ.."

"မပြီးဘူးဟေ့ကောင်.."

မိုးခြိမ့်က ခြေလှမ်းပြင်သည်။ တောင်ကြီးက လိုက်ပိတ် ကာ.. ၊

"မင်း ငါ့ညီမကိုစိတ်နဲ့တောင်မပြစ်မှားနဲ့.."

မိုးခြိမ့်ကပြုံးလိုက်ကာ.. ၊

"ခင်ဗျားတားတာနောက်ကျသွားပြီ.."

"ဘာပြောတယ်.."

"ဟေ့ကောင်.."

ညီအစ်ကိုနှစ်ယောက်စလုံး ထိပ်ထိပ်ပျာပျာဖြစ်သွားကြ တောင်ကြီးက စိတ်ဝေဒနာဖြစ်ဖူးတာကြောင့် အပြစ်မဆိုသာ လည်း အောင်ကြီးပုံစံက ရယ်စရာ.. ၊

"မိုးခြိမ့်..မင်းကအစ်ကိုတွေရှေ့မှာ မလေးမစားနဲ့ပါလား.."

"ဒီကောင်တော်တော်လူးပါးဝနေတယ်ကိုကြီး..ပညာပေးလို ဖြစ်မယ်.."



"နေဦး.."

လက်ပြင်တဲ့သူနဲ့တားဆီးတဲ့သူ နှစ်ယောက်တည်းနဲ့ရှုန်းရင်းဆန် တွေဖြစ်နေကြသည်။ မိုးခြိမ့်က နဖူးခြစ်နေရင်း ရယ်ချင်နေသည့် ာက စပရိန်တွန့်ဖြစ်နေ၏။ ခတ်တိုင်တို့ကတော့ ရယ်ချင်တာ င် သတိထားနေရသဖြင့် မရယ်နိုင်။ ဒီလူတွေ အတွေးတိမ်ပြီဆို ယ့်လူနုံကြီးတွေအတိုင်းဖြစ်နေတတ်ပေမယ့် ကြောက်စိတ်နည်း ကြသလောက် လက်ယဉ်ကြ၏။ စိတ်နောက်ကိုယ်ပါ ပြုမူမိလေ ဆိုပြီး ဆိုးရွားမှုတစ်ခုခုဖြစ်သွားရင်လည်း နောင်တရသွားတယ် ာ မရှိ။ ကြောက်ရွံ့နောက်တွန့်မသွားကြ.. ၊

မိုးခြိမ့်နဲ့ပတ်သက်ပြီး ဒီနေ့ထိကြီးမားသည့်ပေါက်ကွဲခြင်းမျိုး ဖြစ်ခဲ့သေးတာက နီတြာရှိတုန်းက နီတြာ့ကြောင့်။ နီတြာမရှိ သော်လည်း ထိုအဖြစ်အတွက် စိတ်ထိခိုက်ကြေကွဲနေခြင်းကြောင့် ာ မိုးခြိမ့်ကိုထိခိုက်အောင်လုပ်ဖို့အတွက် အနည်းငယ်လက်တွန့် းတာလည်း ပါသည်။

"မိုးခြိမ့်..ဟိတ်ကောင်.."

"ဘာတုံးဗျာ..ကျုပ်အလုပ်ရှိသေးတယ်.."

"မိုးခြိမ့်ရေ..ငါတို့ရောက်နေပြီနော်.."

"လာဟေ့မိုးခြိမ့်..ဖိုးထူးတို့တွေလုပ်နေကြပြီ.."

စိုက်ခင်းတွေဘက်ကနေ လှမ်းခေါ်နေကြသည့်အသံတွေ ထွက် ကြ၏။ ခတ်တိုင်ကလည်း အနားမှာရှိနေလျက်နှင့် အသံကိုတမင် ာ.. ၊

"သွားမယ်လေကွာ..ကိုဖိုးထူးတို့က စာဖတ်တတ်တာမဟုတ်ဘူး ကြာလျှောက်လုပ်လို့ ဘန်ထရာတွေ မှားကုန်လိမ့်မယ်.."

"ဟေ့..စိုးရိမ်ရင် မင်းတို့သွားနှင့်ကြ၊ ငါစကားပြောနေကာမှဘာ ိုးကကောင်တွေကတစ်မျိုး နင်တို့ကတစ်မျိုး၊ ဒါတွေခုမှလုပ်ဖူး ာကျလို့.."

တောင်ကြီးက စကားလက်စကိုအပျောက်မခံ.. ၊

"ငါနောက်ဆုံးပြောမယ်မိုးခြိမ့်.."

"နောက်ဆုံးစကားလား.."

မိုးခြိမ့်က အံ့ဩသလိုပြန်ကြည့်ကာ.. ၊

"နောက်ဆုံးစကားပြောဖို့ ခင်ဗျားအလတ်ကြီးရှိပါသေး
"ဟာ..ဒီနမတစ်ရာပေးကတော့.."
"တစ်ရာမပြောနဲ့ တစ်ယောက်တောင်မရှိဘူး..ရှိတဲ့သူ
တော့ အားနာပါးနာ.."
"ဟိတ်ကောင်.."
"ပြောပြတာလေ..ဆဲတာလည်း ကြည့်ကျက်ဆဲပေါ့.."
"ငါ့နမက မင့်ဆီမှာကွ..မင်းကဆင်ခြင်ရမှာ.."
"ဘယ်သူကအိတ်ထဲကောက်ထည့်ထားလို့လဲ.."
"ဘာကြောင့်ဖြစ်ဖြစ် ငါနောက်ဆုံးစကားပြောမယ်..မင်း
ကို စိတ်နဲ့ရော ဘာနဲ့ရော..ဘာမှ.."
"ကံသုံးပါးစလုံး တစ်လုံးမှစောင့်ထိန်းဖို့မလွယ်ဘူး.."
"ဘာကွ.."
"ဘုရားဆီမှာတောင် အာမဘာန္တေမခံဘူးတာ.."
"မင်းကလား.."
"ဟေ့လူ..ဟေ့လူ လက်မပါနဲ့.."
"ဒီသူတောင်းစားမိုက်ရိုင်းနေတာ မကြားဘူးလား.."
"ဘာတွေဖြစ်နေကြပြန်တုံးအောင်ကြီးတို့.."
ရွာတောင်ပိုင်းမြောက်ပိုင်းက လူကြီးနှစ်ယောက်နဲ့ ကို
တို့လူငယ်တွေ ခုနစ်ယောက်ရှစ်ယောက်လာနေကြတာ လူ
ကာ တောင်ကြီးမကျေမချမ်းတက်ခေါက်၏။ အောင်ကြီးက ေ
ဖို့ ခေါင်းခါပြကာ.. ।
"ကိုယ့်လူကိုပဲနိုင်အောင်ထိန်းမယ်..အပိုတွေပြောနေရတ
ကုန်တယ်.."
မိုးခြိမ့်က မဲ့ကာ.. ।
"ကျွတ်တမ်းဝင်သွားပြီ.."
"ဘာ.."
အောင်ကြီးဆတ်ခနဲလှည့်ကြည့်တော့ မိုးခြိမ့်မျက်နှာက
မှမပြောခဲ့သလိုလို။ ရင်ထဲမှာ ကလိလိဖြစ်သွားသော်လည်း
တို့လည်းအနားရောက်လာပြီမို့ စိတ်တိုကာ.. ।
"ဒီနေ့ကျမှ စိုက်ခင်းတွေရှိသမျှ လူစုံတက်စုံဆင်းလို့



ဘွှာ်ဖြူပင်စိုက်ပြိုင်ပွဲများ ကျင်းပမလို့လား.."
လူကြီးတွေကိုပဲ တည့်တည့်ကြည့်ပြီး မေးချလိုက်၏။ ဦးထွေး
လည်း မျက်နှာကြီးတည်တည်နှင့်.. ।
"မင်းတို့လက်ကြောမတင်းတာကို ဖော်ကြွားမနေကြနဲ့..သေချာ
ည်းကြည့်ဦး၊ စိုက်ခင်းထဲမှာ ပျိုးသားပင်တစ်ပင်မှမရှိဘူး..မန်းပြင်
ကြတဲ့နှစ်သားတွေချည်းပဲ၊ မင်းမှာမြေရှိရင် ပုခက်ချိတ်လို့ရနေပြီ.."
"ကဲဟေ့..မိုးခြိမ့်နဲ့ဓာတ်တိုင်တို့ ငါတို့ဘက်ခဏလိုက်ခဲ့ကြဦး.."
"အေးဟ..ငါ့အပင်တွေ မိုးနောက်ကျသားတွေဖြစ်သွားလို့ထင်
ယ်၊ အရွက်တွေနူလိုက်ခြောက်လိုက်နဲ့.."
နှစ်အုပ်စုပေါင်းပြီး စကားတပြောပြောနဲ့ ထွက်သွားကြတော့
ကိုယ်တွေကိုရှိတယ်လို့တောင် မထင်ခဲ့သည့်ပုံ.. ।
"ဒီကောင်မိုးခြိမ့်..ဓားနဲ့ပြေးပိုင်းပြီး နုပ်နုပ်စင်းပစ်ရရင် ကြိတ်
ာ်ထက်တောင်မြန်ဦးမယ်.."
"မပြစ်မှားလိုက်နဲ့..အဲ့ဒီကောင်ကိုထိရင် ခုနစ်ပြည်ထောင်စစ်
င်းရတာထက် ဆိုးသွားမယ်၊ ဦးနောက်မရှိတဲ့ရွာတွေက ဒီကောင့်ကို
ကျရွှေကိုယ်လို ခေါင်းပေါ်တင်နေကြတာ..သင်းမရှိရင်ပဲ ရွာလုံး
ောက်တော့မလိုလို၊ ထွီ.."

>> <<

## အခန်း(၃၄)

ပုန်းညက်ပင်အောက်က ခုံတန်းမှာထိုင်လိုက်ရင်း ပိုးသတ်
နှင့်ပတ်သက်သည့် Noteတွေ လှန်လှောရှာဖွေနေမိစဉ်.. ၊

"ဘုတ်.."

စာအုပ်ပေါ်ကို ပြုတ်ကျလာတာ ပုန်းညက်သီးတစ်လုံး။ အ
ကိုကောက်ကိုင်လိုက်မိရင်း အပေါ်မော့ကြည့်လိုက်လျှင်.. ၊

"ဟာ..ဟော့ကောင်.."

မိုးခြိမ့်ကမန်းကတန်းထရပ်ကာ နောက်ကိုထပ်ဆုတ်သည်
မှ အပေါ်ကိုမော့၍.. ၊

"မောင်မောင်..ဆင်းခဲ့ဟော့ကောင်.."

အပင်ပေါ်တွင် သစ်ကိုင်းခွကြားမှာ အကျအနမှီလျက်
ထောက်တစ်ဖက်ကို ကိုင်းတစ်ကိုင်းပေါ်လှမ်းထောက်ထားသော
မောင်က တစ်ချက်ပဲငုံ့ကြည့်၏။

"ဟော့ကောင်.."

"ဘာလဲ..ဒီမှာလုပ်စရာရှိလို့.."

"လုပ်စရာရှိတာက သစ်ပင်ပေါ်မှာလား..ဆင်းခဲ့ဆို.."

"သစ်ပင်ပေါ်မှာဖြစ်ဖြစ် အိမ်ခေါင်မိုးပေါ်ဖြစ်ဖြစ် ကိုယ့်ဘ



ပ်စရာမရှိရတော့ဘူးလား.."

"မင့်.."

ပြောမည့်စကားက တစ်ချက်တော့ထစ်သွားသေးသည်။ သို့
သော် အားလုံးလည်းသိနေကြပြီမို့.. ၊

"မင်းကိုယ်မင်း ယောက်ျားလေးမှတ်နေသလား..ငါကဘာမသိ
ညာမသိနဲ့ အောက်ကဝင်ထိုင်လို့ နည်းနည်းပါးပါးအသံမပေးဘူး.."

"မပေးအားဘူး..အဲ့ဒါကြောင့်ပစ်ချလိုက်တာ.."

"အံမာ.."

"ခုသိပြီမို့လား..လာမထိုင်နဲ့တော့.."

"မောင်မောင်.."

မောင်မောင်က ပုန်းညက်သီးတွေစုဆောင်းနေပုံပေါ်ကာ ထိုအ
လုပ်မှာ စိတ်ဝင်တစားဖြစ်နေတာလည်း သိသာ၏။

"မင်းမဆင်းဘူးလား.."

"မဆင်းဘူး.."

"ရတယ်..ငါကိုယ်တိုင်လာဆွဲချမယ်.."

မိုးခြိမ့်က ကြိမ်းဝါးပြီးပုဆိုးပြင်ဝတ်သည်။ မောင်မောင်က သူ
တက်လာတော့မည်ဆိုသောကြောင့် ဖျတ်ခနဲငုံ့ကြည့်၏။ ထိုအခါ.. ၊

"ဟာ.."

"ဗျတ်.."

"ဟော့.."

မောင်မောင် ကမန်းကတန်းမျက်နှာလွှဲလိုက်ရင်း ခြေထောက်
ချော်သွားခဲ့၏။ မိုးခြိမ့်ပုဆိုးပြင်ဝတ်နေတာ ပြီးစီးခြင်းသို့မရောက်လိုက်
ဘဲ.. ၊

"မောင်မောင်.."

လန့်ဖျန့်ခေါ်မိလျက် ကိုးရိုးကားရားပြုတ်ကျလာသည့် မောင်
မောင့်အောက်ကို ပြေးဝင်လိုက်၏။ စိုးရိမ်တကြီးဖမ်းတော့ဖမ်းဖို့ပေ
ယ့် ခြေထောက်တစ်ဖက်ကိုပဲမိလိုက်ပြီး.. ၊

"ဘုန်း.."

"အ.."

"ဟာ..ဟို ဟိုမှာ.."

"ဟေး..ဟိုနှစ်ကောင်.."

စက်ဘီးတစ်စီးကို နှစ်ယောက်ပူးစီးလာသည့် ခတ်တိုင်နဲ့ တို့ ခြံထဲဝင်လာရင်း လက်ညှိုးတွေထိုး၍.. ။

"ဟား ဟား ဟား.."

"မိုး..မိုးခြိမ့် မင်းခေါင်း..ဟား ဟား.."

လက်ခုပ်လက်ဝါးတီးကာ ခွက်ထိုးခွက်လန်ရယ်ကြလေသည်။ အကျမလှသောကြောင့် နှစ်ယောက်စလုံးနာကျင်နေကြသော်လည်း ခြိမ့်ကိုယ့်အဖြစ်ကို သတိထားမိသွားကာ.. ။

"ဟော့ကောင်..မင်းခြေထောက်ဖယ်.."

"လွှတ်.."

လူကပက်လက်ကျသွားသဖြင့် မောင်မောင့်ခြေထောက်နှစ် ကို ပခုံးနဲ့ထမ်းထားသလိုဖြစ်နေသည်။ ပိုပြီးအဆင်ဆိုးတာက မျက် မူရာအရုပ်.. ။

"ဟား ဟား ဟား.."

"မိုးခြိမ့်ရာ..မင်းမျက်နှာကြီးတော့ ဟီး ဟီး ဟီး.."

"ဘာဖြစ်ကြတာတုံးဟေ.."

"ကြည့်စမ်းဟယ်..ဟိုမှာထတောင်မထနိုင်ကြဘူး၊ သင်းတို့ ရယ်နေတာဝါးလုံးကွဲ..ကဲဟယ် ရယ်ဦး.."

"အား..ဒေါ်လေး.."

ဒေါက်ခနဲခေါက်ပစ်လိုက်သံမှာ ရယ်သံတွေပါတိခနဲတိတ် ဒေါ်ညိုတို့ပြေးရောက်သွားကြလျှင် ဂုံနီအိတ်ခွံပုံပေါ်မှာ မောင် ပက်လက်ကျလျက် သူ့ခြေထောက်ကြားမှာမိုးခြိမ့်.. ။

"တော်သေးတာပေါ့ဟယ်..အောက်မှာဂုံနီအိတ်တွေသာမရှိ မောင်မောင်ကျောကွဲမလား အုတ်ဆက်ပွင့်မလား..မတွေးရဲစရာ-

"အား..မလုပ်နဲ့ဒေါ်လေးထားခင်၊ နာတယ်.."

"ဟင်..နာတယ်၊ နေဦး.."

"ထားခင် နင်တူဖို့ချည်းပဲဖွတ်လုပ်မနေနဲ့လေ..ဟိုမှာအ တောင်မခံနိုင်တဲ့ဥစ္စာ.."

"အမေတို့က အောက်ကလူကိုဆွဲထုတ်နေတာကိုး..မိုးခြိမ့်က ရဲ့လားလို့ တစ်ခွန်းမမေးဘူး.."



"သြော်..အောက်မှာပိနေတဲ့လူက ပိုနာတာပေါ့မိုးခြိမ့်ရယ်၊ လူ ပေါ်ထပ်ကျနေတဲ့လူကို မေးစရာလား.."

ဖြစ်ရတယ်.. ။

ခပ်မဲ့မဲ့ရေရွတ်ရင်း ကိုယ့်ဘာသာပြန်ထရသည်။ မောင်မောင့်ခ မှာ ထထိုင်ပြီးတာတောင် ရှုံ့မဲ့နာကျင်နေဆဲဖြစ်လျက်.. ။

"ရတယ် ဒေါ်လေးမကိုင်နဲ့..ကျွန်တော့်ဘာသာထကြည့်မယ်.."

မောင်မောင်အတော်နာသွားမှန်း သိသည်။ မိန်းကလေးမို့ပိုပြီး ာ်မကောင်းဖြစ်မိ၏။ အစတည်းက မာကျောကျောလေးမို့ သူမလေး တော့ အံကြိတ်ထိန်းနေရှာပေမယ့်.. ။

"အား.."

မတ်တပ်ရပ်ပြီးမှ ပြန်လဲ၏။ သို့သော် မိုးခြိမ့်ကိုယ်ပေါ်ကို ဘေး တိုက်ယိုင်လဲသွားခဲ့လျက်.. ။

"ခင်ဗျားကဘာလုပ်နေတာလဲ.."

ကိုယ့်ဘာသာမြေကြီးပေါ်လဲသွားတာမှ ကောင်းသေးသည်။ မိုး ခြိမ့်ဖမ်းထိန်းထားလိုက်သဖြင့် ဘယ်လိုပုံစံဖြစ်သွားမှန်းမသိသော ကိုယ့်အဖြစ်ကြောင့် မောင်မောင့်မျက်နှာတစ်ပြင်လုံး ရဲတွတ်သွားသည် တော့ မိုးခြိမ့်လက်တွေကို ဖယ်ချပစ်၏။ ကိုယ့်ဘာသာလည်းမတတ် ဘဲ ရှက်ရမ်းရမ်းနေတာမို့ လက်ကလွှတ်သွားတော့ ခြေထောက်က ိုင်.. ။

"ငါရပ်နေလို့မင်းသက်သာနေတာ..မဟုတ်ရင် သွားပါကျိုးသွား ဦးမယ်.."

"မလိုပါဘူး..ခင်ဗျားနဲ့တိုက်မိလို့လဲတာ.."

"ဘာကြောင့်လဲလဲ အခုမတ်တပ်တောင်မရပ်နိုင်ဘူးမို့လား.."

"အေးလေမောင်မောင်ရယ်..လာပါ၊ ဒေါ်လေးကိုတွဲပါ.."

သူမကိုမိန်းကလေးလိုလည်း ဘယ်သူမှမဆက်ဆံပါ။ ယော ကျားလေးလိုမြင်လာခဲ့ကြသည့် တစ်နှစ်တာလောက်မှာ မြင်တာတွေ ပြောတာတွေက ဒီတိုင်းပဲအသားသေခဲ့တာဖြစ်ကာ ခုကျမှတမင်အခွင့် အရေးပေးပြီး ဆက်ဆံခဲ့တာလည်းမဟုတ်။ ဒါတောင် သူမကမိန်းက လေးတစ်ယောက်လို ဂရုစိုက်အရေးပေးနေတာမျိုးဆိုမကြိုက်။ ကိုယ် တိုင်လည်း မာကျောသလိုနေသည်။ နာနေတာကို မနာသလိုဟန်

ဆောင်နေတာက မလွန်ဘူးလား.. ။

ဘေးကနေကြည့်နေရင်း သူမတမင်ဖွတ်တင်းနေတာကို သည်းယားလာကာ.. ။

"မျက်ရည်ကျအောင်နာနေတာကို ဘယ်လူကြီးကဆုပေးမှာမို့ ဟန်ဆောင်နေတာလဲ.."

"ကျွန်တော့်ဘာသာ.."

"ပြီးတာပဲ..ထားလိုက်အမေ၊ သူ့ဘာသာကျိုးကျိုးကန်းကန်း"

"မိုးခြိမ့်..."

ခဏတိုင်ကစိတ်မကောင်းဖြစ်သွားသည့်မျက်နှာနှင့် လှမ်းခေါ် သည်။ ငြေက စိတ်တိုသွားလျက် ကျွတ်ခနဲဖြစ်၏။

"ဒီကောင်ကတစ်မျိုး..မောင်မောင့်ကိုခုထိ လယ်ဖယ်တန်း ပြီး ဘေးပြောနေတုန်း.."

"မိုးခြိမ့်.."

နှစ်ယောက်သားကြည့်လည်းမနေနိုင်ဘဲ မိုးခြိမ့်နားကိုပြေး လာကြကာ.. ။

"ဟိုမှာမောင်မောင်မရလောက်ဘူးကွ..မင်းကလည်း.."

"ရရမရရ.."

"မင်းကလည်းကွာ.."

"ဟော့ကောင်..စိုးရိမ်ရင် သွားတွဲပေးလိုက်.."

မိုးခြိမ့်ကလည်း စိတ်တိုနေသည့်မျက်နှာကြီးနှင့်ဖြစ်နေခဲ့လ မောင်မောင့်ကိုမှုန်ကုတ်ကုတ် ပြန်ငဲ့ကြည့်ကာ: ။

"ဘာလေးမှန်းမသိဘူး..စေတနာစော်ကားဖို့ဆို ပါးစပ်ထဲမှ မြတမ်းတစ်လုံး.."

"အား.."

"ဟဲ့..အောင်မလေး.."

"မိုးခြိမ့်ရေ..လာပါဦး.."

လှည့်ကြည့်လိုက်တော့ မောင်မောင့်ကိုတွဲထားလျက်နှင့် ထားခင်ပါ ရောလဲကျနေလျက်.. ။

"မိုးခြိမ့်ရေ..လာစမ်းပါဟဲ့.."

ဒေါ်ညိုက မနိုင်မနင်းပြေးထူရင်း ခေါ်သံကဒေါ်သပါလား



"တွေ့လား..ငါမပြောဘူးလား၊ တော်တော်နေစိမ့်တဲ့ကောင်.."

"မဟုတ်ဘူး..အဲ့ဒီကောင် မောင်မောင်အရှုံးမပေးတတ်တာကို င်းနေတာ.."

"အေးလေ..မသိရင် အချော့ခံချင်နေတာကျနေတာပဲ.."

မျက်စောင်းထိုးပြီး အတင်းပြောကာမှ မိုးခြိမ့်ကလှည့်ကြည့်လျှင်၊

"မင်းကိုပြောတာ မကျေနပ်ရင်လဲသေလိုက်.."

"ဟိုမှာလဲသေအောင်မာနကြီးနေတဲ့ကောင်ကျတော့ မမြင်ဘူး လား..သောက်ကန်း.."

"မမြင်ဘူး..ကြီးတာချင်းပြိုင်နေတဲ့ကောင်ပဲမြင်တယ်၊ မျက်လုံး အဝေးမှုန်.."

စုပွပွပြန်လှည့်လာသည့် မိုးခြိမ့်ကိုမြင်ပေမယ့် မောင်မောင်မာန ကြီးနိုင်တော့ပေ။ ခြေလှမ်းလို့မရအောင် ခြေကျင်းဝတ်က နာနေသည့် င် အသက်ရှိုက်လိုက်တာနှင့် ခါးနဲ့ရင်က မခံနိုင်အောင်အောင့်တက် သွားခြင်းသည်.. ။

"မင်းကိုတွဲမနေနိုင်ဘူး..ကိုယ့်ကိုလျှော့ထား.."

"ဟာ..အဲ့လိုမလုပ်.."

မောင်မောင့်စကားမဆုံးခင် မိုးခြိမ့်ကတစ်ကိုယ်လုံးကို ပွေ့ယူ လိုက်သည်။ ထိုအခါ နှစ်ယောက်စလုံး ပြန်လဲသွားမှာစိုးကာ သူ့ကိုပြန် ဖက်ထားလိုက်ရ၏။ ယောကျ်ားလေးလို ဘယ်လိုပဲနေနေ စိတ်ကိုဘယ် တင်းထားထား ဒီစိတ် ဒီကိုယ်သည် မိန်းမသာဖြစ်ကာ သူ့ရင်ခွင် မျက်နှာကပ်လိုက်မိသည့်အချိန်တွင်.. ။

မဟုတ်ဘူး.. သူဒီလိုစိတ်နဲ့ လုပ်လိုက်တာမဟုတ်ဘူး.. ။

ကိုယ့်ဘာသာတွေးယူပေမယ့် ယောကျ်ားချင်းဆို သူဒီလိုပွေ့ချီ လား.. ။

အတွေးတွေက ယောက်ယက်ခတ်၏။ တကယ်တမ်းတွင် သူမ ယောကျ်ားလေးသဖွယ် ပီပြင်စွာဖုံးဖိနေထိုင်ခဲ့သော အချိန်ကာလတွေ အတွက် ရှက်စွံ့သိမ်ငယ်မိခြင်းသာဖြစ်ကာ.. ။

ဘာဖြစ်လဲ..ငါညာခဲ့တာ လိုအပ်လို့.. ။

➤➤ ➤➤

## အခန်း(၃၅)

"ဟုတ်တယ်..အစကလိုအပ်လို့၊ အခုဘာလိုအပ်စရာရှိလို့ တောင်ကြီးလည်းလူကောင်းဖြစ်နေပြီ.."

"အံမာ..အစကတော့ ငါကလူဆိုးဖြစ်နေလို့လား.."

ဒီစကားကြားတိုင်း တောင်ကြီးဒေါသဖြစ်သွားတတ်ကာ သာ သူတစ်ချိန်လုံးစိတ်ဝေဒနာသည်ဖြစ်နေခဲ့သည့်အဖြစ်ကို သ သွားတတ်၏။

"မောင်မောင်..ဒီမှာငါတို့ပြောချင်တာက နင့်ကိုငါတို့လိုအ အတင်းပြန်ခေါ်နေတာမဟုတ်ဘူး၊ ဟိုကောင်ပြောသွားတဲ့ ကြောင့် စိတ်မချတာ..နင့်ကိုစိုးရိမ်လို့ နားလည်လား.."

မောင်မောင်က ဖျူဝင်းအိမ်ကိုသွားမလို့ ထွက်လာတာဖြ မောင်မောင့်ကိုပဲစောင့်ကြည့်နေကြသည့် ချက်ကြီးနဲ့တောင်ကြီး အမိအရလိုက်လာကြတာဖြစ်သည်။ အစကမသင့်မြတ်ကြ မောင်မောင့်ကိုတော့ ဧည့်သည်လိုပဲမြင်ခဲ့ကြသည်။ ခုကျတော့ ကိုကုပေးထားသည့် ဆရာဝန်လည်းဖြစ်ကာ ဆွေမျိုးရင်းချာ နေသည့်အတွက် ချက်ချင်းပဲရင်းနှီးသွားခဲ့တာဖြစ်လျက်.. ၊

"မင်းကိုသူဘာပြောလဲသိလား..ကံသုံးပါးစလုံးနဲ့ စောင့်



နိုင်ဘူးတဲ့.."

မောင်မောင်ခြေလှမ်းနှေးသွားသည်။ ညီအစ်ကိုနှစ်ယောက်စလုံး ကြွသွားကြ၏။

"ဒီကောင့်မှာစောင့်စည်းတတ်တဲ့စိတ် လုံးလုံးမှမရှိဘူး..နင့်ကို လေးမှန်းသိသွားတည်းက ဘယ်လောက်တောင်စိတ်နဲ့ကြိတ်ကြ လဲမသိဘူး..သူ့ကိုကြိုက်ပြီး ကပ်နေတယ်လို့တောင် ထင်နေလား"

"ဘာတွေလာပြောနေတာလဲဗျာ..သူအဲ့ဒါတွေပြောလာအောင် များတို့ဘာတွေသွားပြောလိုက်တာလဲ.."

"ဟမ်.."

ကိုယ့်ဘက်ပြန်လှည့်လာမယ်မှန်း မတွေးမိခဲ့သဖြင့် နှစ်ယောက် ဖြသံ ရုတ်တရက်ထွက်မလာ.. ၊

"ခင်ဗျားတို့အတော်ဆိုးတဲ့လူတွေဗျာ.."

"ငါတို့ကမင်းအစ်ကိုတွေလေ..မင်းကိုစိတ်ပူလို့ကွ.."

"အေးလေ..ကိုယ့်ဆွေမျိုးအိမ်ထက် အဲ့ဒီအိမ်မှာလုံခြုံမယ်လို့ နေတာများ အံ့သြပါ၊ အမေမုဆိုးမနဲ့အဒေါ်တစ်ခုလပ်ကမွေးတဲ့ အရက်သမား လူရှုပ်လူပွေ.."

မောင်မောင်ခြေလှမ်းတွေ ရပ်သွားခဲ့လျက်.. ၊

"ခင်ဗျားတို့မှာဆို မိဘနှစ်ပါးစလုံးမရှိတော့ဘူးမို့လား..ဆွေမျိုး တော်တဲ့လူကြီးတစ်ယောက် အုပ်ထိန်းသူလုပ်နေရတာ.."

"မင်းကငါတို့ကိုပြန်ဖဲ့တယ်..ဟုတ်လား.."

"သူများကိုပြောချင်ရင် ကိုယ့်မှာအပြစ်ကင်းရဲ့လားပြန်ကြည့်ရ ကျွန်တော်အဲ့ဒီအိမ်မှာ လုံခြုံတယ် မလုံခြုံဘူးဆိုတာ ခင်ဗျားတို့ လိုဘူး၊ တစ်နှစ်လုံးအတူတူနေလာခဲ့တာ ကျွန်တော့်ထက်ဘယ်သူ သိဘူး.."

"အဲ့ဒီတုန်းက မင်းကိုမိန်းကလေးမှန်းမှ မသိတာ.."

"သိသိမသိသိ လူကိုမကြည့်နဲ့ မှုကိုကြည့်တဲ့.."

"အပိုတွေမပြောနဲ့မောင်မောင်..လူ့အကြောင်း ပေါင်းမှသိဆိုတာ ကား၊ လင်မယားတွေတောင်မှ အသက်လေးဆယ်ငါးဆယ်ကျမှ ကွာကြတာတွေ တစ်ပုံကြီး..အဲ့ဒါဘာဖြစ်လို့တုံး၊ ပေါင်းတဲ့သက်

တမ်းနည်းသေးလို့လား..”

“သိချင်သွားမေးကြည့်လေ..”

“ငါတို့ကသိတယ်..မင်းသိဖို့လိုလို့ ပြောနေတာ..”

မောင်မောင်က ပြန်လှည့်ထွက်သွားရင်း.. ၊

“ကျွန်တော်သိတာ ခင်ဗျားတို့လောက်ဘယ်သူမှ ဆက် မကျဲဘူး..”

တောင်ကြီးတို့ဒေါသမျက်နှာတွေနှင့် ကြောင်တောင်တော ကျန်ခဲ့၏။ ပြီးမှ ခပ်သုတ်သုတ်ပြန်လိုက်ရင်း.. ၊

“မောင်မောင် မင်းကိုငါတို့က တကြီးအောင်မျက်နှာနဲ့ သ နေတာနော်..အိမ်မှာမင်းအဖေပေးလိုက်တဲ့ မိန်းကလေးအဝတ် တွေ့ရောရှိတယ်၊ ငါတို့ကိုမယုံတာလား..ဆွေမျိုးလို့မသတ်မှ လား..”

မောင်မောင် နောက်ထပ်ခြေလှမ်းရပ်သွားသည်။ ညီအစ် ယောက်က တစ်ဖက်တစ်ချက်မှာရပ်လိုက်ကာ.. ၊

“မင်းလည်းမတတ်သာလို့ ယောကျ်ားလေးဟန်ဆောင် တာမို့လား..အခုမလိုတော့ဘူး၊ ငါတို့အိမ်မှာ စိတ်ကြိုက်လွတ် လပ်လပ်နေလို့ရပြီ..မင်းအဖေလည်းမကြာခင်..”

“မိုက်ရိုင်းတာအပြင် မသိတတ်တဲ့အမှုပါတိုးသွားပြန်ပြီ တို့..”

“ဘာကိုတုံး..”

“ပေးစရာပဲဖြစ်ဖြစ် မေးစရာပဲဖြစ်ဖြစ် တစ်ခါဆိုကောင်း နှစ်ခါဆိုမသင့်တော့ဘူး၊ သုံးခါဆိုအဲ့ဒါရိုင်းတယ်လို့ခေါ်တယ်

မျက်ခုံးထူထူ နှာတံချွန်ချွန်လေးနှင့် မျက်တောင်ရှည် လည်း ကော့နေသေးသည်။ ဧည့်သည်ကောင်လေးလို့မြင်နေတ မောင်မောင်ဘယ်ဘက်ကပဲ ရပ်တည်နေနေ ဒေါသဖြစ်ဖွယ်ဖြစ်ကြ ဖြစ်ပြီးသည့်နေရာမှာတင် ပျောက်ခဲ့၏။ ရန်သူမုန်းသူအနေနဲ့ သ ရင်းထဲမှာ မပါခဲ့တာအမှန်ပင်။ ခုလိုအနေအထားတွေပြောင်း ကြတော့ ငါ့ညီမဆိုသည့် သဝန်တိုစိတ်က နိုးကြားတုန်းကလို တ ပြန်စဖြစ်လာခဲ့သည်။ ဝင်းညက်နုမှုန်နေသည့် မျက်နှာလေးကို ကြည့်မိလေ သူတို့မုန်းသည့်မိုးခြိမ့်ရဲ့အနီးအနားမှာ မရှိစေချင်



တိုးပွားလာလေ။ ထို့ကြောင့် သူတို့မှာမောင်မောင့်ကိုပြန်ခေါ်နိုင် သာ အဓိကအရေးကြီးဖြစ်နေခဲ့လျက် သူမဘာပြောပြော စိတ်ဆိုး ည်း သတိမရနိုင်.. ၊

“မောင်မောင်..မင်းကမိန်းကလေးနော်..”

“မင်းကလည်းဘာလို့မောင်မောင်လို့ ခေါ်နေတာတုံးကွ..သူ့ကို ကိုလို့ခေါ်တာပါဆို၊ ချဉ်သမျှကိုလေကွာ..”

“ဘာထူးလို့တုံး..မောင်မောင်နဲ့ကိုကိုကရော မိန်းမနာမည်မှမ တ်တာ..”

“အဲ့လိုခေါ်နေသမျှ သူလည်းဘဝမေ့နေမှာပဲ..”

“ဒီမှာ..”

မောင်မောင်က ငြင်းခုန်နေသည့်နှစ်ယောက်ကိုကြည့်၍ မေး တ်ခေါ်လိုက်ရင်း.. ၊

“ကျွန်တော်ဒီတိုင်းပဲနေမယ်..မိန်းကလေးဖြစ်နေလို့ နင်းကန်စိုး နေရတာဆိုရင် ခေါင်းထဲကထုတ်လိုက်တော့..”

“မဟုတ်သေးဘူးလေကွာ..မင်းကိုပတ်ဝန်းကျင်က..”

“ဘယ်သူဘယ်လိုထင်ထင် ဂရုမစိုက်ဘူး..”

တောင်ကြီးတို့က ရပ်ကျန်မနေခဲ့ပေ။ မောင်မောင့်ကိုပြန်ခေါ်ဖို့ ရေးထက် ဘာကိုမှဂရုမစိုက်နိုင်တော့သလို အောက်ကျခယနေရ ည်လည်း မထင်။ ဒီဘက်ကပြောလို့မရတော့ ဟိုဘက်က.. ၊

“ငါပြောဦးမယ်မောင်မောင်..မင်းအဖေငါတို့ဘကြီးက ရွာကို း လိုက်မလာတာ ဘာကြောင့်လို့ထင်တုံး..”

သတင်းအသစ်တိုးလာသဖြင့် မောင်မောင်ကခြေလှမ်းမရပ်ဘဲ ည့်ကြည့်သည်။ ထိုစဉ်.. ၊

“ဟေ့..ဟေ့ နေကြဦး..”

ဦးငွေခင်က သူ့အိမ်ကစာရင်းငှားသံလုံးနဲ့အတူ အမောတကော လိုက်လာလျက်.. ၊

“နေပါဦး..မင်းက..”

မောင်မောင့်ကိုမြင်ရဖို့အတွက် တောင်ကြီးနဲ့ချက်ကြီးတို့ညီအစ် ကားထဲ တည့်တည့်တိုးဝင်သည်။ ထို့ပြင်.. ၊

“မင်းကမိန်းကလေးဆို..ဟုတ်လား၊ အောင်မယ်လေး..ပရွှာ

သားတွေတုံးချက်က မုဆိုးမအိမ်က ထယ်သွားကျနေတာပဲဟေ့..."

သူ့ကိုယ်သူတောင်ကြီးတို့ညီအစ်ကိုတစ်ယောက်စီကို လ... တွန်းဖယ်ခဲ့လိုက်တာလည်း သတိမရဘဲ.. ။

"ဟား ဟား ဟား..လုံးရာကပြား အဲ၊ ပြားရာကလုံးနေတဲ့... ကျားလျာကိုတောင် မသိ.."

"ခွပ်..ဒုတ်.."

"အ.."

"ဟာ..ခင်ဗျားတို့.."

"ဒုတ်.."

ဦးငွေခင်အဖြစ်ဆိုးသွားသည်။ ချက်ကြီးက လက်သီးနဲ့... လိုက်ကာ တောင်ကြီးကသူ့တုတ်ကြီးနဲ့ဇက်ပိုးကို ရိုက်ထည့်လိုက်... ခေါင်းသည် ဘယ်ညာနှစ်ချက်ပဲယိမ်းသွားခဲ့လျက် ခွေခနဲကျသွား... သံလုံးကတော့ ဇက်ပိုးကိုပဲတုတ်ချက်စာမိကာ.. ။

"ခင်ဗျားတို့ဗျာ.."

"ဘာတုံးကွ..အမေမွေးလာတာ သူများစော်ကားခံဖို့ မွေးလာ... မဟုတ်ဘူး၊ 'ကိုယ်ကဦးမှ ချမ်းရသာ၏'တဲ့.."

"ဟုတ်တယ်..သည်းခံတဲ့သူ ငထူ.."

"ကိုင်းကွာ..ဘကြီးလုပ်နေတဲ့ မဟာစီမံကိန်းကြီးကိုသာ ... လိုက်စမ်းပါ.."

ချက်ကြီးကစကားဖြတ်ပစ်ကာ သူပဲဆက်ပြော၏။

"ငါတို့ရွာမှာ လျှပ်စစ်မီးရအောင် သက်ဆိုင်ရာဒေသခံလူ... တွေနဲ့ ဆွေးနွေးမယ်..သူ့ဘက်အပိုင်းကို အကုန်တာဝန်ယူမ... ကြောင်းပြောမယ်၊ အဆင်မပြေစရာ ဘာမှမရှိတော့ဘူး.."

"မောင်မောင်ရာ မင်းအတွေးမတိမ်စမ်းပါနဲ့..ငါတို့ကလည်... ရွာမှာသူဌေး၊ ဘကြီးကလည်း ဒီရွာကိုမီးရအောင်လုပ်ပေးမယ့်လူ... တို့လိုရွာရဲ့ခေါင်းဆောင်အကျော်အမော်တွေက.."

"အဲ့ဒါတွေကို ကျွန်တော်စိတ်မဝင်စားဘူးဗျာ..ဒီလူတွေကို ... လိုလုပ်မှာလဲ.."

"ဘာလုပ်ရမှာတုံး..သူ့ဘာသာထပြန်ပေါ့၊ ဒီမှာ.."

တောင်ကြီးက သူ့တုတ်ကိုထောင်ပြကာ.. ။



"သတိမေ့ရုံ ခေါင်းကွဲရုံ ဘုသီးထရုံ..အရှိန်မှန်မှန်နဲ့ လွှတ်လို့ရတယ် ...တုတ်ကို.."

"အဲ့ဒီတော့ ခင်ဗျားကိုဘယ်သူကဆုချမှာလဲ.."

"ဆုချခံရဖို့မဟုတ်ဘူးကွ..အဲ့ဒီလိုသခ်န်းစာပေးဖို့ နောက်တစ်ခါ ...ဆို လမ်းမှာလိုက်ဆွဲပြီး မစပ်စုရဲတော့ဘူး.."

"မောင်မောင် ငါတို့နဲ့ဘယ်တော့လာနေမှာလဲ.."

ဘယ်စကားပဲရောက်နေနေ ချက်ကြီးကလည်း လိုရင်းကိုအ...ရောက်မခံ။ ထိုစဉ် ဓာတ်တိုင်ကစက်ဘီးနဲ့ထွက်လာနေလျက်.. ။

"မောင်မောင် မင်းဘယ်သွားမလို့တုံး.."

"မဖြူဆီသွားမလို့.."

"ငါလိုက်ပို့မယ်..လာ.."

လွန်သွားပြီးမှစက်ဘီးပေါ်ကနေ ခြေထောက်ရပ်နေပြီးစောင့်၏။ ...မောင်မောင်က ခေါင်းညိတ်ပြီး ကယ်ရီယာပေါ်မှာ သွားထိုင်လိုက်လျှင်၊

"မောင်မောင်..မင်း.."

"တော်တော်ပြောရကျပ်တဲ့ကောင်.. တကယ့်ယောကျ်ားလေးသာ ...ဆိုမလွယ်ဘူး.."

တက်ခေါက်ကျန်ခဲ့တာကို ပြန်ငဲ့မကြည့်ဖြစ်ပေမယ့် ပြောနေကြ ...တာကို မောင်မောင်ကြားသည်။ ပြီးတော့ ပြုံးလိုက်မိ၏။ အောင်ကြီး ...တို့ညီအစ်ကိုတွေ ဒေါသကြီးတတ်သလောက် ရိုင်းလည်းရိုင်းကြသည်။ ...ပေမယ့် ကောက်ကျစ်ယုတ်မာသူတွေတော့ မဟုတ်ကြပေ။ ရှာခံလူ...ချင်းတွေကိုက ပြဿနာကိုပုံကြီးမချဲ့တတ်ကြသော အချင်းချင်းနား...လည်စိတ်တွေရှိနေကြတာဖြစ်သည်။ ထို့ကြောင့် အောင်ကြီးတို့ဆိုးသ...ဆက်ဆိုး ရိုင်းသထက်ရိုင်းခွင့်ရနေကြသည်ဆိုလည်း မမှား.. ။

သူ့ဘက်ကလည်း အောင်ကြီးတို့အပေါ်မှာ မပြေနိုင်တဲ့ရန်ငြိုးဆို...ဘာမရှိပေ။ ဆွေမျိုးမောင်နှမတွေမှန်းသိလိုက်တော့ မသိစိတ်မှာရင်း...မှုအနည်းငယ် ခိုတွယ်လာခဲ့တာလည်းရှိသည်။ ဒါပေမယ့် အတူနေ...ကြဖို့ဆိုရင်တော့ ခေါင်းခါမိမည်သာ.. ။

*ဘယ်သူ့အပေါ်ဘယ်လောက်ထိပို၍ချစ်ခင်တွယ်တာသလဲဆိုတာ ...သွေးသားတော်စပ်ခြင်းနဲ့တိုင်းတာတွက်ချက်လို့မရပေ။ ထို့ပြင် လူနှစ် ...ဦးနေထိုင်ခြင်းရဲ့ အနီးအဝေးနဲ့လည်း မသက်ဆိုင်သလို ဖြစ်သင့်ခြင်း*

***မဖြစ်သင့်ခြင်းဖြင့် ခန့်မှန်းအဖြေထုတ်ကြည့်ရအောင် အများနဲ့သ ဆိုင်သောကိစ္စလည်းမဟုတ်..*** ၊

"ဘာဖြစ်လဲမောင်မောင်ရဲ့..ကိုယ်မှန်တယ်ထင်ရင် လိပ်ပြာ ပါတယ်၊ ဆွေမျိုးဖြစ်နေတိုင်း ချက်ချင်းကြီးရင်းနှီးလို့ရမလား..သ က ရင်းနှီးလို့ရတယ်ဆိုရင်လည်း ကိုယ်ကရင်းနှီးလို့ရချင်မှရမှာ

"မဟုတ်ဘူး..ကျွန်တော့်စိတ်ထဲမှာ ကိုခြိမ့်ကိုသဘောကျလို့ မှာနေနေတယ်ဆိုတာကြီးက ခိုးလိုးခုလုဖြစ်နေတာ.."

"အဲ့လိုဘယ်သူမှမပြောဘူး..သူတို့ဘာသာနင်အဲ့ဒီမှာမနေအေ လျှောက်ပြောနေတာဖြစ်မှာပါ.."

ဖြူဝင်းကတော့ ဘယ်အခြေအနေဖြစ်ဖြစ် မောင်မောင့်ဘက် ဖြစ်သည်။ ငါးလေးချဉ်သုပ်နဲ့ ပဲကြာဇံဟင်းချိုလေးခူးခပ်ပြီး မေ မောင့်ကိုပါ အတင်းဝင်စားခိုင်းရင်း.. ၊

"စားပြီးမှပြန်..ဘာအကြောင်းမှ ခေါင်းထဲမထည့်နဲ့၊ ဒေါ်လေး မိုးခြိမ့်တို့အကြောင်း နင့်ထက်ငါပိုသိတယ်..သူတို့ကကြင်နာဝ တယ်၊ စာနာစိတ်ရှိတယ်..ငွေတိုးချေးတာတောင်မှ သူတို့ဆီမှာ အ သက်သာတယ်၊ မတရားသဖြင့်လုပ်ပါတယ်လို့လည်း တစ်ခါမှမ ခဲ့ဖူးဘူး.."

"မဖြူ.."

"ဟင်.."

"ဖေဖေရောက်လာရင် ကျွန်တော်ဘာလုပ်သင့်လဲ.."

ဖြူဝင်းက လက်ဆေးခွက်ပါချထားပြီးမှ စားပွဲပုလေးဘေ ကျကျနနဝင်ထိုင်သည်။ မောင်မောင့်ကိုလက်ဆေးဖို့ မေးဆတ်ပြ ရင်း.. ၊

"နေဦး..မနက်ကကြော်ထားတဲ့ငပုတ်သင်ခြောက်လေးေ တယ်၊ ငရုတ်သီးနဲ့ပြန်မလှိမ့်ရသေးပေမယ့် အဖြူထည်လေးပဲစားေ လည်း ကောင်းပါတယ်.."

သူမဘာသာအလုပ်ရှုပ်နေရင်း ငါးခြောက်ပန်းကန်လေးနဲ့ ထိုင်ပြီးကာမှ.. ၊

"ကလေးကျောင်းသွားတုန်းစားရတာ ပိုအေးချမ်းတယ်..ကို ရင်ပြီးသွားလည်းမအေးဘူး၊ သူတို့အရင်ပြီးသွားလည်း လည်ပင်း



က်ကြည့်နေရတာ.."

"မဖြူ..ကျွန်တော်မေးတာဖြေဦးလေ.."

နှစ်ယောက်သား အတူထမင်းစားကာမှ မျက်လုံးချင်းဆုံမိကြ က်.. ၊

"မောင်မောင်ရယ်..ကိုယ့်အဖေနဲ့ကိုယ် ဘယ်လိုပဲဖြစ်ဖြစ်ပြတ် ာက်သွားမှာမှမဟုတ်တာ၊ တစ်နှစ်လောက်အိမ်ကထွက်လာခဲ့မေ ယ့် ဆယ်နှစ်ပဲကြာကြာ အဖေကအဖေ သမီးကသမီးပဲ.."

"ကျွန်တော်ကချစ်ခြင်းမေတ္တာတွေကို ပြောတာမဟုတ်ဘူး.."

"ချစ်ခြင်းမေတ္တာကြောင့်သာ မပြတ်သားကြတာပဲမောင်မောင် ့..နင့်အဖေ ဒီရွာမှာရေပေးမယ် မီးပေးမယ်ဖြစ်လာတာလည်း သူ့သ ကြောင့်ပဲဥစ္စာ၊ မဟုတ်ရင် သူဒီရွာသားဖြစ်နေတာတောင် နင်သိခဲ့လို့ း.."

"ဟင့်အင်း.."

"အေးလေ..သူအဲ့လောက်ပြတ်ပြတ်သားသားနေခဲ့တဲ့ကိစ္စ၊ သား မီးနဲ့ပတ်သက်လို့သာပေါ့..မိဘဆိုတာ မုန်းမေ့သင့်တဲ့အရာမဟုတ် း၊ မိဘရင်ထဲမှာလည်း သားသမီးကိုမုန်းတယ်မေ့တယ်ဆိုတာ မရှိ း.."

"ဖေဖေကတော့ ရှိတယ်..သူ့စိတ်နဲ့ထပ်တူမဖြစ်ဘူးဆိုရင် သား မီးကိုလည်း.."

"ဒါဆို သူ့ကိုကလန်ကဆန်လုပ်ပြီး ထွက်လာခဲ့တဲ့နင့်အတွက် ဒီရွာရောက်လာဖို့လိုမလား..ဦးထွန်းခံကြီးနဲ့ ပစ္စည်းတွေစကားတွေ ကြုံပါးဖို့ရောလိုသလား.."

မောင်မောင်ထမင်းနဲ့ဟင်းရည်ကို ဇွန်းနဲ့ရောနယ်နေရင်း တစ် က်တော့ငိုင်သွားသည်။ ဖေဖေ့ကို သူမချစ်ပါသည်။ ကြောက်လည်း ကြောက်သည်။ သူ့မှုသူ့ဝါဒကို မလွန်ဆန်နိုင်ခြင်းကြောင့် ရှန်းထွက် ခဲ့သည့်နောက်ကွယ်မှာ 'အမုန်းတရားတို့စိုးစိမှ ရှိမနေခဲ့ပေ.. ၊

ဒါပေမယ့် မတွေ့ချင်.. ၊

>> <<

## အခန်း(၃၆)

"အောင်မယ်လေး..လှလိုက်တာသမီးရယ်၊ ခုမှပဲ သမီးလို့ခေ
ခွင့်လည်းရ မိန်းကလေးပီပီသသ ဝတ်စားထားတာလေးလည်းမြင်ရ
ကျက်သရေရှိလိုက်ပါဘိ.."

"ဆံပင်တွေရှည်နေတာလည်း ကောင်လေးလိုနေတုန်းကတော့
ကပိုကရို့ရှုပ်ပွပွနဲ့ ခုကျတော့ သရေပင်လေးနဲ့စည်းထားလိုက်တ
လည်ပင်းလေးရှင်းပြီး မျက်နှာလှလှလေးလည်းပေါ်လို့.."

အိမ်ပေါ်တက်လာတည်းက အမေနဲ့ဒေါ်လေးတို့ပြောနေကြ
သည့်စကားသံတွေကို ကြားလိုက်ရသည်။ ကြားရသည့်ပုံအရ မော
မောင်ပုံစံပြောင်းနေပြီကို တွက်မိကာ မိုးခြိမ့်ခြေလှမ်းတွေမြန်သွာ
သည်။ အပေါ်ထပ်လှေကားထိပ်ရောက်တော့ ခြေရင်းခန်းတံခါးကပွ
လျက်သားဖြစ်လျက် အထဲမှာ ပန်းနုရောင်ဝတ်စုံလေးနဲ့ မောင်မော
ကိုမြင်လိုက်တာ တန်းခနဲ.. ၊

ပန်းနုရောင်လက်တိုကိုယ်ကျပ်အင်္ကျီလေးနှင့် ပိုဖျော့သော ပန်း
ရောင်စကကက်ရှည်သည် ဒူးနားလေးမှာ ပန်းရင့်ရောင်နှင်းဆီခက်လေ
တွေ သီတန်းနေ၏။ ဆံစတို့ကို နောက်မှာစုစည်းထားပေမယ့် နဖူး
နားသယ်စပ်မှ ကပိုကရိုပြန်ကျနေသော ဆံယဉ်စလေးတွေက မိန်း



တစ်ယောက်၏ အလှတရားတို့ကို ပုံဖော်ပေးထားသလိုပင်.. ၊

ဒါ မောင်မောင်ဟုတ်ရဲ့လား.. ၊

လှလိုက်တာလို့ ရေရွတ်မိသည့် ရင်တွင်းစကားသံ၏နောက်မှာ
နိုင်ခြင်းက ကပ်လျက်ပါ၏။ ဖြူဝင်းပြည့်မို့နေသောမျက်နှာလေး
နှာတံချွန်ချွန်လေးနဲ့ထောင်ချိုးလေးတွေကော့နေသည့် နှုတ်ခမ်း
လေးတွေက မိန်းကလေးအဖြစ်ပုံဖော်လိုက်ကာမှ ပို၍ပေါ်လွင်နေ
မောင်မောင်အဖြစ်နဲ့သာ သေသပ်ပိရိစွာဖျောက်ကွယ်ခံထားရ
သည့်အလှတရားတို့သည် ရှိုင်းပစွာရုန်းကြွပေါ်လွင်နေတာမျိုးတော့မ
တ်။ သို့သော် တင်းပြည့်သွယ်လျသောကိုယ်ဟန် မိန်းမလှလေးတစ်
ယောက်အတိုင်း အချိုးကျလှပစွာရှိလေသည်။ ရပ်နေမိသည့်နေရာမှ
ခြေလှမ်းတွေ မရွေ့လျားနိုင်ဘဲရှိလျက် သူမတစ်ကိုယ်လုံးကို စုန်
ဆန်ချီငေးနေမိသောမျက်ဝန်းတို့က ပန်းရင့်ရောင်ထွေးငုံနေသော သူ
နှုတ်ခမ်းလွှာတို့မှာ စူးစိုက်ရပ်တန့်နေမိရင်း.. ၊

"ဘုန်း.."

"ဟာ.."

အနားမှာတစ်စုံတစ်ရာပေါက်ကွဲသွားသလို ကြမ်းခင်းတွေပါ
သွားလျှင် သူကဆုန်ပေါက်ထလိုက်မိသလားတောင်မသိ.. ၊

"မင်း..ဘာဖြစ်.."

ကိုယ့်ဘာသာဆုံးအောင်မမေးလိုက်နိုင်ဘဲ သစ်ပင်အောက်မှာ
တုပ်ထိုင်ရင်း အိပ်ပျော်သွားသည့်အဖြစ်ကို သတိရလိုက်၏။ သူ
မက်မက်နေခြင်း.. ၊

ဘယ်သူမှမသိလိုက်ပေမယ့် မျက်နှာပြင်မှာရေနွေးနဲ့အပက်ခံ
ကဲ့ရသလိုဖြစ်သွားတာ သေချာ၏။ မောင်မောင်သည် ပန်းနုရောင်
ည်းဝတ်မထားခဲ့ပါ။ မိန်းကလေးဝတ်စုံလည်းမဟုတ်။ မိုးသားပြာရုပ်
ကျ်တိုပွပွနှင့် ဘောင်းဘီရှည်ကိုဝတ်ထားသည်။ ပခုံးကျော်နေပြီဖြစ်
သည့်ဆံပင်တွေက ပါးရိုးပေါ်တချို့ မျက်ခုံးကိုကျော်လွှန်နေသောတ
က မျက်လုံးဆီမထောက်တထောက်နှင့်.. ၊

"မြို့သားဖြစ်နေပြီး မင်းတော်တော်ရိုင်းပါလား.."

"သူများနေရာမှာဝင်ထိုင်ပြီး ငုတ်တုတ်မေ့နေတာကျတော့ ယဉ်
းတယ်ပေါ့.."

"ဘာလဲ..ငါက.."

သူ့ဘေးမှာမောင်မောင်ဖတ်နေသည့် စာအုပ်နှစ်အုပ်နှင့် ရှိစာအုပ်ပုံစံအနက်ရောင်သားရေမျက်နှာဖုံးနှင့် စာအုပ်ထူလေးတ

"ဒါတွေ ငါတွေ့တယ်လေ..ဒါပေမယ့် ဒေါ်လေးတို့ဘု ကျောင်းသွားကြတာ မင်းပါပါသွားတယ်မှတ်တာပေါ့.."

"ပါသွားသွား မသွားသွား ကျွန်တော့်ပစ္စည်းတွေချထားရင် တော့်နေရာပဲ.."

"ဟား.."

ဆံပင်သပ်ရင်း ကျွတ်ခနဲဖြစ်သွားသည်။ ပြီးတော့ လန် ပျက်သွားသည့်အဖြစ်ကနေ နေရာတကျပြန်ယူပြီး တင်ပလ္လင် လိုက်ရင်း.. ။

"ဖယ်ပေးမယ်..အခု မင်းကဘယ်ကပြန်လာတာလဲ၊ ဒေါ် နဲ့လိုက်မသွားဘူးလား.."

"မသွားဘူး.."

"ငါမေးတာနှစ်ခုလေ.."

"နှစ်ခုမေးတိုင်း နှစ်ခုဖြေချင်မှဖြေမှာပေါ့..ကဲ ကွဲစမ်းပါ အုပ်ကိုတက်ဖိထားသေးတယ်.."

မိုးခြိမ့်က ဒူးတစ်ဖက်ထောင်ပေးလိုက်ရင် ပြီးသွားမှာ စာအုပ်ကိုဆွဲနေသည့် မောင်မောင့်လက်ကိုငုံ့ကြည့်နေပြီး မ လက်ချောင်းလေးတွေက လုံးသွယ်နေတာမျိုးမဟုတ်သည့်တိုင် သေးသွယ်သွယ်လေးတွေဖြစ်ကာ လက်ဖျားထိပ်လေးတွေက ၏။ ထိကိုင်မိသည့်အချိန်တိုင်းမှာလည်း 'ဒီကောင်အတော်နုတ တွေးမိတဲ့အခါ ရှိဖူးသည်။ သို့သော် တွေးပြီးပျောက်ခဲ့၏။

"ကိုခြိမ့်.."

"ဟင်.."

"ခင်ဗျားဘာဖြစ်နေတာလဲ.."

ကိုယ့်ကိုပဲမျက်လုံးရောက်နေတာသိသည်။ စိတ်လည်းတို ရှက်လည်းရှက်နေပြီဖြစ်၏ ။ ထို့ကြောင့် မောင်မောင့်မျက်နှာ ပါးမို့တွေမှာ ပို၍အရောင်ရင့်နေခဲ့လျက်.. ။

"တကယ်ပဲ ကြောင်တောင်တောင်နဲ့.."



စာအုပ်ကိုဆောင့်ဆွဲယူပြီး ချာခနဲလှည့်ထွက်လိုက်လျှင်.. ။

"ဖျော..ဖျော.."

ကိုင်းအဖျားလေးပေါ်က အသံတစ်ချက်ကြားလိုက်ရ၏။ မော့ ကြည့်ဖို့စိတ်ကဖြစ်လိုက်ပေမယ့် မျက်လုံးထဲမှာ မည်းခနဲပြီးဆင်းလာ သည့်အရိပ်တစ်ရိပ်သည်.. ။

"ဘုန်း.."

"အမလေး.."

"ဟာ.."

မိတ်လိုက်နေသည့်မြွေနှစ်ကောင်.. ။

"နောက်ဆုတ်ဟေ့ကောင်.."

မိုးခြိမ့်လွှားခနဲခုန်ဆင်းကာ မောင်မောင့်ကိုယ်ကို နောက်ကနေ မ်းဖက်၍ ခုံတန်းပေါ်နောက်ပြန်ဆုတ်ထိုင်ပစ်လိုက်၏။ သို့သော် မြွေနှစ်ကောင်သည် ပူးလိမ်နေရာကနေ ကွဲထွက်သွားကာ.. ။

"ဟိုမှာ ဟိုမှာ..အောက်ကိုဝင်သွားပြီ၊ အပေါ်တက်လာလိမ့်မယ်"

မောင်မောင်အသံပြာအောင်အော်၏။ ခုံတန်းကခရေပင်စည်ကို တ်ခွေထားတာဖြစ်ကာ ခုံတန်းနဲ့ပင်စည်ကြားမှာ မြွေတစ်ကောင်အ ာလေးတက်လာနိုင်အောင် ဟနေတာရှိ၏။ မောင်မောင်ပြောတာ ကြားလိုက်သည်နှင့် ခုံတန်းပေါ်မှသည် အိမ်ဆီသို့.. ။

"ဟူး..မောလိုက်တာ.."

နောက်ဖေးတံခါးကနေ သံမံတလင်းပြောင်ပြောင်ပေါ်သို့ လှေ ားထစ်တွေကို ကျော်ဖြတ်တက်လိုက်ပြီး.. ။

"ဟိုအောက်မှာလုံးထွေးနေကြတုံးပဲ.."

မိုးခြိမ့်က အမောဖြေနိုင်ပေမယ့် မောင်မောင်ကနောက်ပြန်ကြည့် း မျက်လုံးပြူးနေတုန်း.. ။

"အဲ့ဒါ မြွေတွေ.."

"မိတ်လိုက်နေကြတာ.."

"သိပါတယ်.."

ကိုယ့်ဘာသာစလိုက်မိပြီး အဆုံးသတ်ဖြေပေးလိုက်တော့လည်း ကြိုက်။ အပေါ်နှုတ်ခမ်းဖျားလေးတွေအထက်မှာ ချွေးစလေးတွေ က်နေတာကို စိုက်ကြည့်ရင်း မိုးခြိမ့်ကပြုံး၍.. ။

"အဲ့လိုအချိန်မှာ မြွေတွေကဒေါသကြီးတယ်..အဆိပ်ပြင်းတ
အကိုက်ခံလိုက်ရရင် တုံးခနဲပဲတဲ့.."

"အဲ့ဒါလည်းသိတယ်.."

မောင်မောင်က ကြောက်လန့်ခြင်းတွေကို ပြန်လည်ထိန်း လိုက်သည့်မျက်နှာလေးနှင့် ပိတ်ပြောသည်။ ပြီးတော့ အမှတ် လက်ကိုလွှဲလိုက်မိလျှင် တောက်လျှောက်ဆွဲကိုင်လာခဲ့သည့် မိုး လက်ထဲက ကိုယ့်လက်ကိုသတိရသွား၏။ မိုးခြိမ့်လည်း သူမနည်း ပဲဖြစ်ကာ ဆုပ်ကိုင်ထားမိဆဲလက်တို့ကို ငုံ့ကြည့်မိကြတာပြိုင်တူ၊ တော့ မျက်လုံးချင်းပြန်ဆုံ၏။ ပြီးတော့ စက္ကန့်အနည်းငယ် သွားခဲ့လျက် မောင်မောင်ကအရင်မျက်နှာလွှဲ၏။ လက်ကိုလွှဲရှုန်း ရင်း နေရာမှလှည့်ထွက်သွားလေသည်။

"မောင်မောင်..ဟိတ်.."

မောင်မောင်က လှည့်မကြည့်ဘဲ.. ၊

"ဘာလဲ.."

"မင်းခုနက ရေချိုးနေတာလား.."

မေးနေရင်း မောင်မောင်ထွက်သွားတဲ့အတိုင်း လျှောက်ဝင်လာ ရင်း.. ၊

"မင်းအတွက် အိမ်နောက်ခန်းမှာ ရေချိုးခန်းထည့်ပေးထားတ လေ.."

မောင်မောင် ခြေလှမ်းတုံ့သွားသည်။ မိုးခြိမ့် သူမဘေးကိုရော လာကာ.. ၊

"ဟိုတုန်းက ဒေါ်လေးတို့ကာပေးထားတဲ့နေရာမှာ မချိုးနဲ့တော့ ခြေရင်းထောင့်မှာဆိုတော့ ဟိုဘက်ဝက်ခြံကနေ လှမ်းကြည့်ရင်

"ကျွန်တော့်ဘာသာဘယ်မှာချိုးချိုးဗျာ..အစကနဲ့ခု ဘာ ပြောင်းလဲဘူး၊ ပြောင်းလဲရမှာစိုးလို့ ဒီမှာပဲနေတာ..ခင်ဗျားကျွန် ကို အားနွဲ့တဲ့မိန်းမသားဆိုတဲ့အမြင်နဲ့ ဦးစားပေးဆက်ဆံမနေနဲ့၊ ကပိုဆိုးတယ်.."

"ဘာပိုဆိုးတာလဲ.."

"ကျွန်တော်ကသိကအောက်ဖြစ်ရတာလေ.."

"ဒါဆို မင်းကိုယ်မင်းယောကျ်ားလေးလို အစဉ်သဖြင့်နေ



တော့မယ်..ဒီလိုလား.."

"အဲ့ဒါလည်း ခင်ဗျားစိတ်ဝင်စားဖို့မလိုဘူး..ကိုအောင်ကြီးတို့ ချက်လောက်လစ်တာနဲ့ ကျွန်တော်ကသွားမှာ.."

"ဘယ်ကိုလဲ.."

"ဘယ်ကိုဖြစ်ဖြစ်.."

မိုးခြိမ့်က စိုက်ကြည့်နေရင်း ခပ်နွဲ့နွဲ့ခါးထောက်၍.. ၊

"အောင်ကြီးတို့ကလွဲပြီး ဘယ်သူ့ကိုမှ ဂရုစိုက်ဖို့မလိုဘူးလို့ပြော ကိုက်တာပေါ့.."

မောင်မောင်က ဖျတ်ခနဲမျက်လွှာပင့်ကြည့်သည်။ တိုစိပ်စိပ်မျက် တောင်တို့ ဝန်းရံနေကြသော မျက်ဝန်းတွေက စူးရဲနေသည်။ သူမတစ် ဖြေလာတာနှင့် ကျကျနနမေးခွန်းထုတ်ဖို့ အဆင်သင့်ဖြစ်နေသော ခမ်းတို့မှာ တည်သည်ပြုံးသည်မမည်သော တွန့်မဲ့ခြင်းတို့နှင့်..၊

"အောင်ကြီးတို့ထက်ပိုပြီး မင်းကိုဂရုစိုက်တဲ့သူတွေကို မင်းဒီလို တုံ့ပြန်ခဲ့မှာလား.."

"ကျွန်တော့်ဘက်ကအကျပ်အတည်းကို သိရဲ့သားနဲ့ ခင်ဗျားပြန် မေးခွန်းတွေ ထုတ်မနေပါနဲ့..ကျွန်တော်ကညှော်သည် တစ်နေ့ပြန် မှာပဲ.."

မိုးခြိမ့် နောက်ထပ်ဘာမှထပ်မပြောနိုင်ခင် မောင်မောင်ကလှည့် ကာခဲ့၏။ မိုးခြိမ့်က မဲ့လိုက်ပြီး.. ၊

"ညှော်သည်ဖြစ်သွားရင်လည်း မင်းပဲ..အိမ်သားလိုနေလာခဲ့တော့ သည်းမင်းပဲ၊ ငါတို့ဘက်ကတော့ ဘယ်လိုသတ်မှတ်ချက်မှ ထားခွင့် ရှိဘူးပဲ.."

မောင်မောင်ခြေလှမ်းတုံ့သွားပြန်သည်။ မိုးခြိမ့်က ခပ်လှုပ်လှုပ် လျှောက်လာခဲ့ရင်း သူမဘေးမှာရပ်လိုက်ကာ.. ၊

"မင်းကိုငါအလျှော့ပေးလာခဲ့တာ ဘယ်သူ့တိုက်တွန်းချက်မှမပါ ဘူး..မင်းဆရာဝန်ဖြစ်နေလို့လည်း မဟုတ်ဘူး၊ မြို့သားလူချောလူလှ ဖြစ်နေမို့လို့လည်း မဟုတ်ဘူး..မင်းကို ငါ့ညီလေးလိုခံစားမိပြီးချစ်ခဲ့တာ"

မောင်မောင့်မျက်တောင်ဖျားတို့ ဖျတ်ခနဲလှုပ်ခတ်သွားသည်။ မျက်ဝန်းတို့သည် မိုးခြိမ့်ထံဦးတည်လိုက်ပေမယ့် ခရီးဆုံးထိမဟုတ်ဘဲ ခြားကိုလွှဲဖယ်သွားခဲ့၏။ မိုးခြိမ့်က စူးစိုက်ကြည့်နေခဲ့လျက်.. ၊

"မိန်းကလေးမှန်းသိလိုက်တော့ ငါနည်းနည်းရှက်သွားတယ် မိန်းကလေးတစ်ယောက်က လိမ်ညာနေခဲ့တာကို လနဲ့နှစ်နဲ့ချီတဲ့အထိ တုံးခဲ့လေခြင်းဆိုပြီး.."

"ခင်ဗျားတို့ကို ညာရဖို့အတွက် ကျွန်တော့်ကိုယ်ကျွန်တော် ရင်ညာရတာပါ..ညာနေရတာကို ရင်ဆိုင်ရဲဖို့ ကိုယ့်ကိုယ်ကိုပြန်တိုက် နေရတဲ့ဒုက္ခကိုလည်း ကိုယ်ပဲခံစားရတာ.."

"ဘာလဲ..ပြန်တောင်းပန်ရဦးမလား.."

"ပြောပြတာ.."

မောင်မောင့်မျက်နှာလေးက တင်းနေကာ.. ၊

"ကျွန်တော်ဘယ်သူ့ကိုမှ ထိခိုက်နစ်နာဖို့ မရည်ရွယ်ခဲ့ဘူး ကိုယ့်ပြဿနာကိုယ်ရှင်းဖို့အတွက် ကြံသလိုနေခဲ့ရတာ၊ ဒါကလည်း ကျွန်တော် တော်လွန်းလို့မှမဟုတ်ဘဲ.."

အမေတို့ဘယ်လိုမသိအောင် ကူညီပေးမခဲ့သလဲဆိုတာတွေ သူမရည်ရွယ်တာပါ။ သူလည်း ဒေါ်လေးတို့ပြောပြလို့ သိပြီးပြီ သည်။ ပြီးတော့ မဖြူဝင်း..။ သူမဆီကနေ မရှိမဖြစ်သုံး မိန်းကလေး အသုံးအဆောင်လေးတွေ အဝတ်အစားတွေကို တိတ်တဆိတ်ဝယ် သုံးစွဲပြီး အဆင်ပြေခဲ့တဲ့အကြောင်း.. ၊

"ကျွန်တော့်ကိုအဲ့ဒီလိုစကားတွေ မရိုပါနဲ့.."

"ဘာလဲ..ဘာစကားလဲ၊ မင်းဘာပြောပြော ပြောသင့်တာ ချည်းဖြစ်နေပြီး ငါကပြောလို့မရဘူးလား.."

"မဟုတ်ဘူးလေ..ကျွန်တော့်ဘက်ကတော့ ဘာမှမမှားခဲ့ဘူး။ ခင် ဗျားတို့ဘက်ကဆိုရင် မသိတတ်တာတွေ ကျေးဇူးကန်းတာတွေ-

"ခဏနေဦး.."

မိုးခြိမ့်က သူမနားကိုထပ်တိုးလိုက်ပြီး မျက်နှာကိုသေချာကြည့် သည်။ ပြီးတော့.. ၊

"မင်းအဖေရောက်မလာခင် မင်းထွက်သွားဖို့ ဆုံးဖြတ်ထား လား.."

မောင်မောင်က မျက်နှာလွှဲပစ်သည်။ သူဘာမှမမေးသေးဘဲ နှု ဆိတ်နေလိုက်၏။ ခဏကြာမှ.. ၊

"ဟုတ်တယ်.."



"အင်း..အလစ်ငိုက်စောင့်နေတဲ့သူအတွက် တစ်ချိန်မဟုတ်တစ် ချိန်တော့ လစ်မှာပဲ၊ ဒါပေမယ့် လစ်လစ်မလစ်လစ် မင်းထွက်သွားလို့ မှာမဟုတ်ဘူး.."

မျက်ဝန်းနှစ်စုံ ဖျတ်ခနဲကပ်ငြိသွားသည်။ သူမနှုတ်ခမ်းလေးဆီ ကြည့်ရောက်သွားခဲ့လျှင် မိုးခြိမ့်ချက်ချင်းမျက်နှာလွှဲလိုက်ပြီး.. ၊

"မိသားစုစိတ်ဓာတ်နဲ့ပြောရရင် ငါတို့မှာစောင့်ရှောက်ရမယ့်ဝတ္တ ရားရှိတယ်..အဲ့ဒါကြောင့် ခွင့်မပြုနိုင်ဘူး.."

"အပိုတွေပြောမနေပါနဲ့..ခင်ဗျားနဲ့တွေ့တုန်းကလည်း ကျွန်တော် တစ်ယောက်တည်းပဲ၊ ခင်ဗျားမခေါ်ချင်ဘဲ ကျွန်တော်ပဲဇွတ်လိုက်လာခဲ့ တာ.."

"မင်းငါ့ကိုစားထောက်ပြီး လိုက်လာတာတော့မဟုတ်ဘူးမို့လား"

"ကိုခြိမ့်.."

"ပြော.."

"ခင်ဗျားကျွန်တော်ပြောနေတာကို မရှင်းဘူးဖြစ်နေတယ်..ကျွန် တော့်ကိုမိန်းကလေးတစ်ယောက်လိုမြင်နေတာ ကျွန်တော်မကြိုက်ဘူး"

"ကြိုက်ကြိုက်မကြိုက်ကြိုက်..မင်းကမိန်းကလေးပဲ၊ ယောကျ်ား လေးလိုမြင်တိုင်း ယောကျ်ားဖြစ်သွားမှာလား.."

မောင်မောင်က သူ့မျက်ဝန်းတွေထဲကို စိုက်ကြည့်နေရင်း နှုတ် ခမ်းသားလေးတွေ တင်းခနဲဖိပိတ်သွားသည်။ ပြီးတော့ တရားခံစစ်သ လို တစ်ခွန်းချင်းမေးလေသည်။

"ကျွန်တော် ကိုအောင်ကြီးတို့ဆီမသွားဘဲ ဒီမှာပဲနေခဲ့တာ ခင် ဗျားဘယ်လိုထင်သလဲ.."

မိုးခြိမ့်မျက်မှောင်ကုတ်သွားသည်။ ပြီးတော့ မဖြေဘဲ ပြတင်း တံခါးဆီလျှောက်သွားကာ တံခါးနှစ်ဖက်စလုံး တွန်းဖွင့်လိုက်၏။ နေ ကျချိန်ပေမယ့် ညနေသုံးနာရီဝန်းကျင်ခန့်သည် ပူအိုက်ခြင်းကိုအပြည့် အဝဘာဝန်ယူနိုင်သော နေမင်းသခင်၏သက်တမ်းရင့်လက်ဆောင်ဖြစ် လေသည်။ ထို့ပြင် နှစ်ယောက်သား စကားလက်ဆုံကျဖြစ်ခဲ့သည့်နေ ရာသည် လေဝင်လေထွက်ပိတ်နေသော အိမ်မကြီး၏နောက်ခြမ်း မီး ဖိုဆောင်ဘက်အထွက်နားမှာဖြစ်နေသည်။ တံခါးဖွင့်လိုက်သဖြင့် ဟူး ခနဲပြေးဝင်တိုးတိုက်သွားသည့် လေနုအေးသည် ပူအိုက်လောင်မြိုက်နေ

ခဲ့သည့်ကိုယ်ကို စိမ့်အေးသွားစေခဲ့၏။

မောင်မောင်က နဖူးပေါ်ကဆံပင်တွေကို မျက်နှာမော့ခါ လိုက်ပြီး နဖူးကိုလက်ဖနောင့်နဲ့ ပွတ်သုတ်ပစ်၏။ ပြီးတော့ လ ပါလာသည့်ချွေးစတို့ကို ပြန်ငုံ့ကြည့်လျက် တံခါးဖွင့်ပြီး ပြန် လိုက်သည်မို့ မိုးခြိမ့်ကမြင်သွား၏။ ထို့ကြောင့် ပြန်လှည့်ပြီး စွက်တွေကို ဘောက်ချိတ်နဲ့သေချာထောက်ထားလိုက်ကာ သူ့ကို ခြေလှမ်းရွေ့၍ ပြတင်းပေါက်ရှေ့ကဖယ်၏။ ပြီးမှ.. ၊

"ငါဘာတွေပြောနေနေ မင်းရှိနေတာနဲ့ပတ်သက်ပြီး ဆိုး ကောင်းသည်ဘာမှ.."

"ခင်ဗျားကို ကျွန်တော်မေးထားတာ အဲ့ဒါတွေမဟုတ်ဘူး

"ဘာကိုလဲ..မင်းကကိုယ်တိုင်ကျတော့ ပဟေဠိတွေနဲ့နေ ပြီး မင်းသိချင်တာကျတော့ ပလိပ်စစ်သလိုပါလား.."

"အစကမသိချင်ခဲ့ဘူး.."

"ခုသိချင်တာက.."

"ခင်ဗျားစကားတွေက အဲ့ဒီဘက်ကိုသွားနေလို့.."

"ဘယ်ကိုလဲ..ပြောကြည့်စမ်းပါ.."

မိုးခြိမ့်က စားပွဲဟောင်းကြီးဘေးက ကျောမှီမရှိတော့သည် လားထိုင်ကို ခြေထောက်နဲ့တိုက်ဖယ်လိုက်သည်။ ပြီးတော့ စား မှာ လက်တစ်ဖက်ထောက်လိုက်ရင်း.. ၊

"ငါထင်တာကို မင်းမေးနေတာထက် မင်းထင်နေတာက အ ဆိုတော့ မင်းထင်တာအရင်ပြော.."

မောင်မောင်က နှုတ်ခမ်းတစ်ချက်ဖိလိုက်ပြီး မျက်တောင် ၏။ ပြီးမှ သူ့ကိုပြန်ကြည့်ကာ.. ၊

"ကျွန်တော်ကခင်ဗျားကို.."

ဘယ်လိုအားတင်းလိုက်ပေမယ့် ပြောလို့မထွက်။ ဒါပေမ ခြိမ့်ကသိသည်။ သိပေမယ့် နည်းနည်းမှစကားမထောက်ဘဲ သူမ လာတာကို စောင့်နေခဲ့၏။

"ခင်ဗျားကျွန်တော်မိန်းကလေးမှန်း သိလိုက်တည်းက ပ လိုတွေထင်နေတာ.."

"ဟွန်း.."



ဘာရယ်တာလဲဆိုသည့် မကျေနပ်ကြည့် ဒိုင်းခနဲရောက်လာ သည်။ ထိုစဉ် ဟူးဟူးရားရားတိုးဝှေ့လာသည့် လေပြင်းတစ်ချက် ကြောင့် အပြင်အဝတ်ကြိုးတန်းပေါ်မှာ လှန်းထားသောမောင်မောင့် င်းစည်းပဝါပါးလေးက ပြတင်းပေါက်ကနေ ဝှေ့ဝဲပါလာခဲ့၏။ ထို့ က် မိုးခြိမ့်ရဲ့ပခုံးတစ်ဖက်ကနေ ရင်ဘက်တစ်ခြမ်းမှာ လွှားခြုံလိုက် ကဲ့သို့ ဖေးတင်ငြိမ်သက်သွားခဲ့ပြီး.. ၊

"အဲ့ဒါရော မင်းဘယ်လိုထင်လဲ.."

ငုံ့ကြည့်ပြီး မိုးခြိမ့်ကအသာလေးဆွဲယူလိုက်၏။ မောင်မောင်က က်လှမ်းလျှင် တစ်ဖက်လက်နဲ့ဖယ်ချပစ်လိုက်ရင်း.. ၊

"အရာရာက သူ့သဘောအတိုင်းပဲ..မင်းဖြစ်စေချင်တာလည်း မ တ်ဘူး၊ ငါဖြစ်ချင်ခဲ့တာလည်း မရှိဘူး...အဲ့ဒါကပြီးခဲ့တဲ့အပိုင်း၊ အ အပိုင်းမှာ ဘယ်သူဘာဖြစ်ချင်သလဲ မဖြစ်ချင်ဘူးလဲဆိုတာလည်း ဒါသူ့သဘောအတိုင်းပဲ၊ သူ့သဘောဆိုတာက အခြေအနေအချိန်အ .."

"စကားလုံးအကြီးကြီးတွေနဲ့ လှည့်ပတ်ပြောမနေနဲ့ကိုခြိမ့်..ကိုယ် ချင်တာကို ကိုယ်ဆုံးဖြတ်နိုင်တယ်၊ အဲ့ဒါကိုယ့်အခွင့်အရေးပဲ..ဒါ ကြောင့် ကျွန်တော်လည်းလုပ်သင့်တာကို လုပ်ခဲ့တာ၊ ဒါပေမယ့် ကျွန် တော်ကမိန်းကလေးဖြစ်နေတဲ့အတွက် ကိုယ်ကမှန်တယ်လို့ထင်ခဲ့တဲ့ ချို့တလေမှာ လွဲချော်မှုတွေရှိလာတယ်..ခင်ဗျားကိုပြောချင်တာက.."

"မင်းချည်းပဲပြောနေတာ တော်သင့်ပြီမထင်ဘူးလား.."

"ခင်ဗျားပြောတာတွေကို ဖြန်ပြောမလို့လေ.."

မောင်မောင်က သူ့လက်ထဲမှာ ဆုပ်ကိုင်ထားသည့်သူမရဲ့ပဝါကို မ်းကြည့်၏။ ပြီးမှ မျက်လုံးပြန်လွှဲကာ.. ၊

"စိုက်ခင်းမှာ ခင်ဗျားပြောခဲ့တာတွေကို ချက်ကြီးတို့ကျွန်တော့်ကို န်ပြောတယ်.."

"အဲ့ဒီတော့ ဘာဖြစ်သွားနိုင်လို့လဲ.."

"ခင်ဗျားစိတ်ဓာတ်ကို သိရတာပေါ့.."

မိုးခြိမ့်က ရယ်လိုက်ရင်း.. ၊

"ပြောပါ..မင်းသိသွားတာတွေ.."

"ဟွန်း...စကားအနိုင်လုပြောခဲ့တာပါလို့ ခင်ဗျားဖြေရှင်းမယ်မို့

လား၊ 'စကားထဲက တရားပါ'တယ်တဲ့..စိတ်ထဲမှာရှိလို့ နှုတ်က
တာ၊ ဘာကြောင့်ပဲပြောပြော ကျွန်တော့်ကိုမိန်းကလေးမှန်းသိလို
နဲ့ ချက်ချင်းပြောင်းလဲပစ်နိုင်တဲ့ ခင်ဗျားရဲ့စကားတွေက အကျည်
တယ်ကိုခြိမ့်..ဒီအိမ်ကိုရွေးချယ်ခဲ့တဲ့ မိန်းကလေးတစ်ယောက်ရဲ့
သိက္ခာကိုငဲ့ပြီး အနိုင်လုချင်တဲ့စကားမှာ စကားလုံးရွေးသင့်တ
တာလောက်တော့ ခင်ဗျားနားလည်ရမှာပေါ့.."

"ဒီစကားကြောင့်မင်းကသွားမှာလား.."

"အဲ့ဒါလည်းပါတဲ့သဘောပဲ.."

"ဟား ဟား ဟား.."

မောင်မောင် ထောင်းခနဲဖြစ်သွားသည်။ ဘယ်အရာမှာမှ
နက်မှုမရှိသလို မိုးခြိမ့်ရယ်ပြီဆို တစ်ဖက်လူဘာဖြစ်နေနေ တ
မှုငဲ့မကြည့်တတ်တာ အမုန်းဆုံး။ ဒေါ်လေးနဲ့ဒေါ်လေးထားခင်တို့
ခုခုပြောဆိုဆုံးမနေရင်လည်း ဒီအတိုင်း။ တစ်ခုခုကြောင့် ဒေါ်
ထွက် အချေအတင်တွေ ဖြစ်နေကြတဲ့အခါမှာလည်း သူရယ်ချင်
ပစ်လိုက်တာ အရိပ်သုံးပါးနားမလည်တဲ့ ကလေးမို့လို့လား..။ ရ
တောင် လူမျက်နှာကို စေ့စေ့ကြည့်၍ ခေါင်းခါလိုက်သည်။ ထို့

"ဖြစ်ရတယ်ကွာ..ရည်စားစကားများပြောမိရင် ဘယ်လို
လဲ.."

"ဘာ.."

"ငါမင်းကိုပြောမိလို့လား.."

"ကိုခြိမ့် ခင်ဗျားနော်.."

ဒေါသလား ရှက်လာတား မသိပေမယ့် ရဲတက်လာသည့်
မောင့်မျက်နှာလေးက မိန်းမဆန်စွာ ချစ်စဖွယ်လေး ဖြစ်လာခဲ့
သူမကတော့ ဒီဒေါသကြောင့်ဘယ်လောက်ထိ အန္တရာယ်ကြီး
ဆိုတာ သိပုံမပေါ်.. ၊

"စကားတစ်ခွန်း လေးလေးနက်နက်ပြောကြည့်လိုက်ဦး..
ရဲ့ပေါ့ပျက်မှုတွေ ဘယ်လောက်ထိ အဆိပ်သင့်နေသလဲသိအော

"နေရာတကာတော့ ပေါ့ပျက်မနေပါဘူး..ဒါပေမယ့် မင်း
ကြည့်လေ၊ မင်းရဲ့တောင်ကြီးက မင်းကိုစိတ်နဲ့တောင် မပြစ်မှားန

"အဲ့ဒါနဲ့ပဲ ခင်ဗျားက.."



"ပြစ်မှားမှာပဲလို့ ပြောခဲ့တယ်.."

မောင်မောင့်မျက်နှာကို မိုးခြိမ့်က စေ့စေ့ကြည့်ကာ.. ၊

"ဝစီကံဆိုတာ ယောကျ်ားသဘာဝအရ ကန့်သတ်ချက်မရှိဘူး..
ကံဆို ပိုဆိုးပြီး၊ စိတ်ဆိုတာက.."

"တော်တော့ခင်ဗျား.."

"နေဦး..မပြီးသေးဘူး.."

ထွက်သွားဖို့ကြိုးစားတော့ မိုးခြိမ့်ကလက်ကို ဖက်ခနဲဖမ်းဆွဲ၏။
င်မောင်ပြန်ရုန်းလိုက်သဖြင့် ပို၍ဖိဆွဲလိုက်လျှင် ပခုံးချင်းတိုက်မ
ပြန်၍နီးကပ်သွားခဲ့၏။ ဒေါသထွက်ထွက်နှင့် ဆောင့်ခါရုန်းပေ
လည်း မရ.. ၊

"ခင်ဗျားဘာလုပ်တာလဲ..လွှတ်.."

"မင်းကို မိန်းကလေးလိုမြင်နေတာ မကြိုက်ဘူးဆို..ဟိုအရင်က
ကို ငါဆွဲတာဖက်တာတွေ မရှိခဲ့လို့လား.."

တမင်ညစ်လိုက်တာမှန်းသိသည်။ မျက်နှာကြီးတစ်ခုလုံးကို
ရှိလက်ရှိ ပိတ်ကန်ထိုးကြိတ်ပစ်ချင်၏။ သို့သော် သူမဆတ်ဆတ်
ခါဖြစ်နေသမျှ ဒီလူတမင်ရွဲ့ချိတ်နေတာတွေ ပြီးသွားမှာမဟုတ်မှန်း
လိုက်သဖြင့် အံကြိတ်လိုက်ရင်း.. ၊

"ဟုတ်တယ်...ရှိခဲ့တယ်၊ ဟိုတုန်းတည်းက မသိချင်ယောင်
ောင်ပြီး အသားယူနေတာလည်း ဖြစ်နိုင်တာပဲ.."

မိုးခြိမ့်က ပြုံးနေလျက် စိတ်ဆိုးပုံလည်းမပေါ်.. ၊

"အဲ့ဒါတော့ လုံးဝမှားတယ်ကွ..ငါမင်းကို ကိုယ့်ညီလေးလိုပဲချစ်
တာ.."

မောင်မောင်က လက်ကိုကြိတ်ရုန်းသည်။ သူက ဖိဆုပ်ထား
က်နှင့်.. ၊

"ဒါပေမယ့် ခုကျမှ..အဲ မိန်းကလေးမှန်းသိနေကာမှ စိတ်နဲ့
ောင်မပြစ်မှားနဲ့ဆိုတာ အိပ်နေတဲ့သူကို ပုတ်နိုးလိုက်သလိုပဲ၊ မပြစ်
နဲ့ဆိုမှ ပြစ်မှားကြည့်ချင်တာ.."

"လုပ်လိုက်စမ်းပါ..ကဲ.."

ဒေါသကထိန်းလို့ မရတော့ပေ။ လွှတ်နေသည့်လက်တစ်ဖက်က
ခြိမ့်မျက်နှာပေါ် ခွပ်ခနဲကျသွားခဲ့၏။ ရုတ်တရက်စိတ်လွှတ်သွားတာ

မို့ ထိုးပစ်လိုက်ပြီးမှ ကယောင်ချောက်ချားဖြစ်သွား၏။ ဒါပေ မတတ်နိုင်။ ထိတ်ပျာသွားသည့် ကိုယ့်ကိုယ်ကိုထိန်း၍ လက်ကိုဆ ပစ်လိုက်ပြီး.. ၊

"လေးစားဖွယ်ရှိရင် လေးစားမယ်..ရွံစရာဖြစ်လာရင် တံ ထွေးမှာပဲ၊ ခင်ဗျားသိထားဖို့က ချစ်သမျှကိုဘဝမှာလည်း ကျွန် ကကိုကို..မောင်မောင်ဖြစ်သွားမှ ယောကျ်ားလိုနေတတ်ခဲ့တာ မ ဘူး၊ ကျွန်တော့်ကို ဒီလိုပုံစံအနိုင်ယူဖို့ ဘယ်တော့မှမစဉ်းစားနဲ့

မိုးခြိမ့်မျက်နှာ သူမဘက်ပြန်ရောက်လာတော့ အံကြိတ် သည့် အေးစက်စက်မျက်ဝန်းတွေနဲ့ဖြစ်ကာ.. ၊

"အနိုင်ယူဖို့အတွက် ငတ်တုတ်ထိုင်စဉ်းစားနေစရာ မလိုဘူ ရှုံးအနိုင်ဆိုတာ လက်တွေ့မှာပဲရှိတာ.."

"ခင်ဗျား..ခင်ဗျားနော်.."

"ဘာလို့အသည်းအသန်ရှုန်းနေတာလဲ..မင်းကိုယ်မင်း ကျားလိုပဲ နေတတ်ခဲ့တာဆို.."

"မိုးခြိမ့်..ခင်ဗျားမညစ်ပတ်နဲ့၊ လွှတ်..ဟင့်အင်း.."

မောင်မောင် မရမကပြန်ရုန်းပေမယ့် သူ့ရင်ခွင်ထဲပစ်ကျ လိုက် ပြန်ကွာသွားလိုက်နှင့် မလွတ်မြောက်ခြင်းသည်.. ၊

"ဟင့်အင်း..မယုတ်မာနဲ့၊ ဟင့်အင်း ဟင့်အင်း.."

လက်နှစ်ဖက်စလုံးကို အတင်းအကျပ်ဆွဲချုပ်ထားလိုက်ပြီး တစ်ကိုယ်လုံးသည် သူ့ရင်ခွင်ထဲမှာ လှုပ်လို့မရအောင် မြုပ်ကွယ် ခဲ့လျက်.. ၊

ကာရံမဲ့ရင်သံများ၏ ပင့်သက်ကရှည်၏။
ကဗျာမလှသော်လည်း စာအရဆိုရပါမှ
ဒီအနမ်းများနှင့်ပတ်သက်၍ ကျွန်တော်သည်သူမကို...

**အချစ်သို့စိမ့်ဝင်ခြင်း(၂)**

>.> <<

အခန်း(၃၇)

"တစိမ့်စိမ့်ကြည့်နေပြီးမှ ချစ်လို့ရတာမဟုတ်ဘူးကွ..သေချာ ယ်၊ မင်းမောင်မောင့်ကို ချစ်နေပြီ.."

မိုးခြိမ့် ဘာမှမပြောဘဲ ငူငူကြီးထိုင်နေ၏။ နမ်းခဲ့မိသည့် သူမရဲ့ ုးပြေပြေ ပန်းရင့်ရောင်ပါးမို့လေးတွေနဲ့ သန္တာရောင်နှုတ်ခမ်း..သူ ယ်လောက်ထိ မေ့မူးပျော်ဝင်သွားခဲ့သလဲ..။ ရင်ခုန်သံတွေ ဘယ် လာက်တောင် ကြမ်းတမ်းခဲ့သလဲ..။ ဒေါသကြောင့် နမ်းမိတာလား.. နကြောင့် အနိုင်ယူချင်တာလား..သူဘာမှမသိ.. ၊

ဒါပေမယ့် နမ်းမိသည့်စက္ကန့်တွေမှာ သူရပ်တည်နေသည့် ကမ္ဘာ ကြ အစိုင်အခဲမဟုတ်ဘဲဖြစ်သွားခဲ့၏။ သက်ရှိသတ္တဝါတစ်စုံတစ်ရ အသံဗလံမှ သူမကြားတော့။ ကမ္ဘာ့လေထုကိုလည်း မေ့ခဲ့သည်။ သူတစ်ကိုယ်လုံး ကျင်ခဲအေးစိမ့်နေခဲ့သည်။ ပွေ့ဖက်ထားမိသည့် သူမ ကိုယ်ငွေ့နွေးက သူ့အတွက်ရှင်သန်ရာ။ ဖြည်လွှတ်ပေးလိုက်တာနဲ့ ကိုယ်ဟာခြေလွတ်လက်လွတ် ပြုတ်ကျသွားနိုင်သလို မက်မပြေစွာ ပိုက်ထားခဲ့မိသည်။ သူမလွတ်မြောက်သွားချိန်မှာ ရရှိခဲ့သော သူ့ ျက်နှာက ပြင်းထန်သည့် နာကျင်မှုတို့သည် အိပ်မက်ရန်ခုန်သံ ဘွထဲ က ဆွဲနှုတ်ယူလိုက်သလိုဖြစ်ခဲ့ပေမယ့် သူ့မှာအမျက်ဒေါသဆိုတာ အ

လျှင်းမဖြစ်ခဲ့ဘဲ.. ၊

"ဘာလဲမိုးခြိမ့်..မင်းစိတ်တိုနေတာလား.."

"အေးလေကွာ..မင်းဇွတ်တရွတ်ကြီး လုပ်ချလိုက်တာကို လောက်တော့ ပေါက်ကွဲမှာပေါ့ကွ၊ နဂိုတည်းက သူ့ကိုအဲ့လိုဆ တာ မကြိုက်ဖြစ်နေတဲ့ဟာ.."

"ဘာပဲဖြစ်ဖြစ် သူကယောကျ်ားလျာမှ မဟုတ်တာ.."

"မဟုတ်ပေမယ့် မိန်းကလေးတစ်ယောက်လို မနေချင်ပါဘူ ပြောနေတာပဲကွ..ငါ့အထင် မင်းသူ့ကိုဖောက်ပြန်မှာ ကြိုသိပြီး ကွယ်ထားချင်တာတောင် ဖြစ်နိုင်သေးတာ.."

"ငါသူ့ကို ရင်ခုန်ခဲ့တာ..ဘယ်လိုပြောရမှန်းကို မသိဘူး၊ ကူ

"ဟမ်.."

"အဲ..လုပ်ပြီ.."

ငြေတို့ နှစ်ယောက်စလုံး ခေါင်းကုတ်ကြ၏။ မိုးခြိမ့် နှင့် ထောင့်တစ်ဖက်မှာ သွေးစနှင့် ဒဏ်ရာကရှိနေဆဲ။ ဒီဒဏ်ရာကို မလွယ်သေးသဖြင့် အိမ်မပြန်ဘဲ စိုက်ခင်းဘက်မှာ လာနေခဲ့ခြင်း ကာ အလုပ်လုပ်ဖို့လာကြသည့် ဓာတ်တိုင်တို့လည်း ငုတ်တုတ်မေ သည်။

"မင်းကလည်းမိုးခြိမ့်ရာ..နိတြာ့ကြောင့် အရက်သမားဖြ ပြတ်တာတောင် မကြာသေးဘူး.."

"ကြိုက်တာကကြိုက်ပါ..နိတြာအိမ်ပေါ်ရောက်လာပေ လက်ထပ်ခဲ့ကြတာလည်း မဟုတ်ဘူး၊ တစ်ယောက်သေလို့ နေ တစ်ယောက်ကိုကြိုက်တာဖြစ်ဖြစ် နှစ်ယောက်ပြိုင်တူကြိုက်ေ ယောကျ်ားလေးပဲ..ရည်းစားမှိုလိုပေါက်တော့ ဘာဖြစ်လဲ၊ ဒါပေ မင်းက ခံစားလွယ်တဲ့ကောင်.."

"လျှောက်မပြောနဲ့ဓာတ်တိုင်..ငါအဲ့လိုကောင်မဟုတ်ဘူး..

ပြောရင်လည်းမကြိုက် ဖြစ်ပြီဆို သူ့လောက်အသည်းအ ဘယ်သူဖြစ်လို့လဲ.. ၊

ဓာတ်တိုင်က ရှုံ့မဲ့ကြည့်ပြီး ခေါင်းခါသည်။

"အနေအထားနဲ့ကြည့်ရင် အောင်ကြီးတို့ညီမဖြစ်နေ ကြောင်းရယ် မြို့ကသူဌေးသမီး ဆရာဝန်ဖြစ်နေတာရယ်..အဲ့ဒါေ



ာ မင်းအတွက် လွတ်လမ်းမရှိဘူးဖြစ်နေတာ၊ ဒါပေမယ့် မောင်မောင် ာ အဲ့ဒါတွေနဲ့တော့ မသက်ဆိုင်ပါဘူး..သူ့ရဲ့ပင်ကိုယ်စိတ်ရင်းကိုက ာနကြီးတာ၊ မှန်တယ်ထင်ရင် လုပ်ရဲတယ်..မိန်းကလေးတစ်ယောက် အနေနဲ့ အံ့သြလောက်အောင် သွေးအေးတယ်၊ အဲ့ဒါတွေကြောင့်လည်း င်းအတွက်မလွယ်.."

"လွယ်တာတစ်ခုခုပြောကြည့်ပါလား.."

မိုးခြိမ့် ဒေါသထွက်ပြီး တစ်တစ်ခွခွဆဲသည်။

"မင်းကလည်းဟုတ်သားပဲ..လူပျိုအပျိုချင်း ချစ်ကြိုက်ကြတာ ါတွေမပါပါဘူး.."

"အဲ့ဒါဆို မိုးခြိမ့်ကသူ့ကိုယ်သူ မုဆိုးဖိုလို့ ခံယူချက်တွေထားနေ ာ ထည့်ပြောလေ..သူအဲ့လိုပြောတိုင်း ငါတို့တားနေကြတာ၊ မင့် ောင်နှားထောင်လို့လား.."

"ဟော့..ဘာတွေပြောနေနေ အိမ်ပေါ်ကိုမသာကြီးရောက်လာတာ ့ မုဆိုးဖိုမဖြစ်ဘူးဆိုတာ လူတိုင်းသိ.."

မိုးခြိမ့် မျက်နှာတည်တည်ကြီး သူ့ဘက်လှည့်လာတော့ ငြေ ားတစ်လစ်နှင့် ရပ်၏။

"ခိုးပြေးရတောင် မမြောက်ဘူးဆိုတာ ပြောတာပါ.."

"တောက်.."

ဓာတ်တိုင်က တက်ခေါက်လိုက်ပြီး ပုဆိုးပြင်ဝတ်ကာ.. ၊

"ဘယ်လိုအကုသိုလ်တွေနဲ့များ ဒီကောင်တွေရဲ့ နမတွေနဲ့ချည်း ာလာကြိုက်နေမိတာတုံး..ဟောဒီ မိုးခြိမ့်ဆိုတဲ့ကောင် နှလုံးသားများ ျွန်းခံနေသလားပဲ.."

"ကျွန်းပဲခံခံ..ဟိမဝန္တာတစ်တောလုံးပဲ ပိတ်နေနေ ငါတော့အား ာတယ်မိုးခြိမ့်..သူ့ဟာသူ သိကြားမင်းသမီးဖြစ်ဖြစ် ယက္ခကုမ္ဘာန်တွေ ိုင်းနေနေ၊ အချစ်အတွက် မတရားတာမရှိဘူး..ဘာလုပ်ရလုပ်ရ ဘာဝမကျတာလည်း မရှိဘူး.."

မိုးခြိမ့်ငြိမ်နေတာကို ဓာတ်တိုင်က ကြည့်၍.. ၊

"ဘာတွေတွေးပြီး လေးလံတွေဝေနေတာတုံး..မင်းဒီလောက်သ ကြောင်ဘဲနဲ့.."

"ဒါပေမယ့် နည်းနည်းတော့ အံ့ဖွယ်ရှိတယ်ကွ..မောင်မောင့်ကို

မင်းအဲ့လိုပြောင်းလဲနေတာ ငါတို့လည်းမသိရပါလား၊ အကြော
ကြား ဘာမကြား..အဟဲ.."

ချက်ချင်းဖြစ်သွားသည့် ငြေမျက်နှာက စပ်ဖြဲဖြဲမရဲတရဲ

"ငါတို့ထင်သလို ယောက်ျားချင်းကတည်းကများ ဖောက်ပြ
နေတာလား.."

"ဟော့ကောင်.."

"မင်းကလည်း လန့်လိုက်တာကွာ..မေးကြည့်တာလေးကို

မကြည်လင်သည့်စိတ်က မိုးခြိမ့်မျက်နှာကို မှုန်းတည့်နေ
အောက်မှာ ငုတ်တုတ်ထိုင်ခိုင်းထားတဲ့အတိုင်း။ ပြီးတော့ နှ
ထောင့်က ဒဏ်ရာကိုလက်ခုံနဲ့ကပ်ထိလိုက်ပြီး ထိုလက်ကိုပြန်
ရင်း.. ၊

"ငါလည်းမသိဘူး..ဒါပေမယ့်.."

စကားသည် ဒီမှာခဏအရှိန်သေသွားခဲ့သော်လည်း.. ၊

"မိန်းကလေးမှန်းသိလိုက်တဲ့နောက်မှာ ငါမရတော့ဘူး.."

"ဟမ်.."

"သူ့ကိုယောက်ျားလေးလို ဘယ်လိုမှသဘောထားလို့မရ
တာပြောတာ.."

တော်သေးပါရဲ့ဆိုသည့် သက်ပြင်းချခြင်းက ရှည်လျာ
သည်။

"သူ့အတွက်လုံခြုံစေချင်တာတွေ..သူ့ကိုတစ်ခုခုလုပ်ပေး
တာတွေ သူ့အတွက် ဘာလုပ်မလဲဆိုတာချည်း ခေါင်းထဲရော
တာ၊ သူကတော့ အဲ့လိုလုပ်တာကို မကြိုက်ဘူးတဲ့..အဲ့ဒီမှာငြိကုန်

"ငြိသင့်တယ်..ဒါပေါက်တွဲတတ်တဲ့သဘော.."

"အေးလေ..သူ့ဟာသူဖြစ်လာတဲ့ ဝေဒနာကို ဘယ်လိုတာ
တုံး၊ ဒီကောင်ကိုက စေတနာစော်ကားရေးဆို ပေါ့ပေါ့ပါးပါးပဲ..
သဖြင့် မင်းပေးသမျှ.."

"ဒါလည်း ထူးခြားချက်ပဲမိုးခြိမ့်..ချစ်လို့ဖြစ်ဖြစ် မုန်းလို့ဖြ
ကွာ၊ မောင်မောင့်မှာ မင်းအတွက်တစ်ခုခုတော့ ရှိတယ်.."

"တစ်ခုမှ မရှိလို့တော့ ရမလားကွ.."

"ဘာတုံး..မင်းက.."



"ဒီလောက်အတူနေလာကြတာလေ..ခံစားချက်တစ်ခုခုကို ပြော
"

"တော်တယ်..မင်းသိပ်မထူဘူး.."

"နှမပေးမျိုး.."

"ရှိလည်းမပေးဘူး..စိတ်ကူးယဉ်မနေနဲ့.."

"မင်းတို့ကလည်း တစ်မျိုး.."

အနားကပ်ထိုင်နေသည့် ငြေကိုယ်ကြီးကို တွန်းပစ်လိုက်ပြီး
မြိမ့်နေရာကထသည်။ ဓာတ်တိုင်ကထမင်းထုပ်နဲ့ ရေဘူးပါသည့်
တ်လေးကို ကောက်၍.. ၊

"ပြန်တော့မှာလား..ငြေ ကိုယ့်ဥစ္စာကိုယ်ယူ၊ အသွားရော အပြန်
မင်းဟာကို ကိုင်မပေးနိုင်ဘူး.."

"သေနာကျ..စကားပြောရင် ဘယ်တော့မှ ကြားကောင်းအောင်
ပြောဘူး.."

"ပြောတတ်ဘူး..တည့်တည့်ပဲ.."

ရန်ဖြစ်ရင်း မိုးခြိမ့်ကို အမီလိုက်၍.. ၊

"မိုးခြိမ့် မင်းမျက်နှာမယောင်တော့ပေမယ့် ဒဏ်ရာကရှိသေး
ယ်နော်..ဒေါ်လေးတို့မေးရင် ဘယ်လိုဖြေမှာလဲ၊ စဉ်းစားပြီးပြီလား.."

"ဟုတ်တယ်..ဒေါ်လေးက မောင်မောင့်ကိုထိရင် နည်းနည်းမှ
ည်းခံမှာမဟုတ်ဘူး၊ သူ့မှာသားလို ဆက်ဆံနေတော့တစ်မျိုး..သမီး
သဘောထားလိုက်တော့လည်း သည်းသည်းလှုပ်နေတာပဲ၊ အဲ့ဒီကို
သွားရင် မင်းမလွယ်ဘူး.."

"အမေသိမှာ မကြောက်ပါဘူး.."

"မောင်မောင်မုန်းမှာလည်း ကြောက်မနေပါနဲ့..ခုလောက်ဆို ဓား
နေလောက်ပြီ.."

➤➤ ◀◀

## အခန်း(၃၈)

"မောင်မောင်.."

ခါတ်တိုင်က အသံတိတ်ခပ်ကုပ်ကုပ်ဝင်လာပြီး အနားကျမှ လိုက်သဖြင့် တန်းမှာအဝတ်ရုပ်နေရင်း လှည့်ကြည့်မိ၏။

"မိုးခြိမ့်ရော.."

မိုးခြိမ့်နာမည်မေးလိုက်တာနှင့် မောင်မောင့်မျက်နှာတည်သွ ၏။ ပြီးတော့ ရှေ့ပြန်လှည့်သွားလျက်.. ၊

"မသိဘူး.."

"အေးပါ..မရှိလေကောင်းလေပဲ၊ ဒီမှာ ငါနဲ့ခဏလောက်လို စမ်းပါ.."

"ဘာလုပ်ဖို့လဲ.."

"မိကြွယ်ပေါ့ဟာ..မင်းနဲ့ယှဉ်ပြီး ငါ့ကိုသိက္ခာချတုန်းကချ၊ ခု ခါ မင်းနဲ့သဝန်တိုနေပြန်ပြီ..အဲ စိတ်မဆိုးနဲ့နော်၊ အဲ့ကောင်မလေ ဦးနှောက်သိပ်မကောင်းဘူး..ထစ်ခနဲဆို ထင်ရာပြော ထင်ရာလု ကောင်မလေးဖြစ်သွားလိုက် ဒီလိုမိန်းမဖြစ်လိုက် မိန်းက တွေကွယ်ရာမှာ ယောကျ်ားလေးတွေ မလွယ်ပါလား.. ၊

"ငါတောင်းပန်ပါတယ်ကွာ..မင်းသိက္ခာမကျစေရပါဘူး၊ သူ



ပြောချလိုက်စမ်းပါ..ငါ့လိုကောင်ကို စိတ်မကူးဘူး၊ တူသလားတန် လား ဘာညာ ကြိုက်သလိုပြောချလိုက်..အဓိပ္ပာယ်မရှိတာတွေ သူ င်နေမှန်း သိသွားရုံလေးပါ.."

"ဘာပဲဖြစ်ဖြစ် ခင်ဗျားခေါ်လာတည်းက ခင်ဗျားနှုတ်တိုက်ချပေး စကားတွေပြောဟော့မှာ သူမသိဘဲနေမလား.."

"အောင်မယ်လေး..မိကြွယ်ဦးနှောက် ဒီလောက်များကောင်းရင် ရွာတစ်ရွာလုံးကို ခါးစောင်းတင်ကမ္ဘာပတ်နေလောက်ပြီ၊ ဘာမှမပူ ရွာလယ်ရေတွင်းနား ခဏပဲလိုက်ခဲ့.."

မောင်မောင် မျက်နှာတော့ မကောင်းပေ။ ယောကျ်ားလေးလိုဝတ် ပြီး ဒီနေ့ထိယောကျ်ားလေးလို နေထိုင်ပြောဆိုလာခဲ့တာမို့ မိန်းက းတစ်ယောက်ဆိုတာ ဖွင့်ချပြောရမည့် စကားတွေကိုမပြောချင်။ သာသိစေ မမြင်စေနဲ့ဆိုသည့်စကားအတိုင်း ရင်ဆိုင်ရမှာပဲဆိုတာ ထားခဲ့ပေမယ့် လက်တွေ့မှာမလွယ်.. ၊

"ကျွန်တော်လိုက်ရှင်းမှ ခင်ဗျားတို့အဆင်ပြေမယ့် သဘောလား"

"ဟုတ်တယ်..ငါတို့တွေ ပူးတွဲသွားလာခဲ့သမျှ မိန်းကလေးမှန်း လို့ တမင်တွဲနေကြတာလို့ သူကထင်နေတာ၊ ငါတို့တစ်အုပ်စုလုံး ကို ပိုးပန်းနေကြတာတဲ့.."

"မဟုတ်ရင် ပြီးတာပဲဗျာ.."

"မပြီးလို့ပေါ့မောင်မောင်ရာ..ဟိုတလောလေးက မင်းကိုစက်ဘီး က်မှာတင်ပြီး မဖြူအိမ်လိုက်ပို့တော့ မဖြူမရှိတာနဲ့ မင်းကငါ့ကိုစွ ပြန်ပါလာတယ်..ပြီးမှ ငါကမင်းကိုပြန်ပို့တယ်၊ အဲ့ဒါတွေ သူကအစ း ပြောပြပြီး ရန်လုပ်တော့တာပဲ..သူနဲ့ငါရန်ဖြစ်တိုင်း ငါကချော ၊ အခုမချော့ဘဲနေခဲ့တာကိုလည်း ငါကမင်းကို.."

"တော်ပါပြီ..တော်ပါပြီ.."

လက်ကာတားမိရင်း ဆံပင်တွေထဲ လက်ထည့်ဖွမိ၏။ ခါတ် တို့တွေက တကယ့်သူငယ်ချင်းကောင်းတွေပါ။ မိုးခြိမ့်လောက်မ းကြပေမယ့် သူ့အပေါ်မှာ ညာတာသည်။ ယောကျ်ားလေးလိုနေ းကရော မိန်းကလေးမှန်းသိခဲ့သည့်နောက်မှာရော ဆက်ဆံရေး င်းလဲသွားတာမျိုးမရှိ။ မိုးခြိမ့်ကို မေးမြန်းကြသလားမသိပေမယ့် အနေခက်အောင် ဘာမှမမေး..ဘာမှလည်း မပြောခဲ့ကြ။ သူတို့တွေ

ရဲ့ ရိုးသားမှုအတွက် ကိုယ့်ဘက်ကအခွင့်အရေးတွေတွက်ပြီး မဆို လိုနေဖို့ မသင့်ဘူးထင်သည်။ အတွေးနှင့်အတူ ဆုံးဖြတ်ချက်ချ ရင်း.. ၊

"သူ့ကိုစောင့်ခိုင်းထားခဲ့တာလား..လူဘုံအလယ်မှာ အကျ ဝင့်ကြီးတော့ မလုပ်နဲ့ဗျာ.."

"လူမများပါဘူး..သူ့သူငယ်ချင်းတွေလောက်ပဲ.."

"တစ်ဖွဲချင်း ရှင်းမယ်ဆိုလည်း မလိုဘူးဟော့ကောင်..ကိုယ့် ကိုယ်ရှင်း.."

မိုးခြိမ့်က အိမ်နောက်ဖက်က ထွက်လာ၏။ နက်ပြာရောင် လက်တိုနှင့် မီးခိုးရောင်ကွက်စိပ်ပုဆိုးကို ဝတ်ထားသည်။ ရေချိုးပြီး စံနှင့် မိုးခြိမ့်မျက်နှာက ကြည်စင်နေကာ သိမ်းလှန်ထားသည့် နား စပ်ဆံစတွေမှာ ရေစိုလက်စတို့ရှိနေသေး၏။ နှုတ်ခမ်းဖျားထက်မှာ မှောင်နေသော နှုတ်ခမ်းမွေးရာတို့က ရေချိုးပြီးစအချိန်တိုင်းမှာ သ စွာရှိနေတတ်ပြီး ညိုမှောင်သောမျက်ခုံးထူထူတို့နှင့် ယောကျ်ား ၏။ ဒီယောကျ်ားဟာ တောနဲ့မတန်အောင် တင့်တယ်စိုပြေသူဖြစ် ဘယ်နေရာ ဘယ်ရှုထောင့်မှာရှိနေနေ သူရှိနေသည့်နေရာမှာ ဆောင်.. ၊

ဓာတ်တိုင်ကိုကြည့်ပြောနေသည့် မိုးခြိမ့်မျက်နှာကို အမှတ် စိုက်ကြည့်နေမိရင်း ကမန်းကတန်းမျက်နှာလွှဲရသည်။ ပြီးတော့ တတ်သည့်လက်က ဆံပင်တစ်ချက်သပ်၍ ငုံ့လိုက်မိသေးသည်။ ပြန်ကြည့်၍.. ၊

"ကျွန်တော်ကလေးမဟုတ်ပါဘူး..ရှင်းသင့်တာ မရှင်းသင့် ကိုယ့်ဘာသာချင့်ချိန်လို့ရတယ်.."

မိုးခြိမ့်မျက်နှာ သူ့ဘက်လှည့်လာသည်။

"ခုကျတော့ မိန်းမပီသချင်နေပြန်ပြီ.."

မောင်မောင်က မျက်နှာလွှဲနေ၏။

"ဒါမဏ္ဍာပ်တိုင်တက်ပြရမယ့် ကိစ္စမဟုတ်ဘူး..မင်းကိုသူ နေတယ်ထင်ရင် ငြဲနဲ့ကြိုက်နေတယ်လို့လည်း ထင်နိုင်တယ် လည်း ထင်လို့ရတယ်၊ တစ်ရွာလုံးမှာရှိတဲ့ကောင်တွေ သူတို့ရည် တွေက သဝန်တိုနေလို့ပါဆိုရင်ရော လာခေါ်တိုင်း မင်းလိုက်ရှင်



မှာလား.."

မောင်မောင့်မျက်နှာ နီသွားသည်။ ဓာတ်တိုင်က ခေါင်းကုန် လိုက်ပြီး.. ၊

"ငါလည်း အဲ့လောက်အများကြီး မတွေးမိလို့ပါကွာ.."

"မတွေးမိဦးဆိုပြီး ခြေထောက်နှစ်ချောင်းကနေ ကိုင်ပေါက်သင့် တာမင်းကို.."

"အေးပါ..ငါမခေါ်တော့ပါဘူး.."

"ခေါ်တော့ရော ထည့်မှာမို့လို့လား.."

မောင်မောင့်မျက်ခုံးတန်းလေးတွေ တွန့်ကျသွားသည်။ ဓာတ် တိုင် ဒီတိုင်းလှည့်ထွက်သွားလျှင်.. ၊

"ကျွန်တော်လိုက်ခဲ့မယ်.."

ပြောပြီး တစ်ခါတည်းခြေလှမ်းပြင်သည်။ မိုးခြိမ့် မျက်နှာတင်း သွား၏။

"ဒါရွှံ့ရချိတ်ရမယ့် နေရာမဟုတ်ဘူး..အဓိပ္ပာယ်မရှိတဲ့ကိစ္စ.."

"ကျွန်တော်ဘာလုပ်ရမယ်ဆိုတာ တခြားလူလမ်းပြပေးဖို့မလိုပါ ဘူး..ရွှံ့ချိတ်နေရအောင် ကလေးလည်းမဟုတ်ဘူး.."

"ကလေးဆို တင်ပါးတစ်ချက်လောက် ပိတ်ရိုက်လိုက်တာနဲ့ပြီး တယ်..မင်းကမိန်းကလေး၊ ဒီအချိန် ရေတွင်းဟောင်းမှာ လူဘယ် လောက်စုံသလဲ မင်းသိလား.."

မိန်းကလေးတွေ ရေခပ်ကြပြီဆို သက်ဆိုင်သူကာလသားတို့ ခြေချင်းလိမ်အောင် ရှိနေတတ်ကြတာ ရွာရဲ့အထာတစ်ခု။ မိုးခြိမ့်မျက် လုံးတွေ စူးရဲလာကာ ဓာတ်တိုင်ကိုလှည့်ကြည့်လိုက်ပြီး.. ၊

"မင်းကဘာရပ်စောင့်နေတာလဲ.."

"မစောင့်ပါဘူး..သူပြောလို့ လှည့်ကြည့်တာပါ.."

"မကြည့်နဲ့..သူ့ဟာသူဖြစ်ဖြစ် မင်းခေါ်လို့ဖြစ်ဖြစ် အဲ့ဒီနေရာကို သူရောက်သွားတာနဲ့ မင်းမလွယ်ဘူး.."

အတိအကျယုံကြည်မှုများနှင့် မိုးခြိမ့်က အိမ်ထဲလှည့်ဝင်၏။ မောင်မောင်က သူ့ကျောပြင်ကို စူးစိုက်လိုက်ကြည့်နေပြီးမှ.. ၊

"အဲ့လို ဘာလိုလိုအပြောတွေနဲ့ အသားယူလိုက်တော့ ခင်ဗျား ပျော်သွားလား.."

"မင်းနဲ့အမုန်းခံပြီး ပြောလိုက်ရတာ ပျော်စရာလား.."

ချာခနဲလှည့်ကြည့်ခြင်းနှင့် တစ်ဆက်တည်းဖြေလိုက်ပြီး..

"ဒီမှာ မောင်မောင်.."

သူမဘေးကို မိုးခြိမ့်ခြေလှမ်းနှစ်လှမ်းတည်းနှင့် ပြန်ရောက် ကာ.. ၊

"မင်းအတွက် မေ့မေ့ပျောက်ပျောက်တွေပေမယ့် မင်းကို လေးထားခဲ့တာ ဂရုစိုက်ခဲ့တာတွေ မင်းကလွဲရင် အားလုံးသိတ ဘယ်လောက်ထိသိကြလဲသိချင်လား၊ မင်းနဲ့ငါ့ကို ယောကျ်ား ကြိုက်နေတာလားလို့ ဒီမျက်နှာကို တည့်တည့်ကြည့်ပြီး အမေး တာ.."

ယောကျ်ားလေးလို ဝတ်ထားပေမယ့် ချောသည်။ မောင်မော ထိလိုက်တာနဲ့ သူဝုန်းဒိုင်းကြဲခဲ့သည်။ မောင်မောင်နဲ့တတွဲတွဲဖြစ် သည့်အချိန်ကစပြီး အရက်ဆိုင်သွားဖြစ်ရင်တောင် တစ်ခါတလေ

"ဒီကောင်မဟုတ်တော့ဘူး"လို့ ခင်တဲ့လူတွေကပြော.. ၊

"ကိုခြိမ့်ရယ်..ကျွန်မကိုစောင့်ခိုင်းထားပြီးများ မောင်မောင့်ကို ပြန်ပို့ရတယ်လို့၊ ယောကျ်ားချင်း ဒီလောက်တောင်ဂရုစိုက် အလိုလိ နေတာ ရီးရောရီးသားရဲ့လား.."လို့ အေးမူကမေး.. ၊

"အဲ့ဒီဆရာဝန်ကြောင့် ဦးဌေးခင်ဆိုင်ကို သွားဖျက်ဆီးခဲ့တာ အဲ့လောက်တောင် ဖြစ်စရာလား.."ဆိုပြီး ရယ်ကြ အံ့သြကြနှင့်..

"ဒါ ရှင်းရလင်းရမယ့် ပြဿနာမျိုးမဟုတ်ဘူး..ရှင်းဖို့လိုနေ တောင် မင်းကိုငါဆွဲထုတ်သွားမှာ မဟုတ်ဘူး၊ အဲ့ဒါ ဟိုအရင်တ ကမင်းအပေါ် ငါထားခဲ့တဲ့ ကရုဏာစိတ်ပဲ.."

ပြောနေရင်း ဓာတ်တိုင်ထွက်သွားသည့် လမ်းဘက်ကို လှ ကြည့်ဘဲ မေးငေ့ပြလိုက်ပြီး.. ၊

"အဲ့ဒီကောင်လာခေါ်တာ အခုငါသိလိုက်လို့ ကမ္ဘာကြီးငြိမ်း သွားတာ..မင်းပါသွားပြီးမှ ဟိုလူစုစုတွေကြားထဲမှာ လိုက်ခေါ် မိုးမီးလောင်တာထက်ဆိုးမှာ မယုံမရှိနဲ့.."

တက်မခေါက်မိအောင်ထိန်းရင်း မိုးခြိမ့်လှည့်ထွက်လာခဲ့လှ

"အဲ့ဒီလို မဟာစေတနာတွေ ရေစီးကမ်းပြိုနေတာ မလိုအ သူ့အတွက်တော့ ဘာတန်ဖိုးမှမရှိဘူး.."



သူခြေလှမ်းတုံ့သွားသည်။

"ခင်ဗျား ဟီးရိုးကြီးဖြစ်မယ်..ကျွန်တော်နဲ့ ဘာလိုလိုတွေပြော ကြမယ်၊ အဲ့ဒီအခါ ဒီအိမ်ထဲမှာ ခင်ဗျားနဲ့အတူ လပေါင်းများစွာအ နေလာခဲ့တဲ့ ကျွန်တော့်သိက္ခာလည်း အမြစ်ကနေ ပြိုမှာပဲ.."

မိုးခြိမ့် ပြန်လှည့်လာရင်း မောင်မောင့်ရှေ့ကို တစ်လှမ်းချင်း ရောက်ခဲ့လျက်.. ၊

"အမြစ်ကပြိုတာ ခေါင်ကပြိုတာ မသိဘူး..ပြိုပြိုမပြိုပြို ပြိုနေ လိုပဲ မင်းတွေးနေတာမောင်မောင်၊ ငါဘာပြောပြော ဘက်တိုက်ဖို့ပဲ ပြင်ဆင်နေတာ..အဲ့ဒါဘာလို့လဲ၊ ငါထင်တဲ့အတိုင်း ပြောရမလား.."

မောင်မောင် ခေါင်းခါလိုက်ပြီး တုံ့ပြန်ပြောဖို့ပြင်သည်။ မိုးခြိမ့် သူမပြောတာကို မစောင့်.. ၊

"ငါနဲ့ပတ်သက်ရမှာ မင်းမကြိုက်ဘူး..ပိုရှင်းအောင်ပြောရရင် ငါ့ မှ ကွက်လပ်ပြီး ကင်းရှင်းဖို့ကြိုးစားနေတာ.."

"အဲ့လိုဟုတ်ချင်ဟုတ်မယ်..ဒါပေမယ့်.."

"ဒါပေမယ့်ကို မသိချင်ဘူး..ငါ့ဘက်ကပြင်ဆင်ဖို့ ရှိတာကိုပဲ ပြောမယ်၊ မင်း ငါ့အနားမှာရှိနေသရွေ့ မင်းကိုရည်းစားစကားမပြော .."

မပြောဘူးဆိုတာ ပြောလိုက်တာပဲ။ မောင်မောင့်မျက်နှာလေး တွတ်သွားသည်။ ဒေါသသည် ဒေါသချည်းမဟုတ်ဘဲ အံ့အားသင့် တွေ ရှက်ရွံ့ခြင်းတွေ စုပြုံရှုပ်ထွေးနေခဲ့လျက် လက်ဖျားတွေပါ ကျင်လာသလို.. ၊

"ခင်ဗျား.."

"အဲ့လိုရှင်းရှင်းပြောလိုက်မှ မင်းနဲ့ငါစကားပြောလို့ရမှာလေ..မင်း ဆေးနေရင် ရည်းစားစကားမပြောဘူးဆိုတာ ကတိပေးတယ်၊ ဒါ မယ့် မင်းဘက်ကပြောင်းလဲလိုက်ရင်တော့ အခြေအနေတွေအော့ပို့ တွေဖြစ်ကုန်မယ်.."

"အလဲအလှယ်တွေ အပေးအယူတွေနဲ့ လာညှိမနေနဲ့ကိုခြိမ့်..မြွေ အားတွေကို ကြောက်တတ်ပေမယ့် စိန်ခေါ်နေတဲ့လူကို ရှောင်ပြေး လောက်အောင် ကျွန်တော်သွေးမကြောင်ဘူး.."

မောင်မောင့်စကားသံက အေးစက်ပြတ်တောက်နေ၏။ မျက်ဝန်း

တွေက ခားမိုးလုံမိုးတွေ ရွာချနေသလို စူးရဲနေခဲ့သည်။ အောင်ကြီး နဲ့ယှဥ်၍ ဒေါ်ညိုတို့မိသားစုကို ရွေးချယ်လိုက်တည်းက သူမရဲ့ ချယ်မှု မှားယွင်းခဲ့သည်ဆိုတာ.. ၊

"အောင်ကြီးတို့ကို ချက်ချင်းကြီးဆွေမျိုးလို ရင်းနှီးဖို့မလွယ် မယ့် ကိုယ့်မိဘရှိသေးတယ်လေ..ဆွေမျိုးတော်ကြတာလည်း အမှ ဆိုတော့ သေချာပြန်စဥ်းစားပေါ့.."

မိုးခြိမ့်တို့အိမ်ကို ပြန်ပါသွားသည့်နောက်ပိုင်း အခြေအနေ ကို ရင်ဖွင့်ပြောမိတော့ မဖြူဝင်းကပြောခဲ့တာပါ.. ၊

"ယောကျ်ားလေးလို နေခဲ့တုန်းက ဘာအရေးလဲ..မိန်းက ဖြစ်နေပြီဆိုတော့ လူတွေပါးစပ်က ကြောက်စရာမောင်မောင်ရဲ့၊ မို တာက မိုးခြိမ့်က မိန်းကလေးတွေသဘောကျနေကြတဲ့ ကောင်လေး နေတာပဲ၊ ပညာလည်းတတ်တယ်..ချောချောမောမော သားသားနား လေး၊ ပြောရရင် ကိုယ့်ရွာတင်မကဘူး..တခြားရွာတွေထိတောင် မည်ကျော်နေတာ.."

ဖြူဝင်းပြောပြနေသည့် အမိကအကြောင်းအရာသည် မေ မောင်ဆိုသည့်ယောကျ်ားလျာလေးက မိုးခြိမ့်ကိုကြိုက်နေသည်ဟု ကလေးတချို့ ပါးစပ်ဖျားမှာ သတင်းအတင်းဖြစ်နေခဲ့ခြင်း.. ၊

"ကိုယ့်ထက်သာ မနာလိုတာ သဘာဝပဲလေ..နင်ကလည်း ချောလှလှ ဆရာဝန်မလေး၊ မိုးခြိမ့်နားမှာပဲရှိနေတာက သူတို့သဝ ဖွယ်ဖြစ်နေတယ်..ဒါတွေက ဂရုမစိုက်ဘူးဆိုလည်းဖြစ်တယ်၊ မခံ စိတ်ဖြစ်မယ်ဆိုလည်း ဖြစ်လို့ရတယ်..ငါပြောပြတာက အဲ့ဒီလို တွေကို နင်တိုက်ရိုက်ကြားလိုက်ရင် ဆင်ခြင်ပြီးသားဖြစ်နေအောင် ပါ.."

"ငါ့သဘောပြောရရင်တော့ နင့်အဆင့်အတန်းနဲ့ ရွာသား ယောက်ကြောင့် အတင်းအဖျင်းပြောခံရမှာ မတန်ပါဘူးမောင် ရယ်..နင့်အဖေရောက်လာရင် ပိုဆိုးဦးမယ်.."

အဲ့ဒီမှာ မနေနဲ့တော့လို့ မပြောခဲ့ပေမယ့် သူမဆုံးဖြတ်သ ကတော့ ဖြူဝင်းပြောခဲ့တဲ့အတိုင်းပါပဲ။ ခုလို မိုးခြိမ့်ဘက်က ေ လဲနေသည့် အနေအထားတွေကြောင့် သူမရဲ့ဂုဏ်သိက္ခာ ရစ အောင်လည်း ဖြစ်သွားနိုင်သေးသည်။ ဒါဆို အောင်ကြီးတို့နဲ့ သူ



င်သလား.. ၊

ဒီမေးခွန်းကို ကိုယ့်ဘာသာမေးကြည့်မိခဲ့တာ အကြိမ်ကြိမ်။ ယ်သူမှမသိအောင် ထွက်သွားပါလားဆိုတော့ ကိုယ်ယောင်ဖျောက် င်တဲ့အထိ ဘယ်သူမှမသိအောင် သွားဖို့က အတောင်ပေါက်နေမှဖြစ် ည်။ မြို့မှာလို ကားလေးတားပြီး တက်ထိုင်လိုက်ရုံနဲ့ ပျောက်ကွယ် ွားမှာ မဟုတ်သော သည်လမ်းသည်ခရီးမှာ.. ၊

"ခင်ဗျားလည်း အတူတူပါပဲ.."

စိတ်ကိုအမြင့်ဆုံးတင်းထားလိုက်ပြီး တိတ်ဆိတ်ထားခြင်းကို ဖြို င်း၍.. ၊

"တစ်စုံတစ်ယောက်ရဲ့အကျပ်အတည်းကို ထောက်ပြီး အနိုင်ရ ာကို ကျေနပ်နေတာ.."

"ငါကလား.."

"ခင်ဗျားလိုလူ ခင်ဗျားပဲရှိတာ.."

မောင်မောင်က နှုတ်ခမ်းမဲ့လိုက်ပြီး လှည့်ထွက်သွားလျှင်.. ၊

"မောင်မောင် မင်းအဲ့ဒါတွေလွဲနေတာ.."

မိုးခြိမ့်က သူမနောက်ကိုလိုက်လာပြီး.. ၊

"ငါမင်းကို အကျပ်ကိုင်တာမဟုတ်ဘူး..အနိုင်ယူတာလည်း မ တ်ဘူး၊ ဟိုမရောက် ဒီမရောက်နဲ့ မင်းဒုက္ခရောက်မှာစိုးလို့.."

"ဘာ.."

"ငါ့စိတ်ထဲမှာ အဲ့ဒီအတိုင်းပဲ..မင်းမယုံလည်း မတတ်နိုင်ဘူး.."

မတတ်နိုင်ဘူးဆိုပေမယ့် သူမထင်သလို လုပ်ဖို့လည်း ခွင့်မပြု င်ဘဲရှိကာ.. ၊

"ငါစိတ်ရင်းနဲ့ပြောတာမောင်မောင်..မင်းကိုအနိုင်ကျင့်သလို ငါ က်ကပြုမိခဲ့တယ်၊ အဲ့ဒီအတွက် မင်းစိတ်ဆိုးနေမှာကို သိလို့..မင်း စ်ခုခုလုပ်သွားမှာ စိုးရိမ်နေတာ၊ အဲ့နေ့ကကိစ္စအတွက် ငါတောင်း ပါတယ်..ငါမင်းကို.."

"မလိုပါဘူး..ဒါကိုယ်ရွေးခဲ့တဲ့လမ်းပဲ၊ ရွေးချယ်မှုမှားခဲ့တာ ကိုယ့် မှိုင်း.."

"မင်းပြောလေကဲလေပါလား..နေဦး.."

"ခင်ဗျားဖယ်နော်.."

အခြေအနေသည် မထင်မှတ်ဘဲ တင်းမာလာခဲ့လျက် သု ဝင်းရှေ့သို့ မထင်မှတ်သည့်လူတစ်စု ရောက်လာခဲ့ကြလျှင်..

>> <<

အခန်း(၃၉)

"ဘာ..မောင်မောင်ပြန်သွားပြီဟုတ်လား.."

အိမ်ထဲဝင်လိုက်တည်းက ကြားရသည့်သတင်းကြောင့် ခေါ်ညို ...င်ထဲမှာ ဆို့သွားသည်။ ကိုယ့်သားမိုးခြိမ့်ကို မမြင်ရဘဲ ဓာတ်တိုင်တို့ ...ညြတို့ပဲ အိမ်ရှေ့ဧည့်ခန်းအဆင့်မှာ မျက်နှာမသာမယာနှင့် ရှိနေကြ ...ျက်.. ।

"သူ့အဖေနဲ့အောင်ကြီးတို့ ညီအစ်ကိုတွေ.."

"သူ့အဖေရောက်လာပြီပေါ့.."

"ဟုတ်တယ်..မောင်မောင်ကလည်း ချက်ချင်းပါသွားတာပဲ၊ အ ...တစ်ထည်ကိုယ်တစ်ခုနဲ့.."

ခေါ်ညို ကုလားထိုင်တစ်လုံးပေါ်မှာ နောက်ပြန်ထိုင်ကျသွားပုံက ...တ်စတစ်စကို ပုံချလိုက်သလိုပင်။ ဓာတ်တိုင်တို့လည်း စိတ်မ ...ောင်းကြပေ.. ।

"ငါ့သားရော..မိုးခြိမ့်မသိသေးဘူးလား.."

"သူ့ရှေ့တင်ခေါ်သွားတာ.."

ရင်ထဲမှာ နင့်သွားသည်။ မောင်မောင့်အပေါ်မှာ ဒီလောက်ထိ ...ယောဇဉ်ကြီးနေမိမှန်း ကိုယ့်ကိုယ်ကိုတောင်မသိခဲ့ပေ။ ငါ့သားလေး

လည်း ခံစားရမှာလို့ တွေးမိတော့ ငိုချင်လာ၏။ မောင်မောင့်ကို ကျွားလေးလို သတ်မှတ်နေတည်းက စလိုက် နောက်လိုက်နေလာ သူ့ညီလေးအတိုင်း။ ပြီးတော့ ဂျစ်တိဂျစ်ကန်တွေ ဘယ်လိုပြန်ပြေ စိတ်တိုရမှန်းမသိ။ ရန်ဖြစ်လိုက် ရယ်မောလိုက်ကြနှင့် ဒီအိမ်မှာ လာခဲ့သမျှ.. ။

"မောင်မောင်က သူ့အဖေကို ချစ်ခင်လွမ်းဆွေးနေတဲ့ပုံ မရှိပါဘူး..လာခေါ်တာနဲ့ တန်းလိုက်သွားတယ်ဆိုတာ ဟုတ်ရဲ့ သြရယ်၊ ကြောက်လို့ခဏတဖြုတ်လိုက်သွားတာများလား..ဒါမှမ ဖအေဆိုတဲ့အာဏာနဲ့ ကြိမ်းမောင်းငေါက်ငမ်းပြီးခေါ်သွားတာလ

"အဲ့လိုတွေမဟုတ်ပါဘူးဒေါ်ကြီးရာ.."

မျက်စိရှေ့တင် ခေါ်ထုတ်သွားတာကို သူတို့လည်းမယုံနိုင် ဒါပေမယ့် မိဘဆိုတော့လည်း ရင်ဆိုင်လိုက်ရတော့ ကြောက်မှ တွေးမိခဲ့သည်။ ဓာတ်တိုင်တို့က ရွာအထွက်လမ်းနဲ့နီးတာမို့ ဧည့်သည်ရောက်ပြီဆို ရွာထဲကလူတွေထက် အရင်သိရသည် အောင်ကိုတို့ရောက်လာတာ မြို့ကဧည့်သည်ချည်းပဲ သုံးယော

ရွာကလူဆိုလို့ ဦးထွန်းဖဲပဲပါကာ မိုးခြိမ့်တို့ကို သတင်းပေ ပြေးထွက်လာတာတောင် သူတို့ထက်ကိုယ်မဦးနိုင်တဲ့အဖြစ်။ ဦးဇေ ကိုဆိုတဲ့လူကြီး ဘယ်လောက်ထိဒေါသကြီးတဲ့လူစားမျိုးလဲဆ တစ်ခါတည်းကို သဘောပေါက်သွားခဲ့တာပါ။ ရွာကိုရောက်လ အောင်ကြီးတို့အိမ်မှာတောင် ဖင်ချထိုင်ခဲ့သေးရဲ့လားမသိ.. ။

"ကျွန်တော်တို့ သူတို့နောက်ကရောက်လာတာပဲ..ခေါင်းရ ရင်းအိမ်ကလူတွေတောင် ထွက်ကြည့်နေကြသေးတယ်၊ 'ဖေဖေနဲ့ ခဲ့'လို့ တစ်ခွန်းပဲခေါ်ရတယ်..တန်းပါသွားတာ.."

ဒေါ်ညိုဘာမှထပ်မပြောနိုင်။ ဆရာတော်ကြီးကလည်း မက မာဖြစ်နေသည်။ ဟိုစဉ်ကဆို ဆရာတော်ကြီးကိုယ်တိုင် ဖော် ဘယဆေးတွေက ရွာသားတွေအတွက် အားကိုးမှီခိုရာပါ။ ခု ကိုယ့်ဆေးကိုယ်တောင် မဖော်နိုင်တော့လို့ ရွာထဲက ဆေးဆရာန ခင်တို့ ဆေးဖော်ဖို့ ဝိုင်းဝန်းကူညီနေကြရသည်။ ဒီသတင်းကိုထ ကြားရင် ဘယ်လိုနေမည်မသိ။ တွေးနေရင်း တစ်စုံတစ်ခုကို သ ကာ.. ။



"ဓာတ်တိုင်..မိုးခြိမ့်နဲ့မောင်မောင် မသင့်မမြတ်ဖြစ်တယ်များ ကြားမိသေးလားဟင်၊ ဘာဖြစ်လို့မှန်းမသိဘူး..မောင်မောင် ငါတို့ကို ကောင်း မပြောမဆိုနိုင်ဘဲ ပါသွားတာ မယုံနိုင်ဘူးဖြစ်နေတယ်.."

"အဲ့ဒါပဲဒေါ်ကြီး..နှမကြင်နာတာရှိတယ်၊ မောင်ကြင်နာတာမရှိ ဘူး.."တဲ့.. ။

"ဘာဆိုင်တုံး မင့်ဟာ.."

"မဆိုင်ဘူးလား..စုန်ရေလေ၊ မိဘမေတ္တာဆိုတာ စုန်ရေပဲတဲ့.. ဒေါ်ကြီးတို့က သားသမီးလိုချစ်ခဲ့တာမို့လား၊ သူကတော့ သားသမီး အဝန်ကျေသွားတာပါ.."

"အဲ့ဒါရော ဘာဆိုင်လို့တုံး.."

"ဆိုင်တာပေါ့ကွ..မိဘဆိုတာ ပေးဆပ်ရတဲ့အမျိုး၊ သားသမီးက ဆော်ကားခွင့်ရှိတဲ့ဘက်က.."

"ဘာတုံး..မင်းက ဘယ်သူ့ဘက်ကတုံး.."

"ဒါသီအိုရီလေ..မျှတသီအိုရီလို့ခေါ်တယ်၊ ငါမျှမျှတတ.."

"မမျှတလို့ ငါတို့အံ့သြနေတာပေါ့..ဘာပဲဖြစ်ဖြစ် ဒေါ်ကြီးတို့ကို လေးစားသမှုရှိသင့်တယ်လေ၊ သူဒီမှာ နှစ်ချီပြီးနေလာခဲ့တာ.."

"အဲ့ဒါ ကျွန်တော့်ကြောင့်ပါ.."

မိုးခြိမ့်အသံကြောင့် လှမ်းကြည့်မိကြသည်။ ချိုင်းပြတ်စွတ်ကျယ် အဖြူနှင့် အထပ်အကျီမပါဘဲ အပေါ်ထပ်ကဆင်းလာ၏။ မျက်နှာတစ် ပြင်လုံးက ဖြူဖက်ဖက်ရှုတင်းတင်းဖြစ်နေခဲ့ပြီး.. ။

"ကျွန်တော်နဲ့စကားနိုင်လုပြောနေတုန်း သူ့အဖေရောက်လာတာ အဲ့ဒါကြောင့် ချက်ချင်းပါသွားတာ.."

သူ့ကိုတောင် တစ်ချက်မှလှည့်မကြည့်သွားခဲ့ပေ။ သူမပျော်ပျော် ရွှင်ရွှင်ပါသွားတာလား..တမင်ရွဲ့ပြီး မလိုက်ချင်ဘဲ လိုက်သွားတာလား ဆိုတာတော့ သူမကိုယ်တိုင်ပဲသိမှာပါ.. ။

## အခန်း(၄၀)

"ကိုကိုပြန်လိုက်ခဲ့တာပဲဖေဖေ..ခုသွားချင်တယ်ဆိုတာက ကို ကျေးဇူးရှိတဲ့လူတွေကို သစ်စိမ်းချိုးချိုးခဲ့သလို ဖြစ်နေလို့.."

"သူ့သားသိတယ်လေ..သူ့အမေကိုပြန်ပြောမှာပေါ့၊ သမီးသွား မလိုဘူး.."

ဦးအောင်ကိုက အိပ်ရာထက်မှာ လှဲနေရင်း ခပ်လျှော့လျှော့ ထိုင်သည်။ စိတ်နောက်ကိုယ်ပါရှိတတ်သည့်အကျင့်အတိုင်း မော မောင်ပြောသည့် စကားအပေါ်မှာ အားမလိုအားမရဖြစ်နေခဲ့လျက်

"အဲ့ဒီကောင်လေး ကြည့်ပုံပြောပုံ အမူအရာကို ဖေဖေသဘော ကျဘူး..သူ့အကြောင်းကြားခဲ့ရတာ မြင်လိုက်တော့ ရှင်းသွားတယ် တော်တော်ထောင့်မကျိုးမယ့်ပုံမျိုး.."

မောင်မောင့်မျက်လုံးတွေ တောင်ကြီးမျက်နှာဆီရောက်သွ သည်။ တောင်ကြီးက ချက်ကြီးကိုလှမ်းကြည့်၏။ ချက်ကြီးက ခေါ ခါ၍.. ။

"ငါတို့ ဘာမှမပြောဘူး.."

မိုးခြိမ့်မကောင်းကြောင်းပြောမယ့်သူ ဒီရွာမှာသူတို့အပြင် ဘ သူရှိလို့လဲ..။ ပရွာမှာ မိုးခြိမ့်က မိုးကျရွှေကိုယ်။ တစ်ရွာလုံးက



ကိုင်းပဲ သဘောထားကြသည်။ တခြားရွာတွေထိ မကောင်းသောသ တင်းအနံ့မရှိတဲ့သူကို မျက်လုံးစိမ်းနဲ့ကြည့်ပြီး တစ်ချိန်လုံးရှုံ့မဲ့ကဲ့ရဲ့ လာခဲ့တာ သူတို့ညီအစ်ကိုတွေ.. ။

ဒါကိုသိနေသည်ဆိုသော မောင်မောင့်မျက်လုံးတွေကို တောင် ကြီးကရှောင်ဖယ်ပြီး အနားမှာချထားသည့် သဘော်ဆေးနဲ့စုတ်တံကို ကောက်သည်။ ပြီးတော့ နေရာမှထလိုက်ရင်း.. ။

"ဆိုင်းဘုတ်ပြီးအောင်ရေးရမယ်..ပြီးရင် တပ်ဖို့နေရာသေချာရွေး ပြီး ကျကျနနတပ်မယ်..အဟဲ ဒေါက်တာချစ်သမျှကို.."

"ကိုတောင်ကြီး..ဟေ့လူ.."

မောင်မောင်လှမ်းခေါ်တော့ ဦးအောင်ကိုက လက်ပြတားလိုက် ကာ.. ။

"ကိုယ်လည်းပြန်မှာပဲ..သူစိတ်ချမ်းသာသလို လုပ်ပါစေ.."

"ဘယ်လိုလုပ်ဖြစ်မှာလဲဖေဖေ..တော်ကြာ လူနာရောက်လာရင်."

"သမီးမှာဆေးဝါးပစ္စည်းတွေ ရှိနေပြီပဲ..မပြန်ခင် ကုပေးလို့ရ တယ်၊ ကိုယ့်ကြောင့် ဆွေမျိုးသားချင်း ဂုဏ်တက်တယ်ဆိုတာလည်း ဖော်လာမည်ပါတယ်.."

ဖေဖေကျတော့ ကျိုကျိုတက်ချမ်းသာနေတာတောင် ပရွာကို အိပ်မက်မက်ခဲ့လို့လား.. ။ မေးခွန်းတစ်ခုချက်ချင်းဖြစ်လာသည်။ ဒါ ပေမယ့် မျိုသိပ်ထားလိုက်သည်။ ဖေဖေနဲ့ပတ်သက်သမျှ အမြဲတမ်းမျို သိပ်ခဲ့ရတာလည်း အကျင့်ပါနေပါပြီ.. ။

"တောင်ကြီးရေ..စာလုံးကြီးကြီးရေးဟေ့.."

ချက်ကြီးက လှမ်းအော်လိုက်ပြီးမှ မောင်မောင့်ကိုပြန်ကြည့် သည်။ ဦးစံကွန့်နဲ့ဦးအောင်ကိုတို့ မျက်လုံးချင်းဆုံသွားသည်။ ပြီးတော့ ဘက်ပြင်းကိုယ်စီချကြသည်။ ညီအစ်ကိုသုံးယောက်စလုံးက ဒေါသ သည်းကြီးသည်။ အကြွားလည်းသန်သည်။ အင်အားသုံးပြီး အနိုင်ရ တာကိုလည်း ပျော်တတ်ကြ၏။ ဒါပေမယ့် ခုချိန်မှာတော့ သူတို့ဒေါသ တွေလည်း မာန်စွယ်ကျိုးနေပါပြီ.. ။

နီတြာကို ဆုံးရှုံးလိုက်ရပြီးမှ မောင်မောင်နဲ့မောင်နှမတော်နေမှန်း သိသွားကြပြီး တက်ကြွလှုပ်ရှားနေကြတာကြောင့်.. ။

"ငါနောက်တစ်ခေါက် ပြန်လာခေါ်ရတာ မင်းကိုမစာနာလို့တော့

မဟုတ်ပါဘူးဦးအောင်ရာ..ငါ့ရဲ့လူမိုက်ကြီးသုံးကောင်အတွက် စိတ် ကောင်းဖြစ်မိလို့ပါ၊ သူတို့နီကြာ့ကို ဆုံးရှုံးလိုက်ရပြီးမှ အတော်ပြ ဇက်ကျိုးသွားခဲ့တာ..အခု ငါပြောပြလိုက်တာနဲ့ မောင်မောင့်ကိုချ သွားခေါ်နေတော့တယ်.."

"ဟိုဘက်ကလူတွေကလည်း လူကောင်းတွေပါ..ဒါပေမယ့် ပျိုကောင်တစ်ကောင်ရှိတယ်၊ နီကြာ့ချစ်သူမိုးခြိမ့်ဆိုတဲ့ ကောင်လေး ..မောင်မောင်က ယောကျ်ားလေးလိုနေပေမယ့် တစ်နေ့နေ့သိကြ လေ၊ သိကုန်တဲ့အခါ လူပျိုအပျိုတွေ အတူနေကြတာ ကောင်းမလား"

"ကမ္ဘာ့ရန်ပေါ့ကွာ..မင်းတူသုံးကောင်က အကြမ်းပတမ်း၊ ဟို သူ့ကိုယ့်သူ မိုးကျရွှေကိုယ်မှတ်နေတဲ့ကောင်..နမလုပ်သူက မိုက် အစ်ကိုတွေက ငပေါတွေ ငတုံးတွေဖြစ်ကုန်တာပေါ့၊ အောင်ကြီး ဘယ်လောက်ကြမ်းကြမ်း မိုးခြိမ့်နဲ့တွေ့ရင် တက်ခေါက်ပြန်ခဲ့ရ ချည်းပဲ.."

ဦးစံကွန့်က တူဖြစ်သူတွေကိုကြည့်နေပြီး သူပြောပြခဲ့သမျှ တွေးနေခဲ့သည်။ ဦးအောင်ကိုကလည်း သမီးပုံစံကို မချင့်မရဖြစ် တိုင်း မိုးခြိမ့်ဆိုတဲ့ကောင်လေးအကြောင်းပဲ တွေးမိလာရင်း ပုံရိပ် ကိုပါ ပြန်မြင်ယောင်လာမိသည်။

"မောင်မောင်.."

သမီးက မိဘဆီဦးတည်လာတာတောင် သင်းခေါ်ပုံက ပိုင်ရှိ နှင်း။ ထို့ပြင်.. ၊

"သွားပါ.."

'သွားပါ'ပြောပုံက သူခွင့်ပြုလို့သာ သွားခွင့်ရသလိုလို။ ဒီကော လေးနဲ့ သမီးဖြစ်သူကို အဝေးကလှမ်းမြင်လိုက်တည်းက ချစ်သူ ရာလိုက်ပြေးသွားသည့် သမီးနောက်ကိုလိုက်ခဲ့ရသည့် ဖခင် ယောက်လို ပူလောင်ပြင်းရှသည့် ခံစားချက်မျိုးဖြစ်လာကာ ဘာကြော ဆိုတာမသိ.. ၊

"ကောင်လေးနဲ့ဘာမှမဖြစ်ပါဘူး..မောင်မောင့်ကို မိန်းက မှန်းသိသွားတာတောင် မကြာသေးဘူး"လို့ ကိုစံကွန့်ပြောခဲ့ပေ ကိုကို့ဘေးမှာ နီးကပ်စွာရှိနေသည့်အဖြစ်ကို နည်းနည်းလေး မလိုလားနိုင်။ ခါးတောင့်တောင့် မျက်နှာခပ်လွှဲလွှဲနှင့် ထိုင်နေ



မောင်မောင့်ကိုအကဲခတ်ရင်း ဦးအောင်ကို စိတ်တွေမအေးချမ်းနိုင်ဘဲ ဖြစ်နေခဲ့၏။

မယ်ညိုနဲ့ ထားခင်.. ၊

ဒီနှစ်ယောက်ကို သူမသိဘဲနေမလား..။ ငယ်စဉ်တုန်းကဆို မယ် ညိုက အောင်ကြီးတို့အဖေနဲ့ဆို ကစားဖော်တွေဖြစ်သည့်ပြင် သူက တော့ အကြီးဆုံးလည်းဖြစ်တာမို့ ရောရောနှောနှော သိပ်မနေ။ ပြီးတော့ သူ့စိတ်ကိုက အမေမွေးလာတည်းက ချမ်းသာဖို့အပြင် တခြားလိုချင် သောဘာမှရှိခဲ့တာ သူ့ကိုယ့်သူအသိဆုံး.. ၊

နေ့ရှိသရွေ့ မြို့ကညည့်သည်ကိုမျှော်သည်။ မြို့မှာနေသည့် ဆွေ မျိုးတွေ ရွာကိုရောက်လာဖို့ကို မျှော်သည်။ တောမှာမွေးပြီး တောမှာ ပျော်နိုင်သည့်အတွက် ကိုယ့်ရွာကိုလည်း စိတ်မဝင်စား။ ရွာသားတွေ ကို ရင်းနှီးချစ်ခင်ရမှန်းလည်းမသိ။ ဒီအကြောင်းတွေကို တွေးမိတော့ ကိုယ်နေထိုင်မကောင်းတာတောင် သားသမီးဖောကပ်ပြီး ရောက်အောင် လာခဲ့မိသည့် ကိုယ့်အဖြစ်ကို တရားကျမိတော့သည်။

မိဘဆီကထွက်သွားတည်းက စုပ်စမြုပ်စပျောက်သွားခဲ့ပြီး နေ အနံ့ဘယ်လိုမှ စုံစမ်းမရခဲ့တဲ့သမီးက ကိုယ်တောင်သတိမရခဲ့သည့် တော်ချက်မြုပ် ဒီရွာမှာရောက်နေနိုင်သည်ဆိုတာ နည်းနည်းမှကို မ တွေးမိပါ။ ပြန်မေးကြည့်တော့ 'မသိပါဘူး..ဖေဖေပရွာသားဆိုတာ ကိုကိုသိခဲ့တာမှ မဟုတ်တာ.."တဲ့.. ၊

"ဖေဖေနေကောင်းပါတယ်..တစ်ရက်နှစ်ရက်ဆို ပြန်လို့ရပြီ.."

"ဒါတော့ မဖြစ်သေးဘူးထင်တယ်.."

ကျော်တိုင်းက တိတ်ဆိတ်စွာထိုင်နေရာက ချက်ချင်းတားမြစ် ၏၊

"အန်ကယ်လ်က ခရီးပမ်းထားတာ..အသက်ကြီးတဲ့လူအတွက် ထိုလောက်တဲ့ အနားယူမှုတော့ ရှိမှဖြစ်မှာ.."

ဆရာဝန်မဟုတ်ဘဲ ဆရာဝန်တစ်ယောက်လို တွက်ချက်ပြနေသ ဖြင့် ဦးအောင်ကိုကပြုံးသည်။ ကျော်တိုင်းကို သူမှန်းထားတာ သမီး နောက်ထပ်ပေးဖို့။ ဒါပေမယ့် ဒီမှာပြောလို့မရသေးပါ။ သမီးကိုအပါ ပြန်ခေါ်နိုင်မှ ဒါကိုဖွင့်ပြောမည်။ လုပ်ငန်းစည်းစိမ်အားလုံးကို လွှဲပေး မည်၊ ကျော်တိုင်းနဲ့ဆို စိတ်မချစရာလည်း မရှိပေ။ ခုတည်းက ကိုယ်

ယုံကြည်စိတ်ချစွာ မျက်နှာလွှဲထားနိုင်တာ ကျော်တိုင်းပဲဖြစ်တာ

"မင်းနဲ့ကိုကိုတို့ ရှိနေတာပဲကျော်တိုင်း..ရှေ့နေတွေနဲ့ငါ့အ ရေမှူးခေါ်လာတာ ဘာလုပ်ဖို့လဲ.."

ဦးအောင်ကို လှမ်းကြည့်တော့ မောင်မောင်နဲ့မျက်လုံးချင်းဆုံ ကျော်တိုင်းနဲ့မျက်ဝန်းသုံးစုံ တြိဂံလိုဆုံမိလိုက်ပြီးမှ.. ။

"ငါနေလို့မကောင်းဘဲ ထွက်လာတည်းက သွားလာရင်း တ ခု တိမ်းချော်သွားနိုင်တယ်ဆိုတာ.."

"ဘာဖြစ်စရာရှိလို့လဲဖေဖေ..ဆီးချို သွေးတိုးရှိနေတာနဲ့ပဲ ခြင်းတရားကို ငုတ်တုတ်ထိုင်စောင့်နေဖို့ မလိုပါဘူး၊ ကိုယ့်အသက် တတ်နိုင်သမျှ ကာကွယ်ထားလို့ရတယ်..ဖေဖေဘာမှမဖြစ်နိုင်ဘူး

လိုချင်သည့်စကားကြားလိုက်တော့ ကျေနပ်သည့်အပြုံးတို့ ပေါ်လာခဲ့သည်။ သို့သော် သားသမီးစိုးရိမ်လာအောင် သူတမင်ပြော တာတော့ မဟုတ်ပါ။ လူကြီးတစ်ယောက်အနေနဲ့ ဖြစ်သင့်တဲ့အတိုင်း လုပ်ပေးနိုင်သမျှ လုပ်ပေးသွားရမည်။ ရုတ်တရက်ကြီးဖြစ်သွားလို့ မှမပြောခဲ့နိုင် ဘာမှစီစဉ်မထားခဲ့နိုင်တဲ့ အခြေအနေတစ်ခုမှာ သမီး မကျန်ခဲ့စေချင်.. ။

"သမီးက ဖေဖေ့ကိုစိုးရိမ်ဖော်ရတော့ ဖေဖေဝမ်းသာပါတယ် သားအဖ ဘာမှမဆွေးနွေးခဲ့ရ ဖေဖေ့ကိုလည်း ဘာမှတိုက်ခိုက်ငြင်း တာမရှိဘဲ ဖေဖေ့အရိပ်ကနေ အချိန်တွေအကြာကြီး ထွက်သွားခဲ့ သမီးနဲ့ဖေဖေပြန်တွေ့ရင် သမီးမျက်လုံးတွေကို ဘယ်လိုပုံစံနဲ့ မြင် လဲဆိုတာ စိုးရိမ်မိခဲ့တယ်..စိတ်ကူးထဲမှာ ဆက်တွေးကြည့်ဖို့တော ရင်မဆိုင်ရဲသလိုဖြစ်ခဲ့မိတာ.."

မောင်မောင် မျက်လွှာချပစ်မိသည်။ မိဘတစ်ယောက်ရဲ့ ရည်ရောင်ပျို့နေသော မျက်ဝန်းတွေနဲ့ ဒီစကားတွေဟာ သူ့မကိုအ လတ်လတ် ငရဲကျသလိုပါ။ ပြီးတော့ ဖေဖေ့နှုတ်ဖျားက ဒီလိုစကား ဒီလိုအားနည်းသည့် အပြုံးမျိုးကို သူမတစ်သက်မှာ မမြင်ခဲ့ဘူးပါ

"ဖေဖေ့အယူအဆ ဖေဖေ့စည်းကမ်း နည်းလမ်းတွေ သမီးတို့ ပေါ်မှာ တင်းကျပ်ခဲ့တာမှန်တယ်..လူငယ်တွေအမြင်မှာ ရက်စက်တယ် အစွန်းရောက်လွန်းတယ်လို့ ထင်စရာလည်းဖြစ်ခဲ့မယ်..ဒါပေမယ့် ဖေကတော့ ကိုယ့်ဘက်ကဝတ္တရားကျေအောင် ကြိုးစားခဲ့တာတွေ



က မိဘဝတ္တရားကျေရင် သားသမီးက သိတတ်ရမယ်..မိဘကတာ ပျိုးထားရင် တမာကိုပဲသားသမီးက ဆက်လက်ပျိုးထောင်ရမယ်၊ ဘယ်လိုခါးတာကို စူးစမ်းခေါင်းရှောင်လို့မရဘူး.."

မောင်မောင့်မျက်နှာမော့လာတော့ ဦးအောင်ကိုက ပြုံးလိုက်ပြီး..၊

"အဲ့ဒီလို တစ်ဖက်ပိတ်စကားမျိုး သမီးကမကြိုက်ဘူး..မကြိုက် ကိုလည်းပြောတယ်၊ လက်တွေ့လည်းပြခဲ့တယ်..ဖေဖေသဘောကျ ယ်၊ သမီးကိုကြီးလို နှာခံသယောင်အချိုးမျိုးနဲ့ အနီးကပ်ကျမှရင် က်သွားတာနဲ့စာရင် ခံသာတာပေါ့..ပြောချင်တာက သမီးကိုဖေဖေ းရကျိုးနပ်တယ်.."

ဖေဖေ့မျက်လုံးထဲမှာ ပီတိတွေနဲ့ ဖိတ်လျှမ်းနေသည်။ ခွင့်မလွှတ် သူက တောင်းပန်စကားတွေလည်း ပြောနေ၏။ လွှမ်းရကျိုးနပ် ဆိုသည့်စကားအရ သူမမှာချစ်သူမရှိသေးတာကို ဆိုလိုတာလား ကြီးလုပ်သွားပုံနဲ့ နှိုင်းယှဉ်ပြီးမှ ပြောလာခြင်းအတွက် ဒါအပြင် ားမဖြစ်နိုင်တာကို ထပ်မံအတည်ပြုမိ၏။ ထိုအခါ မောင်မောင့် န်းတွေက ကျော်တိုင်းထံတစ်စပ်တည်းရောက်လေသည်။ အငိုက် းသော ကျော်တိုင်းမျက်လုံးတွေ ရှေ့လျှားချိန်မရလိုက်ဘဲ သဘော င်းသောအပြုံးနှင့်.. ။

"ယောက်ျားလေးလို ဝတ်ထားတော့လည်း တကယ့်ယောက်ျား းလိုပဲနော်..အဟွန်း အံ့သြလို့ကြည့်တာပါ၊ ငါ့ညီမက မျက်နှာအ ဘည်လို့ထင်တယ်..မျက်လုံးကြည့်တာကိုက မာတယ်၊ မိန်းက းလို မနွဲ့ဘူး.."

"အင်း..မင်းပြောမှပဲ ကိုယ့်သမီးကိုပြန်တွေးကြည့်မိတယ်.."

ဦးအောင်ကိုက သဘောတွေကျနေကာ.. ။

"ငါဖြစ်စေချင်ခဲ့တာလည်း အဲ့ဒီလိုမျိုးပဲကွ..သူ့အမေကြောင့်သာ ဘ်ရင် သမီးက ထဘီတောင်ဝတ်တတ်မှာ မဟုတ်ဘူး.."

သူ့အနေနဲ့ဆို ကိုယ်ခံပညာတွေ သင်ပေးဖို့ ယောက်ျားလေးထု သက်ဆိုင်သော အသင်းအဖွဲ့တွေမှာပဲနေတတ်ဖို့ ရည်ရွယ်တာ အများကြီးပါ။ သူရည်ရွယ်လိုက်သမျှ ခြေလှမ်းပြင်တာနဲ့ မအေက ဖျက်သည်။ လင်ယောက်ျားနဲ့အတိုက်အခံလုပ်ပြီး သမီးကိုမိန်းမ ဝေသည်။ မိဘနှစ်ပါးကြားမှာ သမီးက မိန်းကလေးစိတ်နဲ့ယော

ကျွားတစ်ယောက်အသွင် ဖြစ်လာခဲ့ရသည်။

"နေပါဦး..ဒါဆိုရင် မောင်မောင်က အဲ..ကိုကိုက ယောကျ်ား
ဝင်နေတာပေါ့.."

ဦးစံကွန့်က တအံ့တသြကြီးဝင်မေး၏။ ပြီးတော့.. ၊

"မဟုတ်ဘူးမို့လား..အဲ့လိုတော့မကောင်းပါဘူးကိုအောင်ရ

"ဖေဖေ့ကိုတစ်ချက်လောက်ကြည့်မယ်.."

"ဟင်..လာကြည့်လေ.."

ဦးအောင်ကိုဘက်မှာ ထိုင်နေသည့်ကျော်တိုင်းက ကပျာက
ထဖယ်ပေးသည်။ ဦးစံကွန့်ကလည်း သူ့မေးခွန်းကို ဆက်လက်
လင့်မနေတော့ဘဲ ဆေးပစ္စည်းတွေနဲ့ အိတ်ကိုပြေးယူပေးသည်။
တော့ တွေးနေမိ၏။ ဖအေရောက်လာကာစတုန်းက နေမကောင်း
သိလျက်နဲ့တောင် ချက်ချင်းစမ်းသပ်ကြည့်ရှုပေးဖော်မရခဲ့ဘဲ ခ
ချက်ချင်းကြီးထဖြစ်တာ ကိုယ်မေးလိုက်တာကို မကြိုက်လို့များ

သားအဖနှစ်ယောက် အေးစက်စက်ဆက်ဆံရေးကြားမှာ
ဖြစ်သူက နွေးထွေးဖို့ ပြေးလွှားရောက်လာခဲ့ပေမယ့် သမီးရင်
ဘယ်လိုမကျေလည်မှုတွေ ရှိနေခဲ့တာလဲ ဒါမှမဟုတ် ယောကျ်ား
တကယ်ဖြစ်နေတာလား..။ အစတည်းက မနှုးညံ့တတ်သူလား..
ခွန်းတွေမေးစရာရှိလာပေမယ့် အဖြေကမရှိ.. ၊

ကိုယ့်ဘာသာတွေးရင်း အဖြေမသိရင်းနှင့် ဦးစံကွန့် မောင်
ကို မကြာခဏအကဲခတ်မိခဲ့၏။ သေချာတာကတော့ ဒီအိမ်ကို
မလာချင်တာပဲဖြစ်နိုင်လေသည်။ ဒါမှမဟုတ်ရင် မိုးခြိမ့်တို့အိမ်
သွားချင်နေတာလား..၊

မျက်နှာတည်တည်လေးနှင့် မောင်မောင်သူနေတဲ့အခန်း
ဝင်သွားတော့ ဦးစံကွန့် ဦးအောင်ကို့အနားကပ်သွားမိကာ.. ၊

"ဖိုးအောင်..မင်းကကောင်လေးကို အဲ..ကိုကို့ကို တစ်ခါ
ပြန်ခေါ်သွားတော့မှာလား.."

"မ[illegible]လို့ ဘာလုပ်ရမှာလဲ..ငါဒီထိလိုက်လာတာ ငါ့သ
ပြေးကြည့်ပြီး လှည့်ပြန်ဖို့လား.."

"မင်းပဲ ကိုယ့်ရွာကိုယ်မီးရအောင် လမ်းချောအောင် အားလုံး
ဝန်ခံပြီး ဆောင်ရွက်ပေးမှာဆိုပြီး.."



"အေးလေ..အဲ့ဒါတွေက ငါရှိနေဖို့မှမလိုတာ၊ မင်းတို့အဲ့ဒါတွေ
ကုန်လုံးအဆင်ပြေအောင် ငါကဆက်သွယ်ပေးမယ်..လိုအပ်တာတွေ
ည့်ဆည်းပေးမယ်၊ ခွင့်ပြုချက်ကျလာရင် ဌာနဆိုင်ရာတွေရောက်လာ
ပေါ့.."

ဦးစံကွန့်ထိုကိစ္စတွေကို နားမလည်ပါ။ သို့သော် ကိုယ့်တူတွေ
ောင်မောင့်အပေါ် ဘယ်လောက်ထိမျှော်လင့်အားထားနေကြသလဲဆို
တာ သူအသိဆုံး။ ထိုစဉ် အောင်ကြီးရောက်လာကာ ဦးအောင်ကိုကို
ကြည့်သည့် အကြည့်တွေက ခပ်စိန်းစိန်းမှုန်ကုတ်ကုတ်.. ၊

"ဘကြီးကို ကျုပ်တို့မျှော်နေကြတာ..မောင်မောင်ဒီအိမ်ပြန်
ရောက်လာစေချင်လို့၊ ခုတော့ ဘကြီးက.."

"နေကြစမ်းပါဦး..မင်းတို့တွေက ငါအဖေတစ်ယောက်လုံးရှိနေ
တာတောင် ငါ့သမီးကိုဝေစုခွဲနေကြတာလား.."

"မဟုတ်ပါဘူး..သူလည်း ဒီမှာပျော်နေတဲ့ဥစ္စာ.."

ဦးအောင်ကိုငိုရခက် ရယ်ရခက်နှင့် လှဲနေရာမှ ထထိုင်မိပြန်
သည်။

"သူပျော်နေတိုင်း နေခွင့်မပြုနိုင်ဘူးကွ..ဘယ်မိဘက သားသမီး
လိုလိုက်ပြီး ထင်ရာလုပ်ခွင့်ပေးခဲ့တာ ရှိသလဲ.."

"ဒါကတော့ ကျုပ်တို့သတင်းပေးလို့ ဘကြီးသိတာပဲဥစ္စာ.."

ခက်ပါလား.. ၊

ဦးအောင်ကို ပြောရခက်သွားတော့ ကျော်တိုင်းကရယ်သည်။
ပြီးတော့ မလှမ်းမကမ်းမှာ ခုံဆွဲထိုင်လိုက်ရင်း.. ၊

"အဲ့ဒါကြောင့်ပြောတာ သူတို့လည်းအလွမ်းပြေအောင် အန်
ကယ်လ်လည်း အနားယူပြီးသားဖြစ်မယ့်နည်းက ဒီမှာအေးဆေးထပ်
နေလိုက်ဖို့ပဲ.."

လွမ်းတာမဟုတ်ဘူး..။ ဒီကောင်တွေကြွားချင်နေကြတာ။ အစ
တည်းက ကိုကိုကသူတို့နဲ့မတည့်တဲ့ မိသားစုဘက်မှာ သူတို့ရဲ့ရန်သူ
။ ဘယ်တုန်းက သင့်မြတ်ခဲ့လို့လဲ..။ ဘာတွေဖြစ်နေကြသလဲဆိုတာ
မသိတာကျလို့.. ၊

ဆွေနီးမျိုးစပ်ဆိုပေမယ့် အောင်ကြီးတို့နဲ့အမြဲအတူနေလာခဲ့တာ
ဦးစံကွန့်သိနေသည်။ ဒီကောင်လေးတွေ အပိုလုပ်နေကြတာမဟုတ်

ပါ။ ကိုကိုက ဆရာဝန်ဖြစ်သည့်ပြင် ညီမတော်စပ်နေခြင်းသည် သူ
တို့အတွက် နီတြာတစ်ယောက် အစားရသလို ရှူးသွပ်နေခြင်းသာ
သည်။ သို့သော် ဦးအောင်ကိုကတော့ နားလည်ပုံမပေါ်ပါ။ ထို
ဆုံးဖြတ်ထားပြီးသည့်အလုပ်အတွက် နောက်ထပ်ထည့်သွင်းစဉ်း
မည့်ပုံလည်း မရှိ.. ။

ဟုတ်ရှာပေလိမ့်မည်။ အစွယ်ရောက်စတည်းက ဒီရွာမှာ
ချင်ပါ။ ဒီမှာလိုမနေနိုင်ပါဆိုပြီး ရွာကထွက်ဖို့ အမျိုးမျိုးနည်းလ
ရှာနေခဲ့တဲ့ သူဌေးလောင်း.. ။

"ဒီကောင် တော်တော်ချမ်းသာနေပြီကွ.."

"ချမ်းသာမှပဲပေါ့..မချမ်းသာရင် ကိုယ့်ရင်ဘက်ကိုယ်ဖွင့်ပြီး
သွားဆီပြေးဝင်လာမယ့်ကောင်ကွ၊ ဒီကောင်က တောမှာနေတည်း
မြို့မှာဘုံပေါက်နေတဲ့သူဌေးလောင်း.."

"ဖိုးခွားရေ..မင်းတို့မြို့ရောက်ခဲ့တာ တို့ရွာကသူဌေးလောင်း
များ မတွေ့ခဲ့ဘူးလား.."

စသဖြင့် ရွာမှာသူမရှိပေမယ့် သတိရနေသမျှ ကာလတွေ
သူ့အကြောင်းပြောမိကြတိုင်း သူ့ကိုခေါ်တာ သူဌေးလောင်း။ နော
တော့လည်း မပြောဖြစ်ကြတော့ပါ။ ဒီရွာသားအောင်ကိုဆိုတဲ့လူ
မြို့ကိုရောက်လို့ ဘယ်မှာအခြေချနေပြီး ဘယ်လောက်ထိချမ်းသာ
ဆိုတာလည်း သိလည်းမသိ။ စိတ်လည်းမဝင်စားကြတော့ပေ။
ကြောင့် ဦးအောင်ကိုဘက်က အေးစက်ပြတ်တောက်ခြင်းအတွက်
စံကွန့်ထူးဆန်းမနေတော့ပါ။ ထိုစဉ်.. ။

"ကိုကြီးရေ..ဒီမှာဆိုင်းဘုတ်လာကြည့်ဦးဟ၊ ငါမရေးတတ်
ဘူး.."

တောင်ကြီးရဲ့အော်သံဗြဲကြီးသည် ခြံဝင်းထဲကနေ သူတို့ထံသို့

>> <<

အခန်း(၄၁)

ဒီအချိန်ဆို ဒေါ်လေးထားခင် ရွာထဲမှာ ကြွေးလိုက်သိမ်းနေပြီ..။
မှော့ကြည့်ပြီး နေရာမှထရပ်လိုက်သည်။ ဖေဖေနဲ့ဒီမှာလာနေ
ည်းက သုံးလွှာစကက်ရှည်နဲ့ တီရှပ်လေးတွေ ကိုယ်ကျပ်တွေပဲ ဝတ်
တာမို့ ကိုယ့်ပုံစံကို ပြန်ငုံ့ကြည့်ပြီး ဘောင်းဘီရှည်နဲ့ပြန်လဲဝတ်
လား စိတ်ကူးလိုက်သေးသည်။

သို့သော် သူမကိုမြင်လိုက်တာနဲ့ ပြုံးလိုက်သောဖေဖေ့မျက်နှာ
က ကျေနပ်အားရသည့် အပြုံးကိုသတိရကာ ဒီတိုင်းပဲအပြင်ထွက်
ဖို့ ဆုံးဖြတ်လိုက်၏။ သူမငယ်စဉ်တည်းက ဖေဖေပုံသွင်းခဲ့တဲ့အ
မိန်းကလေးစိတ်နဲ့ ယောကျာ်းလေးလို မာကျောခဲ့သည်။ ဒါ
ကြောင့်လည်း ဒီရွာမှာသူမမျက်နှာအနေအထားက ယောကျာ်းလေးသ
ပြင်နေခဲ့တာလည်း ဖြစ်နိုင်၏။

သို့သော် ဒီအတွက်နဲ့ သူမဘယ်တုန်းကမှ ဂုဏ်ယူဝမ်းမြောက်
တွေးခဲ့ဘူးပါ။ အထူးသဖြင့် ဖေဖေ့အတ္တတွေအပေါ်မှာ လိုလား
ရှိတာကြောင့် ဖေဖေဖြစ်စေချင်သလို သူမဘယ်တော့မှ မဖြစ်ဖို့
ဖြတ်ထားခဲ့သည်။ ထို့ကြောင့် တစ်ရွာလုံးလည်းသိနေကာမှ ယော
လေးလို ဝတ်နေဖို့မလိုဟုသတ်မှတ်ကာ စက်ဘီးသော့ယူပြီး ခြံ

ဝင်းကြီးရဲ့ ဘေးတံခါးကနေ ထွက်လာခဲ့သည်။

ဖေဖေရောက်လာတည်းက ဘာအရေးညာအရေးပေါင်းစုံတိုင်
လို့ မပြီးနိုင်ကြသည့်အဖြစ်ကြောင့် ဦးစံကွန့်နဲ့အောင်ကြီးတို့ညီအစ်
တွေ ဖေဖေ့နားမှာပဲ ရှိနေတတ်ကြသည်။ ထိုကြောင့် သူမထွက်လာ
တာ ဘယ်သူမှ မသိလိုက်ဘဲ အေးဆေးဖြစ်နေခဲ့၏။ သို့သော်..

"ဂျိး.."

မယ်ဇလီပင်လမ်းဆုံကို ရောက်ခါနီးမှာ ဘီးကဖုန်ထဲမှာ ဝပ်သွား
သည်။ ပြန်တက်ဖို့ဖိနင်းလိုက်တော့ ချိန်းကြိုးကကပ်နေ၏။ မရမ
နင်းပြီး မြေမာပေါ် အတင်းတက်လိုက်လျှင်.. ။

"ထောင်း..ဂျိး.."

"အား.."

ခြေနင်းပြားဆောင့်ချော်သွားကာ စက်ဘီးလည်းဟန်ချက်ပျ
ကာ.. ။

"ဝုန်း.."

"အား..သေပါပြီ.."

စက်ဘီးနဲ့လူထပ်လျက် လဲသွားလေသည်။ စက်ဘီးစီးတတ်
မယ့် မြို့မှာစီးလေ့မရှိသည့်မို့ စက်ဘီးစီးခြင်းက ကိုယ်နဲ့မရင်းနှီး
ထို့ကြောင့် တစ်ခုခုဆို လည်လည်ပတ်ပတ်မထိန်းနိုင်။ ဘေးဘီကို
ကြည့်တော့ နေပူကျဲတဲမှာ နွားလှည်းလူသူတစ်ယောက်တလေ
တွေ့။ သူမထရပ်ဖို့ စက်ဘီးကိုတွန်းဖယ်လိုက်စဉ် စကက်အနား
ချိန်းကြိုးနဲ့ချိန်းသွားတွေကြားမှာ ဘယ်လောက်ထိညပ်နေသည်မ

"တောက်.."

"ဗျောက်..ဗျောက်.."

ခြေနင်းကို ပြန်လှည့်ပြီး ဆွဲထုတ်ပေမယ့် ခြေနင်းကလည်း
ချင်သံလောက် ပါမလာ။ စကက်စကလည်း ဆွဲလို့ရမယ့်ပုံမရှိ။
ခြေထောက်တွေရုတ်ပြီး ကောက်လိုက်တော့ ဘယ်ဘက်ခြေထော
ခြေမျက်စိက ဖောင်းကားနီရဲနေပြီး ထောက်လို့မရ.. ။

ဘာတွေဖြစ်တာလဲ..စက်ဘီးလဲတာ ဒီလောက်တောင်ခံ
လား..။ ကိုယ့်ကိုယ်ကို မကျေမနပ်ရေရွတ်ရင်း မရမကထရပ်မိ

"အား..ကျွတ် ကျွတ်.."



ခြေတစ်ဖက်ဖော့ထားပြီး ဖြည်းဖြည်းချင်းဖိထောက်ကြည့်သော်
ည်း.. ။

"အမလေး..အား.."

နည်းနည်းလေးဟောင် ထောက်လို့မရတော့ပေ။ ထိုစဉ်.. ။

"ခွေးရူး..ခွေးရူးဟေ့၊ ကလေးတွေအိမ်ထဲဝင်ကြ..ဟိုဘက်ရွာက
ပြေးလာတာ၊ ခွေးအနီရောင်ဟ.."

"မယ်မြတို့ သာလှတို့ တံခါးတွေပိတ်ထား..ကလေးတွေရှိရဲ့
လား.."

"ခွေးရူးတဲ့..အိမ်တံခါးတွေ ပိတ်ထားကြဟေ့.."

ရုတ်တရက်ဆူညံသံတွေ ကြားလိုက်ရကာ ခွေးရူးဆိုသည့်အော်
သံက မောင်မောင့်ခြေဖျားလက်ဖျားတွေပါ အေးစက်သွားစေလျက်..၊

"ဒုက္ခပါပဲ.."

လမ်းဆုံနဲ့နီးနေပြီဖြစ်ကာ ဘယ်ကိုကြည့်ကြည့် ခွေးရူးကိုမမြင်။
လမ်းလေးခွမှာ ဘယ်လမ်းကနေ ထွက်လာမည်မသိသော အခြေအနေ
နေရာမှ ကမန်းကတန်းထလိုက်မိသည်။ ဒဏ်ရာကြောင့် ခြေဒရွတ်
ပြေးလို့ရသည်။ နီးရာခြံဝင်းတစ်ခုခုထဲ ပြေးဝင်လိုက်လို့လည်းဖြစ်
သည်။ သို့သော် အနားစညပ်နေသည့် စကက်စကို ဘယ်လိုမှဆွဲထုတ်
မရ.. ။

ဆွဲဖြုပစ်ဖို့ကြိုးစားပေမယ့် ပြဲတော့ပြဲသွားသည်။ ပြုတ်ထွက်လာ
အောင် ဆွဲလို့မရပေ.. ။

ဟာင်.. ဟိုမှာ.. ။

အုန်းခွံရောင်ရဲနေသော ပိန်ညှောင်ညှောင်ဒေါက်မြင့်မြင့်နှင့် ခွေး
တစ်ကောင်ကို မြင်လိုက်သည်။ မှတ်သားခဲ့သော ခွေးရူးတစ်ကောင်
အင်္ဂါလက္ခဏာတို့အရ ဒီခွေးပဲဆိုတာသိလိုက်လျှင် မောင်မောင်
ကြောက်သည့်စိတ်နှင့် ကြက်သေသေ၏။ ခွေးသည် ညာဘက်လမ်း
ကနေ ထွက်လာကာ သူမရှိရာသို့.. ။

ထိုစဉ်.. ။

"ဘာထိုင်လုပ်နေတာလဲ..မင်းကိုခွေးရူးက ပြေးထူမယ်မှတ်နေ
လား.."

မိုးခြိမ့်အော်ရင်းပြေးလာသည်။ ခွေးရူးက နီးနေပေမယ့် ခြေလှမ်း

မမှန်အောင် အရှူးရင့်နေပြီမို့ မိုးခြိမ့်လှုပ်ရှားချိန်ရသွား၏။

"ထလေ.."

ပြောရင်း စက်ဘီးကိုဆွဲမလိုက်သည်။ စက်ကစည်ပ်နေသည် တွေ့လို့ဆွဲဖြုတ်ကြည့်၏။ မရတော့စိတ်တိုသွားကာ ထောင်းခနဲ ဖြုတ်ပစ်တာ တစ်ချက်တည်း.. ।

"သွားမယ်.."

"မရ..အား.."

မောင်မောင့်လက်ကိုဆွဲ၍ အနီးမှာရှိသည့် ဒေါ်ငိုတို့ခြံထဲကို ဖို့ ခြေလှမ်းပြင်လိုက်၏။ သို့သော် မောင်မောင်သူ့ကိုယ်ပေါ်ယိုင် လာသောကြောင့် ခွေးရူးကိုတစ်ချက်လှည့်ကြည့်လိုက်ရင်း.. ।

"ဒေါ်ကြီးငို..ဒေါ်ကြီးငိုတံခါးခဏဖွင့်ပေးပါ.."

အောက်ထပ်မီးဖိုဆောင်လေးကနေ ဒေါ်ငိုခေါင်းပြူကြည့်တာ သည်။ ပြီးတော့ သားဖြစ်သူကလည်း နွားစာစဉ်းသည့် ဓားပြား သွေးနေရင်း ထရပ်ကြည့်သည်။ ဒါပေမယ့် တစ်ယောက်မှမလှုပ်

"ခွေးရူးက အနောက်ပိုင်းကိုသွားနေတာဟ..ငါ့ညီလေး လမ်းပေါ်ထွက်ဆော့နေမလားပဲ.."

"လိုက်ကြ..လိုက်ကြ တစ်ခါတည်းရိုက်သတ်.."

"ဟေး..မိုးခြိမ့်တို့ဖယ်နေလေ.."

ဆူညံသံတွေ လမ်းချိုးကနေ ဝက်ဝက်ကွဲပေါ်လာကာ ရွာသား တွေ တုတ်ဓားကိုယ်စီနှင့် ပြေးလိုက်လာကြ၏။ ခွေးကလှူသံ ကြောင့် မိုးခြိမ့်တို့ဘက်ကိုကူးလာလျှင်.. ।

"ကိုင်းကွာ.."

"ဂျွတ်..ဖြောင်း.."

"ဝုန်း.."

မိုးခြိမ့်က ဝါးကပ်နှင့် တံခါးကြီးကို ခြေထောက်နဲ့ ဆောင့် ပစ်လိုက်သည်။

"အောင်မယ်လေး..ငါ့တံခါးကျိုးပြီ၊ ကုန်ပါပြီတော်.."

"ငါလာမလို့ဟာ..မင်းဘာလုပ်လိုက်တာတုံးမိုးခြိမ့်ရ.."

သားအမိနှစ်ယောက် ရင်ဘက်ထုပြီး အလုအယက်ရောက် ကြသည်။ မိုးခြိမ့်ဆီကို ဦးတည်ပြေးလာသည့် ခွေးသည်လည်း



လဲပြိုလဲသံကြီးကြောင့် လန့်ဖျန့်ကာ တခြားဘက်ကိုထွက်ပြေးသွား သည်။

"မင်းကဘာဖြစ်.."

စံထူးမေးတာကို မဖြေသည့်ပြင် ရှေ့ကကာဆီးနေသည့်ကိုယ်ကို တိုက်ဝင်သွား၏။ ပခုံးတစ်ဖက် လန်ထွက်သွားကာ စံထူးယိမ်း ကျန်ခဲ့၏။ ဒေါ်ငိုကတော့ အိမ်အောက်ကွပ်ပျစ်ကြီးမှာ မောင်မောင့် ထားလိုက်တဲ့အထိ အပြေးတပိုင်းလိုက်ပါလာကာ.. ।

"ဘာတွေဖြစ်လာတာတုံး..ဘာကိစ္စ ငါ့ခြံတံခါးကို ဖျက်ဆီးပစ် တာတုံးမိုးခြိမ့်ရယ်၊ နင်ဟာလေ.."

"နင့်ဟာတွေ သူများဟာတွေမပြောနဲ့လေ..တံခါးဖွင့်ပါဆိုတာ ဘွားတို့လာဖွင့်ပေးလို့လား.."

"ငါတို့လည်းခွေးရူးကြောက်တယ်လေ.."

"ဩော်..ကျွန်တော်တို့ကျတော့ ခြံပြင်မှာ.."

"နင်တို့ဘာသာ ခြံပြင်ရောက်နေတဲ့ကိစ္စ.."

"အမေကလည်းဗျာ..အဲ့ကောင်နဲ့ စကားနိုင်လုမနေစမ်းပါနဲ့၊ ဒီ ကောင်ခလောက် လှည့်ပတ်ခွေတတ်တာ မရှိဘူး..မိုးခြိမ့် မင်းဖျက်ဆီး တာ မင်းပြန်လုပ်သွား.."

"လုပ်ပေးမယ်နောက်မှ.."

"ဘာ.."

ဒေါ်ငို့အသံကြီး စူးထွက်လာသည်။ ပါးစပ်တစ်လုံးကြီးပြောမ ခါးထောက်လိုက်ပြီးမှ ကွပ်ပျစ်ပေါ်က ဆင်းရပ်ဖို့ပြင်ရင်း ယိုင်နဲ့ နေသော မောင်မောင့်ကိုလှည့်ကြည့်မိကာ.. ।

"ကောင်လေးက အဲ..ကောင်မလေးက ဘာဖြစ်လာတာတုံး.."

"ကျွန်တော်အပြင်မှာ စက်ဘီးလဲပြီး ခြေထောက်ဘာဖြစ်သွား သေးသိလို့.."

ပြောနေရင်း ယောင်နေသည့်ခြေမျက်စိတစ်ဖက်ကို ငုံ့ကြည့်ကာ၊

"အကြောထိသွားတာထင်တယ်.."

"ဟုတ်တယ်..စက်ဘီးပိပြီး ထမရဖြစ်နေတုန်း ခွေးရူးလာလို့ ဆွဲ ခဲ့တာ.."

မိုးခြိမ့်က ခပ်ဆောင့်ဆောင့်ဝင်ဖြေကာ.. ।

"လိမ်းဆေးလေးဘာလေးရှိရင် ပေးဦး..ဟိုမှာ ယောင်ကိုင်
လို့.."

"အေး..အေး.."

ဒေါ်ငို ပျာပျာသလဲခေါင်းညိတ်ရှာသည်။ သူမကိုယ်တိုင် အ
လွဲပြီး မုဆိုးမကလေးအမေကို အပျော်ကြံသည့် မြို့သားလို့ စွပ်
သောကြောင့် မောင်မောင့်ကိုမြင်တိုင်း နေရခက်ရကာ.. ။

"ရော့..ရော့.."

အိမ်ပေါ်က ပြန်ဆင်းလာပြီး ဆေးပုလင်းကြီးကို လှမ်းပေး
မိုးခြိမ့်က ယူတော့ယူလိုက်ပြီး.. ။

"ဆေးပုလင်းကလည်း သေးသေးလေးပဲ..လူပေါက်သတ်
တယ်.."

"အံမာ..ငါ့ဆေးပုလင်းကို.."

"ကြားဖူးတာတော့ 'ဆေးကောင်းသန်းခေါင်'တဲ့.."

"ဟဲ့..လိမ်းဆေးကို သန်းခေါင်လောက်ဘယ်လိုလုပ်လိမ်း
အဲ့ဒါ ရောက်ဘီလူးနဲ့အရက်နဲ့ ညှော်ခံအမြစ်နဲ့ နှစ်ချို့စိမ်ထားတဲ့
ဆေး..ပြီးတော့ ပါသေးတယ်၊ ဟိုဥစ္စာ..ဘာမြစ်လဲ.."

"အဲ့ဒါ ရွှေအပ်ကိုးချောင်းထည့်ရုံပဲအဘွားရဲ့..ရောက်ဘီ
ဓာတ်ဆီနဲ့ဆို ပိုကောင်းတယ်၊ အနံ့လည်းမဆိုးဘူး.."

"ဟေ.."

ဒေါ်ငို အံ့သြသွားသည်။ မောင်မောင်က ခေါင်းညိတ်ကာ

"ရောက်ဘီလူးနဲ့ဓာတ်ဆီရယ်..ရွှေအပ်ကိုးချောင်းရယ် စိမ်
လိုက်ရင် အပ်တွေပျော်ဝင်သွားတာနဲ့ ဆေးပေါက်ပြီ.."

"ဒါနဲ့ နင်ကအင်္ဂလိပ်ဆရာဝန်ဆို.."

"ဟုတ်ပါတယ်..ဖေဖေက ဘာရောဂါဖြစ်ဖြစ် တိုင်းရင်းဆေ
ပြီးသွားတာများတယ်..ပြီးတော့ သူကိုယ်တိုင်ဖော်တဲ့ဆေးကိုပဲ
ကြည်ကြည်သုံးတယ်၊ ကျွန်တော်ဆိုရင် အဲ့ဒီလိုပစ္စည်းတွေ
သွားတာနဲ့ အစွမ်းထက်တဲ့လိမ်းဆေး ဘာကြောင့်ဖြစ်သွားတာ
ပြီး စိတ်ဝင်စားခဲ့တာ..အဲ့ဒါကစ ဆရာဝန်ဖြစ်ချင်စိတ်တွေ မ
တော့တာပဲ.."

ပြောပြရင်း ပြုံးယောင်သမ်းနေသော မောင်မောင့်မျက်နှ



က နူးညံ့မှုတွေနဲ့ ပို၍သက်ဝင်လှုပ်နေသည်။ ထိုမျက်နှာလေးကို မိုး
ခြိမ့်ဆေးပုလင်းပိုက်ထားရင်း ငေးနေခဲ့၏။ မိုးခြိမ့်ငေးနေတာကို စံထူး
က လှမ်းမြင်သည်။ ထို့ကြောင့်.. ။

"ကိုင်း..ဆေးလူးပေးလိုက်ဦး၊ ပြီးရင် ငါ့ကိုလာကူလှည့်.."

တစ်ဆက်တည်း ဒေါ်ငို့ဘက်လှည့်၍.. ။

"လောလောဆည် အမေကကျွန်တော့်ကို ဦးသန်းဆိုင်မှာ နှီးတစ်
...ည်းလောက်သွားဝယ်ပေး.."

"ဟုတ်သား.."

ဒေါ်ငို ကိုယ့်ခြံတံခါးအပျက်ကိုမြင်မှ သတိရသွားသည်။ ထို့
ကြောင့် ဘာမှမမေးတော့ဘဲ ချက်ချင်းထွက်သွားလေသည်။

"ဒေါ်လေးတို့အိမ်မှာရှိလား.."

"မင်းက ဘယ်လိုထွက်လာတာလဲ.."

"ဒေါ်လေးတို့ရှိလားပဲဖြေပါ.."

"ငါလည်းအပြင်ရောက်နေတာ ဘယ်လိုလုပ်သိမှာတုံး.."

မောင်မောင့်မျက်နှာက စိတ်ပျက်သလို ရှုံ့မဲ့သွားသည်။ ပြီးတော့
ကွပ်ပျစ်ပေါ်က ဆင်းဖို့ ခြေချကြည့်ရင်း အောက်ကိုငုံ့ကြည့်ကာ.. ။

"ဖိနပ်တစ်ဖက်လည်း ကျွတ်ကျန်ခဲ့ပြီ..ခြေထောက်ကထောက်လို့
ရသေးဘူး..ကျွတ်.."

"အဲ့ဒါကြောင့် မေးနေတယ်..ဘယ်သွားမလို့ ထွက်လာတာလဲဆို
တာ.."

မောင်မောင်က သူ့မျက်နှာကိုကြည့်သည်။ မေးနေလေပြန်မဖြေ
ချင်လေ ဖြစ်လာပေမယ့် မဖြေဘဲလည်းပြီးမှာမဟုတ်သောကြောင့်..။

"ကျွန်တော် ဒေါ်လေးတို့ကို အသိမပေးဘဲ ထွက်လာခဲ့တာအပြစ်
တစ်ခုလို ခံစားနေရလို့.."

"အဲ့ဒါကြောင့် ခေါင်းခေါက်ပြီးမှ 'ကန်တော့ပါ' ပြန်လုပ်မလို့
လား.."

မောင်မောင့်အကြည့်က စူးခနဲဖြစ်သွားသည်။ မိုးခြိမ့်ကလည်း
...ရှုံမစိုက်.. ။

"ငါပြောလိုက်ပါတယ်..မင်းနဲ့ငါစကားပြောမတည့်လို့ မင်းရွဲ့
...ထွက်သွားတယ်ဆိုတာ.."

"ရှဲ့ချိတ်တာမဟုတ်ဘူး.."

"ဒါဖြင့်ဘာတုံး.."

"ဘာဖြစ်ဖြစ်မလိုတော့ဘူး..ကျွန်တော်လည်း ဖေဖေနဲ့ပြန်လိုက် သွားဖို့ ဆုံးဖြတ်ပြီးပြီ.."

"ဘာ.."

မိုးခြိမ့်မျက်နှာတင်းသွားသည်။ ပြီးတော့ ခါးနှစ်ဖက်ထောက် လိုက်ပြီး မောင်မောင့်မျက်နှာကို စေ့စေ့ကြည့်ကာ.. ။

"မင်းစိတ်မပြောင်းလဲသေးဘူးလို့ ပြောနေပြီး တကယ် ... ပ်တော့ မိန်းမကမိန်းမပါပဲလား.."

မိုးခြိမ့် ဘာကိုပြောမှန်းသိသည်။ ဒါပေမယ့် အနိုင်လုငြင်းမနေ ချင်သောကြောင့် မောင်မောင်ကဘာမှပြန်မပြောပေ။ ဒါကိုပဲ မိုးခြိမ့်အ သည်းတွေ ယားလာတာ သည်းမခံနိုင်.. ။

"မောင်မောင်.."

"ခင်ဗျားလက်မပါနဲ့.."

သူမပခုံးနှစ်ဖက်ကို ခပ်ဖျစ်ဖျစ်ဆုပ်ကိုင်လိုက်ကာ.. ။

"မင်းလိုက်သွားဖို့ မစဉ်းစားနဲ့.."

"စဉ်းစားနေတာမဟုတ်ဘူး..ဆုံးဖြတ်ထားတာကိုပြောတာ.."

"ငါ့ဆီကိုမင်းလာချင်တော့ ခွင့်တောင်းတယ်..ငါခွင့်ပြုခဲ့တယ် ပြန်ချင်တော့ မင်းသဘောနဲ့မင်းလား.."

မောင်မောင်မျက်နှာလွှဲပစ်သည်။ မိုးခြိမ့်က ထိုမျက်နှာနောက် လိုက်ကပ်ရင်း.. ။

"ဖြေလေ..မင်းကိုငါပြောခဲ့ပြီးသားနော်၊ မင်းငါ့နားမှာရှိနေသရွေ့ မင်းကိုငါ ရည်းစားစကားမပြောဘူးဆိုတာ.."

ပါးပြင်လေးတွေ ရဲတွတ်သွားတာကို အနီးကပ်ကြည့်ရင်း မိုးခြိမ့် ရင်တွေခုန်လာသည်။ ရင်ခုန်ခြင်းသက်သက်မဟုတ်သည့် ခံစားချက် သည် ကိုယ်ခန္ဓာတစ်ခုလုံးမှာ ကျင်ခဲရှိန်းဖိန်းလျက် သွေးတွေပြောင်း ပြန်စီးကုန်ပြီလား ထင်မိတဲ့အထိ.. ။

မောင်မောင်နဲ့ပတ်သက်သော ခံစားချက်တွေ နာရီစက္ကန့်နဲ့အမျှ ဘယ်လိုတွေပြောင်းလဲကုန်တာလဲ..။ လွှတ်ခနဲပြောထွက်နေခဲ့သည် ချစ်စကားတွေတောင်မှ ဘယ်နေရာမှာ ရပ်တန့်ဆွံ့အကုန်သည်မသိ



သူမပခုံးသားလေးတွေကို ဖိညှစ်ဆုပ်ကိုင်ထားရင်း အားပါးတရပြင် ဆင်လိုက်သည့် စကားလုံးတွေက ကြက်ပျောက်ငှက်ပျောက်.. ။

မောင်မောင်သူ့ရင်ဘက်ကို အတင်းဆောင့်တွန်းပြီး ရုန်းလိုက် ကာမှ ဖျတ်ခနဲအသိဝင်ကာ.. ။

"ငါ့အတွက် မင်းမရှိလို့ မဖြစ်ဘူး.."

"ကျွန်တော့်အတွက် ခင်ဗျားမရှိမှ အဆင်ပြေမှာ.."

ဘေးပြောပြီး စိတ်လိုက်မာန်ပါဆင်းလိုက်လျှင် ခြေထောက်ဒဏ် ကြောင့် လူကညွတ်ကျသွား၏။ မိုးခြိမ့်က သူမပခုံးနှစ်ဖက်ကို ဆွဲ ထိန်းထားလိုက်ရင်း.. ။

"မင်းဘာပြောလိုက်တယ်မောင်မောင်..ငါပြောနေတာက.."

"ရည်းစားစကားလေ ခင်ဗျားတို့ယောကျာ်းတွေပြောတိုင်းထွက် သမယ့် မိန်းမတိုင်းခေါင်းညိတ်မလွယ်ဘူး..ကျွန်တော်ဟိုမရောက် ဒီ ရောက်ဝတ်စားနေထိုင်တာ ဘယ်လိုထင်စရာဖြစ်နေသလဲ ကျွန်တော် သိဘူး၊ ဒါပေမယ့် မိန်းမစစ်စစ်ပဲ.."

"ငါကလည်း ယောကျာ်းချင်းရည်းစားစကားပြောမယ့်ကောင် မ ဟုတ်ဘူး.."

"ခင်ဗျား ဒယ်နော်.."

"မင်းပြန်လိုက်မသွားပါနဲ့.."

"ခင်ဗျားတားခွင့်မရှိဘူး.."

"ဟုတ်တယ်..မင်းလိုက်သွားနိုင်တယ်၊ ဒါပေမယ့် ငါတို့ဒီလိုပုံ စံတွေနဲ့ လမ်းခွဲဖို့မတန်ပါဘူး..မင်းဘက်က သံယောဇဉ်တစိုးတစိ လောက်တောင် မရှိခဲ့ဘူးဆိုရင်လည်း ငါတို့ဘက်ကို လေးစားသမှုရှိ ...."

သူ့စကားမဆုံးလိုက်မီ.. ။

"ဘယ်မှာတုံး..ချစ်သမျှကို၊ ကျုပ်တို့ညီမ ဒီထဲမှာလား.."

"မောင်မောင်ရေ..ဟော့ကောင် လာပြန်မယ်.."

အောင်ကြီးနဲ့တောင်ကြီးတို့ မောင်မောင့်ကိုနာမည်တစ်မျိုးစီခေါ် ပြီး ခြံဝကနေ လှမ်းအော်ကြသည်။ တောင်ကြီးလက်ထဲမှာ စက်ဘီးအ ကျက်နှင့်ဖြစ်ကာ အောင်ကြီးက အိမ်ထဲမှာမိုးခြိမ့်နဲ့အတူရှိနေတာ မြင် လိုက်သဖြင့် ပုဆိုးတိုတိုဝတ်ပြီး တလွှားလွှားရောက်လာပြီး..

"ဘာလဲ..ဘာတွေဆွေးနွေးစရာရှိလို့ ဒီလောက်ပူးပူးကပ်..အံ အံမာ..ဟိတ်ကောင်၊ ငါ့ညီမကိုလွှတ်လိုက်.."

"အံမာ..သင်းက မောင်မောင့်ကိုဖက်ထားတာလား၊ မတန် ခွေးသူခိုးလေး.."

တောင်ကြီးက စက်ဘီးကိုခြံတိုင်မှာ ကပ်ထောင်လိုက်ပြီး ခြ နေသည့်သားအမိကိုကျော်၍.. ၊

"အောင်မလေး..သေပြီ.."

"ကောင်းတယ်..သူများကို အကုသိုလ်များပြီး ကိုယ့်ဘေး ရှောင်တာ.."

"သံ..သံစူးပြီ၊ အား..နာတယ်ဟ.."

တောင်ကြီး ခြေထောက်တစ်ဖက်ကို ပေါင်မှာလှမ်းချိတ်ပြီး တစ်ပေါင်ကျိုး ခုန်ပေါက်အော်နေ၏။

"မင်းကဘာတုံး..သူများတကာသံစူးတာကို မေတ္တာပို့နေ ပေါ့၊ ဒါ မင့်ခြံထဲမှာနော်..မင့်မှာ တာဝန်ရှိတယ်.."

"ဟ..ကျုပ်ကခြံပြင်နေတာလေ.."

"ခြံပြင်နေတာ ဝါးနီးတွေလျှော်ပင်တွေ သုံးပါလား..သံက လုပ်တာတုံး.."

"ငါလုပ်ချင်ရာလုပ်တယ်ကွာ.."

"ဟဲ့..တော်ကြစမ်း၊ တော်ကြစမ်း.."

ဒေါ်ငိုစိတ်တွေတိုကာ ဘီးဆံပတ်ပြည်ကျနေတာတောင် ထုံးနိုင်ဘဲ ခါးထောက်၍.. ၊

"နင့်ညီမခွေးရူးလိုက်လို့ မိုးခြိမ့်ကကယ်တာ..အဲ့လိုကယ် တွက် ငါ့ခြံတံခါး အမြန်ပွင့်အောင် ခြေဆောင့်ကန်ပစ်လိုက် အဲ့ဒါကြောင့် ငါ့တံခါးကျိုးသွားတယ်.."

"အစတည်းက ခင်ဗျားဥစ္စာကျိုးတို့ကျဲတဲပါ.."

"ငါ့ဟာကောင်းပါတယ် ပြောနေတာမဟုတ်ဘူး..ကျေးဇူး ဖင်လှန်ပြမလုပ်ဖို့ သတိပေးတာ၊ အဲ့ဒီမှာ နင့်ညီကျေးဇူးကန်း ရူးသွားတာလေ..ဘေးတိုင်အတွက် သံလေးနှစ်ချောင်းပဲချထား သူ့ကျမှ သံက မတ်တပ်ရပ်ပြီး.."

"ဒေါ်ကြီးငို..ခင်ဗျားနော်.."



"ဟော့ကောင်..မင်းငါ့အမေကို လက်ညှိုးထိုးပြောစရာ မလိုဘူး၊ သွားပါလား..မင်းတို့ညီမကို၊ အလကား သပွတ်အူနဲ့စာဘူးဆောင်း ညားမွေးထားတဲ့ဟာတွေ.."

ရန်ပွဲသည် ရည်ရွယ်ချက်မဲ့နေသကဲ့သို့ ဒီညီအစ်ကိုနဲ့ပတ်သက် တိုင်း သေးသေးတင်မခံတတ်ခဲ့သောမိုးခြိမ့် အသံတစ်ချက်မှ ထွက် လာခဲ့ပေ.. ၊

"မောင်မောင်..ပြန်မယ်ဟေ့.."

"ချစ်သမျှကို..လာ ပြန်မယ်.."

မောင်မောင်ခေါ်သည့် တောင်ကြီးကို အောင်ကြီးက မျက်စောင်း သည်။ သူ့စိတ်ထဲမှာ ချစ်သမျှကိုလို့ခေါ်ချင်သည်။ မိန်းကလေးလို ချင်သည်။ ဒါ'ငါ့ညီမ'လို့ ပိုင်ပိုင်နိုင်နိုင်ပြောချင်၏။ နမရှိတဲ့မောင် ဖြစ်သာ နေသားကျလာခဲ့သောဘဝကို အစကပြန်လိုချင်သည့် လော က ဘာဆေးသောက်လို့မှလည်း ပျောက်မှာမဟုတ်ပေ.. ၊

မိုးခြိမ့်က မောင်မောင်ထိုင်ခဲ့သည့် ကွပ်ပျစ်မှာ စိတ်ပျက်လက် ထိုင်ကျန်ရစ်၏။ မောင်မောင့်ကို စက်ဘီးပေါ်ဆွဲတင်ကာ အောင် က ဒီတိုင်းတွန်းသွားသည်။ သို့သော် တစ်ချက်မှလှည့်မကြည့်ဘဲ လိုက်သွားခဲ့သော မောင်မောင့်မျက်ဝန်းတွေမှာ စိတ်ညစ်တွေဝေ တို့ ရောထွေးနေခဲ့၏။ ခြံအကွယ်ရောက်သည်နှင့် အထဲကိုပြန် ကြည့်ချင်သော စိတ်ကိုလည်း ဘယ်လိုမှချုပ်တီးလို့မရပေ။ ထို့ ကြောင့် မြင့်နိုင်သေးသည့် နေရာမှာပဲ အထဲကိုလှမ်းကြည့်လိုက်မိ၏။ နိမ့်နိမ့်ဝါးကပ်ခြံတိုင်တွေ ကြားကနေ မိုးခြိမ့်ခေါင်းငိုက်စိုက်ကျကာ နှာကို ဖိပွတ်နေသည့်ပုံရိပ်ကို မြင်လိုက်ရ၏။ ပြီးတော့ မျက်နှာ လာလျှင် သူမကမန်းကတန်း မျက်နှာလွှဲပစ်လိုက်မိသည်။ သူမ ခဲ့သည်။

"ကျွန်တော့်အတွက် ခင်ဗျားမရှိမှ အဆင်ပြေမှာ.."

စိတ်ထဲမှာ တကယ်ဒီတိုင်းပဲလားလို့ တစ်ယောက်ယောက်လာ ခဲ့ရင် သူမ'အင်း'လို့ပဲဖြေမှာပါ။ ဒါပေမယ့် ကိုယ့်ကိုယ်ကိုတော့ မမေးရဲခဲ့ပါ.. ၊

"ငါ ဘာဖြစ်တာလဲ.."

မျက်တောင်ခတ်ရင်း သတိထားမိလိုက်ကာ လက်ခုံနဲ့ကပ်ထိ

လိုက်တော့ လက်မှာမျက်ရည်စတို့ စိုစွတ်ပါလာ၏။ ရင်ထဲမှာ ဒိန်းနဲ့လှုပ်ခါသွားသည်။

သူအကြောက်ဆုံးက အချစ်နဲ့ပတ်သက်ရခြင်း..၊

>> <<

အခန်း(၄၂)

လူကြီးဦးထွေးအိမ်ခြံဝင်းထဲမှာ အစည်းအဝေးလုပ်ကြတော့ ဦးအောင်ကိုနဲ့ ဦးစံကွန့်တို့ ခေါင်းဆောင်ကာ အောင်ကြီးတို့က ဝန်းရံကြ၏။ ကိုယ့်ဦးလေးက တစ်ရွာလုံးလျှပ်စစ်မီးရရှိရေးကို ဦးစီးဆောင်ရွက်သူဖြစ်ကာ ညီမဖြစ်သူကအိမ်မှာဆေးခန်းဖွင့်ထားသည့်ဆရာဝန်မ၊

သူမလေးက ပြန်လိုက်သွားဖို့ရှိနေသည်။ နောက်ထပ်ကြာကြာနေဦးမှာလားဆိုတာလည်း မသေချာ။ သို့သော် အိမ်ရှေ့မှာ ဒေါက်တာ သျှကိုဆိုသည့် ဆိုင်းဘုတ်ကြီးတပ်ထားပြီးတည်းက ခြံပြင်ထွက်တိုင်းကြည့် ပြန်ဝင်တိုင်းကြည့် ထွက်စရာဝင်စရာ အကြောင်းရှိရှိမရှိ တမင်ထွက်ပြီးကြည့်.. ၊

ကြည့်မိတိုင်း လူက မြေကြီးနဲ့လွတ်နေသလို ပီတိအဟုန်က လောက်မြင့်နေ၏။

"အဟမ်း..အဲ ဘယ်မှာလဲ၊ ဟိုကောင်လေးတွေ.."

"လာပါပြီဗျ.."

အောင်ကြီးက လူအုပ်ကြားထဲကနေ လူကြီးတွေနားထိသွားရပ် မိန့်မိန့်ကြီးလက်ပိုက်သည်။ ကမန်းကတန်း ပြေးလာခဲ့ရသည့် ကြောင့် စိုရွှဲနေသည့် ချွေးတွေက နားထင်ပါးရင်းကနေ လည်ပင်း

နဲ့ရင်ဘက်တွေမှာ စီး၏။ ဦးစံကွန့်က လှည့်ကြည့်ပြီး နားလည်ပေ
ခေါင်းတခါခါ.. ၊

"မင်းပုံစံက ဘာဖြစ်လာတာလဲ.."

ဦးအောင်ကိုက ရှုံ့မဲ့မဲ့ကြည့်ပြီး နားမလည်နိုင်.. ၊

"ဘယ်မှာလဲ..ဟိုနှစ်ယောက်.."

"အဟမ်း..အဟမ်း၊ ဒီလိုပါ..ဘကြီးတို့နဲ့ တစ်ခါတည်းလိုက်
မလို့ အိမ်ရှေ့တောင် ထွက်ပြီးပါပြီ.."

"ဘာအကြောင်းတွေပေါ်လို့ ခုမှတစ်ယောက်တည်း ပြေးလာ
လဲ.."

"ဆိုင်းဘုတ်လေ..မောင်မောင် ချစ်သမျှကိုရဲ့ဆိုင်းဘုတ်ကို
ဘက်အခြမ်းမှာ ကပ်ထားတာ၊ သရက်ကိုင်းကွယ်နေတော့ ညာ
ပြောင်းတပ်တယ်..အဲ့ဒါလည်း သရက်ပင်နဲ့မလွတ်တော့ လမ်းဘ
ကြည့်ရင် မမြင်ရဘူး၊ အဲ့ဒါနဲ့ သရက်ပင်စည်မှာ သွားချိတ်တော့
ရာဝန်က သရက်ပင်မှာနေသလိုကြီးဖြစ်နေပြန်ရော.."

"ဟား ဟား.."

"ခိ ခိ ခိ.."

ရယ်သံတွေထွက်လာတော့ အောင်ကြီးရဲ့ဒေါသမျက်နှာ
သွား၏။ သို့သော် သူ့ရဲ့မျက်လုံးတစ်ချက်အကြည့်မှာ ရယ်သံ
ပျောက်ကြရှာလျက်.. ၊

"အဟမ်း..အင်း အင်း.."

အောင်ကြီးကအားလုံးကို မျက်ထောင့်နီကြီးနဲ့ လှည့်ပတ်
လိုက်ပြီးမှ.. ၊

"အဲ့ဒါနဲ့ တောင်ကြီးအကြောင်းလည်း ဘကြီးသိသားနဲ့..
လုပ်မယ်ဆို ချက်ချင်းလေ၊ ခြံတိုင်မှာ နေရာတကျတပ်လို့လ
အောင် လမ်းကကြည့်ရင်လည်း ဘယ်ကကြည့်ကြည့်မြင်သာအော
ပြီး မျက်နှာစာခြံဝိုင်းကို ရှေ့တိုးခတ်ဖို့လုပ်နေလေရဲ့.."

"ဘာ.."

"ဟား ဟား ဟား.."

"ဘာတုံး..ဘာရယ်ကြတာတုံး၊ ငါ့..တောက်.."

ဆဲရေးနေကျပါးစပ်ကို တက်ခေါက်ရုံနဲ့မျိုလိုက်ရရင် အော



ဦးစံကွန့်နဲ့ဦးအောင်ကိုဘက်ကို ပြန်လှည့်၍.. ၊

"ဒီကောင်ကမြန်ပါတယ်..ချက်ကြီးပါဝိုင်းကူနေတော့.."

"မြန်တာနေးတာ အရေးမပါပါဘူး..နေစမ်းပါဦး၊ မင်းတို့ခြံတိုင်
တ်ပြီးရွှေ့ရလောက်အောင် ဒီလောက်တောင်တုံးရသလား.."

ဦးစံကွန့် ခပ်ကြိတ်ကြိတ်ဆူပေမယ့် အားလုံးကြားနေရသဖြင့်
ယ်လက်စမျက်နှာတွေက မျက်နှာပိုးမသေကြပေ။ အောင်ကြီးမျက်နှာ
တ်ကြီးချပြီး ပြန်ခံပြောဖို့ပြင်နေလျှင် ဦးအောင်ကိုမနေသာတော့ဘဲ..၊

"ကဲပါကွာ..သူတို့စိတ်ချမ်းသာသလို လုပ်ကြပါစေ.."

"ဟော ဟော..ဟိုဘက်ရွာက ဥက္ကဋ္ဌနဲ့ရွာလူကြီးတွေ လာနေကြ
နေရာလုပ်ကြစမ်း..ဟိုကောင်တွေ နီးကြောဖျာတွေပေါ် သွားထိုင်၊
န်းလျားတွေထုတ်ခဲ့.."

ဟိုဘက်ရွာဆိုပေမယ့် ရွာပိုကြီးသည်။ ရပ်ကွက်ဥက္ကဋ္ဌနှင့် ရဲ
င်းနှင့်ဈေးမကြီးလည်း ရှိသေးသည်။ အရပ်လေးမျက်နှာကပ်လျက်
အားလုံးထဲမှာ ဒုတိယအကြီးဆုံးဆိုလည်း မမှား။ သူတို့အားလုံး
ည်း မိုးခေါင်ခဲ့သည့် နှစ်များမှစပြီး ပရရွာနဲ့မိုးခြိမ့်တို့မိသားစုအ
ါမှာ သတိရအလေးထားမှုတွေ ရှိနေခဲ့သည်ဖြစ်ရာ.. ၊

"မိုးရရှိရေးအတွက်ဆိုတော့ ကြားကြားချင်းလာခဲ့တာပဲဗျို့..
ာက်များကျနေပြီလား.."

"မကျသေးပေါင်တော်..သတင်းကလည်းမြန်ချက်၊ ဘယ်သူမှ
ောင် မသိကြဘူးမှတ်တာ.."

ဒေါ်ငိုက အသက်ကြီးသူပီပီ နေရာတကာမှာ ပြောရေးဆိုခွင့်ရှိ
သည့် အမျိုးသမီးကြီးမို့ စိတ်မထင်တာတွေလျှင် ကောက်ခနဲပြော
တတ်သူ.. ၊

"ဟော..ဟိုမှာ သာစုရွာကလာကြပြီ.."

"လူကြီးပိုင်းတွေချည်းပဲဟ..လူနည်းတယ်၊ ကုလားထိုင်နှစ်လုံး
င်းအိမ်က သွားထပ်ယူစမ်း.."

နေရာထိုင်ခင်းပြင်ပေးရင်း လူတွေရောက်လာရင်းနှင့် လူကြီးခြံ
င်းထဲမှာ ကိုယ့်ရွာသားရော တခြားရွာသားတွေပါ ပြည့်နှက်သွားလေ
သည်။

"ပရရွာရဲ့ကျေးဇူးကတော့ဗျို့..'ရွာလေးကငယ်ငယ် ရွှေထွက်တဲ့

နယ်'လို့ ပြောရမလောက်ပါပဲ.."

လူကြီးတစ်ယောက်က ပုဆိုးသိမ်း၍ ထိုင်လိုက်ရင်း အားပါးတ ပြောလျှင်.. ။

"ဟုတ်တယ်..ဟုတ်တယ်၊ မိုးလေညီညွတ်ရာသီစွတ်ခဲ့တာလည်း ပရွာကပဲ..မှောင်နေတာကို အလင်းပေးမယ်ဆိုတော့လည်း ပရွာ ပဲ၊ ကိုင်း.."

"ဟေး ဟေး..ရေမီးအစုံနဲ့ ဘုံပေါက်လာတဲ့ သူတော်ကောင်း များစုဝေးနေရှာသလား မှတ်ပါ့.."

"အောင်မယ်လေး..မီးရရင် အားလုံးလင်းမှာပါဟယ်၊ သိပ်လည်း ဖားမနေကြပါနဲ့..ပရွာကြောင့် မဟုတ်ဘူး၊ ငါတို့ကလေးမိုးခြိမ်း ကြောင့်..မိုးခြိမ်းရှိရင် ရေရှိတယ်.."

"ဟုတ်တယ်..မိုးခြိမ်းမွေးလာတည်းက ရာသီဥတုမှန် ရေသ တာ.."

"ဒါဖြင့် ဘုံပေါက်ပြီး မွေးလာတာ မိုးခြိမ်းပေါ့.."

မိုးခြိမ်းနာမည်ချည်း မွေးနေသဖြင့် ဦးအောင်ကိုမသိမသာမျက် မှောင်ကုတ်သွားသည်။ မနာလိုတာလည်း မဟုတ်။ ကိုယ်နဲ့လည်း သက်ဆိုင်ပါ၏။ ဒါတွေကိုလည်း ဦးစံကွန့်ပြောပြလို့ သူသိပြီးသားပင် ဒါပေမယ့် သမီးမျက်နှာကိုမြင်လာရင်း ထိုအမည်နာမကို မလိုလားခြင်း က သိသာစွာဖြစ်ထွန်းခဲ့၏။

"ဒါတင်မကပါဘူး..မိုးခြိမ်းက ဘုံပေါက်ပြီး ရေလိုအေးချမ်းစွာ မွေးလာတယ်၊ ဒေါက်တာမောင်မောင်..အဲ ဒေါက်တာချစ်သမျှကို အမှောင်ခွင်းမယ့် လင်းအားရှင်လေး.."

"ဟင်..ဘယ်သူ.."

ဓာတ်တိုင်ရဲ့အသံကျယ်ကြီးကြောင့် တခြားရွာသားတွေ တ တသြ လှည့်မေးကြ၏။ ဥသြက ဘယ်မျက်နှာကိုမှ မကြည့်.. ။

"ဒေါက်တာချစ်သမျှကိုဆိုတာ ကျွန်တော်တို့ရွာမှာ ဆေးခန်းဖွ မယ့်ဆရာဝန်.."

"ဟော့..တယ်ဟုတ်ပါလား.."

"ကောင်းလိုက်တာဟယ်..ရွာတော်ကြီးမှာ ဆေးခန်းထိုင်မယ့်ဆ ရာဝန်မရှိလို့ ငါတို့မှာတိုင်းရင်းဆရာကို ခယနေကြရတယ်..အဲ့ဒီဆ



လည်း ပျင်းလိုက်သမျှ ဆေးကုရင် ပိုက်ဆံရမှာတောင် ခေါ်ရင်မ လိုက်ချင်ဘူးတော့.."

"ဟုတ်ပ..ဒီမှာဆရာဝန်ရှိတယ်ဆိုတော့.."

"ဟား ဟား ဟား..အဲ့ဒါကျုပ်ညီမ၊ ဟော့ဒီဘကြီးလျှပ်စစ်မီးရ အောင် ကြိုးပမ်းပေးမယ့် ဘကြီးဦးအောင်ကိုရဲ့သမီးအလိမ္မာ.."

အောင်ကြီးကိုယ့်ရင်ဘက်ကို ပုတ်လိုက် ဦးအောင်ကိုကို ညွှန် ပြလိုက်နှင့် အားပါးတရပြောကောင်းနေဆဲ.. ။

"ဟုတ်တယ်..ဒေါက်တာချစ်သမျှကိုက မိုးခြိမ်းဆီရောက်လာပြီး ရွာသူဖြစ်သွားတာလေ၊ အဲ့ဒီဒေါက်တာ ကနေဦးနေခဲ့တာ မိုးခြိမ်းတို့ အိမ်မှာ.."

"ဟိတ်ကောင်တွေ..မင်းတို့နော်.."

အောင်ကြီး တားဆီးလိုက်သံက တိုးမပေါက်ခဲ့ဘဲ.. ။

"ဟဲ့..လင်မယားတွေလား.."

"အောင်မယ်လေး..ကံကောင်းသူလေးတွေ လက်တွဲမိကြတာ ကြည့်စမ်း၊ တစ်ယောက်ကြောင့်ရေရတယ်..တစ်ယောက်ကမီးရမယ်၊ ဟီး ဟီး ဟီး..ကံကောင်းခြင်းတွေ စုဝေးနေတဲ့ ပရွာပဲဟေ့.."

"အဲ့ဒါအဘုဩခဲ့တဲ့ ကောင်းကျိုးတရားတွေရဲ့ ပဋ္ဌာန်းဆက်တွေ ပေါ့ဗျ.."

"အဟမ်း..အဟမ်း.."

ပရွာလူကြီးဦးထွေး ချောင်းဟန့်လိုက်သည်။ ဒီစကားတွေကို ဆိုင်းမဖြစ်စေတော့မှာမို့ ခပ်ကျယ်ကျယ်အသံပြုရင်း.. ။

"ထင်တာတွေနဲ့ ရမ်းသမ်းမပြောကြပါနဲ့..မေတ္တာရပ်တာပါ၊ အား လုံးပဲ တိတ်တိတ်နေပေးကြဖို့ မေတ္တာရပ်ပါတယ်.."

လက်နှစ်ဖက်မြှောက်ကာရင်း တားဆီးလိုက်မိသည်။ ဦးအောင် ကို မျက်နှာလည်းနီမြန်းနေပြီဖြစ်ကာ ဓာတ်တိုင်တို့လူစုကိုပဲ စူးစိုက် ကြည့်နေခဲ့၏။ လူကြီးလည်း ရှင်းပြနေသည့် စကားတွေ ထစ်ထစ်ငေါ့ နှင့်။ သို့သော် မထင်မှတ်သည့်အချိန်မှာ မသက်ဆိုင်သောစကား သည်.. ။

"ဟုတ်ပါတယ်..အားလုံးကမသိကြတော့ လူငယ်တွေအပေါ် ဟို ဒီလို ထင်ကြတာ သဘာဝကျပါတယ်.."

ပြောလိုက်တာက ဦးအောင်ကိုဖြစ်ကာ.. ။

"ကျွန်တော်က ဒီရွာသားစစ်စစ်ပေမယ့် ထွက်သွားပြီဆို က ပြန်မလာဖြစ်ခဲ့ဘူးဗျ..တစ်နယ်ရပ်ခြားမှာ စီးပွားလေးလည် တော့ ပြန်မလှည့်ဖြစ်ဘူးဆိုပါတော့.."

"ဒါပေါ့..ကိုယ့်ဒေသက ဘယ်အချိန်ပြန်ပြန်ရတာပဲကို.."

"ဟုတ်တာပေါ့သူဌေးကြီးရယ်..ဒီလောက်ကြီးပွားနေတဲ့ လ ရှိနေကာမှ ဘယ်လိုလုပ်ပြန်လှည့်နိုင်မှာတုံး.."

အားလုံးရဲ့ စကားတွေဆုံးမှ ဦးအောင်ကိုကပြုံးကာ.. ။

"အဲ့ဒီအချိန်မှာ သမီးက ရွာကိုရောက်လာပြီး ခင်ရာဆွေမျိုး ဗျာ..ဒေါ်ညိုတို့အိမ်မှာပဲ ပျော်နေတော့ လူငယ်ချင်းနီးစပ်မှုအရ ထ ယူဆချက်တွေဖြစ်လာတာပေါ့..ဒါပေမယ့် သမီးက စေ့စပ်ထား ပွန်းလောင်းရှိပြီးသားပါ.."

"ဟုတ်လား.."

"ဩော်.."

လူစိမ်းလူကျက်တို့ အံ့ဩအားကျသော အာမေဍိတ်သံတွေ ကြသော်လည်း ဓာတ်တိုင်တို့တွေ အသံတိတ်ငိုင်သွားကြ၏။ တ တည်း မျက်လုံးရောက်သွားတာက ဦးအောင်ကိုအနီးမှာရှိနေသေ သားကိုလူချောတစ်ယောက်.. ။

"သူလည်း သမီးအချိန်မီပြန်မရောက်လို့ စိတ်ပူပြီး လိုက် တာပါ..သူ့နာမည်က ကျော်တိုင်းပါ.."

ဦးအောင်ကိုက ကျော်တိုင်းပခုံးကို လှမ်းကိုင်ပြီး ရင်းနှီးချင် တွေနဲ့ ပြုံးရယ်မိတ်ဆက်ပေးနေ၏။

"အားလုံးနားလည်အောင်ပြောရရင်တော့ နိုင်ငံခြားပြန်ဗိ ပညာရှင်ပေါ့..ကျွန်တော့်ဆောက်လုပ်ရေးလုပ်ငန်းတွေ ရေထွ သောက်ကုန်လုပ်ငန်းကိစ္စတွေကအစ သူနဲ့သက်ဆိုင်တဲ့ အပိုင်း တော်များများကို အထူးယုံကြည်စွာ လွှဲအပ်ထားလို့ရတဲ့သမက် ဆိုပါတော့ဗျာ.."

ကျော်တိုင်းမျက်နှာကလည်း အပြုံးတွေနဲ့ချိုအီနေကာ ရှက် လို နဖူးကုတ်လိုက် ပါးကုတ်လိုက်ဖြစ်နေ၏။ တကယ်ဆို မောင် ထက် အနည်းဆုံးဆယ်နှစ်နီးပါးလောက် အသက်ကြီးမယ့်ပုံပါ



ဟုတ် ရုပ်အကျီစတစ်ကော်လံကို လည်ပင်းဝအထိ ကြယ်သီးစုံတပ် ပြီး ဘောင်းဘီပွပွနဲ့ စမတ်ကျကျနေလို့ ရင့်ရော်နေသည်လား.. ။

ဩနဲ့ဓာတ်တိုင် အကြည့်ချင်းဆုံသွားကြသည်။ ပြီးတော့ ထိုသူ ကို ပြန်ကြည့်မိပြန်သည်။ ပြီးတော့မှ အောင်ကြီးဆီအကြည့်ရောက်၏။ အောင်ကြီးကိုယ်တိုင် အံ့ဩသလိုဖြစ်နေခဲ့လျက် ဩတို့လှမ်းကြည့် လိုက်ကာမှ ချောင်းတွေဘာတွေဟန့်လိုက်ပြီး ရင်ကော့ထား၏။

မဟုတ်နိုင်ဘူး..ဒါလျှပ်တပြက်အစီအစဉ်.. ။

➤➤ ➤➤

## အခန်း(၄၃)

"ဒီအစီအစဉ်ကို ကိုကိုလက်ခံတယ်..ဟုတ်လား.."

ခေါင်းညိတ်လိုက်တာမြင်တာတောင် မယုံနိုင်။ ကိုယ့်အသ အရွယ် ကိုယ့်ရုပ်ရည်နဲ့ဆို ဘယ်လိုမှလိုက်ဖက်မညီနိုင်ပေ။ ဒါမှမဟု သူ့မှာပဲ ကိုယ့်ကိုယ်ကိုသိမ်ငယ်စိတ်တွေ ဖြစ်နေမိတာလား.. ၊ သူ ချာအကဲခတ်မိသလောက်ဆိုလျှင် ကိုကို့မှာခံစားချက်တွေ ရှိနေနိုင်

"ဒါဆို..ဒီမှာပဲ စေ့စပ်ပွဲလုပ်မယ်ဆိုတာကို ကိုကိုက.."

"ဟုတ်တယ်..လက်ခံမယ်ပြောပြီးပြီပဲ၊ ဘာထပ်သိချင်သေးလို့ ဦးကျော်.."

"ဟာ..ဘာမှမသိချင်ပါဘူး..ကိုကြီးကဝမ်းသာလို့ပါ၊ သိ တယ်ဆိုတာထက် ကိုကို့မျက်နှာလေး မသာမယာဖြစ်နေတော့.."

"ကိုကိုဝမ်းသာအားရ လက်ခံတာမှ မဟုတ်တာ.."

"ဟင်.."

မောင်မောင်က သူ့ကိုငဲ့ကြည့်ပြီး မျက်ခုံးတန်းလေးတွေကို ကုတ်ထားလျက်.. ၊

"ဒီလောက်တော့ အကဲခတ်မိမှာပဲ ထင်ထားတာ..ဦးကျော် အံ့သြသွားတာလား.."



"အဲ..ဘယ်လိုပြောရမလဲကွာ၊ အဲ့လိုထင်မိတယ်..ဒါပေမယ့် တ ခံရှာမတွေ့တော့.."

မျက်လုံးချင်းဆုံသွားတော့ သူပြောတာမှားသွားလားဆိုသည့် ပြုံးနှင့် ကျော်တိုင်းကပခုံးတွန့်၏။

"ကိုကို့မှာ ရည်းစားရှိရင် ဘယ်သူလဲဆိုတာလား.."

"နိုး..ရည်းစားမရှိဘူးဆိုတာတော့ လုံးဝသိတယ်၊ ဟုတ်တယ် ..ကိုယ်မမှားဘူးမို့လား၊ အဟွန်း..ကိုယ်အံ့သြနေတာက အဲ့လိုမျိုး ဟုတ်ဘူးဆိုရင် ကိုကို့မျက်နှာမှာ ပေါ်နေတဲ့တစ်ခုခုက ဘာလဲဆိုတာ .."

မောင်မောင်က နှုတ်ခမ်းလေးမဲ့ပြီး မျက်နှာလွှဲ၏။ ပြီးမှ ပြန် ကြည့်ကာ.. ၊

"ကိုကို..ကျွန်တော်တောင်ကိုယ့်ကိုယ်ကို တစ်ခါမှပြန်မတွေးခဲ့ ဘူး.."

"အဟွန်း..ပြောပါဦး၊ ကိုကိုလို့ နှုတ်ကျိုးနေတာတောင် ကျွန် ော်လို့ပြောတော့လည်း အတိအကျသေသပ်တယ်..အရမ်းတည်ငြိမ် း သိပ်လှတဲ့မိန်းကလေးကနေ ချာတိတ်လေးတစ်ယောက်ဖြစ်သွား ာလည်း အံ့သြလောက်တာပဲ..အခု ကိုကို့ရင်ထဲမှာ ကျွန်တော်ဆိုတဲ့ ဝလား ကိုကိုပြန်ဖြစ်နေပြီလား.."

"မသိဘူး.."

"အနာဂတ်ပျောက်နေတာတော့ မကောင်းဘူးကွ.."

"ဒါက ဘဝတစ်ခုလုံးနဲ့ မဆိုင်ပါဘူး..ကျွန်တော့်စိတ်ပါ.."

"ကိုယ်ထင်တာထပ်ပြောရရင် ကိုကို့စိတ်က တခြားတစ်ယောက် မှာများလား.."

တုန်လှုပ်သွားပုံလည်း မရှိ။ မလုံလဲတာမျိုးလည်း မဖြစ်သော ောင်မောင့်ဘက်က တိတ်ဆိတ်နေခြင်းကြောင့် ကျော်တိုင်းထိတ်လန့် ွားမိသည်။ သူမရင်ထဲမှာ ရှိနေသူဆိုလျှင် တစ်ယောက်သာပြေးမြင် ယ်ရှိသည်။ ထိုသူက မိုးခြိမ့်.. ၊

"စိတ်မပူပါနဲ့ဦးကျော်.."

သူတွေးနေတုန်း မောင်မောင်က ရုတ်တရက်ပြောလာခဲ့လျက်..၊

"ကျွန်တော်ရောက်လာတာကိုက မိန်းမတစ်ယောက်ရဲ့ဂုဏ်သိ

ကွာကို ဘေးချိတ်ထားခဲ့တာ..ဒါကြောင့် ဒီနေရာမှာ မိန်းမပီသဖို့ တော်ဘယ်တော့မှ မကြိုးစားဘူး၊ ဒါပေမယ့် မိန်းမတစ်ယောက် ဖြတ်သင့်တဲ့အတိုင်း ဆုံးဖြတ်မယ်.."

"အိမ်ထောင်ရေးကို ခုတစ်ခါတည်း ဆုံးဖြတ်ရဲတယ်ပေါ့.."

"ဟုတ်တယ်..ဒါကျွန်တော့်အပိုင်းကိုပြောတာပါ၊ ဦးကျော် က ဦးကျော်သဘောအတိုင်း ဆုံးဖြတ်လို့ရတယ်.."

"ရှင်းရှင်းပြောရရင် 'ကိုကိုနဲ့မင်းကို ငါသဘောတူပါတယ် အန်ကယ်လ်တစ်ခါမှ မပြောခဲ့ဖူးဘူး..ကိုယ်ပြောခဲ့တုန်းကတောင် မှုကို ပြန်မဖြေခဲ့ဘူး.."

မောင်မောင်က သူ့မျက်နှာကိုစိုက်ကြည့်လျှင် ကျော်တိုင်းက လိုက်ပြီး.. ။

"ဟုတ်တယ်..ကိုယ်ကတိတ်တခိုး သဘောကျနေခဲ့တာဆို အန်ကယ်လ်နဲ့လည်း အရမ်းရင်းနှီးတော့လေ၊ ပြောခဲ့တာက ကြာ အဖြေပြန်မရတော့ ထပ်လည်းမမေးရဲခဲ့ပါဘူး..အန်ကယ်လ်ချက်ချ စဉ်လိုက်တာ ကိုယ့်အထင်.."

"အဲ့ဒီအတိုင်းပါပဲ.."

ကျော်တိုင်မျက်ခုံးတွေ ပင့်သွားတော့ မောင်မောင်ကခပ် တည်ပြန်ကြည့်ကာ.. ။

"ထင်နေရင်ကြာမှာစိုးလို့.."

"အဟွန်း.."

ပြုံးလိုက်ရပေမယ့် ပျော်လို့တော့မဟုတ်ပေ။ လိုချင်ပေမယ့် တော့လည်း ရသည်မထင်။ ကျပ်ခဲခဲ အုံ့ဆွေးဆွေးရင်ထဲမှာ မွန်းကျ ကို နေ့လည်ခင်းလေပြည်က တဟူးဟူးတိုးဝှေ့ နှစ်သိမ့်၏။ သို့ လည်း မအေးချမ်းနိုင်ဘဲ.. ။

"ကိုယ့်အတွက်တော့ အူကြောင်ကြောင်ပဲနော်.."

"ကိုကိုလည်း ဒီတိုင်းပဲဦးကျော်..လက်ဖဝါးက နုနယ်နေပေ မှုတာအေးတာ နာကျင်ခံရသမျှ သူချည်းပါပဲ.."

"သူနုနယ်ဖို့အတွက် လက်ဖမိုးက ကာကွယ်ပေးနေရတာ ရော.."

"အဲ့ဒါကြောင့် ကိုယ့်ကိုထိတဲ့ဒဏ်ရာကပဲ နာကျင်လှချေ



ထင်ဖို့ပြောချင်တာ.."

"ဟား ဟား ဟား.."

ကျော်တိုင်းက ဟက်ဟက်ပက်ပက်ရယ်လိုက်ပြီး မောင်မောင့်ကို ချစ်စနိုးအကြည့်များနဲ့စိုက်ကြည့်နေ၏။ ခဏနေမှ.. ။

"စကားတတ်လိုက်တာချာတိတ်ရာ..ဟုတ်ပါပြီ၊ ကိုယ်ကျေနပ် ပါတယ်..တကယ်ကျေကျေနပ်နပ်ပါ၊ ဒါပေမယ့် ကိုယ်တစ်ခုတော့ တောင်းဆိုခွင့်ပေးပါလား.."

သူက ခြံဝင်းကျယ်ကြီးကို တစ်ပတ်လည်အောင် လိုက်ငေးကြည့် နေပြီးမှ.. ။

"တကယ်တော့ ကိုယ်လိုချင်တာနှစ်ခုကွ..ဒါပေမယ့် တစ်ခုကို နှုန်းလွှတ်ပါ့မယ်၊ ပထမဆုံးလိုချင်တာက ကိုယ့်ကိုဦးကျော်လို့မခေါ်ဖို့ နောက်တစ်ခုက မင်းကိုအရင်တုန်းကအတိုင်း မိန်းကလေးတစ် ယောက်လို ဝတ်ထားတာမြင်ချင်တယ်..အဲ့ဒီနှစ်ခုမှာ ပထမတောင့်တမိ တဲ့ တစ်ခုကို ဆုံးရှုံးခံရမယ်ဆိုရင် နောက်ကတစ်ခုတော့ လိုက်လျော ပေးသင့်တယ်မို့လား.."

မောင်မောင်က မဆိုင်းမတွခေါင်းခါ၏။

"ကျွန်တော်ပြောခဲ့ပြီးသား..ဒီမှာကျွန်တော်က မောင်မောင်ပဲ.."

"နေပါဦးကွ.."

မောင်မောင်က တန်းလျားပေါ်က ထရပ်လိုက်လျှင် ကျော်တိုင်း က လက်ကိုလှမ်းဆွဲလိုက်၏။ သို့သော် မောင်မောင်က ရှောင်လိုက်သ ဖြင့် မမိလိုက်ပေ.. ။

"ကျွန်တော့်ကို မိန်းကလေးတစ်ယောက်လို သဘောထားတယ် ဆိုရင် အဲ့လိုရင်းနှီးပုံမျိုးတွေ မလုပ်ပါနဲ့.."

"မဟုတ်ပါဘူး..ကိုယ်ကဒီရွာက လူငယ်တွေထက်တောင် ကိုကို နဲ့ရင်းနှီးခဲ့တာလေ၊ ခုလည်း ဟိုတုန်းကလိုစိတ်မျိုးနဲ့.."

"ဟိုတုန်းက ဖေဖေ့လူယုံ စီအီးအိုပဲ..အခု ကျွန်တော်နဲ့လက်ထပ် မယ့်သူ၊ ဦးကျော်စိတ်ထဲမှာလည်း ဟိုတုန်းကနဲ့အခု မတူနိုင်ပါဘူး.. သိသာကြေးပေါ့.."

ရင်းနှီးဟန်နှင့် ရယ်မြူးရိပ်ထင်သွားသော မျက်ဝန်းလေးတွေ ကြောင့် ကျော်တိုင်းစိတ်မဆိုးနိုင်ဘဲ ပြုံးလိုက်မိသည်။ ရှက်ရဲရဲအောင့်

သက်သက်ဖြစ်မိသော်ငြား.. ။

“ဟုတ်ပါပြီ..နောက်မလုပ်တော့ဘူး၊ အိုခေ..”

သူပဲ လက်လျှော့ တောင်းပန်မိကာ.. ။

“ကိုယ့်တောင်းဆိုမှုအားလုံးကိုတော့ ပယ်မချပါနဲ့ကွာ..အန် ခွင့်ပြုလိုက်တဲ့အချိန်မှာ ကိုယ်ဘာတွေးနေမိလဲသိလား၊ ဟောဒီရွာ စိုက်ခင်းဘက်က ရေတံခွန်လေးရယ် အဲ့ဒီလိုလှတဲ့နေရာတွေမှာ အ တုန်းက မင်းရဲ့အလှကိုပိုင်ခွင့်ရမယ့်သူတစ်ယောက်အနေနဲ့..အတူ ပြီး လမ်းလျှောက်ချင်တယ်၊ စက်ဘီးတစ်စီးတည်း အတူစီးချင်တ ပြီးတော့..”

ကျော်တိုင်းပြောသမျှ စိတ်ကူးတိုင်းမှာ မောင်မောင်မြင်နေ က သူမနဲ့မိုးခြိမ့် ထိုနေရာတွေကို အတူသွားခဲ့ဖူးသည့်အကြော ပြီးတော့ စက်ဘီးစီးခဲ့ကြတာတွေ။ လှုပ်ရှားနေသည့်ပုံရိပ်တွေ ရ တွေ ငြင်းခုန်ခြင်းတွေ။ ပြီးတော့ ရယ်ကျဲကျဲမျက်ဝန်းတွေကအ ရှင်ပြကွက်တွေလို တရုပ်ရုပ်ပေါ်လာနေကြ၏။

ကျော်တိုင်းထံမှ လှသော ချစ်သော ဘယ်လိုအနုအရွစကာ ဆိုပါစေ သူမမတုန်လှုပ်သော်ငြား စေ့စေ့ကြည့်ပြီး ပြုံးတတ်သော ခြိမ့်ရဲ့မျက်ဝန်းတွေမှာ သူမပျောယာခတ်မိသည်။ ဘာလိုလို စကား တစ်ခွန်းတလေသော်မျှ တည်ငြိမ်စွာ နားမထောင်နိုင်ခဲ့.. ။ ထိုသူ အနမ်းတို့တွင်ကျရှုံးခဲ့ဖူးသော ရင်ခုန်သံတစပြင်သည်ကား.. ။

အချစ်သည် ဆိတ်ဆိတ်နေခြင်း

အချစ်သည် ဝန်မခံတတ်ခြင်း

အချစ်သည် ကိုယ်ပျောက်လူသတ်သမားနဲ့တူကာ

အချစ်သည် ရိုးစင်းစွာရှိတတ်၏။

ထို့ကြောင့် အချစ်နှင့် မသင့်မြတ်စွာရှိနေသူသည်.. ။

>> <<

## အခန်း(၄၄)

“လာပါကွာ..၊ ခုမှ အလုပ်နဲ့လက်နဲ့မပြတ်ရုံလေးပဲရှိသေးတာ..”

“မသွားဘူးလို့ ပြောပြီးပြီကွာ ကိုယ့်လမ်းကိုယ်သွားကြစမ်းပါ”

“မင်းလဲတစ်ယောက်တည်းငေါင်နေမှာကို မိုးခြိမ့်ရာ၊ အလုပ်လုပ် အချိန်ဖြုန်းလို့ရတယ်၊ စကားတွေပြောလို့ရ..”

“မင်းတို့နဲ့ မပြောချင်ပါဘူး..”

ရွာလမ်းအတိုင်းသွားပြီး ပုဆိုးတစ်ဖက်စ မပြီး လမ်းလျှောက်နေ ဘယ်သွားမလဲမေးတော့လည်းမဖြေ၊ အလုပ်သွားဖို့ခေါ်တော့ ည်း မလိုက်၊ သူတို့ချည်းပဲ အလုပ်ဆင်းနေရတာသုံးရက်ရှိပြီဖြစ်ကာ းသိပ်မလိုက်တဲ့လျှော်ဖြူပင်တွေကို သူတို့သေချာမပြုစုတတ်ခြင်း အခက်အခဲကြီးဖြစ်နေခဲ့သည်။

အဖြူနှင့်မိုးပြာရောင်ကွက်ကျဲရှုပ်လက်ရှည်နှင့်၊ ခရမ်းရင့်ရောင် စိပ်ပုဆိုးကိုဝတ်ထားသောမိုးခြိမ့်ပုံစံက ရွာထဲဟိုနားဒီနားလောက် ရုံထွက်လာတာလည်းမဖြစ်နိုင်..၊

“ဒီတစ်ရက်တော့ လိုက်ကြည့်ပေးကွာ၊ ဒေါ်လေးတို့ကလည်း ကို့အရက်ပြန်သောက်မှာစိုးလို့ ရင်ဘက်ဖိနေကြတာ..”

“ဘာဆိုင်လို့တုံး..”

"ဆိုင်ဆိုင်မဆိုင်ဆိုင် သူတောင်ပြတ်ပြတ်သားသားထွက်သွား
သေးတာ မင်းကိုလည်း အေးဆေးကျန်ခဲ့စေချင်လို့ပေါ့.."

"အေးမှမအေးဆေးတာ..အေးဆေးသယောင်နေလို့ရမလား
ဟိတ်ကောင်တွေ လာရစ်မနေနဲ့ သွားကြ.."

"အေးပါ..မင်းမလိုက်တော့ဘူးဆိုမှတော့ သွားရတော့မှာပေါ့
ဒါပေမယ့် မင်းညနေကျရင် အရက်မသောက်မှာသေချာလား.."

ခြေလှမ်းတန့်သွားအောင် ရှေ့ကနေ ဖြတ်ပိတ်ထားလိုက်သည်
မိုးခြိမ့်စိတ်တိုသွား၏၊

"ဘာလာဖြစ်နေတာလဲ..အမေတို့ပြောလိုက်ရင်လည်းဒါပဲ၊ အ
သည်းကွဲတိုင်းအရက်သောက်ရအောင် ငါ့ကိုငတုံးများမှတ်နေလား

အော်ပစ်လိုက်တော့ ငြေခြေလှမ်းဆုတ်သွားသည်။ ပြီးတော့
မိုးခြိမ့်တစ်ကိုယ်လုံးကိုကြည့်၍.. ၊

"ဒါ...ဘယ်ကိုလဲ.."

"လာပြန်ပြီ..."

"မေးတာဖြေမှမဖြေတာ.."

"ငါဖြေချင်မှ ဖြေမှာပေါ့..ရှေ့ကဖယ်..."

ငြေကမဖယ်ဘဲ ခတ်တိုင်နှင့်ကျောက်ဒိုးကို တစ်ချက်လှည့်
ကြည့်သည်။ ပြီးမှ.. ၊

"ဒီမှာမသောက်ဘဲ ဟိုဘက်ရွာသွားသောက်မှာတော့ မဟုတ်
ဘူးနော်.."

"ကျွတ်.."

"မင်းကို စိုးရိမ်လို့မေးနေတာဟ..သာစုရွာကကောင်တွေ
အချိုးပြေတာမဟုတ်ဘူး..."

"သူ့ဟာသူ ဒရင်ကောက်လိုချိုးချိုး..တတလင်းချိတ်ဖြစ်ဖြစ်
ရေးတာ ငါ့အကွာရာပဲ.."

"မင်းတကယ်မသောက်ဘူးဆိုရင် ခတ်တိုင်ကိုခေါ်သွားလေ

"ဘာ.."

"နီတြာ့တုန်းကလည်း မိုးမလင်းဘူး..အခု မင်းရောဂါပိုအရှ
နေတာ ငါတို့သိတယ်.."

"ဘာသိတာလဲ..နီတြာက ငါ့ကြောင့်မဖြစ်သင့်ဘဲ ဖြစ်ရရှာ



"အဲ့ဒါ ဒီမှာပဲမေးပါ.."

"ဘယ်နေရာမှာ မေးရမယ်ဆိုတာ ခင်ဗျားသတ်မှတ်ပေးဖို့မလို
ဘူး.."

မိုးခြိမ့်မျက်နှာက တင်းနေကာ မောင်မောင့်ကိုဆွဲထားသည့်
ကျော်တိုင်းလက်ကိုကိုင်၍ ဖြုတ်ချပစ်လိုက်သည်။ ပြီးတော့ မောင်
မောင့်လက်ကိုဆွဲထုတ်သွားတာ အတော်ဝေးတဲ့နေရာအထိ.. ၊

"ခင်ဗျားဘယ်လိုဖြစ်နေတာလဲကိုခြိမ့်..လွှတ်လက်ကို.."

ဆောင့်ရုန်းပစ်လိုက်ရင်း ကျန်ရစ်ခဲ့သည့် ကျော်တိုင်းကိုငဲ့ကြည့်
သည်။ ပြီးမှ သူ့ဘက်ပြန်လှည့်၍.. ၊

"ခင်ဗျားဦးဆောင်နေတဲ့ ကိုခတ်တို့ ကိုငြေတို့အပေါ်မှာ ဆက်
ဆံသလို ကျွန်တော့်ကိုလာမလုပ်နဲ့.."

"သူတို့လိုပဲ မင်းကိုငါခင်တွယ်ခဲ့တာ.."

"သူတို့လို ကျွန်တော်ဘယ်တုန်းကမှ မနေခဲ့ဘူး.."

မရင်းနှီးခဲ့ဘူးလို့ ဆိုတာမှန်းသူသိသည်။ မရောနှောခဲ့တာတွေ
လည်း သိပါသည်။ ဒါပေမယ့် မောင်မောင့်အပေါ်သူ့ဘက်က ခွဲခြား
ထားခဲ့တာ ဘာရှိခဲ့သလဲ.. ၊

"ပြောချင်တာက ခုမှခွဲခြားခွဲခြား နေပြနေတာ မဟုတ်ဘူးဆိုတာ

"ငါသိတယ်..မင်းကိုယ်မင်း မိန်းကလေးမှန်းသိနေတဲ့အတွက်
မင်းဘက်က ခပ်စိမ်းစိမ်းနေခဲ့တယ်၊ ငါ့ဘက်ကတော့ မင်းဘာကြောင့်
ဆိုတာ မသိဘဲနဲ့တောင် မင်းကိုနားလည်ခဲ့တာ.."

"မျက်ရည်ချူနေတာလား.."

"မောင်မောင်.."

ဒေါသကထောင်းခနဲဖြစ်သွားသည်။ မျက်တောင်ကော့ကော့
လေးတွေပိုပြီး ပေါ်လွင်နေသည်။ ပါးပြင်လေးတွေမှာ နံ့သာတင်နေ
သည်သာစွာထင်၏။ နှုတ်ခမ်းသားလေးတွေ နီးမြန်းနေတာ နှုတ်ခမ်း
နီတွေလား.. ၊

မိုးခြိမ့်က ပိုက်စိတ်တိုက်သလို တစ်နေရာချင်း ရွေ့လျားသွားခဲ့
.. ၊

"မင်းက ချစ်သမျှကိုဖြစ်သွားတာလား.."

"ဆိုင်ဆိုင်မဆိုင်ဆိုင် သူတောင်ပြွတ်ပြွတ်သားသားထွက်သ သေးတာ မင်းကိုလည်း အေးဆေးကျန်ခဲ့စေချင်လို့ပေါ့.."

"အေးမှမအေးဆေးတာ..အေးဆေးသယောင်နေလို့ရမလာ ဟိတ်ကောင်တွေ လာရစ်မနေနဲ့ သွားကြ.."

"အေးပါ..မင်းမလိုက်တော့ဘူးဆိုမှတော့ သွားရတော့မှာ ဒါပေမယ့် မင်းညနေကျရင် အရက်မသောက်မှာသေချာလား.."

ခြေလှမ်းတန့်သွားအောင် ရှေ့ကနေ ဖြတ်ပိတ်ထားလိုက်သ မိုးခြိမ့်စိတ်တိုသွား၏။

"ဘာလာဖြစ်နေတာလဲ..အမေတို့ပြောလိုက်ရင်လည်းဒါပဲ သည်းကွဲတိုင်းအရက်သောက်ရအောင် ငါ့ကိုငတုံးများမှတ်နေလာ

အော်ပစ်လိုက်တော့ ငြေခြေလှမ်းဆုတ်သွားသည်။ ပြီးတော မိုးခြိမ့်တစ်ကိုယ်လုံးကိုကြည့်၍.. ।

"ဒါ...ဘယ်ကိုလဲ.."

"လာပြန်ပြီ..."

"မေးတာဖြေမှမဖြေတာ.."

"ငါဖြေချင်မှ ဖြေမှာပေါ့..ရှေ့ကဖယ်..."

ငြေကမဖယ်ဘဲ ဓာတ်တိုင်နှင့်ကျောက်ဒိုးကို တစ်ချက်လှ ကြည့်သည်။ ပြီးမှ.. ।

"ဒီမှာမသောက်ဘဲ ဟိုဘက်ရွာသွားသောက်မှာတော့ မဟုတ် ဘူးနော်.."

"ကျွတ်.."

"မင်းကို စိုးရိမ်လို့မေးနေတာဟ..သာခုရွာကကောင်တွေ အချိုးပြေတာမဟုတ်ဘူး..."

"သူ့ဟာသူ ဒရင်ကောက်လိုချိုးချိုး..တတလင်းချိတ်ဖြစ်ဖြ ရေးတာ ငါ့အကွာရာပဲ.."

"မင်းတကယ်မသောက်ဘူးဆိုရင် ဓာတ်တိုင်ကိုခေါ်သွား

"ဘာ.."

"နီတြာ့တုန်းကလည်း မိုးမလင်းဘူး..အခု မင်းရောဂါပိုအ နေတာ ငါတို့သိတယ်.."

"ဘာသိတာလဲ..နီတြာက ငါ့ကြောင့်မဖြစ်သင့်ဘဲ ဖြစ်ရ



"အဲ့ဒါ ဒီမှာပဲမေးပါ.."

"ဘယ်နေရာမှာ မေးရမယ်ဆိုတာ ခင်ဗျားသတ်မှတ်ပေးဖို့မလို ဘူး.."

မိုးခြိမ့်မျက်နှာက တင်းနေကာ မောင်မောင့်ကိုဆွဲထားသည့် ကျော်တိုင်းလက်ကိုကိုင်၍ ဖြုတ်ချပစ်လိုက်သည်။ ပြီးတော့ မောင် မောင့်လက်ကိုဆွဲထုတ်သွားတာ အတော်ဝေးတဲ့နေရာအထိ.. ।

"ခင်ဗျားဘယ်လိုဖြစ်နေတာလဲကိုခြိမ့်..လွှတ်လက်ကို.."

ဆောင့်ရုန်းပစ်လိုက်ရင်း ကျန်ရစ်ခဲ့သည့် ကျော်တိုင်းကိုငဲ့ကြည့် သည်။ ပြီးမှ သူ့ဘက်ပြန်လှည့်၍.. ।

"ခင်ဗျားဦးဆောင်နေတဲ့ ကိုဓာတ်တို့ ကိုငြေတို့အပေါ်မှာ ဆက် ခံသလို ကျွန်တော့်ကိုလာမလုပ်နဲ့.."

"သူတို့လိုပဲ မင်းကိုငါခင်တွယ်ခဲ့တာ.."

"သူတို့လို ကျွန်တော်ဘယ်တုန်းကမှ မနေခဲ့ဘူး.."

မရင်းနှီးခဲ့ဘူးလို့ ဆိုတာမှန်းသူသိသည်။ မရောနှောခဲ့တာတွေ လည်း သိပါသည်။ ဒါပေမယ့် မောင်မောင့်အပေါ်သူ့ဘက်က ခွဲခြား ထားခဲ့တာ ဘာရှိခဲ့သလဲ.. ।

"ပြောချင်တာက ခုမှခွဲခြားခွဲခြား နေပြနေတာ မဟုတ်ဘူးဆိုတာ .."

"ငါသိတယ်..မင်းကိုယ်မင်း မိန်းကလေးမှန်းသိနေတဲ့အတွက် င်းဘက်က ခပ်စိမ်းစိမ်းနေခဲ့တယ်၊ ငါ့ဘက်ကတော့ မင်းဘာကြောင့် တာ မသိဘဲနဲ့တောင် မင်းကိုနားလည်ခဲ့တာ.."

"မျက်ရည်ချူနေတာလား.."

"မောင်မောင်.."

ဒေါသကထောင်းခနဲဖြစ်သွားသည်။ မျက်တောင်ကော့ကော့ တွေပိုပြီး ပေါ်လွင်နေသည်။ ပါးပြင်လေးတွေမှာ နှံ့သာတင်နေ သိသာစွာထင်၏။ နှုတ်ခမ်းသားလေးတွေ နီးမြန်းနေတာ နှုတ်ခမ်း တွေလား.. ।

မိုးခြိမ့်က ပိုက်စိတ်တိုက်သလို တစ်နေရာချင်း ရွေ့လျားသွားခဲ့ .. ।

"မင်းက ချစ်သမျှကိုဖြစ်သွားတာလား.."

ခပ်ကြိတ်ကြိတ်မေးရင်း ခေါင်းညိတ်၍.. ၊

"ဒါဆို ချစ်သမျှကိုဆိုတဲ့ မိန်းမအပေါ် ငါ့ဘက်ကရှိနေ သောထားကို ပြောလို့ရပြီ..ငါမင်းကို.."

"ချစ်သမျှကိုအဖြစ် လှလှလေးဝတ်ပြပါလို့ ကိုကျော်တော လို့ သူ့အတွက်ဝတ်ပြတာ.."

သူ့စကားကိုဖြတ်ပြောလိုက်ပြီး မျက်ဝန်းတွေတခြားလွှဲပင် မိုးခြိမ့် သူမပခုံးလေးနှစ်ဖက်ကို ဆတ်ခနဲဆွဲယူလိုက်ကာ.. ၊

"မောင်မောင်..မင်းအဲ့လောက်အပြောင်းအလဲမမြန်ဘူး၊ င ဘာလို့ တလွဲတွေလုပ်ပြနေတာလဲ..သူ့အတွက် မင်းလှနေတာ ငါ့ဘက်ကရင်ခုန်ခွင့်မရှိဘူးလား.."

"မရှိဘူး..မရှိတဲ့အကြောင်း ကျွန်တော်မပြောခင်တည်းက ဗျားသိနေသင့်တာ.."

"သိနေပြီပဲထားလိုက်ပါကွာ..ကဲ ဘာကြောင့်မရှိရတာလဲ ရင်ခုန်ခွင့်ကို ဘယ်လူကြီးက ပိတ်ပင်လိုက်တာလဲ..ဘယ်သူကြ ခတ်ပစ်တာလဲ၊ အဲ့လိုလုံးဝမရဘူးဟေ့ကောင်..ငါ့အခွင့်အရေးက မှာပဲ၊ ငါကြိုက်သလိုလုပ်ခွင့်ရှိတယ်.."

"ကျွန်တော့်အခွင့်အရေးအရရော ကျွန်တော်ကြိုက်သလ ခွင့်မရှိဘူးလား.."

ဖိဆုပ်ကိုင်ထားသည့် မိုးခြိမ့်လက်တွေကို ဖြည်ချပစ် မောင်မောင်က နောက်ဆုတ်ရပ်သည်။ ပြီးတော့ မျက်နှာလေး ထားလျက်.. ၊

"ခင်ဗျားပြောချင်တာတွေ များနေရင် ပြီးအောင် ခုပြောလို့ ..ခင်ဗျားပြီးရင် ကျွန်တော်ပြောတာလည်း နားထောင်.."

"မင်းကိုငါချစ်တယ်.."

သိနေပေမယ့် မျက်နှာကိုပို၍လွှဲပစ်မိသည်။ မိုးခြိမ့်ကစိ နေကာ.. ၊

"အဲ့လိုမပြောသင့်ဘူးလို့ ငါ့ကိုယ်ငါသိနေတယ်..ဒါပေမ ဖြစ်နေတယ်၊ အဲ့ဒါ မင်းငါ့နားမှာ မရှိတာနဲ့ဖြစ်လ

ကလေးမှန်းသိလိုက်တာနဲ့ ချက်ချင်းပြောင်းလဲသွ



ားချက်တွေဖြစ်မှာပေါ့..လေးစားဖွယ်ပဲ.."

မိုးခြိမ့်မျက်နှာရဲသွားသည်။ ပြောမည်ပြင်လိုက်စဉ် ခတ်တိုင်တို့ ာက်က အသံတွေကြောင့် လှမ်းကြည့်လိုက်မိ၏။

"ကိုယ့်ရှေ့မှာပြောနေတာပဲဗျာ..ခင်ဗျားမြို့ကြီးသားဖြစ်ပြီး သဝန် ကြောင်စမ်းပါနဲ့.."

ကျော်တိုင်းခြေလှမ်းရပ်သွားသည်။ သူတို့ရှိရာတစ်ချက်လှမ်း ကြည့်ပြီး နောက်ပြန်လှည့်သွားတာမြင်လျှင် မောင်မောင်မျက်နှာပျက် သွားခဲ့လျက်.. ၊

"ခင်ဗျားအရမ်းရိုင်းတယ်.."

မိုးခြိမ့်မျက်နှာကိုကြည့်၍ တစ်ခွန်းချင်းပြောကာ.. ၊

"ရည်းစားသေတော့ ငါကမှဆိုးဖိုပါဆိုပြီး အရက်သောက်တယ်.. ူးပြီး ထင်သလိုနေတယ်၊ ဒီကြားထဲမှာ ကိုယ်စိတ်ချမ်းသာဖို့အတွက် ည်းစားတွေထားပြီး မိန်းကလေးတွေကို အသုံးချလိုက်သေးတယ်.. ဒီပြဿနာတွေ လိုက်ရှင်းရတဲ့အထဲ ကျွန်တော်တောင်ပါလိုက်သေး တယ်.."

"ပြော..အဲ့ဒါပြီးတော့ ဘာဆက်ရှိလဲ.."

"ကျွန်တော့်ကိုရက်ပိုင်းလေးအတွင်းမှာ ရည်းစားစကားလာပြော တယ်.."

"ရက်ပိုင်းဖြစ်ဖြစ် နာရီပိုင်းဖြစ်ဖြစ် ချစ်တဲ့စိတ်က အချိန်သတ် ာ်ပြီး လာတာမဟုတ်ဘူး..ငါမင်းကို ဘယ်လိုချစ်မိသွားတာလဲ၊ ယ်တုန်းကလဲ..ခုနကလား ခုပဲလား အဲ့ဒါလည်းမသိဘူး၊ နီတြာ့အ ွက် ငါအရက်သောက်မိအောင် ခံစားခဲ့ရတယ်..ခုလည်း မင်းနဲ့ပတ် က်တဲ့ခံစားချက်တွေဖြစ်နေတယ်၊ အဲ့ဒါလည်း ဘာကြောင့်ဆိုတာ မသိဘူး.."

"ဘယ်သိမလဲ..ခင်ဗျားခံစားချက်တွေက ဟိုက်ဒရိုဂျင်ပဲ.."

ရင်ထဲမှာ ပြင်းရှစွာ နာကျင်သွားသည်။ ဒါပေမယ့် ဘယ်လိုစ ားမျိုးနဲ့ တုံ့ပြန်ချေပရမယ်ဆိုတာ မသိ.. ၊

"အချစ်ဆိုတာကို အစက စိတ်မဝင်စားခဲ့ဘူး..ခင်ဗျားကိုကြည့် တော့ အယုံအကြည်ပါမဲ့လာသေးတယ်၊ တစ်ခုတော့ ပြောနိုင်လာတာ က အချစ်ဆိုတာလေပဲ.."

"မင်း.."

"လက်မပါနဲ့ကိုခြိမ့်.."

သူ့ရှေ့တိုးလိုက်တာနဲ့ မောင်မောင့်မျက်လုံးက ဝင်းခနဲလက်သွားသည်။ ပြီးတော့ မျက်မှောင်ကုတ်လိုက်ပြီး.. ။

"ကျွန်တော်လက်ထပ်ရမယ့် ယောက်ျားရှေ့မှာ ကျွန်တော့်သီချင်းကို နင်းချေပြရတာ ပျော်လား.."

"မင်းပြောတာတွေ တော်တော်များနေပြီမောင်မောင်..ငါ့မှာ စိတ်အဲ့လောက်မညစ်ညမ်းဘူး.."

မိုးခြိမ့်အသံတွေ တုန်နေတော့ မောင်မောင့်မျက်နှာ ဖြုတ်ခနဲ ကျသွားသည်။ သို့သော် ချက်ချင်းမျက်နှာလွှဲပစ်၏။

"ငါမင်းကိုခင်ခဲ့တာ ချစ်မိခဲ့တာ အားလုံးကတဖြောင့်တည်း ကောက်ကွေ့မှုမပါဘူး၊ မုသာဝါဒကင်းတယ်..ရည်းစားရှိဖူးလို့ သည်းကွဲဖူးလို့ ချစ်ခွင့်မရှိတဲ့ကောင်အဖြစ် မင်းဘက်ကမှင်နီသား ရှိပါတယ်..ဒါပေမယ့် အဲ့ဒါကြောင့် နောက်ထပ်အဖြေတစ်မျိုးနဲ့ အော မှတ်ရဖို့ ဘယ်တော့မှကြိုးစားမှာမဟုတ်ဘူး၊ ဘာကြောင့်ဖြစ်ဖြစ် မင်း ကိုချစ်တယ်..အဲ့ဒါငါ့ဘက်က တသမတ်တည်းသွားမယ့်အဖြေ.."

သူ့မျက်နှာကို စူးစိုက်ကြည့်လိုက်ပြီး မောင်မောင်ချာခနဲလှည့် ထွက်သွားသည်။ မိုးခြိမ့်ခြေတစ်လှမ်းမှ မရွေ့ဘဲ ရပ်နေခဲ့လျက်..

"မင်းကဝင်ရိုးစွန်းက လာခဲ့တဲ့လူဖြစ်နေရင်တောင် မင်းနှလုံးသားကတော့ ရေခဲရိုက်ပြီးသားဖြစ်မနေပါဘူး..ရင်ထဲက စကားသံ မျက်လုံးက ကြားရတယ်၊ မပြောချင်တဲ့စကားတွေက မျက်လုံးမှာ အရှ ရာထင်တယ်.."

မောင်မောင် ခြေလှမ်းတုံ့သွားတော့ ခပ်မဲ့မဲ့အံကြိတ်မိလျက်..

"မင်းမျက်လုံးထဲမှာ မစိုခဲ့ရင်တောင် မင်းရင်ထဲမှာငိုနေမှာပါ ဘာဖြစ်လို့လဲဆိုတော့.."

"ခင်ဗျားရဲ့တစ်ဖက်သတ် အနိုင်ပိုင်းတတ်တဲ့ အတွေးထဲမှာ သေချာပေါက်ချတွက်ထားတာကိုး.."

လှည့်မကြည့်ဘဲပြောရင်း ပင့်သက်တဝရှိုက်သည်။ ပြီးမှ..

"မိန်းမကောင်းတစ်ယောက်က ရွေးချယ်မယ်ဆိုရင် သူ့ဂုဏ်သိက္ခာကို အရင်ဆုံးရွေးတယ်..ပြီးမှ အဲ့ဂုဏ်သိက္ခာတင်မယ့်ပလ္လင်ကို ရွေး



ကိုယ့်ရဲ့ဂုဏ်သိက္ခာအချိန်မရွေး ပြုတ်ကျစွဲ့လူးသွားနိုင်တဲ့ ကန် ...ပေါင်ပေါ်တင်ဖို့ ဘယ်လိုမိန်းမက ရွေးချယ်မှာလဲ.."

စကားရပ်လိုက်တော့ မိုးခြိမ့်ထံမှ တိတ်ဆိတ်နေခဲ့၏။ သူမက ...း လှည့်ကြည့်ဖို့မကြိုးစားပါ။ နှုတ်ခမ်းကိုက်လိုက်ရင်း မျက် ...င်တစ်ချက် ဖိခတ်၍.. ။

"အဲ့ဒီလိုမိန်းမမျိုးတွေ ဒုနဲ့ဒေးပဲလို့ ပြစရာရှိရင်တောင် ချစ်သမျှ ...ဘယ်တော့မှမပါဘူး.."

"ဒီ့ထက်ရှင်းအောင် ပြောစမ်းပါ..ငါနားထောင်နိုင်တယ်..",

"ကျွန်တော့်ဘက်က ပြောနိုင်တာဒါပဲ.."

"ငါမင်းလောက်ပညာမတတ်လို့လား.."

သူမကမဖြေ။ မိုးခြိမ့် ဟွန့်ခနဲမဲ့လိုက်ကာ.. ။

"ကြိုက်တယ်..မင်းကဆရာဝန်ဖြစ်နေတဲ့အတွက် ငါရထားတဲ့ ...ကဘွဲ့က အရာမဝင်ဘူး.."

မောင်မောင်ပါးပြင်ထက်မှာ မျက်ရည်စက်တို့ လျှောဆင်းသွားခဲ့

"လုပ်ပါ..ငါကဟိုက်ဒရိုဂျင်ဆိုတော့ မင်းဆီကဟိုက်ဒရိုဂျင်တွေ ...လာတယ်ပဲ မှတ်ထားမယ်၊ မင်းသိထားဖို့က မိန်းမတစ်ယောက် ...သာလို့ ပညာတွေတတ်လို့ ကိုယ့်ဘဝကိုယ် သိမ်ငယ်နေမယ့်လူ ...မှာလည်း မိုးခြိမ့်မပါဘူးဆိုတာပဲ.."

မကြားဘူးခဲ့သော မာကြောသည့်မိုးခြိမ့်လေသံမှာ အေးစက် ...အငွေ့အသက်တို့ ရောပါနေခဲ့လျက်.. ။

"မိန်းမတစ်ယောက် ဘယ်လောက်မြင့်မားကြွားရှားနေပါစေ ငါ့ ...လုံးထဲမှာ မိန်းမကမိန်းမပဲ..ဘာမှမပိုဘူး၊ လူ့ပြည်က ပန်းဖြစ်ဖြစ် ...ပြည်က မဇ္ဈူသကပန်းဖြစ်ပေ့စေ..မကြွေရင် ခြွေရုံပဲ၊ ပန်းဆိုတာ ...ခံရတဲ့အမျိုး.."

ကျနေသည့် မျက်ရည်စီးကြောင်းတို့ဖြင့် သူမနှုတ်ခမ်းလေးကို ...ထားမိသည်။ ပြီးတော့ ဆက်ထွက်လာခဲ့၏။

ဤသူသည် ရယ်သွမ်းသွေးတတ်သည်

ဤသူသည် ပေါ့ပျက်လှောင်ပြောင်တတ်၏

ဤသူပြောသော အလေးအနက်စကားတို့သည်

နေခြည်အောက်က မြက်ဖျားနှင်းသာ..
ထို့ကြောင့် ဤသူ၏ချစ်တင်းစကားအလုံးစုံနှင့်ပတ်သက်၍
ကျွန်တော်သည်.....

➤➤ ⮜⮜

အခန်း(၄၅)

"ကျွန်တော်ဆိုတဲ့ကောင်ထွက်ခဲ့..ဟော့ကောင်မောင်မောင်၊ ငါလို ချင်တာ မောင်မောင်ပဲ..ချစ်သမျှကိုမဟုတ်ဘူး၊ ဒေါက်တာချစ်သမျှကို မဟုတ်ဘူး..ကဲကွာ.."

"ဘုန်း.."

"ဟာ..ဟိုကောင်.."

"ဘုန်း..ဒုန်း.."

ထမင်းဝိုင်းဖွဲ့စားနေကြတုန်း အောင်ကြီးတို့ညီအစ်ကိုတွေ ခေါင်း ထောင်သွားကြသည်။ ညဦးမိုးချုပ်စမို့ ဘေးတန်းလျားမှာ ထိုင်နေကြ သည့် ဦးအောင်ကိုနဲ့ကျော်တိုင်းတို့လည်း ဘာမှန်းမသိသေးသဖြင့် နား စွင့်မိကြရင်း ရုတ်တရက်တစ်အိမ်လုံး၏ လှုပ်ရှားပြောဆိုသံအားလုံး ပျောက်ကျသွားလေသည်။

"ဟော့ကောင်မောင်မောင်..မင်းခဏလောက် ထွက်ခဲ့စမ်းပါ၊ ဟို တုန်းကလို ကန္တဲ့ကလျှုလုတပတမဟုတ်ဘူးနော်..ငါလိုချင်တာ မောင် မောင်၊ ငါကြည့်ချင်တာမောင်မောင်ပဲ..ဒေါက်တာအစုတ်ပလုတ်မဟုတ် ဘူး.."

"ဘုန်း..ဘုန်း..ခွမ်း.."

အောင်ကြီးတို့ ကမန်းကတန်းထရပ်လိုက်ကြကာ ထမင်း လက်စ လက်ကြီးတွေတန်းလန်းနှင့် ပြတင်းပေါက်ကနေ တိုးဝှေ့ ကြ၏။ ခြံဝင်းကျယ်ကြီးမို့ ခြံအဝင်ဝမှာ မီးတိုင်ထောင်ထားတာ ဆိုင်းဘုတ်ကို တိုက်နဲ့ရိုက်ချနေသဖြင့် ခြံတိုင်တွေပါ ယိုင်နဲ့တ နေသည်။ မီးတိုင်လည်း တိမ်းစောင်းလဲပြိုမတတ်ဖြစ်နေလျှင်..

"မိုးခြိမ့်..လူလွန်မလား၊ သေချင်းဆိုး.."

"ဒေါ်ညိုတို့မျိုးဆက်ပြုတ်ပြီမှတ်စမ်း.."

တောင်ကြီးတို့ လက်တွေမဆေးရသေးတာ သတိမရကြဘဲ ကြီးနဲ့အပြိုင် အိမ်ပေါ်ကနေ တဒုန်းဒုန်းဆင်းသွားကြ၏။ နော အောင်ကြီးပါ ပြေးလိုက်သွားလျှင်.. ၊

"မင်း..မင်းတို့လက်လွန်မယ်နော်.."

ဦးစံကွန့် ထမင်းစားပွဲကနေ ကမန်းကတန်းထ၍ ပြေးဆွဲ တတ်တားသည်။ ဦးအောင်ကိုက ထိုင်ရာမထဘဲ.. ၊

"ဒါမျိုးက ခွင့်လွှတ်ပေးရမယ့် ကိစ္စမဟုတ်ဘူး..ဘာတွေလုပ် ကြည့်နေလိုက်၊ ဖြစ်လာရင် ငါရှင်းမယ်.."

အိမ်ပေါ်ထပ်က ပြေးထွက်လာသည့် မောင်မောင့်ခြေလှမ်း လှေကားထိပ်မှာတင် ရပ်တန့်သွားခဲ့သည်။

"ဟိတ်ကောင်..ဒီနေ့တော့ မင်းသေပြီသာမှတ်.."

"ခင်ဗျားတို့နော်..အုပ်စုနဲ့ဝိုင်းမလာနဲ့.."

တောင်ကြီးတို့ရဲ့ ကြိမ်းမောင်းသံတွေအပြင် ဓာတ်တိုင်တို့ တွေ အပြေးအလွှားပါဝင်လာကြသည်။ ငြေဆိုလျှင် ကွာတားေ ဘီပွပွကားကားကြီးနှင့် ပုဆိုးကို ပခုံးမှာ စလွယ်သိုင်းကွင်းစွတ် လျက်.. ၊

"မိုးခြိမ့်..ဟော့ကောင် တော်တော့.."

"ဖယ်စမ်းပါ..ဒီကောင်ဆရာဝန်ဖြစ်နေလို့ မာန်တွေတက်နေ ဟွန့်..မောင်မောင့်ကငါ့ကောင်၊ ချစ်သမျှကို ဆရာဝန်အစုတ်ပလု ကိုင်းကွာ.."

"ဒုန်း..ဝုန်း.."

အခိုင်အမာရိုက်တပ်ထားသည့် နှစ်ပေခွဲပတ်လည်ခန့် သင် ပြားဆိုင်းဘုတ်ကြီးက ကြိမ်ဖန်များစွာသော ရိုက်ချက်များအော



ပ်လီလှုပ်လှဲ့တင်းခံလျက် ခြံတိုင်တွေသာ တုန်ခါယိုင်နဲ့ကုန်ကြ၏။ ါသနှင့် ရီဝေဝေအာရုံထဲမှာ ဆိုင်းဘုတ်က မီးတွေတောက်နေတာ ား..။ လျှာနီနီကြီးနဲ့ ပြောင်ပြနေသည်လား.. ၊

မိုးခြိမ့်စိတ်တွေ ပင်ထွက်ပေါက်ကွဲကုန်လျက်..ကမူးရှူးထိုးရိုက် ရင်းကနေ ဆိုင်းဘုတ်ပြားနောက်ကိုဝင်၍ တစ်ချက်တည်းသိမ်းရိုက် လိုက်လျှင်.. ၊

"ဒုန်း..ဘုန်း.."

"ဟာ..သွားပြီ.."

သူအလွန်မတန် အားထားမြတ်နိုးခဲ့သော ဆိုင်းဘုတ်ကြီး လွင့် က်သွားလျှင် ပြေးလာသည့်တောင်ကြီးရဲ့နှုန်းက ရောက်သည့်နေရာ တင် အရှိန်သေသွား၏။ သို့သော် ခြေထောက်တွေသာ ရပ်တန့်သွား လျက် မျက်လုံးတို့သည် လမ်းတစ်ဖက်ထိ လွင့်ထွက်သွားသည့်ဆိုင်း တ်၏အရှိန်နဲ့အတူ ပါသွားခဲ့ပြီး.. ၊

"ငါ့ဟာလေး.."

နှုတ်မှ ဖွဖွရေရွတ်၏။

"မအေပေး..နှမပေး ခွေးသူတောင်းစား.."

"မိုးခြိမ့်..နောက်ဆုတ် နောက်ဆုတ်.."

"ဟိုကောင်က နမ်ဂျက်ကူကြီးနဲ့.."

"သားရေ..မိုးခြိမ့်.."

"မိုးခြိမ့်..မိုးခြိမ့် ထွက်ခဲ့သား.."

ဒေါ်ညိုက အသံရောက်လာပေမယ့် ဆိုင်းဘုတ်ကို ခလုတ်တိုက် ကျန်ရစ်၏။ ဒေါ်ထားခင်က ထမီ'မ'ကာ ကျော်ခွပြေးလာသည်။ တို့ခြေကြိုလက်ကြားမှာ အဖြစ်ဆိုးနေသည့် သူ့ဆိုင်းဘုတ်ကို င်ကြီး ဝမ်းပမ်းတနည်းငေးနေရင်း ဒေါသကထောင်းခနဲခုန်ထ သည်။

"အမျိုးယုတ်မျိုးတွေ.."

ဒေါသသည် မိုးခြိမ့်ဆီကနေ ဒေါ်ညိုတို့ညီအစ်မဆီ ပြေးလွှားစု ားခဲ့လျက်.. ၊

"မိန်းမစွာမကြီး..သေပေတော့.."

သူကိုင်နေကျ တုတ်ကြီးကိုလက်နှစ်ဖက်နှင့် အားပါးတရလွှဲ

သိမ်းရိုက်ချလိုက်၏။ ပြေးဝင်လာသူတွေ ပြေးထွက်လာကြသူတွေ ရှုပ်ယှက်ခတ်သွားစဉ် ဒေါ်ထားခင်ကိုယ့်အန္တရာယ်ကို ရှုတ်တရက် လိုက်ဘဲ.. ၊

"အမလေး.."

သိလိုက်သည့်အချိန်တွင် ရှောင်တိမ်းဖို့လည်း သတိမရတော့ ကြောင်ငေးသွားခဲ့ပြီး.. ၊

"တောင်ကြီးမလုပ်နဲ့.."

"ဒုတ်.."

"အား.."

ဒေါ်ထားခင်ရှေ့ကနေ ကာဆီးရပ်လိုက်သူက အောင်ကြီး ဆိုင်းဘုတ်ကိုရိုက်ချပြီး တုတ်ကိုင်လျက်နှင့် ရပ်နေသည့်မိုး မှန်းတီးစွာ ဒေါ်သတကြီးရိုက်ပစ်လိုက်ပေမယ့် လဲကျသွားသူ ကိုယ့်အစ်ကိုဖြစ်နေသော တောင်ကြီးအဖြစ်..

ရိုက်ပွဲတွေဖြစ်ကုန်ပြီဆိုသည့်အသံကြောင့် လူကြီးတွေအိမ် ပြေးထွက်လာကြလျှင် ရွာထဲကလူတချို့လည်း ဓာတ်မီးတွေနဲ့ ရော လာကြပြီး.. ၊

"ဘာတွေဖြစ်ကုန်တာလဲ.."

ဦးစံကွန့်ရှေ့ဆုံးက ပြေးရောက်သွားစဉ် အောင်ကြီးကတွေ လေး လဲကျနေရင်းကနေ တောင်ကြီးကိုလှမ်းကြည့်၍.. ၊

"မိန်းမတစ်ယောက်ကို မင်းမရှက်ဘူးလားဟိတ်ကောင်.."

"ဘာတုံး..ခင်ဗျားကြီးကခုမှ.."

"ဟော့..တော်ကြ.."

ဦးအောင်ကိုက ဖြေရှင်းချက်တွေနဲ့ ညီအစ်ကိုချင်း ပစ်ခတ် တော့မည့်အဖြစ်ကို ဖျယ်ချပစ်လိုက်ရင်း.. ၊

"ကျော်တိုင်း ဒီကောင့်ကိုခေါ်သွား.."

တောင်ကြီးလက်မောင်းတစ်ဖက်ကို ဆောင့်ဆွဲပြီး နောက်ဆော သွားအောင် တွန်းပို့လိုက်၏။ ရွာကလူတွေရောက်လာကြချိန် အောင်ကြီးနဲ့မလှမ်းမကမ်းမှာ တုတ်ကိုင်ရပ်နေသည့် မိုးခြိမ့်ကို ညိုးထိုး၍.. ၊

"ငါ့ခြံထဲဝင်ပြီး ဆူပူသောင်းကျန်းမှု ရိုက်နှက်ဖျက်ဆီးမှု မိန်း



လေးတစ်ယောက် ဂုဏ်သိက္ခာထိခိုက်အောင် သရေဖျက်မှု.."

"နေပါဦး..ကျွန်မတူက ဘယ်မိန်းကလေးကို သရေဖျက်နေတာ လဲ၊ ဘယ်သူ့ကိုရိုက်လိုက်လို့လဲ၊ ဒီဆိုင်းဘုတ်ကို.."

"ဟော့..မင်းပါးစပ်ခဏပိတ်ထားပြီး အခုဘာဖြစ်နေသလဲဆိုတာ ကြည့်.."

"အဲ့ဒါ ရှင့်တူတွေသူတို့ချင်းရိုက်မိတာလေ.."

"ဒီမှာဗျာ.."

ဦးအောင်ကိုက ရွာသားတွေစုမိသည်နှင့် အောင်ကြီးကိုအထဲခေါ် သွင်းခိုင်းလိုက်ကာ.. ၊

"မြင်တဲ့အတိုင်းပဲ..အကုန်လုံးထိခိုက်ဒဏ်ရာတွေနဲ့ ကျိုးပဲ့ပျက်စီး နေတာတွေ.."

"ဟုတ်ပါတယ်သူဌေးကြီးရယ်..ကျုပ်ရွာသားအတွက် ကျုပ်တို့ အားလုံးကပဲ.."

"ဘာလဲ..ဘာကိုတောင်းပန်တာလဲ၊ ကျွန်တော်က ကျွန်တော့် ကောင်ကိုခေါ်နေတာ.."

"မိုးခြိမ့်က ဆိုင်းဘုတ်ကိုပဲဖျက်တာဗျ..ကျွန်တော်တို့မြင်တယ်၊ ကြားတယ်ကြားတယ်..ကိုတောင်ကြီးကသာ.."

"ဓာတ်တိုင်နဲ့ငြိ..မင်းတို့ကဘာတုံးကွ.."

"တော်တော်မိုက်တဲ့ကလေးတွေ..သူတို့ကိုယ်သူတို့ သူခိုးဓားပြ အမ်း ကစားနေတယ်များ မှတ်နေကြသလားမသိဘူး.."

ရွာသားတွေက သူတို့မြင်တဲ့အတိုင်းထင်ကာ ခေါင်းမထောင်နိုင် အောင်မူးနေသော မိုးခြိမ့်ကို ဝိုင်းတွဲကြသည်။ ဒေါ်ညိုတို့ကိုပါ သ ဟောက်သဟာမ်းလုပ်နေရရင်း.. ၊

"နင်တို့က အိမ်ရှင်မို့လားမယ်ညို..ကိုယ်ကတောင် သည်းခံရ မယ့်ဟာ၊ သွား..ပြန်ကြ ပြန်ဆိုခုပြန်၊ သွားကြ.."

လူကြီးက ကိုယ့်ရွာသားဘက်က ထိန်းသိမ်းဖို့ကြိုးစားရင်း.. ၊

"မင်းတို့ကောင်တွေ ဘာမှထပ်မပြောကြနဲ့..မိုးခြိမ့်ကိုခေါ်ပြီးပြန် ကြတော့၊ ကျောက်ဒိုးက အိမ်နီးတယ်မို့လား၊ စက်ဘီးပြန်ယူချေ..မိုး ခြိမ့်ကိုတင်ပြီး.."

"သူ့ကိုပြန်ခေါ်သွားလို့မရဘူး.."

ဦးအောင်ကိုရဲ့မျက်လုံးတွေက ခပ်မှိန်မှိန်မီးရောင်အောက်မှာ နီရဲနေသည်။ တအံ့တသြပြန်ကြည့်ကြသည့် မျက်လုံးတွေကို တည်ငြိမ်အေးဆေးသည့်မျက်နှာနှင့် ကျော်တက်ရှေ့ထွက်လာခဲ့လျက်.. ။

"ဒီလူငယ်တစ်သိုက်ကို လူကြီး အိမ်ခြံဝင်းထဲမှာတည်းက ကျွန်တော်သဘောပေါက်ခဲ့တာ..သူတို့မှာ ဂါရဝါစတရားနည်းပါးတယ်..နှုတ်ဖြင့်ကျူးလွန်ခြင်းဆိုရင် ဘာမဆို သူတို့ရဲရဲတင်းတင်းကျူးလွန်တယ်.."

"အဲ..အဲ့ဒါက ဒီလိုရှိပါတယ်ကိုအောင်ကို၊ မိုးခြိမ့်နဲ့သူ့သူငယ်ချင်းတွေက.."

လူကြီးက မျက်နှာချခယဖို့ ကြိုးစားသော်လည်း ဦးအောင်ကိုက လက်ကာလိုက်ပြီး.. ။

"သူ့ကိုထားခဲ့ပါ.."

လူကြီးနဲ့ရွာသားတချို့မျက်နှာတွေ ပျက်ကုန်ကြသည်။

"သူ့ကိုထားခဲ့ဖို့ကို ရှင်ဒီလိုလေသံနဲ့ အမိန့်ပေးဖို့မလိုပါဘူး.."

ဒေါ်ထားခင်က မိုးခြိမ့်ကိုတွဲခေါ်သွားဖို့ ကိုင်ထားရာကနေ ရှေ့ကို တိုးထွက်လိုက်ကာ.. ။

"ကျွန်မတို့လူကြီးကဦးထွေးပဲ..မိုးခြိမ့်အမေကဒေါ်ညို၊ ဦးထွေးက ခွင့်လွှတ်ရင်ရတယ်..ဒေါ်ညိုကလည်း သူ့သားကိုမထားခဲ့နိုင်ဘူး.."

"သူ့သားကလမ်းပေါ်မှာ မူးလဲနေတာ မဟုတ်ဘူး..ဒါကျုပ်ရဲ့ခြံဝင်း၊ ဟိုမှာ ပျက်စီးပြိုလဲနေတာတွေနဲ့ အိမ်ထဲကိုပွေ့ခေါ်သွားရတဲ့မှနာ..အဲ့ဒီအပျက်အစီးတွေဖြစ်သွားတာ ဘယ်သူ့ကြောင့်လဲ.."

မြင်မကောင်းအောင် ပျက်စီးကြေမွနေတာတွေကို လှည့်ကြည့်ပြီး ဒေါ်ထားခင်စိတ်ဆင်းရဲသွားသည်။ မိုက်လိုက်တဲ့ကလေးတွေ မချင့်မရဲအပြစ်တင်မိသလို ချစ်ကာခေတဲ့ကလေးပါလားဆိုသည့် ကရုဏာစိတ်တွေက ပိုများနေ၏။ လှည့်ကြည့်လိုက်တော့ ပြောတော့ပြောနေပေမယ့် စကားသံက မပီမသတွေဖြစ်ကာ သူ့ပြဿနာကြောင့်ရှက်မရဖြစ်နေကြတာတွေလည်း သိပုံမပေါ်.. ။

သူမဒီဘက်ပြန်လှည့်လိုက်တော့ ဦးအောင်ကိုကလည်း မိုးခြိမ့်ရုပ်ပျက်ဆင်းပျက် ခေါင်းစိုက်နေတာကိုကြည့်နေလျက်ရှိကာ.. ။

"ဒီရွာမှာ အရက်သောက်ထားရင် ထင်ရာလုပ်ခွင့်ရှိတယ်.."



"ဦးအောင်ကိုရယ်..ကျွန်မညီမအပြောအဆိုမတတ်တာ ရှိရင်လည်း နားလည်ပါ၊ ကျွန်မသားအတွက် ဦးထွေးတောင်းပန်သလို ကျွန်မလည်း တောင်းပန်ပါတယ်..ဒီအပျက်အစီးအတွက်လည်း ဦးအောင်ကိုတို့ စိတ်ကျေနပ်တဲ့အထိ ပြင်ဆင်ဖြည့်စွက်ပေးပါ့မယ်၊ ရှင်လည်းရွာသားပဲရှင်..တောင်းပန်ရင်တော့ ကျေအေးသင့်ပါတယ်.."

"ဒီမှာဒေါ်ညို..ကျွန်တော့်သမီး ဒီရွာကိုရောက်လာတာ ဘာကြောင့်လဲ ခင်ဗျားတို့အနည်းအကျဉ်းတော့ သိကြမှာပါ.."

ဦးအောင်ကိုက ခေါင်းမာသည့်လေသံဟန်ပန်နှင့် စကားစလိုက်ပြီးမှ လက်ပိုက်ကာ.. ။

"ကျုပ်ကခွင့်လွှတ်တတ်တဲ့ လူစားမဟုတ်ဘူး..သားသမီးအပေါ်မှာ ခြွင်းချက်ထားပေးလိုက်ရင်တောင် တခြားဘယ်လိုလူကိုမှ ဘာကြောင့်ဖြစ်ဖြစ် ခွင့်မလွှတ်ဘူး.."

"ခွင့်မလွှတ်တာကလည်း ပြစ်မှုကြီးအောင် ပုံချနေသလိုပဲ..မရှိုးသားပါဘူးဗျာ.."

ခတ်တိုင်က ထွက်သွားဖို့ပြင်ပြီးမှ ပြန်ပေါ်လာတာဖြစ်ကာ..၊

"မင်းတို့ပါးစပ်သရမ်းရင်တော့ ငါဖယ်ထားခဲ့မှာ မဟုတ်ဘူးနော်..ရွာဝင်မလုပ်ဘဲနဲ့ ကိုယ့်အိမ်ကိုယ်ပြန်၊ မဟုတ်ရင် အချုပ်ထဲမှာ ခေါင်းအပါတစ်စုလုံး သွားအိပ်ရလိမ့်မယ်.."

တကယ်ပဲ ရဲစခန်းကိုအကြောင်းကြားခိုင်းလိုက်ပြီလား တွေးမိလိုက်ကာ ဒေါ်ညိုတို့လူစုတွေ ထိတ်ထိတ်ပျာပျာဖြစ်ကုန်ကြကာ.. ။

"ဦးအောင်ကို..ကျွန်တော်တို့ပြောပါရစေဗျာ.."

"ကျွန်မတောင်းပန်နေတာပါရှင်..ကျွန်မသားလေးက တစ်ခါတလေမှား.."

"ခွင့်မလွှတ်ဘူးလို့ပြောနေတာကို ဘာလို့ထပ်တောင်းပန်နေတာလဲအစ်မ..ခတ်တိုင်တို့ကိုလည်း သဘောထားကြီးလွန်းလို့ ဘေးဖယ်ပေးသွားတာ မဟုတ်ဘူး၊ မိုးခြိမ့်တစ်ယောက်ကိုပဲ သူတို့ဒုက္ခပေးချင်နေတာ..သူ့သမီးနဲ့နီးစပ်မှာစိုးလို့ ဆတ်ဆတ်ခါနေတာ.."

"ထားခင်တော်စမ်း..နင်တော်တော့.."

"ကျွန်မက ဟုတ်တာတွေပြောနေတာ.."

တောင်းပန်နေကြသည့် လူတွေစိုးရိမ်တကြီးဖြစ်သွားပေမယ့်

ထားခင်ကလည်း အပြောမရပ်။ ဦးအောင်ကိုကလည်း ဘာတစ်ခွန်း မဟသေးဘဲ.. ။

"အဲ့ဒါပဲ..ရှေးလူကြီးတွေ ပြောစကား ဘယ်တော့မှမမှားဘူး၊ နှစ်ချောင်းလည်းမကယ်နဲ့..မင်းလေ့မျောလည်း မဆယ်နဲ့ တဲ့..သူ့သမီး ကို စောင့်ရှောက်ကယ်တင်ထားမိတဲ့အတွက် ကျေးဇူးတွေတင်နေ လေ.."

"ဒီယုန်မြင်လို့ ဒီခြုံကိုထွင်တာမဟုတ်ဘူးလားဒေါ်ထားခင်"

"အောင်မယ်လေး..ပြောထွက်လိုက်ပါဘိ၊ ဒါလားမြို့ကြီးသား ပညာတတ်.."

ဒေါ်ထားခင် ညခင်းမှာ လမင်းမသာပေမယ့် အသံသာအော အော်ပစ်လိုက်သည်။ ပြီးတော့ ရင်ဘက်ကိုပုတ်၍.. ။

"ဖအေပီသလိုက်တာ အဲ့ရောဟယ်..သမီးတစ်ယောက်လုံး ဒေါ်သစိတ်လေးဖြစ်တာနဲ့ ထွက်လိုကထွက် သွားလိုကသွား..တစ် ကိုးသတင်းပြန်မလာတာလည်း ဂရုမစိုက်တဲ့အပြင် စောင့်ရှောက် တဲ့လူတွေကို လှည့်ပတ်စော်ကားနေလိုက်တာ..ဒီမှာ ရှင့်သမီးကို မှန်းလည်းသိတယ်၊ အသာလေးဂုတ်ကနေ ကောက်ယူပြီး ပြုတ်သု စားလိုက်လို့လည်း ရတယ်..ငါတယ် မပြောလိုက်ချင်ဘူး၊ ရှင့်သမီး လိုချင်ရင် ခြုံထွင်နေဖို့မလိုဘူး နားလည်လား.."

"ထားခင်ရေ.."

တကယ်ကိုအရှိန်သတ်ဖို့ ပါးစပ်ပိတ်လိုက်ကာမှ အစ်မဖြစ် တားဆီးလိုက်တော့ အရှိန်ထိန်းဖို့ ဘရိတ်လွတ်သွားခဲ့သည်။

"ကျုပ်တို့ကောင်လေးသာ ရမ်းကားခဲ့ရင် ကျုပ်တို့ကသား ချင်းမစာနာခဲ့ရင် ရှင့်သမီးကိုရှင် မြေးတွေမြစ်တွေနဲ့မြင်နေရပြီ.."

"တောက်.."

"မိထားခင်တိတ်စမ်း..နင့်ကိုငါတားနေတယ်.."

ဦးထွေးဒေါ်သသံနှင့် တားဆီးသော်လည်း.. ။

"မသိတဲ့လူကို သိအောင်ပြောရမှာပဲလူကြီးရဲ့..ဒီမှာဦးအောင် သူဌေးကြီးရဲ့၊ မိန်းကလေးတစ်ယောက်ဘဝပျက်ဖို့ဆိုတာ စက္ကန့် မိနစ်ပိုင်းလေးပဲလိုတာနော်..ရှင့်သမီး ကျုပ်တို့အိမ်မှာနေခဲ့တာ နှစ်.."



ဒေါ်သသည် ပြောသင့်တာမပြောသင့်တာကို မသိတော့ဘဲ စော် ကားခံနေရခြင်းကိုသာ မခံရပ်နိုင်ဖြစ်ရလျက်.. ။

"သမီးရှင်မှာပဲ ဒေါ်သတွေအရှက်တွေ ရှိတယ်ထင်နေသလား.. သားရှင်တွေမှာလည်း သိက္ခာရှိတယ်..မိုးခြိမ်းက လူဆိုးမဟုတ်ဘူး၊ ရှုံး ရောက်ဂတ်ရောက်လည်း မဖြစ်ခဲ့ဖူးဘူး..ဖြစ်လောက်တဲ့အပြစ်လည်း.."

"ဖြစ်လောက်တဲ့အပြစ် ဟုတ်မဟုတ်ဆိုတာ ဖြစ်မဖြစ်လုပ်ပြမှသိ ယ့်ကိစ္စပဲ.."

ဦးအောင်ကိုဒေါ်သကြောင့် အသားဆတ်ဆတ်တုန်နေကာ.. ။

"ကျေးဇူးဆိုတာ တုပ်ချည်ထားတဲ့လူတွေနဲ့ မတန်ဘူး..အဲ့ဒီလူ တွေနဲ့ ကျေးဇူးတုံ့တင်ဖြစ်မိရင်လည်း အဲ့ဒီကျေးဇူးမျိုးကို တန်ဖိုးဖြတ် ရတယ်၊ ရှုန်းထွက်ရတယ်..ဒီမှာ ဒေါ်ထားခင်၊ မသိရင်မှတ်ထား.. ည်းနည်းပေးပြီး လက်တစ်ဆုံးပြန်နှိုက်တဲ့လူစားတွေကို ကျေးဇူးရှင် ဘယ်တော့မှမသတ်မှတ်နဲ့..အဲ့ဒါ အချောင်သမား.."

ကြည့်စမ်းပါဦး..ဘယ်လိုတောင် ပြောလို့ထွက်တာလဲ.. ။

ကြားတဲ့လူတွေ ဘယ်လိုမှမယုံနိုင်အောင်ဖြစ်ကုန်ကြကာ ဦး အောင်ကိုရဲ့စကားတွေမှာ ငေးကြောင်ကုန်ကြသည်။

ဦးအောင်ကိုက တစစစုဝေးများပြားလာကြသည့် ရွာလူထုကို ကာ်လုံးဝေ့သည်။ ရင်ထဲမှာ ဒေါ်သမာနတွေ ရှုန်းရင်းဆန်ခတ်ဖြစ်နေ ကြသည့်တိုင် ရွာသူတစ်ယောက်နှင့်ပြိုင်ဆိုင်အနိုင်လုဖို့အတွက် ဂုဏ် သိက္ခာက တားမြစ်နေခဲ့၏။

"ကျုပ်ရဲ့စေတနာကို တလွဲအထင်ရောက်နေကြတဲ့ပုံပဲ.."

"မလွဲပါဘူး..မလွဲပါဘူး၊ သူဌေးကြီးကို ကျွန်တော်တို့ကတောင်း နေတာပါ.."

"အဲ့ဒါက စပြီးလွဲနေတာဦးထွေး..ကျုပ်စေတနာက ရွာကောင်း ကျိုးအတွက်ပါ၊ အနာဂတ်ရဲ့ကြယ်ပွင့်တွေဖြစ်တဲ့လူငယ်တွေ ဒီလိုဖြစ် ချင်တိုင်းဖြစ်နေတာ လုံးဝသဘာဝမကျဘူး..သူတို့ကိုယ်တိုင်မှ အ ကောင်းအဆိုး မခွဲခြားနိုင်ဘူးဆိုရင်တော့ ခွဲခြားနိုင်အောင်ပြရမှာပဲ၊ အပြစ်ပေးခံရမှ အပြစ်လုပ်မိတာကို သိမယ်..ကျုပ်လာခဲ့တဲ့ရည်ရွယ် ချက်တွေ စီမံကိန်းတွေကို ရွာအခြေခံပေါ်ကြည့်ပြီး စိတ်မပျက်ချင်ဘူး ..စေတနာနဲ့ပဲကြည့်ကြပါ.."

စကားသည် မေတ္တာရပ်ခံခြင်းဖြစ်သော်လည်း ဦးအောင်ကို နှာက တင်းမာနေသည်။ ဘာကြောင့်နဲ့မှ မိုးခြိမ့်ကိုလွှတ်မပေးနိုင်သ ဆုံးဖြတ်ချက်က သူ့မျက်နှာထက်မှာ ပေါ်လွင်နေခဲ့လျက်.. ၊

"သက်ဦးနဲ့စံကွန့် မိုးခြိမ့်ကို အိမ်ရှေ့တန်းလျားပေါ် ဆွဲတင် လိုက်ပါ.."

ဦးစံကွန့်က ရွာသားတွေနဲ့ဦးထွေးတို့မျက်နှာကို လှမ်းကြ သည်။ ပြီးမှ ဘေးမှာရပ်ကြည့်နေသည့် သက်ဦးတို့ညီအစ်ကိုကို ဆတ်ခေါ်၍ မိုးခြိမ့်ရှိရာသွား၏။

"မလုပ်ပါနဲ့..မလုပ်ကြပါနဲ့ဦး.."

"ဘာလဲ..ရဲတွေသွားခေါ်နေပြီလား.."

"မိုးခြိမ့်ကို တကယ်ရဲလက်အပ်မလို့လား.."

ဒေါ်ညိုငိုသံနှင့်အတူ ရွာသားတွေထံမှ နားမလည်သံ လှုပ်လှုပ်ရွရွဖြစ်လာကြသည်။

"ကျွန်မသားလေးက ဆိုးသွမ်းတဲ့လူမဟုတ်ပါဘူး..ဒီရွာ လည်း ရဲတွေဘာတွေနဲ့ ရှင်းရတဲ့ပြဿနာမျိုး တစ်ခါမှမရှိခဲ့ပါ စဉ်းစားကြည့်ပါဦး..သူဌေးရယ် ကျွန်မ.."

"ဗွမ်း.."

ဒေါ်ညိုက သားကိုကာကွယ်ရပ်နေရင်း ဦးစံကွန့်တို့ကို တား နေစဉ် နောက်မှာဗွမ်းခနဲအသံကျယ်ကြီးနှင့် ရေစက်တွေပြေးစင် အလန့်တကြား လှမ်းကြည့်မိလျှင်.. ၊

"ဟယ်..မောင်မောင်.."

"အား..ဟား.."

မိုးခြိမ့်မျက်နှာနဲ့ ရင်ဘက်တစ်ပြင်လုံး စိုရွှဲသွားသဖြင့် စိုက်နေရာကနေ ပြူးပြူးပြဲပြဲထဖြစ်လာ၏။ မောင်မောင်က ဘာ ကြီးတစ်လုံး လက်တစ်ဖက်ကဆွဲလျက် မိုးခြိမ့်ရှေ့မှာ ရပ်နေလ

"မောင်မောင်.."

ရွှဲစိုသွားသည့်ကိုယ်ကို ပွတ်သပ်ခါရင်း ခပ်နဲ့နဲ့ထရပ်လိုက်

"ငါ့ကိုဘာလို့ရေတွေနဲ့ပက်.."

မေးခွန်းသည် မဆုံးလိုက်ဘဲ ပတ်ဝန်းကျင်ကိုသတိထား သည်။ ရုတ်တရက် အံ့သြသလိုဖြစ်သွားခဲ့လျက် မျက်နှာနဲ့ဆံပင်



ကို ပွတ်သပ်ခါပစ်မိရင်း.. ၊

"ငါ.."

မြင်ကွင်းကို တစ်ပတ်ပဲဝေ့လိုက်ရသည်။ သူဘာလုပ်မိသည်ကို ချက်ချင်းသိသွားခဲ့၏။ မောင်မောင်က ဘာလီချိုင့်ကြီးကို ခပ်လှမ်း မ်းထိ လွှဲပေါက်ပစ်လိုက်ကာ.. ၊

"ဘာလို့ပက်လဲသိပြီလား..ပြဿနာရှာပြီး ခေါင်းစိုက်နေလို့မရ တော်ကြာ မသာကြီးလိုဝိုင်း မပြီး ဘယ်ခေါ်သွားကြမလဲ..ဘာ ကြမလဲ ခင်ဗျားမသိလိုက်မှာစိုးလို့.."

မောင်မောင်လုပ်ရပ်က ဒေါသနဲ့ပေမယ့် ဘယ်လိုဒေါသလဲဆို အားလုံးသိလိုက်ကြသည်။ မိုးခြိမ့်ကိုယ်တိုင် သူ့ဘေးရောက်နေ သည့် ဦးစံကွန့်တို့ကိုကြည့်လိုက်မိရင်း ဦးအောင်ကိုထံ ဖျတ်ခနဲ လုံးရောက်သွားလျှင်.. ၊

"တောင်းပန်ပါတယ်..ကျွန်တော်က မောင်မောင်ထွက်လာအောင် လိုက်မိတာပါ၊ ဘယ်သူ့ကိုမှ စော်ကားဖို့မဟုတ်.."

"လုပ်ချင်တာလုပ်ရဲသလို တောင်းပန်ဖို့လည်း ဝန်မလေးပါ .."

ဦးအောင်ကိုက ခပ်မဲ့မဲ့ကဲ့ရဲ့ရင်း သမီးဆီကိုအကြည့်ရောက်သွား ရဲတွေလက်ထဲထည့်လိုက်မှာစိုးပြီး မိုးခြိမ့်ကိုသွားနှိုးလိုက်သည့် က် အားလုံးရဲ့ရှေ့မှာ သူ့မျက်နှာဖြူဖက်ဖြူလျော်ဖြစ်နေသည် ။ နီရဲညိုမောင်းနေပြီလား..။ ဟန်မပျက်အောင် ထိန်းနေရပေမယ့် ခြင်းက တဆစ်ဆစ်တိုး၏။

သူဘာဖြစ်လို့ ကိုယ့်ရင်သွေး ကိုယ့်သားသမီးရဲ့စိတ်ကို မရခဲ့ လဲ..။ သူ့မှာ ဘာလိုအပ်ချက်တွေရှိခဲ့လို့ သားသမီးရဲ့အထင်ကြီး ကြည်မှုကို မရခဲ့တာလဲ..။ နာကျင်ခြင်းသည် အနာတရနှင့်ခြေခိုင် င် ရပ်နေရသည့်စစ်သူကြီးနှယ်။ မာနကိုဝေဒနာက အနိုင်ပိုင်း ကြိုးစားနေခဲ့လျက်.. ၊

"ဟော..ဟိုမှာ ဟိုမှာစက်ဘီးတွေနဲ့၊ ရဲတွေဟ.."

"ဟင်.."

"သူဌေးကြီးက မိုးခြိမ့်ကိုတကယ်ဖမ်းခိုင်းတာလား.."

"ဒီကောင်တွေ ဒီ့ထက်မကတောင်ဖြစ်နေကြတဲ့ဥစ္စာ.."

"အေးလေ..နီတြော့ကိုခုတ်တဲ့ဓားက မိုးခြိမ့်သာဆို ဘယ်လို မတုံး၊ သူတို့ဒီလိုတွေဖြစ်ကြတာ ဘာမှမဆန်းဘူး.."

ဓာတ်မီးတွေတဝင်းဝင်းနှင့် ရဲဝတ်စုံပြည့်ဝတ်ထားသည့်သူ ရော အရပ်ဝတ်နဲ့လူကြီးတွေပါ အားလုံးစက်ဘီးခြောက်စီးဖြစ်က

"အိမ်ထဲဝင်ရိုက်တာ ဘယ်သူတုံးဟ.."

"အမှုးသမားကဘယ်မှာလဲ.."

"ကျွန်တော်ပါ.."

"သား.."

ဒေါ်ညိုသားဆီပြေးရင်း ရဲတွေနဲ့ဦးအောင်ကိုကြားမှာ ဘယ် ကို ခြေသလုံးဖက်တောင်းပန်ရမှန်းမသိ။ မျက်နှာမှာ မျက်ရည်တွေ ရွှဲသားနှင့်ရှိကာ.. ၊

"သူ့ငွေးကြီးရယ်.."

"အမေတော်တော့.."

မိုးခြိမ့်မျက်နှာက မှုန်နေသည့်ပုံလုံးဝမရှိတော့ပေမယ့် ဆံပ တစ်ကိုယ်လုံးမှာ စိုရွှဲနေသည့်အဖြစ်က ရုပ်ဆိုးပန်းဆိုးဖြစ်နေက တွေက အထင်မြင်သေးသလိုကြည့်၏။

"မင်းကဘယ်သူ.."

"ကျွန်တော်ကမိုးခြိမ့်ပါ.."

"လက်ထိပ်ခတ်လိုက်ကိုဇော်..သွားမယ်.."

"ဖေဖေ.."

လက်ထိပ်ခတ်ဖို့ ရှေ့တိုးလာသည့် အရပ်ဝတ်နှင့်ကိုဇော်ဆို မောင်မောင်ခေါ်လိုက်တာကို လှမ်းကြည့်ပြီး ခြေလှမ်းတုံ့သွားသ မောင်မောင်ကတော့ ဦးအောင်ကိုကိုပဲ ကြည့်နေခဲ့လျက်.. ၊

"သူ့မှာအပြစ်မရှိပါဘူး..အရက်မူးတာ ရမ်းကားကြတာ ဒီ ရွာလုံးက သောက်တတ်တဲ့ လူတွေအကုန်လုံးပဲ၊ ကိုအောင်ကြီး အစ်ကိုကြောင့် ဒီထက်ပိုပြီး နစ်နာခဲ့ကြတဲ့ ရွာသားတွေလည်း မှာ ရှိကြပါတယ်..အားလုံးအတွက် အံ့သြစရာဖြစ်မယ့် ကိစ္စမျိုး ပါနဲ့ဖေဖေ.."

မျက်မှောင်ကုတ်၍ စူးစိုက်ကြည့်နေသည့် ဦးအောင်ကိုထံမှ သည့်စကားသံမှ မထွက်.. ၊



"ဖေဖေစည်းကမ်းကြီးတာ ကိုကိုသိတယ်..ဒီမှာကတော့ မသိကြ ပါဘူး၊ သူတို့ခလေး သူတို့အထာမှာ တစ်ယောက်နဲ့တစ်ယောက်ဓားနဲ့ ပြေးခုတ်ကြရင်တောင် နောက်နေ့မျက်နှာကြည့်ပြီး တက်ခေါက်ရှုံနဲ့ ပြီးကြတာ.."

ပြောနေရင်း ဖအေနဲ့ပိုနီးအောင် တရွေ့ရွေ့တိုးလျှောက်သွားခဲ့ ပြီး သားအဖေချင်းပြောလို့ရသည့်အနေအထားလောက်မှာ မျက်နှာချင်း ဆိုင် ရပ်လိုက်၍.. ၊

"ဖေဖေ့ကို သူတို့ရဲ့ကယ်တင်ရှင် ကျေးဇူးရှင်ကြီးလို အထင်ကြီး လေးစားနေကြတာ..ကိုအောင်ကြီးကကိုတောင်ကြီးတုတ်ချက်နဲ့ ထိ နိုက်သွားတာလည်း မြင်တဲ့လူတွေအများကြီးပဲ၊ ဖေဖေ့ကို သူတို့ကျေး ဇူး.."

"ကျေးဇူးတင်ခံရဖို့လောက်နဲ့ ဒီရွာကိုငါလာခဲ့တာ မဟုတ်ဘူး.."

အံကြိတ်ထားသည့်လေသံသည် နှုတ်ခမ်းလှုပ်ရုံဆိုပေမယ့် အေး ခဲပြင်ကို ဖြတ်သန်းတိုက်ခတ်သကဲ့သို့ အေးစက်ပြတ်ရှနေခဲ့ပြီး.. ၊

"ကျေးဇူးတရားနဲ့ပတ်သက်ဖို့ဆိုရင် ကျေးဇူးရှင်လည်းမဖြစ်ချင် ဘူး..ကျေးဇူးတင်ရမယ့်အလုပ်လည်း မလုပ်ဘူး.."

"ကိုကိုဒီရွာကိုလာတာ ဒေါ်လေးတို့မိသားစုကို ကျေးဇူးတင်ရ ဖို့မဟုတ်ပါဘူးဖေဖေ..ကျေးဇူးရှင်မှာ စေတနာပါသလို ကျေးဇူးတင်ရ တဲ့သူကလည်း လိုအပ်နေကြတဲ့လူတွေပါပဲ.."

"ဟွန်း.."

ဦးအောင်ကိုက မဲ့သည်။ ပြီးတော့ ဒီတိုင်းရပ်ကြည့်နေပေးသည့် ရဲဝန်ထမ်းတွေထံ တစ်ချက်ကြည့်၍ မောင်မောင့်မျက်နှာနားထပ်ကပ် လိုက်ရင်း.. ၊

"အဲ့ဒီတော့ မိုးခြိမ့်ကို သမီးထွက်နှိုးရတဲ့အကြောင်း လိုရင်းကို ပြော.."

မောင်မောင့်မျက်နှာလေး ပျက်သွားသည်။ သို့သော်.. ၊

"သူကိုယ်တိုင်မြင်စေချင်တာလည်း ပါပါတယ်.."

"ပြီးတော့ရော.."

"မူးလဲနေတဲ့သားကို မထူနိုင် မကာကွယ်နိုင်ဘဲ ဗျာများငိုကြွေး နေရတဲ့ မိခင်တစ်ယောက်ရဲ့မျက်ရည်တွေကို မကြည့်ရက်လို့ပါ..သူတို့

က ကိုကို့ရဲ့ကျေးဇူးရှင်တွေပါဖေဖေ၊ တင်ဖို့မဟုတ်ပေမယ့် တကယ်
တင်ထိုက်တဲ့သူတွေပါ.."

"ကျေးဇူးတရားကို တန်ဖိုးဖြတ်လို့မရဘူးဆိုတဲ့စိတ်နဲ့ လူဖြစ်လာ
ရင် အဲ့ဒါချည်တိုင်မှာ ချည်ခံရတဲ့နွားပဲ..နေရာတိုင်းမှာ သူ့တန်ဖိုးနဲ့
သူရှိတယ်၊ ကျေးဇူးဆိုတာလည်း တန်ရာတန်ကြေးဖြတ်တောက်ပစ်ရ
တယ်..ယူခဲ့လို့ပြန်ပေးတာမှာ သဘာဝမကျတာ ဘာရှိသလဲ.."

မောင်မောင် ဘာမှမဖြေနိုင်.. ၊

"သမီးဒီရွာမှာ တစ်နှစ်နေခဲ့တဲ့အတွက် ဖေဖေဘာတွေပြန်ပေး
စီစဉ်လာခဲ့သလဲသိလား..အဲ့ဒီထက်မကလုပ်ပေးဖို့တွေလည်း ရှိနေသေး
တယ်၊ အဲ့ဒါ ငါ့သမီးယူခဲ့တဲ့အတွက် ငါပြန်ဆပ်မယ့် အဆမတန်ကျေး
ပဲ..နောက်ထပ်ကျေးဇူးဆိုတာတွေ ဘာမှထပ်မပြောနဲ့တော့၊ ဖေဖေ
ကြားချင်ဘူး.."

ဦးအောင်ကိုက မောင်မောင့်ကိုကျော်ရှောင်၍ ရဲတွေဆီဦးတည်
သွားသည်။

"ဖေဖေ့.."

မောင်မောင် ကမန်းကတန်းခေါ်ပြီး ရှေ့ကဖြတ်ပိတ်ရပ်လိုက်
ကာ.. ၊

"ဖေဖေ့စေတနာတွေက ဝေဒနာဖြစ်ကုန်လိမ့်မယ်.."

"စေတနာဆိုတာ ကျေးဇူးကိုချေဖျက်ဖို့ တပ်ထားတဲ့တိုင်တယ်ထ
ပဲ.."

"ဖေဖေ.."

ဦးအောင်ကိုခြေလှမ်းပြင်လိုက်တိုင်း မောင်မောင်က တစ်ထပ်
တည်း ခြေလှမ်းလိုက်ရွှေ့၍.. ၊

"ဒီလူတွေ ဖေဖေ့ကိုဆန့်ကျင်ကြမှာ.."

ဦးအောင်ကို ခပ်မဲ့မဲ့ပြုံးကာ.. ၊

"နားထောင်ကြည့်တာပေါ့.."

"မလုပ်ပါနဲ့ဖေဖေ..ကိုကိုအဲ့လောက်ထိ ကြည့်မနေနိုင်ဘူး.."

"အဲ့ဒီတော့ သမီးဘာပြောချင်တာလဲ.."

"ဖေဖေနဲ့ဘာမှမပြောရအောင်လို့ပါ.."

နောက်ထပ်ပြုံးမိခြင်းသည် ကြေကွဲခြင်းဖြင့် မချိတရိရှိကာ



"ထပ်မပြောနဲ့တော့.."

ဦးအောင်ကိုက မျက်နှာတင်းတင်းနှင့်ပြော၍ လျှောက်ထွက်သွား
သည်။ သူလာနေတာမြင်တော့ အသက်ကြီးဆုံးရဲဝတ်စုံနှင့်လူက ခပ်
ပြုံးနှင့်ဆီးကြို၍.. ၊

"ကျွန်တော်တို့သဘောပေါက်ပါတယ်..ရဲဆိုတာလည်း တိုင်တဲ့
ရှိမှ ဖမ်းလို့ရတာပါ၊ ကျွန်တော်တို့က တာဝန်အရလာကြတာမှန်ပေ
မယ့် ခင်ဗျားတို့ချင်း ညှိနှိုင်းပြေလည်သွားတယ်ဆိုရင် ပြီးတာပါပဲ.."

ပြောပြီး နောက်ကလူတွေကို မျက်ရိပ်ပြ၍ နောက်ဆုတ်လိုက်
သည်။ ပြီးမှ ပြန်လှည့်၍.. ၊

"လုပ်ပါ..ပြီးဆုံးတဲ့အထိ ကျွန်တော်တို့စောင့်နေပေးပါ့မယ်.."

ဦးအောင်ကို မတည်မပြုံးမျက်နှာကြီးနှင့် ခေါင်းလည်းမခါ။
ကျေးဇူးတင်ပါသည် ဘာညာဘာတစ်ခွန်းမှလည်း မပြောဘဲ မိုးခြိမ့်ကို
ကြည့်၏။ ကြည့်နေရင်း ရှေ့ကိုသုံးလေးလှမ်းဆက်သွားကာ ရွာ
သားတွေဘက်လှည့်၍.. ၊

"ကျုပ်ပြောခဲ့ပြီးပြီ..ဒီရွာအတွက် ကျုပ်အများကြီးမှန်းထားတာ
ခင်ဗျားတို့ဘက်က ကျုပ်ရဲ့စည်းကမ်းအတိုင်း အတူတူရှေ့ဆက်
မယ်ဆိုရင် အမှားကျူးလွန်ထားတဲ့သူကို အပြစ်ပေးဖို့တာဝန်ရှိသူ
လက်ထဲ ထည့်ရမယ်..ဒါကကောင်းလာဖို့အတွက်ပါ၊ ဘယ်သူမှထိ
သွားမှာ မဟုတ်ပါဘူး.."

"ဒီလိုရှိပါတယ်သူဌေးကြီး.."

လူကြီးယောက်ဖဦးမာက လူတွေကြားထဲကနေ ရှေ့ထွက်လာ
၊

"တစ်ခုလောက်မေးထည့်ချင်လို့ပါ..ခုဥစ္စာက တစ်ရွာလုံးကောင်း
အတွက် မိုးခြိမ့်ကို ရဲလက်အပ်လိုက်ရမယ့် သဘောမျိုးလား၊ ဒီလိုမ
ရင် သူဌေးကြီးက ကျုပ်တို့ရွာအတွက် ဘာမှမလုပ်ပေးတော့ဘူးဆို
ခံမျိုးပေါက်နေလို့ပါ.."

ဦးအောင်ကိုက ဘာမှမဖြေဘဲ တခြားလူတွေဆီ မျက်လုံးဝေ့
တစ်ယောက်ယောက်မေးလာဦးမလားလို့ ခဏစောင့်လိုက်ခြင်း
သူထင်သည့်အတိုင်း.. ၊

"အေးဟယ်..လူတစ်ယောက်လုံးကို ယစ်ပူဇော်သလိုလုပ်ပြီးမှ

ရေရမယ် မီးရမယ်ဆိုရင်တော့ နေပါစေတော့.."

"ဟုတ်ပါတယ်..အဲ့ဒါကတော့ မကောင်းပါဘူး.."

"မဟုတ်ပါဘူးကွာ..ရဲလက်အပ်လိုက်တာနဲ့ သေသွားမှာ မဟုတ်ပါဘူး၊ မသကာ အချုပ်လးဘာလေးကျပြီး.."

"ဦးသာရင်ကလည်းဗျာ..စောနက ပုဒ်မတွေတပ်ထားတာ များကြီးဗျ၊ ကျုပ်ကတော့ ပုဒ်မတွေနဲ့ဥပဒေတွေ မသိပေမယ့် ကြီးမှာတော့ သိနေတယ်.."

"အေးလေ..အချုပ်လေးဘာလေးကျ ဒဏ်ဆောင်ပေးရုံနဲ့ပြီး ကိစ္စ မဟုတ်လောက်ဘူး.."

"ဟုတ်ဟုတ်မဟုတ်ဟုတ် မိုးခြိမ့်က လူဆိုးမှမဟုတ်တာ.. သေစာဆိုတာ အဲ့ဒီအရည်ဝင်သွားတာနဲ့ သမီးမှန်းအမေမှန်း မသိအောင် ဖြစ်တတ်တဲ့ဟာ၊ အောင်ကြီးတို့ဘာလုပ်လုပ် ငါတို့ ပြောခဲ့လို့တုံး..လူမိုက်သုံးကောင်ကျတော့ ဘာမှမဖြစ်ဘဲနဲ့ မိုးခြိမ့် ခါတလေ မှားမိကာမှ.."

"ဟုတ်ပ..မုန့်ဝေတော့မရ တုတ်ဝေတော့ရဆိုတာမျိုး.."

"နင်တို့ကလည်း သူဌေးကြီးကစေတနာနဲ့ပါ..လူငယ်တွေ ရင် တစ်ကြိမ်တစ်ခါဖြစ်ဖြစ် ခဏခဏဖြစ်ဖြစ် ဆုံးမရမှာပေါ့၊ ကမ်းလုပ်တာ ကောင်းတော့ကောင်းပါတယ်.."

"ဒီဦးသာရင်ကြီးတော့ သူ့မှာသားသမီးမရှိတိုင်း သူဌေးကို နေပြန်ပြီ.."

"အသက်ကြီးတဲ့လူမို့ မပြောချင်ဘူးဗျာ..ကိုယ့်ဘာသာအေး နေစမ်းပါ.."

"အံမာ..ငါ့ဦးကြီးကို ဘယ်သူတုံးမလေးမစားနဲ့.."

"ငါပြောတာဟေ့..နည်းလမ်းမကျတာ လာမပြောနဲ့မရဘူး ခြိမ့်က ငါတို့သား ငါတို့ရွာသား..ငါတို့ရွာက ရတနာတုံးလေး

"ဟုတ်တယ်..တစ်သက်လုံးက ဒီတိုင်းနေလာတာ၊ နေ လည်းမှောင်ပါစေ..အမြဲတမ်းမီးမရှိဘဲနေရ ဘာဖြစ်လဲ.."

"ဟုတ်တယ်.."

"ဟုတ်တယ်..မိုးခြိမ့်ကိုအပြစ်ပေးဖို့ ညှိတာဆိုရင်တော့ ကျု လက်မခံဘူးဗျို့.."



ဦးအောင်ကိုရဲ့စူးရဲနေသည့် မျက်ဝန်းတွေ တဖြည်းဖြည်းမှေး တော့ အားနည်းလာသည်။ တင်းတင်းစေ့နေခဲ့သည့် နှုတ်ခမ်းတို့ပြေ လျော့စပြုလာခဲ့ပြီး.. ၊

ဘာတွေပြောနေဘာလဲ..ဒီလူတွေအားလုံး သူနားမလည်နိုင်တဲ့ ဘာသာစကားတွေ ပြောနေကြတာလား.. ဒါမှမဟုတ် သူကိုယ်တိုင် ကိုယ့်ကိုယ်ကို နားမလည်ခဲ့တာလား.. ၊

မျက်ဝန်းတို့သည် ဝေးလံသီခေါင်သော နေရာတစ်ခုဆီမမြင်ဘဲ နှင်းသမ်းကြည့်နေသကဲ့သို့.. ၊

လူတစ်ယောက်၏စိတ်
ဘာလိုအပ်နေသလဲ ကိုယ်တိုင်မသိ
လူတစ်ယောက်ရဲ့မျှော်လင့်ချက်
ဖြစ်လာမလာမသိပေမယ့်
ရရမရရ တစ်ခုပြီးနောက်တစ်ခု
အရှုံးကိုမုန်းတဲ့ငါ
ရှုံးပေမယ့် အမုန်းတွေ ပျောက်ဆုံးနေသည်
ထို့ကြောင့် ပျောက်ဆုံးနေ၏...။

>> <<

## အခန်း(၄၉)

ဦးအောင်ကိုရင်ထဲမှာ နင့်နေသည်။ မောင်မောင်ရပ်တည်လို သည့်ဘက်ဟာ မိုးခြိမ့်တို့မိသားစုဖြစ်နေခဲ့ခြင်းနှင့်ပတ်သက်၍ သား မီးတွေရဲ့စိတ်ကို သူဘယ်တုန်းကမှ မရခဲ့ပါလားဆိုသည့် နာကျ တွေလည်း ရှိနေခဲ့၏။ သို့သော် ဒီမိသားစုအပေါ် ဝိုင်းဝန်းကာကွယ် ကြသည့် ရွာလူထုကိုမြင်လိုက်ရသည့်အချိန်မှာ သူ့ခံစားချက်တွေ တစ်ကိုယ်ကောင်းဆန်နေမိသလိုလို ခံစားမိခဲ့၏။

ထို့ကြောင့် ငိုမျက်ဝန်းနှင့်ပြုံးရိပ်ဆင်နေရသည့် သူ့မျက်နှာ အပြုံးတွေ သန့်စင်နေခဲ့သလား မသန့်စင်ခဲ့ဘူးလားဆိုတာ မသေချာ

"ဝမ်းသာလိုက်တာဗျာ..ခုလိုမျိုး သူဌေးဘက်က သဘော ကြီးလိုက်တော့ လူငယ်တွေကို တကယ်တည့်မတ်ပြုပြင်ပေးချင်တဲ့ တနာနဲ့ပြောခဲ့တာတွေကိုလည်း ပိုပြီးနားလည်သွားပါပြီ.."

"ဟုတ်ပါတယ်..ကျွန်မတို့အားလုံးအပေါ် ပြောမှားဆိုမှားရှိသ ခွင့်လွှတ်ပြီး ဆက်လက်ကူညီသွားမယ်ဆိုတာ သိရတော့ အားနာလှ လို့ ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး.."

ရွာကလူကြီးတွေ ထခုပ်မတတ် ပျော်ရွှင်နေကြသည်။ လမ်း ဆက်သွယ်ရေးလည်း ကောင်းသွားမည်။ မီးလည်းရတော့မည်။



ပြင် ကိုယ့်ရွာသားက သူဌေးဖြစ်ပြီး ကိုယ့်သူဌေးကဦးဆောင်တော့ မြန့်လမ်းနဲ့အနီးဆုံးပင်မလမ်းကြီးက ကိုယ့်ရွာလမ်းဖြစ်သွားမည်။ ရွာသည် မိုးခြိမ့်ကြောင့် နာမည်ကျော်လူသိများရသည့်ပြင် ခုတော့ တော်ရွာကြီးထက်ပင် နာမည်ကျော်ဂုဏ်သတင်းကြီးမည့်ဆုလာဘ် ကြီးသည်.. ။

"ဘယ်လိုတုံးကွ..တာတေကြီးညီနောင် တပြုံးပြုံးနဲ့ပါ.."

"ဟုတ်လား..ပြုံးတာပဲမြင်တာလား၊ ဒီပါးစပ်ကြီးထဲမှာ သွားတွေ ဘယ်နှစ်ချောင်းရှိနေသလဲ..ကြည့် သေချာကြည့်.."

တောင်ကြီးက သူ့ရဲ့ပါးစောင်တစ်ဖက်ကို လက်ညှိုးနဲ့ချိတ်ပြီး သားကုန်ဖြီးပြသည်။ ရွာသားတွေကလည်း အစကမဲ့ရွဲ့စောင်းခဲ့နေ တော်ပေမယ့် ဒီအချိန်မှာတော့ တောင်ကြီးတို့ကို မြင်လိုက်တာနှင့် တ်သားတစ်ပါးကို ကိုယ်ယောင်ကိုယ်ဝါတွေနှင့် ဘွားခနဲမြင်လိုက် သလို.. ။

"အောင်ကြီးရေဘယ်တုန်းကွ.."

"တောင်ကြီးပါလား..မင့်ညီချက်ကြီး ခုနရွာအရှေ့ပိုင်းထွက်သွား တာမြင်တယ်ဟ.."

"ဘာတုံး..မေးမိလို့လား.."

"သိဘူးလေကွာ..ရှာနေတာလားလို့.."

တောင်ကြီးတို့ကလည်း မျက်နှာထားကမော့ချီလျက် မြှောက် မြှောက်လေ.. ။

"ဒီမှာတစ်ပုလင်းခွဲနေ့ဘ်..ကျုပ်ကိုကြီးလာရင် ပေးလိုမ့်မယ်.."

"ရပါတယ်ကွာ..ငါတို့ကျေးဇူးရှင်ကြီးရဲ့တူတော်မောင်တွေပဲ၊ ပြောရလိုက်လို့.."ဆိုတာမျိုး.. ။

တစ်ရွာလုံးက ဤသို့ဤနှယ်ပြောင်းလဲကုန်ကြကာ တောင်ကြီး ့အားနဲ့မြေကြီးလွတ်နေတာလည်း အောက်ပြန်မကျတော့ဘဲရှိလေ သည်။

ဦးစံကွန့် ဒီညီအစ်ကိုတွေအတွက် ရင်လေးနေမိသည်။ ရွာနဲ့မ ်မြတ်ကြတော့လည်း ရင်ပူရသည်။ ရွာကသင့်မြတ်အောင်နေလာ တော့လည်း ရင်ပူနေတာက မပြေ။ ခြောက်လို့လည်းမကောင်း ်လို့လည်း မကောင်းသည် ကိုယ့်တူတွေရဲ့စိတ်ကို သိထားရာ..

"ဘကြီးရေ.."

ကွမ်းသီးညှပ်နေရင်း တွေးတောငြိမ်သက်နေမိစဉ် လယ်သူရင်းငှားကတုံးနဲ့ တောင်ကြီးကိုအလွန်ကြောက်သော အရက်ဆိုင်က ကောင်လေးဖိုးကောင်းတို့ ခပ်ပျာပျာဝင်လာကြပြီး.. ။

"ဘကြီး.."

"ဟေလကွာ..ငါဒီမှာငုတ်တုတ်ကြီးထိုင်နေတာကို.."

"အိမ်ထဲမှာ ဘယ်သူတွေရှိသေးတုံးလို့.."

နှစ်ယောက်ဖြစ်ပျက်လာသည့် ပုံစံတွေကိုကြည့်၍ ဦးစံကျော်ထိတ်လန့်သွားမိသည်။ တစ်ခုခုဖြစ်ပြီဆို ပြဿနာဘယ်ကစမှန်းသေချာပေါက်သိနေသည့်အတိုင်း.. ။

"တောင်ကြီးတို့ပြဿနာရှာပြီ..ဒီတစ်ခါတော့ မလွယ်ဘူး.."တဲ့

>> <<

အခန်း(၅၀)

တက်ခေါက်ချင်သည်။ လက်သီးဆုပ်ကြိမ်းဝါးပစ်ချင်၏။ သို့သော် ဦးအောင်ကိုနှုတ်ခမ်းတွေ တင်းတင်းစေ့လျက် ကျိခနဲမြည်အောင်အံကြိတ်ထားခဲ့သည်။

"ဒီတစ်ခါ ကျုပ်တို့မတောင်းပန်ရဲတော့ပါဘူး..ဒီလူငယ်တွေရဲ့ဆောင်မခြင် အငြိုးထားတုံ့ပြန်နေကြပုံတွေက အတော်လွန်ပါတယ်၊ သူဌေးကြီးကြိုက်သလို ဆုံးဖြတ်ပါဗျာ.."

ရွာလူကြီးဦးထွေးက ရှေ့ကိုရောက်လာပေမယ့် ဘာတစ်ခွန်းမှမပြောဘဲ ခေါင်းငုံ့နေကာ ယောက်ဖတော်သည့်ဦးမာက ဒိုင်ခံပြောနေသည်။ အတူလိုက်ပါလာကြသော ရွာသားတချို့နဲ့ လူကြီးပိုင်းတွေကလည်း ဦးမာပြောတဲ့အတိုင်းပါပဲလို့ ပြောနေကြသည့်အတိုင်း ခေါင်းငုံ့မျက်နှာလွှဲ၍ တိတ်ဆိတ်နေလေသည်။ ဦးအောင်ကိုအကြည့်တွေကသူ့ရဲ့ဘယ်ဘက်ခြမ်းမှာ တန်းစီထိုင်နေကြသည့် ညီအစ်ကိုနှစ်ယောက်ဆီ ရောက်သွားခဲ့ပြီး.. ။

"မင်းတို့ရဲ့တုံ့ပြန်မှုတွေ ဘယ်လိုပုံစံသက်ရောက်သွားသလဲဆိုတာ မင်းတို့သိကြသလား.."

တောင်ကြီးက ခေါင်းဆောင်လှုပ်ရှားခဲ့တာမို့ သူ့မျက်နှာပဲအရင်

မော့လာသည်။

"နောက်ထပ်ဆင်ခြေမလိုချင်ဘူး..မေးတာကိုဖြေ.."

"ဟုတ်ကဲ့ပါ..သိပါတယ်ဘကြီးအောင်.."

"ဒါဆို အဲ့လိုဖြစ်စေချင်လို့ တမင်လုပ်လိုက်တဲ့ သဘောပေါ့.."

"မဟုတ်ဘူးဘကြီးအောင်..လုံးဝမဟုတ်ဘူး.."

ဖြေရှင်းဖို့မော့လာသည့်မျက်နှာသည် ဘယ်တုန်းတည်းက ဆောင်းမြူသိပ်ထားခဲ့သည့် ခံပြင်းမှုတွေမှန်းမသိ.. ။

"ကျွန်တော်ကအဲ့လိုဖြစ်စေချင်ပါ့မလားဘကြီးရာ..ဒါပေမယ့် ဒီထားခင်ဆိုတဲ့ စွာကျယ်မကြီးက သူ့ကိုကျုပ်တို့အစ်ကိုက အနား ဝင်ကယ်လိုက်တာတောင်မှ.."

ပြောလွှတ်လိုက်တာများ ကျေးဇူးဆိုတာဝေးလို့ ကယ်လိုက် တာတောင် အလျော်ပြန်ပေးရမယ့်အဖြစ်.. ။

"ပေါက်ကရတွေပြောလို့ နေခုနစ်စင်းတစ်ပြိုင်တည်း ထွက် ကမ္ဘာကြီးပြာပုံအတိဖြစ်သွားတော့မယ်..ကိုယ်နဲ့တန်တဲ့စကားပဲ စမ်းပါ၊ နင့်အစ်ကို ငါ့ကိုကယ်တာမဟုတ်ဘူး..ငါ့သားကိုသတ် ပြေးဝင်လာတာ၊ သူ့အကုသိုလ်နဲ့သူခံရတာ..အောင်မယ်လေး အဲ့ ချိန်မှာ နင့်လက်ထဲက တုတ်ကိုစားသာဖြစ်လိုက်စမ်းပါတော့လို့ တွေးမိပြီး ငါဘယ်လောက်တောင် မချင့်မရဲဖြစ်ရသလဲနင်သိလား ပါရဲ့ ဘီလူးကမြွက်စားနေတယ်ဆိုရင် ယုံဖွယ်ရှိသေး.."

"တောက်.."

ကိုယ့်ဘာသာအသံတိတ် ပြန်တွေးရင်း တက်ခေါက်သံထွက် သွားသဖြင့် အနားမှာရှိနေသည့် လူကြီးတွေ မျက်မှောင်ကုတ်သွား သည်။ ထို့နောက် တင်းတင်းမာမာတွေဖြစ်ကုန်ကာ.. ။

"မင်းကလူကြီးတွေရှေ့မှာ မခန့်လေးစား..ဘာတုံးကွ.."

"မခန့်လေးစားမဟုတ်ဘူးဗျ..အဲ့ဒီမိန်းမကြီး ပြောဆိုမိုက်ရိုင်း သွားတာတွေ တွေးမိလို့ တက်ခေါက်တာ၊ သင်းဘယ်လောက်တော ကျေးဇူးကန်း လမ်းမမြင် ပြောသွားသလဲ..လူကြီးသိလို့လား.."

"သိဖို့မလိုပါဘူး..ခွေးရူးမြင်ရင် တုတ်ဆွဲဓားဆွဲဖြစ်မယ်၊ အုတ် ကျိုးပြေးကောက်မယ်..ဒါပဲရှိမှာပေါ့၊ ဘယ်သူက မေတ္တာသုတ်ရွတ် အလေးပြုနေမှာတုံး.."



"ဦးကြီးမာ ဝင်မပြောနဲ့ဗျာ..ကျုပ်ဒေါသထွက်နေတာနော်.."

အချိုးအဆမဲ့ထွက်တတ်သည့်ဒေါသက အသက်အရွယ်ကြီးတဲ့ လူကြီးတစ်ယောက်ကို တုတ်တဆဆနှင့် ကြိမ်းမောင်းနေမိပါလားဆို တာလည်းမသိ။ တစ်ရာလိုချင်မိလို့ တစ်ထောင်ထွက်ရသည့်အဖြစ်မျိုး လျှင် သံဝေဂတရားနှင့် ဖြေသာဖွယ်ရှိပေမယ့် သူခံလိုက်ရတာက လိုမဟုတ်.. ။

"မင်းဒေါသထွက်တာ ဂရုမစိုက်ဘူးဟေ့..သူ့ဒွေးဒေါသထွက်နေ တာကို ငါတို့ဘယ်လိုစကားနဲ့ တောင်းပန်ရမှန်းမသိတာ မင်းကြောင့်.."

"ကျုပ်ကရော အဘွားကြီးနဲ့ ကျုပ်နှမလဲရမယ့်အဖြစ်မျိုး ရောက် အောင် တမင်လုပ်ပါ့မလားဗျ.."

"သိနိုင်မလား..မင်းရင်ထဲဘာရှိမှန်း ဘယ်သူသိမှာတုံး.."

ဦးမာပြောလိုက်ပုံကြောင့် အမှုကြီးသွားပြီကို တွေးမိကာ ဦးစံ နှင့်ငြိမ်ရိုးရိမ်သွားသည်။ သူထင်သည့်အတိုင်း ဦးအောင်ကိုရဲ့အကြည့် တွေက တောင်ကြီးကို စူးစိုက်နေခဲ့လျက်.. ။

"အဲ့ဒီလိုအဖြစ်မျိုးကိုလည်း မင်းဖန်တီးတိုင်းမရဘူး..ဘယ်သူမှ လည်း ဖန်တီးခွင့်မရှိဘူး.."

တဆက်တည်း သူ့ဘေးမှာရှိနေသည့် ကျော်တိုင်းဘက်ကိုမျက် လှည့်ရပ်လိုက်ကာ အဓိပ္ပာယ်ပြည့်ဝသော မျက်လုံးတို့က စကား ပေါင်းများစွာကို အသံတိတ်ဆိုနေခဲ့ပြီး ခဏကြာမှ.. ။

"ဘယ်အခြေအနေမှာဖြစ်ဖြစ် ငါ့သမီးကို ငါပြန်ခေါ်မယ်.."

နှုတ်ခမ်းလှုပ်ရုံ အံကြိတ်ပြောရင်း.. ။

"ဒီအဖြစ်ကို မင်းလက်ခံနိုင်မလား.."

"ဘာကိုမေးနေတာလဲအန်ကယ်လ်..ကိုကို့ကို အန်ကယ်လ် က်သလို စီရင်နိုင်တယ်ဆိုရင် ကျွန်တော်ကလည်း အန်ကယ့်လ် တာပည့်ပါ၊ ရှေ့တိုးခဲ့ဖို့ခေါ်ရင်လည်း တိုးလာမယ်..ပြန်ဆုတ်နေ လည်း ဖြစ်တယ်၊ အန်ကယ်လ်စိတ်ချမ်းသာသလိုသာ စီရင်ပါ.."

ဦးအောင်ကို ဆတ်ခနဲခေါင်းညိတ်သည်။ ပြီးတော့ ရွာသားတွေ ကို ပြန်လှည့်၍..

"ဒီပြဿနာတွေ ဘယ်သူ့ကြောင့် ဘယ်လိုဖြစ်သွားတာပဲဖြစ်

ပြောပြီး တောင်ကြီးကို မျက်မှောင်ကုတ်နှင့်လှမ်းကြည့်သ
ပြီးမှ.. ။

"ကျုပ်သမီးကို ကျုပ်ပြန်ခေါ်မယ်.."

လူကြီးနဲ့ဦးမာတို့ အံ့ကြကုန်ကြသည်။ ရှိနေသည့် ရွာသားတ
လည်း သို့လောသို့လောတွေ ဖြစ်သွားကြ၏။ တောင်ကြီးတို့က
ထားခင်ကို အတင်းအကျပ်ဖမ်းဆီးပြီး အောင်ကြီးနဲ့အတူ ထည့်
ထားကြသည်။ ဒါကို မိုးခြိမ့်က မကျေနပ်သဖြင့် မောင်မောင့်ကိုပြ
သွားသည်။ ညက ဖြစ်ခဲ့သည့်အဖြစ်မှာ ဖြစ်ရသည့်အကြောင်း
ထက် ဖြစ်သွားပြီးသည့်နောက် ဘာဆက်လုပ်မလဲဆိုတာက အ
ကြီးတာ မဟုတ်ဘူးလား.. ။

မိန်းကလေးတစ်ယောက်ရဲ့ ဘဝအရေးထက် ဘာကပိုအရေး
တာလဲ.. ယောက်ျားပျိုတစ်ယောက်နဲ့ မိန်းမပျိုတစ်ယောက် နှစ်ယော
အတူတစ်ညတာကို ဖြတ်သန်းခဲ့ပြီးပြီ။ ဒါကို ဒီသူဌေးကြီးဘယ်လို
ဖြတ်လိုက်တာလဲ..။ ရွာသားတို့၏ တူညီသောအတွေးတို့သည်-

"တစ်ခုလောက်မေးပါရစေ..သူဌေးကြီးက မိုးခြိမ့်နဲ့မောင်
ကို ပြန်ခွဲဖို့များ ပြောလိုက်တာလား.."

"ဟုတ်ပါတယ်..မိုးခြိမ့်ကို ခွင့်လွှတ်ဖို့ ကျွန်တော်တို့လည်
မျှော်လင့်ရဲပါဘူး၊ ဒါပေမယ့်.."

"အဟမ်း.."

ဦးအောင်ကိုရဲ့ချောင်းဟန့်သံကြောင့် သူတို့စကားတွေ
ဆက်နိုင်ဖြစ်သွားကြသည်။ ရွာသားတွေရဲ့မျက်နှာတွေကို တစ်ယော
ချင်းကြည့်ရင်း ဦးအောင်ကိုမျက်နှာမှာ အေးစက်စက်အပြုံးရိပ်တစ်
ထင်လျက်.. ။

"ကျွန်တော်သဘောမပေါက်နိုင်တာ တစ်ခုရှိတယ်..ဒီရွာ
တွေအကုန်လုံး မိုးခြိမ့်ဆိုတဲ့လူငယ်တစ်ယောက်ရဲ့ အနာဂတ်
လုံးကို ပခုံးထမ်းထားကြတာ ဘယ်လိုခံယူချက်တွေနဲ့လဲ သူ
ကွယ်နေတာလား..ကူညီနေတာလား ဒါမှမဟုတ် ဒီလူငယ်က မိ
စုတစ်စုက မွေးဖွားတာမဟုတ်ဘဲ တစ်နေရာတစ်ကမ္ဘာကနေ
ရောက်လာခဲ့တဲ့ လူထူးဆန်းလား..ဆိုချင်တာက ဒီလောက်ထိ
တာလား၊ မဟုတ်ရင် စနက်တံဖြုတ်ထားတဲ့ ဗုံးတစ်လုံးကို



လို့ ညီညီညွတ်ညွတ် လက်ဆင့်ကမ်းကာကွယ်နေကြတာလား.."

မေးခွန်းတိုင်းက လှောင်ရယ်သံစွက်နေခဲ့လျက် ဒီအဖြစ်ကိုဘယ်
လောက်တောင် စိတ်ပျက်နေခဲ့သလဲဆိုတာ ဦးအောင်ကိုမျက်နှာမှာပေါ်
လွင်နေ၏။ ရွာသားတွေလည်း မျက်နှာတွေပျက်ကုန်ကြသည်။

"ကျွန်တော် ဒီကိုလာခဲ့တာ ကိုယ့်ရွာလည်းဖြစ်လို့ သမီးကိုစောင့်
ရှောက်ထားကြတဲ့ တစ်ရွာလုံးကိုလည်း ကျေးဇူးတင်တဲ့စိတ်နဲ့ မျှော်
လင့်ချက် ရည်ရွယ်ချက်တွေအများကြီးထားပြီး လာခဲ့တာပါ..ဒီမှာတော့
မိုးခြိမ့်ကလွဲပြီး ဘာမှအရေးမပါဘူးဖြစ်နေတယ်၊ ကျွန်တော်အပါအဝင်
ကျွန်တော့်သမီးရောပေါ့.."

"ဒီလိုတော့ အထင်မလွဲပါနဲ့ဗျာ..ဟိုတစ်ခါပြဿနာမှာတော့ မှား
တတ်တဲ့အမှားမို့ ကျုပ်တို့ကာကွယ်ခဲ့ကြတာပါ၊ ဒီပြဿနာမှာ ကလေး
တွေမှားပါတယ်..ဒါကြောင့်.."

"ကျွန်တော်က မထူးစိတ်ပိုက်ပြီး သမီးနဲ့ထိမ်းမြားပေးလိုက်ရင်
သားရွှေအိုးထမ်းတဲ့ကိန်း အလိုလိုရောက်သွားမှာကို.."

"ဟာ..အဲ့လိုမဟုတ်ပါဘူး.."

"မဟုတ်ဘူးဆိုရင်ပြောပါ..ခင်ဗျားတို့ဘာအတွက် စုရုံးရောက်
လာကြတာလဲ.."

ပြောပြီး ရှေ့နောက်ထိ လှမ်းမျှော်ကြည့်လိုက်ပြီး.. ။

"ကျွန်တော့်သမီးကို အတင်းအဓမ္မ ချုပ်နှောင်ဖမ်းသွားတဲ့ကောင်
အတွက် သူ့မိသားစုတောင်မပါဘဲ ခင်ဗျားတို့လူစုလူဝေးနဲ့ ရောက်
လာကြတာ..မိုးခြိမ့်အတွက် မဟုတ်ဘူးလို့ ဆိုချင်သေးတာလား.."

"ဒီလိုပါ..မိုးခြိမ့်ကလည်း သူ့အဒေါ်ကိုလိုက်ရှာရင်းနဲ့ မထင်မှတ်
ဘဲဖြစ်.."

"တော်စမ်းကျောက်ဒိုး..ဒါနင့်ကိစ္စမပါဘူး ဝင်မပြောနဲ့.."

မိုးခြိမ့်အတွက် လာပါသည်လို့ စွပ်စွဲနေသူကို ဒီစကားမျိုးထပ်
ပြောရမှန်း နားမလည်ဘူးလား..။ ဦးမာစိတ်တိုသွားကာ ကိုယ့်ရွာ
သားကို မာန်မဲလိုက်ရင်း ပြန်လှည့်၍.. ။

"ကျွန်တော်တို့ တောသူတောင်သားအတွေးက ရိုးရှင်းပါတယ်
ဗျာ..ဒီလိုဖြစ်သွားခဲ့ရင် မိန်းကလေးဘက်ကို ကျေနပ်အောင်.."

"ကျွန်တော့်သမီးဘဝ အညွန့်ကျိုးသွားပြီဆိုရင် အဲ့ဒါကိုခင်ဗျား

တို့ဘက်က ကျုပ်ကျေနပ်အောင် ဘာလုပ်ပေးမှာလဲ.."

ဘာလုပ်ပေးနိုင်သလဲလို့ မေးလိုက်တာမှန်းသိသည်။ အား မျက်လွှာချသွားကြ၏။ လူကြီးဦးထွေးက မျက်နှာမသာမယာနှင့် လာကာ.. ၊

"မိုးခြိမ့်အမေက တစ်မြန်ညကပြဿနာပြီးကတည်းက တရ ရောင်ဖြစ်နေခဲ့တာပါ..မယ်ထားခင်နဲ့ တောင်ကြီးတို့ကိစ္စကို သိ တော့ အိမ်ပေါ်မှာသတိလစ်မတတ် ဖြစ်သွားတယ်၊ အဲ့ဒါကြေ မိုးခြိမ့်လုပ်သွားတဲ့ နောက်ဆက်တွဲသတင်းကို ဖုံးထားလိုက်ရတာ ခုထိ သူမသိခဲ့ပါဘူးသူ့ဒွေးကြီးရယ်.."

"ထားလိုက်ပါ..ကျုပ်အခု သိသွားတာက ကျုပ်ရောက်လာ ချိန်ထိ ကိုကို့ဘဝလုံခြုံနေခဲ့တာ သူ့ကိုယ်သူကာကွယ်နိုင်ခဲ့လို့ပဲ မဟုတ် သူ့ကံအကြောင်းတရားကောင်းလို့ စော်ကားဖျက်ဆီးမှုတ နေ ကင်းလွတ်နေခဲ့တာ..ဘယ်သူကာကွယ်ခဲ့တာမှ မဟုတ်ဘူး.."

ဦးအောင်ကိုက ပြီးခဲ့သည့်ကိစ္စ အကြောင်းအရာအားလုံ ကြက်ခြေခတ်ပစ်သည်။ ထိုအခါ ဒေါ်ထားခင်ကို အားလုံးသတိရ ကြ၏။ ဒီလိုစကားလုံးမျိုးကို မိန်းမတစ်ယောက်ရဲ့ လျှာစောင်းထ ကသာ ချက်ကျကျတုံ့ပြန်နိုင်မှာဖြစ်ကာ သူတို့မှာချေပစရာ စက ရှာလို့မရ။ ထို့ပြင်.. ၊

"ကျုပ်ပြောတာ မှားသွားသလား.."

ပျက်ကျသွားသည့်မျက်နှာတွေကိုကြည့်ပြီး ခံပြင်းသည့်မေး က ဆက်တိုက်.. ၊

"ယောကျ်ားလေးတစ်ယောက်လို့ ထင်နေကြတဲ့ကာလမှာ ခဲ့တယ်..မိန်းကလေးမှန်းသိသွားတာနဲ့ ဒီလိုကိစ္စတွေဖြစ်လာတယ် နဲ့တောင် မိုးခြိမ့်က ဘယ်လိုလူစားပါလို့ တွက်ချက်ကာကွယ်ခ တာလဲ..ဒီ့ထက်အောက်တန်းကျတာ ရှိသေးသလား၊ ဒီလိုလူ ယောက်နဲ့ ကျုပ်သမီးငြိစွန်းသွားခဲ့ရင်လည်း အဲ့ဒီအစွန်းအထင် ကျုပ်ရအောင် ဖျက်မယ်..လုံးဝသဘောမတူဘူး.."

"သူ့ဒွေးသဘောကျ ဆိုးဖြတ်ပါဗျာ..ဒါပေမယ့် ဒေါ်ညိုက သားရှင်ဖြစ်သလို သမီးရှင်လည်းဖြစ်နေပါတယ်၊ အဲ့ဒါကြောင့် အ နိုးယူတာဖြစ်ဖြစ် ဘယ်ပုံစံဖြစ်ဖြစ် ထားခင်နဲ့အောင်ကြီးတို့ကိစ္စ



တော့ ထုံးစံရှိတဲ့အတိုင်း.."

"အဲ့ဒါက အုပ်ထိန်းသူတွေကိစ္စ..ကျုပ်နဲ့မဆိုင်ဘူး.."

ဦးအောင်ကိုစကားသံတို့က တဖြည်းဖြည်း မာကြောကြမ်းတမ်း လာသည်။

"မိုးခြိမ့်အတွက် ခင်ဗျားတို့မှာ တာဝန်ရှိတယ်ထင်ရင် ခုချက် ချင်း ကျုပ်သမီးကို ပြန်လိုချင်တယ်.."

ပြောပြီး ကျော်တိုင်းကိုတစ်ချက်ကြည့်ကာ လှည့်ထွက်သွားခဲ့ သည်။ အားလုံးရင်မောသွားကြလေသည်။ ဒီရွာရဲ့အနာဂတ်က ဘာလဲ ..။ ကောင်းကင်ပြင်သည် အနီရောင်ရင့်ရင့်ဖြန့်ခင်းလျက် နံနက်မိုး သောက်ကို ခေါ်ဆောင်လာခဲ့ပြီး ချက်ချင်းပဲပြိုကျတော့မလို ပြန်လည် မှောင်မိုက်သွားခဲ့၏။ နောက်တစ်ခါ အလင်းရောင်ဖျဖျနှင့် မျှော်လင့် ချက်တို့ကို ပုတ်နှိုးပြန်လျက် ခုတစ်ခါ မိုးအုံ့ခဲ့ပြန်ပြီ.. ၊

မိုးမလင်းသေးတာလား.. မိုးလင်းနေပြီလား..။ မုန်တိုင်းထန် တော့မည်လား.. ပြန်လည်သာယာလာမည်လား.. ၊

ကိုယ်ယောင်ကိုယ်ဝါတို့ဖြင့် ရောက်လာခဲ့သော ဖန်ဆင်းရှင် သည် ရွှေမိုးငွေမိုးရွာသွန်းဖြိုးရမည့်အစား မိုးကြိုးလက်နက်ဖြင့် ပစ် ချင်းမည်ရှိသော်.. ၊

➤➤ ➤➤

## အခန်း(၅၁)

"လူယုတ်မာ..ခွေးသူတောင်းစား၊ နင့်ကိုများ ငါကယူရမယ်
ကြီး..."

"ခင်ဗျားကိုရော ဘယ်သူကလိုချင်လို့ချေရဲ့ ပြောနေလို့
တောင်ကြီးကြောင့် ခုလိုဖြစ်ကုန်တာ.."

"ဟဲ့..တောင်ကြီးကြောင့်ဆိုရင် နင်ထွက်သွားလေ၊ နင်မသွား
ခိုးပြေးပြီ ပေါင်းသင်းကြပြီလို့ ထင်ကုန်တာ..ငါ့အစ်မကနေ
တာမဟုတ်ဘူး၊ ဒီသတင်းကြားရင် သွေးတိုးလို့သေသွားနိုင်တ

"နားငြီးလိုက်တာဗျာ..ခင်ဗျားကြီးကို ကျုပ်ပိတ်ရိုက်မိတော့

"အံမာ..လုပ်ကြည့်စမ်း၊ လုပ်စမ်းပါ.."

ဒေါ်ထားခင်က လက်သီးလက်မောင်းတန်းကာ အကျီ
တွေကို ဆွဲတင်နေသည်။ အောင်ကြီးဒေါသတကြီးလှည့်ကြ
တက်ခေါက်၏။ ဒီမိန်းမကြီး ဒီတိုင်းဖြစ်တော့မှာကိုသိရက်နဲ့ သူ
မထူးစိတ်ပိုက်ပြီး နေခဲ့မိတာ သူ့အမှား။ ဂျမ်းဆယ်ခါလောက်
'ကယ်တော်မူပါ'အော်ချင်လာသည့် စိတ်ကို အတော်ထိန်းနေရ

"ကျုပ်ခါးနာနေလို့ လမ်းကောင်းကောင်းလျှောက်လို့မရ

"အောင်မလေး လမ်းကောင်းကောင်းလျှောက်နိုင်ဖို့မလို



ဟာဒီအိမ်ပေါ်ကနေ လမ်းပေါ်ရောက်အောင် ထွက်သွားဖို့ပဲလိုတာ၊
ကလိန်ကကျစ်တွေပြောပြီး ဒီအခြေအနေရောက်မှ တင်စီးဖို့မကြိုးစား
နဲ့..နင့်ကြောင့် ငါ့မှာမကြီးမငယ်နဲ့ အရှက်တကွဲဖြစ်ရတယ်၊ လူယုတ်
မာတွေ..အကြီးဆုံးကနေ အငယ်ဆုံးအထိ မှန်တာတစ်လုံးမှမပြောဘူး၊
ဟုတ်တာ တစ်ခုမှမလုပ်ဘူး..ညီကယုတ်မာတယ်၊ အစ်ကိုကချော်လဲ
ရောထိုင်တယ်.."

"ဒေါ်ထားခင်.."

"ဘာတုံး.."

"ခင်ဗျားတော်တော် ပူလောင်နေတယ်နော်..အခု ကျုပ်ထွက်သွား
ရင် ခင်ဗျားဘာဖြစ်သွားမယ်ထင်တုံး.."

"ဘာပြောတယ်..ခုမှ ဒီစကားပြောတယ်ဟုတ်လား.."

ဒေါ်ထားခင် သူ့နားကိုဒိုင်းခနဲရောက်လာသည်။ တစ်ယောက်
တည်း ဒေါသူပုန်ထသောင်းကျန်းနေသဖြင့် ဘီးဆံပတ်က ပြေကျ
လျက် နီကျင်ကျင်မျက်နှာမှာ မျက်လုံးတွေက ပြူးပြောင်နေသည်။
ဒီကိုက်လိုက် သွားနဲ့ခြစ်လိုက်လုပ်လွန်းသဖြင့် နှုတ်ခမ်းသားတွေက
ရဲညိုနေ၏။

အနားရောက်လာပြီး အောင်ကြီးကို ကိုယ်လုံးနဲ့တိုက်ချပစ်လိုက်
သဖြင့် ဖုန်တက်နေသည့် စားပွဲခုံအကျိုးပေါ်ယိုင်လဲကာ လူရောစားပွဲ
ပါ ဝုန်းခနဲလဲကျသွား၏။

"ခင်ဗျားတော်တော် လွန်နေပြီ..ခင်ဗျားကြီး.."

ခါးနာနေသည့် ပါးချိနားချိလူက ဒေါသနှင့် ဝုန်းခနဲခုန်ထ၏။
ပြီးတော့ ဒေါ်ထားခင်ကို လည်ပင်းညှစ်သလို လက်နှစ်ဖက်နဲ့ဖိဆုပ်
ကိုင်ထားလိုက်ပြီး.. ၊

"လူကိုဘာကောင်အောက်မေ့နေတုံး..ခင်ဗျားကိုများ ကျုပ်က.."

"အ..အစ်.."

ဒေါ်ထားခင်က သူ့လက်တွေကို ဖယ်ချဖို့ကြိုးစားနေရင်း သူ့
မျက်နှာအောက်မှာ မော့မော့လေးဖြစ်နေလျှင် အောင်ကြီးစကားလုံးတွေ
ဆို့နေရာမှာပဲ ရပ်တန့်ကုန်၏။ ဒေါသမာနတွေနဲ့မဟုတ်ဘဲ နာကျင်
နေသော မျက်နှာမဲ့မဲ့ကို ငုံ့မိုးကြည့်နေမိ၏။ လူပျိုကြီးပီပီ သူချစ်ခဲ့ဖူး
သောမိန်းမတစ်ယောက်နှင့် အနီးကပ်ထိတွေ့လိုက်ရသည့်ခဏတွင်..၊

အားပါးတရကြဲရွယ်လိုက်သည့် လက်အစုံကလျော့ရိလျော့ တအိအိပြေ၍။ ရှုတ်တရက်သွေးလည်ပတ်ခြင်းတို့ ရပ်ဆိုင်းသွား ကဲ့သို့ သူ့တစ်ကိုယ်လုံးတောင့်ခဲလျက် မျက်လုံးအပြူးသားနှင့် ဘာ သွားခဲ့မှန်းလည်း ကိုယ့်ကိုယ်ကိုမသိ.. ။

"အဟွတ်..အဟွတ်..ဟွတ်.."

ဒေါ်ထားခင် ဒယိမ်းဒယိုင်နှင့် ချောင်းတွေဆိုးနေဆဲ.. ။

"ဒုန်း..ဒုန်း.."

အိမ်အောက်ထပ်က ပျဉ်တံခါးကြီးကို ထုနက်သံတွေပေါ်လာ ထိုအခါကျမှ အောင်ကြီးသတိဝင်လာသည်။ ဒါကမြို့သာရွာဖြစ် ပရွာ၏အရှေ့မြောက်ထောင့်မှာရှိသော အိမ်ခြေအနည်းဆုံးရွာ သည်။ ထို့ပြင် ဒီပျဉ်ထောင်အိမ်ကြီးကလည်း သူတို့လက်ထက် ကြွေးနဲ့သိမ်းယူထားတာဖြစ်ကာ သိတဲ့လူလည်းသိပ်မရှိကြပေ။ မြ မရှိသော အိမ်အိုဟောင်းကြီးဖြစ်သည့်တိုင် အခိုင်အခံ့ရှိနေဆဲဖြစ်လ

"ဘာတုံး..ဘာဖြစ်လာတာတုံး၊ ဒီလောက်တောင်တံခါးထု တာ.."

"အောင်မာ..ထုနေတော့ ခင်ဗျားဆင်းဖွင့်ပေးလို့လား၊ ကိုယ့် သာဝင်လာရတာကိုများ.."

"ငါခါးနာနေတာ အောက်မှမဆင်းနိုင်.."

ပြောနေရင်း ကိုယ့်ကိုယ်ကိုသတိထားမိသွားသည်။ ပခုံး လိုက် ခါးကော့လိုက်လုပ်ကြည့်ရင်း လမ်းလျှောက်ကြည့်လိုက်လျှ

"ဟာ..ငါ့ခါးကောင်းသွားပြီ.."

"ဟမ်.."

"ဟာ..ဟုတ်လှချေလား ဒါကျတော့.."

ချက်ကြီးနဲ့တောင်ကြီးတို့ ပါးစပ်အပြဲသားနှင့် သူ့ကိုကြည့် ကြလျှင် အောင်ကြီးမျက်နှာနီသွားသည်။ ချက်ကြီးက တဟဲဟဲ လိုက်ပြီး.. ။

"ခုနပဲ ကျုပ်တို့ပြောနေသေးတာ..ငါတို့က ဆောင်ကျဉ်း ပေမယ့် ငါတို့အစ်ကိုက ခါးနာနေတော့.."

"ဟိတ်ကောင်တော်တော့.."

"တော်ပါပြီ..ကောင်းသွားပြီဥစ္စာ.."



"မျက်နှာရှုံးမနေနဲ့ချက်ကြီး..ကိစ္စက ဒီ့ထက်အရေးကြီးတယ်.."

တောင်ကြီးက အောင်ကြီးကို တံခါးနားကနေဆွဲကာ တစ်ဖက် ခြမ်းမှာ မျက်နှာချင်းဆိုင်ရပ်လိုက်ရင်း.. ။

"ငါတို့ချစ်သမျှကို ပါသွားပြီ.."

"ဘာ..ဘယ်ကိုပါတာတုံး.."

"မိုးခြိမ့်ခိုးပြေးတာ.."

"အံမာ..ခွေးသူခိုးလေး၊ ဒါသက်သက်လက်စားချေတာ..အဲ့ဒါ မင်းကြောင့်၊ တစ်ခုလပ် အိုနာရွှတ်တွကြီးနဲ့ ငါတို့ညီမဆရာဝန်မလေး ကို လဲလိုက်ရတာ..ငါ့ခါးကောင်းသွားပြီ၊ ခုချက်ချင်းလိုက်မယ်.."

"ဟာ..နေစမ်းပါဦး.."

"ဘာကိုနေရမှာတုံးကွ..ငါလုံးဝမကျေနပ်ဘူး၊ မထူးစိတ်ပိုက်ပြီး ဆေးစားလိုက်ရအောင် တန်လို့လား.."

"နေပါဦး..ကျွတ်၊ ငါပြောချင်တာ အဲ့လိုလုပ်ဖို့မဟုတ်ဘူး..ဘ ကြီးအောင်ပြောနေတာတွေကို.."

"ဘာ်ဖြစ်ဖြစ်ဟေ့ကောင်..ဘကြီးအောင်ကိုပဲ ဒီကောင်စော်ကား နေတာ တစ်ခါမကတော့ဘူး၊ အဲ့ဒါငါတို့ကြောင့်..တွေ့မယ်မိုးခြိမ့်ရေ တစ်ခါ မင်းကိုလက်သည်မပေါ်အောင် ကိစ္စတုံးပြမယ်.."

"ခင်ဗျားတို့လည်း လွန်ကျူးနေပြီပဲဗျာ.."

"ဘာကွ..ဘယ်သူပြောတာတုံး.."

ဒေါသနဲ့မေးလိုက်ပြီးမှ မျက်နှာကြီးနီသွားပြန်သည်။ သူ့မှာ ကိုယ့်ရောဂါနဲ့ကိုယ် သွက်သွက်လက်လက်တောင် လှုပ်ရှားနိုင်တာမ ဟုတ်။ စားပွဲခုံကြားထဲ လဲကျသွားပြီးမှ ဘာနဲ့ဘယ်လိုအချိုးကျပြီး ကောင်းလာမှန်းမသိပေမယ့် ခုတော့ လူကောင်းပကတိဖြစ်နေပြီမို့..၊

"လွန်ကျူးခဲ့တော့ရော ဘာဖြစ်တုံး..ငါတို့ညီမကိုတောင် ဘယ်လို ဖြစ် ပြန်သိမ်းမှာ၊ သူ့အဒေါ်အိုနာရွှတ်တွကို.."

"ကိုင်းဗျာ..ဒီလောက်ဆွဲမရ လွဲမရဖြစ်နေတာ မတားတော့ဘူး၊ သွားမယ်..လာ.."

"နေဦး.."

အောင်ကြီးက ပုဆိုးပြင်ဝတ်ရင်း အခန်းထဲပြန်ဝင်သည်။ သူ ဘယ်လိုပညာပြတော့မယ့်အကြောင်း ဒီမိန်းမကိုအားပါးတရကြီးပြော

ခဲ့ဦးမည်။ စိတ်ကူးနှင့်ခြေလှမ်းကျဲခဲ့သော်လည်း.. ।

"ဩော..ခင်ဗျားက ချောင်းနားထောင်နေတယ်ပေါ့၊ သူခိုး သူခိုးကြံနဲ့မိန်းမအိုကြီး.."

"ဟုတ်ပါတယ်..ငါကမိန်းမအိုကြီးပါ.."

ဒေါ်ထားခင်မျက်နှာငယ်လေးနဲ့ပြောရင်း မျက်ရည်တွေပြည် လာသည်။ ပြီးတော့ သူ့မျက်နှာရှေ့မှာ လာရပ်လိုက်ရင်း.. ।

"နင်ပြောသလို မှန်ပါတယ်..ငါနဲ့မောင်မောင်ကို မလဲနိုင်ပ ငါနင့်ကိုဒေါသထွက်ခဲ့မိတာလည်း မိုးခြိမ့်အဲ့လိုလုပ်သွားတာကို မ လို့ပါ..အခု ငါတောင်းပန်ပါတယ်အောင်ကြီးရယ်၊ မိုးခြိမ့်အတွ ငါ့အစ်မလည်း လူမမာဖြစ်နေလို့ပါ..နောက်ထပ်ပြီး ပြဿနာထပ ပါနဲ့တော့.."

ဒေါ်ထားခင်ပါးပြင်ထက်မှာ မျက်ရည်စီးကြောင်းတို့ဖြစ် လျှင် အောင်ကြီးငိုင်ငေးသွားသည်။ သို့သော်.. ।

"ရမလား..ခင်ဗျားတူကို ပညာပေးရမယ်၊ ဒီတစ်ခါအလွတ် လို့မဖြစ်ဘူး.."

"အောင်ကြီး.."

ဗွတ်တရွတ်ခြေလှမ်းပြင်လိုက်သည့် အောင်ကြီးကို ဒေါ်ထား အတင်းပြန်ဆွဲထားကာ ရင်ခွင်ထဲဝင်ပြီး အတင်းအကျပ်ဖက်ထား၏။ ပြီးတော့ ငိုသံတို့ဖြင့် လုံးထွေးသောစကားသံတို့သည်.. ।

"ငါ့ကိုနင်ကြိုက်သလိုပြုပါ..ထားသလိုနေပါ့မယ်၊ ဘယ် လည်း မငြူစူပါဘူး..ငါတောင်းပန်ပါတယ်..ငါ့တူလေးကိုတော့

➤➤ ⮜⮜

အခန်း(၅၂)

"ဟ..အဲ့လိုမဟုတ်ပါဘူးပြောနေတာ ဘယ်နှစ်ခါရှိပြီလဲ၊ မုံ န်းက ယောက်ျားလိုမာရေကျောရေနဲ့..ဘာလဲ အနားကပ်ပြီး မွေ့ပိုက် မြူစေချင်တာလား.."

မောင်မောင့်မျက်ဝန်းတွေ စူးရဲသွားတော့ ဖျတ်ခနဲမျက်နှာလွှဲပစ် တာ.. ।

"အဲ့လိုဆိုလည်း ပြောလေ..ဒီကောင်က အတွေ့အကြုံရှိတာ မ ဟုတ်ဘူး.."

"မိုးခြိမ့်.."

အကျီရင်ဘက်ကို ဆောင့်ဆွဲပစ်လိုက်သဖြင့် မိုးခြိမ့်ကိုယ်ကြီးခပ် ပြန်ပါလာသည်။ မျက်နှာက မောင်မောင်လက်ပါတော့မှာကို ကြို နေသည့်နှယ် မချိုမချဉ်ခပ်ကြောင်ကြောင်.. ।

"ယောက်ျားကြီးမတန်မယ့် အသားယူပြီးမပြောနဲ့..ခင်ဗျားဘာ ခဲ့မှန်း ကိုယ့်ကိုယ်ကိုတောင်မသိဘဲနဲ့ ကျွန်တော်ကပဲလှော်ကြား ညပ်ခဲ့တာ.."

"ပဲလှော်က ဆားနဲ့လှော်တာပဲကွ..ညပ်ချင်တဲ့နေရာ ညပ်မှာပေါ့၊ ညပ်တာရော မင်းနဲ့ငါနဲ့ညားတာရော သဘာဝမကျတာဘာမှမရှိ

ဘူး.."

"ရှိတယ်..အဲ့ဒီလိုဖြစ်စရာ အကြောင်းမရှိဘူး၊ ခင်ဗျားအဒေါ်နောက်ကို ခင်ဗျားလိုက်တာ..ကျွန်တော့်ကိုတွေ့မှ ဂလဲ့စားချေဖို့ တမင်ညစ်ပတ်လိုက်တာခင်ဗျား.."

"မင်းကိုတွေ့မှ တမင်ညစ်ပတ်တော့ ဘာဖြစ်သွားနိုင်သလဲ..ကြိုတင်ကြံစည်မလာမိတာပဲ တစ်ပြစ်.."

"ခင်ဗျား..ခင်ဗျားတော်တော် မျက်နှာပြောင်ပါလား၊ ဒီလောက်တောင် အောက်တန်းကျရလား..လူယုတ်မာ.."

ပြောရင်း ဆွဲခါနေရင်းနှင့် မိုးခြိမ့်အကျီကြယ်သီး ပြုတ်ထွက်သွားသည်။ ကော်လံတွေပါ ရှုံ့ဖွဲ့တွန့်ကြေကုန်လျက်.. ။

"ခင်ဗျားကို အထင်တကြီးရှိခဲ့ဖူးတာတွေ ကုန်ပြီ..ခင်ဗျားကသလကားလူ.."

"ကျွတ်.."

လူကိုတွေ့တော့ 'ဒေါ်လေးတို့ရှိတဲ့နေရာသိပြီ'ဆိုပြီး မှင်သေသေနဲ့ပြောသည်။ သူ့အဒေါ်ကို သူပြန်ခေါ်ချင်တိုင်း ခေါ်လို့ရမှာမဟုတ်ဘူးဆိုတာ သိနေသောကြောင့် မောင်မောင်က ထပ်ချုပ်မကွာလိုက်၏ ရွာစဉ်သုံးရွာလောက်ကို ကျော်လာခဲ့ပြီးမှ.. ။

"ခတ်တိုင်..မင်းတို့ပြန်တော့၊ ရွာမှာ ဟန်မပျက်နေမှ ဒီကိစ္စကို လူမသိခင်ရှင်းလို့ရမှာ..ငါ့ကိုအမေမေးရင် ကြည့်ပြောထားလိုက်.."

မိုးခြိမ့်တို့ မျက်နှာမှင်မောင်းကောင်းနေလိုက်တာ အကယ်အရှော့ခံ..။ ပြီးတော့ အချိန်မကုန်မချင်း မနားတမ်းလျှောက်သွားနေသည်။ ခရီးဆုံးကာမှ.. ။

"မင်းကိုငါခိုးလာတာ.."တဲ့.. ။

ချစ်သူတွေလည်း မဟုတ်။ ကိုယ့်ကိုရယူချင်လွန်းလို့ မရအရယူလာခဲ့သည်ဆိုရင်တောင် သူမအတွက် သိက္ခာလေးတော့ ကျန်ခဲ့မည်။ ခုတော့ ရှေ့မှာလည်းပြဿနာတွေနဲ့။ နောက်ထပ်မငြိမ်းချမ်းမှုတွေလည်း ရှိနေသေးသည်။ ဒါကိုရှင်းမရအောင် ထပ်ရှုပ်ခဲ့သည်။ ဒီထဲမှာ သူမကဘာလဲ.. ။

"မင်းပြောချင်တိုင်းပြော..ထင်သလိုစွပ်စွဲနေတာတွေ မပြီးသေးဘူးလား.."



သူမဘာမှထပ်မပြောသေးခင် မိုးခြိမ့်ရဲ့စိတ်မရှည်သံက ထွက်လာသည်။ ပြီးတော့ သူမလက်တွေကို အသာလေးဖြည်ချလိုက်၏။ ကြိုးနဲ့တုပ်ချည်ထားခဲ့သဖြင့် နီရဲနေသည့် လက်ကောက်ဝတ်လေးနှစ်ဖက်ကို သတိထားမိတော့ ရယ်ကျဲကျဲနှင့်ဆံပင်တစ်ချက်သပ်လိုက်ရင်း၊

"တော်တော်နီသွားတာပဲ..အိမ်ရောက်မှဆေးလိမ်းပေးမယ်၊ မင်းက တအားရုန်းနေတာကိုး.."

"မိုးခြိမ့်.."

"ငါ မင်းထက်ကြီးတယ်.."

"ခင်ဗျားကို ကျွန်တော်သတ်ပစ်ချင်နေတာနော်..မျက်နှာလာမပြောင်နဲ့.."

"ပြောင်စရာလားကွ..မင်းကိုပြေရာပြေကြောင်းပြောနေတာ.."

"ခင်ဗျားနဲ့ဒီအိမ်ထဲမှာ တစ်ညလုံးအတူရှိနေခဲ့တဲ့အတွက်ဟုတ်လား..အလိုမတူဘဲနဲ့ ချုပ်နှောင်ဖမ်းဆီးထားတာကို ပြေရာပြေကြောင်းတောင်းပန်တယ်ပေါ့.."

"ဘာအတွက်မှမဟုတ်ဘူး..ငါမင်းနဲ့ရန်မဖြစ်ချင်လို့.."

"တောက်.."

မောင်မောင် တက်ခေါက်ပြီး ဖျတ်ခနဲလှည့်သွားလျှင် သူမတစ်ကိုယ်လုံးကို နောက်ကနေ သိမ်းဖက်ထားလိုက်ကာ.. ။

"မင်းကိုဖမ်းချုပ်ထားခဲ့တာ ဘာဂလဲ့စားမှုမပါဘူး.."

"ဘာလုပ်တာလဲ..ခင်ဗျားဖယ်နော်.."

"ငါမင်းကိုချစ်တယ်.."

"စိတ်မဝင်စားဘူး..ခင်ဗျားလိုလူကိုလည်း ဟာ..ဘာလုပ် ခင်ဗျားနော်..လွှတ်လို့ပြောနေတယ် နားကန်းနေလား.."

မိုးခြိမ့်ရဲ့အတင်းအကျပ် ချုပ်နှောင်ထားခြင်းမှာ ရုန်းဖယ်ရှောင်တိမ်းနေရင်း သူမကျရှုံးခဲ့၏။ ဒေါသနဲ့အမုန်းတရားတွေ ပျောက်ဆုံးသွားခဲ့လျက် မောင်မောင်အဖြစ်ကြာရှည်စွာ ရပ်တည်နေခဲ့သည့်အဖြစ်တွေလည်း ဘာမှမရှိတော့ဘဲ သူမသည်မိန်းမပီသစွာ ရှက်ရွံ့တုန်ယင်နေခဲ့လျက်.. ။

>> <<

## အခန်း(၅၃)

"မောင်မောင်..ဟေ့.."

"ခင်ဗျား..လာမထိနဲ့.."

"ဘာလုပ်မလို့လဲ..မသွားရဘူး.."

"ဖယ်လို့ပြောနေတယ်နော်..ကဲ.."

"အ.."

တံခါးဘေးပျဉ်နံရံကြားမှာ ထိုးထားသည့်ဆောက်တစ်ချောင်းကို ဖျတ်ခနဲမြင်လိုက်သဖြင့် ဆွဲနှုတ်လိုက်ပြီး လက်ပြန်ထိုးချလိုက်၏ မိုးခြိမ့်နောက်ဆုတ်ရှောင်လိုက်ပေမယ့် ရင်ဘက်မှာစူးခနဲနာကျင်သွားသည်။ ပြဲထွက်သွားသည့်အင်္ကျီအောက်မှာ သွေးစင်းရာက ချက်ချင်းစိမ့်ထွက်လာ၏။

မောင်မောင်ဆောက်ကို ဖိဆုပ်ထားရင်း ငေးခနဲဖြစ်သွားစဉ် သူ့ပခုံးလေးနှစ်ဖက်ကို ဆွဲလှည့်ကာ မိုးခြိမ့်ကတံခါးမှာ ကျောနဲ့ကပ်၍

"ငါတောင်းပန်ပါတယ်..မင်းကိုချစ်တဲ့စိတ်နဲ့ပါ.."

"မသိဘူး..ဖယ်.."

ခေါင်းခါနေဆဲပေမယ့် ဒဏ်ရာကိုမြင်လိုက်သည့်ခဏမှာ သူ့အသံလေး မသိမသာတုန်နေခဲ့၏။ မိုးခြိမ့်က သူ့မလက်ထဲက ဆောက်



ဖြုတ်ယူပြီး လွှင့်ပစ်လိုက်ကာ.. ၊

"မောင်မောင်.."

"ခင်ဗျား..ခင်ဗျားကိုကျွန်တော် ဘယ်လိုမှခွင့်မလွှတ်ဘူး၊ ဘာမှဘာမပြောနဲ့..ခင်ဗျားပြောသမျှ နားခါးတယ်.."

"အင်းပါ..ခါးပါ၊ မင်းဒေါသထွက်လာတာကိုလည်း ငါကျေနပ်ပါတယ်..မင်းငါ့ကိုမမုန်းပါဘူး၊ ငါသိတယ်.."

"ဘာပြောတယ်.."

စိတ်လိုက်မာန်ပါမော့လာသည့် မျက်နှာလေးက နီရဲညိုမှောင်နေကာ မျက်နှာချင်းထိကပ်မတတ်ဖြစ်သွားသည်နှင့် ချက်ချင်းလွဲပစ်သည်။ မိုးခြိမ့်က အတင်းလိုက်ကြည့်ဖို့ ကြိုးစားနေသဖြင့် သူ့မပါးပြင်လေးနဲ့ မိုးခြိမ့်နှုတ်ခမ်းတို့ ထိခတ်တိုးတိုက်မိခြင်းတွေ ဖြစ်နေခဲ့လျက်..၊

"မင်းနဲ့ငါ တစ်ယောက်ကိုတစ်ယောက်.."

"ဘယ်တုန်းကမှ မနီးစပ်ခဲ့ဘူးဆိုတာ ခင်ဗျားသိတယ်..ဒါနဲ့တောင် ကျွန်တော်ကခင်ဗျားကိုချစ်နေတယ်လို့ အပိုင်တွက်နေသေးတယ်၊ တော်တော်ကို စီးကြောချင်တဲ့လူ..လူယုတ်မာ.."

"ဘာကိုစီးကြောရမှာလဲ..မင်းနဲ့ငါဘဝ ဒီလောက်ကွာခြားနေတာ မင်းဘက်ကဘာတွေစီးကြောနိုင်တာ ရှိသလဲ.."

တစ်ချိန်လုံး အတိုက်အခံတွေပြောပြီး ရန်ဖြစ်နေခဲ့သမျှ သူ့မနဲ့ မျက်နှာချင်းထိကပ်၍ လေးနက်သောစကားတို့ကို ဆိုလာသောအခါ..၊

"ငါ့ကိုစိတ်မဝင်စားဘဲ ငါကလည်းချစ်လို့မရတဲ့ မိန်းမတစ်ယောက်ကို အတင်းအကျပ်ကြံစည်ရလောက်အောင် ငါမယုတ်မာဘူး..နောက်ပြီး မင်းကိုအတင်းကြိုးတုပ်ပိတ်လှောင်ထားတာလည်း တောင်ကြီးတို့ကိစ္စနဲ့မဆိုင်ဘူး.."

"ခင်ဗျားဗြောင်မလိမ်နဲ့.."

"ဟုတ်တယ်..ငါဗြောင်လိမ်ခဲ့တာ၊ အဲ့ဒါက အခုပြောတာတွေမဟုတ်ဘူး..မင်းကိုခေါ်လာတုန်းက ပြောခဲ့သမျှအကုန်လုံး.."

မောင်မောင်က သူ့လက်တွေကိုအတင်းဖယ်ချနေသဖြင့် သူ့မပခုံးလေးတွေကိုလွှတ်၍ နဖူးကဆံစလေးတွေကို သိမ်းတင်လိုက်မိသည်။ ညာလက်ကိုပါ ပုတ်ထုတ်လိုက်တော့ သူ့မလက်ကောက်ဝတ်လေးကို ဆုပ်ကိုင်ထားလိုက်ပြီး.. ၊

"မင်းကိုငါခိုးယူထားနိုင်ဖို့ မနေ့ကဖြစ်လာတဲ့အခြေအနေက အတွက် အခွင့်အရေးကြီးပဲမောင်မောင်..မင်းငါ့နားရောက်လာတဲ့အ ကို ရလိုက်တာနဲ့ မင်းကိုပိုင်ဆိုင်ဖို့ ဘာလုပ်ရမလဲဆိုတဲ့အတွေး ငါ့ခြေလှမ်းတိုင်းက ညစ်နွမ်းနေတယ်..အဲ့ဒါအမှန်ပဲ.."

သူမမရိပ်မိအောင် သူ့အမူအရာကို တစ်ချေးသားမှ အပျက် ရဲ။ လေသံဟန်ပန်ကအစ အကဲခတ်မရအောင် ကာကွယ်ခဲ့ရသည ထို့အတွက် သူမနဲ့မတည့်ရာမတည့်ကြောင်းတွေပြောပြီး ရန်ဖြစ်ဖို့ ကြိုးစားခဲ့ရ၏။ ဓာတ်တိုင်တို့ကလည်း မျက်ရိပ်ပြလိုက်ရုံနှင့် သူ လုပ်တော့မည်ကို သိကြသည်။ မိုးခြိမ့်ဘယ်ကို ဦးတည်နေပြီမှန်းလည သိ၏။ ထို့ကြောင့် လယ်ယာလုပ်ငန်းခွင်ထဲ ရောက်နေကြသည့် ဒီ ကလူတွေကို အချိန်မီအကြောင်းကြား၍ လမ်းကြောင်းရှင်းခဲ့ကြသ မနေ့ညနေကနေ ဒီနေ့ထိ အိမ်မှာလူမရှိခြင်းသည်.. ၊

"ငါ မင်းကိုရဖို့ လူယုတ်မာအဖြစ်ခံခဲ့တာ..မင်းက ငါ့ရှေ့ရော လာတာပေမယ့် မင်းကိုမြင်လိုက်တဲ့အချိန်ကစပြီး ကမူးရှူးထိုး လာခဲ့တဲ့ငါ့ဒေါသ ငါ့အစီအစဉ်တွေအကုန်လုံးပျောက်ကုန်တယ်.."

မောင်မောင်ကငိုင်နေပြီးမှ လက်ကိုခါချပစ်သဖြင့် အတင် ဆုပ်ကိုင်ထားမိရင်း.. ၊

"မယုံသေးဘူးလားမောင်မောင်..ငါဘာလုပ်ပြရမလဲ၊ မင်း အတင်းအကြပ်ကြိုးစားမိတဲ့အတွက် ဘယ်လိုတောင်းပန်ရမလဲ.."

"ကျွန်တော်ပြန်မယ်.."

"လုံးဝမရဘူး..."

"ခင်ဗျားပြောနေတာတွေ လိမ်တာမဟုတ်ဘူးဆိုရင်.."

"လိမ်တယ်လို့ပဲထင်နေရင်လည်း ဒီလိုနည်းနဲ့တော့သက်သေ ပြဘူး...ငါ့ကို ကြိုက်သလောက်မုန်း လုံးဝပြန်မလွှတ်ဘူး.."

"ဘာပဲဖြစ်ဖြစ်တစ်နေ့နေ့တော့ သူ့ဌွေးသမက်ဖြစ်လာမှာပဲဆို တော့ယား.."

"မင်းပေါင်းကြည့်ရင်သိမှာပါ..တစ်ချိန်ချိန်ဆိုတာကိုမျက်စေ ခတ်တွေးကြည့်နေရုံနဲ့ မမြင်နိုင်ဘူး.."

ပြောလိုက်ရင်းသူမပခုံးလေးနှစ်ဖက်ကိုဆွဲယူ၍ မျက်နှာချင်း သားလိုက်ကာ.. ၊



"ငါ မင်းကိုရမှဖြစ်မယ်.."

မောင်မောင်သူ့ကိုတွန်းပစ်လိုက်ဖို့လက်ပြင်မိစဉ် သူ့ရင်ဘက်က ပြာနုရောင်ရှပ်အင်္ကျီအကွက်မှာ စိုစွတ်လာသည့်သွေးကွက်တွေကို င်လိုက်ရ၏။ သွေးတိတ်ဖို့အရင်ဆုံးလုပ်ရမည်မှန်းသတိရကာ သူ့ င်္ကျီကြယ်သီးကို ကိုင်လိုက်လျှင်..၊

"ဘာလုပ်ဖို့လဲ.."

"ဒဏ်ရာသွေးထွက်နေတယ်.."

"မင်းမကြည်ဖြူဘဲ ငါနောက်ထပ်လုံးဝမကြိုးစားဘူး..မင်္ဂလာမ ဆောင်ရသေးဘဲမကျူးလွန်ဘူး၊ မင်းလဲ ဒီကထွက်ပြေးဖို့ မကြိုးစားရ ဘယ်လိုလဲ ကတိပေးလား.."

"မပေးဘူး..."

"ကျွတ်.."

"ဖယ်စမ်းပါ..ခင်ဗျားဘယ်လိုဖြစ်နေတာလဲ.."

"ဘယ်လိုဖြစ်ရမှာလဲ မေတ္တာတုံးနေတဲ့အဲ့ဒီမျက်နှာကြီးနဲ့ ဆောင့် ဆောင့်ထိုးကြိတ်ပြီး.."

"ဆရာဝန်ဆိုတာ မေတ္တာရှိတဲ့လူတွေကိုပဲဆေးကုပေးတာ မ တ်ဘူး.."

"ဘာဆရာဝန်လဲ ငါ့ရှေ့မှာမောင်မောင်ပဲ..အပိုတွေမလုပ်နဲ့.."

ပြောပြီးမောင့်မောင့်လက်ကိုတွန်းပစ်လိုက်သည်။ ပြီးတော့ မောင်ဖြုတ်လိုက်သည့် အင်္ကျီကြယ်သီးကိုတောင်ပြန်တပ်လိုက် သည်။ မျက်နှာကမှုန်ကုတ်ကုတ် ကတ်ဖိုးကတ်ဖဲ့ပုံနှင့်.. ၊

မောင်မောင်စိတ်တိုသွားသည်။ သူ့ဒဏ်ရာကိုကိုင်တွယ်ပြုစုပေး တွက် ချစ်ကြောင်းခင်ကြောင်းတွေနဲ့ ချော့မော့တောင်းပန်ရဦးမှာ သေလိုက်..၊

ဆတ်ခနဲလှည့်ကာသူ့ကိုကျောခိုင်းနေလိုက်သည်။ မိုးခြိမ့်က ကပ်လာပြီး ပခုံးလေးကိုဖက်သည်။ ပြီးတော့ မျက်နှာချင်းကပ်၍ ကာ.. ၊

"နည်းနည်းဖြစ်ဖြစ်စိတ်အေးရအောင်ပြောကွာ..နောက်ထပ် ပြေးဖို့ မကြိုးစားဘူးမို့လား.."

"မပြောဘူး..ကိုယ့်ဘာသာခံနိုင်လို့ခံတာ ကျွန်တော်က ကတိ

တွေပေးပြီး ပြုစုခွင့်တောင်းရဦးမှာလား..ဆော်ရီးပဲ.."

ဒေါ်သထွက်နေသည့်မျက်နှာလေးကိုကြည့်ပြီး မိုးခြိမ့်က... သည်။ ပြီးတော့ ပါးလေးတစ်ဖက်ကိုဖျတ်ခနဲနမ်းလိုက်လျှင်.. ၊

"ကြည့်..ခင်ဗျား.."

မျက်တောင်ကော့လေးတွေ လွင့်ခနဲပြန့်ကပ်သွားသည်။ ပါး... လေးတွေ ရဲရဲတွတ်တွတ်ဖြစ်သွား၏။ နမ်းပစ်လိုက်သည့်ပါးလေး... ဖက်ကိုပွတ်ချလိုက်ပြီး သူ့မျက်နှာကိုတအားတွန်းပစ်လိုက်ကာ..

"ပက်ပက်စက်စက်မုန်းဖို့ကောင်းတဲ့လူ..."

"မလုပ်နဲ့နော်...မုန်းလို့တော့မရဘူး..."

မိုးခြိမ့်ရယ်နေလေ မောင်မောင့်မျက်နှာလေးနီရဲလာလေ။ ထို... တံခါးအပြင်ကစကားသံတွေကြားလိုက်ရပြီး.. ၊

"ဒီအိမ်ရှင်တွေ သူတို့ထက်အရင်ပြန်ရောက်လာအောင် မင်း... သွားခေါ်လာခဲ့..အမြန်ဆုံးနော်၊ ဟိတ်ကောင်..သူတို့က စိုက်ခင်း... ဘက်ကလာတာ မကြာခင်ရောက်တော့မှာ..."

အောင်ကြီးအသံလား..။ မောင်မောင်နဲ့မိုးခြိမ့် ပြိုင်တူတွေး... မျက်လုံးချင်းဆုံသွားသည်။ မိုးခြိမ့်က မောင်မောင်လက်တစ်ဖ... ဆောင့်ဆွဲ၍ နောက်ရောက်အောင်ပို့ထားလိုက်ပြီး.. ၊

"လုံးဝမရဘူး.."

"ဒုန်း..ဒုန်း.."

သူပြင်ဆင်လိုက်သည်နှင့် တံခါးထုသံတစ်ထပ်တည်းပေါ်... ကာ..၊

"မိုးခြိမ့်..မိုးခြိမ့်၊ ဟေ့ကောင်..ထွက်လာခဲ့.."

မိုးခြိမ့်ကခွန်းတုံ့မပြန်ဘဲ လက်တစ်ဖက်နဲ့တံခါးဆွဲဖွင့်လိုက်... အပြင်မှာတောင်ကြီးနဲ့သူ့လူနှစ်ယောက်ပဲရှိကာ မိုးခြိမ့်ကိုသွေး... နှင့်မြင်လိုက်သဖြင့် သူတို့မှာလည်း မျက်လုံးတွေပြူးလျက်တ... သြ.. ၊

"မင်းက ဘာဖြစ်..."

"ဘာဖြစ်ဖြစ် ခင်ဗျားအလုပ်မပါဘူး.."

ပြောပြီး တောင်ကြီးနဲ့ပိုနီးအောင်ရှေ့ထပ်တိုးလိုက်ကာ..

"ခင်ဗျားတော်တော်သတ္တိကောင်းပါလား.. ခင်ဗျားရှိတဲ့ဆီ...



...ိုက်ရမှာက ကျုပ်.."

"အံမာ လူကဟပ်ထိုးလဲတော့မယ် လေလုံးကမချဘူး၊ အခု မြန်... မြန်ပြေးမှာလား၊ ကျော်တိုင်းဆိုတဲ့နွားအိုကြီးနဲ့ မောင်မောင့်ကိုပြန်ထည့်... ...းလိုက်မှာလား.."

"ဘာ..."

"မိုးခြိမ့် မင်းတို့ရန်စတွေကို ခဏသိမ်းထားကြဦး..ငါတို့က သူ့... အဖေရဲ့လူတွေမရောက်ခင် မင်းတို့ကိုပြေးနိုင်အောင်လာပြောတာ.. ...ာနေကြပြီ ဒီကနေမြန်မြန်ပြေးကြတော့.."

"ဘာလို့ပြေးရမှာလဲ..ကျုန်တော်တို့ကခိုးပြေးလာကြတာမှ မ... ...တ်တာ..."

"ငါသိတယ်လေ..ဒီကောင်ငါ့ကိုဂလဲ့စားချေချင်လို့.."

"ဟေ့လူ တော်တော့.."

ဒီအချိန်မှာဒါကိုထပ်အပြောမခံနိုင်။ မိုးခြိမ့်ကတောင်ကြီးပခုံး... ...စ်ဖက်ကို တွန်းပစ်လိုက်ပြီး.. ၊

"ကျုပ်ဘာ့သာဘာဝအတွက်ဖြစ်ဖြစ် ခင်ဗျားကိစ္စ ခင်ဗျားပြော.."

"မင်းက ခုထိကျေးဇူးတင်ရကောင်းမှန်းမသိပါလား..တိရစ္ဆာန် ...ကောင်..."

"အား.."

တောင်ကြီးက ရင်ဘက်ကိုစိတ်လိုက်မာန်ပါတွန်းပစ်လိုက်လျှင် ...ခြိမ့် ပက်ခနဲလန်သွားသည်။ မောင်မောင်ထိတ်ထိတ်ပျာပျာဖြစ်သွား ...ာ တောင်ကြီးရဲ့လက်ကို အရှိန်နဲ့ပုတ်ချပစ်လိုက်ပြီး.. ၊

"ဘယ်လိုလုပ်လိုက်တာလဲ..ဒဏ်ရာရထားတာမြင်ရဲ့သားနဲ့.."

တောင်ကြီးအံ့သြသွားသည်။ သူကလည်းအကျင့်ပါနေသည့် ...သကြောင့်လက်ရောက်သွားတာပါ။ ဒါပေမဲ့မောင်မောင်နဲ့မိုးခြိမ့် ...အခြေအနေကိုမြင်လိုက်တော့ ဒေါသအစား ကျေနပ်ခြင်းတွေသာဖြစ် ...ခဲ့ပြီး.. ၊

"ငါက မင်းကိုပြောစရာတွေရှိလို့ အမှီပြေးလာခဲ့တာ..သောက် ...းမသိတဲ့တိရစ္ဆာန်ကြောင့် စကားပြောတဲ့ဆီကို မရောက်နိုင်ဘူး.."

ပြောရင်း မိုးခြိမ့်ကိုမျက်မှောင်ကုတ်ကုတ်နှင့်လှည့်ကြည့်သေး ...သည်။ သို့သော် မိုးခြိမ့်ရဲ့ဂရုမစိုက်ခြင်းကိုလည်း အရေးမလုပ်.. ၊

"ကျော်တိုင်းဆိုတဲ့လူကို ဘကြီးအောင်ပြောနေတာ ငါသေ ကြားတယ်ကွ..မင်းကိုဘယ်လိုနည်းနဲ့ဖြစ်ဖြစ်ပြန်သိမ်းပြီး ကျော်တို နဲ့ပေးစားပစ်မှာတဲ့၊ အဲ့ဒီကျန်ကောက်ကလဲ ကျေကျေနပ်နပ်ကြီး ခေါင်းညိတ်နေတာဗျား..ပြီးတော့ ဘာတွေလုပ်ကြမှာလဲမသိဘူး၊ ကြီးအောင်က ဒီရွာကိုရော ငါတို့ကိုပါ အတော်မကျေနပ်ဖြစ်နေ တော့သေချာတယ်၊ အံတကြိတ်ကြိတ်နဲ့.."

"နေပါဦး သူ့အဖေအဲ့လိုဖြစ်နေမှာသဘာဝကျပါတယ်..ဒီထ တောင်ဆိုးနေနိုင်သေးတယ်၊ ဒါပေမဲ့ ခင်ဗျားဒီထိလာပြီး သတင်း နေတာကတော့ သဘာဝမကျဘူး.."

"အံ့မာ...သဘာဝကျတဲ့ သက်သေသက္ကာယနဲ့ရှင်းပြရအော မင်းက ဘာမို့တုံး.."

"ခင်ဗျား ဘာတုံးပဲသိချင်နေတာ..ဘာအတွက်လဲ ဘယ်ဘ ကလဲ.."

"တောက်..."

တောင်ကြီးဆတ်ခနဲပုဆိုးမကာ ဒေါသတွေတနံ့နံ့ဖြစ်လာသ ထိုစဉ်.. ၊

"ရွာထဲဝင်လာပြီဟ...တောင်ကြီးရေ မိုးခြိမ့်တို့ပြေးပြီလား"

နစ်ယောက်သည် အပြင်မှာစောင့်ကြည့်ကျန်ရစ်ပုံရှိကာ အိမ် ကိုအလုအယက်ဝင်လာကြလျက်.. ၊

"မပြေးကြသေးဘူးလား..ဒုက္ခပါပဲ အိမ်ရှင်တွေလည်းမ သေးဘူး၊ ဒီတိုင်းဆို ငါတို့ပါရောပြေးရတော့မယ်ကွ.."

"ပြေးကြလေ...ဟော့ကောင် မောင်မောင်..."

မိုးခြိမ့်ကိုအမြင်ကတ်သော်လည်း နီတြာအစားပြန်ရသည် ရှင်မှုလေးကိုဆုံးရှုံးမခံနိုင်ပေ။ ထို့ကြောင့် မောင်မောင့်ကိုရန်က ပါသွားမှာစိုးသည့်စိတ်က အားလုံးကိုကျော်လွှားနိုင်ခဲ့၏၊ အ တော့ သွေးနီးသည်ဆိုသောစကားအတိုင်း ကျော်တိုင်းနဲ့မိုးခြိမ့်ကို ယှဉ်ရမည်ဆိုရင်တော့ ကိုယ့်ရွာသူဖြစ်လာဖို့အတွက် ကိုယ့်ရွာသ ညားမှုဖြစ်မှာမို့.. ၊

"ဟ..သွားကြတော့..."

"ကျွန်တော် ဖေဖေနဲ့တွေ့ဖို့လိုတယ်.."



"မတွေ့ရဘူး.."

အပြောနှင့်အတူမိုးခြိမ့်က မောင်မောင့်လက်ကိုဖမ်းဆုပ်ထား လိုက်၏။ထိုစဉ်...

"ဟေး..အိမ်ထဲမှာလူရှိတယ်မို့လား၊ မိုးခြိမ့် ဘကြီး..ဘယ်သူ.."

"ဘစောထူးပါ..သူ့မိန်းမက ဒေါ်ကြီးရွှေ..."

အချင်းချင်းမေးမြန်းဖြေကြားသံတွေ ကြားလိုက်ရကာ.. ၊

"ဂျောက်..ဂျောက်.."

တံခါးအပြင်ဘက်က မျောက်လက်ကိုကိုင်လှုပ်နေသံက ခပ် ကြမ်းကြမ်း..၊

"ဟေ့..တံခါးဖွင့်စမ်းပါ၊ ကျုပ်တို့ကပရရွာက ကလေးတွေရဲ့အုပ် ထိန်းသူတွေပါ..အထဲမှာကလေးတွေရှိတယ်ဆိုတာ သတင်းအတိအကျ ကြားတာနော်၊ မိဘချင်းကိုယ်ချင်းစာပေးပါ.."

လူကြီးယောက်ဖဦးမာနှင့်ကျော်တိုင်းလည်းရှိနေမှန်း အသံတွေ ကြားနေရသည်။ ထို့ပြင် ကျော်တိုင်းနဲ့စကားပြောနေသော နောက်ထပ် သြသြယောကျာ်းသံကို နားထောင်မိရင်း..၊

"အပြင်မှာ သူဌေးဆိုတဲ့ပုဂ္ဂိုလ်ပါရှိနေတာလား.."

တောင်ကြီးကဆတ်ခနဲလှည့်ကြည့်ကာ..၊

"သိချင်တံခါးပြေးဖွင့်ကြည့်လိုက်လေ.."

အလွန်အမင်းဒေါသထွက်သွားသည့်မျက်နှာနှင့် မဲ့ရွဲ့ကြည့်ကာ..၊

"သူ့သမီးကိုယူထားပြီးရင် ယောက္ခမကိုတည့်အောင်ပေါင်းရ မယ်ဆိုတာတောင် နားမလည်ဘူးလား..."

"ဘာလို့တည့်အောင်ပေါင်းရမှာတုံး..မတည့်လေကောင်းလေ၊ နောက်ထပ်ဒီရွာကို နည်းနည်းလေးတောင် ခြေဦးမလှည့်တော့ဘူးဆို ဆိုင်းနဲ့ဗုံနဲ့ပါ ပြန်ပို့ပေးလိုက်ဦးမယ်..."

မောင်မောင်ကနှုတ်ခမ်းလေးဖိကိုက်ထားလျက် သူ့ကိုစူးစိုက် ကြည့်နေ၏။မိုးခြိမ့် ရောယောင်ပေါယောင်နှင့် မောင်မောင့်လက်လေး ကိုဆွဲ...၊

"နောက်ဖေးတံခါးကနေထွက်မယ်.."

"ဘာလို့ ခင်ဗျားခေါ်တိုင်းလိုက်ရမှာလဲ..မလိုက်ဘူး.."

"မင်းက ငါနဲ့တူတူရှိနေပြီးတာတောင်..ကျော်တိုင်းလက်ထဲထည့်

မယ်ဆိုလည်းယူမှာပဲလား.."

"အဲဒါ ခင်ဗျားကိစ္စမဟုတ်ဘူး.."

"ဘာမဟုတ်ရမှာလဲ..မင်းကိစ္စအားလုံးငါ့ကိစ္စဖြစ်သွားတာ ကြာနံ့နဲ့တွက်ရင် အချိန်တွေမနည်းဘူးရှိနေပြီ.."

"မဟုတ်ဘူးကိုခြိမ့်..မလိုက်ဘူး၊ အဲ့လို ကျွန်တော်မလုပ်ဘူး ဖေဖေနဲ့ကျွန်တော် သေချာပြောဖို့လိုတယ်၊ လွှတ်စမ်းပါ.."

မိုးခြိမ့်ကမရမကဆွဲခေါ်ထုတ်သွားလျှင် အိမ်ရှေ့ကတံခါးထား တွေကလည်း ပို၍ကျယ်လောင်နေပြီဖြစ်လျက်.. ၊

"မင်းတို့က ဒီထဲမှာ ဘာကိစ္စတုံး..."

တံခါးဖွင့်လိုက်တော့ ဦးမာမေးပုံက တအံ့တသြ။ ပြီးတော့ အိမ် ထဲကို လည်ပင်းရှည်ကြည့်ရင်း..၊

"မိုးခြိမ့်တို့ဒီထဲမှာရှိတယ်လို့ ငါတို့ကို သေချာလာပြောသွားတာ"

"အခု ခင်ဗျားတွေလို့လား"

"မတွေ့ဘူးလေ..ဒါပေမဲ့ ငါမိုးခြိမ့်တို့ကိုမအံ့သြဘူး၊ မင်းတို့ ဒီမှာ ဘာကိစ္စ.."

"ကျုပ်လည်း ကျုပ်ညီမနောက်လိုက်လာတာလေ.."

ပြောဖို့အချိန်မရတော့လို့ ရင်ဆိုင်ရပေမယ့် တောင်ကြီးတို့ ခပ်တည်တည်။ သို့သော် ကျော်တိုင်းရဲ့မျက်လုံးတွေက တောင်ကြီး သံသယမကင်းစွာစူးစိုက်နေခဲ့၏။ ဦးမာကသတိထားမိပုံမပေါ်ဘဲ

"နို့..မင်းတို့လည်းမတွေ့လိုက်ဘူးပေါ့.."

"မတွေ့လို့ပေါ့ဗျ...တွေ့လို့ကတော့ မိုးခြိမ့်ဆိုတဲ့ကောင်ကို ..ဟွန်း.."

"မရှိပါဘူးဗျာ..ကျုပ်တို့ဆီကို မိုးခြိမ့်မလာပါဘူး.."

စကားသံတွေထပ်ပေါ်လာက အိမ်ရှင်ဦးစောထူးတို့ ဇနီးမောင် က ညနေခင်းလယ်သိမ်းချိန်ပြန်လာကြသည့်ပုံစံ ခပ်နွမ်းနွမ်းချွေး နှင့်။ သူတို့နောက်မှာ ဦးအောင်ကိုနှင့်ဦးစံလွန်းအပြင် ချက်ကြီး လူစုနဲ့ပရစ္ဆာသားတွေ နည်းတာမဟုတ်။ အိမ်ထဲကနေလှမ်းကြည့်ရင် တောင်ကြီးမျက်နှာပျက်သွားသည်။ ဘေးကအဖော်နှင့်မသိမသာမျက် လုံးချင်းဆုံကြည့်ရင်း တံတွေးမျိုချမိသည်။ထိုစဉ် ကျော်တိုင်း တောင်ကြီးကိုမေးဆတ်၍.. ၊



"သူတို့ဝင်မလာခင်..မင်းနောက်က တံခါးပိတ်ထားလိုက်ပါ လား"

- ဟင်..၊

ထိတ်ခနဲဖြစ်သွားကာ တောင်ကြီးလှည့်ကြည့်လိုက်မိ၏။ ဖွင့်နေ သည့်အခန်းတံခါးကနေ နောက်ဖေးခြံပြင်ထိမြင်နိုင်သော အထဲပြတင်း ပေါက်တံခါးကဖွင့်လျက်သား။ သူကြည့်တော့မရှိပေမယ့် မိုးခြိမ့်နဲ့ မောင်မောင်ပြေးသွားကြတာကို ကျော်တိုင်းမြင်လိုက်ပြီမှန်း နားလည် သွားသည်။ ဦးအောင်ကိုနဲ့ ဦးစောထူးတို့အထဲကိုရောက်လာချိန်တွင်..၊

"ကျွန်တော်တို့ရှာကြည့်ပြီးပြီ အန်ကယ်၊ ဘယ်သူမှမရှိဘူး.."

ကျော်တိုင်းကဆီးပြောသည်။ တောင်ကြီးအံ့သြနေလျက် လိမ် ခဲ့တောင်မေ့နေခဲ့၏။

"တောင်ကြီးတို့က..ဘယ်တုန်းကရောက်နေတာလဲ.."

"ကျွန်တော်တို့ရှေ့လေးတင်ပဲ..သူတို့လဲမတွေ့ဘူး.."

"မတွေ့ခင် ထွက်ပြေးကြတာနေမှာပေါ့..တောက်..."

ဦးအောင်ကိုဆတ်ဆတ်ခါနာသွားသည်။ သေချာသတင်းရခဲ့ သည်။ အုပ်မိအောင် ချက်ချင်းထလိုက်လာခဲ့သည်။ ထို့ပြင် ဒီလမ်း ကြောင်းတစ်ကြောင်းတည်းတောင်မဟုတ်ပေ။ လူအင်အားသုံး၍တ ခြားရှိနိုင်သည့်နေရာတွေပါလိုက်ခိုင်းခဲ့တာ။ ဒီလိုပတ်ပြေးနေပုံအရ သမီးကို အဓမ္မဆွဲခေါ်သွားတာဖြစ်နိုင်ပါ့မလား..၊

တစ်နေရာမှာဖမ်းဆီးချုပ်နှောင်ထားတာဆိုရင်တောင် နောက် တစ်နေရာကိုကိုယ်ယောင်ဖျောက်ပြေးဖို့ ချုပ်နှောင်ထားနိုင်တယ်ဆိုတာ ဘယ်လိုမှမဖြစ်နိုင်..၊

ဒါဆိုသမီးနဲ့မိုးခြိမ့် ကြည်ဖြူမှုတသွားကြပြီလား..၊ ဦးအောင်ကို မျက်လုံးတွေ တောင်ကြီးဆီထပ်မံကျရောက်သွားခဲ့လျက်...

"အပြောင်းအလဲမြန်လွန်းတဲ့သူကို မျောက်စိတ်လို့ပြောကြတာ မင်းသိလား..."

ဘာကိုရည်ရွယ်သည်မှန်း တောင်ကြီးသိလိုက်သည်။ ဦးအောင် ကိုကလည်းသံသယတစ်ချက်နှင့် စိုက်ကြည့်လိုက်တာနှင့် ဖြစ်နိုင်ချေ တွေကိုဆက်စပ်ပြီးဖြစ်ကာ..၊

"ကြောက်စရာကောင်းတဲ့ ပရစ္ဆာသားတွေပဲ..."

ကျိုခနဲအံကြိတ်ရင်း အေးစက်စက်ဆိုလျက်.. ။

"မင်းတို့ ညီအစ်ကိုတွေကိုလည်း ကျေးဇူးဆပ်ချင်သေးတယ်.."

ပြောရင်း တောင်ကြီးရဲ့အကျီရင်ဘက်ကိုဆတ်ခနဲ ဆောင့်ဆွဲယူလိုက်ပြီး..၊

"ခွပ်.."

"ဟာ...ဘကြီးအောင် ဘာလုပ်တာတုံး၊ ခင်ဗျား..ခင်ဗျားနော် ကျုပ်တို့ဘကြီးမို့လို့.."

ချက်ကြီးအစ်ကိုကိုထိတော့ ပြေးထွက်လာပြီးလက်ညှိုးတထိုးထိုးနှင့် ဒေါသတွေပြလာသည်။ ဦးအောင်ကိုက ဘယ်သူ့ကိုမှ ဂရုမစိုက်ပေ။ လက်သီးတစ်ချက်အားရပါးရ ထိုးချလိုက်ပြီးတောင်ကြီးကို ဆောင့်လွှတ်လိုက်သည်။ ပြီးတော့ ချာခနဲလှည့်ထွက်လာခဲ့၏။

ဒီရွာရယ် သူ့ဆွေမျိုးဆိုတဲ့လူတွေရယ် သူတို့ကသပ်သပ် ကိုယ်ကသပ်သပ်လား.. ၊ ဒီရွာမှာ သူက ဘယ်တုန်းကမှ မသိခဲ့မပတ်သက်ခဲ့ဖူးတဲ့ လူတစ်ယောက်ပဲလား..၊ ဒါဆို သူ့ရင်သွေးဖြစ်တဲ့ကိုကိုကရော..၊ ရင်ထဲမှာစူးစူးနင့်နင့် နာကျင်သွားသည်။ လမ်းကြမ်းလမ်းချောတွေ အလီလီဖြတ်၍ စက်ဘီးတစ်တန် ခြေလျင်တစ်ဆန့်နှင့် သမီးနောက်ကိုသူလိုက်ခဲ့တာ တစ်ကိုယ်လုံးလည်းနာကျင်နေပါပြီ။ ဒါပေမယ့် ရင်နာတာလောက်ခံရခက်တာမရှိ.. ။

မေတ္တာဆိုတာအလျားအနံ မရှိပေမယ့် အသွားအပြန်ရှိသည်တဲ့..၊ ဒါဆိုဘယ်သူကအသွား ဘယ်သူကအပြန်လဲ..။ သမီးမေတ္တာကိုသူမရခဲ့တာလား၊ သမီးက သူ့မေတ္တာကိုမယူခဲ့တာလား ဒါမှမဟုတ် သမီးနဲ့သူ့ဘဝမှာ မေတ္တာဖြင့် နှောင်တည်ခြင်းဆိုတာ ဘယ်တုန်းကမှမရှိခဲ့တာလား..၊ အချိတ်အဆက်တို့လွဲမှား ပြတ်တောက်ခဲ့ကြသော မိဘနဲ့သားသမီးကြားက နားလည်မှုချစ်ခြင်းတရားတို့သည်.. ။

➤➤ ⮜⮜

## အခန်း(၅၄)

"ဘာဆိုင်လို့လဲဗျ..ကျုပ်တို့က ဒီမှာဆောင်မှာ၊ မောင်မောင်နဲ့မိုးမြို့တို့က တောင်ပိုင်းအိမ်မှာဆောင်မှာ.."

"ဘာပဲဖြစ်ဖြစ်..မောင်မောင်ကလည်းမင်းတို့နှမဆိုတော့ ဒီအိမ်သားပဲ၊ တစ်အိမ်တည်းမှာ နှစ်မင်္ဂလာပြိုင်တူမဆောင်ရဘူး..ဒါက ရှေးရိုးအစဉ်အလာပဲ.."

"အဲဒါကြောင့်ပြောတာလေ..တစ်အိမ်တည်းမှာမမဟုတ်တာ.. ဒီမှာတစ်မဏ္ဍပ် ဟိုအိမ်မှာတစ်မဏ္ဍပ် သပ်သပ်စီလုပ်ရင်ဖြစ်တယ်.."

"ဟုတ်တယ်.. မောင်မောင့်ကို ကျုပ်တို့အိမ်မှာဆောင်ပေးမယ်၊ ကျော်ကြီးနဲ့ဒေါ်စွာကျယ်ကြီးကို.."

"ဟိတ်ကောင်..."

အောင်ကြီးက ချက်ကြီးစကားကိုလှမ်းဟန့်ပြီး မျက်လုံးပါပြူးပြီး၊ မလှမ်းမကမ်းမှာ ဒေါ်ထားခင်နှင့်ရွာသူတွေက မင်္ဂလာဆောင်အတွက်ချက်ပြုတ်ဖို့စီစဉ်နေကြတာမို့ ကြားသွားရင်အခက်..၊

"ဖြစ်ရတယ်ဗျာ..ခင်ဗျားမိန်းမကြီးကို ဒေါ်စွာကျယ်လို့ ကျုပ်တို့ခေါ်လာတာ ဘာဖြစ်တုံး..."

တောင်ကြီးက ထိုင်ရာကနေခါးကြီးဆန့်ပြီး လှမ်းအော်၏

အောင်ကြီးတို့အိမ်အောက်ထပ်တစ်ခုလုံးမှာ မင်္ဂလာဆောင်မဏ္ဍပ်အတွက် ပြင်ဆင်နေကြသည့်လူတွေရော လူပျို့အပျိုတွေပါ စုရုံးဆူညံနေလေသည်။

"ဟွန်း..သူများပေးစားလို့ရထားတာကို သတိထားဦး..မပြောလိုက်ချင်ဘူး..."

"ဟုတ်ပဗျာ.. ကိုကြီးတစ်ကောင် သူ့မိန်းမကြီးကို ကင်းကင်းကိုတုန်နေတာပဲ၊ အရူးအမဲသားကျွေးမိတဲ့အတိုင်း..."

"ဟိတ်ကောင်လေး...ကိုယ့်ထက်အကြီးကို..."

လူကြီးတွေက အကြားမတော်တာကို တားကြသော်လည်း—

"ပြောရရင်မကောင်းဘဲရှိတော့မယ်..ကြောင်ခံတွင်းပျက်နဲ့ ဆက်ရက်တောင်ပံကျိုး..."

မကောင်းပဲရှိတော့မယ်စကားလေးခံပြီး ပြောချလိုက်တာ တစ်ခွခွ.. ၊

"ခွေးသူတောင်းစား..မင်းတို့ကောင်တွေလုပ်တဲ့အရှုပ်ကို ငါက ယောကျ်ားပီပီတာဝန်ယူခဲ့တာ..ဒီညီအစ်ကိုတွေလို့ အပြောမခံချင်လို့"

"ဘာပြောလိုက်တယ်..အောင်ကြီး.."

ဒေါ်ထားခင်က ပဲရှေးနေရင်းဆန်ကောကို ဆောင့်ခနဲချပြီး ထရပ်လိုက်သည်။ အောင်ကြီးမျက်လုံးပြူးသွား၏။

"ပြောတဲ့သဘောက လှည်းကျိုးထမ်းရသလိုပါလား..ငါ့ကိုမရရင် သေရပါတော့မယ်လို့ ဘယ်ပါးစပ်ကပြောတာတုံး.."

"ခင်ဗျားကအရင်တောင်းပန်တာလေ..၊ ခင်ဗျားတူအတွက်ချွေးကျေပါဆိုပြီး.."

"ဘာပြောတယ်.."

"ဟဲ့..ဟဲ့တော်ကြတော့လေ အောင်မယ်လေးဟယ်၊ မဏ္ဍပ်တောင်မထိုးရသေးဘူး..ကိုက်ကုန်ကြပြီ.."

ဒေါ်ငိုကအသံကျယ်ကြီးနှင့် ထဟစ်သည်။ ဒေါ်ထားခင်က မကျေနိုင်ဘဲ အောင်ကြီးနားကပ်သွားလျှင်.. ၊

"စကားနိုင်လုတယ်ဆိုတာ နိုင်ဖို့ပဲလိုတာ..စိတ်ထဲကပါလို့ပြောတာမဟုတ်ဘူး.."

ပြောရင်းကမန်းကတန်းထကာ..၊



"ခင်ဗျားကလည်း သူများထောင်ပေးတိုင်း..စကားအကျအနဘော်တော်ကောက်ပါလား.."

"အကျအနကောက်စရာမလိုဘူး၊ နင့်စကားကငါ့ကိုစော်ကားတာ မသာ..သေနာကျ..."

"ခင်ဗျားနော်..မဟုတ်ပါဘူးဆိုနေမှ..."

အောင်ကြီး လက်တကာတကာနှင့်ပြေးလေသည်။ တောင်ကြီးက လက်သီးလက်မောင်းတန်းကာ.. ၊

"ကိုကြီး ဟော့ကောင် မိန်းမတစ်ယောက်ကိုတောင် ကြောက်ရသလား..ကျွေးလိုက်စမ်းပါ၊ ခင်ဗျားလက်သီးတစ်လုံးလောက်..အဲ့ဒီမိန်းမကြီး မကြီးပါဘူး.."

"ဘာတုံး မင်းဟာက.."

"မျက်နှာလေ..ဟိုမှာ ယောကျ်ားရင့်မာကြီးက ပတ်ပြေးနေတာ.."

"ဒေါ်စွာကျယ်..ခင်ဗျားကြီးကျုပ်အစ်ကိုကို ထိကြည့်နော်.."

"ဟား ဟား ဟား...ဟား.."

"ခစ်...ခစ်.."

နာတော့နာတတ်ကြသည်။ ကိုယ့်စကားကြောင့်အစ်ကိုတစ်ယောက်လုံး အဖြစ်ဆိုးသွားတာကိုမသိကြ။ ထိုစဉ်.. ၊

"ဘုန်း..ဒုန်း.."

ခြံအဝင်ဝက ဒေါက်တာချစ်သမျှကို ဆိုင်းဘုတ်လေးက မိုးခြိမ့်အောင်ဆွဲကန်ကျောက်ဖြုတ်ခြင်းကြောင့် ပြုတ်ထွက်ပါလာခဲ့လျက်...၊

"နှစ်မင်္ဂလာမဆောင်ရဘူးဆိုရင်..ကျွန်တော်တို့အရင်ဆောင်မယ် ဒေါ်လေးနဲ့အောင်ကြီး နောက်မှဆောင်..."

"ဘာကွ.."

ချက်ကြီးကရှေ့ကိုပြေးထွက်သွား၏။ တောင်ကြီးကတော့ မိုးခြိမ့်လက်ထဲကဆိုင်းဘုတ်ကို မြင်လိုက်တည်းက လက်ဆွဲတော်တုတ်ကြီးကိုမြဲဆွဲပြီးဖြစ်ကာ၊ ကျန်တာဘာကိုမှမသိ.. ၊

"မင်းလုပ်ပြန်ပြီဒီဆိုင်းဘုတ်ကို..ဟွန်း၊ နှစ်ခါမရဘူးကွ..မိုးခြိမ့်လာစမ်းပါ..."

"ဟော့..ရပ်နေစမ်း.."

လူကြီးတွေပျာပျာသလဲဖြစ်ကုန်ကြသော်လည်း မိုးခြိမ့်က အေး

ဆေးရုပ်နေကာ.. ၊

"မရုပ်ပါနဲ့..လာပါ၊ ဒီဆိုင်းဘုတ်က ကျွန်တော်နဲ့တိုက်ရိုက်
သက်ဆိုင်သွားပြီ..ဒါ့ကြောင့်.."

"ဒါကြောင့် မင်းအိမ်မှာ ယူချိတ်မယ်ပေါ့..ကျလည်းကျပါ့ကွာ

"ဘာလဲ..ဘယ်သူကယူမယ်ပြောလို့လည်း.."

မိုးခြိမ့်က ခပ်မဲ့မဲ့ပြောပြီး ဆိုင်းဘုတ်ကို ခြံဝင်းတစ်ဖက်ထဲ
လွှဲပစ်လိုက်၏။

"ဟာ..ကြည့်စမ်း၊ မင်း မင်း.. မအေပေး..နှမပေးမျိုး..."

တောင်ကြီးဆဲတော့ ချက်ကြီးမဲ့သွားကာ.. ၊

"မှားနေပြီ..အဒေါ်ပေးမျိုးလို့ဆဲဟ..".

"ဟား ဟား ဟား.."

ရွာသားတွေဝိုင်းရယ်ကြတော့ ချက်ကြီးက သူပြောတာမ
လို့လားဆိုသည့်အကြည့်နှင့်.. ၊

"မဟုတ်တရုတ်တွေဆဲနေတာ.. ခင်ဗျားတို့မကြားဘူးလား

"ဟား..ဟား..ဟား.."

"ပရွာသား စောက်ရူးတွေ.."

လှောင်ရယ်ခံရသည့်အဖြစ်ကို ဒေါသတွေဗလပွနှင့် ဆဲ
သည်။ ဒီအသံတွေကို ရွာသားတွေကတော့ ရိုးနေပါပြီ.. ၊

"မိုးခြိမ့်..မင်းကိုငါကူညီထားတာနော်၊ မင်းကိုဘာတ
ချွတ်လို့ မရတော့ပါလား..၊ ကျေးဇူးကန်းငမန်း..ငါ့ဆိုင်းဘုတ်
ကောက်ပေး.."

"ဟုတ်သား ပဲ..မိုးခြိမ့်ရာ ဆိုင်းဘုတ်ကတင်ရမှာပဲကို.."

"အေးလေ .. သူ့ငွေးကြီးလဲစိတ်ဆိုးပြီးပြန်သွားပြီ.. မောင်
က တို့ရွာကိုအားကိုးပြီးကျန်ခဲ့ရတာ.."

"ကျွန်တော့်ကို အားကိုးလို့ရတယ်..ဆရာဝန်ဖြစ်ဖို့မလို

"ဟေ.."

"မိုးခြိမ့်..ဘာပြောလိုက်တာတုံး.."

သူတို့ထင်တာက မိုးခြိမ့်အောင်ကြီးတို့ကိုမကျေနပ်သဖြင့်
ပြဿနာရှာသည်ဟု။ တချို့ကတော့ သူ့အိမ်မှာပဲဆေးခန်းဖွင့်
ဒီမှာဆိုင်းဘုတ်ချိတ်တာ မကြိုက်လို့လို့ထင်ကြသည်။ မိုးခြိမ့်



ည်ကားနေသည့် လုပ်အားပေးနေသူတွေကိုကြည့်ပြီး ခပ်လှုပ်လှုပ်
င်လာကာ.. ၊

"မရဘူး..မောင်မောင်က မောင်မောင်ပဲ၊ ချစ်သမျှကိုလည်း မ
ဟုတ်ဘူး..ဆရာဝန်လည်းမဟုတ်ဘူး.."

"မင်းကလည်း..ဒါတော့..."

"တော်ပါဗျာ..မောင်မောင်ဘယ်မှာတုံး၊ ကျွန်တော်တွေ့ချင်လို့.."

"အဲ့ဒီမှာ ကျွမ်းဆယ်ပတ်လောက် ထိုးပြီးအော်နေရင်တောင် သေ
ဆိုက်တော့.."

"မတွေ့ရဘူးပေါ့..."

"ဟုတ်တယ်..မင်္ဂလာမဆောင်ရသေးဘဲ လုံးဝမတွေ့ရဘူး.."

"ကျုပ်တို့က မြန်မာလူမျိုးနော်.."

"အဲဒီတော့ ဘာဖြစ်တုံး..."

"ဘယ်ကထုံးစံကလနားတွေနဲ့ စကားပြောခွင့်လေးတောင် မရှိရ
ဘာလဲ.."

အောင်ကြီးကမိန့်မိန့်ကြီးပြုံး၏။ ပြီးတော့ အားလုံးအလယ်မှာ
ကြားစွာလက်ပိုက်ရပ်လျက်.. ၊

"ဘာထုံးစံကလနားမှမပါဘူး..မင်္ဂလာမဆောင်ရသေးခင် ငါတို့
တယ်၊ တစ်မိနစ် တစ်စက္ကန့်လေးဖြစ်ဖြစ် ငါတို့စကားကို လွန်ဆန်
ရဘူး.."

"ဖြစ်ပါတယ်.. တစ်မိနစ်တစ်စက္ကန့်လောက် သည်းခံစောင့်လိုက်
အောင်တစ်သက်လုံး ကျုပ်သဘောအတိုင်းအားလုံးဖြစ်ခွင့်ရပြီဆို
တန်တယ်.."

"ဘာ..."

ရုတ်တရက်ဘာပြောလိုက်မှန်းမသိ။ မိုးခြိမ့်က နောက်ပြန်ခြေ
ဆုတ်သွားပြီး အိမ်မြင့်ကြီးပေါ်လှမ်းကြည့်ကာ..၊

"မောင်မောင်ရေ..ငါခဏပြန်မယ်၊ မင်းကိုသေလောက်အောင်
တော့ မင်းကိုလွမ်းတိုင်း ငါအိပ်ရာထဲမှာ..."

"ဟိတ်ကောင်..ဟိတ်ကောင်.."

"ခွေးသူတောင်းစား မိုက်မရိုင်းနဲ့..."

"ဘာရိုင်းတာလဲ လွမ်းတာဆွေးတာတွေကို အိပ်ရာထဲရောက်မ

ဘွေးကြတာပဲ...ခင်ဗျားတို့မှမလွမ်းဘူးတာ ဘယ်သိမလဲ.."

"ဟိတ်ကောင် တော်တော့... ဒီမှာမင်းမင်္ဂလာဆောင် ပြင်နေတာ ဘာတစ်ခုမှဝင်မကူဘဲနဲ့.."

အားလုံးကချက်ပြုတ်ဖို့ လူစုံတာနှင့် မဏ္ဍပ်ထိုးဖို့ပြင်နေကြတာနှင့် လုပ်အားပေးကြတဲ့သူတွေကို သွားရည်စာကျွေးဖို့စီစဉ်နေကြတဲ့သူတွေရော ခြံဝင်းတစ်ဝင်းလုံး မင်္ဂလာဆောင်ကျင်းပနေတာထက်တောင် စည်ကားနေသေးသည်။ ဒါပေမယ့် ဒီမဏ္ဍပ်မှာမိုးခြိမ့်နဲ့မောင်မောင်တို့ နာမည်တပ်မလား..၊ အောင်ကြီးနဲ့မထားခင်လို့ရေးကြမလားဆိုတာ ခုထိမရေရာသေးသည့် ခဏ..။

"ဒါ ကျွန်တော်တို့အတွက်လား..၊ သေချာရင်လည်း ပြောလေ.."

"မိုးခြိမ့်ရေ..မင်းတို့ သမီးယောက်ဖတွေဖြစ်ကုန်ပြီနော်၊ ရန်ဖြစ်တာတွေရပ်ကြတော့..၊"

ဦးမာတို့လှမ်းသတိပေးမှ နှာခေါင်းတွန့်အောင်မဲ့လိုက်ကာ..

"မသိဘူးလေ..အိမ်မှာလည်း မဏ္ဍပ်နဲ့၊ ဒါပေမဲ့ နာမည်မပါဘူး.."

"အဲဒါက ဒီညီအစ်ကိုတွေ ဘာဖြစ်ချင်မှန်းမသိလို့ပေါ့..တစ်ယောက်က ဒီမှာနမကိုဆောင်ပေးချင်တယ်၊ တစ်ယောက်ကပြိုင်ဆောင်လို့မရဘူးဆိုရင်..သူပဲအရင်ဆောင်ချင်တယ်နဲ့.."

မိုးခြိမ့်က လက်နှစ်ဖက်ဖြန့်ပြပြီး ပခုံးတွန့်ကာ..၊

"အဲဒါကြောင့်ပြောတာ လုပ်ပေ့စေ...ဒါသူတို့အချိန်၊ ကျွန်တော်အချိန်ကျမှ.."

"ဟေ့ကောင် အဲ့လောက်ကြိမ်းဝါးမနေနဲ့..ငါ့နမကိုငါတို့ဆောင်ရမှာဆိုတာ စဉ်းစားမိလား.."

"ဟား...ဟား...ဟား.."

ပါးစပ်ကြီးဖြဲပြီး အစွမ်းကုန်ရယ်ချလိုက်သည့်အသံက မောင်မောင့်နားထဲမှာ စူးရှစွာဝင်၏။ ဆိုင်းဘုတ်ကိုကောက်ယူလာခဲ့ပြီး အိမ်ဘေးကနေ ပတ်လျှောက်လာခဲ့လျက်..။

"ခင်ဗျားတကယ်ကိုအချိုးမပြေသေးတာပဲ...ကိုခြိမ့်.."

ဟင်..။

မိုးခြိမ့်မျက်နှာ ချက်ချင်းတည်သွားသည်။ အိမ်ပေါ်မှာလို့ထင်ထားသည့်မောင်မောင့်ကို သူ့နောက်ရောက်နေမှန်းသိလိုက်သဖြင့်



လှည့်လိုက်ပြီး..။

"ပြေပါတယ်..ငါဘယ်သူနဲ့ဘာဖြစ်ဖြစ် မင်းကို မြင်လိုက်ရင် ပြေပြီ.."

မောင်မောင့်မျက်နှာရဲခနဲဖြစ်သွားသည်။ တခြားသူတွေ ပြုံးစိစိဖြစ်ကုန်ကြ၏။

"ဒီကောင်..ဒါတွေလည်းတတ်တာပဲလား.."

"ရုပ်ကိုကြည့်ပါလား..ဖြစ်သွားတဲ့ပုံ.."

မိုးခြိမ့်က မောင်မောင့်နားသွားကာ ဆိုင်းဘုတ်ကို ရေအိုးစဉ်ပေါ် တင်လိုက်သည်။ ပြီးမှ..။

"မင်းကိုမြင်ချင်တာ အဲ့ဒါကြီးတော့ မပါဘူး.."

"အဲ့ဒါမပါလို့မရဘူး.."

"မင်းလည်းမေ့ထားခဲ့ပြီပဲမောင်မောင်ရာ..ဒီတိုင်းပဲသွားကြလည်း အားလုံးအဆင်ပြေနေတာပဲ.."

"ဟုတ်တယ်.. အစကပြေနေခဲ့ရင်လည်း ခင်ဗျားအတွက်ကြီးတာကို ...လို့ ပြန်လုပ်မယ်၊ ကျွန်တော်က ဆရာဝန်.."

"မဟုတ်ဘူး ငါ့မိန်းမ..ငါ့ဘေးမှာ တစ်ချိန်လုံးရှိခဲ့တဲ့မောင် ..."

ပြောလိုက်ရင်း မောင်မောင့်လက်လေးကိုဆွဲယူလိုက်သည်။ မောင်မောင်ကရှောင်ပစ်လိုက်တော့ မကိုင်မိလိုက်ပေ။ သို့သော် မိုး... ဖျတ်ခနဲဖမ်းဆွဲပစ်လိုက်ကာ..။

"စကားပြောရအောင်.."

"ဟာ..ဟေ့ကောင်.."

"မောင်မောင် မလိုက်သွားနဲ့.. အဲ့ကောင်နောက်ကို.."

"ဟိတ်ကောင်..ငါ့ညီမကို လွှတ်လိုက်.."

"ကဲ..ကဲ..လုပ်ကြဦး၊ တောင်ကြီးတို့ကို ဆွဲထားကြ..ဒုက္ခပါပဲ ...နမကိုများ လက်ဖက်ခွက်လိုပြေးလုကြမလား မသိဘူး.."

မိုးခြိမ့်ကတော့ မောင်မောင့်လက်လေးကို ခြံဝင်းအပြင်ရောက် ... မလွှတ်တမ်းဆွဲထုတ်လာခဲ့ပြီး..။

"စက်ဘီးပေါ်တက်.."

"မတက်ဘူး.."

"ရှာပြင် မကျည်းစင်နားမှာ ခဏပဲပြောမှာ..."

"မပြောဘူး..ဘာမှကိုပြောချင်စိတ်မရှိတာ.."

"တကယ်မတက်ဘူးလား.."

"ခင်ဗျား.."

"အေးဆေးတက်လိုက်.."

လူကိုကိုယ်နဲ့ဖိကပ်ကာ စက်ဘီးလက်ကိုင်ကြားထဲ ရောက် အထိတွန်းပို့သည်။ ပြီးတော့ စက်ဘီးကိုလှမ်းကိုင်ထားလိုက်လျှ မောင်မောင်က စက်ဘီးနဲ့သူ့ရင်ဘက်ကြားမှာ.. ।

"ငါမင်းနဲ့တွေ့ချင်လို့ ပြဿနာရှာနေတာ..နောက်ထပ်မဆိုး ဘူးလို့ ကတိပေးထားတာကို မယုံဘူးလား.."

"ဘာယုံစရာရှိလို့လဲ..ခင်ဗျားဆိုင်းဘုတ်ကို ဖြုတ်ချတာက တဖြုတ်ပြဿနာရှာချင်တာမှ မဟုတ်ဘဲ.."

"အဲ့ဒါတစ်ခုကလွဲရင် အားလုံးကိုလိုက်လျှောမယ်လို့ ပြော ပြီပဲ.."

"အဲ့ဒါတစ်ခုက ခင်ဗျားကို ခေါင်းတက်နင်းနေလို့လား.."

"ပိုဆိုးတာပေါ့ကွ..မင်းကဆရာဝန်ဖြစ်နေတဲ့အတွက် ငါ့ လှမ်းကွာသလို ခံစားနေရတယ်၊ ဘာကြောင့်နဲ့မှ မင်းနဲ့ငါစည်း ချင်ဘူး.."

"အဲ့ဒါ ခင်ဗျားအတ္တကြီးတာ.."

"မင်းကိုချစ်တာလို့ မထင်ဘူးလား.."

မိုးခြိမ့်က ရှေ့ထပ်တိုးကာ မောင်မောင့်နဖူးလေးကို နမ်း သည်။ မောင်မောင်က ခေါင်းငုံ့ပစ်လိုက်ပြီး.. ।

"နောက်မှာထိုင်မယ်..ဖယ်ပေး.."

"ကယ်ရီယာခုံမပါဘူး.."

ဟင်.. ।

"တက်ကွာ..မဟုတ်ရင် အိမ်ရှေ့မှာဖြစ်ဖြစ် ဘယ်သူမြင်မြင် ကိုငါနမ်းပစ်မှာ.."

တော်ကြာ တောင်ကြီးတို့လိုက်လာကြရင် မတွေးဝံ့ဖွယ် ကဘားတန်းမှာပဲ မောင်မောင်တင်ပါးလွှဲလေးထိုင်လိုက်ရသည် ဘီးနင်းပြီဆိုတည်းက ရှေ့ကိုစကားပြောရင်း ငုံ့နေသဖြင့် မောင်



ခုံးလေးကျုံ့နေမိကာ ကြက်သီးတွေဖျန်းဖျန်းထ၏။ မကျည်းပင် အောက်မှာ စက်ဘီးရပ်လိုက်တော့လည်း ခြေထောက်တစ်ဖက်ထောက် ထားပေမယ့် လက်ကိုလည်းဖြုတ်မပေး။ သူလည်းမဆင်း.. ।

"ကိုယ့်ကိုကြည့်ပါလား.."

"မကြည့်ချင်ပါဘူး..ခင်ဗျားလက်ကြီးဖယ်ပေး.."

မောင်မောင်အတင်းကြီးငုံ့နေခဲ့လျက် ပါးပြင်လေးတွေပန်းရင့် ရောင်ပြေးနေသည်။ နှာတံချွန်ချွန် မျက်တောင်ကော့ကော့လေးတွေက သူ့မျက်နှာအောက်မှာ လှချင်တိုင်းလှနေခဲ့လျက်.. ।

"မောင်မောင်.."

မျက်နှာနားကပ်ခေါ်တော့ ဒီတစ်ခါမောင်မောင် ရန်လည်းမတွေ့ နိုင်။ လည်ပင်းကျိုးမတတ် လွှဲထားသည့်မျက်နှာလေးသည်.. ।

"ကိုယ့်ဘက်လှည့်ပါကွာ.."

"ဟင့်အင်း.."

"ကိုယ့်ကိုမြင်တိုင်း မင်းမျက်နှာမှာ ဒေါသတွေပဲမြင်နေရတယ်.. ဘာဖြစ်လို့လဲ၊ ကိုယ်အတင်းခိုးခဲ့မိတာကို ခွင့်မလွှတ်နိုင်တာလား..မင်း အဖေကို လွမ်းနေတာလား.."

"နှစ်ခုစလုံးပဲ.."

"တကယ်.."

"အစကရှိခဲ့တာ.."

မပွင့်တပွင့်စကားသံလေးကြောင့် လှိုက်ခနဲပူသွားသည့် ရင် ဘက်က ချက်ချင်းပြေကျ၏။

"ခုမရှိတော့ဘူးလား..မင်္ဂလာဆောင်ကြရင်တော့ ကိုယ်တို့ချင်း အရမ်းချစ်နေချင်တာ.."

ပြောနေရင်း မောင်မောင့်ပခုံးလေးကို ဆွဲယူကာ ရင်ဘက်ထဲမှေ့ မှိုက်ထားလိုက်၏။

"မင်းကိုဘယ်လိုတောင်ချစ်မိသွားမှန်းမသိဘူး.."

အက်ရှတုန်ယင်သော စကားသံတို့နှင့်အတူ မောင်မောင့်ဆံစ တွေမှာ သူ့ပါးပြင်နဲ့ထိကပ်တိုးတိုက်၍.. ।

"မင်းကိုမြင်လိုက်လို့ ခုန်လာတဲ့ရင်ခုန်သံက လူကိုဓာတ်လိုက် သလိုပဲ..ငါချစ်မိပြီလားလို့ တွေးမိခဲ့တဲ့နောက်မှာ အရူးလိုလျှောက်ပြေး

ချင်တယ်..ဘာဖြစ်လို့လဲသိလား၊ မင်းကမချစ်ဘူးဆိုတာသိလို့..ချစ်ဖို့ လွယ်ပါ့မလားဆိုတာလည်း မတွေးရဲလို့.."

ပြောလက်စကို ခဏရပ်ပြီးရယ်သည်။ ပြီးတော့ ပင့်သက်ရှိုက်၍.. ।

"နောက်ဘာဖြစ်လို့ ကိုယ်မျှော်လင့်မိသလဲသိလား..ကိုယ့်ရှေ့ရောက်လာတိုင်း မင်းရဲ့ပါးလေးတွေရဲနေတာတွေ့လို့.."

"သွားစမ်းပါ..အဲ့လိုဖြစ်တိုင်း အဲ့ဒါကြောင့်လို့ပြောလို့ရလား.."

"သိပ်ရတာပေါ့.."

သူ့စကားကြောင့် မောင်မောင့်မျက်ဝန်းလေးတွေ သူ့ဆီရောက်လာသည်။ သူကမျက်တောင်ဖျားလေးတွေကို မထိတထိငုံ့နမ်းလိုက်ပြီး.. ।

"အဲ့ဒီမျက်ဝန်းတွေကို ကိုယ်သိလိုက်တာ.."

မောင်မောင်ရှက်သွားသည်။ မိုးခြိမ့်အပေါ်မှာ သူမဘက်ကစတင်တိမ်းညွတ်နေခဲ့သလားလို့တောင် ပြန်တွေးမိတဲ့အထိ ခုန်ခဲ့ဖူးတာမျိုးဘက်က.. ।

မိဘကိုလည်း သတိမရ။ ဖေဖေစိတ်ဆိုးသွားပြီဆိုတာတောင် ကိုယ့်ရဲ့မသိစိတ်မှာ အားငယ်ကြေကွဲသွားတာမျိုး မဖြစ်ခဲ့ဘူးဆိုသည်။ ဒါမှမဟုတ် နဂိုတည်းက အေးစက်ခဲ့ကြသည့် မေတ္တာမို့ကြောင့်လား.. ।

"ကိုယ်ခွင့်မလွှတ်ချင်တာလည်း နားလည်ပေးရမယ်..မင်းနားလည်ခဲ့ရင်လည်း ကိုယ်ခွင့်လွှတ်ပေးမယ်၊ နောက်ထပ် ဘယ်တော့မှ ကိုယ်တို့မငြင်းကြေး.."

"ခင်ဗျားပဲ ရန်ဖြစ်နေရတာကိုကြိုက်တယ်ဆို..အဆင်ပြေနေရင် ပျင်းတယ်လို့ ပြောခဲ့ဖူးသလားလို့.."

မိုးခြိမ့်ကရယ်သည်။ ပြီးတော့ မောင်မောင့်နှုတ်ခမ်းလေးတွေကို မနာအောင်ဆွဲလိမ်ပစ်ကာ.. ।

"အခု အဲ့ဒါတွေမဟုတ်တော့ဘူး..ငါမင်းနဲ့အဆင်မပြေမှာကြောက်တယ်၊ မင်းပြုံးနေတာလေးကို မြင်ချင်တယ်..တစ်ခါမှကိုမငြင်းဖူးဘူးကွာ..ကိုယ့်ကိုရယ်ပြ.."

"ဘာလို့ရယ်ရမှာလဲ..မရယ်ပါဘူး.."



"မရယ်ရင် အဲ့ဒီနှုတ်ခမ်းတွေကို ဒဏ်ခတ်ခံရတတ်တယ်.."

မောင်မောင့်မျက်နှာလေး နီသွားကာ သူ့မျက်နှာကိုတွန်းပစ်လိုက်ပြီး ရယ်သည်။

"ဟော့..ကိုယ့်ကိုကြည့်ပြီးရယ်ရမှာလေ.."

မေးဖျားလေးကို အတင်းဆွဲမော့ကာ ကြည်လဲ့နေသည့်မျက်ဝန်းအစုံတွေကို ငေးစိုက်ကြည့်၍.. ।

"ကိုယ့်ကိုချစ်လား.."

"မသိဘူး.."

"ဒါဆိုချစ်တယ်ပေါ့.."

"သွား.."

မောင်မောင့်ကိုယ်လေးကို ရင်ခွင်ထဲမှာမြုပ်သွားအောင် ဖက်ထားလိုက်မိသည်။ ချစ်ရသူကို ထွေးပွေ့ထားရသည့်အခိုက်မှာ ဖြစ်ထွန်းလာသောရင်ခုန်သံတို့သည်.. ।

စမ်းရေထက်လည်း အေးသည်..

ပန်းတွေထက်လည်း မွှေးသည်..

ချမ်းမြေ့ခြင်းအရာရာတို့ထက် ပို၍ချမ်းမြေ့စေသော...

➤➤ ≺≺

လရောင်ကျူးရင့်